# ရသကြယ်ပြ

## ဝတ္ထုတိုများ



အမှတ် (၂)

# ရသကြယ်ပြူ
## ဝတ္ထုတိုများ

ရှူးကျော်

ယေ်လေးမောင် (သပြေရုံ)

- ★ ညီမေတ္တာ (အမရပူရ)
- ★ ကံညွန့်လှိုင် (တောင်ကြီး)
- ★ အောင်ကျော်ဆွေ
- ★ မောင်ဝင်းထိန် (အင်းစိန်)
- ★ အထွန်း (တမာမြေ)
- ★ ရွှေညာသားမြတ်မင်း
- ★ ကြင်လှိုင်မြင့်
- ★ မနွယ် (ကလော)
- ★ မေလတ်ဟန်
- ★ ထားဥသုံ
- ★ ယဉ်မင်းသိမ့် (ရွှေမန်းမြေ)
- ★ စိန်မေရီလွင်မိုး
- ★ နိုင်မိုးသူ
- ★ တက္ကသိုလ် ရွှေဆင့်
- ★ တွင်းကြီးသား တင်ဝင်းဦး



ဤရသကြယ်ဖြူ ဝတ္ထုတိုများ စာအုပ်သည်
ဗုဒ္ဓဘုရားရှင်၏ မေတ္တာရိပ်အောက်တွင် တည်ရှိပါသောကြောင့်
ကမ္ဘာတည်သရွေ့ အခွန့်ရှည်ပါစေ။

ရသကြယ်ဖြူအဖွဲ့

ဦးသီဟဝင်းထိန် (၀၁၇၃၉)
Aquarius စာပေတိုက်
အမှတ် (၄၂)၊ ဦးရွှေဥ္စန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
၀၉ - ၄၂၀၀၄၁၃၅၁

# ရသကြွယ်ဝဖြိုးဝတ္ထုတိုများ (၂)

# ကလောင်စုံ

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသည့် ခုနှစ် | - ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (ပထမအကြိမ်) |
| ထုတ်ဝေသူ | - ဦးသီဟဝင်းထိန် (၀၁၇၃၉) (Aquarius) စာပေတိုက် အမှတ် (၄၂)၊ ဦးရွှေဝွန်းလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၂၀၀၄၁၃၅၁ |
| ပုံနှိပ်သူ | - ကိုအောင်ဇင်ဦး (၀၀၄၄၇) သန္တာပုံနှိပ်တိုက် (၀၉-၄၂၂၄၈၈၄၀၈) အမှတ် (၂၈/၃၂)၊ ၄၂ လမ်း (အောက်) ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာစာစီ | - Dream City Computer - 09730 52433 |
| ဖလင် | - ကိုဦးနှင့် ညီများ အမှတ် ၂၉၄/၂၉၆၊ လမ်း (၄၀) (အထက်ဘလောက်)၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - ၃၅၀၀ ကျပ် |
| လမ်းညွှန် / စီမံ | - ညီမေတ္တာ(အမရပူရ)၊ မန္တယ် (ကလော)၊ ကံညွန့်လှိုင် (တောင်ကြီး) |
| စီစဉ် | - တွင်းကြီးသား တင်ဝင်းဦး ၀၉-၃၁၇၁၉၂၂၉ |
| ထုတ်ဝေ | - မောင်ဝင်းထိန် (အင်းစိန်) (မြန်မာဇီဂန်) ၀၉ - ၄၂၀၀၄၁၃၅၁ |
| စာစစ် | - ထားဥသံ၊ အောင်ကျော်ဆွေ၊ အထွန်း (တမာမြေ) စိန်မေရီလွင်မိုး |
| ငွေစာရင်း | - ကြင်လှိုင်မြင့်၊ ခိုင်မိုးသူ |
| မျက်နှာဖုံး ဒီဇိုင်း | - ဇပိုင် (၀၉ - ၇၉၃၆၉၀၀၃၆) |

# မာတိကာ


၁။ ပြုံးနေတဲ့ ကြွက်တစ်ကောင်
**ဓူးကျော်** ၁

၂။ မေတ္တာရေအလျဉ်
**ငယ်လေးမောင်(သပြေရုံ)** ၁၃

၃။ ကျွန်တော်ချစ်တာ အဲဒါမဟုတ်ဘူး
**ညီမေတ္တာ(အမရပူရ)** ၂၃

၄။ ဗီဇမေတ္တာရှင်
**ညီမေတ္တာ(အမရပူရ)** ၃၁

၅။ အလင်းတန်းကလေးများ
**ကံညွန့်လှိုင် (တောင်ကြီး)** ၃၉

၆။ ရည်ရွယ်ရော်ရမ်း
**ကံညွန့်လှိုင် (တောင်ကြီး)** ၄၃

၇။ အကြွေကောက်နဲ့ အကြွေကောက်တဲ့သူ
**အောင်ကျော်ဆွေ** ၅၅

၈။ ကြမ္မာကြည်ဖြူ ချစ်တဲ့သူ
**အောင်ကျော်ဆွေ** ၆၃

၉။ ကြုံပေမယ့် ဆုံခွင့်ရဲ့ကံကြမ္မာ
**အောင်ကျော်ဆွေ** ၇၃

၁၀။ ပယောဂ
**မောင်ဝင်းထိန်(အင်းစိန်)** ၈၅

၁၁။ အိမ်ပြောင်းသွားသောမြို့ကလေး
(သို့မဟုတ်)ဆော်လ်မွန်ကျိန်စာ
**မောင်ဝင်းထိန်(အင်းစိန်)** ၉၃

၁၁။ အရေခြုံနှလုံးသား
**အထွန်း(တမာမြေ)** ၉၉

၁၂။ မိုင်တိုင် ၁၂၀
**အထွန်း (တမာမြေ)** ၁၀၉

၁၃။ ပေးဆပ်ခဲ့သော မေတ္တာတရား
**ရွှေညာသားမြတ်မင်း** ၁၁၅

၁၄။ ဝေဒနာ မျက်ရည်များ
**ရွှေညာသားမြတ်မင်း** ၁၃၀

၁၅။ စိတ်လေပွေ
**ကြင်လှိုင်မြင့်** ၁၄၅

၁၆။ အကြွေးဆပ်
**ကြင်လှိုင်မြင့်** ၁၅၅

၁၇။ ဗြဟ္မစိုရ်လက်
**မနွယ် (ကလော)** ၁၈၁

၁၈။ ယတြာ
**မနွယ် (ကလော)** ၁၉၁

၁၉။ ခြင်ထောင်ထဲက ခြင်
**မေလတ်ဟန်** ၁၉၉

၂၀။ ဖေဖေ့ကိုချစ်တယ်
**မေလတ်ဟန်** ၂၁၁

၂၁။ အနှိုင်းမဲ့ ပန်းချီ
**ထားဥသုံ** ၂၂၃

၂၂။ အတ္တနှင့် သမုဒယ
**ထားဥသုံ** ၂၄၁

၂၃။ အတွေးလွန် အိပ်မက်များ
**ယဉ်မင်းသိမ့် (မန္တလေး)** ၂၇၃

၂၄။ အလွမ်းလက်ကျန်ရှင်းတမ်း
**ယဉ်မင်းသိမ့် (ရွှေမန်းမြေ)** ၂၉၃
၂၅။ ကျွန်မရဲ့ …ချစ်သမီးများ
**စိန်မေရီ လွင်မိုး** ၃၁၇
၂၆။ နှလုံးသားတစ်စုံ၏ ပင့်ရှိုက်သံ
**စိန်မေရီလွင်မိုး** ၃၃၁
၂၇။ ခိုင်လေး ရေးမိသော ကဗျာတစ်ပုဒ်
**ခိုင်မိုးသူ** ၃၄၃
၂၈။ အဖြူရောင်လေးတစ်နေရာ
**ခိုင်မိုးသူ** ၃၆၁
၂၉။ ရွှေမြင်းမိုရ် ငိုမှာစိုးတယ်
**တက္ကသိုလ်ရွှေဆင့်** ၃၇၃
၃၀။ အရောင်တူ အဆင်ကွဲ
**တက္ကသိုလ်ရွှေဆင့်** ၃၈၇
၃၁။ ချစ်ခြင်းရဲ့အလင်းများ
**တွင်းကြီးသားတင်ဝင်းဦး** ၃၉၉
၃၂။ မီးနှင့်ကစားခြင်း
**တွင်းကြီးသားတင်ဝင်းဦး** ၄၁၉

## စီစဉ်သူ၏ အမှာစာ

ရသကြွယ်ဖြူ ရသစုံပေါင်းချုပ် အမှတ် (၁) ထွက်ခဲ့တာကြာပြီ။ စာအုပ်တွေ ဖြန့်ဝေပေးခဲ့တာလည်း ကြာပြီ။ အမှတ် (၂) ဆက်ထွက်ဖို့ စာမူတွေစုခဲ့တာ၊ အသစ်ပါသည့် ဆရာ ဆရာမ အချို့ဆီက စာမူတွေရခဲ့တာလည်းကြာပြီ။ နောက်တော့ စံတော်ချိန် သတင်းစာမှာ စာပြင်လုပ်နေရသည့်အတွက် မစီစဉ်အား။ ထို့ကြောင့် အဖွဲ့နှင့်အဆက် ပြတ်သလို ဖြစ်ရင်းမှ စာမူတွေကို ကွန်ပျူတာစာစီ၊ အဖုံးပန်းချီအပ်။ ကွန်ပျူတာစီပြီး စာမူတွေကို ဆရာဝင်းထိန် (အင်းစိန်) ဆီပို့ ကူပြီး စစ်ခိုင်းရတော့သည်။

ခုတော့ တစ်နှစ်နီးပါးကြာမှ ရသကြွယ်ဖြူ အမှတ် (၂) ကို ဆက်ထွက်နိုင်သည်မို့ ရသကြွယ်ဖြူအဖွဲ့သားတွေရော၊ ရသကြွယ်ဖြူကို မျှော်လင့်နေကြသည့် ရသစာပေကြိုက် ပရိသတ်ကိုပါ တောင်းပန်အပ်ပါသည်။ ဒီစာအုပ်မှာ အမှားအယွင်းရှိပါက စီစဉ်သူ ကျွန်တော့်ကိုသာ အပြစ်တင်ပြီး ချီးကျူးဝမ်းသာစရာတွေ့ပါက ရသကြွယ်ဖြူအဖွဲ့ကိုသာ လက်ကမ်းချီးကျူးကြပါရန် တောင်းပန်အပ်ပါသည်။

ဆက်လက်ထုတ်ဝေဖို့ကြိုးစားနေပါသည်။

**တွင်းကြီးသား တင်ဝင်းဦး**
**၀၉-၇၆၄၄၉၇၆၈၈**

❐

# အမှာစာ

ရသကြယ်ဖြူ အမှတ် (၂) တဲ့။ ရသကြယ်ဖြူ အမှတ် (၁) ထွက်ရှိခဲ့ပြီး ယခု အမှတ် (၂) ကို ရောက်ရှိလာပါပြီ။

ရသစာပေ၊ ရသ ဝတ္ထုတိုများကို ဖတ်ရှုခြင်းက မတူညီတဲ့ ဘဝတွေထဲကို အလည်ထွက်ခြင်းပဲလို့ ခံယူထားတဲ့ ကျွန်တော့် ခံယူချက်ဟာ ရသကြယ်ဖြူ အမှတ်(၂)ကို ဖတ်ရှုပြီးချိန်မှာ ပိုလို့ ခိုင်မြဲသွားပါတယ်။ ဒီစာအုပ်ထဲမှာ တကယ့်ကိုပဲ ဘဝစုံ ရသစုံ အထွေထွေကို ခံစားရရှိလိုက်ရလို့ပါပဲ။

တကယ်တော့ အခုလို စာပေ ဈေးကွက်မှာ ရသစာပေ မျက်နှာပန်းမလှ ဖြစ်နေချိန်မှာ ကျွန်တော်တို့ စာပေမိတ်ဆွေတစ်စုရဲ့ လုပ်အားနဲ့ရင်းခဲ့တဲ့ ငွေကြေးလေးတွေရယ်၊ ရသစာပေကို မြတ်နိုးစိတ်ရယ် ပေါင်းစည်းပြီး ရသကြယ်ဖြူရယ်လို့ မွေးထုတ်ခဲ့တာ လွယ်ကူတဲ့ဖြစ်ရပ်တော့ မဟုတ်ပါဘူး။ နိုင်ငံရေးစာပေ၊ နည်းပညာ၊ တက်ကျမ်း၊ ဘာသာပြန်၊ သရဲ တစ္ဆေနဲ့ ဂမ္ဘီရ ဝတ္ထုတွေလို မဟုတ်ဘဲ ရသ သီးသန့် စာအုပ်အနေနဲ့ စာပေဈေးကွက်ထဲကို တိုးရတာ အင်မတန် ခက်ခဲပါတယ်။ ကျွန်တော်ကိုယ်တိုင် နာမည်ကြီး စာအုပ်ဖြန့်ချိရေးတစ်ခုကို သွားပြီး ရသကြယ်ဖြူ အမှတ် (၁) စာအုပ်တင်ဖို့ ဆွေးနွေး ကြည့်တဲ့အခါ သူတို့ တုံ့ပြန်လိုက်တဲ့စကားက "ကျွန်မတို့ ဒီလိုစာအုပ်မျိုး မတင်ဘူး" တဲ့ ။ ရှက်လည်းရှက်၊ ဝမ်းလည်း နည်းမိတဲ့ ကျွန်တော်ဟာ ခေါင်းလေး ငိုက်စိုက်ချပြီး နောက်တစ်ဆိုင်ကို ခရီးဆက်ရပြန်တယ်။ ထုတ်ဝေရေးတွေနဲ့ ဖြန့်ချိရေးတွေဟာ သေချာပေါက်မြတ်မယ့် နာမည်ကြီး စာရေးဆရာကြီးတွေရဲ့ စာအုပ်တွေကိုသာ ထပ်ခါထပ်ခါ ပြန်ပုံနှိပ်နေကြပြီး နာမည်မကြီးတဲ့ ကလောင်သစ်တွေကို နေရာမပေး ချင်ကြဘူးဆိုတာ စာပေလောကမှာ တကယ်ဖြစ်နေတဲ့ ကိစ္စပါပဲ။

ဒါပေမဲ့ ကျွန်တော်တို့ နောက်မဆုတ်ပါဘူး။ ရပ်တန့် မနေပါဘူး။ အမှတ် (၂) ဆက်လက် ထုတ်ဝေခဲ့ပါပြီ။ ဒီစာအုပ်ထဲမှာ မတူညီတဲ့ ဘဝတွေ ပေါင်းစပ်နေပါတယ်။ မတူညီတဲ့ ပတ်ဝန်းကျင်မှာ ရှင်သန်နေကြတဲ့ ကလောင်ရှင် အသီးသီးဟာ မတူညီတဲ့အမြင်၊ မတူညီတဲ့ ရေးဟန်နဲ့ မတူညီတဲ့ ဘဝရသတွေကို တင်ပြထား ကြပါတယ်။ ကျွန်တော်တို့

အားလုံး ဒီစာအုပ်ကို ဖတ်ရှုပြီး မတူညီတဲ့ ဘဝတွေကို ကိုယ်ချင်းစာနိုင်မယ်၊ လူတန်းစား အသီးသီးကို မေတ္တာကရုဏာ မုဒိတာ ထားနိုင်မယ် ဆိုရင် ကျွန်တော်တို့ ကြိုးစားရကျိုး နပ်ပါပြီ။ ကျွန်တော်တို့ ငွေကြေးလိုချင်လို့ စာအုပ်ထုတ်ကြတာ မဟုတ်ပါဘူး။ အမှတ် (၁)ကို အိတ်စိုက်လုပ်ကြတယ်။ အမှတ်(၁) ထုတ်ဝေတုန်းက ရတဲ့ငွေလေးတွေနဲ့ အမှတ် (၂)ကို လုပ်ကြတယ်။ လိုရင်ထပ်စိုက်ကြတယ်။ ပိုတယ်လို့တော့မရှိ။ အမှတ် (၂)က ပြန်ပေါ်တဲ့ ငွေလေးတွေနဲ့ အမှတ် (၃) ဆက်လုပ်သွားမှာပါပဲ။ အကြောင်းအမျိုးမျိုးကြောင့် (၁) နဲ့ (၂) အကြား ကြာသွားတာတော့ မေတ္တာရှေ့ထား နားလည်တော်မူကြပါလို့ တောင်းပန်ချင်ပါတယ်။

အမှာစာမှာ ဝတ္ထု တစ်ပုဒ်ချင်းစီ အကြောင်းကိုတော့ ထုတ်နုတ် မပြောတော့ပါဘူး။ ကလောင်စုံ ရသစုံ ဆိုတဲ့အတိုင်း အချစ်၊ အလွမ်း၊ မိဘမေတ္တာ၊ ဟာသ၊ တိုင်းကျိုးပြည်ပြု အစုံပါတဲ့ စာအုပ်တစ်အုပ်လို့ပဲ ညွှန်းလိုက်ပါရစေ။ လူတွေ စာသိပ်မဖတ်ကြတော့ဘူးလို့ ပြောနေကြပေမယ့် ကျွန်တော်ကတော့ မပြောချင်တော့ပါဘူး။ ကျွန်တော်တို့ ရေးတဲ့ လူတွေကရေးတဲ့ တာဝန်ကျေအောင် အားထုတ်ကြိုးပမ်းပြီး ရေးသားနေရမှာပါပဲ။ မဖတ် ဖတ်ချင်အောင် ရေးကြရမှာပေါ့။ မမြတ်လည်း အရှုံးခံပြီး ထုတ်ဝေကြရမှာပေါ့။ တစ်နေ့မှာ တော့ ရသစာပေ ပြန်လည် ဦးမော့လာဦးမယ်လို့ ယုံကြည်နေပါတယ်။

ရသကြယ်ဖြူ အမှတ်(၂) မှာ ပါဝင်ရေးသားကြတဲ့ ဆရာ ဆရာမများကို ကျေးဇူး တင်ပါတယ်။ ဖတ်ရှုအားပေးကြတဲ့ စာဖတ်သူများကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်ဝင်းထိန် (အင်းစိန်)**

❐

# ပြုံးနေတဲ့ကြွက်တစ်ကောင်

ရှုးကျော်

မခင်စိမ့်စမ်း ရဲ့ ရင်ခွင်ထဲမှ
ကြွက်ပျင်းအား
ကျွန်တော်တို့ မိတ်ဆွေကြီးအနေဖြင့်
အလွယ်တကူ မောင်းထုတ်ပစ်နိုင်တော့မှာ
သေချာနေပြီ မဟုတ်ပါလား။

# ပြုံးနေတဲ့ ကြွက်တစ်ကောင်

ဖူးကျော်

ခင်ဗျားတို့ကို ကြွက်တစ်ကောင်အကြောင်း ကျွန်တော်တို့ ပြောပြလိုလှပါသည်။ ထိုကြွက်သည် ကြွက်ပီပီ နှုတ်ခမ်းမွေးက ကျဲရသည့်အထဲ သူ့နှုတ်ခမ်းကျဲကျဲကို သူ့လက်ပိန်ပိန်ကလေးများနှင့် မကြာခဏ ပွတ်သပ်နေတတ်သေးသော ကြွက်တစ်ကောင်လည်း ဖြစ်သည်။ ထိုစဉ်ကာလတွေတုန်းကတော့ ထိုသတ္တဝါလေးအား လူတစ်ယောက်က ကြွက်တစ်ကောင်အပေါ် သာမန်ရှုံ့ရှာပုံမျိုးနှင့်သာ ကျွန်တော်တို့ ရှုံ့ရှာခဲ့ကြခြင်း ဖြစ်သည်။ နောက်ပိုင်းကျတော့မှသာ ထိုသတ္တဝါသည် ကြွက်ဖြစ်ရသည့်အထဲ ပျင်းကလည်း ပျင်းသေးသည့် ကြွက်ပျင်းတစ်ကောင်ပါကလားဟု သိလာရပေရာ ရှုံ့ရှာမှုဆိုသော စိတ္တဇနောမ် စကားလုံးထဲသို့ စက်ဆုပ်မုန်းတီးခြင်းများ ပေါင်းထည့်၍ ရှုံ့ရှာစက်ဆုပ် မုန်းတီးသွားခဲ့ရပါသည်။

ကြွက်အကြောင်း ပြောရင်း ပြောရင်းနှင့် ကျွန်တော်တို့ ပြောနေသော ထိုကြွက်သတ္တဝါသည် သက်ရှိထင်ရှား လူတစ်ယောက်နှင့် တူတူလာသည် ဆိုပါတော့။ ထိုအခါ ကျွန်တော်တို့ကို နားလည်ခွင့်လွှတ်ပေးခဲ့ပါ။ ကျွန်တော်တို့အနေဖြင့် ကြွက်သရုပ်ဖော် မကျွမ်းကျင်မှုကြောင့်သော်လည်းကောင်း၊ ဒါမှမဟုတ် မတော်တဆ တိုက်ဆိုင်သွားမှုကြောင့်သော်လည်းကောင်း ထိုအကြောင်းနှစ်ခုအနက် တစ်ခုခုကြောင့် ဖြစ်နိုင်ပါသည်။

လူအမျိုးမျိုး စိတ်အထွေထွေဆိုလေတော့ လူ့လောကအလယ် ကြွက်ဆိုသော သတ္တဝါကို အိမ်မွေးတိရစ္ဆာန်လေးများသဖွယ်၊ ချစ်စနိုးမွေးထားတတ်ကြသူတွေ

ရှိကောင်းရှိမှာပါ။ ဒါပေမဲ့ အခုလို ပိန်မည်းမည်း ကြွက်ချစ်ကြသည်ဆိုတာက အလှမွေးကြွက်ဖြူကလေးများကိုသာ ဖြစ်ပါသည်။ သို့သော်လည်း ဆိုခဲ့သည့်အတိုင်း လူ့လောကအလယ် လူအမျိုးမျိုး စိတ်အထွေထွေ ဆိုလေတော့…။

* * *

အမှန်အားဖြင့် ကြွက်တစ်ကောင်အား ရေးကြီးခွင်ကျယ် လူရာသွင်း ပြောဆိုနေရတာကိုက ကျွန်တော်တို့အဖို့ လွန်လှပြီ။ သို့ရာတွင် မပြောဘဲနဲ့ကလည်း မနေနိုင်ပြန်။ ဆိုကြပါစို့…။ အဲဒီကြွက်ပျင်းကို "မခင်စိမ့်စမ်း" တို့ အခန်းမှာ ကျွန်တော်တို့ စတင်တွေ့ဆုံခဲ့ကြပါသည်။

မခင်စိမ့်စမ်း ဆိုသည်က တခြားသူ မဟုတ်။ ကျွန်တော်တို့နှင့် ဌာနတစ်ခုတည်း, အတူလုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းချာ "ကိုလွင်တီးခေါင်"ရဲ့ ရှုမဝတဲ့ ဇနီးအလှ။ ရုံးပိတ်ရက်တွေဆိုရင် သူတို့ဇနီးမောင်နှံ အခန်းမှာ ကျွန်တော်တို့ စုဝေးမိတတ်ကြလေ့ရှိသည်။ သူတို့ အိမ်ထောင်သက် မည်မျှရှိပြီလဲ။ ကျွန်တော်တို့ မသိ။ သူတို့မှာ နှစ်နှစ်စီသာ ခြားသော သားတစ်ယောက်၊ သမီးနှစ်ယောက် ရှိသည်။ အကြီးဆုံးသမီးပင်လျှင် (၇)တန်းကျောင်းသူ ဖြစ်နေပြီ။

အပေါ်ယံ စရိုက်လက္ခဏာများကို ဝေဖန်သမ္မုပြုလိုခြင်း မရှိသော်လည်း ယခု နေရာမှာတော့ လိုအပ်မည်ထင်၍ ပြောထားရပါမည်။

မခင်စိမ့်စမ်းသည် အတော်အတန် ကြည့်ကောင်းသော အမျိုးသမီးတစ်ယောက် ဖြစ်သည်။ သားသမီး သုံးယောက် မွေးထားပြီးပေမယ့် မိန်းမတစ်ယောက်ရဲ့ အလှအပတွေ တင့်တောင့်တင့်တယ် ကျန်နေသေးသည်။ သွက်လက်သည်။ ချက်ချာသည်။ သူမနှင့် ငါးမိနစ်ခန့်ပဲ စကားထိုင်ပြောကြည့် ထို ငါးမိနစ်အတွင်း ငယ်ပေါင်းကြီးဖော်ပမာ ခင်မင်ရင်းနှီးသွားစေနိုင်သည့် ပါရမီရှိသည်။ယေဘုယျအားဖြင့် အိမ်ထောင်တစ်ခုတွင်း ယောက်ျားဦးဆောင်သော အိမ်ထောင်ရေးနှင့် မိန်းမဦးဆောင်သော အိမ်ထောင်ရေးဟူ၍ ရှိတတ်ရာ အပေါ်ယံအားဖြင့်တော့ ကိုလွင်တီးခေါင်တို့ အိမ်ထောင်ရေးတွင် မခင်စိမ့်စမ်းက ဦးဆောင်နေသယောင် မြင်မိလိမ့်မည်။ သို့ရာတွင် အဲသလိုမျိုးတော့လည်း မဟုတ်။

မခင်စိမ့်စမ်းနှင့် စာလျှင် ကိုလွင်တီးခေါင်က ရိုးတာ, အေးတာတော့ မှန်သည်။ ဒါပေမဲ့ ရိုးရိုးအအ ဆိုတာမျိုးတော့ မဟုတ်။ သူ့ရာထူး၊ သူ့ဂုဏ်သိက္ခာ၊ သူ့အတွေးအခေါ်နှင့် ခေတ်ကို မျက်ခြည်မပြတ်သူမျိုး ဖြစ်သည်။ သူတို့အိမ်ထောင်

ရေးမှာလည်း သူသည် ဦးဆောင်သူ မဟုတ်ဘူးဆိုလျှင်ပင် နောက်လိုက်တော့ မဟုတ်တာ သေချာပါသည်။ ကိုလွင်တီးခေါင်ကို ခေါင်းစဉ်တင်နိုင်တာ တစ်ခုတော့ ရှိသည်။ အေးအေးနေလိုသော ငြိမ်းချမ်းရေးသမားဟူ၍။

သူတို့အိမ်ထောင်ရေးမှာ ထင်ထင်ရှားရှား တွေ့နိုင်တာက နားလည်မှုဆိုသော အရာကို ခိုင်ခိုင်မာမာ တည်ဆောက်ထားခြင်းပဲ ဖြစ်သည်။ ယောက်ျားလုပ်သူနှင့် ပတ်သက်သမျှ မိတ်ဆွေအပေါင်းအသင်းကို မိန်းမက မသိ။ အလေးဂရုလည်း မပြုဆိုသော အိမ်ထောင်ရေးပုံစံမျိုးလည်း လောကကြီးတွင် ရှိပေရာ ကိုလွင်တီးခေါင်နှင့် မခင်စိမ့်စမ်းတို့ လင်မယားကတော့ အဆိုပါ အိမ်ထောင်ရေးပုံစံတွင် အကျုံးမဝင်ပါ။

ယောက်ျားရဲ့ မိတ်ဆွေသင်္ဂဟာ၊ မိန်းမရဲ့မိတ်ဆွေသင်္ဂဟာရယ်လို့ သူတို့မှာ အကန့် မရှိ။ ပတ်သက်သမျှ တစ်ပြေးတည်း၊ တစ်သဘောတည်း ရောနှောခင်မင် ရင်းနှီးဆက်ဆံတတ်သော ပုံစံမျိုးသာ ဖြစ်သည်။

ကိုလွင်တီးခေါင် မခင်စိမ့်စမ်းတို့ထံ ကျွန်တော်တို့ ဝင်ထွက်နေကြရသည့် အကြောင်းကတော့ ရှင်းရှင်းလေးပါ။ ကိုလွင်တီးခေါင်က ကျွန်တော်တို့ရဲ့ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်း မခင်စိမ့်စမ်းကတော့ ပြောချင်တာ ပြော၍၊ ဆွေးနွေးချင်တာ ဆွေးနွေး၍၊ အားနာစရာမလိုအောင် ပွင့်လင်း၍ ကျွန်တော်တို့ စားလိုသော အစားအသောက်ကို မငြူစူ၊ မငြိုငြင် စီစဉ်ချက်ပြုတ် ကျွေးမွေးတတ်ပြီး အဓိက အကျဆုံးသော အချက်ကတော့ ကိုလွင်တီးခေါင်၊ မခင်စိမ့်စိမ်းတို့ ဇနီးမောင်နှံသည် အလွန်ခင်မင်စရာကောင်း၍ ဒါပါပဲ။

သူတို့ဇနီးမောင်နှံအခန်းသို့ ကျွန်တော်တို့ ရောက်သွားသည့်အခါတိုင်း သတိပြုမိကြတာတစ်ခု ရှိသည်။ ကြွက်လေးတစ်ကောင်၊ ထိုသတ္တဝါကလေး ဘယ်နည်း ဘယ်ပုံ သူတို့ထံ ရောက်လာခဲ့သလဲတော့ ကျွန်တော်တို့ မသိ။ အော့နှလုံးနာစရာ၊ ထိုသတ္တဝါကလေးကို သူတို့လင်မယားကတော့ တမင်ပင် အစားကောင်းကျွေးပြီး မွေးမြူထားဟန် ရှိသည်။

ထိုကြွက်ကလေးသည် မခင်စိမ့်စမ်း အနားက ခွာသည် မရှိ။ တစ်ခါတစ်ရံ မလှမ်းမကမ်းမှာ၊ တစ်ခါတစ်ရံ ပွတ်သီးပွတ်သပ်၊ တစ်ခါတစ်ရံ ရင်ခွင်သို့ထိ ရောက်လုခမန်း။ ကျွန်တော်တို့ကတော့ ကြွက်တစ်ကောင်ရဲ့ အန္တရာယ်တွေကို ကြိုမြင်နေမိသလို စိတ်ချမ်းမြေ့လှသည် မဟုတ်။ ကိုလွင်တီးခေါင်ကိုပင် ကျွန်

တော်တို့ နားမလည်နိုင်အောင် ဖြစ်ရသည်။ နီးလွန်း၍ပဲ အန္တရာယ်ကို မမြင်တော့သလား မသိပေ။

နေမယ်ဆိုလို့ကဖြင့် ကျွန်တော်တို့နဲ့ အနေသာကြီး။ ဒါပေမဲ့ နေသာသလို မျက်နှာလွှဲခဲပစ်နေလိုက်ရင် သူတို့ဇနီးမောင်နှံအပေါ် မိတ်ဆွေကောင်း ဘယ်မှာပီသနိုင်ပါ့မလဲ။

"ဟော့… အဲဒီကြွက်က သူ့သဘောနဲ့ သူ ရောက်လာတာ မဟုတ်ဘူးကွ။ ကိုလွင်တီးခေါင်ကိုယ်တိုင်က တံခါးဖွင့် ဝင်ခွင့်ပြုထားတာ၊ ကြွက်ပဲဖြစ်ဖြစ်၊ ကာယကံရှင် ကျေနပ်လို့ တံခါးဖွင့်ပေးထားတဲ့ ကိစ္စ၊ တို့တွေ ဘာများဝေဖန်စရာလိုသလဲ"

ကျွန်တော်တို့ အဖွဲ့ဝင် ကိုအာကျယ်တစ်ယောက်က ပြောခြင်း ဖြစ်ပါသည်။

"ကြွက်က လူရာဝင်လွန်းသလားလို့ပါ"

အခြားတစ်ယောက်က မကျေနပ်သလို ပြောပြန်သည်။ မကျေနပ်သလို ဆိုခြင်း ထက် စိုးရိမ်ပူပန်သလို (သို့မဟုတ်) တာဝန်တစ်ခုခု ရှိနေသလိုလို လေသံမျိုးဆိုက ပိုမို မှန်ကန်ပါလိမ့်မည်။

"ကြွက်ကို အိမ်ပေါ်ခေါ်တင်ထားရုံ မဟုတ်ဘူး ကိုယ့်လူ၊ အစာကျွေးတဲ့လူက ကျွေးတယ်။ ရေတိုက်တဲ့လူက တိုက်နေတယ်။ ကဲ… အဲဒါတို့က ဘာပြောစရာလိုသလဲ"

အဲဒီလိုနဲ့ ထိုကြွက် တစ်နေ့ထက်တစ်နေ့ အတင့်ရဲလာသည်။ ယခင်က ကျွန်တော်တို့ ရှေ့ဆိုလျှင် ကလေ့ခြေသမ္မတ္တိလေး ထားသင့်သလောက် ထားခဲ့သေးသော်လည်း ယခု ထိုသို့မဟုတ်တော့။ သူ့နှုတ်ခမ်းမွေးကျဲကျဲကို လက်ပိန်တာရိုးကလေးနှင့် သပ်ကာ သပ်ကာ ပြူးဝိုင်းဝိုင်း မျက်လုံးကလေးများနှင့် မထီမဲ့မြင် ကြည့်တတ်လာသည်။ ဟဲ့… ဆိုလည်း မကြောက်၊ ဟော့… ဆိုလည်း လန့်ရကောင်းမှန်း မသိတော့တဲ့ ကြွက်။ မခင်စိမ့်စမ်းကိုယ်တိုင်က ရွံရှာစရာ အဲဒီသတ္တဝါကို ကျောသပ် ခေါင်းသပ် အရောဝင် နေရာပေးလွန်းနေတော့လည်း-

မခင်စိမ့်စမ်းရယ် အံ့ဩစရာကောင်းလှပေရဲ့လား။ လောကကြီးထဲမှာ ကြောင်ကလေး၊ ယုန်ကလေး၊ အမွေးစုတ်ဖွား ခွေးကလေး၊ ကြက်တူရွေးကလေး၊ ရွှေငါးကလေး အများကြီး၊ အများကြီး ချစ်စရာအလှမွေး သတ္တဝါတွေ ရှိပါရဲ့နဲ့ ကြွက်ကိုမှ အလှမွေးရတယ်လို့ မခင်စိမ့်စမ်းရယ်…။

* * *

ကျွန်တော်တို့အား ကြွက်ကလေးတစ်ကောင် အပေါ်မှာပင် မကြည်ဖြူနိုင်၊ ကောင်းလားဟု ခင်ဗျားတို့ အပြစ်တင်လိုက တင်နေကြပေလိမ့်မည်။ သနားစာနာစိတ် ကင်းမဲ့သူတွေဟု ယူဆသူကလည်း ယူဆနေကြပေလိမ့်မည်။ ထိုအချက်နှင့် ပတ်သက်၍ ကျွန်တော်တို့၏ ယုံကြည်ချက်က မည်သည့်နည်းနှင့်မျှ တွေဝေယိမ်းယိုင်ကြလိမ့်မည် မဟုတ်ပေ။ ကြွက်တစ်ကောင်အပေါ် ကရုဏာစိတ် မထားနိုင်ခြင်းအတွက် ကျွန်တော်တို့ မည်သည့်အခါမှ နောင်တရကြလိမ့်မည် မဟုတ်ပေ။

ကြွက်ကို ကြွက်ဟု ကျွန်တော်တို့ လက်ခံလိုက်ပြီးနောက် ကြွက်နှင့် ထိုက်တန်သော အခွင့်အရေး ပေးဖို့မျှသာ ကျွန်တော်တို့ သဘောတူနိုင်သည်။ ကြွက်ကို လူတွေနှင့် မရောပါစေနှင့်။ လူနှင့် တန်းတူအခွင့်အရေး မပေးပါနှင့်။

ယေဘုယျအားဖြင့် **ဤဘဒ္ဒကမ္ဘာကြီးထဲဝယ် ရှိရှိသမျှ သက်ရှိသတ္တဝါအားလုံး ခေါင်းစဉ်ကြီးသဘောဆောင် သတ္တဝါ(သုံး) အပြုသဘော၊ အပျက်သဘော ကင်းသော ဘေးထွက်ထိုင်သတ္တဝါဟူ၍ပင်။**

အပြုသဘောဆောင်သော သတ္တဝါတွေများလျှင် လူ့ဘုံလောကကြီး တိုးတက်ဖွံ့ဖြိုးပါမည်။ **ဘေးထွက်ထိုင် သတ္တဝါတွေများ**လျှင် လူ့ဘုံလောကကြီး တိုးတက်သင့်သလောက် ဖွံ့ဖြိုးသင့်သလောက် တိုးတက်ဖွံ့ဖြိုးတော့မည် မဟုတ်။ ဟုတ်ကဲ့…၊ အပျက်သဘောဆောင်သတ္တဝါတွေ များလာပြီဆိုလျှင်တော့ လူ့ဘုံလောကကြီးသည် တိုးတက်ဖွံ့ဖြိုးမှုများ လုံးဝ ရပ်တန့်သွားရုံမျှမက ဒုတ် ဒုတ်ထိ ဆုတ်ယုတ်ပျက်စီးခြင်းသို့ ဆိုက်ရောက်သွားတော့မှာ သေချာပါသည်။

ကြွက်ဆိုတဲ့ သတ္တဝါသည် မည်သည့်ခေါင်းစဉ်အောက်မှာ ရှိသလဲ။ ကျွန်တော်တို့ ရှည်ရှည်ဝေးဝေး၊ ခက်ခက်ခဲခဲ တွေးတောနေရန်ပင် မလို။ ကြွက်မှန်လျှင် ဖျက်ဆီးလိုစိတ်မှလွဲပြီး ဘာမျှမရှိသည့် သတ္တဝါမဟုတ်။ ကောင်းပြီ…။ ကြွက်သတ္တဝါကို ကျွန်တော်တို့ ဘာကြောင့် သနားနေရန် လိုပါသနည်း။

***

"လွန်လွန်းပါရဲ့ဗျာ…၊ တစ်သက်နဲ့ တစ်ကိုယ် ဒီလို လူမျိုးတစ်ယောက်မှ မတွေ့ဖူးဘူး"

ကျွန်တော်တို့ထဲမှ တစ်ယောက်သောသူက သူ့ဘာသာသူ တစ်ယောက်တည်း ပြောနေသလိုမျိုး မကျေမနပ် ရေတွက်နေပါသည်။

"ဘာဖြစ်လို့လဲ"

ဟု အခြားတစ်ယောက်က စိုးရိမ်မကင်း မေးပါသည်။

"ဘာဖြစ်ရမှာလဲ၊ ကိုလွင်တီးခေါင်ပေါ့။ အခု မခင်စိမ့်စမ်းက ဘာလုပ်သလဲ သိလား"

အားလုံး ခေါင်းထောင်သွားကြပါသည်။

"မခင်စိမ့်စမ်း ဘာလုပ်လို့လဲ"

"ဘာလုပ်ရမှာလဲ၊ အခု ဟိုကြွက်ပျင်းကောင် မခင်စိမ့်စမ်း အိပ်ရာထဲထိအောင် ရောက်နေပြီလေ"

"ဟာ… အဲဒါ ကိုလွင်တီးခေါင် မသိဘူးလား"

"သိသိကြီးနဲ့ ကိုယ့်လူက မလှုပ်လို့ ခက်နေတာပေါ့"

"တောက်…"

တိုင်ပင်ထားခြင်း မရှိဘဲ ခတ်လိုက်သော တောက်ခတ်သံက တစ်သံတည်း၊ တစ်ချိန်တည်း ထွက်လာသည့်အတွက် သာမန်ထက် အဆပေါင်းများစွာ ပိုမိုကျယ်လောင်သွားခဲ့သည်။

ထို့နောက်မှာတော့ ကျွန်တော်တို့ မိတ်ဆွေဖြစ်သူအတွက် ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိသည်ဟု ယူဆမိသည့်အလျောက် ကြွက်ရန်ကို ဘယ်လိုနှိမ်နင်းကြမလဲ။ ကျွန်တော်တို့ တိုင်ပင်ဆွေးနွေးကြသည်။

"ကြွက်ကို နိုင်တာကတော့ ကြောင်ပဲ"

တစ်ယောက်သောသူက အလွန်ရိုးစင်းသော အကြံဉာဏ်ကို တင်ပြလာပါသည်။

"ကိုလွင်တီးခေါင်တို့ အခန်းမှာ ကြောင်တစ်ကောင် ရှိလာမယ်ဆိုရင် ဘယ်နည်းနဲ့ဖြစ်ဖြစ် အဲဒီကြွက်စုတ် ပြေးရမှာပဲ မဟုတ်လား"

သို့ဖြင့် ထိုသူအကြံပေးသည့်အတိုင်း ကြွက်ကို နှိမ်နင်းရန် အလွယ်ကူဆုံးနည်းလမ်းဖြစ်သည့် ကြောင်တစ်ကောင်အား ကိုလွင်တီးခေါင်၊ မခင်စိမ့်စမ်းတို့ထံ ပို့ပေးရန် ကျွန်တော်တို့ စီစဉ်နေကြဆဲ-

"နေကြဦးဗျ၊ ကျွန်တော် တစ်ခု စဉ်းစားမိလာတယ်"

ထိုသို့ တွေးတွေးဆဆ ပြောလိုက်သူထံ ကျွန်တော်တို့ အားလုံး အာရုံရောက်သွားကြသည်။

"ကြွက်ကို ချစ်လို့ မွေးထားမှတော့ အဲဒီကြွက်ကို ဒုက္ခပေးမယ့် ကြောင်ကို ဘယ်သူက လက်ခံမှာလဲ"

"အဲဒီတော့…"

"အိမ်မှာ ငုတ်တုတ်ကြီး အဆင်သင့်ရှိနေတဲ့ ကိုလွင်တီးခေါင်ကို ကြောင်ဘဝ ပြောင်းပေးလိုက်တာ အကောင်းဆုံး ဖြစ်နိုင်တာပေါ့"

"ဘယ်လို…၊ ကိုလွင်တီးခေါင်ကို ကြောင်ဘဝ ပြောင်းပေးလိုက်မယ် မဟုတ်လား"

ထိုသူက သူ့အတွေးအခေါ်အတွက် သူ တဟဲဟဲ သဘောတွေကျလျက် ရှိရာမှ-

"ကိုလွင်တီးခေါင် ကြောင်တစ်ကောင်ရဲ့ စိတ်ဓာတ်တွေ ကိန်းအောင်လာအောင် လုပ်ပေးရမယ်လို့ ဆိုလိုတာပါပဲ"

အထက်ပါ အဆိုပြုချက်ကို ကျွန်တော်တို့ အလေးအနက်ထား ဆွေးနွေးကြပါသည်။ ထို့နောက် သူတို့လင်မယားထံ အဆင်သင့် မရှိသေးသည့် ကြောင်တစ်ကောင်ကို ရှာဖွေပေးပို့ခြင်းထက် အဆင်သင့်ရှိနေသည့် ကိုလွင်တီးခေါင်ကို ကြောင်ဘဝသို့ ပြောင်းပေးခြင်းက ပို၍ သဘာဝကျမည်ဖြစ်ကြောင်း၊ သို့အတွက် အဆိုပါ ကိစ္စအား အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ရန် အများသဘောတူ ဆုံးဖြတ်လိုက်ကြပါသည်။

* * *

လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်ထဲ ကြောင်တစ်ကောင်ရဲ့ စိတ်ဓာတ်ထည့်သွင်းပေးဖို့ ဆိုသည့်ကိစ္စကို သာမန်အားဖြင့် ခင်ဗျားတို့ နားမလည်နိုင်အောင် ဖြစ်ကြပေလိမ့်မည်။ ဘယ်လို စိတ်ကူးစိတ်သန်းမျိုးလဲ။ ဖြစ်နိုင်ပါ့မလား။ မနုဿ တိရစ္ဆာန် ကျွန်းဝတ္ထုထဲက ပညာရှင်ထဲက ဒေါက်တာမိုးရေလိုများ၊ လူတွေ အရှင်လတ်လတ် ဘဝပြောင်းချင်တာလား စသည့်ဖြင့် ခင်ဗျားတို့ အပြစ်တင်လိုကလည်း တင်နေကြပေမည်။ ရယ်သွမ်းသွေးသူလည်း သွေးနေကြပေမည်။

ဟုတ်ကဲ့။ ဒါဆိုလျှင် ကျွန်တော်တို့က ခေါက်ရိုးကျိုးနေသည့် တစ်ခုတည်းသော မေးခွန်းကိုသာ ပြန်မေးပါမည်။ မိတ်ဆွေ…လောကကြီးမှာ မဖြစ်နိုင်ဘူးဆိုတာ ဘာများရှိပါသလဲ။ အထူးသဖြင့် မခံချင်မှုတွေ၊ မကျေနပ်မှုတွေ၊ အောင့်အည်းသည်းခံ မျိုသိပ်နေရမှုတွေ များသည်ထက် များလာသည့်အခါ အဆိုပါ ခံစားရမှုသည် အင်အားကြီးတစ်ခုအဖြစ် ပြောင်းလဲသွားတတ်ပါသည်။ ထိုအင်အားကပင်

ကျွန်တော်တို့ ဖြစ်ချင်တာတွေ ဘာမှမဆိုဖြစ်အောင် လုပ်စေနိုင်ဖို့ စွမ်းအင်မြင့်ပေးပါသည်။ ထိုသို့သော စွမ်းအားတွေသာ အမှန်တကယ် ရှိနေပါစေ။

လူတစ်ယောက်ကို ကြောင်တစ်ကောင်၊ ကျားတစ်ကောင်၊ ဝက်ဝံတစ်ကောင်၊ ကြံ့တစ်ကောင် မည်သည့်အကောင်ဖြစ်ဖြစ် ပြောင်းလဲပေးဖို့ ခဲယဉ်းတော့မည် မဟုတ်ပါပေ။

* * *

ကိုလွင်တီးခေါင်ကို ကြောင်ဘဝသို့ ပြောင်းလဲနိုင်ဖို့အတွက် ပထမအဆင့်အနေဖြင့် ပုလိပ်ကပ်ရောဂါဆိုးကြီးများ၏ ကြောက်ခမန်းလိလိ ပမာဏ များပြားလှကြောင်း၊ မှတ်တမ်းတစ်ခုက ဖော်ပြထားပါသည်။

လူ့သမိုင်းစဉ်တစ်လျှောက် ပုလိပ်ရောဂါဘေးကြီး အကြိမ် (၃၀) ခန့် ဖြစ်ပွားခဲ့ဖူးပြီး လူဦးရေ သန်းတစ်ရာနီးပါး သေဆုံးခဲ့ဖူးသည်။ ကွန်စတန်တီနိုပယ်ဆိုသော မြို့တွင် တစ်နေ့တည်း ဂရိနိုင်ငံ အေသင်မြို့ကလေးမှာ ရှိသမျှ လူဦးရေ၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း သေဆုံးကုန်ကြပြီး တစ်မြို့လုံး အပုပ်နံ့များ ထောင်းထောင်းထလျက် ကျေးငှက်သာရကာတွေပင် မြို့ကို စွန့်ခွာပျံသန်းသွားကုန်ကြတာလည်း ပုလိပ်ကပ်ရောဂါကြောင့်ပဲ။ မာဆေးဆိုတဲ့ မြို့ကလေးမှာ လူသေတွေကို အလျဉ်မီအောင်မြှုပ်နှံနိုင်ဖို့ တွင်းနက်ကြီးတွေ အလျင်အမြန် တူးဖော်ခဲ့ရတာလည်း ပုလိပ်ရောဂါကြောင့်ပဲ။ ပြင်သစ်နိုင်ငံကြီးထဲက ပရော့ဗင့်နယ်ကလေးမှာ မဟာရံ တံတိုင်းကြီးတစ်ခု အရေးပေါ် တည်ဆောက်ခဲ့ဖူးသည်။ လေထဲမှာ ပျံ့လွင့်ပါလာသော ပုလိပ်ရောဂါပိုးတွေကို ကာကွယ်နိုင်ရန်ဖြစ်၏။ တစ်ချိန်က လန်ဒန်မြို့ လမ်းမကြီးတွေပေါ် လူသေများ အပြည့်တင်ထားသော လူသေတင် လှည်းကြီးတွေ တအီအီမောင်းနှင်ခဲ့ရဖူးတာလည်း ပုလိပ်ရောဂါကြောင့်ပဲ။

ထိုသို့သော ထိတ်လန့်တုန်လှုပ်၊ သွေးပျက်၊ ချောက်ချားဖွယ် ပုလိပ်ကပ်ရောဂါကြီးများ၏ အဓိကတရားခံမှာ ကြွက်သတ္တဝါပင်ဖြစ်၏။ ထိုမျှဆိုလျှင် ကြွက်အန္တရာယ်ကို ပညာရှိသတိဖြစ်ခဲဖြစ်နေသော ကျွန်တော်တို့၏မိတ်ဆွေကြီး ကိုလွင်တီးခေါင် သတိပြုမိသွားတော့မည်ဖြစ်ရာ ထိုအချိန်တွင် ကိုလွင်တီးခေါင်အနေဖြင့် ကြောင်တစ်ကောင်၏ စိတ်ဓာတ် မွေးမြူရန် ခဲယဉ်းတော့မည် မဟုတ်ပါ။

လိုရင်းကို တိုတိုသာ ပြောကြပါစို့။

ကိုလွင်တီးခေါင်တစ်ယောက် "ညောင်"ဟု မအော်ရုံ, လေးဘက်တွား

မသွားရုံမှလွဲ၍ ကြောင်ဘဝ ပြောင်းသွားခဲ့ပါပြီ။ ပီဘိကြောင်တစ်ကောင်လို စိတ်ဓာတ်များ ကျွန်တော်တို့ ရိုက်သွင်းပေးလိုက်ကြပါပြီ။ ကိုလွင်တီးခေါင်တစ်ယောက် မည်မျှအထိ ကြောင်ပီသသွားလိုက်ပါသလဲဆိုလျှင် တစ်ခါတစ်ရံ ကျွန်တော်တို့နှင့် လက်ဖက်ရည်ဆိုင် အတူထိုင်လျက် ရှိရာမှ မနီးမဝေး ပလက်ဖောင်းပေါ်မှာ မြေကြွက်တေလေကြီး တစ်ကောင်တလေ ရုတ်တရက် ဖြတ်သွားတာ ရိပ်ခနဲ မြင်လိုက်ရလျှင်ပင် သူ့ကိုယ်ခန္ဓာပေါ် ရှိရှိသမျှ အမွေးအမျှင်တွေ ထောင်ထလာသလားထင်မှတ်ရတတ်ပါသည်။ ပါးစပ်က ခွီးခနဲ မအော်ရုံတမည်ပင်။

ယခုအတိုင်းဆိုလျှင် ကျွန်တော်တို့ အခြေအနေ ကောင်းပါသည်။ မခင်စိမ့်စမ်းရဲ့ ရင်ခွင်ထဲမှ ကြွက်ပျင်းအား ကျွန်တော်တို့ မိတ်ဆွေကြီးအနေဖြင့် အလွယ်တကူမောင်းထုတ်ပစ်နိုင်တော့မှာ သေချာနေပြီ မဟုတ်ပါလား။ သို့သော် ကျွန်တော်တို့ သတိလက်လွတ် မေ့လျော့နေသော အချက်တစ်ချက်က ရှိနေသည်။ ကိုလွင်တီးခေါင်သည် ငြိမ်းချမ်းရေးသမားဖြစ်သည် ဆိုသည့်အချက်။

* * *

"ကြောင်ရယ်...၊ ကြွက်ရယ်...၊ ချစ်ကြည်ရေးရယ်...၊ တော်တော်တော့ အဓိပ္ပာယ်မရှိတာပဲ"

ဆီမန်း မန်းသလို ပွစိ ပွစိ မကျေမနပ် ရေရွတ်နေသော ကျွန်တော်တို့အဖွဲ့ဝင် ကိုအာကျယ်ကို ကျွန်တော်တို့အားလုံး အူကြောင်ကြောင်ပုံစံဖြင့် နားမလည်သလို ဝိုင်းကြည့်နေခဲ့ကြသည်။

"ကိုယ့်လူ၊ ဘာတွေ ပေါက်ကွဲနေတာလဲ"

"ကျွန်တော်တို့ ကြောင်ကြီး ကိုလွင်တီးခေါင်ကြီးပေါ့ဗျာ၊ ဟိုကြွက်စုတ်၊ ကြွက်နာ၊ ကြွက်ပျင်းနဲ့ လက်ဖက်ရည်ဝိုင်းတစ်ဝိုင်းတည်း အတူဝိုင်းဖွဲ့လို့ မျက်နှာတွေက ပြုံးရွှင်နေလိုက်ကြသေး၊ အသည်းနာစရာကောင်းတာက မခင်စိမ့်စမ်းကိုယ်တိုင် အနားကထိုင်ပြီး ယပ်ကလေးတောင် ခပ်ပေးနေလိုက်သေးတယ်လေ"

"ဟောဗျာ..."

ကျွန်တော်တို့တစ်တွေ အံ့သြတကြီး ရေရွတ်လိုက်သံ။

"ကြောင်နဲ့ကြွက်ဆိုတာ ကမ္ဘာ့ရန်သူတွေပါဗျာ၊ ဒီမှာ မိမိကိုယ်မိမိ ကြောင်လို့ ခံယူထားရင်း ကြောင်အလုပ် ကြောင်လုပ်ရမယ့်ဗျ၊ ကြောင်ကမှ ကြောင်အလုပ် မလုပ်ရင် ကြွက်အတင့်ရဲသည်ထက် ရလာတာပဲ ရှိမှာပေါ့"

ကိုအာကျယ်က အဲဒီလို ကြိတ်မနိုင်ခဲမရ မခံချည့်မခံသာ ပြောပြနေချိန်မှာ ကျွန်တော်တို့အားလုံး စိတ်ပျက်လက်ပျက် ငြိမ်သက်တိတ်ဆိတ် နေကြပါသည်။ ကျွန်တော်တို့ အတွေးထဲမှာတော့ ကြွက်တစ်ကောင်ရှိနေပြီး ထိုကြွက်က ကျွန်တော်တို့ရဲ့ မျက်နှာတွေကို တစ်ယောက်စီ တစ်ယောက်စီ စိမ်ပြေနပြေ မထီတရီ လိုက်ကြည့်ကာ မခန့်လေးစား သွားဖြီးလျက် ရှိပါသည်။

**ဇူးကျော်**

□

# မေတ္တာရေအလျဉ်

## ယဉ်လေးမောင်(သပြေရုံ)

သူ ဆက်နားထောင်လိုက်သည်။
တစ်ချက်တစ်ချက် ကျောမှ
ရှူးရှူးဝါးဝါး အောင့်လာသည့် ဝေဒနာကြောင့်
နားထောင်မှုစွမ်းအား
လျော့နည်းသွားသည်။

# မေတ္တာရေအလျဉ်

ငယ်လေးမောင်(သပြေရုံ)

သူ မျက်စိကို အားယူပြီး ဖွင့်ကြည့်လိုက်တယ်။ ဖဝ-ဝပ် မီးလုံး၏ နီကျင်ကျင် မီးရောင်ကိုသာ မြင်ရသည်။ သူ့ခန္ဓာကိုယ်ကို သူ ဘယ်,ညာ မစောင်းနိုင်။ နီကျင်ကျင်မီးရောင်ကိုသာ စူးစူးစိုက်စိုက် ကြည့်နေမိသည်။ နေ့ဘက်လော သို့မဟုတ် ညဘက်လောဟု သူ မသိချေ။ လူသံသူသံများ တိတ်ဆိတ်ငြိမ်သက်နေ၍သာ ညဖြစ်တန်ရာသည်ဟု တွေးလိုက်မိသည်။ ညဆိုလျှင် မည်သည့်အချိန်ကာလ ရှိနေသည်ကို သူ စိုးစဉ်းမျှမသိ။ သူ မည်သည့်အချိန်က အိပ်ပျော်သွားခဲ့သည်။ သို့မဟုတ် မေ့လျော့သွားခဲ့သည်ကိုလည်း သူ မသိ။ ယခု သူ သတိရနေသည်။ သတိရသည်နှင့်အမျှ သူ့စိတ်အစဉ်သည် ရေအလျဉ်ပမာ လူလေးနှင့် လုံမလေးထံ အဟုန်ပြင်းစွာ စီးမျောသွားမိသည်။

* * *

လူလေး ရှစ်တန်းအောင်သည့်နှစ်တွင် လယ်ထဲ စပါးဖျက်ပိုးများ ကျသဖြင့် စပါးများ သီးလုံးပေါ်မှ ပျက်စီးခဲ့ရသည်။ လယ်သမားများ ဝမ်းစာကိုပင် မထည့်နိုင်ကြ။ နဂိုကပင် ဆင်းရဲကျပ်တည်းလှသော သူတို့မိသားစု, ကြွေးဟောင်းလည်း မဆပ်နိုင်၊ ဝမ်းစာကလည်း မရှိနှင့် ဒုက္ခမုန်တိုင်း ပြင်းပြင်းထန်ထန် ကျရောက်ခဲ့၏။ လူလေးနှင့် လုံမလေး ကျောင်းဆက်ထားနိုင်ရေးကို စဉ်းစားမရ။ လုံမလေးကလည်း ခုနစ်တန်းတက်မည်။ လူလေးနှင့် လုံမလေးကို နှစ်ဦးစလုံး ပညာရေးကောင်းကြသည်။ သူသည် ဘုန်းကြီးကျောင်းသာ နေဖူးသည်။ မိရိုးဖလာ လယ်လုပ်၊ သစ်ခုတ်၊

ဝါးခုတ်ဖြင့် ကြီးပြင်းလာရသူ ဖြစ်သည်။ ကြမ်းတမ်းခက်မာလှသော သူ့ဘဝမျိုး လူလေးနှင့် လုံမလေးကို မဖြစ်စေလို။ လခစားဝန်ထမ်းဘဝဖြင့် ဘဝကို ဆက်လက်ရှင်သန် ခရီးဆက်စေလိုသည်။ သည်ဆန္ဒသည်သာ သူ့အတွက် အဓိက။ လယ်သမားဘဝဟူသည် မိုးခေါင်,ရေကြီး၊ ပိုးမွှားအန္တရာယ် စသော သဘာဝဘေးဒဏ် ခံရတတ်သည်။ သဘာဝဘေးဒဏ် ခံရပါက "တောင်အတက် စည်ကုံးပြတ်သည့်လှည်း" ပမာ ဖြစ်ရချေသည်။ မည်သို့သော အခြေအနေ ရှိနေစေကာမူ လူလေးနှင့် လုံမလေးကို ပညာတတ် ဖြစ်စေချင်သည်။ သူ ရဲရဲဆုံးဖြတ်လိုက်သည်။ လူလေးနှင့် လုံမလေးကို ကျောင်းဆက်ထားမည်။

"ညွန့်မောင်ရယ်··· စဉ်းစဉ်းစားစား လုပ်ပါဟယ်···၊ နင်တို့မှာ ဟိုကွေ့ဒီကွေ့တွေက ပူ၊ ဝမ်းစာကလည်း မရှိနဲ့။ ဒီကြားထဲ ကလေးတွေကို ကျောင်းဆက်ထားဦးမယ်ဆိုတော့ လွယ်ပါ့မလား ငါ့မောင်ရယ်၊ နင့်သားကို ဒီနှစ်ကျောင်းဆက်မထားဘဲ နွားကျောင်းငှားရင် စပါး ၁၀ တင်း၊ ၁၅ တင်းတော့ ရမှာပဲ။ ငါ့တူလေးကို ဆင်းဆင်းရဲရဲ လုပ်ကိုင်နေရတာ မြင်ချင်လို့တော့ ဘယ်ဟုတ်ပါ့မလဲ။ နင့်အတွက် တစ်ဖက်တစ်လမ်းက ကူဖော်လောင်ဖက် ရအောင်လို့ ပြောတာပါ"

အစ်မဖြစ်သူ ဒေါ်အေး၏စကားကို သူ ရဲရဲဖယ်ရှားခဲ့သည်။ အစ်ကိုကြီးဖြစ်သူ ဦးအုန်းကျော်၊ အစ်မကြီးဖြစ်သူ ဒေါ်ကျင်တို့ကလည်း-

"ဟုတ်သားပဲကွာ၊ အပြီး ကျောင်းထုတ်ရမယ်လို့၊ ဒီလိုပြောတာ မဟုတ်ပါဘူး။ နောက်နှစ်မှ ထားပါ့ကွာ၊ ဒီလောက်ဒုက္ခရောက်နေတဲ့ အခြေအနေမှာ မင်းသိပ်အခက်အခဲ ဖြစ်မှာစိုးလို့ ပြောတာ၊ တို့အခြေအနေကလည်း မင်းကို မကူညီနိုင်တာ မင်းအသိပဲ"

သူတို့ စကားကိုလည်း သူ ခပ်တင်းတင်း ငြင်းဆန်ခဲ့သည်။ စွန့်စွန့်စားစား သူ လုပ်လိုက်သည်။ လယ် ခုနစ်ကေနှင့် နွားတစ်ရှဉ်းကို ရောင်းပြီး မြို့ပြသို့ ပြောင်းရွှေ့ခဲ့သည်။ သူ လက်သမားအလုပ်ကို နေ့မအား ညမနား လုပ်ခဲ့သည်။ ဇနီးဖြစ်သူ မလေးရင်ကို အိမ်ဆိုင်ဖွင့်ထားသည်။ လူလေးနှင့် လုံမလေးကို သောကကင်းကင်းဖြင့် ကျောင်းတက်စေခဲ့သည်။ သူ ပင်ပန်းရကျိုး၊ စွန့်စားရကျိုး နပ်ခဲ့သည်။ လူလေး ဟိုက်စကူးဖိုင်နယ်ဟု ခေါ်သော ကိုးတန်းစာမေးပွဲ နှစ်ချင်းပေါက် အောင်မြင်ခဲ့သည်။ အင်းစိန် စက်မှုလက်မှု သိပ္ပံကျောင်း (GTI) တက်နိုင်ခဲ့သည်။ (ထိုစဉ်က ဟိုက်စကူးဖိုင်နယ်အောင်လျှင် ဂျီတီအိုင် တက်ခွင့်ရှိသည်။) လုံမလေးသည် ၁၀ တန်းအောင်မြင်ခဲ့သည်။ သို့သော် သူတို့မိခင်ဒေါ်လေးရင်ကား ဘဝ

တစ်ပါး ပြောင်းသွားရှာသည်။ လူလေးနှင့် လုံမလေးတို့ ဉာဏစွမ်းအားဖြင့် ဘဝတစ်ခု ရှင်သန်ရပ်တည်နိုင်ခဲ့သည်။ လူလေးသည် အင်ဂျင်နီယာ ဖြစ်လာပြီး လုံမလေးမှာ ကျောင်းဆရာမ ဖြစ်လာခဲ့သည်။ သူ ပီတိပြုံးဖြင့် ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။ တစ်ဆက်တည်း ကွယ်လွန်သူဇနီးကို ဖျတ်ခနဲ သတိရလိုက်မိသည်။ ရင်ထဲမှာ ဆွေးဆွေးမြည့်မြည့် ဖြစ်သွား၏။ ဒီအချိန် "ရှင်လေးရင်သာ ရှိရင်" ဟူသောအတွေး အဆွေးထဲသို့ ဝင်ရောက်လာပြန်သည်။ ကျောဘက်မှလည်း စူးစူးနင့်နင့်အောင့်လာပြန်သည်။ လုံချည်တစ်ထည်လုံး ရွှဲရွှဲစိုနေသည်ဟု သူ့အသိထဲ ဝင်လာသည်။

* * *

"သေးတွေ ရွှဲနေပါလား ညွှန့်မောင်ရယ်၊ သားနဲ့သမီးကို လူလွှတ်ခေါ်ပါဆိုတော့လည်း မခေါ်နိုင်ဘူး။ ခုလို ပြုစုနေရတာ ငြီးငြင်လာလို့ ပြောတာ မဟုတ်ပါဘူးကွာ။ ငါ့မှလည်း တစ်နေ့လုပ်မှ တစ်နေ့စားရတယ်ဆိုတာ မင်း အသိဆုံးပါသူငယ်ချင်းရယ်…၊ အချိန်ပြည့် မင်းအနားမှာ ငါ မနေနိုင်ဘူး။ ခု မင့်ကျန်းမာရေးကကောင်းတာ မဟုတ်ဘူး၊ တစ်ယောက်ယောက် မင်းအနားမှာ ရှိနေသင့်တဲ့ အခြေအနေ ဖြစ်နေပြီ၊ နောက်ပြီး စ,နေမကောင်း ကတည်းက မင်းထနိုင်လို့လား။ တဖြည်းဖြည်းနဲ့ ပိုးဆိုးလာတော့ ဆေးရုံတင်ရမယ့် အခြေအနေ ရောက်နေပြီ သူငယ်ချင်းရယ်…"

"ရပါတယ် ချစ်တင်ရယ်၊ အိမ်ရှင်တွေလည်း လူလေးနဲ့ လုံမလေးတို့ကို ကြေးနန်းလည်း ရိုက်ထားတယ်၊ အမြန်ချောပို့နဲ့လည်း စာပို့ထားတာ။ မကြာခင်လာတော့မှာပါကွာ၊ သူတို့လာမှ ကြည့်စီစဉ်တာပေါ့။ မင်းသိတဲ့အတိုင်း သူတို့တွေက ဝန်ထမ်းတွေဆိုတော့ ဝန်ထမ်းတာဝန်၊ မိသားစုတာဝန်တွေနဲ့ မဟုတ်လား၊ စိတ်သွားတိုင်း ကိုယ်မပါတဲ့ အခြေအနေ ဖြစ်နေလို့ ထင်ပါတယ်။ သူတို့လေးတွေ ငါ့ကို ပစ်မထားပါဘူးကွာ၊ လာပါလိမ့်မယ်"

"ဘာပဲဖြစ်ဖြစ် ကြေးနန်းနဲ့ စာတစ်ခုခုတော့ ရောက်နိုင်ပါတယ်။ လာဖို့သင့်တော်ပေါ့ကွာ၊ ဒီအဖေတစ်ယောက်တည်းရှိတာ၊ ဒီအချိန်မှာ ဘာဖြစ်ဖြစ်လာသင့်တယ်ကွာ။ မင်းလည်း ခုထိ ဘာမှ စားရဦးမှာ မဟုတ်ဘူး။ ငါ နို့ဆန်ပြုတ်ဝယ်လာတယ်။ သောက်လိုက်ဦးနော်"

"မသောက်ချင်ပါဘူး ချစ်တင်ရယ်၊ လုံးဝ မဆာဘူးကွာ။ နောက်ပြီး အစာဝင်ရင် ဝမ်းသွား၊ ဆီးသွားနဲ့ မင်း ဒုက္ခများပါတယ် သူငယ်ချင်းရယ်…"

"ခက်ပါလားကွာ၊ မဆာလည်း သောက်၊ ဆာလည်း သောက်။ ဒါမှ အားရှိပြီး မင်း အမြန်နေကောင်းသွားမှာ၊ နို့မို့ ပြုစုသူလည်းကလည်း မရှိနဲ့၊ မင်း ဒုက္ခများနေမယ်။ အားရှိသွားအောင် သောက်လိုက်ဦးနော်၊ ကဲ… သောက်လိုက်ပါကွာ၊ ငါ ထူပေးပါ့မယ်"

"သောက်ပါ့မယ်ကွာ၊ ငါ့ဘေးနား ချထားခဲ့၊ မင်းအလုပ် သွားရဦးမှာ၊ တော်ကြာ အလုပ်နောက်ကျနေဦးမယ်၊ ကဲ… သွားတော့"

"မင်းကို ထူပေးမယ့်သူမှ မရှိတာ၊ ငါရှိတုန်း သောက်လိုက်ပါကွာ၊ ငါထူပေးပါ့မယ်"

"ဒါဆိုလည်း ထူပေးပါဦး၊ ငါ သောက်ပါတော့မယ်"

"တစ်လက်စတည်း လုံချည်ပါ လဲပေးမယ်၊ ချွတ်… မင်းခေါင်းအုံးက လုံချည်လေးပေး၊ အဲဒါလေး ငါ ဝတ်ပေးခဲ့မယ်နော်"

"အဲဒီလုံချည်လေးပေါ့၊ လုံမလေး အလယ်တန်းပြဆရာမဖြစ်တော့ ငါ့ကို ဝယ်ပေးသွားတာ၊ လူလေးကလည်း ရန်ကုန်ရောက်တာနဲ့ ငါ့ဆီ ပြေးလာပြီး စားစရာ၊ ဝတ်စရာတစ်ခုခုတော့ ပေးသွားတာ၊ သားရော သမီးရော လိမ္မာကြတယ်။ သူတို့လေးတွေ နေမှ ကောင်းရဲ့လား မသိဘူး"

"မောနေပါ့မယ်ကွာ၊ စကား သိပ်မပြောနေနဲ့၊ အဝတ်လဲပြီးသွားပြီ၊ နို့ဆန်ပြုတ် သောက်လိုက်ရအောင်၊ ဟုတ်လား"

***

"ဒီမှာရှင့်…၊ ရှင့်သူငယ်ချင်း အခြေအနေက တစ်နေ့ထက်တစ်နေ့ ဆိုးလာတယ်။ ဆေးရုံပို့သင့်တယ်။ အနံ့အသက်တွေကလည်း အိမ်ပေါ်မှာနေတဲ့ ကျွန်မတို့တောင် မခံနိုင်တော့ဘူး။ ဘေးအခန်းတွေကလည်း ကျွန်မကို လာပြောနေကြပြီရှင့်။ သူ့ကို ကျွန်မတို့ ပရိဘောဂလုပ်ငန်းက လက်သမားတစ်ယောက်ဖြစ်လို့ ကျေးဇူးမကင်းရာ မကင်းကြောင်းအနေနဲ့ ဒီအခန်းကို စပေါ်မယူဘဲ ငှားထားရတာ၊ ဘေးအခန်းက လူတွေ အားနာဖို့ ကောင်းနေပြီ။ သူ့သားသမီးတွေကလည်း ကြေးနန်းရော၊ စာရော ထည့်ထားတာ၊ ခုထိ ရောက်မလာကြသေးဘူး။ အသိတရားနည်း

လိုက်တာ၊ ဘယ်လိုဟာတွေမှန်း မသိဘူး။ အနံ့အသက်တွေ ကင်းအောင်တော့ လုပ်ပေးကြပါဦးရှင့်''

''သူ့အခြေအနေက ဆေးရုံတင်ရမယ့် အခြေအနေဆိုတာ သိပါတယ် အစ်မကြီးရယ်…။ နောက်ပြီး သူ့အခြေအနေက ဆေးရုံမှာ ဒီအတိုင်းသွားထားလို့ရတဲ့ အခြေအနေ မဟုတ်ဘူးဆိုတာ အစ်မကြီး သိမှာပါ။ အနားမှာ တစ်ယောက်ယောက်ရှိမှ ဖြစ်မယ့် အခြေအနေပါ။ ကျွန်တော်ကလည်း တစ်နေ့လုပ်မှ တစ်နေ့စားရသူပါ။ မိသားစုတစ်ခုလုံးရဲ့ တာဝန်ကို ယူနေရတာ၊ သူ့ကိုလည်း အချိန်ပြည့် လိုက်မစောင့်ရှောက်နိုင်ဘူး အစ်မကြီးရယ်။ သူ့သားသမီးတွေလာအောင် ခဏသည်းခံစောင့်ဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော့်သူငယ်ချင်းက သူတော်ကောင်းကြီးပါ။ ဘယ်ဝဋ်ကြွေးတွေပါလာလို့။ ဒီလို ဖြစ်နေရတယ်ဆိုတာ မသိတော့ဘူး။ သူနဲ့သိတဲ့ ကျွမ်းတဲ့ မိတ်ဆွေတွေကိုလည်း အသိပေး အကြောင်းကြားထားပေမယ့် ခုထိ တစ်ယောက်မှ မလာကြဘူးဗျာ။ သူ့အကုသိုလ်ဆိုးရှာပါတယ် အစ်မကြီးရယ်၊ စာနာထောက်ထားပြီး ခဏစောင့်ပေးပါ ခင်ဗျာ။ အညစ်အကြေးတွေလည်း ညနေတိုင်း ကျွန်တော် အလုပ်ကပြန်ရင် ရှင်းပေးပါ့မယ်''

''အေးလေ၊ ကျွန်မတို့ သူ့သားသမီး လာတဲ့အထိ သည်းခံစောင့်ပေးပါမယ်။ သူ့အဖေ အခြေအနေ ဖုန်းဆက်မေးသင့်တာပေါ့ရှင်၊ ကျွန်မ ဖုန်းနံပါတ် သူတို့အားလုံး သိကြသားနဲ့ရှင်''

''ဝန်ထမ်းတွေဆိုတော့ တာဝန်နဲ့ ခရီးထွက်နေကြလို့၊ ခရီးလွန်နေလို့ ထင်ပါတယ်ဗျာ။ ကျွန်တော်လည်း ပိုပြီး ဂရုစိုက်လုပ်ပေးပါ့မယ်၊ မနက်တစ်ခါ ညနေတစ်ခါ သူ့အတွက် စားစရာစီစဉ်ပြီး လာပို့တဲ့အခါ သန့်ရှင်းရေးကို ဆောင်ရွက်ပေးပါ့မယ်''

ဦးချစ်တင်သည် အိမ်ရှင်ဒေါ်တင်ဝင်းအား အနူးအညွတ် မေတ္တာရပ်ခံ တောင်းပန်လိုက်သည်။ သူငယ်ချင်းညွန့်မောင်၏ ကျန်းမာရေးအခြေအနေမှာလည်း တစ်စစ ဆုတ်ယုတ်လာသည်ကို စိတ်မချမ်းသာစွာ မြင်တွေ့နေရသည်ကို ဒီတောင်က မကျော်တော့ဘူးဟု သူ ခန့်မှန်းမိသည်။ သားနဲ့သမီး ပညာတတ်များ ဖြစ်စေရေးအတွက် ဘဝကြမ်းကြမ်းမှာ ပင်ပင်ပန်းပန်း ရုန်းကန်ခဲ့ရရှာသော သူငယ်ချင်း နေ့မအားညမနားလုပ်ခဲ့ရသော အလုပ်ဒဏ်များ စုခံရသော သူငယ်ချင်း။ သူ လှုပ်ရှား ရုန်းကန်ရမှုများကို မြင်ယောင်ရင်း ရင်ထဲဆို့နင့် ကြေကွဲလာမိသည်။ ဒီအခြေအနေမျိုးမှာ သားသမီးများ၏ အယုအယအကြင်နာနဲ့ အပြုစုကို ခံချင်ရှာလိမ့်မည်။ သားနှင့်

သမီးကို စာအတန်တန်၊ ကြေးနန်း အတန်တန် ရိုက်သော်လည်း မလာသည်ကို အပြစ်မမြင်ရှာ။ အကောင်းဘက်မှသာ အစဉ်တွေးပြီး သေရမည့်ရက်ကို ဝေဒနာသည်းထန်စွာ ခံစားပြီး အထီးကျန် ဖြစ်နေရှာသော သူငယ်ချင်းအတွက် ရင်ထုမနာဖြစ်မိသည်။ ညနေ အလုပ်မှအပြန် တတ်သမျှ မှတ်သမျှ ပရိတ်တရား တော်များ ရွတ်ဖတ်ပေးဦးမည်။ အခန်းနှင့် လူနာကိုလည်း သန့်သန့်ရှင်းရှင်းဖြစ်ရန် ဆောင်ရွက်ပေးမည်ဟု ဆုံးဖြတ်ပြီး အလုပ်ခွင်သို့ လေးလံသော ခြေလှမ်းများဖြင့် တဖြည်းဖြည်း ထွက်ခွာသွားတော့သည်။

* * *

သူ အားယူပြီး အသက်ရှူလိုက်သည်။ တစ်ဖန်အားယူ၍ပင် ရှူနေသော လေကိုပင် ပြန်ထုတ်လိုက်သည်။ အသက်ရှူထုတ်မှု၏ ခက်ခဲပင်ပန်းခြင်းကြောင့် အရိုးပေါ် အရေတင်နေသော ခန္ဓာကိုယ်မှ ချွေးသီးများ ယိုစီးကျလာသည်။ တစ်ခါ တစ်ခါ ဘာမျှမသိသလို ဖြစ်သွားတတ်၏။ ကျောဘက်မှလည်း စူးခနဲ စူးခနဲ ထိုးအောင့်တတ်သေး၏။ မသက်မသာ ရှူသောလေတွင် လွင့်ပါလာသော သူ့အညစ်အကြေး အနံ့အသက်များကို မသိတစ်ခါ သိတစ်ခါ ခံစားနေရ၏။ သူ့လုံချည်တစ်ထည်လုံး စိုရွှဲနေသည်ဟုလည်း သူ သိရှိခံစားနေရသည်။ ယင်ကောင်များ နှာခေါင်းပေါ် လျှောက်သွားလိုက်၊ တရွရွဖြင့် ခံရခက်နေ၏။ နားပေါ် ပျံဝဲ၍လည်းကောင်း၊ မျက်ခုံးပေါ် တရွရွလျှောက်နေ၍လည်းကောင်း အခံရခက်နေ၏။ ယင်တစ်ကောင်ကိုပင် မောင်းနှင်နိုင်စွမ်းမရှိသော မိမိလက်များကို သူ မချင့်မရဲ ဖြစ်နေမိ၏။ အကြားအာရုံတွင် လူသံကြားသလို၊ ကလေးငယ်များအသံ ကြားသလိုလို ဖြစ်နေသည်။ ဘာမျှပီပီပြင်ပြင် မရှိ။ သူ့အား နေ့စဉ်လာရောက် ကူညီစောင့်ရှောက်နေသော သူငယ်ချင်းဖြစ်သူ ချစ်တင်ကို သူ အားနာမိသည်။ ယနေ့တော့ သူ အားမနာချင်။ ချစ်တင်ကို လာစေချင်မိသည်။ ထူးထူးခြားခြား မျှော်နေမိသည်။ "ဟုတ်ကဲ့ပါ" ဟူသော စကားသံ နားထဲသို့ ဝင်လာသည်။ ချစ်တင်အသံဟု ထင်မှတ်သည်။ ဒီကောင် ဘယ်သူနှင့် စကားပြောနေပါလိမ့်…။ သူ့အနားကို လာစေချင်ပြီ။ အသံကုန်ဟစ်ခေါ်လိုက်ချင်သည်။ သူ ခေါ်ကြည့်သည်။ အသံထွက်မလာ။ ကြိုးစားပြီး အသံကုန်ခေါ်ကြည့်သည်။ သူ့အသံ လုံးဝ ထွက်မလာသည်ကို သူ တအံ့တသြ သတိပြုလိုက်မိသည်။ ထပ်၍ ထပ်၍ ကြိုးစားကြည့်မိ၏။ ပို၍ မောလာသဖြင့် လက်လျှော့လိုက်ရသည်။ အကြားအာရုံကို စူးစူးစိုက်စိုက် ထားလိုက်မိသည်။ အမျိုး

"ပြောသင့်ပြောထိုက်တာထက်တောင် ပိုပြောလိုက်တယ်ရှင်၊ သားသမီးယုံစုံလုံးကန်းဆိုတဲ့ဟာမျိုးတွေ ထင်ပါရဲ့၊ ကြောက်စရာကောင်းလိုက်တာ၊ တရားပါရမီရှင့်" ဟူသော စကားလုံးများကို သူ ပီပီသသ ကြားလိုက်ရ၏။ ဒေါ်တင်ဝင်းဆိုတာ စကားကို လိပ်ပတ်လည်အောင် ပြောတတ်သူ မဟုတ်ကြောင်း သူကောင်းကောင်း သိသည်။ သူ့အခြေအနေကို လူလေးကို သိအောင်, ရှင်းအောင် မပြောလို့ ဖြစ်မှာ၊ ကလေးတွေက အဖေကို ဘယ်ဥပေက္ခာပြုပါ့မလဲ။ အလိမ္မာလေးတွေပဲ။ သူ ဆက်နားထောင်လိုက်သည်။ တစ်ချက်တစ်ချက် ကျောမှ စူးစူးဝါးဝါး အောင့်လာသည့် ဝေဒနာကြောင့် နားထောင်မှုစွမ်းအား လျော့နည်းသွားသည်။ သူ ကြိုးစားပြီး နားထောင်သည်။ ချစ်တင်ကိုလည်း သူ့အနား လာစေချင်ပြီ။ ရေတစ်ဝသောက်ချင်မိသည်။ ပို၍ ပို၍ မောလာသည်။ ဒေါ်တင်ဝင်း ဘာပြောနေပါလိမ့်…။ မကြားတကြား ဖြစ်လာသည်။

"ကျွန်မတို့ ဝတ္တရားကုန်ပြီနော်။ ဒီရက်ထဲ သေရင်တော့ နာရေးကူညီမှုအသင်း အကူအညီတောင်းပြီး ချက်ချင်းသင်္ဂြိုဟ်လိုက်မှာနော်၊ ရှင့်ကို ကြိုအသိပေးထားတာ"

ချစ်တင်…၊ ဒီကောင့်အသံ မကြားရပါလား။ ခေါင်းခါလိုက်သလား…၊ ခေါင်းညိတ်လိုက်သလား… မသိဘူး။ ဒေါ်တင်ဝင်း အစီအစဉ်ကို ဒီကောင် ခေါင်းခါလိုက်ရင် ဒုက္ခ၊ လူလေးနဲ့ လုံမလေးတို့ စရိတ်စက မကုန်ဘဲ ငါ့ကို သင်္ဂြိုဟ်လိုက်ရတာ သူ လက်ခံသင့်တာပေါ့။ ဘုရား… ဘုရား… ချစ်တင် ခေါင်းမခါပါစေနဲ့၊ မေတ္တာရေအလျှဉ် အရှိန်ပြင်းစွာ စီးဆင်းရင်း သူ တဖြည်းဖြည်း မောကျပ်လာပြီ။ ကျောကုန်းမှာလည်း စူးစူးနင့်နင့် အောင့်လာသည်။ ရေတစ်ပေါက်လောက် အငမ်းမရ သောက်ချင်လာသည်။ မောသည်ထက် မောလာပြီ။ ခက်ခက်ခဲခဲ နှားသီးဖျားမှ ရှူထွက်နေသောလေကို မသက်မသာ ရှူမှတ်ရင်း သူ ဘာမှမသိတော့။ ဩော်… တစ်ဘဝတာ၏ ခရီးအဆုံးမှတ်တိုင် ရောက်သွားချေပြီကော။

**ငယ်လေးမောင်(သပြေရုံ)**

❐

# ကျွန်တော်ချစ်တာ အဲဒါမဟုတ်ဘူး

ညီမေတ္တာ(အမရပူရ)

ကျွန်တော့်စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့
မမစန်းရဲ့မျက်နှာ အမူအရာက
ပထမ အံ့သြသွားတယ်။
ရှက်ရွံ့သွားတယ်။
နောက် ရှက်ပြုံးပြုံးတယ်။

# ကျွန်တော်ချစ်တာ အဲဒါ မဟုတ်ဘူး

ညီမေတ္တာ(အမရပူရ)

ကျွန်တော် လူပျိုပေါက်အရွယ်က အချစ်ကို အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုသည့်နေရာတွင် ဆရာကြီးတစ်ယောက်အဖြစ် သူငယ်ချင်း, အပေါင်းအသင်းများက သတ်မှတ်တင်မြှောက်ထားကြတယ်။

ကျွန်တော်လည်း သူ့တို့ အထင်ကြီးစေရန် အချစ်၏အဓိပ္ပာယ်ကို ယခုလို ဖွင့်ဆိုခဲ့ပါတယ်။။

"ကိုယ်ချစ်ဆိုတာရှိတယ်၊ ကိုယ်က ချစ်မိမှတော့ မရရအောင် ယူမှာပဲဆိုတဲ့ သူတွေကို ဒဿဂီရိထုံး နှလုံးမူတဲ့အတွက် ရယူခြင်းဆိုတဲ့ အချစ်ပါပဲ"

တစ်ခါ ယူနိုင်ပါလျက်နဲ့ မယူဘဲ စွန့်လွှတ်အနစ်နာခံတဲ့ ရာမရဲ့ညီတော် လက္ခဏာကို နှလုံးမူပြီး စွန့်လွှတ်အနစ်နာခံတာဟာ စွန့်လွှတ်ခြင်းအချစ်ပါပဲ။ တကယ်တော့ အချစ်ဆိုတာကို မချစ်ဖူးပါဘဲနဲ့ အဓိပ္ပာယ်ဖွင့်ဆိုနေသူများဟာ ကိုယ်မရောက်တဲ့နေရာဒေသကို မှန်းဆတွေးကြည့်နေရတာနဲ့ တူပါတယ်။ အချစ်ဆိုတာ အင်မတန်နက်နဲပါတယ်။

၁၅၀၀ ဆိုတဲ့ အချစ်ဟာ အနှောင်အဖွဲ့တွေနဲ့ စွဲလမ်းစေတဲ့ အရာမျိုးလည်း မဟုတ်ပါ။ ဒီလိုဆိုရင် အချစ်ဆိုတာ ဘယ်လိုအရာမျိုးလဲ။ တချို့က အချစ်ကို နောက်ထပ် နာမ်စားတစ်ခုတွဲပြီး ခေါ်ကြ၊ ပြောကြပြန်တယ်။

ဥပမာ "သူတို့နှစ်ယောက် ချစ်ကြိုက်နေကြပြီ" ချစ်နဲ့ကြိုက်ကို တွဲသုံးလိုက်တဲ့အတွက် အချစ်က အဓိပ္ပာယ်တစ်မျိုး ထပ်ထွက်လာခဲ့ပြန်တယ်။ ချစ်တယ်

ဆိုတာ အချစ်ခံရတဲ့သူအတွက် ဖြစ်တယ်။ ဒါ့ကြောင့် ချစ်တယ်ဆိုတာ သူ့အတွက်၊ ကြိုက်တယ်ဆိုတာ ကြိုက်တဲ့သူအတွက်ပဲ ဖြစ်တယ်။

ဒါကြောင့် ကြိုက်တယ်ဆိုတာ ကိုယ့်အတွက်…။

သူ့အတွက် ချစ်တယ်ဆိုတာကို ဥပမာပေးရမယ်ဆိုရင် မှန်ဗီရိုရှိုးကစ်တွေထဲ ထားမယ့် ချစ်စရာအရုပ်ကလေးလို တန်ဖိုးထားပြီး အလှကြည့်နေချင်တာနဲ့ တူပါတယ်။ ကြိုက်တယ်ဆိုတာကို ဥပမာပေးရမယ်ဆိုရင် ကိုယ်ကြိုက်တဲ့ ပုဆိုးအင်္ကျီလေးကို တွေ့ပြီဆိုပါတော့။ ဝတ်ချင်တယ်၊ အသုံးပြုချင်တယ်။ ဒါ့ကြောင့် ကြိုက်တယ်ဆိုတာ ကိုယ့်အတွက်ပါပဲ။ အချစ်ဆိုတာ တကယ်တော့ ကြက်သွန်နီဥနဲ့လည်း တူတည်။ လွှာတိုင်းလွှာတိုင်း မျက်ရည်ကျရတယ်။ နောက်ဆုံးတော့လည်း ဘာမှ မရှိပါဘူး။

ဘယ်လိုအချစ်မျိုးကိုပဲ အဓိပ္ပာယ်ဖွင့်ဖွင့် ကျွန်တော် အချစ်ဆိုတဲ့အရာကို အကောင်အထည် ဖော်နိုင်ခဲ့တာကတော့ ကျွန်တော် အသက် ၄၀ နီးပါး ရောက်မှသာ အချစ်ရဲ့အဓိပ္ပာယ်ကို လက်တွေ့အကောင်အထည် ဖော်နိုင်ခဲ့ပါတယ်။

ဒီအကြောင်းကို ပြောရမယ်ဆိုရင် ကျွန်တော်လူပျိုပေါက်အရွယ်က တိတ်တခိုး ချစ်ခဲ့ဖူးတဲ့ မမစန်းအကြောင်းကိုပဲ ပြောရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အိမ်အရှေ့ဘက်တိုက်က ညီအစ်မသုံးယောက်ရှိတဲ့ထဲက မမစန်းက အကြီးဆုံး ကျွန်တော်ထက် ၈ နှစ်ခန့် ကြီးတယ်။

မမလေးနဲ့ သူငယ်ချင်း သူတို့က စီးပွားရေး အဆင်ပြေကြတယ်၊ ချမ်းသာတယ်။

ကျွန်တော်တို့မိသားစုက သာမန်အလုပ်သမား၊ ကျွန်တော့်စိတ်ထဲမှာ မမစန်းလောက် လှတဲ့သူ ကမ္ဘာမှာ မရှိနိုင်ဘူးလို့ ကျွန်တော် ထင်မိတယ်။ မမစန်းမျက်နှာကို ခိုးခိုးကြည့်တယ်။ အလှူမင်္ဂလာဆောင်ရှိတဲ့အခါ အဝတ်အစားအသစ်တွေနဲ့ ပြင်ဆင်လိမ်းခြယ်ထားရင် ရုပ်ရှင်ဗွီဒီယို မင်းသမီးတွေတောင် မမစန်းအလှကို မီနိုင်မယ် မထင်ပါဘူး။ အိမ်ကို ဝင်ထွက်သွားလာရင်းနဲ့ ကျွန်တော့်ကို မောင်လေးတစ်ယောက်လို ဖင်ပုတ်၊ခေါင်းပုတ် ရိုးသားစွာနဲ့ အရောတဝင် ခင်မင်နေပါတယ်။

ကျွန်တော့်မှာသာ မရိုးမသား ဖြစ်နေရတာပါ။ မမလေး သူငယ်ချင်းလည်း ဖြစ်၊ ကိုယ့်ထက်လည်း အသက်ကြီး၊ ချမ်းလည်းချမ်းသာ တစ်ဖက်သတ်အချစ်ဟာ ဆိုးလိုက်တာလို့ စိတ်ထဲမှာ ကြိတ်လို့သာ ခံစားနေတယ် မမစန်းရယ်…။

မကြာပါ၊ ကျွန်တော့်စိတ်ကူးတွေ မုန်းတိုင်းအတိုက်ခံလိုက်ရတယ်။ မမစန်း

တစ်ယောက် မိုးကုတ်မြို့က ကျောက်ကုန်သည်တစ်ယောက်နဲ့ အိမ်ထောင်ကျသွားတယ်။ ကျွန်တော့်မှာတော့ လူမသိ၊ သူမသိ အသည်းကွဲခံစားနေရတယ်။

မမစန်းကို လက်လွှတ်ဆုံးရှုံးလိုက်ရတဲ့ အဓိကအကြောင်းအရာက မမစန်းကို ဖွင့်မပြောရဲခြင်းပါပဲ။ ဘာ့ကြောင့်ဖွင့်မပြောရဲတာလဲဆိုတော့ ကိုယ့်ကိုယ်ကိုယ် ဆန်းစစ်ကြည့်လိုက်တော့-

မပြည့်စုံမှုကြောင့် ကိုယ့်ဘဝကိုယ် သိမ်ငယ်နေမိတယ်။ ဖွင့်ပြောလိုက်ရင်လည်း မမစန်းလို အတွေးအခေါ် ရင့်ကျက်တဲ့သူက ကျွန်တော့်အချစ်ကို လက်ခံမှာတဲ့လား။ ဒါကြောင့် ဆုံးဖြတ်ချက်ချလိုက်တယ်။ ကြီးပွားချမ်းသာအောင် ငါ ကြိုးစားရမယ်။ ရန်ကုန်ကို ဆင်းလာခဲ့တယ်။ အုတ်သဲကျောက်ဒိုင်မှာ အလုပ်ဝင်လုပ်တယ်။ လုပ်ရင်းလုပ်ရင်းနဲ့ အပေါင်းအသင်း၊မိတ်ဆွေတွေ များလာတယ်။ အရောင်းအဝယ်အကြောင်းကို နားလည်လာတယ်။

ကျွန်တော်ရဲ့ ရိုးသားကြိုးစား၊ သစ္စာရှိမှုတို့ကြောင့် ကုန်သည်တစ်ဦး ဖြစ်လာတယ်။ အရင်းအနှီး ထုတ်ပေးတဲ့ မိတ်ဆွေကြောင့် နှစ် ၂၀ ကျော်မှာပဲ စီးပွားရေး ပြေလည်သူတစ်ယောက် ဖြစ်လာတယ်။ စီးပွားရေး အဆင်ပြေလာတော့ ပထမဆုံး မမစန်းကို သတိရမိတယ်။ မမစန်းတို့ အိမ်ထောင်ရေး အဆင်မှပြေကြရဲ့လား…၊ မမလေးကို မေးကြည့်မိတယ်။

“အဆင်ပြေကြပါတယ်၊ သူ့အမျိုးသားက စိတ်ရင်းသဘောထားလည်း ကောင်းတယ်၊ သူ့ကိုလည်း ကြင်ကြင်နာနာနဲ့ ချစ်ပါတယ်တဲ့”

ဒီလို သတင်းကြားရတော့ မမစန်းအတွက် ဝမ်းသာစရာ သို့မဟုတ် မမစန်းကို တွေ့ချင်တဲ့ စိတ်ကတားမရတော့ပါ။ ကိုယ့်အချစ်ကိုယ် ဘယ်လိုအဓိပ္ပာယ်ဖွင့်ရမှန်း ကျွန်တော် မသိတော့…။ ဒါနဲ့ အကြောင်းမရှိ အကြောင်းရှာပြီး မမစန်းရှိရာ မိုးကုတ်မြို့ကို ရောက်သွားတယ်။ အလုပ်ကိစ္စနဲ့ လမ်းကြုံလို့ ဝင်လာတဲ့သဘောနဲ့ မမစန်းကို ဝင်တွေ့တယ်။ မမစန်းက သူ့အမျိုးသားနဲ့ မိတ်ဆက်ပေးတယ်။

“ဒါ အစန်းတို့ အိမ်နားက မောင်စိုးတဲ့၊ အစန်း ပြောပြောနေတဲ့ သူငယ်ချင်း မခင်ရဲ့မောင်လေးပေါ့၊ အစန်းတို့နဲ့က မိသားစုမောင်နှမတွေလို ငယ်ငယ်လေးကတည်းက ခင်ကြတာ”

“ဪ… ဟုတ်လား၊ အစန်းမောင်လေးဆိုတော့ အစ်ကိုညီလေးပဲပေါ့၊ ထမင်းစားပြီးမှ ပြန်နော် ညီလေး…”

မမစန်း အမျိုးသားက မိုးကုတ်မြို့ရှိ နာမည်ကြီးနေရာများကို လိုက်ပို့တယ်။ ကလေးနှစ်ယောက် ရနေသည့်တိုင် မမစန်းအပေါ် တန်ဖိုးထားပြီး သဘောထားကောင်းတဲ့ အမျိုးသားနဲ့ မမစန်းတို့ မိသားစုကို တွေ့လိုက်ရတော့ ကျေနပ်နေမိတာ အမှန်။ မမစန်းနဲ့ရတဲ့ အစ်ကိုကြီးကိုလည်း ကျေးဇူးတင်မိသလို အားလည်းကျနေမိတယ်။

ဒီနောက်ပိုင်း မမစန်းတို့ မိသားစုအကြောင်းကို မမလေးမှတစ်ဆင့် မကြာခဏ သတင်းမေးမိတယ်။ မမစန်းအကြောင်း မတွေးမိ၊မမေးမိခင် ကြိုးစားနေလိုက်တာ တစ်နှစ်အကြာမှာ စိတ်မကောင်းစရာ မမျှော်လင့်တဲ့ သတင်းတစ်ခု ကြားလိုက်ရတယ်။

မမစန်းအမျိုးသား HIV ရောဂါ AIDS ရောဂါနဲ့ ဆုံးသွားတယ်တဲ့။ မထင်မှတ်စရာ အဖြစ်အပျက်က အံ့စရာ။ မမစန်းတစ်ယောက်တော့ အားငယ်ဝမ်းနည်းနေမှာ အမှန်ပင်။ ကျွန်တော် မမစန်းအိမ်ကို အပြေးအလွှား ရောက်ခဲ့ပြန်ပါတယ်။

ကျွန်တော် ရောက်တာက တစ်နှစ်လောက်ကြာနေပြီမို့ မမစန်းမျက်နှာက တည်ငြိမ်နေပါတယ်။ လောကဓံကို အန်တုရင်ဆိုင်နေကြောင်း တွေ့ရတယ်။ ယောက္ခမအိမ်မှာနေရင်း အိမ်ဆိုင်လေး ဖွင့်ထားတယ်။ ယခင်လို စီးပွားရေးအခြေအနေက သိပ်ကောင်းပုံမရ။

ကံကောင်းတာက မမစန်းမှာ သူ့အမျိုးသားကနေ ရောဂါအကူးစက် မခံလိုက်ရခြင်းပါပဲ။ တစ်နေ့ မမလေးထံ မမစန်းရောက်လာပြီး အကူအညီတောင်းတယ်။ သူ့ဈေးဆိုင်အရင်းနည်းနေလို့ ငွေချေးပါတယ်။ မမလေးပြောလို့ သိရတော့ ကျွန်တော် စိတ်မကောင်း ဖြစ်မိတယ်။ ငွေထုတ်ပေးချင်ပေမယ့် မမစန်းက အလကားယူမှာ မဟုတ်တာ သိနေတယ်။ တခြားသူတွေဆီကယူရင် အတိုးက များမယ်။ မမစန်း ပိုလို့ပင်ပန်းဒုက္ခရောက်မှာ စိုးတယ်။ ဒါကြောင့် ကျွန်တော် မစန်းကို အကြွေးအေးအဖြစ်နဲ့ ချေးပေးလိုက်ပါတယ်။

"အတိုးပေးစရာ မလိုပါဘူး မမစန်းရယ်...၊ ပြေလည်မှ ပြန်ဆပ်နော်"

မမစန်း ပျော်သွားတာကို မြင်ပြီး အပျော်တွေ ကျွန်တော့်ကိုပါ ကူးလာတယ်။

ကျွန်တော် မမစန်းကို ခရိုက်ထိ ချစ်နေတယ်။ ကျွန်တော် အသက် ၄၀ နား ကပ်နေပါပြီ။ မမစန်းကို ဖွင့်ပြောမယ်လို့ ဆုံးဖြတ်လိုက်ပါတယ်။ ဆုံးဖြတ်ပြီးမှ အခွင့်အရေးယူတယ်များ ဖြစ်နေမလားတွေးပြီး ချီတုံချတုံနဲ့ တစ်နှစ်ကြာသွားတယ်။ တစ်နေ့ မမစန်းအကြောင်း မေးမိတယ်။

"မမလေး၊ မမစန်းနဲ့ အဆက်အသွယ် ရသေးလား"

"အေး-ရတယ်၊ မင်း မမစန်းလည်း ကံမကောင်းရှာပါဘူးကွယ်"

မမလေး စကားကြောင့် ကျွန်တော့်ရင်ထဲ တိတ်ခနဲ ဖြစ်သွားတယ်။

"ဘာဖြစ်လို့လဲ မမလေး"

"သားအိမ်ရောဂါဖြစ်လို့ အသက်အန္တရာယ် မဖြစ်အောင် သားအိမ်ထုတ်ပစ်လိုက်ရတယ်တဲ့"

မမလေးက စိတ်မကောင်းတဲ့အသံနဲ့ ဆက်ပြောလာတယ်။

"စီးပွားရေး အဆင်မပြေရတဲ့အထဲ ဆေးကုသစရိတ်ကလည်း တော်တော်ကုန်သွားတယ်"

ကျွန်တော် မမလေးဆီက ကြားလိုက်ရတာနဲ့ အချိန်မဆွဲတော့ဘဲ မမစန်းရှိရာ မိုးကုတ်မြို့ကို အမြန်လိုက်သွားပါတော့တယ်။

ကားကို အိမ်ရှေ့မှာ ရပ်လိုက်တယ်။ အိမ်ရှေ့မျက်နှာစာခုံပေါ်မှာ ထိုင်နေတဲ့ မမစန်းကို အဆင်သင့်တွေ့လိုက်ရတယ်။ မမစန်းရှေ့မှာ ရပ်ပြီး

"မမစန်းကို ကျွန်တော် ပြောစရာရှိလို့ ခဏလိုက်ခဲ့ပါနော်"

မမစန်းက ကျွန်တော့်ကို ဘာပါလိမ့်ဟူသော အကြည့်၊ ဘယ်ကိုသွားမှာလဲ၊ နားမလည်သောအမူအရာတွေနဲ့ ကျွန်တော့်မျက်နှာကို ကြည့်ပြီး အားနာနာနဲ့ ကျွန်တော် ဖွင့်ပေးထားတဲ့ ကားပေါ်ကို တက်ထိုင်လိုက်ပါတယ်။

ကျွန်တော့်ရင်တွေ တုန်ခါယမ်းနေပါတယ်။ ကားကို ထိန်းမောင်းရင်း အရိပ်ကောင်းတဲ့ သစ်ပင်တစ်ပင်ကို တွေ့လိုက်တာနဲ့ ကားကို ထိုးရပ်လိုက်တယ်။

ကျွန်တော် စိတ်ငြိမ်အမောပြေဖို့အတွက် မျက်စိကို ခဏမှိတ်ထားလိုက်တယ်။ စိတ်ထဲမှာ သတ္တိ မွေးနေမိတယ်။

မမစန်း ကျွန်တော့်ကို ကြည့်နေမယ်လို့ ထင်ပါတယ်။ မမစန်းမျက်နှာကို ကြည့်ပြီး နှစ်ပေါင်းနှစ်ဆယ်ကျော်က ပြောမယ့်စကားကို ဒီနေ့တော့ တည်တည်ငြိမ်ငြိမ်ပဲ ကျွန်တော် ပြောလိုက်ပါတော့တယ်။

"ကျွန်တော် မမစန်းကို ချစ်တယ်ဗျာ"

မမစန်း တွေဝေနေစဉ်မှာပဲ ကျွန်တော် ဆက်ပြောလိုက်ပါတယ်။

"ကျန်တဲ့ မမစန်းဘဝကို ကျွန်တော် စောင့်ရှောက်ပါရစေ"

ကျွန်တော့်စကားကို မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ မမစန်းရဲ့မျက်နှာအမူအရာက ပထမအံ့သြသွားတယ်။ ရှက်ရွံ့သွားတယ်။ နောက်ရှက်ပြုံးပြုံးတယ်။ မဲ့ပြုံးပြုံးပြန်တယ်။ နောက်ဆုံး ခနဲ့ပြုံးပြုံးရင်း အခုလို ပြောလိုက်ပါတယ်။

"ဟင်း… ဟင်း… လူပျိုကြီးတွေ၊ မုဆိုးမ တစ်ခုလပ် တစ်လင်ကွာပဲ ရတယ်ကြတယ်ဆိုတာ ဒါမျိုးပေါ့၊ ဘာမှ မသိဘူး။ ကိုယ်လိုချင်တာ၊ ကိုယ်ဖြစ်ချင်တာပဲ သိတယ်။ မင်းကွယ် မစဉ်းမစားနဲ့ မဖြစ်နိုင်တာ မပြောပါနဲ့ကွာ"

မမစန်းက သူ့ရဲ့ ရောဂါအခြေအနေကို ကျွန်တော် ဘာမှမသိဘူးလို့ ထင်နေပုံရပါတယ်။

"ဟာ… မမစန်းကလည်း ကျွန်တော် အကုန်သိပါတယ်။ ကျွန်တော် မမစန်းကို ခုမှ ချစ်တာ မဟုတ်ဘူး မမရယ်…"

မမစန်းကတော့ ကျွန်တော့်ကို မင်း ဘာမှ မသိပါဘူးဟူသော အကြည့်တွေနဲ့ ကြည့်နေဆဲပါပဲ။

"မမစန်းက ခု အိမ်ထောင်ပြုလို့ မရတော့ပါဘူးကွယ်၊ မင်းကို ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ကဲ့ရဲ့ကြလိမ့်မယ်"

"ပတ်ဝန်းကျင်ကို ဂရုစိုက်စရာ မလိုပါဘူးဗျာ၊ မမမှာ ဘာရောဂါရှိရှိ ကျွန်တော် ဂရုမစိုက်ပါဘူး"

မမစန်း ဘာဖြစ်ထားတယ်ဆိုတာ ကျွန်တော် သိကြောင်း ပြောပြချင်ပါတယ်။ မမစန်းက ကျွန်တော့်မျက်နှာကို ကြည့်ရင်းမှ အားနာခြင်း၊ သနားခြင်း၊ ရှက်ရွံ့ခြင်းတို့ဖြင့် ရောပြွန်းနေရာမှ မျက်ရည်များ လိမ့်ဆင်းလာတယ်။ ငိုသံနဲ့ ရောပြီး တုံ့သောအသံနဲ့ ပြောလာတယ်။

"မမစန်း အိမ်ထောင်ပြုလို့ မရတော့တာက ဟိုဟာ…"

ကျွန်တော် မမစန်း စကားမဆုံးခင် ပခုံးကို ဆွဲဖက်ပြီး ပါးချင်းအပ်လို့ တိုးတိုးလေး ပြောလိုက်မိပါတယ်။

"ကျွန်တော် ချစ်တာ အဲဒါ မဟုတ်ဘူး"

ကျွန်တော့်ကို သူငယ်ချင်း, အပေါင်းအသင်းတွေက အချစ်ရဲ့အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ဆရာတင်ထားကြပါတယ်။ ယနေ့အချိန်ထိ အချစ်ကို ဘာမှန်းမသိသေးပါ။ အချစ်စစ်, အချစ်မှန်တို့သည် ခိုင်လုံသည့် အကြောင်းပြချက် ပေးဖို့ ခက်ခဲတတ်မည်ဟု ကျွန်တော် ထင်ပါတယ်။

**ညီမေတ္တာ (အမရပူရ)**

❑

ဝိဇမေတ္တာရှင်

ညီမေတ္တာ(အမရပူရ)

သူတို့မှာ အမေရှိသည်ဟုပင် ထင်ပုံမရ။
ခင်မိမိ ရင်တွေ တလှပ်လှပ် တုန်လာသည်။
သားနဲ့သမီးက
ငါ့ အပေါ် စိမ်းနေကြပါလား။
ဘုရား...ဘုရား...။

# ဗိဇမေတ္တာရှင်

ညီမေတ္တာ(အမရပူရ)

ကိုစိုးလှိုင် ဦးစီးသော မုဒိတာပရဟိတအဖွဲ့မှ စုပေါင်းသွေးလှူပါမည်။ လိုက်ပါလှူလိုသူများအနေဖြင့် ဆက်သွယ်ရန်…

ခင်မိမိတစ်ယောက် ကြော်ငြာပန်းဖလက် စာရွက်လေးကိုကိုင်ကာ တစ်ချက်ပြုံးလိုက်သည်။ အတွေးထဲမှာလည်း ကိုစိုးလှိုင် ရှင်ဘာသားနဲ့ ထုထားတဲ့ လူမို့ မရရမှာလဲ။ ကျွန်မ အစွမ်းကို ပြရတာပေါ့ဟု ကြိမ်းဝါးလိုက်ပါသည်။ ကိုစိုးလှိုင်ဟုဆိုလျှင် ခင်မိမိတို့ အမရပူရမြို့မှ လူတိုင်းမဆိုထားနှင့် လမ်းဘေးမှ ခွေးလေခွေးလွင့်ကအစ သိကြသည်။

လူမှုရေးပရဟိတများကို ကိုယ့်ကျိုးစွန့်ကူညီတတ်သူဖြစ်သလို လမ်းဘေးမှ ခွေးများကိုလည်း မကြာခဏ ထမင်းလိုက်ကျွေးသောကြောင့် ဖြစ်သည်။

ဘာသာရေးကို အထူးလိုက်စားသည့် အသက်ငါးဆယ်နီးပါးရှိသော်လည်း တစ်ကိုယ်တည်း လူပျိုကြီး ဖြစ်သည်။ မိဘလက်ထက်အစဉ်အဆက် ချမ်းသာသည့် စက်ရက်ကန်းရုံများ ပိုင်ဆိုင်ထားသည်။ အလုပ်သမားတစ်ရာကျော် ရှိသည်။ အမရပူရမြို့၏ လေးစားအားထားရသော စံပြသူတစ်ယောက် ဖြစ်သည်။

ခင်မိမိတစ်ယောက် လွန်ခဲ့သောရက်က မသီတာနှင့် ပြောဆိုခဲ့သော အကြောင်းအရာများကို ပြန်လည်စဉ်းစားကြားယောင် နေမိသည်။

"သီတာ၊ ငါ အခုတလော အလုပ်အဆင်မပြေဘူးဟာ၊ တိုက်ခန်းတွေကလည်း အရောင်းအဝယ် အေးနေတယ်၊ ငှားမယ့်သူကလည်း မရှိသလောက် ဖြစ်နေတယ်"

သီတာတစ်ယောက် ခင်မိမိစကားကို နားထောင်ပြီး စိတ်မကောင်းစွာဖြင့် ပြန်ပြောလိုက်တာက-

"ငါ မင်းကို ပြောသားပဲ၊ အိမ်တစ်အိမ်ရဲ့ စီးပွားရေးဆိုတာ ယောကျ်ားသားတွေကမှ ကြံရည်ဖန်ရည်ရှိကြတာ။ သူတို့က ဘာလုပ်လုပ် သင့်တယ်တယ်လေ၊ ဒါကြောင့် ကိုစိန်မောင်နဲ့ မကွာပါနဲ့လို့ ငါ အတန်တန် တားခဲ့တာပါ"

ခင်မိမိဘဝကို အကြောင်းစုံသိနေသော ငယ်ပေါင်းဖြစ်သူ သီတာစိတ်မရှည်စွာ အပြစ်တင်လိုက်သည်။

"တော်ပါ သီတာရယ်...၊ ဒီလူ့အကြောင်း မပြောပါနဲ့။ ငါ့ကို တကယ်မချစ်လို့၊ သံယောဇဉ်မရှိလို့ စွန့်ခွာသွားပြီပဲ"

"အဲဒါလည်း ငါမင်းကို ပြောခဲ့တယ်လေ၊ ကလေးယူပါ ကလေးယူပါလို့ ငါ အခါခါ ပြောသားပဲ။ ယောကျ်ားဆိုတာ မိသားစုရယ်လို့ဖြစ်လာမှ သားသမီးဆိုတဲ့ သံယောဇဉ်ကြိုးနဲ့ ချည်ထားမှ အိမ်ထောင်ရေး ခိုင်မြဲတာ"

"ပြီးပြီးသားတွေ မပြောပါနဲ့တော့ဟာ၊ ငါအရွယ်ရှိတုန်း နောက်အိမ်ထောင်ပြုမယ် စိတ်ကူးထားတယ်"

"ဟုတ်လား၊ တွေ့ထားပြီဆိုပါတော့ ဘယ်သူလဲ"

"အခုမှ စီမံကိန်းစရမှာကွ၊ ဒီတစ်ခါ ကွဲတာကွာတာမျိုး မဖြစ်ရအောင် သေချာလုပ်ထားရမယ်။ ကိုစိုးလှိုင်ကို ငါ့ဘဝထဲမှာ ဆွဲခေါ်ထားဖို့ ဆုံးဖြတ်လိုက်ပြီ"

"ကိုစိုးလှိုင်...၊ နင် ရပါ့မလား၊ ဟိုက ဘာသာရေးသမား၊ မေတ္တာသမား"

"ဘာလို့ မရရမှာလဲကွာ၊ အဲဒီမေတ္တာတွေကို ငါ့ကိုရစ်ပတ်လာအောင် လုပ်ပြမယ်၊ ကြည့်နေပေါ့ဟာ"

ခင်မိမိတစ်ယောက် သူ၏အတ္တလောဘတို့ကို ရှေ့တန်းတင်၍ လုပ်ငန်းစပါတော့သည်။ ကိုစိုးလှိုင်၏ ပရိဟိတလုပ်ငန်းများကို စိတ်ပါဝင်စားဟန်ပြကာ သွားရောက်လှူဒါန်းသော အနာကြီးရောဂါသည်ဂေဟာများ၊ မိဘမဲ့ဂေဟာများ စသည်ဖြင့် သွားလေရာလိုက်ပါတော့သည်။ ယခုလည်း သွေးလှူဒါန်းပွဲကို လိုက်ပါဖို့ ဆုံးဖြတ်ထားသည်။

တစ်နေ့ ပြင်ဦးလွင်ရှိ မျက်မမြင်ကျောင်းကိုသွားကာ စုပေါင်း၍ နေ့လယ်စာ ကျွေးမွေးကြပါသည်။ အဆိုပါကျောင်းမှ မျက်မမြင်များကို သင်ကြားပြသသော

သင်တန်းဆရာမတစ်ယောက်က မျက်မမြင်အမျိုးသားကို လက်ထပ်ပေါင်းသင်နေသည်ကို တွေ့ရလေ၏။

မျက်မမြင်ကို ယူသည့်အတွက် ဆရာမလေး၏ မိဘများက စိတ်ဆိုးအပြစ်တင်ကာ အဆက်ဖြတ်လိုက်ကြလေ၏။ သို့သော် သမီးကိုယ်ဝန်လွယ်ထားရပြီဟု သိသောအခါ မိဘတို့မှာ မနေနိုင်တော့ဘဲ နားလည်ခွင့်လွှတ်ကာ ယခုအခါ ပြန်လည်ဆက်သွယ်၍ စောင့်ရှောက်နေကြပြီ ဖြစ်သည်။ ထိုအကြောင်းကို သိရသော ကိုစိုးလှိုင်က ဆရာမလေး၏ အမျိုးသားကို ယခုလို မေးကြည့်သည်။

"ကိုထွေးမောင်ကို ကျွန်တော် တစ်ခုလောက် မေးပါရစေ"

မျက်မမြင်သော်လည်း ပြုံးရွှင်စွာ ပြောတတ်နေသော ကိုထွေးမောင်က-

"မေးပါဗျာ မေးပါ၊ ကျွန်တော်တို့ကျောင်းကို လာလှူတဲ့ အလှူရှင်တွေကို လေးစားလွန်းလို့၊ ကျေးဇူးတင်လွန်းလို့ ဘာမေးမေးဖြေပေးမှာပါဗျာ"

"တခြားတော့ မဟုတ်ပါဘူးဗျာ၊ ဆရာမလေးက ကိုထွေးမောင်ကို ချစ်တယ်ဆိုတာ သူက မြင်ရတယ်လေ။ ကိုထွေးမောင်ရဲ့ အသားအရေ၊ ကိုယ်လုံးကိုယ်ပေါက်၊ မျက်နှာ စသည်ဖြင့်ပေါ့ဗျာ။ အဲ... ကိုထွေးမောင်ကကျတော့ ဆရာမကို မမြင်ရဘဲနဲ့ ဘာကို ဘယ်လိုချစ်သွားတာလဲ၊ အဲဒါသိချင်တာပါ"

ကိုစိုးလှိုင်အမေးကြောင့် လိုက်ပါလာသူများအားလုံး ကိုထွေးမောင်၏ အဖြေစကားကို စိတ်ဝင်စားစွာ စောင့်ကြည့်နေပါသည်။

"ကျွန်တော့်အဖြေက ဆရာတို့ ကြားဖူး၊ သိဖူးပြီးသားပါဗျာ၊ အချစ်မှာ မျက်စိ မပါဘူးလေ"

ကိုထွေးမောင်၏ အဖြေကြောင့် အားလုံးပွဲကျသွားပါသည်။

ဆရာမလေးကို မေးကြည့်သောအခါ ဆရာမလေး၏ အဖြေက ရင်ထဲက နှလုံးသားထဲထိ ရောက်စေပါသည်။

"ကျွန်မ သူ့ကိုယူရင် အရာရာ ပြုစုစောင့်ရှောက်ရမယ်ဆိုတာ သိပါတယ်။ အဲဒီလို ပြုစုစောင့်ရှောက်ချင်လို့ ယူတာပါ။ အဲဒါ ကျွန်မတို့ မိန်းမသားတွေမှာ အများဆုံးရှိတဲ့ မိခင်စိတ်ကြောင့်ပါပဲရှင်"

ရန်ကုန်-ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင်လည်း မျက်မမြင် အမျိုးသားကိုယူသော အမျိုးသမီးကို တွေ့ဖူးသည်။ အမျိုးသားက မျက်မမြင် အမျိုးသမီးကိုမူ ယူတာ မတွေ့ဖူးသေးပါ။

ထိုနေ့က ပရဟိတအဖွဲ့သားများ ပြင်ဦးလွင်ရှိဘုရားနှင့် ပန်းခြံများကို သွားကြ၏။ ခင်မိမိကတော့ ကိုစိုးလှိုင်နှင့် တပူးတွဲတွဲ ရှိနေပါသည်။ တရုတ်သိုင်းဝတ္ထုထဲက စာသားအတိုင်း ပြောရမယ်ဆိုလျှင် ခင်မိမိတစ်ယောက် မည်သို့လုပ်လိုက်သည်မသိ၊ ကိုစိုးလှိုင်နှင့် ရပ်ကွက်ရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်လိုက်ကြလေတော့သည်။

ခင်မိမိတစ်ယောက် သူ၏ စားဝတ်နေရေး၊ စီးပွားရေးအကုန်ပြေလည်သွားပါတော့သည်။ အတူနေရမှ ကိုစိုးလှိုင်၏ ပရဟိတစိတ်ထားများ၊ လူအများပေါ်ထားသော စေတနာ၊မေတ္တာတို့ကို တွေ့ရ၏။

ဘာသာရေးလုပ်ထားသူပီပီ ပစ္စည်းနှင့် လူများကို စွဲလမ်းမှုနည်းတာကို တွေ့ရပြန်ပါသည်။ ခင်မိမိစိတ်ထဲတွင် စိုးရိမ်စိတ်များ ဝင်လာ၏။ ကိုစိုးလှိုင်၏ စိတ်သည် ရဟန်းစိတ်၊ ဘုန်းကြီးစိတ် ဖြစ်နေသည်။ သူ၏ မာယာစကက်ကွင်းတွင် မရုန်းနိုင်၍သာ အိမ်ထောင်ပြုခြင်း ဖြစ်သည်။ ချစ်၍, သံယောဇဉ်ဖြစ်၍ ယူခြင်း မဟုတ်ပါ။ တစ်နေ့နေ့တွင် ရဟန်းဝတ်မည်, တောထွက်မည်ဟု မကြာခဏ ပြောလာသည်။ ခင်မိမိတစ်ယောက် ဒီတစ်ခါ ကွဲတာ၊ ကွာမျိုး အဖြစ်မခံနိုင်တာပါ။ အသက်အရွယ်အားဖြင့် နောက်ထပ်အိမ်ထောင်ပြုဖို့ မလွယ်တော့ပါ။ ပတ်ဝန်းကျင်ကလည်း ခင်မိမိကို ပုရိသသိုက်တူးသည့် မိန်းမလို့ ပြောကြသည်။ ဘယ်သူဘာပြောပြော ဂရုမစိုက်နိုင်ပါ။ မိမိဘဝ ချမ်းချမ်းသာသာနေရဖို့ အရေးကြီးသည်။

ပစ္စည်းတွေကို ပရဟိတဂေဟာတွေမှာလှူပြီး ဘုန်းကြီးဝတ်သွားမှာဖြင့် ဒုက္ခ။ မဖြစ်ဘူး မဖြစ်ဘူး၊ သီတာ ပြောသလို သံယောဇဉ်ကြိုးတွေနဲ့ တုပ်နှောင်ထားဖို့ လုပ်ရမယ်၊ တစ်နှစ်အကြာမှာပင် သားတစ်ယောက် မွေးလိုက်ပါတော့သည်။

ကိုစိုးလှိုင်တစ်ယောက် သားမွေးသော်လည်း အိမ်မကပ်နိုင်ပါ။ ပရဟိတကိစ္စများဖြင့် အပြင်ကို ထွက်နေတာများ၏။ ခင်မိမိ ကြံစည်သည်မှာ ကိုစိုးလှိုင်ကို သားနှင့် သံယောဇဉ်ဖြစ်အောင် လုပ်ရမည်။

တစ်နေ့ ခင်မိမိတစ်ယောက် အကြောင်းရှာပြီး အပြင်ထွက်ခဲ့သည်။ ကလေးကို ကိုးစိုလှိုင်နှင့် ထားခဲ့၏။ တစ်နေကုန်မှ ပြန်လာသည်။ ထိုနေ့မှစ၍ ကလေးကို နို့ဘူးနှင့် စပြီး နို့တိုက်ဖြစ်သွားသည်။

နောက်နေ့တွင်လည်း ကိုစိုးလှိုင်ကို သားနဲ့ ထားခဲ့ကာ ခင်မိမိတစ်ယောက် အိမ်ကနေ ထွက်ခဲ့ပြန်ပါသည်။ သူ မရှိသည့်အတွက် ကိုစိုးလှိုင် အိမ်အပြင် သိပ်မထွက်ဖြစ်တော့ပါ။ ကလေးကို ပြုစုရသည်များကိုပင် ပျော်လာသည်။ ဖခင်တစ်ယောက်၏ မေတ္တာကိုလည်း သိလာ၏။ ခင်မိမိလည်း ဒါကို ကြည့်ပြီး သဘောကျ

လာသည်။ ကလေးနှင့်အဖေ သံယောဇဉ်ပိုတွယ်လာသည်ကို တွေ့ရသောကြောင့် ဖြစ်၏။

သူ့ရည်ရွယ်ချက် အောင်မြင်လာ၍ ကျေနပ်နေမိ၏။ ဖအေနှင့်သား တပူးတွဲတွဲ ဖြစ်နေကြသည်။ သားက အဖေ အပျောက်ကိုပင် မခံတော့ပါ။ မလွဲမရှောင်သာ သွားလေရာကိုပင် ကလေးကို ခေါ်သွားတတ်သည်။ ပိုစိတ်ချရအောင် နောက်ထပ် နှောင်ကြိုးတစ်ချောင်း ထပ်ချည်သည်။ မိန်းမတွေသည် ယောကျ်ားများကို အနိုင်ယူဖို့အတွက် ဓားစားခံပစ္စည်းတွေကို သူ့ဗိုက်ထဲမှ ဆွဲထုတ်တတ်ကြသည် ဆိုတဲ့အတိုင်း သုံးနှစ်အကြာ သမီးတစ်ယောက်ကို ထပ်မွေးလိုက်ပြန်ပါသည်။

"အစ်ကိုစိုး၊ ကလေးအနားတွေအနားကို နေပါနော်၊ ငယ်တုန်းနေရတာ ကြီးလာလို့ ကျောင်းနေအရွယ်ရောက်ရင် ကလေးအနားနေချင်လို့ နေရမှာ မဟုတ်ဘူး"

ကိုစိုးလှိုင်တစ်ယောက် ခင်မိမိစကားကို သဘောကျမိသည်။ ခေတ်ကာလကလည်း ကျောင်းနေရွယ်တွေ ကျောင်းနဲ့ကျူရှင်၊ ကျူရှင်နဲ့ကျောင်းမှာသာ အချိန်ကုန်နေကြရတာ လက်တွေ့မြင်နေရသည်။

ခင်မိမိ ကျန်းမာရေးကို အကြောင်းပြကာ သမီးကိုလည်း နို့ဘူးတိုက်စေပါသည်။ မွေးပြီးတစ်ပတ် အကြာမှာပင် အကြောင်းရှာ အပြင်ထွက်၍ အချိန်ဖြုန်းသည်။ အချိန်ကုန်မှ အိမ်ပြန်လာ၏။ ခင်မိမိတစ်ယောက် သူ့စိတ်ကူးအတိုင်း အကောင်အထည်ဖော်လိုက်ရာ ကိုစိုးလှိုင်တစ်ယောက် သားနဲ့သမီးကိုထားပြီး အပြင်သိပ်မထွက်ဖြစ်တော့ပါ။

ညအိပ်ညနေ သွား၍ လှူရမည့် ပရဟိတကိစ္စများကိုပင် မလိုက်တော့ဘဲ ကိုယ်စားလှယ်ဖြင့်သာ သွားရောက်လှူစေပါသည်။ သားသမီးများနဲ့ သံယောဇဉ်ဖြစ်နေပြီဟု မိတ်ဆွေများက ပြောသောအခါ သူ ပြောနေကျစကားကတော့-

"ငါက မေတ္တာ၊စေတနာသာ ကြီးတာပါကွာ၊ သားရယ်…၊ သမီးရယ်…၊ မစွဲပါဘူး"

နေ့စဉ် အရက်သောက်နေပြီးပြောသော အရက်သမားတစ်ယောက်၏ စကားလို ဖြစ်နေသည်ကို ကိုးစိုးလှိုင်တစ်ယောက် မသိရှာပါ။ အရက်သမား ပြောတဲ့စကားက-

"တစ်ခါတလေ သောက်တဲ့လူက အရက်စွဲမှာ ကြောက်လို့တဲ့၊ တဟားဟားရယ်ရတယ်ကွာ၊ ငါ… နေ့တိုင်း သောက်နေတာ မစွဲပါဘူးဗျာ…"တဲ့။

ခင်မိမိကတော့ အောင်နိုင်တဲ့စစ်သူကြီးပမာ ထုံးစံအတိုင်း အပြင်ထွက်ပြီး ညပိုင်း အိမ်ပြန်လာသည်။ ဧည့်ခန်းထဲမှာ သားအဖသုံးယောက် ပြေးလွှားဆော့ကစားနေကြသည်။ ကလေးတွေ ကစားတာကြည့်ပြီး ခင်မိမိ သားနဲ့သမီးကို နှုတ်ဆက်လိုက်သည်။

"သားနဲ့သမီး အမေ ပြန်လာပြီ"

သားနဲ့သမီးက တစ်ချက်ကလေးမျှပင် ခင်မိမိကို လှည့်မကြည့်ပါ။

သူတို့မှာ အမေရှိသည်ဟုပင် ထင်ပုံမရ။ ခင်မိမိရင်တွေ တလှပ်လှပ် တုန်လာသည်။ သားနဲ့သမီးက ငါ့အပေါ် စိမ်းနေကြပါလား။ ဘုရား…ဘုရား…။ ခင်မိမိ ပါးပေါ်သို့ မျက်ရည်များ လိမ့်ဆင်းလာသည်။ ကိုစိုးလှိုင်ကို သံယောဇဉ်ဖြစ်တာ မှန်ပေမယ့် ငါ့အပေါ်မှာ သံယောဇဉ် မရှိကြတော့ပါလား။ သားသမီးတို့၏ ဥပေက္ခာပြုခြင်းကို ခံရသည့် မိခင်တစ်ယောက်၏ စိတ်ဒုက္ခက ပူလောင်လွန်းလှပါသည်။

ခင်မိမိတစ်ယောက် ထိုညက အိပ်မပျော်တော့ပါ။

မနက်လင်း၍ သားဖြစ်သူ၏ အမေးကြောင့် မခံစားနိုင်တော့ဘဲ သားကို ဖက်ကာ ငိုလိုက်မိပါတော့သည်။ သား ပြောလိုက်တာက-

"အမေ အပြင်သွားတော့လေ" တဲ့။

"အမလေး…၊ သားရယ်…၊ ဘယ်မှမသွားတော့ဘူး၊ သားတို့သမီးတို့ အနားမှာပဲ နေတော့မှာ"

ခင်မိမိတစ်ယောက် စိတ်ထဲမှာလည်း ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ချလိုက်ပါသည်။ ကိုစိုးလှိုင်၊ ငါနဲ့ သားသမီးတွေကို သံယောဇဉ်မရှိလို့ ထွက်သည်း သွားပါစေ။ ပစ္စည်းတွေလည်း မထားခဲ့ရင်လည်း နေပါစေ၊ သားနဲ့သမီးသာ ငါ့ အနားမှာနေပြီး ငါ့ကို ချစ်နေဖို့ပဲ လိုတယ်။ ရေကို မည်မျှပူလောင်အောင်လုပ်ပါစေ၊ မီးနှင့် တွေ့သောအခါ ရေ ဖြစ်ကြောင်းပြ၍ မီးကို ငြိမ်းစေပါသည်။ ခင်မိမိလည်း အတ္တလောက မည်မျှကြီးပါစေ၊ သားသမီးနှင့် ပတ်သက်လာသောအခါ မိခင်တစ်ယောက်ဖြစ်ကြောင်း ပေါ်လာပါသည်။ မိခင်မေတ္တာ မိခင်စိတ်ပေါ်လာပါတော့သည်။ မီးပျက်တဲ့ညမှာ ခင်ပွန်းဖြစ်သူကိုတောင် မခေါ်တော့ဘဲ အိပ်ပျော်နေတဲ့ သားနဲ့သမီးမျက်နှာကို လျှပ်စစ်မီးအိမ်အောက်မှာ ငေးကြည့်နေမိသည်။

သားနှင့်သမီးသာလျှင် ဘဝတစ်သက်တာအတွက် ထာဝရအလင်းရောင် ဖြစ်မယ်ထင်ပါရဲ့…။

ညီမေတ္တာ(အမရပူရ)

အလင်းတန်းကလေးများ

ကံညွန့်လှိုင် (တောင်ကြီး)

'မြင်ရတဲ့ အချိန်ကတော့
ဘာမှ သတိမထားမိပေမဲ့
မမြင်ရတဲ့ အချိန်ကျတော့
လောကကြီးနဲ့ အဆက်အသွယ်ပြတ်သွားပြီးတော့
အမှောင်ကမ္ဘာထဲ ရောက်သွားရတာကို
ခံစားရတယ်။

# အလင်းတန်းကလေးများ

ကံညွန့်လှိုင် (တောင်ကြီး)

အင်းစိန် နံ့သာကုန်းဘက်မှနေ၍ အင်းစိန်ဈေးကြီးသို့ ခြေကျင်သွားမည် ဆိုလျှင် မီးရထားလမ်းဖြတ်ကျော် ခုံးတံတားပေါ်သို့ မတက်တော့ဘဲ ခုံးတံတား မြောက်ဘက်သွားပြီး ရထားလမ်းကို ကျော်ရပါမည်။ နောက် မီးရထားသံလမ်းဝင် သံတိုင်ကြားလမ်းမှ ဝင်လိုက်ပါက အထည်နှင့် ကုန်မျိုးစုံ ပစ္စည်းများ ရောင်းချနေ သော ဈေးဆိုင်တန်းများကို ရောက်ရှိမည်ဖြစ်ပါသည်။ ထိုဈေးတန်းများကို ဖြတ် ကျော်ပါက ခုံးကျော်တံတား အနောက်ဘက် အဆင်းသို့ ရောက်ရှိပါမည်။ ကား လမ်းဘေးမှ ဆက်၍သွားလျှင် ဟင်းချက်စရာ ငရုံ့ခြောက်မျိုးစုံရောင်းသည့် ဈေး အလွန် အင်းစိန်ဈေးကြီး၏ကြားရှိ လမ်းကိုတွေ့ရမည်ဖြစ်သည်။

တောင်မြောက်တန်းနေသော ထိုလမ်းမပေါ်တွင် ဟင်းသီးဟင်းရွက် ခြံထွက် သီးနှံမျိုးစုံတို့ တည်ခင်းရောင်းချနေပါသည်။ ဈေးသည် ဈေးဝယ်များ မနက်တိုင် လျှင် ပျာပန်းခတ်မျှ လှုပ်ရှားနေကြသည်။ တောင်ဘက် လမ်းအဝတွင်လည်း ဈေး သည်ဈေးဝယ်ကြား ဆိုက်ကားများ ထိုးထားပြီး ဈေးပြန်သူ၊ အလုပ်သွားသူများကို အလုအယက် အပြိုင်အဆိုင် ခေါ်ယူနေကြပါသည်။ ဈေးမြောက်ဘက်စွန်းတွင်သာ ငါးရောင်းသည့် ဆိုင်များရှိပါသည်။

ဤဈေးသို့ အင်းစိန် နံ့သာကုန်းမှ ဦးမောင်လှက တစ်ရက်ခြားတစ်ခေါက် ရောက်ရှိ ဈေးဝယ်ပြီး အိမ်သို့ ပြန်လေ့ရှိပါသည်။ ဦးမောင်လှမှာ အသက် (၇၅) နှစ်ရှိပြီး မျက်စိမှုန်မှုန်ဝါးဝါးဖြင့် ဈေးသို့ လာနေကြဖြစ်သည်။ သားတောက် သမီးခံ

မရှိ၊ သားသမီးတစ်ယောက်မျှ မရရှိခဲ့ပါ။ အမျိုးသမီးကလည်း သူ့ထက် (၅)နှစ်ခန့်ငယ်သည်။ (၇၀) အရွယ် ရှိပါသည်။ ကျန်းမာရေး မကောင်း၍ ဈေးမသွားနိုင်ပါ။

အုတ်ကျင်း ဂုံလျှော်စက်ရုံတွင် အလုပ်ဆင်းရင်း သက်ပြည့်ပင်စင်ဖြင့် အနားယူပြီး ကိုယ်ပိုင် အိမ်သေးသေးလေးဖြင့် နံ့သာကုန်းတွင် အေးချမ်းစွာနေထိုင်ခဲ့သူ ဖြစ်ပါသည်။ သာယာဝတီ ဇာတိဖြစ်သော်လည်း နေရပ်သို့ မပြန်တော့ဘဲ ပတ်ဝန်းကျင်၏ အကူအညီဖြင့် အေးချမ်းစွာနေထိုင်ကြသူများ ဖြစ်ပါသည်။

မည်သူ့မျှ အနှောင့်အယှက် မပေး။ ပတ်ဝန်းကျင်နှင့် သင့်တင့်လျောက်ပတ်အောင် နေထိုင်သူဖြစ်လင့်ကစား တစ်နေ့တွင် ပြဿနာတစ်ရပ် ပေါ်ပေါက်လာပါသည်။ အသက်အရွယ်ကြီးရင့်လာသည်ဆိုတော့ ဇရာက နောက်မှ လိုက်ပါလာသည်။ ဇရာက ဇာတိရုပ်ကို သရုပ်ပြပြီ။ မှုန်ဝါးသော မျက်စိနှစ်ကွင်း အလင်းမရတော့ပါ။ ထိုအခါ ဂိလာနအမျိုးသမီးကလည်း အပြင်ထွက်၍ မသွားလာနိုင်တော့ အစကတော့ အခက်အခဲ တွေ့ရပါသည်။ နောက်တော့လည်း အိမ်နီးချင်းများကို ဈေးလူကြုံပါးရင်း အိမ်ဆိုင်များကို အားကိုးရင်းဖြင့် အဆင်ပြေစွာ နေထိုင်လာခဲ့သည်။

ခင်မင်ရင်းနှီးခဲ့သော ဘကြီးအရွယ် ဦးမောင်လှကို ခင်မင်ရင်းနှီးစွာဖြင့် နှစ်လ သုံးလလျှင် တစ်ကြိမ်ရောက်ရှိတတ်ပါသည်။ တစ်နေ့ ကျွန်တော်ရောက်ရှိသွားတော့ မျက်စိကွယ်နေသည်မှာ တစ်လကျော်နေပြီဟု သိရသည်။ သို့ဖြင့် ကျွန်တော်က မျက်စိခွဲစိတ်၍ ရလိုရငြား မျက်စိအလှူရှင်ထံ ခေါ်သွားမည်ဟု ပြောပြီး မနက်ကိုသွားရန် ချိန်းဆိုထားခဲ့သည်။

မနက်တွင် အိမ်မှနေ၍ လိုင်းကားစီးပြီး ဘကြီး ဦးမောင်လှအား သွားရောက်ခေါ်ပါသည်။ လှည်းတန်းသို့ ၄၅ လိုင်းကားစီးပြီး လှည်းတန်းဈေးမှနေ၍ ၁၆၇ ဟိုင်းလပ်ကားစီးကာ တောင်ဥက္ကလာသို့ လာခဲ့ပါသည်။ သံလမ်းမှတ်တိုင်တွင်ဆင်း၊ သံလမ်းကိုကျော် ပထမဆုံးတွေ့သော လမ်းကိုဝင်၊ မြောက်ဘက်သို့ အတန်ငယ်လျှောက်ခဲ့သည်။ ကွမ်းယာဆိုင်တစ်ဆိုင်သို့ မေးကြည့်ရာ လမ်းညွှန်ပေးပါသည်။

စက်ရုံကြီးတစ်ခုရှိ ခြံဝင်းတံခါးဖွင့်ထားသဖြင့် ဝင်ရောက်ခဲ့ရာ ရဟန်းအချို့နှင့် လူအချို့ ခုံတန်းတွင်ထိုင်ပြီး သတင်းစာဖတ်၊ ဂျာနယ်ဖတ်နှင့် စောင့်နေသည်ကို တွေ့ရပါသည်။ မျက်စိကုသရန် နေရာဟုတ်မဟုတ် မေးကြည့်ရာ မျက်စိကုသသည့်နေရာတော့မဟုတ်၊ မျက်စိစမ်းသပ်ရန် ပြသည့်နေရာဖြစ်ကြောင်း၊ မြို့ထဲရှိသော ဆေးရုံတွင် ကုသပေးကြောင်း ပြောပြသဖြင့် ခုံအလွတ်ရှိရာသို့ ဘကြီးအား နေရာချထား ထိုင်စေပါသည်။

အမျိုးသမီးငယ်တစ်ယောက်က ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူကြီးနောက် ရဟန်းများ ပြန်ကြွသွားပါသည်။ ရဟန်းနှစ်ပါးမှာ ကျန်နေပါသည်။ ဆွမ်းခံကြွသော ကိုယ်တော် မဟုတ်ဘဲ မျက်စိလာပြသည်ဟု သိရပါသည်။

ခြံဝင်းထဲရှိ စက်ရုံမျက်နှာစာ အနောက်တောင်ထောင့် ခြံစည်းရိုးနှင့် ကပ်လျက် သွပ်ကာထားသည့် အိမ်ငယ်လေးတစ်လုံးပေါ်တွင် တံခါးဖွင့်ထားပြီး ပြတင်းပေါက်ကိုလည်း ဖွင့်ထားပါသည်။ ခေါင်းလွတ်ရုံ အရှေ့ဘက်ဘုရားစင်တွင် ဘုရားပန်းများ ဝေဆာစွာ ကပ်လှူထားသည်ကို တွေ့ရပါသည်။ ပြတင်းပေါက်ဘေးတွင် စာအုပ်စာတမ်းများ တင်ထားသော စားပွဲတစ်လုံး၊ ကုလားထိုင်တစ်လုံးနှင့် ဧည့်သည်ထိုင်ရန် ကုလားထိုင် သုံးလုံးကို တွေ့ရပါသည်။

မကြာမီမှာပင် အသားဖြူဖြူ လူတစ်ယောက်တက်လာပြီး စားပွဲရှိရာ ဝင်ထိုင်ပါသည်။ နောက် ရဟန်းများကို ပထမဦးစွာ ခေါ်တွေ့ပြီးနောက် ပထမရောက်သူမှစ၍ အစဉ်အတိုင်း ခေါ်သွားပါသည်။ ထိုသူမှာ ဦးမြင့်အေး ဖြစ်ကြောင်းနှင့် မျက်စိခွဲစိတ်ရာတွင် အလှူရှင်ဖြစ်ကြောင်း သိလိုက်ရပါသည်။ ဘကြီးအလှည့်ရောက်လာပါသည်။

အမည်စာရင်း အသက် လိပ်စာတို့ကို စာရင်းသွင်းပြီးနောက် မျက်စိကွယ်ရခြင်းအကြောင်းကို မေးမြန်းရာ ဘကြီးက ဖြစ်စဉ်ကို ပြောပြပါသည်။ နောက် ဘကြီးအား အလင်းရောင်ဘက် မျက်နှာမူစေပြီး လက်ဝါးဖြန့် လှုပ်ရှားပြကာ ဘယ်အရာကို ဘယ်လိုမြင်ရသည်ကို မေးမြန်းရာ အရိပ်ဖြတ်သွားသည်ကို တွေ့ရကြောင်း ပြောသဖြင့် ဆရာဝန်နှင့် တွေ့ဆုံပြီး ခွဲမည့်ရက်ယူရန် စာရေးပေးလိုက်ပါသည်။ ပထမအကြိမ် တစ်ဖက်ခွဲမည်။ ဒုတိယအကြိမ် တစ်ဖက်ခွဲမည်။ ပြန်၍မြင်ရမည်ဖြစ်ကြောင်း၊ ဘာမျှ ပူပင်ရန်မလိုကြောင်း ပြောပြနှစ်သိမ့်လိုက်ပါသည်။ ဘကြီးကလည်း သာဓု သုံးကြိမ်ခေါ်ဆိုပြီး ပြန်လာပါသည်။

ထိုနေ့မှာ ဘကြီး ပင်ပန်းမည်စိုး၍ နံ့သာကုန်းအိမ်သို့ ပြန်ခေါ်လာခဲ့သည်။ နောက်တစ်ရက် ညနေပိုင်းတွင် ဆရာဝန်ရှိရာ ရွှေဘုံသာလမ်းသို့ ဘကြီးအား သွားရောက်ပြသခဲ့ပါသည်။ ဆရာကြီး၏ အမည်မှာ ဦးကိုကိုတင် ဖြစ်ပါသည်။ ဦးကိုကိုတင်၏ ရုံးခန်းတွင် ထိုင်ရင်း ပတ်ဝန်းကျင်ကို ကြည့်လိုက်ရာ မှန်ကောင်တာတစ်ခုနှင့် ကျောဘက်မှန် ဗီရိုတစ်လုံးတွင် မျက်မှန်များ ပုံစံအမျိုးမျိုး ပြသထားပါသည်။ ဆရာကြီး၏ အခန်းအဝင်ဝတွင်မူ ဆရာတော်အရှင်ဉာဏိဿရမှ မျက်စိခွဲစိတ်ရာတွင် အသုံးပြုသော စက်တစ်လုံးကို ဆရာကြီးအား ပေးအပ်နေသော

ဓာတ်ပုံကို တွေ့မြင်ရပါသည်။ ဆရာကြီးကလည်း အခါသင့်သည့် အချိန်များတွင် မြန်မာပြည်အရပ်ရပ်သို့ လှည့်လည်၍ မျက်စိခွဲစိတ်ခြင်းကို အခမဲ့ခွဲစိတ်ခြင်းဖြင့် ကုသိုလ်ပြုနေသူဖြစ်ကြောင်း သိရပါသည်။

ဘကြီး၏ အလှည့်ကျသဖြင့် ဆရာကြီးအား တွေ့ဆုံပြီး နောက်ရက်တွင် ဆရာကြီးတာဝန်ယူသော ဆေးရုံတွင် သွေးစစ်ခြင်း။ ဆီးစစ်ခြင်း၊ သွေးချိုဆီးချို စစ်ဆေးခြင်းတို့ကို ပြုလုပ်ပြီး ဆရာကြီးရှိသောအခန်းတွင် ဝင်ရောက်ပြသရပါသည်။ ဆရာကြီးက စစ်ဆေးကြည့်ရှုပြီး နောက်ရက်တွင် လူနာ အဖော်တစ်ယောက် အပါအဝင် ဆေးရုံတက်ရောက်ရန် ချိန်းဆိုလိုက်ပါသည်။

ဆရာဝန်ကြီး ချိန်းဆိုသည့်အတိုင်း ဆေးရုံသို့ ရောက်သည်။ မျက်စိခွဲမည့်သူ (၁၀) ယောက်ခန့် တွေ့ရသည်။ ဆရာမများက လိုအပ်သော ကိစ္စရပ်များ ဆောင်ရွက်ပြီး တစ်ဦးစီ ခွဲစိတ်ရန် ခွဲစိတ်ခန်းသို့ ခေါ်သည်။ ဘကြီး အလှည့်ရောက်သည်နှင့် ဝင်သွားသည်။ သိပ်မကြာပါ။ ပက်လက်အိပ်လျက် တွန်းလှည်းတွန်းသူက တွန်းထွက်လာပြီး ခုတင်ရှိရာသို့ ပို့ပေးပါသည်။

ဆရာမက ခုတင်ပေါ်တွင် ချပေးရာတွင် လက်တွန်းသမား နှင့် ကျွန်တော်က အကူအညီ ပေးရပါသည်။ ခဏအနားယူစေပါသည်။ ညတွင် တစ်ကြိမ် စစ်ဆေးပြီး လိုအပ်သည်များ စစ်ဆေးပေးပါသည်။ ညဦးပိုင်းတွင် အလှူရှင်တစ်ဦးက နွားနို့နှင့် ကြက်ဥပြုတ်များ လာရောက်လှူဒါန်းပါသည်။ ဆေးရုံ တက်နေသူများအားလုံးကို လှူဒါန်းပါသည်။

မျက်စိခွဲထားသည့် လူလတ်ပိုင်းများက ကျန်းမာရေးကောင်းမွန်သဖြင့် ဆေးရုံတွင် တစ်ညတာ နေရပြီး ပြန်သွားကြပါသည်။ အသက်ကြီးသူနှင့် မကျန်းမာသူများကိုမူ နှစ်ညနေပြီး စိတ်ချရသော အခြေအနေရှိမှ ပြန်ခွင့်ပေးပါသည်။ အိမ်သို့ ပြန်လာရာတွင်လည်း မျက်လုံးကို ပြုစုနည်းများကို ပြောပြပေးပါသည်။ တစ်လပြည့်လျှင် ပြန်လာရန်ကိုလည်း မှာပါသည်။

ဆရာဝန်ကြီး ပြောပြချက်အရ ခွဲစိတ်ရာတွင် မျက်ကပ်မှန်လည်း ထည့်ထား ပေးပြီးကြောင်း ပြောပြပါသည်။ အပြင်ထွက်လျှင် အလင်းရောင်နှင့် တိုက်ရိုက် ထိတွေ့မှု မရစေဘဲ နေကာမျက်မှန်တပ်ထားရန်လည်း ညွှန်ကြားပါသည်။ မျက်မှန် ပြုလုပ်သင့် မသင့်ကိုလည်း ရက်ချိန်းပေးသည့်နေ့တွင် သွားရောက်စစ်ဆေးရပါ သည်။

နောက် မျက်မှန်တပ်သင့်သူများကို မျက်မှန်တပ်ပေးပါသည်။ ဘကြီးမှာလည်း မျက်မှန်တပ်ရပါသည်။ ဘကြီးက-

"မြင်ရတဲ့ အချိန်ကတော့ ဘာမှ သတိမထားမိပေမဲ့ မမြင်ရတဲ့ အချိန်ကျတော့ လောကကြီးနဲ့ အဆက်အသွယ်ပြတ်သွားပြီးတော့ အမှောင်ကမ္ဘာထဲ ရောက်သွားရတာကို ခံစားရတယ်။ ဘယ်တော့မှ အလင်းပြန်မရနိုင်တော့ဘူး ဆိုပြီး အားငယ်ဝမ်းနည်းခဲ့ရတယ်။ အမောင့်ရဲ့ကျေးဇူး၊ အလှူရှင်ရဲ့ကျေးဇူး၊ ဆရာဝန်ကြီးရဲ့ကျေးဇူးတွေကြောင့် အလင်းပြန်ရခဲ့ရတာ အလွန့်အလွန်ကို ကျေးဇူးတင်ပါတယ်။ သာဓု··· သာဓု··· သာဓု ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘုန်းကြီးလို့ သက်ရှည်ပါစေ"

ကံညွန့်လှိုင် (တောင်ကြီး)

❐

ရည်ရွယ်ရော်ရမ်း

ကံညွန့်လှိုင် (တောင်ကြီး)

တဖြည်းဖြည်းနှင့် ချောချောအတွက် အစိုးရိမ်ပိုလာသည်။
ပတ်ဝန်းကျင် တီးတိုးပြောသံ ကြားလျှင်
ချောချော ငိုငိုနေသည်။
မငိုစေရန် ချော့ရသည်။
သူ မချစ်မနှစ်သက်သောသူ၏ လက်ထဲသို့လည်း
ဝကွက်၍ မအပ်ရဲ။

# ရည်ရွယ်ရော်ရမ်း

ကံညွန့်လှိုင် (တောင်ကြီး)

အပြင်မှာ မိုးတစိမ့်စိမ့်ရွာနေသည်။ မိုးစွေနေသည်မှာ နှစ်ရက် သုံးရက်ရှိပြီ။ ဆောင်းဝင်ခါနီး၍လားမသိ။ လေတစ်ချက်ဝှေ့လိုက်တိုင်း အေးစိမ့်သွားရသည်။

စာတစ်အုပ်ဖတ်ရင်း တွေးမိတွေးရာ တွေးမိသည်။ စာထဲစိတ်မရောက်တော့။ ဖတ်လက်စနေရာတွင် စက္ကူအပိုင်းလေးထည့်ပြီး အမှတ်အသား မှတ်ထားလိုက်ပါသည်။ နောက် ပက်လက်ကုလားထိုင်တွင်ထိုင်ရင်း အတွေးနယ်ချဲ့မိပြီ။ ရောက်တတ်ရာရာ ဗလုံးဗထွေးအတွေးများ ဖြစ်သည်။

အိမ်ထောင်သက်တမ်း နှစ်လေးဆယ်ကျော်တွင် ဇနီးဆုံးပါးခဲ့သည်။ သားသမီးတစ်ယောက်မျှ မထွန်းကားခဲ့။ အသက်ကလည်း ၆၀ ကျော်ပြီ။ ဇနီးရှိစဉ်က ခေါ်ယူထားသော ဒရိုင်ဘာတစ်ယောက်၊ မီးဖိုချောင်တွင် ချက်ပြုတ်သူအမျိုးသမီးကြီး တစ်ယောက် ထားခဲ့သည်။ ဇနီးရှိစဉ်က မနက်ဆိုလျှင် ဈေးသွားဝယ်ခြမ်းပေးပြီး မီးဖိုချောင်ချက်ပြုတ်သူကို မျက်နှာလွှဲသည်။ တစ်ခါတစ်ရံမှသာ စားလိုရာကို ဝင်ချက်သည်။ ကျန်အချိန်များက ညှော်သည်လာလျှင် ညှော်ခံ၊ အပင်စိုက်ဝါသနာပါသူမို့ အားနေလျှင် အပင်စိုက်တော့သည်။ နှင်းဆီ၊ စံပယ်၊ ဒေစီပန်းမျိုးစုံ၊ တစ်ခြံလုံးကို စနစ်တကျစိုက်ပျိုးထားသည်။ ပိုက်လုံးဖြင့်ရေသွယ်ပြီး ရေဖျန်းကိရိယာ တပ်ဆင်ထားသည်ကြောင့် မာလီမလို။ တောမှခေါ်ထားသော မိန်းကလေးကို အပင်စိုက်ထားသောနေရာများသို့ ခလုတ်ဖွင့်ခိုင်းရသည်။

ဆွေရိပ်မျိုးရိပ်မကင်း၊ မိဘကလည်း မရှိတော့သဖြင့် တောမှခေါ်လာသော မိန်းကလေးမှာ ဇနီးဖြစ်သူ ခေါ်လာစဉ်က (၁၅) နှစ်အရွယ် ရှိနေပြီ။ ငယ်စဉ်က

ပင် လေးတန်း၊ ငါးတန်းနှင့် ကျောင်းထွက်ထားသဖြင့် အိမ်သို့ရောက်လာတော့ အိမ်အလုပ်ကိုကူရင်း ကျောင်းဆက်မထားတော့။ အရွယ်နည်းနည်းရလာသည်နှင့် စက်ချုပ်သင်ပေးထားသည်။ ဉာဏ်တော့အတော်ကောင်းသည်။ ဆိုင်ဖွင့်နိုင်လောက် အထိ ကျွမ်းကျင်သွားသည်။ သို့သော် ဆိုင်တော့မဖွင့်ပေးခဲ့ပါ။ ဈေးမှ ချုပ်ထည်များ ကိုသာယူ၍ အိမ်တွင် ချုပ်စေခဲ့ပါသည်။ အမည်ကတော့ ချောချောဟု မှည့်ခေါ်ထား သည်။ အားလပ်သည့်အချိန်များတွင် ချက်ပြုတ်သူနှင့် ဝိုင်းကူးလျှော်ဖွပ်၊ ဇနီးသည် အား ကူညီရင်း မိသားစု ပျော်ပျော်ရွှင်ရွှင် ဘဝကိုကျေနပ်စွာ ဖြတ်သန်းခဲ့ကြပါသည်။

* * *

ချောချော ငယ်ငယ်ကတည်းက အမေနဲ့ နေခဲ့ရတယ်။ အဖေက တစ်ရပ်တစ် ကျေးမှာ အလုပ်လုပ်တယ်လို့ သိရတယ်။ တစ်ခါတစ်ခါ ပြန်လာတယ်။ ငွေပေးခဲ့ တယ်။ တစ်ခါပြန်လာတာနဲ့ တစ်ခါဟာ ပေးတဲ့ငွေနဲ့ သိပ်မလောက်ချင်ဘူး။ အကြွေးက ဆပ်ရတယ်။ သည်တစ်ခေါက် အဖေပြန်လာတော့ ငွေပိုပြီးပေးခဲ့တယ်။ ဒါနဲ့ အမေက အထည်ရောင်းမယ်ဆိုပြီး မြို့တက်ဝယ်ခြမ်းပြီး ရွာမှာရောင်းတယ်။ တခြား ရွာတွေကိုလည်း ရောင်းတယ်။ ရောင်းစမို့လားမသိ ရောင်းကောင်းတယ်။ ထပ်ဝယ်လိုက် ရောင်းလိုကပ်၊ ကျန်တဲ့အထည်အကြွေး ပေးလိုက်နဲ့ အဆင်ပြေနေ တယ်။

ချောချောလည်း ကျောင်းနေရတယ်။ သည်လိုနဲ့ ရောင်းလိုက် ဝယ်လိုက်နဲ့ အကြွေးတွေကို ချောချောကပဲ လိုက်တောင်းရတယ်။ ခက်ခဲတဲ့သူတွေကိုတော့ အမေပဲတောင်းရတာပေါ့။ အမေ ရွာတွေကို အထည်လိုက်ရောင်းတော့ လှည်းကြုံ ရှိရင် လှည်းနဲ့လိုက်၍ လှည်းမရှိရင် ခြေကျင်သွားရပါတယ်။ ငယ်သေးတော့ ခြေထောက်အတော်ညောင်းတယ်။ အမေလည်း ညောင်းမှာပေါ့။ နေ့တိုင်း တစ်ရွာ မဟုတ် တစ်ရွာ အသွားအပြန်သွားနေရတာဆိုတော့ အိမ်ပြန်ရန် အမေ့ကို နင်းပေး နှိပ်ပေးရပါတယ်။

အဖေကတော့ ပြန်လာလိုက်၊ ရွာမှာနေလိုက် ပြန်သွားလိုက်နဲ့ ပြန်တဲ့အခါ တိုင်းလည်း ငွေပေးခဲ့ပါတယ်။ တစ်ချိန်မှာတော့ အမေ ဘယ်ကနေ ကြားလာတယ် မသိဘူး။ အဖေသွားတဲ့နေရာမှာ မိန်းမထပ်ယူလိုက်တယ်လို့ ကြားရတယ်။ တစ်ခါ မှလည်း ပြန်မလာခဲ့ဘူး။ ဝေးလည်းဝေးတော့ လိုက်မသွားဖြစ်ခဲ့ဘူး။ လိုက်သွား ရင် ဒီထက်အခြေအနေ အတော်ဆိုးမှာစိုးရိမ်တယ်။ သမီးကလည်း ရှိနေတော့

တစ်ယောက်တည်းက ဘာပဲဖြစ်ဖြစ် လိုက်သွားရင်ဖြစ်ပေမယ့် နှစ်ယောက်ဆိုရင် အခက်အခဲတွေနဲ့တွေ့ပြီး ရှိတဲ့အရင်းအနှီးလေး ပြုတ်သွားမှာလည်း စိုးရိမ်တော့ မလိုက်သွားဖြစ်ဘူး။

ဒီလိုနဲ့ ရောင်းလိုက် ဝယ်လိုက်လုပ်ရင်းက တစ်ရက်မှမနားခဲ့။ နိစ္စဓူဝ သွားနေရလို့လားတော့ မသိဘူး။ ညောင်းညာကိုက်ခဲလာတော့တယ်။ နေပူလည်း မိသလို မိုးလည်း မိမှာသေချာတယ်။ တိတိကျကျ ဘာရောဂါမှန်း မသိပေမယ့် အိပ်ရာထဲ လဲတော့တာပါပဲ။ ချောချောလည်း တခြားရွာမှာရှိတဲ့ ကျန်းမာရေးမှူး ကိုပင့်၊ ဆေးထိုး ဆေးသောက်လုပ်ခိုင်း၊ မြန်မာတိုင်းရင်းဆေးဆရာနဲ့ ပြတယ်။ အဖေ့ကို လွှမ်းတဲ့စိတ်ကလည်း ပါမလားမပြောတတ်ဘူး။ တစ်နေ့တခြား ပိန်ခြိုး လာပြီး လုံးပါးပါးတော့တယ်။ အမေဆုံးပါးသွားတော့ ချောချောလက်ထဲမှာ ဘာမှ မရှိတော့ဘူး။ အဖေ့ဆီ လိုက်မယ်ဆိုပြန်တော့လည်း အဖေနေတဲ့နေရာ ဘယ်မှာလဲ ဆိုတာတောင် မသိခဲ့ရဘူး။ အမေ့ကို ဆေးကုသတဲ့စရိတ်နဲ့ ဘာမှကိုမကျန်တော့ ဘူး။ တစ်ယောက်တည်းနေတော့လည်း မတင့်တယ်လို့ ဦးလေးနှစ်ဝမ်းကွဲလောက် တော်တဲ့အိမ်မှာ နေရတယ်။ သိပ်မကြာပါဘူး။ အမေဆုံးတဲ့သတင်းကို ကြားလို့ သမီးတစ်ယောက်တည်း ဖြစ်နေပြီဆိုပြီး ချောချောကို အဖေလာခေါ်ပါတယ်။ ချောချော လိုက်မယ်ဆိုတော့ အမေနဲ့အတူနေခဲ့တဲ့ အိမ်ကိုလည်း ရတဲ့ဈေးနဲ့ အဖေ ရောင်းလိုက်တယ်။ နောက် အဖေနဲ့အတူ လိုက်သွားခဲ့တယ်။

မိထွေးနဲ့တော့ အတူနေရတယ်ဆိုပေမယ့် သဘောထားပြည့်ပါတယ်။ အိမ် ရောင်းလာတဲ့ ငွေကလေးကလည်းရှိနေတော့ မိထွေးက "ဈေးမှာအထည်ဆိုင်ဖွင့်ချင် ဖွင့်လိုက်တာကိုး" အဖေ့ကို အပူကပ်တော့ အဖေကလည်း ရင်းနှီးပေးလိုက်တဲ့ အတွက် ဈေးမှာ ဆိုင်ခန်းငှားပြီး ရောင်းပါတယ်။ ရောင်းစကတော့ အတော်ရောင်း ရတယ်။ ချောချောလည်း ကူရောင်းပေးတယ်။ တဖြည်းဖြည်းနဲ့ အကြွေးတွေလည်း ပေး၊ ငွေလည်း ချေးပေးတယ်။ မကြာဘူးဆိုပေမယ့်လည်း ငွေကြေးလည်းဆုံး၊ အထည်ကြွေးလည်းဆုံးနဲ့ ဆိုင်ပိတ်လိုက်ရတယ်။

အဖေကလည်း အလုပ်က အဆင်မပြေလို့လားမသိဘူး။ ရက်မှန်မှန်ဆင်းတာ မတွေ့ရသလို အရက်တွေလည်း သောက်လာပြန်တယ်။ အဆင်မပြေဘူးထင်ရတယ်။ ဘာမှမကြာလိုက်ဘူး။ အရက်သောက်လာပြီး မိုးရေထဲကနေ မိုးစိုစိုနဲ့ အိမ်ပြန်လာ တယ်။ အဲဒီနေ့မှာပဲ လေဖြတ်သွားတယ်။ ဆေးရုံပို့တော့ ဆေးရုံမရောက်ခင် ဆုံးသွား

တယ်။ ကိစ္စတွေပြီးဆုံးတော့ မိထွေးနဲ့ နေလိုက်သေးတယ်။ ဝင်ငွေက မရှိဘူးဆိုတော့ မိထွေးသဘောပေမယ့် နေလို့မဖြစ်တော့ဘူး။ ကြာရင် ပြဿနာတွေဖြစ်လာမှာဆိုတော့ ရွာကိုပဲ ပြန်ခဲ့ရတယ်။

ရွာကိုရောက်တော့ သူကြီးအိမ်ကိုပဲ သွားခဲ့တယ်။ သူကြီးဆီရောက်တော့ ပထမ ဦးလေးအိမ်ကိုပဲ နေခိုင်းလို့ အဲဒီမှာပဲ နေလိုက်ရတယ်။ အိမ်မှာရှိတဲ့အလုပ်ကိုလည်း လုပ်ပေးရင်း ပျိုးကြဲ၊ ပျိုးနုတ်၊ ကောက်စိုက်၊ စပါးလှေ့၊ စပါးပြာ စတဲ့အလုပ်တွေမှာ လာခေါ်ရင် လာခေါ်သလို သွားလုပ်တယ်။ လုပ်အားခရတော့ သုံးဖို့ နည်းနည်းချန်၊ အခေါ်ကိုပြန်ပေး၊ ခေါ်ခိုင်းခဲ့သူတွေဆီသွားပြီး အလုပ်လုပ်ရတယ်။ အလုပ်လုပ်ရတာလည်း အမြဲတစေမဟုတ်ဘူး။

ဒီလိုနဲ့ (၃) နှစ် (၄) နှစ်လောက်ရှိတဲ့အခါ ချောချောတို့ရွာသားလို့ ပြောတဲ့ ဦးသန့်ဇင်နဲ့ သူ့မိန်းမက ရွာနီးချုပ်စပ် ရှင်မပြုရသေးတဲ့ကလေးတွေကို စုပေါင်းပြီး ရှင်သာမဏေအပါး (၅၀) ကို ပရိက္ခရာအစုံအလင်နဲ့ ရွာလုံးကျွတ် မီးခိုးတိတ် ထမင်းရည်ချောင်းစီး လှူဒါန်းသွားတယ်။

လုပ်ကူကိုင်ကူတဲ့ ညမှာပဲ သူကြီးနဲ့ အလှူရှင် အာလာပသလ္လာပစကားပြောကြရာက ချောချောအကြောင်း ရောက်သွားတယ်။ သူတို့နဲ့ ဆွေရိပ်မျိုးရိပ်မကင်းဘူးလို့ပြောတယ်။ မြို့ပြန်ရင် လိုက်ခဲ့ဖို့ပြောတော့ သူငယ်ချင်းတွေကလည်း တိုက်တွန်း၊ သူကြီးကလည်း အားပေးတဲ့အတွက် မြို့ကိုလိုက်ခဲ့ပါတယ်။

* * *

အသက် (၆၀) ကျော်လာပြီဖြစ်တဲ့ ဦးသန့်ဇင်ဟာ ဇနီးလည်းမရှိတော့ဘူးဆိုတော့ ဥစ္စာပစ္စည်းလည်း မရှာတော့ပါဘူး။ ပြည့်စုံနေပြီ။ ကားလည်းရောင်းလိုက်တယ်။ ချက်ပြုတ်တဲ့သူလည်း မလိုတော့ဘူး။ ချောချောနဲ့ အတူနေရင်း အေးအေးဆေးဆေး ဘုရားသွားကျောင်းတက် နေလာခဲ့တယ်။

ခက်တာက ပတ်ဝန်းကျင်ဂယက်က ဦးသန့်ဇင်ကို သပုပ်လေလွင့်တွေ ပြောလာခဲ့ကြတယ်။ ပါးစပ်က ဘုရား ဘုရား၊ လက်က ကားယား ကားယား။ ပုတီးတစ်ကုံးအစား သမီးအပြိုးကို ကျေနပ်နေတဲ့လူ၊ မစားရကြာတော့ ဘယ်နေလိမ့်မတုန်း။ တစ်ပါးမပေးဘဲ အနားထွေးထားချင်တဲ့သူ စသည် စသည်များ ကောင်းတစ်လှည့်၊ မြောင်းတစ်လှည့် မကြားတကြား ပြောတစ်လှည့်၊ ဆိုတစ်လှည့် မကြားဝံ့ မနာသာများပင် ဆိုသွား ပြောသွားကြသည်။ ကြာကြာနေလျှင် ချောချောအဖို့

မကောင်း။ ဦးသန့်ဇင်မှာ ကြံ့ကြံ့ခံနိုင်သော်လည်း ချောချောအတွက် စဉ်းစားလာခဲ့ရပြီ။

"ချောချော… လက်ထပ်မယ်လို့ ရည်ရွယ်ထားတဲ့သူ ရှိသလား"

မတတ်သာတော့ မမေးလည်းမဖြစ်၊ မရင်ဆိုင်၍လည်း မရ၊ ကြာကြီးတို့ ဝတ္တရားရှိသည့်အတိုင်း မေးရမြန်းရပြီ။

"မရှိပါဘူး ဦး"

အကြိမ်ကြိမ်မေးခဲ့သည်။ ရည်ရွယ်ထားသူရှိက လက်ထပ် ပေးလိုက်မည်။ ရင်းနှီးစားသောက်ဖို့လည်း ပေးလိုက်မည်။ တစ်ယောက်တည်းသမား ဦးသန့်ဇင်မှာ မရှိဆင်းရဲသူများကို လှူပင်လှူနေရသေးသည်။ အတန်ကြာ အတူနေထိုင်လာ သူကို ရင်းနှီးလုပ်ကိုင်စားဖို့ ပေးရန်၊ အိမ်ခြံတွင်လည်း အတူနေပြီး ကိုယ်တိုင်ကမူ တရားစခန်းတစ်လှည့် သွားလိုက်၊ အိမ်တွင်တစ်လှည့် နားလိုက်နေရန် ဆုံးဖြတ်ခဲ့သည်။ စီစဉ်သလိုဖြစ်မလာခဲ့။

တဖြည်းဖြည်းနှင့် ချောချောအတွက် အစိုးရိမ်ပိုလာသည်။ ပတ်ဝန်းကျင် တီးတိုးပြောသံကြားလျှင် ချောချော ငိုငိုနေသည်။ မငိုစေရန် ချော့ရသည်။ သူ မချစ်မနှစ်သက်သောသူ၏ လက်ထဲသို့လည်း ဝကွက်၍မအပ်ရဲ။ ကောင်လေးက လိမ္မာရေးခြားရှိလျှင် တော်ပါရဲ့။ ရတာယူပြီး ပစ်ပြေးသွားလျှင် ဒုက္ခဖြစ်ကျန်ခဲ့မည်။ ဤသို့အဖြစ်မခံနိုင်။ စဉ်းစားစရာ ဖြစ်လာခဲ့သည်။ သူတို့ကို တသီးတခြား နေစေရန် အိမ်ခွဲပေးလိုက်ပါကလည်း အဝေးတစ်နေရာသို့ သူတို့တွေရောက်သွားမည်။ သည်သို့ဆိုလျှင် ကူဖော်လောင်ဘက်ရှိတော့မည် မဟုတ်။ သီးသန့်အလုပ်သမား တစ်ယောက်ထပ်ခေါ်ရမည်။ သည်ခေတ်အခါတွင်လည်း မည်သူ့ကိုမျှ ယုံကြည်ရသည်မဟုတ်။ တရားစခန်းသွားချိန် နေမကောင်းသည့်အချိန်၊ အပြင်ထွက်ချိန်တို့တွင် အိမ်ရှိပစ္စည်းအားလုံး မသွားမှဖြင့် ရှာထားသမျှ အဟောသိကံ ဖြစ်သွားလိမ့်မည်။ သို့ကြောင့် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချမှ ဖြစ်မည်။

ချောချောက လိမ္မာရေးခြားရှိသည်။ ရွာမှခေါ်လာစဉ်ကတည်းက သိမ်သိမ်မွေ့မွေ့နေထိုင်သည်။ လုပ်စရာရှိသည်ကို နှေးညမဆိုင်းဘဲ လုပ်ကိုင်သည်။ မဟုတ်လျှင်တော့ မခံတတ်၊ ပြန်ပြောတတ်သည်။ ကက်ကက်လန် ရန်တွေ့သည်ဟုတော့ မဆိုလို။ တစ်ဖက်သားနားဝင်အောင် ပြောတတ်သည်။ အကျိုးအကြောင်း အဆိုးအကောင်း ခွဲခြားတတ်သည်။ ဇနီးသည်မရှိသည့်နောက်ပိုင်း အိမ်တွင်းရေးအိမ်ပြင်ရေးကို စီမံသည်။ ခြံတွင်းသစ်ပင် ဥယျာဉ်စိုက်ပျိုးသည်မှအစ ကိုယ်တိုင်စိုက်ပျိုး

သည်။ နှင်းဆီပန်းခန်း၊ ဒေစီပန်းခင်းများ စိုက်ပျိုးသည်။ ဖောက်သည်ပေးသည်။ အားလုံး အစစအရာရာစိတ်ချရသည်။

အကယ်၍ သူမချစ်မနှစ်သက်သူနှင့် အိမ်ထောင်ချပေးလိုက်လျှင် ပေးသင့်ပေးထိုက်သည်ကို ပေးလိုက်မည်ဆိုသော်ငြား ပထမတော့ အဆင်ပြေနိုင်သည်။ ယောကျ်ားလုပ်သူက မရှာဖွေဘဲ ရှိသမျှထိုင်စားနေလျှင် လုံးပါးပါးသွားလိမ့်မည်။ ထပ်လာတောင်းလျှင်လည်း သံယောဇဉ်ကြောင့် ပေးရဦးမည်။ တစ်ချိန်မမေးမိပါက အပြစ်ပြောခဲ့ရမည်။ ယုတ်စွအဆုံး အမုန်းရန်ငြိုးပွားကြမည် စိုးရိမ်ကြောင့်ကြရပါသည်။

ကိုယ့်ဘက်ကကြည့်တော့လည်း တစ်ယောက်တည်း ဘယ်ကိုသွားသွား အိမ်ကို ပစ်သွားရမည်။ မီးရေးထင်းရေးဆိုလျှင် အိမ်တွင် လူမရှိ၍မဖြစ်၊ ပစ္စည်းသခ်ါရ၊ လူသခ်ါရဆိုသော်လည်း မသေခင် စားဝတ်နေရေးရှိသေးသည်။ နေမကောင်း ထိုင်မသာလျှင် အကူအညီကလည်း လိုဦးမည်။ ဆေးခန်းသွား ဆေးရုံသွား အစစအရာရာ အသေးစိတ်လိုမည်မှာ အသေအချာပင်ဖြစ်သည်။ ဦးသန့်ဇင် တစ်ယောက် ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင် ချလိုက်ရတော့သည်။ စိုးရိမ်သောကကြားမှ မပြောမဖြစ် ပြောလိုက်ရတော့သည်။

"ချောချောကို ဦး လက်ထပ်မယ်၊ အတင်းအဓမ္မတော့ မဟုတ်ဘူးနော်။ ရည်ရွယ်ထားတဲ့သူရှိရင်လည်း အားမနာပါနဲ့ ပြောပါ။ ချောချော သဘောထား သိချင်တယ်"

"ရည်ရွယ်ထားတဲ့သူ မရှိပါဘူး ဦး…"

ကံညွန့်လှိုင် (တောင်ကြီး)

❐

# အကြေကောက်နဲ့အကြွေကောက်တဲ့သူ

အောင်ကျော်ဆွေ

ထိုစဉ် မမျှော်လင့်ဘဲ ပြည်သူ့ရဲ့တပ်ဖွဲ့နှင့်အတူ
လုံခြုံရေးများက ရှေ့မှပိတ်ပြီး
ရပ်လျက်သား တွေ့လိုက်ရတော့သည်။
ဒီတစ်ခါတော့ အရာရာနောက်ကျသွားလေပြီဟု
သိလိုက်ရလေပြီ။

# အကြွေကောက်နဲ့ အကြွေကောက်တဲ့သူ

အောင်ကျော်ဆွေ

(၁)

ရုပ်ကလေးက သနားကမား။ အသားကဖြူဖြူ။ နုနယ်ဝင်းပပြီး လှသမှ အလှတွေထဲ မယှဉ်ရဲအောင်လှသည်။ အမည်က ခင်နီနီတဲ့။ ပြီတီတီတော့ လာမလုပ်နဲ့…။ ဘဝရဲ့ အရင်းပြုတ်သွားမယ်သာမှတ်…။ အရုပ်အမောင်းနဲ့ ခန္ဓာကိုယ်က မော်ဒယ်တွေ ငိုသွားလောက်တယ်။ လူရေလည်တာကလည်း မပြောနဲ့။ အင်္ဂလိပ်နဲ့ တရုတ်၊ ကုလားစကားကို ကျွမ်းသလား မမေးနဲ့။ ငေးငိုင်ကျသွားအောင် ပြောတတ်လေရဲ့။ မျက်နှာလည်း ချိုပါဘိ။

မေးစရာရှိသည်က ဘာကြောင့်များ ဒီဘဝ ရောက်သွားပါလိမ့်ဟု ပြောရမည်ပင်…။ ကျင်လည်ရသော ပတ်ဝန်းကျင်ကြောင့်ပဲလား။ သို့တည်းမဟုတ် ရုန်းကန်နေရသော ဘဝဂယက်ရဲ့ ထိုးနှက်ချက်ကြောင့်လားဟု တေးရလောက်အောင် စိတ်ဝင်စားဖို့ ကောင်းလှသည်။ ပေါင်းသင်းဆက်ဆံရေး ကောင်းသလောက် သဘောလည်းကောင်း၏။ သူ့အကွက်ထဲ ဝင်သွားလျှင်တော့ အင်မတန်လျှင်ပါသည် ဆိုသော ကျားပင် လိမ်ဆင်မှာ ငြိမ်ကျသွားတတ်၏။ ယခုလည်း ခပ်ကဲကဲ ဦးလင်းမောင်တစ်ယောက် မျက်စိအောက်ကပင် အပျောက်မခံနိုင်လောက်အောင် တမ်းတမ်းစွဲ ဖြစ်နေလေတော့၏။

“နီနီနဲ့ ပတ်သက်ရင် အရာရာကို သတိထားပါ ဆရာ။ ကျွန်တော်က စေတနာနဲ့ ပြောတာပါနော်။ ကျွန်တော့်ကိုလည်း တခြားလူတွေက အပြောများနေလို့ ပါ။ သတိထားတော့ မမှားပါဘူး ဆရာ” ဟု တပည့်ဖြစ်သူက စိုးရိမ်စိတ်ဖြင့် ပြောစကားကို မကြားသလိုနေပြီးမှ သဘောမကျဟန်ဖြင့် တုံ့ပြန်လေသည်။

“အေးပါကွာ…၊ ငါကလည်း ခေသူ မဟုတ်ဆိုတာ မင်းလည်းသိသားပဲ ငါ့တပည့်ရယ်။ ရေအောက်နဂါးမယ်တောင် ငါလိုချင်ရင် လာရတယ် မဟုတ်လား ထိန်လင်းရယ်”ဟု ရယ်မောစွာ ပြောလေသည်။

“ခုဟာက နဂါးမယ် မဟုတ်ဘူး၊ ဆရာရဲ့နဂါးတွေတောင် သုတ်နိုင်တဲ့ ဂဠုန်မယ် ဆရာရေ့၊ ဒါကြောင့်မို့ ပြောရတာဆရာ” ဟု အရဲစွန့်ပြီးပြောသော်လည်း သရဲစီးနေရော့လား မသိ။ ဒေါသကြီးစွာဖြင့် တုံ့ပြန်လိုက်သောကြောင့် ထိန်လင်းလည်း အတော်ပင် စိတ်ပျက်သွားလေတော့သည်။

“ထိန်လင်း… မင်း ဘာမှ ဝင်မပါနဲ့တော့၊ မင်းမပြောခင် ကတည်းက ငါ အကုန်သိတယ်၊ ငါ့သူငယ်ချင်းတွေကလည်း အကုန်ပြောပြီးမှ သူနဲ့ငါ့ကို မိတ်ဆက်ပေးခဲ့တာ။ သူနဲ့ငါ ဘယ်သူက လျှင်သလဲဆိုတာ စောင့်သာကြည့်” ဟု ပြတ်သားစွာ ပြောဆိုလိုက်သည့်အခါ အနားမှာပင် နေချင်စိတ် မရှိတော့။ အင်းလေ… ဘယ်တတ်နိုင်ပါ့မလဲ၊ ငါ့ဘက်က တာဝန်ကျေပြီပဲဟု ဆုံးဖြတ်ကာ ဝေးဝေးသာ နေလိုက်လေတော့သည်။

(၂)

“ဟလို… ဦးမောင်လား၊ နီနီပါ။ ဒီကစောင့်နေရတာ ပျင်းလာပြီနော်။ မလာသေးဘူးလား”

“လာမှာပေါ့ နီနီရယ်၊ ခဏလေးစောင့်နော်၊ အလုပ်တွေပြီးတာနဲ့ လာခဲ့မယ်”

“အခန်းထဲမှာ တစ်ယောက်တည်း နေရတာပျင်းလှပြီ၊ အပြင်ထွက်တော့ လည်း လူတွေက နီနီကိုပဲ ကြည့်နေကြတာ ဘာမှန်းလဲမသိဘူး” ဟု ညုတုတုနဲ့ သူသိအောင် ပြောလိုက်သောအခါ ဦးလင်းမောင်ခမျာ ဒေါပွသွားလေတော့သည်။

“နီနီကို သေသေချာချာ ထားရဲ့သားနဲ့၊ အပြင်ကို ဘာလို့ထွက်လဲ။ အခန်းထဲမှာပဲနေ၊ မနေနိုင်ရင်ပြန်တော့။ ဒါပဲ…”ဟု ပြောပြီး ဖုန်းပိတ်လိုက်သဖြင့် ပစ်မှတ်ကို ထိသွားပြီဟု သိလိုက်သော နီနီအဖို့ တခစ်ခစ်နဲ့ ရယ်မောနေလေတော့ သည်။ ပြီးလျှင် တံခါးကိုပိတ်ကာ အပြင်သို့ ထွက်သွားလေတော့၏။ မရှေးမနှောင်း

မှာပင် ဦးလင်းမောင် ပြန်ရောက်လာလေသည်။ အခန်းတွင် နီနီ မရှိမှန်းသိသော အခါ ပို၍ဒေါပွသွားလေတော့သည်။ ချက်ချင်းဖုန်းဆက်လေတော့၏။

"နီနီ… ဘယ်လိုလုပ်တာလဲ၊ အစ်ကိုကြီး ပြန်ရောက်နေပြီ။ ဘယ်ရောက် နေလဲ၊ ပြန်လာခဲ့…"

"သိဘူးလေ… အစ်ကိုကြီးပဲ မနေနိုင်ရင် ပြန်သွားဆိုလို့ ဟိုတယ်ကောင်း တာမှာ သော့အပ်ပြီး ပြန်သွားတော့တာပေါ့။ နေမှမနေရဲတာ"ဟု မချိုမချဉ် အသံလေးဖြင့် ပြန်ပက်ရာ ဦးလင်းမောင် မနေသာတော့ပေ။

"ရောက်တဲ့နေရာကစောင့်နေ၊ ခုချက်ချင်းလာခေါ်မယ်"

"လာမခေါ်နဲ့၊ နီနီ ခုပဲပြန်လာတော့မယ်" ဟု ပြောပြီး ဖုန်းပိတ်လိုက်၏။ အမှန်တော့ ဘယ်မှမသွားဘူး။ ဟိုတယ်နားမှာပင်ရှိသည်။ ဦးလင်းမောင်အား ပြန်၍ အကဲစမ်းလိုက်ခြင်း ဖြစ်သည်။ ပြီးလျှင် ဟိုတယ်ဘက်သို့ ခပ်သွက်သွက်လေး ပြန်လာခဲ့လေသည်။ ဦးလင်းမောင်က တွေ့လိုက်သည်နှင့် ရုတ်တရက် ဆူမည်ပြုစဉ် ရွှင်ပြနေသောအပြုံးလေးနဲ့ နှုတ်ခမ်းတစ်ခြမ်းကို ခပ်သဲ့သဲ့လေး ရွဲ့ပြလိုက်ရာ မချို သွားဖြဲကြီး ဖြစ်နေလေတော့သည်။ ပြီးမှ နီနီ၏လက်ကိုဆွဲကာ အခန်းရှိရာသို့ လျှောက်သွားကြလေတော့သည်။

(၃)

ဦးလင်းမောင်ကတော့ ပျော်စရာရမက်ကို ငွေနဲ့ခင်း၍ ချစ်တတာလူ။ နီနီ ကတော့ ပျိုမျစ်နုနယ်တဲ့ သူ့အလှနဲ့ခန္ဓာကိုယ်ရင်းပြီး ငွေရှာနေရသူ။ ရမက်ကို အချစ်က အပေါ်ယံဖုံးပြီး ပြုံးပျော်နေလိုက်ကြပါဘိ။ တစ်ဦးနဲ့တစ်ဦး တင်းကျပ်စွာ ဖက်ထားပုံက ဟန်းနီးမွန်းထွက်သယောင်ထင်ရသည်။ အမှန်တော့ နှစ်ဦးစလုံး အပြုံးတုတွေချည်းသာ ဖြစ်သည်။ ထိုစဉ် ဖုံးမြည်သံဝင်လာသဖြင့် ဖုန်းဖွင့်ပြီး ထူးလိုက်ရာ ဦးလင်းမောင် ပျာပျာသလဲ ဖြစ်သွားလေတော့သည်။

"ဗျာ… ဟုတ်ကဲ့။ ကျွန်တော် ခုချက်ချင်း လာခဲ့ပါမယ်ဗျာ။ ခဏလေး စောင့်ပေးပါ"ဟု ဆိုကာ ရေချိုးခန်းတွင် မျက်နှာသစ်ပြီး အဝတ်အစားလဲကာ အပြင်သို့ထွက်ရန် ပြန်လေတော့သည်။

"နီနီ ဘယ်မှမထွက်နဲ့နော်။ ဘယ်သူပဲ တံခါးလာခေါက်ခေါက် ဖွင့်မပေးနဲ့။ စားချင်တာကို အိတ်ထဲက ငွေယူပြီးဝယ်စား။ ကိုကြီးဆီလည်း ဖုန်းမဆက်နဲ့။ အလုပ် ပြီးပြီးချင်း ပြန်လာမယ်"ဟု ပြော၍ နဖူးကိုနမ်းကာ ထွက်သွားလေသည်။

အင်မတန် သွေးအေးသည့် ဦးလင်းမောင်။ ဒီတစ်ခါ ပျာပျာသလဲနဲ့ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်မှာ အင်မတန် ထူးခြား၏။ ဖြစ်ရိုးဖြစ်စဉ် မဟုတ်တာတော့ သေချာသည်ဟု နီနီ မှတ်ချက်ချလိုက်သ်ည။ ကွန်ပျူတာလည်း ပိတ်မသွား။ အားလုံးလည်း စားပွဲပေါ်မှာ ဖရိုဖရဲ။ နီနီ၏ စိတ်ထဲတွင် စဉ်းစားရင်း သံသယတစ်ခု ဝင်လာလေသည်။ ချက်ချင်းထပြီး ဦးလင်းမောင်၏ ကွန်ပျူတာကိုဖွင့်၍ ဖြည်းဖြည်းချင်း စစ်ကြည့်လိုက်သည်။

ထူးခြားမှုနှစ်ခုကို တွေ့ရ၏။ တစ်ခုက တောတွင်းလက်နက်ကိုင်အဖွဲ့တစ်ခုနဲ့ ငွေပေးငွေယူ ပြုလုပ်သည့် ပြေစာမိတ္တူ။ တစ်ခုက မူးယစ်ဆေးဝါး ရောင်းဝယ်မှုအတွက် ငွေပေးငွေယူ အထောက်အထားမိတ္တူတို့ ဖြစ်သည်။ တယ်လီဖုန်းတွင် ချက်ချင်းကူးယူလိုက်သည်။ ပြီးလျှင် ခရီးဆောင်အိတ်ကို ဖွင့်ကြည့်လိုက်ရာ တစ်သောင်းတန်ငွေထုပ်များကို တွေ့ရသည်။ သာမန်လုပ်ငန်းရှင်တစ်ဦး မဟုတ်တာတော့ သေချာသည်။ နီနီ ရေချိုးခန်းဝင်ပြီး ရေချိုးပြင်ဆင်ကာ တစ်သောင်းတန်ငွေလေးထုပ်ကို သူ့အိတ်ထဲသို့ ထည့်လိုက်သည်။ အဝတ်အစား သိမ်းပြီးနောက် အပြင်ဘက်ထွက်လိုက်သည်။ ဟိုတယ်ကောင်တာတွင် အခန်းသော့ကိုအပ်ပြီး တက္ကစီတစ်စီးခေါ်၍ ကားပေါ်တက်ကာ ထွက်သွားလေတော့သည်။

## (၄)

ဦးလင်းမောင်တစ်ယောက် ပင်ပန်းနွမ်းနယ်စွာဖြင့် ဟိုတယ်သို့ ပြန်ရောက်လာသည်။ "ဆရာ…ဒီမှာ အခန်းသော့"ဟု ပြောပြီး လှမ်းပေးသည့်အခါ တစ်ခုခုတော့ မှားနေပြီဟု ရိပ်မိလိုက်သည်။ သို့သော် စိတ်ကိုထိန်း၍ ပြန်မေးလိုက်၏။

"ဆရာ ထွက်သွားပြီး နောက်တစ်နာရီခန့်လောက်မှာ ထွက်သွားတာပါ"

"ဒါဆို မနက်ကတည်းကပေါ့"

ဟု ပြောကာ အခန်းဘက်ကို ချက်ချင်း လျှောက်သွားပြီး တံခါးဖွင့်ကြည့်လိုက်၏။ ဘာမှတော့ လက်ရာပျက်ယွင်းမှု မရှိ။ သို့သော် ပိုက်ဆံထည့်ထားသောအိတ်တွင် ငွေတွေ လျော့နည်းနေတယ်။ နီနီ၏ ပစ္စည်းမှန်သမျှ မရှိ။ ပိပိရိရိနဲ့ သေသပ်စွာ လုပ်သွားတတ်သော နီနီကို ဒီလောက်လုပ်ရဲမည်ဟု မထင်ခဲ့သည်မှာ မှားသွားပြီဖြစ်ကြောင်း သိလိုက်ရလေပြီ။ ဒေါသတွေ အထွတ်အထိပ်သို့ ရောက်သွားကာ ပေါက်ကွဲသွားလေတော့သည်။

''ထိန်လင်း…၊ မင်း အခုချက်ချင်း ဟိုတယ်ကို လာခဲ့။ ဟိုကောင်မ မရှိတော့ဘူး။ ငါ့ပိုက်ဆံတွေယူပြီး လစ်သွားပြီ''

''ဒီလိုဆို ရဲစခန်းမှာ အမှုဖွင့်မယ်။ ခုလာခဲ့မယ် ဆရာ''

''အမှုသွားဖွင့်ရင် မီးခိုးကြွက်လျှောက် ဖြေရမှာပေါ့ကွ။ ငါမသိပဲ ဘာမှ မလုပ်နဲ့။ ဟိုတယ်ကိုသာ အရင်လာခဲ့။ မင်းကို ပေးထားတဲ့ ငွေဖြည့်ကတ်ရှိသေးလား။ ငွေဘယ်လောက်ကျန်သေးလဲ''

''အားလုံးရှိတယ်၊ ကျွန်တော် တစ်ခါမှ မထုတ်ရသေးဘူး ဆရာ''

''အားလုံး ထုတ်ယူလာခဲ့။ ဟိုတယ်ခတွေ ရှင်းပြီးရင် ငါတို့ပြန်မှ ဖြစ်မယ်''

ဟု ပြောကာ ဖုန်းကို ပိတ်လိုက်သည်။ ပြီးမှ ပစ္စည်းများကို ပြန်စစ်ရာ ကွန်ပျူတာ နေရာရွှေ့နေပြီး မီးပိတ်ထားသည်ကို တွေ့လိုက်သည်။ ကွန်ပျူတာကို ချက်ချင်း ဖွင့်ကြည့်လိုက်ရာ ညက သေချာစွာ မပိတ်မိခဲ့သည်ကို သတိရလိုက်၏။ ခုတော့ အသေအချာ ပိတ်ထားသည်။ သေချာပြီ။ ဟိုကောင်မ နီနီ ဖွင့်ပြီးကလိသွားပြီဟု သေချာစွာ သိလိုက်ရလေပြီ။ ခုချိန်မှာတော့ ဘာမှမတတ်နိုင်တော့…။ ကိုယ် ပေါ့လျော့မှုကြောင့်မို့ ဒီနေရာက အမြန်ထွက်ဖို့သာ ဖြစ်သည်။ မကြာမီ ထိန်လင်း ရောက်လာသည်။

''မင်းက ပစ္စည်းတွေ အကုန်စစ်ပြီးသိမ်းခဲ့၊ ငါဟိုတယ်ခရှင်းပြီး စောင့်နေမယ်။ ပြီးတာနဲ့ ချက်ချင်း ထွက်လာခဲ့''ဟု ပြောပြီး ထွက်သွား၏။ သိပ်မကြာပါ။ ထိန်လင်းက ပစ္စည်းများယူပြီး ထွက်လာသည်နှင့် ချက်ချင်းထကာ ဟိုတယ်လှေကားသို့ ဆင်းလိုက်သည်။ ထိုစဉ် မမျှော်လင့်ဘဲ ပြည်သူ့ရဲတပ်ဖွဲ့နှင့်အတူ လုံခြုံရေးများက ရှေ့မှပိတ်ပြီး ရပ်လျက်သား တွေ့လိုက်ရတော့သည်။ ဒီတစ်ခါတော့ အရာရာ နောက်ကျသွားလေပြီဟု သိလိုက်ရလေပြီ။

## (၅)

ဦးလင်းမောင်အား လာရောက်ဖမ်းဆီးသော အဖွဲ့များ ထွက်ခွာသွားသည့်အခါ ဟိုတယ်မန်နေဂျာ ဦးမျိုးထွန်းက စိတ်မကောင်းခြင်းများစွာဖြင့် ခပ်တိုးတိုး ညည်းတွားလိုက်မိလေ၏။

''အကြေကောက် မခင်နီနီရဲ့ အပ်ကွက်မိသွားပြီ ထင်ပါရဲ့။ အကြွေပန်းတွေ ထဲမှာ ခင်နီနီဟာ အချောဆုံးဖြစ်သလို သူ့ထိမိရလည်း အဆိပ်တစ်ခုတော့ မိအောင် လုပ်တဲ့နေရာမှာ အတော်ဆုံး''

"အင်းပေါ့ကွာ။ ငါကြားတာတော့ ဒီလူကြီးရဲ့ ကုန်ကားထဲမှာ မူးယစ်ဆေးတွေမိတယ်လို့ ပြောကြတာပဲ။ ဒါကိုသိလို့ အကြေကောက် မခင်နီနီက လစ်သွားတာဖြစ်မှာပေါ့"

"ဒါဆိုလည်း ဒီကောင်မလေးလည်း ပတ်သက်နေမှာပေါ့ ဆရာ။ သူလည်း အဖမ်းခံရမှာပေါ့" ဟု တပည့်ဖြစ်သူက ပြောသည့်အခါ ဦးမျိုးထွန်းက ခပ်မဲ့မဲ့ ပြုံးရင်း ခေါင်းတညိတ်ညိတ် လုပ်နေလေတော့၏။ ဝိသမလောဘ၏ သားကောင်ဖြစ်မှန်းမသိ ဖြစ်သွားသော ဦးလင်းမောင်အပေါ် ကရုဏာသက်မိသကဲ့သို့ မထင်မှတ်သော လောက၏လှည့်စားမှုအောက်တွင် သခင်ကြင်နာမှ ဝင်ငွေကောင်းရှာကြသည့် နီနီတို့၏ဘဝကိုလည်း စိတ်မကောင်း ဖြစ်မိလေ၏။

"အမ ဘယ်သွားမလဲ" ဟု အငှားကားသမားက နီနီကို မေး၏။

"ပဲခူးကို သွားမယ်" ဟု ပြောပြီး ကားကို ခဏရပ်ခိုင်းလိုက်၏။ ကားပေါ်မှဆင်းကာ လက်ထဲဖုန်းကို ငမိုးရိပ်ချောင်းအတွင်းသို့ ပစ်ချလိုက်လေသည်။

"ကဲ... သွားကြစို့" ဟု ပြောကာ ဘာမှ မဖြစ်သကဲ့သို့ ခပ်တည်တည်ဖြင့် ထိုင်ရင်း ကားဖြင့်ထွက်ခွာသွားလေတော့သည်။

အောင်ကျော်ဆွေ

❐

# ကြမ္မာကြည်ဖြူ ချစ်တဲ့သူ

အောင်ကျော်ဆွေ

'ကိုလင်းမောင်...ကျွန်မကို တကယ်ချစ်တာလား၊
အတည်မေးနေတာနော်'
'ဗျာ... တကယ်ချစ်လို့ ပြောခဲ့တာပါဗျာ၊
စိတ်ဆိုးနေတယ် အောက်မေ့ပြီး မလာရဲတော့တာပါ။
နောက်တစ်ခုက ကျွန်တော့်အလုပ်ရှင်ကို
အတိုင်ခံရရင် အလုပ်ပြုတ်မှာ စိုးလို့ပါဗျာ...'

# ကြမ္မာကြည်ဖြူချစ်တဲ့သူ

အောင်ကျော်ဆွေ

(၁)

ခန္ဓာကိုယ်သွယ်လျပြီး မျက်နှာကလည်းသွယ် သမင်မျက်လုံးနဲ့ ကွေးညွတ်နေတဲ့ နှုတ်ခမ်းအလှက ပြုံးလိုက်တိုင်း လှိုက်ဖိုစရာ အလှပိုင်ရှင် စပယ်ခင်ကိုတော့ လင်းမောင် စွဲမက်ခဲ့တာ ကြာပါပြီ။ ဖွင့်ဟပြောရင် ငြိုငြင်ခံရမှာကလည်း စိုး၊ တိတ်တခိုး အချစ်လိုပဲ ဆိုပါရစေတော့။ ဒီတော့ အရဲစွန့်ပြီး ပြောခွင့်ရမည်ဟု မျှော်လင့်လျက် ကားတံခါးဖွင့်ကာ ပစ္စည်းများချရန် စပယ်ခင့်ဆိုင်ရှေ့သို့ ဆင်းလိုက်သည်။

"ဟင်…ဒီနေ့တော့ ကိုလင်းမောင် ရောက်လာတာ အစောကြီးပါလား။ ထူးထူးဆန်းဆန်း တစ်ယောက်တည်းနော်။ ပစ္စည်းချပေးတဲ့ ကလေးတွေ မပါဘူးလား"

"ဟုတ်တယ် စပယ်ရေ…၊ ပစ္စည်းတွေ ပို့ရမည့်နေရာများတော့ ညကတည်းက တင်ထားတာ။ သူတို့က တစ်နေရာမှာ စောင့်နေကြမယ်။ လမ်းသင့်တဲ့နေရာမို့ အစောကြီး လာခဲ့တာပါ။ စပယ်… သွားစရာရှိလို့လား"

"မရှိပါဘူးရှင်…၊ ကိုလင်းမောင် နံနက်စာ စားပြီးပြီ။ ပဲပြုတ်နဲ့ ထမင်းကြော် ရှိတယ်လေ၊ စားပါလား။ ကော်ဖီ ဖျော်လိုက်မယ်လေ" ဟု စပယ်က လောကွတ်ပျူငှာစွာ ဖိတ်ခေါ်သော်လည်း ရင်ထဲက မလုံမလဲဖြစ်ကာ မစားတော့ပါဘူးဟူ၍သာ

ပြောထွက်သွားလေတော့သည်။ လူရှင်းနေတုန်း ပြောစရာရှိတာလေး တွေ့တုန်း ပြောမှပဲဟု ရဲဆေးတင်ကာ ကောင်တာရှေ့တွင် ထိုင်ချလိုက်လေသည်။

"ဒီနေ့ စာရင်းလေးတွေ ရှင်းမလားလို့ပါ။ ဒီမှာ တိုက်ကြည့်လိုက်ဦး။ ပြီးမှပြောကြတာပေါ့"

"ဒါလေးများ ကိုလင်းမောင်ရယ်...၊ ခါတိုင်းလည်း ရှင်းနေကြပဲဟာ။ စားပြီးမှရှင်းလည်း နောက်မကျပါဘူး။ အန်တီတို့လည်း ဈေးသွားနေတော့ အေးအေးဆေးဆေးပေါ့။ တစ်ခါတည်း ငွေပါထည့်ပေးလိုက်မယ်လေ။ ကော်ဖီလေးတော့ သောက်ပါဦးရှင်" ဟု ပြောပြီး လင်းမောင်ပေးလိုက်သော စာရင်းများကို စစ်ဆေးနေလေ၏။ လင်းမောင်ကတော့ ကော်ဖီခွက်လေးကိုင်ထားရင်း ဘယ်ကစပြောရင် ကောင်းမလဲဟု တွေးမိပြီး ရင်ခုန်နေလေသည်။

(၂)

"စာရင်းအားလုံး မှန်တယ် ကိုလင်းမောင်...၊ ရော့... ဒီမှာငွေတွေ အားလုံး စစ်ကြည့်လိုက်ပါ။ အားလုံး တစ်သိန်းငါးသောင်း"ဟု ပြောကာ လင်းမောင်ရှေ့သို့ ထိုးပေးလိုက်သည်။ လင်းမောင်က ကြောင်ပြီးကြည့်နေလေ၏။

"ကိုလင်းမောင်... ဘာကြည့်နေတာလဲ။ ငွေတွေ စစ်ကြည့်လိုက်လေ"ဟု ပြောပြီး ငွေကို ပျာပျာသလဲနဲ့ လှမ်းယူလိုက်ပြီး စစ်ကြည့်ရာ ကွက်တိဖြစ်နေသဖြင့် စပယ်ခင်က ကောင်တာမှထွက်မည်ပြုစဉ် လင်းမောင်က ရုတ်တရက်လာပြီး ပြောလိုက်သော စကားကြောင့် မျက်နှာတွင် ရှက်သွေးဖျန်းလျက် နီမြန်းနေလေတော့သည်။

"ခဏ နေပါဦး စပယ်...၊ ပြောစရာလေး ရှိလို့ပါ"

"ပြောစရာရှိတာများ စကားပလ္လင်ခံနေရလား ကိုလင်းမောင်ရယ်...၊ ဘာအရေးတာရှိလို့လဲ"

"ကျွန်တော် ပြောမယ့်စကားက ကျွန်တော့်အတွက်တော့ ဘဝနဲ့ချီပြီး အရေးကြီးလို့ပါ"

"စပယ်က ဘာကူညီပေးရမလဲရှင်"

"အဲလိုလည်း ဟုတ်ပါဘူးဗျာ၊ ဘယ်က စပြောရမလဲ မသိတော့ပါဘူးဗျာ။ ကဲဗျာ... မထူးပါဘူး။ ကျွန်တော် စပယ်ကို အရမ်းချစ်ပါတယ်။ မပြောရဲလို့ စောင့်ခဲ့ရတာကြာပါပြီ။ ခုမှပဲ ပြောတာပါ" ဟု ပြောကာ စပယ့် မျက်နှာကိုပင်

မကြည့်တော့ပဲ ချာခနဲ လှည့်ထွက်သွားလေတော့သည်။ စပယ်ခင်အဖို့ ငိုအားထက် ရယ်အားသန် ဆိုသလို ဖြစ်နေလေတော့၏။ ကြည့်လေ ရည်းစားစကား ပြောတာ ကလည်း တုံးတိတိနဲ့ ဖွဲ့နွဲ့မှုမရှိ။ တစ်ဖက်လူ စိတ်ဝင်စားရဲ့လား ဆိုတာကိုပင် ကြည့်မသွား။ ဒီလောက်တောင် သတ္တိကြောင်ရသလား ကိုလင်းမောင်ရယ်ဟု တွေးရင်း စပယ်ခင့် ရင်တွင်းဝယ် မဖော်ပြတတ်သော ခံစားမှုတစ်ခုက တွယ်ငြိ သွားလေတော့သည်။

## (၃)

စပယ်ခင် ဘဝတွင် ငယ်စဉ်ကတည်းက မိမိ၏နှလုံးသား၌ မိဘများပြီးရင် နေရာယူထားသူတစ်ဦး ရှိခဲ့ပြီး ဖြစ်သည်။ ကံမကုန်လို့ ပြန်ဆုံချင်ဆုံမှာဟူသော မျှော်လင့်ချက်တစ်ခုက ယခုချိန်ထိ ရှင်သန်နေဆဲ ဖြစ်သည်။ တကယ်လည်း ဖြစ် သင့်ပါသည်။ နာဂစ် ဟုဆိုလျှင် အောက်မြန်မာပြည်တစ်ခွင်က လူကြီးလူငယ် မှန်သမျှ မေ့မရအောင် မွှေနှောက်ခဲ့ပြီး လူအသက်ပေါင်းများစွာကို ဝါးမျိုသွားခဲ့သလို လူနေမှု အဆောက်အအုံများကို ဖျက်ဆီးချေမှုန်း၍ သွားခဲ့သည့် သဘာဝဘေးတစ်ခုနှင့် ကြုံတွေ့ခဲ့ရ၏။ ယခင်အဖြစ်အပျက် ဘေးအန္တရာယ်ကို ဘဝပျက်မတတ်ခံစားရဖူး သူများထဲတွင် စပယ်ခင်လည်း အပါအဝင် ဖြစ်သည်။ တကယ်တော့ စပယ်ခင်၏ နာမည်ရင်းမှာ စောခင် ဖြစ်၏။

ဧရာဝတီတိုင်း လပွတ္တာမြို့နယ်မှဖြစ်ပြီး ဝါးခယ်မမြို့နယ်၊ ကျုံမငေးနဲ့ ခပ် လှမ်းလှမ်း တစ်ဖက်ကမ်းရှိ ရွာကြီးတစ်ရွာမှ ဖြစ်၏။ လေမုန်တိုင်းတိုက်သည့် နှစ်တွင် ငါးတန်းသူလေးဘဝ ဖြစ်၏။ မှတ်မိသမျှဆိုလျှင် လေမုန်းတိုင်းတိုက်နေ စဉ် မထင်မှတ်ဘဲ မိဘများနှင့်အတူ ပျဉ်ချပ်ကြီးတစ်ခုကို တွယ်ဖက်ရင်း မျောပါ ခဲ့ကြသည်။ အမှတ်မထင်သော ရေလှိုင်းက ခပ်ကြမ်းကြမ်းတွယ်ဖက်ထားသော မြခင်၏လက်ကလေး ပြုတ်ထွက်ကာ ကယ်ပါယူပါ တစာစာအော်ရင်း ရေစီးထဲသို့ မျောပါသွားလေသည်။ မိဘများကလည်း မမြင်နိုင်တော့ပေ။

ထိုစဉ် အမှောင်ထဲက လက်တစ်ဖက်က ရုတ်တရက်ဆွဲခံရကာ မျောပါရာမှ သစ်တုံးငယ်တစ်ခုတွင် မတိမ်းမယိမ်း ရွယ်တူယောကျ်ားလေး တစ်ဦးနှင့်အတူ မျောပါခဲ့ရပြန်၏။ မိုးရွာနေသော်လည်း လျှပ်စီးများ ဆက်တိုက်လက်နေသဖြင့် တစ်ချက်တစ်ချက်တွင် သူ့အသက်ကို ကယ်ခဲ့သူလေး၏ မျက်နှာကို မြင်ရသည့်အခါ အားတက်သွားခဲ့သည်။ သူက အခြားသူ မဟုတ်။ တခြားရွာက ကျောင်းလာတက်

သည့် ရှစ်တန်းက အစ်ကိုကြီးတစ်ဦး ဖြစ်၏။ သို့ဖြစ်၍ မြခင်အဖို့ ကြောက်စိတ် ပြေခဲ့ရသည်။ သိပ်မကြာလိုက်ပါ။ ရေစီးက ပို၍သန်လာပြီး လှိုင်းကလည်း ပြင်းထန်စွာ ရိုက်ခတ်လျက်ရှိ၏။ ထိုစဉ် အမှတ်မထင်သော သစ်ကိုင်းငယ်လေးတစ်ခုက သူ့ကို ကယ်ထားသော အစ်ကိုကြီးအား ဖြတ်ရိုက်လိုက်ရာ အားခနဲအော်ကာ ရေစီးနှင့်အတူ မျောပါသွားပြန်တော့သည်။

ကြောက်မက်ဖွယ်ရာများကို ဖြတ်သန်းရင်း ကံကောင်းခြင်းက မြခင်၏ သစ်တုံးသည် မုန်တိုင်းစဲခါနီးတွင် လပွတ္တာမြို့နဲ့ မလှမ်းမကမ်း သောင်ပြင်ပေါ်တွင် တင်ခဲ့လေသည်။

သွေးပျက်ဖွယ်ရာ နာဂစ်တွင် မြခင်၏ ရွာတစ်ခုလုံးမှ လူများအနက် မည်သူ့ကိုမျှ မတွေ့ရတော့။ မြခင်သာလျှင် အသက်ရှင်ပြီး တခြားသော ဒုက္ခသည်များနှင့်အတူ ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားအနီးမှ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ဘေးရန်ကင်းစွာ နေထိုင်ရလေသည်။ ဘုန်းတော်ကြီးကလည်း သဘောကောင်းပြီး တပည့်ဒါယိကာ၊ ဒါယိကာမများကလည်း တောင်းတင့်သည်။ အခြားသော အလှူရှင်မလာလျှင်လည်း စိတ်မပူကြရန်ပြောပြီး နှစ်သိမ့်တတ်ပြန်သည်။

ယင်းသို့ မှီခိုနေထိုင်ရင်း တစ်နေ့တွင် အသက်ငါးဆယ် အရွယ်ခန့်ရှိသူ ဇနီးမောင်နှံနှစ်ဦးက မြခင်ကို မြင်လျှင်မြင်ချင်း ချစ်ခင်လေသလားမသိ။ ဘုန်းတော်ကြီးထံတွင် အမွေစားအမွေခံအဖြစ် မွေးခွင့်ပြုရန် လျှောက်ထားလေတော့၏။ ဘုန်းတော်ကြီးကလည်း တပည့်ရင်းများဖြစ်၍ မွေးစားခွင့်ပြုရာမှ မြခင်၏ဘဝမှာ ကံကောင်းစွာဖြင့် ဘဝပြောင်းခဲ့ရခြင်း ဖြစ်လေသည်။ ထိုမှစ၍ မြခင်ဟူသည့်အမည်နာမမှာ စပယ်ခင်ဘဝသို့ ရောက်ရှိသွားလေတော့သည်။

## (၄)

စပယ်ခင်ဘဝတွင် မထင်မှတ်ဘဲ တစ်ဦးတည်းသောသမီးအဖြစ် နှစ်ဘဝရခဲ့လေသည်။ ဦးမင်းဇင်နှင့်ဒေါ်အေးသိန်းတို့တွင် သားသမီးမထွန်းကားသဖြင့် မွေးစားသမီး ဖြစ်ခဲ့ရပြန်သည်။ ပို၍ကံကောင်းသည်မှာ လိုလေသေးမရှိ နေရခြင်းဖြစ်သည်။ သို့သော်လည်း စပယ်ခင်က ဘဝ နာထားသူဖြစ်၍ ထိန်းထိန်းသိမ်းသိမ်းနေတတ်လေပြီ။ နေ့စဉ်ဘုရားရှိခိုးပြီး နာရီဝက် တရားထိုင်၍ ကောင်းမှုကုသိုလ်လုပ်ရန် မပျက်ပေ။ ဘွဲ့ရသော်လည်း အစိုးရအလုပ်ကို မလုပ်ခိုင်းဘဲ အိမ်ဆိုင်လေးဖွင့်ပေးထားသဖြင့် အိုးမကွာအိမ်မကွာ အသက်မွေးဝမ်းကျောင်း ပြုရသည်မှာ

ကံကောင်းသည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ ဦးမင်းဇင်တို့အပေါ်တွင် သားသမီး အရင်းကဲ့သို့ တာဝန်ကျေအောင် ပြုစုစောင့်ရှောက်နေရသည်ကိုပင် အားရကျေနပ်နေမိ၏။ ဆိုင်ဖွင့်စကပင် ကိုလင်းမောင်တို့က ထောပတ်၊ ပေါင်မုန့်နှင့် ပဲမုန့်တို့ကို တင်ရောင်းစနစ်ဖြင့် ချထားပေးရာမှ အစဉ်တစိုက် ခင်မင်စွာ ဆက်ဆံလာခဲ့ရင်း အကျွမ်းတဝင် ရှိရခြင်းဖြစ်၏။ ဒီနေ့ဆိုလျှင် ကိုလင်းမောင် ရည်းစားစကား ပြောပြီး ကတည်းက ပျောက်သွားသည်မှာ နှစ်လနီးပါးရှိပြီ ဖြစ်၏။ ရှက်၍ပဲ မလာသည် လား…။ အလုပ်များနေ၍လား သတိတရ တွေးနေမိသည်။ ထိုစဉ် ဆိုင်ရှေ့သို့ ကိုလင်းမောင်တို့ကားက ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာလေသည်။

"ကိုလင်းမောင်တို့များ နေနိုင်လိုက်တာရှင်။ အလုပ်မှာ ရှိမှရှိရဲ့လားလို့ ထင်နေတာ"ဟု မသိဟန်ဆောင်ပြီး မေးလိုက်သည့်အခါ ရှက်ကိုးရှက်ကန်း မျက်နှာဖြင့် ပြုံးနေလေတော့၏။

"သတိရပါတယ်ဗျာ…၊ စက်ရုံက သေးရတဲ့အထဲ အမည်သစ်မုန့်တစ်မျိုး ထပ်ပြီး စမ်းသပ်ထုတ်လုပ်တာကြောင့် နည်းနည်း အလုပ်ရှုပ်သွားလို့ပါ။ သတိမရဘဲ နေပါ့မလားဗျာ"

"ဘာမုန့်များလဲ ကိုလင်းမောင်ရဲ့…" မေးလိုက်ရာ ကားပေါ်မှာ မုန့်ထုပ်ကို လှမ်းယူပြီး ပေးလိုက်လေသည်။

"ကူကီး တစ်မျိုးပါ၊ အရသာက တစ်မျိုးလေးဗျ၊ သိပ်မချိုအောင် လုပ်ထားတယ်။ စားကြည့်ပါဦး။ ပြီးရင် အရသာလေး ရှိမရှိ သိရတာပေါ့" ဟု ပြောရင်း မုန့်ကိုပေးလိုက်ရာ စပယ်ခင်လည်း မငြင်းသာဘဲ အနည်းငယ်စမ်း၍ စားကြည့်လိုက်သည်။ အရသာရှိပြီး အချိုလည်းပေါ့သည်။ အတော်လေးနူးညံ့၏။

"မဆိုးဘူး ကိုလင်းမောင်ရဲ့၊ အရောင်းတွင်နိုင်ပါတယ်။ နမူနာထားခဲ့လေ" ဟု ပြောရင်း နောက်ဘက်ရှိ ဘေစင်တွင် ရေဖွင့်ပြီး လက်ဆေးလိုက်ရာ ဘုံဘိုင်ခေါင်းမှာ ရုတ်တရက် ရေများပန်းထွက်လာလေတော့၏။

"အမယ်လေး… လုပ်ပါဦး ကိုလင်းမောင်။ ခုနကပဲ အကောင်းကြီး ရှိသေးတာ" ဟု ပြောသဖြင့် လင်းမောင်လည်း အင်္ကျီလက်စကို ပင့်ကာကားထဲမှ ခွနှင့်ပလာယာ ယူပြီး ပိုက်ခေါင်းကို အမြန်လှည့်ချုတ်လိုက်လေတော့သည်။ ပြီးလျှင် အဝတ်စဖြင့် ခေတ္တစည်း၍ ပိတ်ထားလိုက်လေသည်။ ထိုစဉ် အမှတ်မထင်ဘဲ စပယ်ခင်က လင်းမောင်၏လက်ဖျံမှ အမဲရောင်အမှတ်အသားကို ရုတ်တရက် မြင်

လိုက်၏။ ဟန်မဆောင်နိုင်ဘဲ လင်းမောင်၏လက်ကို ဆွဲလှည့်လိုက်ရာ လင်းမောင်ပင် အံ့အားသင့်သွားလေသည်။ ပို၍ အံ့အားသင့်မိသည်မှာ စပယ်ခင် ဖြစ်လေ၏။

(၅)

"ကိုလင်းမောင်ကို မေးစရာတစ်ခု ရှိတယ်။ အမှန်တိုင်းဖြေနော်"

"ဘာများလဲ စပယ်ရဲ့"

"ကိုလင်းမောင် လက်ဖျံက အမှတ်အသားဟာ ဘယ်တုန်းကဖြစ်နေတာလဲ"

"ဒါလား၊ ဘာများလဲလို့၊ ငယ်ငယ်ကတည်းက မွေးရာပါ အမှတ်အသားလေ ဘာဖြစ်လို့လဲ"

"စပ်စုကြည့်မယ်နော်၊ ကိုလင်းမောင် ဇာတိက ဘယ်ကလဲ"

"ဧရာဝတီတိုင်း လပွတ္တာမြို့နယ်က ရွာလေးတစ်ရွာကပါ။ ခုမှပဲ လူဝင်မှုကြီးကြပ်ရေးနဲ့ တိုးနေထင်ပါရဲ့" ဟု အရွှန်းဖောက်ပြီး မေးလိုက်ရာ စပယ်ခများ တခစ်ခစ် ရယ်မောကာ သဘောကျသွားလေတော့သည်။

"ဒါဆို ဆက်မေးမယ်။ နာဂစ်တုန်းက ဘယ်မှာရှိနေခဲ့လဲ ကိုလင်းမောင်"

"စပယ်အနေနဲ့ ကျွန်တော့်အပေါ် မသင်္ကာစရာ သံသယတစ်ခုခုများ ရှိနေလို့လားဗျာ" ဟု မေးလိုက်ပြီး အတူပါလာသည့် အရောင်းဝန်ထမ်းများကို မျက်စိမှိတ်ပြလိုက်ရာ သူတို့လည်း မသိချင်ယောင်ကာ ရှောင်ထွက်သွားကြလေသည်။ စပယ်ကမူ နှုတ်ခမ်းလေးကို စေ့စေ့ကိုက်ကာ စဉ်းစားပြီးမှ ထပ်မေးပြန်၏။

"ဒီတစ်ခါ မေးတဲ့မေးခွန်းက ကိုလင်းမောင်အတွက်ရော စပယ့်အတွက်ပါ အရေးကြီးတယ်နော်။ သတိထားပြီးဖြေပါ။ နာဂစ်တုန်းက ရေထဲမှာ မျောပါခဲ့ဖူးသေးလား"

"အင်း… မျောပါဖူးတာမှ မသေရုံတမည်ပါဗျာ။ အရမ်းကံကောင်းလွန်းလို့သာ ကျန်ခဲ့ပြီး ခုလို အသက်ရှင်နေတာပါ။ မိဘတွေကတော့ ကံမကောင်းရှာကြပါဘူး။ မှတ်မိသေးတယ်ဗျ။ ကျွန်တော့်လိုပဲ ကလေးမတစ်ယောက် မျောပါလာတာ သူ့ကိုကယ်ရင်း သစ်တုံးရိုက်မိပြီး ရေထဲမျောလိုက်တာဗျာ။ ကံကောင်းတော့ သစ်ပင်ခွကြားမှာ သွားတင်နေတယ်။ ရေကျမှ ပြန်ဆင်းရတာဗျ"

"အဲဒီတုန်းက ကိုလင်းမောင် ကယ်ခဲ့တဲ့ ကလေးမကို တွေ့ရင်မှတ်မိပါဦးမလားရှင်"

"သူရောကိုယ်ရော သေရေးရှင်ရေး ကြိုးစားနေရတာ ဘယ်မှတ်မိမလဲဗျ။ သူက ကျွန်တော့်ထက် ငါးနှစ်လောက် ငယ်မှာပဲ။ သူလည်း ကံကောင်းထောက်မရင်တော့ အသက်ရှင်မှာပေါ့လေ၊ နေပါဦးဗျ... အကြောင်းရှိလို့လား" ဟု မေးလိုက်စပယ်ခင်၏ ပြန်မေးသည့် မေးခွန်းကြောင့် လင်းမောင် ငြိမ်ကျသွားလေတော့သည်။

"ကိုလင်းမောင်...ကျွန်မကို တကယ်ချစ်တာလား၊ အတည်မေးနေတာနော်"

"ဗျာ... တကယ်ချစ်လို့ ပြောခဲ့တာပါဗျာ၊ စိတ်ဆိုးနေတယ် အောက်မေ့ပြီးမလာရဲတော့တာပါ။ နောက်တစ်ခုက ကျွန်တော့်အလုပ်ရှင်ကို အတိုင်ခံရရင် အလုပ်ပြုတ်မှာ စိုးလို့ပါဗျာ..."

"ကိုလင်းမောင် ကယ်ခဲ့တဲ့ ကလေးမဆိုတာ ကျွန်မပဲရှင့်"

"ဟုတ်ရဲ့လားဗျာ၊ မှန်ရင်တော့ ကျွန်တော် ကယ်ရကျိုးနပ်တာပေါ့ဗျာ၊ ကျွန်တော် ဘယ်လို ယုံရမလဲ၊ ပြောပါ စပယ်ရယ်..."

"ကိုလင်းမောင်လက်က အမှတ်အသားကို စပယ် ကောင်းကောင်း မှတ်မိတယ်။ ဘာပြုလို့လဲဆိုတော့ လျှပ်စီးတွေလက်တိုင်း အဲဒီအမှတ်အသားကို မြင်ခဲ့လို့ပေါ့ရှင်။ ဒါကြောင့်မို့ အသေအချာ မေးနေတာ"

"ဒါဆို ဝမ်းသာလု[illegible]ါနဲ့ ဒီလိုဘဝမျိုး တွေ့ရတာ မိဘတွေနဲ့ ပြန်တွေ့လို့လားဗျ"

"မဟုတ်ပါဘူးရှင်။ ကျွန်မက မွေးစားသမီးအဖြစ် ခံယူလိုက်လို့ပါ။ ဒါတွေ နောက်မှ ပြောကြတာပေါ့ရှင်။ ပြောရရင်လည်း အရှည်ကြီးပဲ။ ကိုလင်းမောင် အချိန်ရလို့လား"

"ရပါတယ်ဗျာ၊ တကယ်တော့ ပစ္စည်းအသစ်လည်း ကြော်ငြာရင်း စပယ့်ဆီက အဖြေကိုလည်း တောင်းဖို့ စိတ်ကူးလေးနဲ့ လာခဲ့တာဗျ။ ဒီရောက်တော့ မထင်တာတွေဖြစ်လို့ ဘာပြောရမှန်း မသိတော့ဘူး။"

"ဒါဆို အဖြေမတောင်းတော့ဘူးပေါ့နော်"

"တောင်းခွင့်ရရင်တော့ တောင်းချင်တာပေါ့လေ။ ဒါပေမယ့် အခွင့်အရေးယူသလို ဖြစ်မှာစိုးလို့ပါ စပယ်ရယ်။ ကျွန်တော် တကယ်ချစ်တာပါဗျာ"

"ကျွန်မက မချစ်ဘူးဆိုရင် ဘယ်လိုလုပ်မလဲ" ဟု အကဲစမ်းပြီး မေးလိုက်ရာ လင်းမောင်၏ မျက်နှာညှိုးကျသွားလေတော့သည်။ ယင်းအဖြစ်ကို ကြည့်ကာ စပယ်ခမျာ မအောင့်နိုင်တော့ဘဲ တခစ်ခစ်နဲ့ ရယ်မောနေရာ လင်းမောင်ခမျာ [illegible]ချင်စိတ် ပေါက်နေလေတော့၏။

"မရယ်ပါနဲ့… မစပယ်ရယ်၊ တိတိကျကျကလေး ဖြေပေးပါ။ ကျွန်တော် ခံနိုင်ရည် ရှိပါတယ်ဗျာ…"

"တကယ်လားရှင့်၊ ပြီးမှ စိတ်တိုပြီး မရမ်းနဲ့နော်"

"မရမ်းပါဘူးဗျာ၊ ကလေးမှ မဟုတ်ဘဲ။ ဖြေမှာသာ ဖြေပေးပါ"ဟု အရဲစွန့်ပြီး ပြောလိုက်၏။

"ကျွန်မ ရှင့်ကို မမုန်းပါဘူး"

"ဟာဗျာ…မချစ်ဘူး၊ ချစ်တယ်ပဲ ပြောပါဗျာ။ ဝေ့ဝိုက်ပြောမနေပါနဲ့ တော့"

"ဒီမှာ ကိုလင်းမောင်၊ ကျွန်မက မိန်းမသားရှင့်၊ ဒီထက်ပို မပြောနိုင်ဘူး လေ။ ရှင့်ဘာသာရှင်တွေးကြည့်ပေါ့"ဟု စပယ်ခင် ပြောမှ မွန်ထူနေသော စိတ်ကို ပြန်စဉ်းစားလိုက်ရာ ချက်ချင်း သဘောပေါက်သွားပြီး ဘာမပြော ညာမပြောဖြင့် စပယ်ခင်ကို အားနှင့်ပြေးဖက်လိုက်လေတော့သည်။

"ခုမှ သဘောပေါက်တယ်။ မမုန်းဘူးဆိုတာ ချစ်လို့ပေါ့ဗျ" ဟု ဆိုကာ တင်းကျပ်စွာဖက်ထား၏။

"လွှတ်ပါရှင့်၊ သူများတွေမြင်ရင် အတိုင်ခံရမယ်နော်" ဟု ပြောလွှတ် လိုက်လေသည်။

ကံကြမ္မာဟူသည် အတော်ဆန်းကြယ်၏။ သေကံမရောက်သော ဘဝနှစ်ခုကို ပြန်လည်ဆုံစည်းပေးရာတွင် ငြိုငြင်မှုမရှိဘဲ ကြည်ဖြူစွာ ချစ်ခွင့်ပေးလိုက်သော အခါ လင်းမောင်နှင့်စပယ်ခင်တို့၏ အချစ်ရေးသည် အဖုအထစ်မရှိဘဲ ဖြောင့်ဖြူးခြင်း အတိနဲ့ ကြည်ဖြူစွာ ပျော်ရင်းချစ်ချင်းအစ အရသာကို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် တစိမ့်စိမ့် ခံစားနေကြလေတော့သတည်း။

**အောင်ကျော်ဆွေ**

❑

# ကြုံပေမယ့် ဆုံခွင့်ရဲ့ကံကြမ္မာ

## အောင်ကျော်ဆွေ

ဦးဘသော်၏ သေမှုသေခင်းက
ပြီးသွားသော်လည်း လင်းမောင်တို့အပေါ် အငြိုးထားမှုကား
အခြေအနေ ပိုမိုဆိုးဝါးလာလေတော့သည်။

# ကြုံပေမယ့် ဆုံခွင့်ရဲ့ကံကြမ္မာ

အောင်ကျော်ဆွေ

(၁)

နွေဦးရဲ့ဆည်းဆာနဲ့ သာယာသောညနေခင်းမှာ သိချင်းတအေးအေးညည်း၍ မောင်းနေသောကားကို လမ်းဘေးချပြီး ရုတ်တရက် ရပ်လိုက်သောကြောင့် ကိုလင်းမောင်တစ်ယောက် လှမ်းကြည့်လိုက်သောအခါ ရွာလူကြီးဟု ထင်ရသူတစ်ဦးနှင့် အတူ ပြည်သူ့ရဲတပ်ကြီးတစ်ဦးအပြင် ဆရာမတစ်ဦးတို့ ရပ်နေကြသည်ကို တွေ့လိုက်ရ၏။ ကားတံခါးဖွင့်ပြီး အောက်သို့ဆင်း၍ မေးမြန်းမည် ပြုစဉ်မှာပင် ရဲတပ်ကြပ်ကြီးက ပြုံးရွှင်စွာဖြင့်မေတ္တာရပ်ခံလာလေသည်။

“ဒီရွာက အလယ်တန်းပြဆရာမလေးပါ။ အိမ်မှာ သူ့အဖေ နေမကောင်းလို့ ပြန်ရမည်ဗျ။ ပြန်စရာ ကားကြုံကလည်း သိပ်မရှိတော့ ဆရာတို့ကားနဲ့ လိုက်ခွင့်ပြုပါဗျာ။ သူတစ်ယောက်တည်းပါ”

ဒီတော့မှ ဒုက္ခ။ ကားနောက်ခန်းတွင် ထိုင်စရာ မရှိ။ ငါး၊ ပုစွန် ရေခဲပုံးကလည်း အလုံး (၂၀) ကို တင်ထားလေတော့ မိန်းကလေးတစ်ဦးအတွက် ထိုင်ရန် မသင့်။

“ဆရာမရေ…၊လိုက်ချင်လိုက်လို့ရပေမယ့် နေရာကတော့ မြင်တဲ့အတိုင်းပဲ ဗျ။ ရှေ့ခန်းမှာ ကျွန်တော်နဲ့အတူ ထိုင်နိုင်ရင်တော့ လိုက်ခဲ့ပါ။ အားနာလို့ ပြောတာပါဗျာ” ဟုပြောလိုက်ရာ ဆရာမလေးက အားရဝမ်းသာစွာဖြင့် ဆွဲခြင်းလေး ကောက်ယူလိုက်၏။

"ဘာမှအားနာစရာ မလိုပါဘူးရှင်။ လိုက်ခွင့်ရတာကိုပဲ ကျေးဇူးတင်လှပါပြီ။ ကျွန်တော်တို့ ဆရာမတွေကတော့ နယ်မှာတာဝန်ကျနေကတည်းက ကြုံရင်ကြုံသလို သွားနေကြရတာပါ။ အစ်ကို့ကို ယုံကြည်ပြီးသားပါရှင်" ဟု ချိုသာစွာ ပြန်ပြောသဖြင့် ကိုလင်းမောင်က ကားတံခါးဖွင့်ပြီး ပထမဦးစွာတက်ပြီး ဆရာမလေးကို ဘေးမှထိုင်စေကာ ထွက်ခွာလာလေတော့သည်။

"ဒီနေ့တော့ တို့ဆရာလူပျိုကြီး ထီပေါက်ပြီဟေ့..." ဟူသော နောက်ခန်းမှ အေးမင်းစကားကြောင့် ဆရာမလေး မျက်နှာတွင် ရှက်သွေးဖြာသွားလေသည်။

"ဟေ့ကောင်... အေးမင်း၊ ပါးစပ်ပိတ်ထား၊ ဒါနောက်စရာ မဟုတ်ဘူး။ ငါ့သိက္ခာရော သူ့သိက္ခာပါ ထိခိုက်တယ်" ဟု ပြောလိုက်မှ ငြိမ်သွားတော့၏။

"ရပါတယ် အစ်ကိုရယ်။ အရွယ်က သိပ်မကွာလေတော့ ဒီလိုနောက်ပြောင်ခံရတာ မဆန်းပါဘူး။"

"ဆရာမလေး အဖေ ဘာဖြစ်လို့လဲဗျ"

"သိပ်ပြီး ဖျားဟန်တော့မတူပါဘူး။ အရင်တစ်ပတ်က အလုပ်များလို့ မပြန်ဖြစ်ဘူး။ စိတ်ပူလို့ ပြန်ခေါ်တာလည်း ဖြစ်နိုင်ပါတယ် အစ်ကို"

"ကျွန်တော်က ကိုလင်းမောင်ပါ။ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ရေး စက်ရုံတစ်ခုက မန်နေဂျာတစ်ဦးပါ။ နေတာတော့ ရန်ကင်းမှာပေါ့"

"ကျွန်မက ဆရာမသီတာသော်။ နေတာက အင်းစိန်မှာပါ။ ဖေဖေကတော့ အရင်က အစိုးရစက်ရုံတစ်ခုမှာ ဖိုမင်အဖြစ် လုပ်ပါတယ်"ဟု ပြန်ပြော၏။

"ဒါဆို လမ်းကြုံတာပဲ ဆရာမလေး။ အင်းစိန်ပန်းခြံလောက်ရောက်ရင် အဆင်ပြေမလား"

"ဟုတ်ကဲ့... အဆင်ပြေပါတယ်ရှင့်၊ အားနာစရာ ဖြစ်နေပြီ အစ်ကိုလင်းမောင်"

"ဆရာမလေး သီတာမှာ ဖုန်းရှိလား"

"ဘာဖြစ်လို့လဲ အစ်ကို"

"ကျွန်တော်က လောကြီးသွားတယ်။ ဒီလိုပါ ဒီကားက သောကြာနေ့တိုင်း လှည်းကူးက ငါးကန်တွေဆီလာတယ်။ ခုလိုပဲ လမ်းကြုံရင် ပြန်ရတာ သက်သာတာပေါ့လေ" ဟု ပြောမှ ရယ်မောကာ တယ်လီဖုန်းနံပါတ် ပေးလေတော့သည်။ စကားတပြောပြောနဲ့ လာခဲ့ကြရာ မကြာမီ အင်းစိန်ပန်းခြံသို့ ရောက်လာပြီဖြစ်၍ ကားရပ်ပေးသောအခါ နှုတ်ဆက်ရင်း ဆင်းသွားလေတော့သည်။

(၂)

အအေးခန်းစက်ရုံ လောကမှာတော့ လင်းမောင်ဆိုရင် မသိသူခပ်ရှားရှားပင် ဖြစ်၏။ လူက ရိုးသားပြီး ကြိုးစားသလောက် စည်းကမ်းကြီးသဖြင့် တစ်ခါတရံ သူဌေးနှင့်ပင် စကားအတင်မခံသဖြင့် အောက်လက်ငယ်သားများက ချစ်ကြောက် ရိုသေကြသည်။ ဒါ့ကြောင့်လည်း သူဌေးက သူ့ကိုယုံပြီး စက်ရုံတစ်ခုလုံး အပ်နှံ ထားခြင်း ဖြစ်၏။

တင်းကျပ်တာများတော့ သူ့ကိုယ်သူ သူဌေးသမက်များ မှတ်နေလားဟု မေးငေါ့ ကြသည်။

"ဆရာ·· ရေခဲစက်ဘက်က ရေအေးခံ ပိုက်လိုင်းတွေရော ရေကန်ကိုပါ ပြန်ပြီးသန့်ရှင်းရေးလုပ်ဖို့ လိုလာပါပြီ"

"ငါသေချာတော့ ကြည့်ထားပြီးပြီ။ နည်းနည်းတော့ ထားလို့ရပေမယ့် ခုလို ငါးပုစွန်တွေ ကုန်တက်နည်းချိန်မှာ ပြင်ထားနိုင်ရင် ကောင်းတာပေါ့လေ။ အင်ဂျင်နီယာ ကိုဝင်းဇော်ကို ခေါ်ပြီး သေချာစစ်ပါ။ ပြီးရင် ခန့်မှန်းခြေ ကုန်ကျစရိတ် တွက်ချက်ပြီး ငါ့ဆီတင်ပါ။ ဒီတစ်ပတ် ဒါရိုက်တာ အစည်းအဝေးကို တင်မယ်။ လုပ်ခွင့်ရတာနဲ့ စကြတာပေါ့။ တစ်ခုတော့ ရှိတယ်နော်။ စက်ခန်းဝန်ထမ်းတွေနဲ့ လောက်မှာ မဟုတ်လို့ အပြင်က သံဂဟေဆော်တတ်လို့ ကျွမ်းကျင်သူရှိရင် သေချာ စုံစမ်းထား။ အမိုးနီးယားပိုက်လိုင်းတွေက Return ပြန်ဆွဲထားတာ မှန်ပေမယ့် သံချေးကိုက်နေရင် အရမ်းအန္တရာယ်များတော့ သတိထား"ဟု ပြောလိုက်လေ သည်။

(၃)

သမုဒယ သံယောဇဉ်ဟူသည် အချိန်နေရာမရှိဘဲ မသိမသာ ငြိတွယ်လာခြင်း ကစ၍ ဝင်လာနိုင်သော မေတ္တာဖြစ်လေသည်။ လင်းမောင်သည် သီတာသော်နှင့် တွေ့နိုင်မှုစ၍ မဖော်ပြတတ်သော ခံစားမှုက မေတ္တာနယ်သို့ တွန်းပို့ခဲ့လေပြီလား။ အသံလေးကြားနေရလျှင်ပဲ စိတ်ကအလိုလို ပျော်နေမိသည်။ သူက ဖုန်းမပြန်ဆက် လျှင်လည်း မျှော်နေမိသည်။ ဒီလိုနဲ့ပဲ ရုန်းမထွက်နိုင်တဲ့ သံယောဇဉ်ကြိုးကတိုးလို့ ရစ်ပတ်နွယ်ကာ အင်မတန်ချစ်ကြသော ချစ်သူဘဝသို့ ရောက်သွားကြလေတော့ သည်။ စဉ်းစားရင်းလည်း ပီတိတွေဝေနေလေသည်။

"ကရင်နှစ်သစ်ကူးနေ့မှာ ကိုမောင်တို့က မိုးယွင်းကြီးအင်းဘက်ကို စက်ရုံဝန်ထမ်းတွေနဲ့အတူ ပျော်ပွဲစား ထွက်မလို့ဆို"

"သီတာရဲ့... သတင်းက မြန်လှချည့်လား"

"ဒီလိုပဲလေ... ကိုမောင်က မခေါ်ချင်လို့ တိတ်တိတ်ကလေး စီစဉ်တာမဟုတ်လား။ ရပါတယ်ရှင်၊ နားလည်မှုလေးနဲ့ပဲ ကျေနပ်ရတော့မှာပေါ့ရှင်..."

"ကိုမောင် စီစဉ်တာ မဟုတ်ဘူး။ လူကြီးတွေ စီစဉ်ပေးတာပါ။ သီတာလိုက်မယ်ဆိုရင် ကိုယ်ကကောင်း ပျော်နေမိပြီ။ ကိုယ့်ချစ်သူနဲ့ လွတ်လွတ်လပ်လပ်ပျော်ရမှာမို့လေ..."

"ဒါမျိုးကျတတ်တယ်။ ဝန်ထမ်းတွေ ရှေ့မှာနော်၊ ရှက်စရာတော့ မလုပ်နဲ့ကြိုပြောထားမယ်"

"အမယ်လေး... တွေ့တောင် မတွေ့ရသေးဘူး။ စည်းကမ်းက ထုတ်နေပြီ။ ဆရာမလို့ မပြောရဘူး။"

"အဲလိုလည်း ဟုတ်ပါဘူး ကိုမောင်ရယ်...၊ သီတာက ပိုပြီးတောင် ကိုယ့်ချစ်သူရဲ့ ယုယမှုကို လိုချင်တာပါ။ ဒါပေမယ့် သူများရှေ့တွေမှာတော့ သိက္ခာလေးနဲ့နေပါရစေရှင်"

"အိုကေပါ အချစ်ရယ်...၊ မနက်စောစော အိမ်က အဆင်သင့် စောင့်နေ၊ ကိုယ်လာခေါ်မယ်" ဟု ပြောကာ ဖုန်းကိုချရင်း ပျော်ရွှင်ခြင်းအတိနဲ့ ပြုံးမိလေတော့သည်။

## (၄)

မိုးယွင်းကြီးအင်းသည် ဆောင်းခိုငှက်များ လာရောက်နားခိုချိန်ဖြစ်၍ ငှက်မျိုးစုံလင်လှ၏။ ရာသီဥတုကလည်း သိပ်မအေးလှပေ။ နားရက်ဖြစ်၍ ဝန်ထမ်းများလည်း ပျော်နေကြသည်။ လွတ်လပ်ပေါ့ပါးစွာ ပျော်နေသည်ကို ကြည့်ရင်း ငြိမ့်ဖြစ်နေမိသည်။ သီတာသော်လည်း လူအများနဲ့ မသွားဖူးသဖြင့် ပျော်နေပုံရသည်။ ထိုစဉ် သူဌေးသမီး နန်းချယ်ရီ ရောက်လာလေတော့သည်။

"ကိုမောင်ကတော့ ရက်စက်လိုက်တာနော်... နန်းကိုတော့ မခေါ်ဘဲ၊ တခြားလူကြတော့ ခေါ်တယ်။ နန်းက ပထမလူနော်။ ဒုတိယလူ မဖြစ်ချင်ဘူး" ဟု ပြောကာ လင်းမောင်အနားတွင် ခပ်တည်တည် ဝင်ထိုင်လိုက်သည်။ သီတာသော်၏ မျက်နှာ ကွက်ခနဲ ပျက်သွားပြီး မျက်ရည်များ ဝဲလာလေတော့သည်။

"သူက ဘယ်သူလဲ ကိုမောင်"

"တခြားဟာ နောက်ပါ နန်းရယ်…၊ ဒီလိုတော့ မလုပ်ပါနဲ့။ သူက ကိုယ့်ချစ်သူပါ။ ဆရာမလေး သီတာသော်တဲ့။ သီတာရေ… သူက ကိုယ့်တို့စက်ရုံ ပိုင်ရှင်ရဲ့သမီးငယ် နန်းချယ်ရီတဲ့…" ဟု မိတ်ဆက်ပေးလိုက်သောအခါ နန်းချယ်ရီက ဟားတိုက်ရယ်မောရင်း ပွင့်လင်းစွာ ပြောလိုက်တော့မှ သီတာသော်၏ ရင်ထဲတွင် ပေါ့သွားလေသည်။

"နန်းတို့က ကိုမောင်ကို ငယ်ငယ်ကတည်းက အစ်ကိုကြီးလိုနေလာတာ။ မမက တကယ်ထင်တယ်နဲ့ တူပါရဲ့။ မျက်ရည်တောင်ဝဲနေပြီ ကိုမောင် သုတ်ပေးလိုက်ဦးနော်…" ဟု ပြောသဖြင့် လင်းမောင် ရယ်မောရင်းလှည့်ကြည့်လိုက်၏။

"သွားပါ… ကိုမောင်၊ ဘာမှလာမလုပ်ပေးနဲ့" ဟုပြောပြီး ချုံးပွဲချ၍ ငိုပါလေတော့သည်။ အားလုံးကလည်း တစ်ပြိုင်တည်း ရယ်မောလိုက်ကြရာ ပို၍ပင် ဆိုးသွားလေတော့၏။ လင်းမောင်လည်း ပျာပျာသလဲ ချော့နေရတော့သည်။ ဒီအဖြစ်လေးကို ကြည့်ကာ သူတို့ဆရာ၏ ကြင်နာတတ်ပုံကို ဟားတိုက်ရယ်မောကြရာ ပျော်ရွှင်စရာပွဲပမာ ဖြစ်သွားလေတော့သည်။

(၅)

စက်ရုံဒါရိုက်တာအဖွဲ့၏ ခွင့်ပြုချက်အရ စက်ရုံကို အသေးစားပြင်ဆင်ခွင့် ရပြီဖြစ်၍ ပြင်ပမှ ကျွမ်းကျင်သောအဖွဲ့ကို အချို့သောနေရာများတွင် ငှားရမ်းအသုံးပြုရမည်ဖြစ်၏။ အထူးသဖြင့် ဂဟေဆော်ရာတွင် ကျွမ်းကျင်မှုရှိသည့် welder ကို ခေါ်ယူစာချုပ်ချုပ်ရလေသည်။

"ကိုဝင်းဇော်ရေ အမှားအယွင်းမရှိအောင် ဂရုစိုက်ပြီး ကိုယ်တိုင်ကြီးကြပ်မှ ဖြစ်မှာနော်။ Safety first ဆိုတာ အလကားမဟုတ်ဘူးဗျ။ စိုးရိမ်လို့ပြောတာပါ။ လိုအပ်တဲ့ပစ္စည်းမှန်သမျှ စတိုက ထုတ်ပေးမှာပါ"

"စိတ်ချပါ အစ်ကို၊ သားရေလက်အိတ်။ safety, jacket, welder မျက်မှန်၊ ဦးထုပ်နဲ့ ဖိနပ်အပြင် safety hook နဲ့ အခြားလိုအပ်တာတွေ ထုတ်ပေးပြီးပါပြီ။ ကျွန်တော်လည်း အမြဲလိုက်ကြည့်မှာပါ" ဟု ပြောကာ ပြင်ဆင်မှု စတင်ရန် ထွက်သွားလေတော့သည်။

## (၆)

စက်ရုံကို အသေးစားပြင်ဆင်မှုများ စတင်ပြုလုပ်နေပြီ ဖြစ်သလို ပြုပြင်ထုတ်လုပ်ပြီးသော ငါးပုစွန် ကုန်ချောများကို အချိန်မီ တင်ပို့နိုင်ရေးအတွက် နိုင်ငံခြားကုမ္ပဏီများနှင့် ချိတ်ဆက်နေရင်း လင်းမောင်တစ်ယောက် အလုပ်များနေလေတော့သည်။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်ရာ မူးဝေသွားမတတ် ဖြစ်သွားလေတော့၏။

"အစ်ကိုရေ…၊ ပိုက်လိုင်းဂဟေဆော်နေရင်း ရေကန်ထဲ ချော်ကျလို့ welder အဘိုးကြီး သေသွားပြီ" ဟု အင်ဂျင်နီယာ ကိုဝင်းဇော်က သတင်းပို့သောကြောင့် ဖြစ်သည်။ လုပ်လက်စ အလုပ်များကို ဒုတိယမန်နေဂျာအား လွှဲပေးခဲ့ပြီး စက်ရုံအောက်သို့ အမြန်ဆင်းလိုက်သွားရလေတော့၏။

"သေဆုံးသွားသူကို ကြည့်လိုက်တော့မှပင် ပို၍ဆိုးသွားလေသည်။ သေသူမှာ အခြားသူမဟုတ်။ သူ့ချစ်သူ သီတာသော်၏ ဖခင်ဦးဘသော် ဖြစ်လေသည်။ စိတ်ပူနေ၍ မဖြစ်သေး။ သေမှုသေခင်းက ပတ်သက်နေလေတော့ သက်ဆိုင်ရာပြည်သူ့ရဲစခန်းသို့ အကြောင်းကြားရလေတော့သည်။ သိပ်မကြာပါ။ ပြည်သူ့ရဲများရောက်လာပြီး အခင်းဖြစ်ပွားရာ နေရာနဲ့ သေဆုံးချိန်တွင် အနီးရှိသူများကို မေးမြန်းခြင်းများပြုလုပ်ကာ သေဆုံးသူ၏ အနေအထားများ စစ်ဆေးလေသည်။ နှစ်နာရီခန့်ကြာမှ Ambulance ကားဖြင့် သယ်သွားလေသည်။

ကိုလင်းမောင်တစ်ယောက် သီတာသော်ထံ ဖုန်းဆက်အကြောင်းကြားရန် စဉ်းစားနေစဉ်မှာပင် သီတာသော်၏ မိခင်နှင့်အစ်ကိုဖြစ်သူ မင်းသော်တို့ ရောက်လာကြလေသည်။

"ဘယ်လိုဖြစ်ရတာလဲ မောင်လင်းမောင်ရယ်။ ကိုဘသော်မှာ ဘာရန်ငြိုးမှ မရှိခဲ့ပါဘူး။ ဘယ်သူကများ လုပ်မိတာလဲကွယ်…" ဟာ ပြောရင်း မေ့မျော သွားလေတော့သည်။ ထို့ထက်ဆိုးသည်မှာ သားဖြစ်သူ မင်းသော်က ဘာမဆိုင် ညာမဆိုင်နဲ့ အနားရှိသူများကို ပတ်ပြီးရမ်းပါလေတော့သည်။ လောလောဆယ်တော့ လင်းမောင်၏ခေါင်းကို ဆင်ဆယ်စီးနင်းတာထက် ရှင်းမရသောအဖြစ်နဲ့ တိုးနေလေတော့၏။ ဒီလောက်နဲ့ မပြီးသေး…။

သီတာသော်ကို မည်သို့မည်ပုံ ရှင်းပြရမယ်ပင် မစဉ်းစားတတ်တော့ပေ။ ဖြစ်ပြီးကာမှတော့ ရင်ဆိုင်ရုံပဲပေါ့ဟု ဆုံးဖြတ်ကာ အပေါ်ထပ်ရုံးသို့ ပြန်တက်ပြီး အထက်လူကြီးများထံ အချိန်မီ အစီရင်ခံရန် ပြန်လာခဲ့လေတော့သည်။

(၇)

ဦးဘသော်၏ သေမှုသေခင်းနှင့်ပတ်သက်သော စစ်ဆေးတွေ့ရှိချက်များအရ စီအိုင်ဒီမှလည်းကောင်း၊ ပြည်သူ့ရဲတပ်ဖွဲ့မှလည်းကောင်း၊ မှုခင်းတွေ့ရှိချက်အရလည်းကောင်း လုပ်ကြံသတ်ဖြတ်မှု တစ်စုံတစ်ရာ မတွေ့ရှိသဖြင့် သာမန်သေမှုသေခင်းအဖြစ် ပေါ့ဆမှုအတွက် သတိမှတ်ကာ အမှုကို တရားရုံးက ပိတ်သိမ်းပေးခဲ့လေသည်။

ဦးဘသော်၏ သေမှုသေခင်းက ပြီးသွားသော်လည်း လင်းမောင်တို့အပေါ် အငြိုးထားမှုကား အခြေအနေ ပိုမိုဆိုးဝါး လာလေတော့သည်။ ယခုကိစ္စတွင် လင်းမောင် ပါဝင်ပတ်သက်မှု တစ်ခုခုရှိရမည်ဟူသော သံသယက သီတာသော်၏ ခေါင်းထဲတွင် စွဲမြဲနေလေသည်။ အကြောင်းက မခိုင်လုံသော်လည်း ပြောစရာ အဖြစ်တစ်ခုက သက်သေလို ဖြစ်ခဲ့ဖူးသည်။

လင်းမောင်နှင့် သီတာတို့ ချစ်ကြိုက်နေသည်ကို သိလိုက်သည်နှင့်တစ်ပြိုင်နက် ဒေါ်ဝင်းမေတစ်ယောက် ပျာပျာသလဲဖြစ်ကာ သဘောမတူကြောင်း လင်းမောင်ကို ခေါ်ပြောခဲ့ခြင်း ဖြစ်သည်။ ယင်းအချက်အပေါ်တွင် အခြေခံ၍ မကျေနပ်သဖြင့် လက်စားချေခြင်းဖြစ်မည်ဟု ရင်ထဲတွင် စွဲမြဲမှတ်ယူခြင်း ဖြစ်၏။ သို့သော် သူ့အတွက် မျှော်လင့်ချက်က သူ့သမီးကို သူ ပေးစားချင်သည့် ဆရာဝန်နဲ့ ပေးစားခွင့်ရတော့မည်ဟု ယူဆကာ သူ့သမီးသီတာသော်ကို အတင်းအကျပ် စီစဉ်လေတော့သည်။

"ညည်းက လင်းမောင်အပေါ် ဒီလောက်တောင် တန်းတန်းစွဲစွဲ ဖြစ်နေရအောင် ဘယ်လောက် ချမ်းသာပြီး အားကိုးရမှာမို့လဲ··· မိသီတာ။ ငါစီစဉ်ပေးတဲ့ လူနဲ့ ဆီနဲ့ရေလိုကွာနေတာ ညည်း သိပါတယ်အေ။ သူလည်း ညည်းအပေါ် အရမ်း သံယောဇဉ်ကြီးတာ ညည်းလည်း သိနေတာပဲ သမီးရယ်···။ ပြီးတော့ ညည်း အဖေသေတာနဲ့ ပတ်သက်ပြီး ငါတို့ဆွေမျိုးအသိုင်းအဝိုင်းက လင်းမောင်အပေါ် အမျိုးမျိုးထင်နေကြတာ သမီး သိပြီးသားပဲ။ မမိုက်ချင်ပါနဲ့ သမီးရယ်···" ဟု ချော့မော့ပြောသော်လည်း သီတာသော်က လက်မခံပေ။

"အမေတို့ဘက်က အခြေအနေ အရပ်ရပ်ကြောင့် သမီးနဲ့ကိုလင်းမောင်ကို သဘောမတူဘူးဆိုတာ သမီးလက်ခံပါတယ်။ ဒါပေမယ့် အမေတို့ သဘောတူတဲ့ သူနဲ့ ယူရမယ်ဆိုတာ သမီး လက်မခံပါရစေနဲ့ အမေ···။ သမီးဘဝကို သမီး

ဆုံးဖြတ်ခွင့်ပေးပါ။ ကိုလင်းမောင်ကို လက်မထပ်ဘဲ တစ်သက်လုံး နေသွားနိုင်ပါတယ်။ ကြေကွဲရမယ့်ဒဏ်ကို ခါးစီးခံသွားဖို့ သမီး ဆုံးဖြတ်ထားပြီးသားပါ အမေရယ်…၊ တစ်ပူမက ဖြစ်ခဲ့တဲ့ဘဝကို သမီးလက်ခံနိုင်အောင် လုပ်မယ်" ဟု ပြတ်သားစွာငြင်းပယ်လိုက်သည့်အတွက် ဒေါ်ဝင်းမေတစ်ယောက် ကြိတ်မနိုင်ခဲမရဖြစ်ကာ ဒေါသထွက်နေရုံမှတစ်ပါး မည်သို့မျှမတတ်နိုင်ဘဲ လက်မှိုင်ချလိုက်ရလေတော့သည်။

## (၈)

သောကကိုအဖော်ပြု နုလှတဲ့အသည်း ကွဲချင်သမျှသာ ကွဲပေရော့လို့ပဲ ပြောရမယ့် သီတာသော်။ မျှော်စရာလည်း မရှိ၊ မျှော်လင့်မိတာလည်း မျှော်လင့်သလိုဖြစ်မလာတော့ ရင်ကောပြီးတော့သာ ခံပေတော့လို့ အော်ဟစ်ကာ နေချင်တော့သည်။ ကိုလင်းမောင်လာလျှင် ဘာပြန်ပြောရမည်ကို မစဉ်းစားတတ်တော့ပေ။ အမုန်းကြီးပဲ မုန်းသွားပါစေတော့ ဆုတောင်းနေစဉ်မှာပင် အိမ်ရှေ့သို့ ကားတစ်စီး ဝင်လာသည်။ ကိုလင်းမောင်ကို မြင်လျှင်မြင်ချင်း ပြေဆင်းကာ ရှက်ခြင်းကိုပင် ဟန်မဆောင်နိုင်တော့ဘဲ ရင်ခွင်ထဲအပ်ကာ ချုံးပွဲချ၍ အားရပါးရ ငိုလိုက်တော့၏။

"တိတ်ပါ သီတာရယ်…။ ကိုယ်လည်း သီတာလိုပဲ ရင်နဲ့အမျှ ခံစားနေရတာပါ။ ကိုယ်တို့ဘဝရဲ့ ဝေးကွာခြင်းဟာ ဖြေရှင်းလို့မရတဲ့ ပုစ္ဆာတစ်ပုဒ်လိုပါပဲ။ ကြေကွဲမှုဟာ ကိုယ်တို့အတွက် ကံကြမ္မာရဲ့လက်ဆောင်ပါ သီတာ…"

"ကိုမောင့်ကို ခေါ်လိုက်တာကလည်း ဒီကိစ္စပါပဲလေ။ ရှေ့ဆက်ပြီး ချစ်လေပိုပြီးနာကျင်ရလေ ဖြစ်မယ့်အစား ခုထဲက ပြတ်ပြတ်သားသား သိထားမှ သီတာ့အတွက်ရော ကိုမောင့်အတွက်ပါ အဆင်ပြေမှာမို့ ခုလိုစီစဉ်ရတာပါ… ကိုမောင်၊ သီတာတို့ဘဝမှာ ဘယ်တော့မှပေါင်းစပ်လို့မရတော့လို့ပါ။ ကိုမောင် နားလည်ပေးပါနော်"

"ကိုမောင် နားလည်ပါတယ် သီတာ။ ကိုယ်စိတ်ပူတာက သီတာအတွက်ပါ။ သီတာ အဆင်ပြေသလို နေနိုင်ပါစေလို့ပဲ ဆုတောင်းနေတာပါ။ ကံကြမ္မာကိုလည်း အပြစ်မတင်သလို သီတာ့ ဆုံးဖြတ်ချက်အပေါ်မှာလည်း အပြစ်မမြင်ပါဘူးလေ။ အခြေအနေက မပေးလို့ ဝေးကြတာပဲလို့ ရိုးရိုးလေး သတ်မှတ်လိုက်ရင်း ခံစားရတာကို ဖြေဖျောက်ကြတာပေါ့။ တစ်ဦးနဲ့တစ်ဦး မုန်းလို့ဝေးသွားကြတာမှမဟုတ်ပဲ။ ချစ်လျက်နဲ့ခွဲခွာကြတာလေ။ မဖြေသာလည်း နေသာသလို နေကြရမှာ

ပေါ့'' ဟု နှစ်သိမ့်ရင်း စီးဆင်းသော သီတာသော်၏ မျက်နှာပေါ်မှ မျက်ရည်များကို ဖွဖွလေးသုတ်ပေးလိုက်၏။

''သီတာ့ဘဝမှာ အရာရာကို ဆန့်ကျင်ဖို့ဆိုတာ မဖြစ်နိုင်တော့လို့ပါ ကိုမောင်။ သီတာဘဝမှာ ဘယ်လိုအခြေအနေပဲ ရောက်နေပါစေ၊ ဘယ်သူ့ကိုမှ လက်မထပ်ဘူးလို့ အခိုင်အမာ ဆုံးဖြတ်လိုက်ပါပြီ''

''သီတာဆီက ဒီစကားကြားရတာ အရမ်းဝမ်းသာပါတယ်လေ။ ခွဲခွာကြရတယ်ဆိုပေမယ့် နှလုံးသားချင်းက ဝေးသွားကြတာမှ မဟုတ်ဘဲ။ စိမ်းကားနေဖို့လည်း မလိုဘူး သီတာ။ အခက်အခဲရှိတဲ့အခါ ကိုယ့်ကိုအရင်ဆုံး သတိရလိုက်ပါ။ အမြန်ဆုံး ပြေးလာခဲ့ပါ့မယ်။ ဒါဟာ အချစ်ရဲ့ နောက်ဆုံးကတိစကားပါ။ ကိုယ် သွားပါရစေတော့'' ဟု ပြောရင်း နှုတ်ဆက်ကာ ထွက်လာခဲ့လေတော့သည်။

လောကကြီးကလည်း သဘောမတူ ကံကြမ္မာကလည်း ပြုံးစူလေသလားမသိ၊ ဘယ်လို အချစ်မျိုးပဲရှိရှိ ကြံဖန်ပြီး ကြုံလာခဲ့သော်လည်း လွဲဖြစ်အောင် ဖန်တီးလိုက်တဲ့ ကံကြမ္မာကြောင့် ဆုံနိုင်စရာအကြောင်းမရှိတော့သော ချစ်သူနှစ်ဦးအဖြစ်က လွမ်းမောဖွယ်ရာများနှင့် အဆုံးသတ်သွားလေသတည်း။

**အောင်ကျော်ဆွေ**

❐

# ပယောဂ

## မောင်ဝင်းထိန် (အင်းစိန်)

ထိုစဉ် ဘဏ်ရှေ့သို့
ရဲကားတစ်စီးဆိုက်လာပြီး
ရဲများ ဆင်းလာကာ
ရဲနှစ်ဦးသည် အောင်ဝင်းကို
လက်မောင်းတစ်ဖက်စီမှ ဆွဲလျက်
ဖမ်းခေါ်သွားကြသည်။

## ပယောဂ

### မောင်ဝင်းထိန် (အင်းစိန်)

အောင်ဝင်း၏ ခြေလှမ်းများသည် မနေ့ကနှင့်မတူ။ ယနေ့ ခြေလှမ်းများသည် မနက်ဖြန်အတွက် မရေရာသောခြေလှမ်းများ ဖြစ်နေပေသည်။ အောင်ဝင်း၏ နားထဲတွင် အလုပ်ရှင် ဦးဝင်းကြိုင်၏ အသံသည် ပဲ့တင်ထပ်နေလေသည်။

"မင်း၊ ဒါလေးမှ မဖြေရှင်းတတ်ရင် ဒီရာထူးကို ယူမနေနဲ့တော့၊ ထွက်သွား"

ဦးဝင်းကြိုင် ကိုင်ပေါက်လိုက်သဖြင့် ပြန့်ကျဲနေသော စာရွက်ဖိုင်နှင့်အတူ အောင်ဝင်း၏ အနာဂတ်များ လွင့်ပါသွားသလို ခံစားလိုက်ရသည်။ နဂိုကမှ လခစားဝန်ထမ်းဘဝကို စိတ်ကုန်နေသော အောင်ဝင်း၏ ရွေးချယ်မှုသည် အစီရင်ခံစာဖိုင်ကို ပြုပြင်ရေးသားပြီး တင်ပြရမည့်အစား ထွက်စာကိုသာ ရေးသားပြီး တင်ပြရန် ရွေးချယ်လိုက်တော့သည်။

ခြေလှမ်းများသည် အိမ်ကို ဦးတည်ပြီး ပြန်မှန်းမသိ ပြန်နေသည်။ အိမ်သို့ရောက်သောအခါ မူလကတည်းက စကားနည်းသော ဇနီးသည်မအေးသည် မျက်နှာမကောင်းသော ခင်ပွန်းကို ဟိုဟိုဒီဒီ မမေးမြန်းတော့ဘဲ အလိုက်တသိဖြင့် ဝတ္တရားရှိသည့်အတိုင်း ခရီးဦးကြိုပြု ရေချိုးရန် ပြင်ဆင်ပေးပြီး ထမင်းခူးခပ်ပေးလေသည်။ အောင်ဝင်းသည် စကားတစ်ခွန်းတစ်ပါဒမျှ မပြောဘဲ ရေမိုးချိုး၊ ထမင်းစား အိပ်ရာဝင်ခဲ့လေတော့သည်။

နောက်နေ့ မနက်ရောက်သော် သွားစရာအလုပ် မရှိသဖြင့် ပေပြီး အိပ်နေသော်လည်း မအေးက နှိုးသောအခါ "မိန်းမရေ…၊ ငါ အလုပ်ပြုတ်လာတယ်ကွ"

ဟု ပြောမထွက်သဖြင့် အိပ်ရာမှ ထလိုက်ပြီး ရေချိုးခန်းဝင်လိုက်သည်။ ထွက်လာသောအခါ မအေးက နေ့စဉ် ပြုမူနေကျအတိုင်း ရုံးသွားရန် အဝတ်အစားနှင့် လွယ်အိတ်ကို ပြင်ဆင်ထားပြီး ထမင်းချိုင့်လည်း ပြင်ဆင်ပေးထားလေသည်။ ထိုအခါတွင်လည်း "မိန်းမရေ…၊ ငါ အလုပ်ပြုတ်နေပြီဟ" ဟု မပြောချင်သဖြင့် အဝတ်စားလဲ၊ လွယ်အိတ်ကို လွယ်ကာ ထမင်းချိုင့်ဆွဲပြီး ထွက်လာခဲ့လေသည်။

ကားမှတ်တိုင်တွင် ထိုင်နေရင်း ပျားပန်းခတ်မျှ သွားလာနေသော လူများကို လိုက်ငေးကြည့်နေသော်လည်း အောင်ဝင်း စိတ်ထဲတွင်မူ တစ်နေ့တာ ကုန်ကျစရိတ်၊ စားစရိတ်၊ အိမ်လခ စသည်တို့သည် ကိန်းဂဏန်းများ အသွင်ဖြင့် ဝဲပျံသွားလာနေသလို ထင်မိသည်။ ဤသို့ မွန်းလွဲပိုင်းသို့ ရောက်လာခဲ့လေသည်။

ထိုစဉ် အောင်ဝင်းရှေ့တွင် ဖိုင်တွဲလေးပိုက်ပြီး ဘတ်စ်ကားစောင့်နေသော ကုမ္ပဏီဝန်ထမ်း အမျိုးသမီးငယ်လေးသည် ဘတ်စ်ကားဆိုက်လာသောအခါ ဝမ်းသာအားရ ပြေးတက်သွားလေသည်။ ဖိုင်တွဲကြားမှ စာအိတ်ကလေး ပြုတ်ကျကျန်ခဲ့သည်ကိုမူ မသိလိုက်ပေ။ ဤသည်ကို မြင်လိုက်သော အောင်ဝင်းက ထိုင်ရာမှ ချက်ချင်းပင် ထိုင်ရာမှ ထပြီး–

"ဟေ့… ဟေ့… ညီမ"

အသံပြုကာ သတိပေးသော်လည်း ဘတ်စ်ကားကြီးကား ထွက်ခွာသွားချေပြီ။ အောင်ဝင်းသည် စာအိတ်ကလေးကို ကောက်ကိုင်ပြီး ကြောင်အအဖြင့် ကျန်ခဲ့သည်။ ထို့နောက် ထိုင်ခုံလေးသို့ ပြန်သွားထိုင်လိုက်ပြီး စာအိတ်ကလေးကို ဖွင့်ကြည့်လိုက်သောအခါ ချက်လက်မှတ်တစ်စောင်ကို တွေ့လိုက်ရသည်။ ချက်လက်မှတ်လေးကို မြင်သောအခိုက် အောင်ဝင်း မအံ့သြသော်လည်း ချက်လက်မှတ်ကို သေချာကြည့်လိုက်သောအခါ အောင်ဝင်း အံ့သြသွားလေတော့သည်။ အဘယ့်ကြောင့်ဆိုသော် ချက်လက်မှတ်တွင် ငွေသား သိန်းခုနစ်ရာဟု ရေးထားပြီး လက်မှတ်အပြည့်အစုံ ထိုးထားသော်လည်း ထုတ်ယူမည့်သူ နာမည်တွင် ဘာမျှ မရေးထား၍ဖြစ်သည်။

အောင်ဝင်း ကိုယ့်မျက်လုံးကို မယုံနိုင်သဖြင့် လက်ဖြင့်ပွတ်ပြီး နောက်တစ်ခေါက်ကြည့်လိုက်သည်။ သေချာသည်။ အောင်ဝင်းသည် ဘေးဘီဝဲယာ ကြည့်လိုက်သည်။ မည်သူကမျှ သူ့ကို ဂရုတစိုက် ကြည့်မနေပါ။ အောင်ဝင်း တင်းအတွင်း ဆုံးဖြတ်ချက် ချလိုက်သည်။ ပိုင်ရှင်ကို ပြန်ပေးရန်လည်း နည်းလမ်းမရှိသဖြင့် လွယ်အိတ်ထဲထည့်ပြီး ထပြန်လာခဲ့လေတော့သည်။

***

အောင်ဝင်းသည် တက်ကြွသော ခြေလှမ်းများဖြင့် ဘဏ်ထဲသို့ ဝင်သွားသည်။ ယူနီဖောင်း သပ်ရပ်စွာ ဝတ်ဆင်ထားသော လုံခြုံရေးဝန်ထမ်းများက ကြည်လင်လှသော မှန်တံခါးကို ဆွဲဖွင့်ပေးကြပြီး ဦးညွှတ်ကြိုဆိုလိုက်သည်။ ထို့နောက် လှပချောမောသော ညှော့်ကြိုမိန်းကလေးများက မင်္ဂလာပါရှင်ဟု ပြိုင်တူနှုတ်ဆက်လိုက်ကြသည်။ အောင်ဝင်းသည် ရင်ကော့ပြီး ကောင်တာသို့ လျှောက်သွားလိုက်သည်။ ကောင်တာမှ မိန်းကလေးက ဘာကူညီရမလဲရှင်ဟု ယဉ်ကျေးစွာ မေးလိုက်သည်။ အောင်ဝင်းသည် မိမိနာမည်ရေးထားသော ချက်လက်မှတ်ကို ထုတ်လိုက်ပြီး ကောင်တာမှ မိန်းကလေးကို ပေးလိုက်သည်။ ကောင်တာမှ မိန်းကလေးသည် ပြုံး၍ လက်ခံလိုက်ပြီး ငွေသိန်းခုနစ်ရာအထုပ်ကို ထုတ်ပြီး ကောင်တာပေါ် တင်လိုက်သည်။ ထို့နောက် "ရှိကြောင်းလက်မှတ်ထိုးပေးပါရှင့်" ဟု ပြောလိုက်သည်။ ထိုစဉ် ဘဏ်ရှေ့သို့ ရဲကားတစ်စီးဆိုက်လာပြီး ရဲများ ဆင်းလာကာ ရဲနှစ်ဦးသည် အောင်ဝင်းကို လက်မောင်းတစ်ဖက်စီမှ ဆွဲလျက် ဖမ်းခေါ်သွားကြသည်။ အောင်ဝင်းသည် ရှန်းကန်အော်ဟစ်ရင်း ပါသွားသည်။

"အား··· ကျွန်တော့်ကို လွှတ်ပါ"

"ယောက်ျား··· ယောက်ျား··· ဘာဖြစ်တာလဲ"

မီးကို ဖွင့်လိုက်သဖြင့် လှုပ်နှိုးလိုက်သော မအေးကြောင့် အိပ်မက်မှ နိုးလာသည်။ ခေါ်ချွေးများ ပျံ့လျက်၊ မအေးက ရေအေးအေးတစ်ခွက် အမြန်ခပ်ပြီး ပေးလိုက်သည်။ အောင်ဝင်းက ယူသောက်လိုက်ပြီး-

"ဘာမှ မဖြစ်ပါဘူး။ အိပ်မက်ဆိုးမက်လို့ပါ၊ စိတ်မပူနဲ့ အိပ်တော့"

အောင်ဝင်းသည် အိမ်သာကို ထသွားလိုက်သည်။ မအေးလည်း စိတ်ချပြီး ပြန်အိပ်လိုက်သည်။ အောင်ဝင်း ပြန်ဝင်လာသော် အိပ်ရာထဲ တန်းမဝင်ဘဲ လွယ်အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်လိုက်ပြီး ပိုက်ဆံအိတ်ထဲမှ ချက်လက်မှတ်ကို ထုတ်ယူကာ ကြည့်လိုက်သည်။ ထို့နောက် ဘောပင်ကို ထုတ်ကာ ထုတ်ယူမည့်သူ အမည်နေရာတွင် အောင်ဝင်းနှင့် မိမိ မှတ်ပုံတင်အမှတ်ကို ပီသစွာ ရေးချလိုက်လေတော့သည်။

***

ကားကြပ်သော်လည်း အောင်ဝင်း ပြုံးနေနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သူ့စိတ်ကူးထဲတွင် ကိုယ်ပိုင်ကားလေး စီးနေသောကြောင့် ဖြစ်သည်။ ကိုယ်ပိုင်

ကားဖြင့် သူ့မိန်းမကို ခေါ်ပြီး တိုက်ခန်း သွားဝယ်သည်။ ကားဝယ်တော့ သိန်းတစ်ရာ့လေးဆယ် သုံးလိုက်သည်။ တိုက်ခန်းစာချုပ်ချုပ်ရန် သိန်းလေးရာ သုံးမည်ဖြစ်သည်။ ကျန်သော သိန်းတစ်ရာ့ခြောက်ဆယ်ဖြင့် မိန်းမကို အထည်ဆိုင်ဖွင့်ပေးမည်။

"ရွှေဂုံတိုင်မှတ်တိုင် ပါလား"

"ပါတယ်"

စပယ်ယာ အသံကြောင့် စိတ်ကူးလေး ပျက်သွားသည်။ သို့သော် ကိစ္စမရှိ။ မကြာမီ လက်တွေ့ ဖြစ်လာတော့မည် မဟုတ်ပါလား။ အောင်ဝင်း တံခါးပေါက်တွင် လူတစ်ယောက် ပိတ်ရပ်နေသည်။ ထိုသူလည်း ဆင်းမည်နှင့်တူသည်။ ကားရပ်လိုက်သောအခါ ထိုသူသည် မဆင်း။ အောင်ဝင်းသည် စိတ်တိုစွာဖြင့် ထိုသူကို တိုးဝှေ့ကျော်တက်ပြီး ဆင်းလိုက်သည်။ ကိုယ်လည်း မဆင်းဘဲနှင့် လမ်းပေါက်ပိတ်ရပ်နေတယ်၊ ဘယ်လိုလူလဲဟု စိတ်ထဲတွင် တွေးလိုက်မိသည်။

ကားပေါ်မှ ဆင်းလိုက်သည်နှင့် ဘဏ်ဆိုင်းဘုတ်ကြီးကို ခံ့ညားစွာ တွေ့လိုက်ရသည်။ ထိုဘဏ်တိုက်ကြီးဆီသို့ အောင်ဝင်းသည် သူဌေးခြေလှမ်းများဖြင့် မြိန့်မြိန့်ကြီး လှမ်းသွားလိုက်သည်။ ဘဏ်ရှေ့ရောက်သော် အထဲမဝင်မီ လွယ်အိတ်မှ ချက်လက်မှတ်ကို ထုတ်ရန် နှိုက်လိုက်သည်။ နှိုက်လိုက်သောလက်သည် လွယ်အိတ်အောက်မှ ပြန်ထွက်လာသည်။

"ဟာ… သွားပြီ"

အောင်ဝင်းသည် လွယ်အိတ်ကို မြှောက်ပြီး မော့ကြည့်လိုက်သည်။ လွယ်အိတ်ထဲမှ ကောင်းကင်ကို မြင်ရသည်။ ဟုတ်ပါသည်။ လွယ်အိတ်သည် ပေါက်နေပြီး ချက်လက်မှတ်နှင့်တကွ ပိုက်ဆံအိတ်သည် ပိုင်ရှင်သစ်နောက် ပါသွားချေပြီ။

အောင်ဝင်းသည် ငိုင်သွားသည်။ သူ့စိတ်ကူးများ စောစောက ဘတ်စ်ကားပေါ် ပါသွားလေပြီ။ သူ ဝမ်းနည်းသွားသည်။ သို့သော် တဖြည်းဖြည်း ပြုံးလာသည်။ ထို့နောက် ရယ်မိသည်။

"ဟား… ဟား… ဟား…"

ထို့နောက် ဒူးထောက်ထိုင်ချလိုက်ပြီး ကောင်းကင်ကို မော့ကြည့်ကာ အော်ငို ပြန်သည်။ ထို့နောက် ခေါင်းငိုက်စိုက်ချ၊ မြေကြီးကို လက်ဖြင့် ပုတ်ပုတ်ပြီး တဟားဟား ရယ်ပြန်တော့သည်။

လမ်းသွားလမ်းလာများက သူ့ကို ဝိုင်းကြည့်ကြသည်။
တချို့က တီးတိုးပြောကြသည်။
"ပယောဂနဲ့ အလုပ်ခံရတာလား မသိဘူး"
မှန်ပါသည်။ တစ်ခါတစ်ရံတွင် ပယောဂဆိုသည်မှာ သူများပြုစားခြင်းကို ဆိုလိုသည်မဟုတ်၊ မိမိကိုယ်မိမိ ပြုစားခြင်းကို ဆိုလိုသည် မဟုတ်လား။

**မောင်ဝင်းထိန်(အင်းစိန်)**

❐

# အိမ်ပြောင်းသွားသောမြို့ကလေး
# (သို့မဟုတ်)ဆော်လ်မွန်ကျိန်စာ

မောင်ဝင်းထိန်(အင်းစိန်)

လမ်းထဲကို လှမ်းဝင်လိုက်သောအခါ
တစ်လမ်းလုံး သူနှင့် သိသူများ
တစ်ယောက်မှ မတွေ့ပေ။
ယခင်က ရေခဲစက် ရှိခဲ့သော အိမ်ကြီးမှာ
အခု အဆင့်မြင့်အမျိုးသမီးဘော်ဒါဆောင်ကြီး ဖြစ်နေပြီ။

# အိမ်ပြောင်းသွားသောမြို့ကလေး
# (သို့မဟုတ်) ဆော်လ်မွန်ကျိန်စာ

မောင်ဝင်းထိန်(အင်းစိန်)

ဆော်လ်မွန်ငါးတို့သည် နှစ်စဉ် မိမိတို့ မွေးဖွားရာဒေသကို ရောက်အောင် ပြန်ကြသည်။ ရေဆန်ကိုလည်း ကူးခတ်ပြီး ပြန်ကြသည်။ ရေတံခွန်ကိုပင် ခုန်တက်ပြီး ပြန်ကြသည်ဟု ပိုင်စိုး ကြားဖူးသည်။ လူများမှာမူ ဆော်လ်မွန်ငါးတို့လောက်ပင် မိမိဇာတိကို မချစ်၍လားတော့ သူ မသိ။ သူကိုယ်တိုင်ပင် မြန်မာပြည်မှ ထွက်လာပြီး ဂျပန်မြေကို ခြေချကတည်းက ဇာတိမြေကို မပြန်ဖြစ်တာ ဆယ်စုနှစ်နှစ်စုကျော် ကြာခဲ့ပြီ။ မိဘများ ခေါင်းချသွားသည့်တိုင် အဝေးမှသာ ဦးချကန်တော့လိုက်နိုင်သည်။ မပြန်ချင်၍ မဟုတ်၊ ပြန်ဖို့ ကြိုးစားတိုင်း အကြောင်းအမျိုးမျိုးကြောင့် ပျက်ရသည်ချည်းပင်။ ပိုင်စိုးကတော့ ဒါဟာ ဘဝမကူးခင် ဝဋ်ရှလိုက်သည်ဟုပင် ခံယူထားသည်။

"ကျွန်တော် အိမ်ပြန်မယ်ကြံတိုင်း ပျက်ရတာ၊ ဒီဆော်လ်မွန်ငါးတွေကို လိုးနေတဲ့ ဝဋ်ကြွေးတွေလား မသိဘူး ဦးဇော်"

"ဘာဆိုင်လို့တုန်း ပိုင်စိုးရ..."

"ဒီလိုလေဗျာ... ကျွန်တော် စဉ်းစားကြည့်တာ၊ ဆော်လ်မွန်ငါးဖမ်းတဲ့ လူတွေဟာ ဆော်လ်မွန် ဇာတိကိုပြန်တဲ့ရာသီဆို သူတို့ ဖြတ်သန်းပြန်တတ်တဲ့ နေရာတွေမှာ စောင့်ပြီး ဖမ်းကြတာလေ။ အခု ကျွန်တော် လိုးနေတဲ့ ဆော်လ်မွန်ငါးလေးဟာလည်း အိမ်ကိုပြန်နေတဲ့ လမ်းမှာ လူသားတွေရဲ့ ဖမ်းဆီးခြင်းကို ခံလိုက်

ရတဲ့ ငါးလေးပဲဆိုတာ သေချာတယ်။ ကျွန်တော် နေ့တိုင်း လှီးနေတဲ့ ဆော်လ်မွန် တိုင်းဟာလည်း ဒီလိုပဲနေမှာပဲ။ သူတို့သာ မသေခင်မှာ ငါတို့ကို ဖမ်းဆီးသတ်ဖြတ်တဲ့ လူတွေ ငါတို့လိုပဲ ဇာတိမြေကို ဘယ်တော့မှ ပြန်မရောက်ပါစေနဲ့လို့ ကျိန်စာများ တိုက်ခဲ့ရင် ကျွန်တော်တို့ ဒီတစ်သက် ဘယ်တော့မှ အိမ်ပြန်ရမှာ မဟုတ်တော့ဘူး ဦးဇော်ရ''

''ဟ… မင်းဟာက တောက်တီးတောက်တဲ့။ မင်းပြောသလိုပဲ ထားပါဦး၊ မင်းက သေပြီးသားကို လှီးတာလေ၊ မင်းသတ်တာမှ မဟုတ်တာ''

''သတ်ဖြတ်တယ် ဆိုကတည်းက လှီးဖြတ်တဲ့ ကျွန်တော်လည်း ပါတာပေါ့ဗျ''

''မင်းပြောပုံဆို ဆူရှီ လာစားနေတဲ့ ဂျပန်တွေလည်း အိမ်မပြန်ရတော့မယ့် သဘောပဲ၊ ဟား… ဟား… ဟား…''

ဦးဇော်ကတော့ သူ့ထုံးစံအတိုင်း အရာရာကို ပေါ့ပေါ့ပင်တွေးပြီး ရယ်မောပစ်လိုက်သည်။ သို့သော် အရယ်ရပ်သွားသောအခါ ဦးဇော် မသိမသာ ငိုင်သွားသည်ကို ပိုင်စိုး ခိုးမြင်လိုက်သည်။ ဦးဇော် အိမ်မပြန်ဖြစ်တာ အနှစ်သုံးဆယ်နားကပ်နေပြီ မဟုတ်ပါလား။

တကယ်တော့ ဆော်လ်မွန်ကျိန်စာကို သတ်သူ၊ လှီးသူ မည်သူတွေ မည်သို့ စူးမည်မသိသော်လည်း နောက်ဆုံးသော ပိုင်စိုး ဆုံးဖြတ်ချက်ချကာ ဆူရှီဆိုင်မှ အလုပ်ထွက်လိုက်သည်။ လက်ထဲတွင် စုဆောင်းမိသော ငွေကြေးအနည်းငယ်ဖြင့် အစိုးရသစ်လက်ထက် မြန်မာပြည်တွင် စီးပွားရေးလုပ်ရန် ပြန်လာခဲ့သည်။ စိတ်ကူးထဲမှာတော့ သူ့မြို့လေးက သူ့ကို စောင့်ကြိုနေမည်ပေါ့။

အရင်ဆုံးသတိရလိုက်မိတာက တာလမ်းမှ ရပ်ကွက်ထဲသို့ဝင်သော လမ်းထိပ်ရှိ ကုက္ကိုပင်ကြီး။ ထို့နောက် ဖုန်တထောင်းထောင်း ထနေသော လမ်းလေး။ ထို့နောက် အိမ်နားရှိ ဒေါ်မူအသုပ်ဆိုင်။ ဒေါ်မူကြီးကတော့ ရှိသေးလား မသိ။ သို့သော် သူ့တူမတွေ ဆိုင်ဆက်ဖွင့်နိုင်မည်ဟု တွေးမိလိုက်သည်။ အခြားအမှတ်တရများမှာလည်း အများကြီး။ မည်သည့်အရာက မည်သို့ပြောင်းလဲနေမည်ကို ပိုင်စိုး ရင်ခုန်နေမိသည်။ မနေ့က ရန်ကုန်လေဆိပ်မှ မြို့ထဲသို့ ဖြတ်လာကတည်းက အပြောင်းအလဲများစွာကို တွေ့ခဲ့ရသော်လည်း သူ ရင်မခုန်ပေ။ ယနေ့ သူ့မြို့လေးကို ဝင်ခါနီးကာမှ ရင်ခုန်နေခြင်း ဖြစ်သည်။

ကားပေါ်မှ ဆင်းလိုက်သည်။ သူ မျှော်လင့်ထားသော ကုက္ကိုပင်ကြီးကား

မရှိတော့ပေ။ ဖုန်ထနေခဲ့သော လမ်းလေးမှာလည်း ကွန်ကရစ်လမ်းလေး ဖြစ်နေပြီ။ မြို့လေး၏ ပြောင်းလဲမှုကို ဝမ်းသာရမည့်အစား ပိုင်စိုး စိတ်ထဲတွင် အရင်လမ်းလေးကို လွမ်းနေမိတာက ပိုနေသည်။ လမ်းထဲကို လှမ်းဝင်လိုက်သောအခါ တစ်လမ်းလုံး သူနှင့် သိသူများ တစ်ယောက်မှ မတွေ့ပေ။ ယခင်က ရေခဲစက် ရှိခဲ့သော အိမ်ကြီးမှာ အခု အဆင့်မြင့်အမျိုးသမီးဘော်ဒါဆောင်ကြီး ဖြစ်နေပြီ။ ဒေါ်မူအသုပ်ဆိုင်ရှေ့ရောက်တော့ အသုပ်ဆိုင်ကို မတွေ့ရတော့။ နှစ်ထပ်တိုက်ပုလေးကို တွေ့ရသည်။

အိမ်များအားလုံးမှာ သူ့မှတ်ဉာဏ်ထဲတွင်ရှိသော ပုံမျိုး မဟုတ်တော့ပေ။ သူ့မိဘများ အိမ်သည်ပင် ကန်ထရိုက်တိုက် ဖြစ်နေပြီ ဖြစ်သည်။ လူများမှာလည်း အားလုံးနီးပါး လူသစ်များ ဖြစ်နေသည်။ ယခင်လူများမှာလည်း သူ ထွက်လာစဉ်က ကလေးအရွယ် ဖြစ်ကြသဖြင့် ယခု သူ့ကို မမှတ်သလို သူကလည်း မမှတ်မိပေ။ ယခင်က ဟိုဘက် အိမ်က ဟင်း၊ ဒီဘက်အိမ်က မုန့်စားသောဓလေ့ရှိသည့် မြို့လေးမှာ ယခုမူ ကိုယ့်ခြံဝင်း ကိုယ့်တိုက်ကို သော့ခတ်လို့၊ တချို့အိမ်တွေက စီစီတီဗီတွေ တပ်လို့။ လူစိမ်းသဖွယ်ဖြစ်နေသော သူ့ကိုပင် မသင်္ကာသလို ကြည့်ကြသည်။

ပိုင်စိုး ဇာတိမြေကို ပြန်ခဲ့သည်။ သို့သော် သူ ထင်သော ဇာတိမြို့ကလေးမှာ သူ မရှိစဉ် နှစ်များအတွင်း အိမ်ပြောင်းသွားခဲ့လေပြီ။ သူ သိသော မြို့ကလေးသည် ဒီနေရာတွင် မရှိတော့ပေ။ ယခု သူရောက်နေသောမြို့မှာ ဒီနေရာတွင် ရှိနေသော အခြားမြို့သဖွယ် ဖြစ်နေသည်။ သူသည် ဒီမြေတွင် သူစိမ်းသက်သက်မျှသာ ဖြစ်နေချေပြီ။ သူ တစ်သက်လုံး ပြန်ချင်ခဲ့သော လွမ်းဆွတ်နေသော သူ့မြို့လေး၊ ဘယ်ဆီရောက်သွားပြီလဲ။ သူ့မြို့လေးကို သူ ဘယ်ကို လိုက်ရှာရမည်နည်း။ ဘယ်သူ့ကို မေးလျှင် သိနိုင်မည်နည်း။ ဖြေနိုင်မည့်သူရှိမည် မထင်ပေ။

ဩော်… ဆော်လ်မွန်ကျိန်စာရယ်… ထိချက်ပြင်းလှပါချေတကား။

**မောင်ဝင်းထိန်(အင်းစိန်)**

❐

အရေခြံနှလုံးသား

အထွန်း(တမာမြေ)

မထင်မှတ်ဘဲ ဇနီးဖြစ်သူထံမှ
ကြားလိုက်ရသော အမင်္ဂလာစကားကြောင့်
ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

# အရေခြုံနှလုံးသား

အထွန်း (တမာမြေ)

"အားလုံး ကြားကြားသမျှ၊ အမျှ၊ အမျှ၊ ယူတော်မူကြပါကုန်သော် သာဓု၊သာဓု၊ သာဓုပါဘုရား"

ကိုသာအေးရဲ့ ချစ်ဇနီးဖြစ်သူ၏ မေတ္တာပို့သံက တခြားသူတော့ သူမသိ။ ကျွန်တော်အဖို့ အလန်းပေးထားသည့် နာရီတစ်လုံးလို။ အချိန်မှန် နေ့စဉ်ကြားနေရ၏။ မရိုးမအီနိုင်သည့် ပြက္ခဒိန်တွေမို့ မထူးဆန်းတော့။ ကိုသာအေး၏ ချစ်ဇနီးအမည်ကတော့ မခင်လှဟု အမည်တွင်လေသည်။ မခင်လှ၏ မေတ္တာပို့ ဆုတောင်းသံကိုကြားလိုက်သည်နှင့် နာရီကိုကြည့်လိုက်လျှင် နံနက်ငါးနာရီးထိုးပြီ။ ထို့ကြောင့် မခင်လှ၏ မေတ္တာပို့ဆုတောင်းသံ ကိုကြားလိုက်သည်နှင့် နာရီကြည့်စရာမလိုတော့။ ထိုအသံကြားပြီသည်နှင့် ကျွန်တော်သည် အိပ်ရာမှ လူးထရတော့သည်။ ထို့နောက် မျက်နှာသစ်၊ သွားတိုက်၊ ရေချိုး၊ အဝတ်အစားလဲကာ ဘုရားခန်းသို့ ဝင်လာခဲ့သည်။ ဘုရားစင်သို့ ဝပ်ချကန်တော့ပြီးလျှင် ဘုရားမျက်နှာတော်သစ်၊ သောက်တော်ရေလဲ ဘုရားပန်းလဲ၊ ဆီမီးထွန်း၍ပူဇော်၊ ဘုရားဆွမ်းတော်ကပ်၊ ပဌာန်းရွတ်ဖတ်ပူဇော်သည်။ နောက်တော့ ဘုရားခန်းမှထွက်ပြီး ကျွန်တော့်ဇနီး အဆင်သင့်ပြင်ထားသော နံနက်စာကို စားသောက်သည်။ ထို့နောက် စာအုပ်စင်မှ ဖတ်လက်စ စာအုပ်တစ်အုပ်ကို ဆွဲယူပြီး နေ့တစ်နေ့ရဲ့အစ အရုဏ်ဦး နံနက်ခင်း၏ အလှအပကို အဓိပ္ပာယ်ရှိရှိ အသုံးချလျက် တစ်နေ့တာကို စခဲ့သည်။ ထိုအချိန် ကျွန်တော်၏ဇနီး မေတစ်ယောက် အိပ်ရာမနိုးသေးသည့် သားနှစ်ယောက်အတွက် ချက်ပြုတ်၊ ကြော်လှော်ရင်း

အလုပ်နှင့်လက် မပြတ်ရလေအောင် အိမ်ရှင်မပီပီ တာဝန်ထမ်းဆောင်နေလျက် ရှိသည်။ စာအုပ်ကို စိတ်ဝင်တစားဖတ်ရင်း ဇနီးဖြစ်သူရှိရာ မီးဖိုချောင်ဆီ ကြည့်မိသည်။ ချစ်ဇနီးကတော့ မီးဖိုချောင်ထဲမှာ ချွေးတလုံးလုံး....။

## အခန်း (၂)

သူရိယနေမင်းကြီးသည် ရဲရာမှရင့်၊ ရင့်ရာမှဝင်း၊ ဝင်းရာမှ တဖြည်းဖြည်း ပူလောင်လို့လာသည်။ ကျွန်တော်၏နဖူးမှာ ချွေးစေးများက ရစ်သီစပြုလျက်။ ကော်ဖီပူတစ်ခွက်၏ အစွမ်းလား၊ နေမင်းကြီးရဲ့အစွမ်းလေလား၊ မိုးအကုန်ဆောင်းအကူး၊ ဥသြငှက်တို့ မြူးနေသည့်ရာသီမှာ အအေးဓာတ်က အခုထိမရသေး။ အပူဓာတ်နှင့်အတူ ချွေးစေးများက ကျွန်တော့်ကို နှိပ်စက်နေသည်။

"နောင် ဒူဝေဝေ၊ နောင် ဝေဝေ"

ကြေးစည်ထုသည့်အသံက အလိုလို နားထဲသို့ စူးရှဝင်ရောက်လို့လာသည်။ ထိုကြေးစည်သံကြောင့် ပူအိုက်နေသည့်ဒုက္ခသည် အဝေးသို့ ရောက်သွားသည်ဟု ထင်၏။ ကြေးစည်သံကို ကြားရသော်လည်း သံဃာတော်များအား မတွေ့ရသေးချေ။ ကျွန်တော်တို့ အိမ်မျက်နှာဝမှာ ဆွမ်းထည့်ထားသည့် ဇလုံများကို ရင်ခွင်ပိုက်ကာ ယောဂီတာဘက်လေးများ ပခုံးထက်တင်ပြီး ဆရာတော်များကြွလာသည်ကို စောင့်မျှော်နေသည့် အသက်ကြီး၊ အသက်လတ်၊ အသက်ငယ် မိန်းမကြီးတွေကြားမှာ မခင်လှလည်း ပါသည်။ ထိုမြင်ကွင်းကား တစ်နေ့၊ တစ်လ၊ တစ်နှစ်မဟုတ်။ မြင်နေကျမြင်ကွင်း၊ တွေ့နေကျမြင်ကွင်း၊ ကြည်နူးမှုအပြည့် ရှိသောမြင်ကွင်း။ ကျွန်တော်တို့ မိသားစုသည် သည်ရပ်ကွက်သို့ ပြောင်းရွှေ့လာခဲ့ရသည်မှာ နှစ်နှစ်တင်းတင်း ပြည့်တော့မည်။ နေ့စဉ်မပြတ် မြင်တွေ့နေရသည့် မြင်ကွင်းမို့ ကျက်သရေရှိလှသည်။ ဆွမ်းလောင်းသူတို့၏ စေတနာ၊ သဒ္ဓါတရား ထက်သန်လိုက်ပုံက မြင်နေသူအဖို့ ကြည်ညိုဖွယ်ရာကောင်းသည်။ ပြောရလျှင် မခင်လှကို ဤအချိန်မျိုးမှာမြင်ရတိုင်း ကျေနပ်မိသည်။ ထိုအခါ ကျွန်တော် မကျေနပ်သည်က မီးဖိုချောင်ဝင်ပြီး ထမင်းချက် နောက်ကျတတ်သည့် မေ့ကို အားမလိုအားမရ ဖြစ်ခဲ့ရသည်မှာ နေ့စဉ်နေ့တိုင်း ဖြစ်သည်။ သူများတွေ ဆွမ်းဟင်း ကျက်သည့်အချိန်မှ မေက မီးဖိုချောင်မှာ ပြင်တုန်းဆင်တုန်း။ နေ့စဉ်နောက်ကျတာမျိုး မဟုတ်ပေမယ့် နှစ်ရက်ခြား၊ သုံးရက်ခြား ဆိုသလို နောက်ကျတတ်သည့် မေ့အပေါ် ကျွန်တော်မကျေနပ်ချင်။ ဒီတော့ မေ့ကို အပြစ်ပြောရသည်။

"မိန်းမရယ် အနောက်ဘက်အိမ်က မခင်လှကိုကြည့်စမ်း၊ အရမ်းတော်တယ်၊ အိမ်မှုကိစ္စပြောစရာမလိုဘူး၊ မနက်မိုးမလင်းသေးဘူး၊ အိပ်ရာ အစောကြီးထတယ်။ ဘုရားဝတ်ပြုတယ်။ သံဃာတော်တွေ ဆွမ်းလောင်းတာလည်း နေ့တိုင်းပဲ၊ သူ့ကို ကြည့်လိုက်ရင်လည်း သနပ်ခါးကို မှုန်နေအောင်လိမ်းထားတယ်။ မသိရင် အပျိုကျ နေတာပဲ။ မခင်လှကို အတုခိုးစမ်းပါကွာ"

ကျွန်တော့် စေတနာစကားကို အရောင်ပြောင်းလဲပစ်လိုက်သူက ချစ်ဇနီးမေပင် ဖြစ်သည်။ ကျွန်တော့်စကားအဆုံး မေက မဲ့ရွဲ့ကာ ခနဲ့ပြီး ပြောလာသည်။

"ယောကျ်ားရယ်၊ မိန်းမလည်း တတ်နိုင်သလောက်လုပ်တာပဲ၊ သူနဲ့တူအောင် တော့ လိုက်ပြီး အတုမခိုးနိုင်ပါဘူးတော်။ ရှင်ကျွန်မကို စိတ်တိုင်းမကျရင်လည်း မတတ်နိုင်ဘူး၊ အပြစ်ရှာပြီး ပြောမနေနဲ့၊ ရှင်အထင်ကြီးနေတဲ့ မခင်လှရှေ့မှာထိုင် ပြီး ချီးကျူးနေလေ။ ကျွန်မကတော့ လုပ်နိုင်သလောက်ပဲ လုပ်မယ်၊ ရှင့်မခင်လှ လိုတော့ လိုက်မလုပ်နိုင်ဘူး"

မေ့ရဲ့စကားကို ကျွန်တော်ကြားလိုက်သောအခါ ကျွန်တော်ဒေါသထွက်လာ သည်။ ပြောသည့်စကားကိုလည်း ကြည့်ပါဦး။ ရှင့်ရဲ့မခင်လှတဲ့။ ဒီစကားက ကျွန်တော်နဲ့ မခင်လှကို ပေးစားလိုက်သလိုမျိုး။ စောစောက ကြည်နူးနေသည့် စိတ်ကလေးသည်ပင် ကြက်ပျောက်၊ ငှက်ပျောက် ပျောက်လို့ သွားတော့သည်။ ဟန်ကိုယ် ဖို့ဆိုသလို မေ့ကို အသာအယာပင် ပြောရတော့သည်။ ရင်ဘတ်ထဲမှာ တော့ ဒေါသတွေ ပြည့်နေသည့်က အမှန်။

"မင်းကို အပြစ်ရှာပြီး ပြောနေတာ မဟုတ်ဘူး။ ဟင်း…၊ ငါမနက်စောစော စကားမများချင်ဘူး၊ စကားပြောရင်ကြည့်ပြော၊ မနှောင့်အသွားမလွတ် မပြောနဲ့…"

ကျွန်တော့်ဒေါသကို အချိန်မီ ထိန်းချုပ်လိုက်နိုင်လို့ တော်သေးသည်။ နို့မဟုတ်ရင် စောစောစီးစီး ကျက်သရေကင်းမဲ့စွာ ခွန်းကြီးခွန်းငယ် စကားမများချင်။ ထို့ကြောင့် မကျေနပ်သည့်စိတ်ကို မျိုသိပ်လိုက်ရသည်။ မခင်လှကို ချီးကျူးပြောဆို တိုင်း မေနှင့်ကျွန်တော် မကြာခဏ စကားများရသည်က အမှန်ပင်။ ကျွန်တော်က မေ့ကို မခင်လှလို ဝီရိယထား၊ သူများနည်းတူ ဆွမ်းအချိန်မီလောင်း အေးအေးလေး နေစေချင်သည်လေ။

## အခန်း(၃)

တကယ်ဆို မခင်လှယောကျ်ား ကိုသာအေးက ဆိုက်ကားသမား။ ရိုးသား သည်။ အရက်မသောက်၊ ဖဲမရိုက်တတ်၊ ဘာသာတရားကိုင်းရှိုင်းသည်။ စေတနာ

ကောင်း၍ သနားကြင်နာတတ်သည်။ လူဆင်းရဲသော်လည်း စေတနာ၊ သဒ္ဓါတရား မဆင်းရဲ၊ စာရိတ္တ မဆင်းရဲပေ။ တိရစ္ဆာန်တွေရဲ့ပေါ်မှာ စေတနာကြီးသူ။ နေ့စဉ်နေ့တိုင်း ရပ်ကွက်ထဲမှာ ခွေးလေခွေးလွင့်များအား ဘယ်ကရလာ၍ ဘယ်ကလာမှန်းမသိသော ထမင်းနှင့်ဟင်းတွေကို သံပုံးကြီးထဲထည့်ကာ သူကိုယ်လက်နှင့်နယ်ပြီး ပလတ်စတစ်အိတ်ပေါ်သို့ စုပုံပေး၍ ခွေးများကို တစ်ကောင်ချင်းကျွေးခဲ့သည်မှာ တစ်နေ့၊ တစ်လ၊ တစ်နှစ်မက။ အဲ့သည်လောက် စေတနာကြီးသူ။

တကယ်တော့ ကိုသာအေးသည် လူက အနေရိုး၊ အနေဆင်းရဲသော်လည်း စာရိတ္တ မဆင်းရဲပေ။ သူများကို သူတတ်နိုင်သလောက် ကူညီချင်သည်။ ထို့ကြောင့် လူရိုး၊ လူအ ကိုသာအေးကို လူချစ်လူခင် ပေါများလှသည်။ ရပ်ကွက်အတွင်းရှိ ကျောင်းသားမိဘများက သူတို့သားသမီးကို ကျောင်းသို့ ယုံကြည်စိတ်ချစွာ ကိုသာအေးကို တာဝန်ပေးကြသည်။ ထို့ကြောင့် ကိုသာအေးအဖို့ အလုပ်မရှားပေ။ ကိုသာအေးတို့မှာ နေ့စဉ်နေ့တိုင်း ဆရာတော်ကြီးဘုရား၏ တရားတော်များ ဖွင့်သံကြားရတတ်သည်။ အခြား သီချင်းဖွင့်သံဆိုတာ တစ်ခါမှမကြားဖူးချေ။ ကိုသာအေးတို့၏ ရင်နှစ်သည်းချာ သမီးကညာလေးသည်ပင် သုံးနှစ်ကျော်ခဲ့ပြီ။ တီတီတာတာ ပြောတတ် ဆိုတတ်သောကြောင့် မိဘနှစ်ပါးခမျာ မျိုထားမတတ် ချစ်ရှာကြသည်။ စီးတဲ့ရေ ဆည်တဲ့ကန်သင်းဆိုသလလို အပေးအယူတည့်နေသည့် သူတို့လင်မယားကို ကြည့်ပြီး အားကျသည်။ သူတို့လို ပြုံးပျော်ပျော်ချင်သည်။ ပြီးတော့ ကိုသာအေးနှင့် မခင်လှတို့မှာ ခုနှစ်အိမ်ကြားရှစ်အိမ်ကြား ရန်ဖြစ်သည်ဟု တစ်ခါမှမကြားဖူးခဲ့။ အနေ အပြောအေးသည့် လင်မယားတွေပဲဟု တွေးရင်း အားကျခဲ့ရသည့်ရက်တွေ မနည်း ခဲ့ပြီ။

တစ်ခါတလေမှာ ကျွန်တော်တို့လင်မယားသည်ပင် ဒေါသထွက်၍ စိတ်မထိန်းနိုင်လျှင် တစ်ယောက်ကိုတစ်ယောက် ဒေါသအလျောက် တစ်ခွန်းစနှစ်ခွန်းစ အသံ ကျယ်ကျယ်ထွက်သွားသည့်အထိ ဖြစ်ခဲ့ဖူးသည်။ ကိုသာအေးတို့ လင်မယားကို ကျွန်တော်အားကျခဲ့၏။ လေးစားခဲ့၏။ အထင်ကြီး၏။ ကိုသာအေးသည် နာမည်နှင့် လိုက်အောင် ရိုးလွန်း၊ အေးလွန်းသောကြောင့် ကျွန်တော့်စိတ်ထဲမှာ တစ်ယောက်တည်း ကိုယ့်ဘာသာ အမည်ပေးထားသည်။

"ရေခဲတုံး" ဟု နာမည်ပေးထားသည်။

## အခန်း (၄)

ထူးဆန်းသည်ဟု ပြောမလား။ ကျွန်တော် မီးရထား ကွာတားသို့ ရောက်ခဲ့သည်မှာ တစ်နှစ်ကျော် နှစ်နှစ်ပြည့်တော့မယ်။ အိမ်ချင်းကပ်သည့် ကိုသာအေးတို့ မိသားစုနှင့် ကျွန်တော်တို့ တစ်ခါမှ စကားမပြောဖူး။ တကယ်ဆို ကျွန်တော်တို့ အနောက်ဘက်အိမ်ရဲ့ဘေးမှာ အဖီဆွဲနေကြသည်။ အလွန်ဆုံးကျယ်မှ ဆယ်ပေပတ်လည်ကျော်ကျော်ရယ်သာ။ ထိုအခန်းကျဉ်းလေးထဲမှာ သူတို့မိသားစုသုံးယောက်နေထိုင်ကြ၏။ ကျွန်တော်တို့နေသော အိမ်မှာ တစ်ဦးတည်းနေသောကြောင့် မိသားစုလေးယောက်အတွက် သိပ်မကျယ်လွန်းသော်လည်း အနေမကျဉ်းလှပေ။ ကျွန်တော်က မြန်မာ့မီးရထားဌာနမှာ အထက်တန်းစာရင်းစစ် တာဝန်ကို ထမ်းဆောင်ရင်း ထိုရပ်ကွက်လေးသို့ ရောက်လာခဲ့ရသည်။ အစိုးရဝန်ထမ်းဆိုတာ တကယ်တော့ အစိုးမရပါ။ နေရာတစ်နေရာတည်းမှာ အတည်နေထိုင်ခွင့်မရှိ။ တာဝန်ကျရာ သွားရသည်။ ကျွန်တော်တို့ရပ်ကွက်လေးမှာ နေထိုင်လာခဲ့သည်မှာ တစ်နှစ် ကျော်လာသည်အထိ သူတို့မိသားစုနှင့် စကားမပြောဖြစ်။ စကားမပြောဖူးရုံမဆိုထား ကျွန်တော်တို့ကိုယ့်အိမ်မှာရှိနေသောကြောင့် မျက်မှန်းတန်းရုံကလွဲ၍ သည့်ထက်မပို။

မခင်လှသည် ဆင်းရဲသော်လည်း ရုပ်ရည်က ဆိုက်ကားသမား မယားရုပ်မပေါက်။ တကယ့်ကတော်ရုပ် ပေါက်သည်။ မခင်လှနှင့် ကိုသာအေး ဇနီးမောင်နှံသည် တကယ်တော့ မလိုက်ဖက်။ မခင်လှရုပ်ရည်က ဖြူဖြူဖွေးဖွေး။ ဒေါင်ကောင်းကောင်း၊ မဟာဆန်သောနဖူး၊ ဇင်ရော်တောင်မျက်ခုံး။ အရည်ရွှန်းလဲ့သော မျက်လုံးများ၊ နှာတံသွယ်သွယ်၊ လေးကိုင်းသဏ္ဌာန် နှုတ်ခမ်းက နှင်းဆီရောင်သမ်းလျက်၊ အမြဲတမ်းကြည်လင်နေသော မျက်နှာမှာ အပူရုပ်ဆိုတာ တစ်ခါမှမမြင်မတွေ့သူး။ ကလေးတစ်ယောက် အမေဆိုသော်လည်း အပျိုနှင့်မခြား နေတတ်၊ ထိုင်တတ်၊ ဝတ်တတ်၊ စားတတ်သည်။ တစ်သားမွေး တစ်သွေးလှဆိုသော သူ့မို့အသားအရေက ဝင်းမွတ်နေသည်။

မခင်လှ၏ပါးမှာ မှုံ့နံ့သာခြယ်သထားသည်က နေ့စဉ်နေ့တိုင်း။ တကယ့်တော့ ကိုသာအေးအဖို့ မခင်လှကိုရသည်က ဘုရားပေးသည့် ဆုလာဘ်ကြီးတစ်မါးပင်။ ကြည့်ပါဦး ကိုသာအေးတစ်ယောက် အရုပ်ကပုပြတ်ပြတ်။ အသားအရေက မွဲခြောက်ခြောက်၊ ညိုမည်းမည်း၊ နဖူးကကျဉ်းကျဉ်း၊ မျက်ခုံးကထူ၊ မျက်ဖြူက မှေးမှေး၊ နှုတ်ခမ်းကထော်ထော်။ မခင်လှနှင့် ယှဉ်လိုက်ပါက ဘဲဥနှင့်ငါးပိလို

ကွာခြားလွန်းသောကြောင့် မခင်လှကို ရအောင်ယူနိုင်သော ကိုသာအေးကို ကျွန်တော် ကြိတ်ပြီး အထင်ကြီးလေးစားခဲ့သည်။

ကျွန်တော်က သူများအကြောင်းကို စပ်စုတတ်သော လူမဟုတ်သော်လည်း ကိုသာအေးတို့မိသားစုကိုတော့ စိတ်ဝင်စားသောကြောင့် သတိထားမိသည်က အမှန်။

## အခန်း (၅)

ထိုနေ့က ကျွန်တော်အလုပ်ကိစ္စ အရေးကြီးသောကြောင့် နေပြည်တော်မြို့သို့ တစ်ပတ်အကြား ခရီးသွားရသည်။ ကျွန်တော်သည် နေပြည်တော်သို့ လုပ်စရာ၊ ဆောင်ရွက်စရာကိစ္စများ ပြီးဆုံး၍ တစ်ပတ်ပြည့်သည့်နေ့မှာ ရန်ကုန်သို့ပြန်လာခဲ့သည်။ နေ့ရထား စီးခဲ့သောကြောင့် ညဆယ်နာရီမှ အိမ်ပြန်ရောက်ခဲ့သည်။ ခရီးပန်းသည်ကတစ်ကြောင်း၊ အိပ်ချင်သည်ကတစ်ကြောင်းကြောင့် ကျွန်တော်အဝတ်အစားလဲကာ တစ်ခါတည်း အိပ်တန်းဝင်ခဲ့သည်။ နောက်နေ့နံနက် အိပ်ရာမှနိုးလိုက်သည့်အချိန်မှာ အခါတိုင်းကြားရသည့်အသံမဟုတ်သည့် အသံတစ်ခုကို ကြားလိုက်ရသည်။

"လက္ခဏာဆရာက ပြောတယ်အမေရယ်…၊ နှလုံးလမ်းကြောင်းမှာ ကျွန်းခံနေတယ်၊ မိန်းမနဲ့ ပတ်သက်လာရင် အမြဲတမ်းပဲ ကံဆိုးနေတယ်၊ အခန့်မသင့်ရင် အချစ်ရေးအတွက် ကိုယ့်အသက်ကို ရန်ရှာလိမ့်မယ် မျက်ကန်းအချစ်သမားတဲ့"

မနက်စောစော စိုင်းထီးဆိုင်ရဲ့ သီချင်းလေးကို ကြားရလိုက်တော့ ကျွန်တော် အိပ်ရာမှ ကုန်းရုန်းထပြီး မျက်နှာသစ်ရင်း ကိုသာအေးတို့အိမ်ဘက်သို့ မျက်လုံးကစားကြည့်လိုက်မိသည်။ ကိုသာအေးတစ်ယောက် သူတို့အိမ်တံခါးပေါက်ဝမှာ ငေးငိုင်လျက် ကျက်သရေရှိသော မင်္ဂလာနံနက်ခင်းမှာ ကိုသာအေးဘာကြောင့် ငေးငိုင်နေပါလိမ့်။ သီချင်းစိတ် တဖွားဖွား…။ ကိုသာအေးရဲ့ ရင်ခွင်မှာတော့ သုံးနှစ်အရွယ် သမီးငယ်လေးကို ပိုက်ထွေးကာ ခွန်အားမဲ့နေသော မျက်လုံးများက မျက်ရည်စတွေနဲ့ ကျောက်ရုပ်ကြီးတစ်ရုပ်လို ငြိမ်သက်နေသော ကိုသာအေး။ ဘာတွေများတွေးငေးငိုင်နေပါလိမ့်၊ မည်သို့များ ခံစားနေရပါသနည်း။ ထိုနေ့ရဲ့ နံနက်ခင်း၏ အခင်းအကျင်းကား ကွဲရှရှ ခြောက်ကပ်ကပ်ကြီးပါလားဟု ကျွန်တော် စဉ်းစားနေရင်း မီးဖိုချောင်မှာ ထမင်းအိုးတည်နေသော ကျွန်တော့်ဇနီးမေ့ကို မေးလိုက်သည်။

"မေ… ဟိုဘက်အိမ်က ကိုသာအေးတစ်ယောက် ဘယ်လိုများဖြစ်နေလဲ၊ အခါတိုင်းနဲ့ မတူဘူး။ ဒီနေ့ သူ့မိန်းမရဲ့ အသံလည်းမကြားရပါလား၊ အခါတိုင်း ဒီအချိန်ဆို သူ့မိန်းမ ဘုရားဝတ်တက်တဲ့အချိန် မဟုတ်လား"

"ကို…မသိသေးဘူးကိုး၊ ကို အထင်ကြီးနေတဲ့ မခင်လှလေ။ နောက်လူတစ်ယောက်နဲ့ ဖောက်ပြန်နေတာ ကြာပြီတဲ့။ အဲဒါ အခု ပေါ်ပေါ်တင်တင်ပဲ… သူ့ယောက်ျားကိုရော၊ သူ့သမီးလေးကိုပါ ပစ်ထားခဲ့ပြီး… ဟိုတစ်ရောက် နောက်လိုက်သွားပြီလေ။ ကဲ…ဘယ့်နှယ်လဲ သူ့ကိုအထင်ကြီးနေတဲ့ မခင်လှလေ၊ ပြောပါဦး…။

မထင်မှတ်ဘဲ ဇနီးဖြစ်သူထံမှ ကြားလိုက်ရသော အမင်္ဂလာစကားကြောင့် ကျွန်တော်ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ နှုတ်ခမ်းအစုံပင် အထက်အောက်ရိုက်ခတ်လာသည့်အထိ ဖြစ်နေသည်။ မျက်လုံးသည် ချစ်ဇနီးမေ့ကိုကြည့်ရင်း ဝေဝါးသွားသည်။

လောက၏ဆန်းကြယ်မှု၊ လူတွေ၏ဆန်းကြယ်မှုကို အဖြေရှာဖို့ အတော်ခက်လိမ့်မှာ ထင်ပါသည်။ ဆန်းကြယ်သော လောကထက်၊ ဆန်းကြယ်သည့် စိတ်ထားကို ဘယ်လိုပုံ ဖော်ပြီး ဘယ်လိုဆုံးဖြတ်နိုင်ကြမည်နည်း။ ရိုးသားသည် မရိုးသားဘူး။ ဖြူစင်တယ် မဖြူစင်ဘူးဆိုတာ ဘယ်လိုအဖြေထုတ်ကြမည်နည်း။ စိတ်ဆိုတာဆန်းကြယ်သည့်အရာမို့ ကျွန်တော်ထင်ခဲ့တာတွေ မှားခဲ့ပြီဟု နားလည်လိုက်ပြီ…။

တွေးရင်း ကိုသာအေးထံ ကြည့်မိသည်။ ကိုသာအေးသည် သမီးလေးကို မလွှတ်စတမ်း ထွေးပွေ့ထားသည်။ ငိုနေသည်။ အဝေးကို ကြည့်နေသည်။ မျှော်နေသည်။ တမ်းတ ငံ့လင့်နေသည်။ သို့သော် ကိုသာအေးတမ်းတ ငံ့လင့်နေသူသည် ကိုသာအေးတို့သားအဖနှင့်ဝေးရာ ကမ္ဘာတစ်ဖက်စွန်းကို ရောက်နေလေပြီဆိုတာ ကိုသာအေး သိခဲ့ရင်။

သူ့ဇနီးအပေါ် မုန်းနိုင်ပါ့မလား…။

အထွန်း(တမာမြေ)

❐

မိုင်တိုင် ၁၂၀

အထွန်း (တာမာမြေ)

ငွေထုပ်ကြီးကို ကြည့်လိုက် ဝမ်းသာသလိုဖြစ်လိုက်။
သို့ပေမယ့် စိတ်မကောင်း ဖြစ်ရုံကလွဲပြီး
ဘာမှမတတ်နိုင်တော့...

# မိုင်တိုင် ၁၂၀

အထွန်း (တမာမြေ)

လက္ခယ်ရက်ဆိုသည်နှင့်အညီ အမှောင်ထုက ကြီးစိုးလျက်ရှိသည်။ လက်နှိပ်ဓာတ်မီးကို အားကိုး၍ လယ်ကွင်းများကိုဖြတ်၊ မိုင်တိုင်များကို ဖြတ်ကျော်ခဲ့။ အထက်ကောင်းကင်ယံမှာတော့ ဖိုးလမင်းကြီးက တိမ်ရှောင်ပုန်းနေ၏။ ငွေကြယ်ကလေးများသည် မှိတ်တုတ်မှိတ်တုတ်ဖြင့် တစ်လောကလုံးကို မရှိမဲ့ရှိမဲ့ အလင်းရောင်လေးတွေဖြင့် အင်အားပြ ထွန်းညှိနေသည်က အားရကျေနပ်မှု မရှိချင်ချင်…။

သူငယ်ချင်းတင်ဆောင် ခေါ်လာလို့သာ လိုက်ပါခဲ့ရသော်လည်း စိတ်ထဲက သိပ်မပါလှ။ သို့သော်လည်း နေ့စဉ်လစဉ် မွေးဖွားခါနီး ဇနီးသည် မထွေးမျက်နှာမြင်ယောက်မိပြန်လာတော့ သက်ပြင်းတွေ အကြိမ်ကြိမ် ချမိပြန်သည်။

တကယ်တော့ ကိုထွန်းညိုတို့လို ကြံရာ ကျပန်းသမားအဖို့ စုမိဆောင်းမိဖို့နေနေသာသာ ထမင်းကိုနပ်မှန်အောင် မနည်းရုန်းကန်နေကြရသည်။ ကိုထွန်းညိုသည် မလုပ်ဖူးသည့် အလုပ်ကြမ်းဟူသမျှ မရှိသလောက်ပင် ဖြစ်သည်။ တစ်ကိုယ်ရေတစ်ကာယသမားဘဝတုန်းက အကြောင်းမထူးပေမယ့် ယခုအချိန်မှာ ကိုထွန်းညိုကို မှီခိုအားထားနေသည် ချစ်လှစွာသော ဇနီးမယား မထွေးကရှိသေးသလို မထွေးလွယ်ထားသော သားလားသမီးလား မသိရသေးသည့် ရင်သွေးလေးပါ တိုးပွားလာတော့မည် မဟုတ်လား။ ကိုထွန်းညိုအဖို့က ကလေးမီးဖွားဖို့ စရိတ်မဆိုထားနှင့် နေဖို့ ညစာကိုပင် ရုန်းကန်နေရသည့် ဘဝဆိုတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး တင်ဆောင်ခေါ်ရာနောက်သို့ စိတ်မပါသော်လည်း မျက်စိမှိတ် လိုက်လာခဲ့သည် မဟုတ်ပါလား။

အမြန်လမ်းပေါ်မှ ကားမီးများက ဝင်းထိန်လျက် ကိုထွန်းညိုတို့နှစ်ယောက် နံဘေးမှ မြားနှင့်ပစ်နေသည့်အလား "ရှီးခနဲ၊ ရှီးခနဲ" ဖြတ်ကျော်သွားနေကြသည်။ နယုန်လဆိုသည့်အလျောက် အချိန်မဆိုင်းပါဘဲ မိုးတိမ်များက အလိပ်လိုက်တက် လာသည်။ လေပြည်တိုက်ရာမှ လေတိုက်နှုန်းက တဖြည်းဖြည်းကြမ်း၍ လာခဲ့သည်။ ငွေကြယ်ကလေးများပင် ပျောက်ကွယ်၍သွားကြသည်။ လောကကြီးတစ်ခုလုံး မှောင်မဲလျက်။ တိတ်ဆိတ်ငြိမ်သက်ခြင်းကို အမြန်လမ်းထက်က ကားကြီး၊ ကားငယ် များက ဖြိုခွင်းလျက်ရှိသည်။ မိုးပေါက်ကလေးများသည်ပင် တစ်ပေါက်စ၊ နှစ် ပေါက်စ ကျလာသည်။ ကိုထွန်းညိုစိတ်ထဲမှာ ဝါးတဲလေးထဲမှာ မပေါ့မပါးနှင့် တစ်ယောက်တည်း ထားခဲ့သော မထွေးကိုသာ စိတ်မချခြင်းများစွာနှင့် သတိရမိ နေသည်။

အခုလို တင်ဆောင်နှင့် လိုက်မည်မှန်းသိလျှင် ခွင့်ပြုလိမ့်မဟုတ်။ မထွေးမသိ အောင် ကိုထွန်းညို လိမ်ထွက်လာခဲ့သည်။

ကိုထွန်းညိုသည် တင်ဆောင်ပေးသော ကျောက်တုံးကို ကိုင်ထားလျက်။

"ဟေ့ကောင်ထွန်းညို၊ သားကောင်ကို ငါက ပစ်ဆိုတာနဲ့ အားထည့်ပြီး မြန်မြန်ဆန်ဆန် ပစ်နော်"

ကိုထွန်းညိုသည် ကျောက်တုံးကို မထားလျက် အသက်ရှူမြန်လာသည်။ ရင်တွေ တဆတ်ဆတ် ခုန်လာ၏။ သည်လောက် လေကြမ်းတိုက် မိုးဖွဲကျနေသည့် ကြားက ချွေးစေးများနဖူးမှ စီးကျလာသည်။ ကျောက်တုံးကို ကိုင်ထားသည့်လက်မှာ မသိမသာတုန်ရာမှ သိသိသာသာ တုန်၍နေသည်။ တင်ဆောင်တစ်ယောက် သား ကောင်ကို အမိအရ ပစ်ခတ်နိုင်ဖို့ ကျားချောင်းချောင်းနေလျက်။

"ထွန်းညို ပစ်တော့"

ခွမ်း… ဒိုင်း… ဝုန်း

တိတ်ဆိတ်ရာမှ ကမ္ဘာပျက်သည့်အလား တစ်လောကလုံး ဆူညံပွက်လော ရိုက်သွားတော့သည်။ အမြန်လမ်းပေါ်မှ တလိမ့်ခေါက်ကွေးလမ်းဘေးသို့ ထိုးကျသွား သော ကားအကောင်းစားကြီးဆီသို့ တင်ဆောင်ဦးတည်ပြေးသွားစဉ် မထင်မှတ်ဘဲ ကြောင်အမ်းပြီး ရပ်နေသည့် ကိုထွန်းညိုကို တင်ဆောင်က လက်နှိပ်ဓာတ်မီးဖြင့် မျက်နှာထိုးကာ သတိပေးလိုက်သည်။

"ဟေ့ကောင် ထွန်းညို လာလေကွာ၊ အချိန်မရှိဘူး၊ နောက်ကားတွေ မလာ ခင် ပစ္စည်းတွေ အမြန်သွားရှာရမယ်"

မိုးက ထစ်ချုန်းကာ သဲသဲမဲမဲ ရွာချလိုက်သည်။ ကားထဲ၌ ကားမောင်းသူမှာ ဖုရာမှာပင် ပွဲချင်းပြီး သေဆုံးလျက်။ ကားသမားအနီး၌ အသက် လေးဆယ်အရွယ် လူကြီးတစ်ဦး သတိမေ့နေသည်လား သေနေသည်လားမသိပေ။ ကားနောက်ခန်းထဲတွင် ပက်လက်အနေအထားဖြင့် နေသေသည့် ဗိုက်ကြီးသည် မိန်းမတစ်ယောက်။ အမှောင်ထုထဲတွင် မသဲမကွဲ မြင်လိုက်ရသည်။ ကိုထွန်းညိုသည် တင်ဆောင်၏ သတိပေးမှုကြောင့် ကားခေါင်းခန်းထဲမှ ပိုက်ဆံအိတ်ကို ဆွဲယူပြီး ကားသမား နံဘေးမှ လူကြီး၏လက်စွပ်၊ ဆွဲကြိုး၊ နာရီ စသည့်တန်ဖိုးကြီးပစ္စည်းများကို အလျင် အမြန်ဆွဲချွတ်၍ နောက်ကားမလာမီ အမြန်ဒရောသောပါး ထွက်ပြေးလာခဲ့သည်။

ကိုထွန်းညိုသည် လက်ထဲမှ ပိုက်ဆံအိတ်ကြီးကိုကြည့်ကာ ဝမ်းသာပီတိတွေ ဖြစ်လာသည်။ အိမ်မှာကျန်ခဲ့သည့် မထွေးအတွက် ကလေးမွေးဖို့စရိတ်က ပူစရာမလိုတော့ပေ။ ယခုလို အောင်အောင်မြင်မြင်ဖြင့် ပြီးဆုံးသွားသည်ကိုပင် တင်ဆောင် ကိုကျေးဇူးတင်ရမည်။ မိုးသည် သည်း၍ သည်း၍ ရွာလျက် မိုးချုန်းသံ၊ မိုးကြိုးပစ်သံတွေက တစ်လောကလုံး ဆူညံလျက်။ အိမ်အပြန်ခြေလှမ်းများက နှေးကွေးသည်ဟု ထင်နေမိသည်။ ကိုထွန်းညိုအတွေးထဲတွင် သားလေးလား။ သမီးလေးလား ဘာလေးပဲ မွေးမွေးချစ်ရမည်မဟုတ်ပါလား။ ဤသို့တွေးရင်း နောက်နောင် ဒီလို အလုပ်မျိုးကို ဆက်မလုပ်တော့ဘူးဟု ဆုံးဖြတ်ထားသည်။

အတွေးတွေဖြင့် ပျော်ရွှင်လျက်။ မိုးရွှဲရွဲထဲတွင် လေကြမ်းတိုက်၊ ခိုက်ခိုက်တုန် အောင်ချမ်းလှပေမယ့် ချမ်းရမှန်းမသိ။ အပြေးတစ်ပိုင်းနှင့် ခြေးစက်များပင် စီးကျလာသည်။ အပြင်မှာ  ခိုက်ခိုက်တုန်အောင် ချမ်းလှပေမယ့် ကိုထွန်းညို၏ရင်ထဲမှာတော့ မီးတောက်လောင်နေသည့်အလား ပူလောင်လွန်းလှပါသည်။

ငွေထုပ်ကြီးကိုကြည့်လိုက် ဝမ်းသာသလိုဖြစ်လိုက်။ သို့ပေမယ့် စိတ်မကောင်းဖြစ်ရုံကလွဲပြီး ဘာမှမတတ်နိုင်တော့ပေ။ ဖြစ်သွားပြီ။ လက်လွန်သွားပြီ။ ဘာမှမတတ်နိုင်။ ကမ္ဘာမီးလောင် သားကောင် ချနင်းရသည်ဟု သူ့ကိုယ်သူ ဖြေသိမ့်ရင်း လျှင်မြန်သောခြေလှမ်းများဖြင့် ချစ်ဇနီးမထွေးရှိရာသို့ အပြေးလာခဲ့တော့သည်။

စောစောက အငြိုးဖြင့် ရွာချသောမိုးသည်ပင် တိတ်ခဲ့လေပြီ။ ငွေကြယ်ကလေးများ မှုန်ဝါးဝါးပြန်မြင်နေရ၏။ ကိုထွန်းညိုတို့ တဲကလေးသည် အဝေးမှ လှမ်းကြည့်လိုက်လျှင်မြင်ရသော မထွေးအိပ်မောကျနေသည့် တဲလေးမှာ အမှောင်မည်းမည်းထဲတွင် ထီးထီးကြီး ရပ်တည်လျက်။ ကိုထွန်းညိုအတွေးထဲမှာ ယခုအချိန်ဆို မထွေးတစ်ယောက် အိပ်ပျော်ရာနေရောမည်ဟု တွေးတောလျက်။ ကိုထွန်း

ညိုသည် သူ့တဲအနီးသို့ တဖြည်းဖြည်း ရောက်လာခဲ့သည်။ တဲ၏တံခါးပေါက်ကြီး ပွင့်၍ နေသည်။

"မထွေး…၊ မထွေးရေ"

ကိုထွန်းညို အသံပေးသော်လည်း တဲအတွင်းမှ တုံ့ပြန်ထူးသံက ပေါ်မလာချေ။ ကိုထွန်းညိုသည် မထွေးအိပ်ပျော်နေသည့်အထင်ဖြင့် တဲအတွင်းသို့ဝင်၍ လက်နှိပ်ဓာတ်မီးဖြင့်ထိုးကြည့်သည်။ မထွေးကို မတွေ့ရ။ ကိုထွန်းညိုသည် အပေါ့အပါး သွားနေသည့်အထင်ဖြင့် တဲအပြင် လက်နှိပ်ဓာတ်မီးထိုးကာ ထွက်လာစဉ်။ ကိုထွန်းညိုတို့၏ တောင်ဘက်အိမ်မှ အရီးဖွားတစ်ယောက် ရှေးဟောင်းဖြစ် အောက်လင်း ဓာတ်မီးလေးကို လက်ဖြင့်ဆွဲလျက် ကိုထွန်းညို ရှိရာသို့ ရောက်လာသည်။

"ဟဲ့ထွန်းညို…၊မင်းပြန်ရောက်ပြီးလား"

"ဟုတ်ကဲ့ အရီးဖွား… ကျွန်တော် မထွေးကို မတွေ့လို့လိုက်ရှာနေတာ"

"မရှာနဲ့တော့ကွယ်…၊ မင်းတဲကနေထွက်သွားပြီး နှစ်နာရီလောက်အကြာမှာတော့ မင်းမိန်းမ ဗိုက်နာတယ်ဆိုလို့၊ ဒီမှာလည်း ကလေးမွေးတတ်တဲ့သူ မရှိဘူး။ အဲ့ဒါနဲ့ လမ်းမှာသွားနေတဲ့ ကားတစ်စီးကို အကူအညီတောင်းပြီး နီးရာဆေးရုံဆေးခန်းကို တင်ပေးဖို့ ပြောလိုက်တယ်။ မင်းပြန်လာမှ ရန်ကုန်ကို လိုက်လာလိမ့်မယ်လို့ မနည်းပြောပြီး ကားပေါ်တင်ပေးလိုက်တယ်။ ဒီမှာ ကားသမားရဲ့ ဖုန်းနံပါတ်ပါတဲ့"

"ဗျာ… မထွေး မဖြစ်ပါစေနဲ့၊ မထွေးမဖြစ်ပါစေနဲ့"

"ဟဲ့ ဘာဖြစ်လို့လဲ မောင်ထွန်းညို"

ကိုထွန်းညိုပါးစပ်မှ ဂါထာမန်းသလို တီးတိုးရွတ်ရင်းလက်ထဲမှ ငွေထုပ်ကြီးကို မြေကြီးပေါ်သို့ ပစ်ချပြီး စောစောက သူလာရာလမ်းသို့ အရူးတစ်ယောက်လို ပြေးထွက်သွားခဲ့တော့သည်။

အရီးဖွားမှာတော့ ကိုထွန်းညိုပစ်ချသွားခဲ့သော ငွေထုပ်ကြီးကို အောက်လင်းဓာတ်မီးဖြင့် ကြည့်ရင်း ကိုထွန်းညိုတစ်ယောက် ပြေးရာနောက်သို့ ငေးမောကြည့်ကာ နားမလည်နိုင်စွာဖြင့် သူ့တဲရှိရာသို့ ဖြည်းညင်းသော ခြေလှမ်းများဖြင့် တရွေ့ရွေ့ ကျောခိုင်းသွားလေတော့သည်။

**အထွန်း (တမာမြေ)**

❐

# ပေးဆပ်ခဲ့သော မေတ္တာတရား

ရွှေညာသားမြတ်မင်း

ထိုသူ၏အသံမှာ ရှိကျိုးလွန်း

လှုပ်ရှားလွန်းသည်ဟု ထင်ရသည်။

လူသား အချင်းချင်း

အကူအညီတောင်းလာပြန်တော့လည်း...

# ပေးဆပ်ခဲ့သော မေတ္တာတရား

ရွှေညာသားမြတ်မင်း

ကိုအုန်းမောင်တစ်ယောက် မုံးကိုး၏ အနောက်ဘက်ဆီသို့ မျှော်ကြည့်လိုက်မိသည်။ ညချမ်းနေဝင်ချိန် ဆည်းဆာနှင့်အတူ မြူလွှာပါးပါး လွှမ်းခြုံနေသည့် တောင်စွယ်တောင်တန်းပေါ်သို့ ဆင်းသက်လာသည်ဟုထင်ရသော နေဝန်းရီရီ မြန်မာပြည် မုံကိုးနှင့် တရုတ်ပြည်နယ်ဖြင့် ဆက်စပ်နယ်ခြား၊ ဥယျာဉ်ကြီးတစ်ခုရဲ့ အလှများကိုမေးတင်၍ ကြည့်နေသယောင်။

ကောင်းကင်တွင် မှုန်ရီဝိုးတဝါး၊ အုံဆိုင်းနေသည့် မိုးသားများနှင့်တိမ်လိပ်တွေက ဟိုတစ်စုသည်တစ်စု နေရာအနှံ့ ကျဲပြန့်နေကြသည်။ မကြာမီ မိုးရွာတော့မည့် လက္ခဏာပင်။

အလုပ်သိမ်းပြီးမှ နာရီကိုကြည့်မိတော့ ညနေငါးနာရီတိတိရှိနေပြီ။ ထိုအချိန် မိုးက ဆိုင်းမဆင့် ဗုံမဆင့် ရွာချ၏။ ပတ်ဝန်းကျင်တွင် မိုးစက်များ သဲသဲမဲမဲ။

ဆောက်လက်စ ဝန်ထမ်းဆောင် အဆောက်အအုံများဘေးရှိ နားခိုရာ အလုပ်သမားတဲများအတွင်း ဆောက်လုပ်ရေး လက်သမား ပန်းရန်များက မိုးခိုနေကြဆဲ။

ပတ်ဝန်းကျင်ကို ဝေ့ဝဲကြည့်ရင်း မူဆယ်သို့ပြန်ရန် ကိုအုန်းမောင် စီစဉ်ရပြန်သည်။ တကယ်တော့ ကိုအုန်းမောင်သည် မူဆယ်မြို့ မြို့ကော်မတီ တည်ဆောက်ရေးအဖွဲ့မှာ လက်သမားအဖွဲ့၊ ပန်းရန်အဖွဲ့၊ ဆေးသုတ်အဖွဲ့ စသည်များကို ကြီးကြပ်စီစဉ်ဆောင်ရွက်ပေးရသော ဆောက်လုပ်ရေးအဖွဲ့၏ ခေါင်းဆောင်ဖြစ်သည်။ မုံးကိုး

နှင့်မူဆယ်ကို တစ်ပတ်လျှင်တစ်ခေါက် ပြန်ရပြီး လုပ်ငန်းပြီးစီးမှု အခြေအနေကို သတင်းပေးပို့ရသူ၊ လက်ရှိအဆောက်အအုံ ဆောက်နေသည်က မုံးကိုးပြည်သူ့ဆေးရုံအနီးရှိ ဆေးပေးခန်း၊ ကျန်းမာရေးဝန်ထမ်းဆောင်များ ဆောက်လုပ်ပေးနေခြင်းပင်။ ဆောက်လုပ်ဆဲလုပ်ငန်းများအတွက် လိုအပ်သည့် ဘိလပ်မြေ၊ အုတ်၊ ထုံး၊ ကျောက်၊ သဲနှင့်သစ်ခွဲသားများကို မူဆယ်မြို့ရှိ မြို့ကော်မတီ တည်ဆောက်ရေးအဖွဲ့ရုံးသို့ ကိုယ်တိုင်သွားရောက်၍ သယ်ယူပေးရပြန်သည်။

မိုးက သဲသဲမဲမဲ ရွာနေဆဲ။ လက်သမား၊ ပန်းရန်လုပ်သားများလည်း ညစာအတွက် ချက်ပြုတ်စားသောက်ရန် ပြင်ဆင်နေကြပြီ။ အလုပ်သမားများကို ဝေ့ဝဲကြည့်ရင်း ထော်လာဂျီကားမောင်းသမား ခင်မောင်ဝင်းတစ်ယောက် ထော်လာဂျီကားပေါ်မှာ အဆင်သင့် စောင့်ဆိုင်းနေသည်ကို တွေ့ရ၏။

တစ်ပတ်တစ်ခါ လုပ်ငန်းပြီးစီးမှု အခြေအနေများကို မူဆယ်မြို့ရှိ မြို့ကော်မတီ တည်ဆောက်ရေးအဖွဲ့ရေးရုံးသို့ သတင်းပို့ပြီး အလုပ်သမားများအတွက် စားနပ်ရိက္ခာများ ဝယ်ယူဖြည့်ဆည်းပေးရန်ကိုလည်း ကိုအုန်းမောင် စဉ်းစားရပြန်သည်။

မုံးကိုးနှင့်မူဆယ် အသွားအပြန် အသုံးပြုသော ထော်လာဂျီကားမှာ ကိုအုန်းမောင်၏ ကိုယ်ပိုင်စီးတော်ယာဉ် ဖြစ်သည်။ အဆောက်အအုံ လုပ်ငန်းများအတွက် လိုအပ်သော ပစ္စည်းများသယ်ယူရန်နှင့် သွားသွားလာလာ အဆင်ပြေစေဖို့ တရုတ်ဂျစ်ဖရိန်ကို တရုတ်ဖြစ် ''ဂျင်းမား'' တစ်ဆယ့်ရှစ်ကောင် ဒီဇယ်အင်ဂျင်စက်ကို တပ်ပြီး ကားဘော်ဒီကို ဒေသထွက် သစ်များဖြင့် အခိုင်အခံ့ ပြုလုပ်ထားခြင်းဖြစ်သည်။ စက်အားကကောင်း ဘော်ဒီကတော့ ရွှေမိုးဆောင်း ရာသီမရွေး အသုံးပြုနိုင်သလို တောင်တက်တောင်ဆင်း လမ်းများနှင့်လည်း အဆင်ပြေလှသည့် မူဆယ်ဒေသထွက် ထော်လာဂျီကားဟူ၍ပင် ဆိုရတော့မည်။

ထော်လာဂျီကားမောင်းသည့် ခင်မောင်ဝင်းက သဲတော၊ ဝမ်းတွင်းဘက်ကဖြစ်ပြီး လက်သမားဆရာ ကိုဝင်းဗိုလ်၏ ခေါ်ဆောင်ခဲ့မှုဖြင့် မူဆယ်သို့ ရောက်လာသူ။

ကိုအုန်းမောင်တို့ မြို့ကော်မတီတည်ဆောက်ရေးအဖွဲ့တွင် မြေသယ်၊ ကျောက်တိုက် ထော်လာဂျီကား မောင်းနေသည့် ကိုမြင့်လွင်နှင့် အလုပ်စပ်မိပြီး ထော်လာဂျီယာဉ်နောက်လိုက်အဖြစ် လုပ်ငန်းခွင်သို့ ဝင်ရောက်လာခဲ့သူ။

ကိုမြင့်လွင် မြေသယ်၊ ကျောက်တိုက်လုပ်ရင်း ခင်မောင်ဝင်းကို ထော်လာဂျီအမောင်းသင်ပေးသည်။ မြေပြန့်တွင်မောင်းလိုက်၊ တောင်ပေါ်လမ်းတွင်မောင်းလိုက်

နှင့် ခုတော့ ထော်လာဂျီကားမောင်းနေသည့်အလုပ်က ခင်မောင်ဝင်းအဖို့ ကစားစရာ အရုပ်ကလေးတစ်ခုနှယ် နိုင်နင်း ကျွမ်းကျင်နေပြီ။ သည်တော့ ကိုအုန်းမောင်က သူ့လက်သမားအဖွဲ့မှာ ထော်လာဂျီကားမောင်းသည့် တာဝန်ကို ခင်မောင်ဝင်းအား တာဝန်ပေးခဲ့သည်။

"ဆရာ့အိပ်ရာလိပ် ကျွန်တော်ယူပြီး ထော်လာဂျီပေါ်ထားလိုက်ပြီးပြီ။ ဆရာ ယူမယ့်ပစ္စည်းတွေ ဘာကျန်နေဦးမယ်ဆိုတာ စစ်ပါဦး ဆရာ"

"အေးကွာ၊ အလုပ်ကများ၊ မိုးက ရတ်တရက်ရွာဆိုတော့ အိပ်ရာလိပ်ယူဖို့တောင် သတိမရဖြစ်သွားတယ်။ ကျေးဇူးပဲ ခင်မောင်ဝင်း"

ခင်မောင်ဝင်းအား ကျေးဇူးတင်ကြောင့် ဖွင့်ပြောရင်း ကိုအုန်းမောင် ထော်လာဂျီပေါ်သို့ တက်ထိုင်လိုက်သည်။

"အားလုံးပဲ သွားမယ်ဟေ့။ စားဖို့သောက်ဖို့အတွက် အစုံအလင်ဝယ်ခဲ့ပါ့မယ်။ လိုတာရှိရင်လည်း မှာကြပါ။ ပြောကြပါ။"

ကိုအုန်းမောင်၏ ရိုးစင်းသော စိတ်ရင်းစေတနာကို အလုပ်သမားက နားလည်ကြပြီးသား။ အပြန်အလှန် လက်ပြနှုတ်ဆက်ကြရင်း အပြုံးပန်းတဝေဝေနှင့် မှာစရာရှိသည်များကို အသံသာသာဖြင့် အလုအယက်မှာကြသည်က ဆူညံနေကြသည်။

ထော်လာဂျီကား စထွက်ခဲ့ပြီ။ မိုးကိုးကို ခေတ္တကျောခိုင်းခဲ့သည်။ လူက မူဆယ်သို့ ဦးတည်လာခဲ့ရသော်လည်း စိတ်က လုပ်ငန်းခွင်ထဲမှာ၊ အလုပ်သမားတွေဆီမှာ ပျံ့လွင့်၍ ကျန်ရစ်နေဆဲ။

မိုးကိုးနှင့်မူဆယ်သည် တောင်တက်တောင်ဆင်း ပေါများသည့်ခရီး၊ မိုးရွာလျှင် လမ်းကြမ်းသောခရီး သို့သော်လည်း အလုပ်တာဝန်နှင့်ဆိုတော့လည်း ပင်ပန်းဆင်းရဲသည်ဟု သဘောမထားခဲ့ပါ။

မိုးသည် သဲကြီးမဲကြီး ရွာနေဆဲ။ တောင်ပေါ်လမ်းဖြစ်၍ အခုလို မိုးရွာချိန် ထော်လာဂျီကား စီးရသည်မှာ မသက်သာ။ တောင်ပေါ်မြေသားလမ်းပီသစွာ ချိုင့်ခွက်ကြီးများက နေရာတိုင်းတွင် ရှိနေသည်။ ထိုချိုင့်ခွက်များကို ဖြတ်ကျော်မောင်းရသည့်အခါ ဘယ်ယိမ်းညာနွဲ့ ပုခတ်စီးနေရသလို ဖြစ်နေ၏။ သို့သော် မိမိဝါသနာပါသော ဆောက်လုပ်ရေး လက်သမားဆရာဘဝဖြင့် ဦးဆောင်ရသည်ဖြစ်၍ အသွားအပြန်ခရီး မည်မျှကြမ်းတမ်းသည့်တိုင်အောင် စိတ်ဓာတ်မကျ၊ စိတ်မပျက်ခဲ့သည်က အမှန်။

ပတ်ဝန်းကျင်သည် တောင်ကုန်းတောင်ရိပ်နှင့် သစ်ပင်ကြီးများ၏ အရိပ်ကြောင့် အမှောင်နှင့်မည်းမည်း။ မိုးကရွာနေဆဲ။ လျှပ်စီးတဝင်းဝင်းလက်ကာ မိုးချုန်းသံတွေက တဂျိမ်းဂျိမ်းနှင့် ကြားနေရသည်။ ခင်မောင်ဝင်းသည် ထော်လာဂျီကို သတိထား၍ မောင်းရင်း၊ ရှေ့မီးကို ဖွင့်လိုက်၏။ စူးရှထိန်လင်းသော မီးရောင်ကို အားပြုကာ အရှိန်ကိုလျှော့ချလိုက်သည်။ ပြီးတော့ ကုန်းအဆင်းဖြစ်၍ ဂီယာကြီးဖြင့် တလိမ့်ချင်း သတိကြီးစွာထား၍ မောင်းနှင်လာခဲ့ရသည်။

ကိုအုန်းမောင်၏ စိတ်အာရုံကလည်း ထော်လာဂျီနှင့်အပြိုင် ခရီးနှင်ဆဲ။

* * *

စိတ်ထဲမှာတော့ တိုးတက်ပြောင်းလဲလာသော နိုင်ငံတော်၏ ပုံရိပ်အချို့ကို မြင်ယောင်နေမိသည်။ နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထူးအလေးပေး ဆောင်ရွက်နေပါသလား။

ထိုအထဲတွင် ကိုအုန်းမောင်၏ ရှမ်းပြည်နယ်မြောက်ပိုင်း၊ မူဆယ်မြို့တိုးတက်ရေးသည်လည်း အပါအဝင်ဖြစ်သည်။ မူဆယ်မြို့ မုံးကိုး၊ မုံးပေါ်၊ ကျူကုတ်-ပန်းဆိုင်းဒေသများကိုလည်း တစ်သွေးတည်း၊ တစ်သီတည်းဖြစ်စေရန် စီမံကိန်းများချမှတ်ကာ အကောင်ထည်ဖော်နေကြသည်။

ယခုလည်း မုံးကိုး ဆောက်လုပ်ရေးလုပ်ငန်းခွင်မှ မူဆယ်မြို့သို့ သွားရပြန်ရသည့်ခရီးသည် အခေါက်ပေါင်း မနည်းတော့။ ဆောက်လုပ်ရေးပစ္စည်းများနှင့် အလုပ်သမားများအတွက် စားနပ်ရိက္ခာဝယ်ယူ ဖြည့်ပေးခဲ့သည်မှာ အကြိမ်ကြိမ်။

သည်လမ်းသည်ဒေသသည် ဟိုယခင်က ပြည်တွင်းငြိမ်းချမ်းမှု ရောင်ခြည်တို့ မှေးမှိန်ခဲ့ရပြီး အမှောင်ထု၏ လွှမ်းခြုံမှုကို ကာလကြာမြင့်စွာ ခံစားခဲ့ရသည်။

သည်တော့ လူမှုရေး၊ စီးပွားရေး၊ ဘာသာရေးအပါအဝင် ဒေသဖွံ့ဖြိုးမှု နှေးကွေးခဲ့ရသည်။

ယခုတော့ အရင်လို မဟုတ်ပြီ။ နိုင်ငံတော်အစိုးရက အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အခြေခံပြီး တောတွင်းနေတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအား ငြိမ်းချမ်းရေးပန်း ကမ်းလှမ်းခဲ့ပြီ။ ငြိမ်းချမ်းရေးနှင့်လက်နက် လဲလှယ်ခဲ့ပြီ။ တစ်ချိန်က ဒိုက်မြည်းခြောက်သွေ့ခဲ့သောဒေသည် " စောင်ခြုံ၍မလုံ၊ မေတ္တာခြုံမှ လုံမယ်" ဟူသော ရှေးရိုးစကားအတိုင်း နိုင်ငံတော်အစိုးရ၏ မေတ္တာ၊ စေတနာအဟုန်ကြောင့် အရုဏ်ဦးရောင်ခြည်နှင့်အတူ နိုးစေခဲ့ပြီး ဒေသအားလုံး ဖွံ့ဖြိုးခဲ့ပြီ။

ကိုအုန်းမောင်သည် ဆေးရုံ၊ ဆေးပေးခန်းနှင့် စာသင်ကျောင်း ဝန်ထမ်းဆောင်များ တည်ဆောက်နေသော မိုးကိုးဒေသအတွင်း အမြဲတမ်းကြိုးစားခဲ့သူ၊ ခေတ်နှင့်အညီ တပြေးညီ တိုးတက်စေချင်သည်။ ဒါက ကိုအုန်းမောင်ရင်ထဲက စေတနာ။

မူဆယ်မြို့၊ မြို့ကော်မတီ တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလုံနှင့် အတွင်းရေးမှူး ဦးခွန်ဆိုင်တို့ကလည်း ကိုအုန်းမောင်ကို အားပေးဆုံးမစကား ပြောခဲ့ကြသည်။ သွားသတိ၊ လာသတိ၊ စားသတိ၊ အိပ်ရာဝင် စကားတွေ။ ပြီးတော့ လူမှုရေးစည်းကမ်း အလုပ်ခွင်စည်းကမ်း စသည်··· စသည်။

ပြီးတော့ မြို့ကော်မတီတည်ဆောက်ရေးအဖွဲ့တွင် စံပြခေါင်းဆောင်ဖြစ်ဖို့ နိုင်ငံတော်အတွက် ကျောက်ကောင်းတစ်စေ့ ပန်ကောင်းတစ်ပွင့် ဖြစ်စေဖို့။

ကိုအုန်းမောင်တစ်ယောက် အတွေးနှင့်စိတ်ကူးယဉ်နေသလို ခင်မောင်ဝင်းလည်း ထော်လာဂျီကို ဂရုတစိုက် မောင်းနှင်နေဆဲ။ တောင်ပေါ်လမ်းသည် မြင့်လိုက်၊ နိမ့်မြင့်လိုက်။ မိုးကတဖွဲဖွဲ ရွာနေဆဲ။ တိမ်လွှင်မည်းမည်းများ အကြားမှ ငွေရောင်လတ်လတ် တဝင်းဝင်း၊ တထိန်ထိန်။

တောင်အတက်လမ်းသို့ ရောက်သည်နှင့် တထုန်းထုန်းမြည်နေသော ထော်လာဂျီစက်သံသည် တစ်တောင်လုံး ပဲ့တင်မြည်ဟိန်းလျက်နေသည်။

"အတက်ကြမ်းကြမ်း၊ အဆင်းခက်ခက်" ဆိုတာ ဒါမျိုးလားမသိ။ အတက်သည် မတ်စောက်ရုံသာမက အကွေ့တွေကလည်း မြွေလိမ်မြွေကောက် သဏ္ဍာန်။

ရွာသွန်းထားသော မိုးရေများသည် ကားလမ်းပေါ်မှတဆင့် ကျောက်တုံး၊ ကျောက်ခဲ၊ သစ်ပင်ကြိုသစ်ပင်ကြားအတိုင်း တောင်ကျရေအသွင် ပြောင်းလဲကာ တောင်အောက်ခြေသို့တိုင် အရှိန်ပြင်းစွာဖြင့် တဝေါဝေါ ပြေးဆင်းနေတော့သည်။

* * *

တောင်ပေါ်လမ်းသည် ရောမမြွေကြီးတစ်ကောင် တွန့်လိမ်နေဘိသို့။ ထော်လာဂျီကား၏ မီးအလင်းရောင်ကြောင့် ကမ်းပါးယံမတ်စောက်စောက်နှင့် လျှိုမြောင်ချိုင့်ဝှမ်းများကို ထင်ထင်ရှားရှား တွေ့မြင်နေရသည်။ မကြာခဏသွားလားဖူးသည့် လမ်းခရီးဖြစ်သည့်တိုင် တစ်ကိုယ်လုံး ကြက်သီးမွေးညင်းထနေသလို သည်းထိပ်ရင်ဖိုလည်း ဖြစ်ရသည်။

သည်လမ်း သည်ခရီးကို ညမှောင်မှောင်၊ မိုးသည်းသည်းတွင် နှစ်ယောက်တည်း လာမိသည်မှာ ယခုမှ နောက်ကြောင်းပြန်လှည့်ချင်သော်လည်း မဖြစ်နိုင်မှန်းသိ၏။

လမ်းဘေးတွင် တရိပ်ရိပ်ကျန်နေခဲ့သော သစ်ပင်ကြီးများကိုကြည့်ရင်း ခင်မောင်ဝင်းသည် ထော်လာဂျီကို အန္တရာယ်မဖြစ်စေရန် ထိန်း၍မောင်းနှင်နေရသည်။

ပတ်ဝန်းကျင်သည် ညို့ညို့မှိုင်းမှိုင်း။ မိုးစက်များက တဖျောက်ဖျောက် ကျဆင်းနေဆဲ။ တောင်ကုန်းတောင်ဆင်းများကို ဖြတ်ကျော်မောင်းနှင်ရင်း ခင်မောင်ဝင်းက····

''မန်ကန်ရွာကို ရောက်တော့မယ် ဆရာ''

ခင်မောင်ဝင်း၏ စကားကြောင့် ကိုအုန်းမောင်အတွေးစ ပြတ်သွားသည်။ ဝေလွင့်ပျံ့ထွက်နေသော စိတ်အစဉ်ကို ပြန်လည်စုစည်းရင်း ရှေ့ဆီမှ မန်ကန်ရွာကို လှမ်းကြည့်မိ၏။ လက်နှိပ်မီးရောင်လဲ့လဲ့က သစ်ပင်များကြားမှ ကြိုးကြားကြိုးကြား မှုန်မှုန်ဝါးဝါး။

''ဟာ··· ဆရာ··· ဆရာ···''

ခင်မောင်ဝန်း၏ အထိတ်တလန့် စကားကြောင့် ကိုအုန်းမောင် စိတ်လှုပ်ရှားသွား၏။

''ဘာလဲ ခင်မောင်ဝင်း···ဘာတွေ့လို့လဲ'' မိုးသည်းနေမို့ ဘာကိုမှ သည်းသည်းကွဲကွဲ မမြင်ရ။

''ဟိုမှာ··· ဟိုမှာလေ ဆရာ။ လူသုံးယောက်''

''ဟင်''

ခင်မောင်ဝင်း မေ့ငေါ့ညွှန်ပြရာ ရှေ့တည့်တည့်ကို ကြည့်မိ၏။ တောင်အဆင်း လမ်းပေါ်တွင် လွှမ်းခြုံအုပ်မိုးထားသော ထော်လာဂျီမီး အလင်းရောင်အောက်ဝယ် လူသုံးယောက်။ ကားလမ်းအကွေ့ အလယ်တည့်တည့်မှာ ရပ်နေကြပြီး လက်များကို ဆန့်တန့်ကာ ထော်လာဂျီကို ဖွတ်အတင်းတားနေကြသည်။ မြင်ရသည်က သဘာဝမကျ။

လူကသုံးယောက်။

ခြေကားယား၊ လက်ကားယားနှင့်။

ဒီလောက်မိုးရွာနေတဲ့ကြားထဲမှာ ဘယ်သူတွေလဲ။ မတော်တဆ ကားဘီးချော်ပြီး တိုက်မိခဲ့လျှင်···

ကြည့်···

စိတ်ဆိုးရအခက်၊ စိတ်မဆိုးရအခက်။ တကယ်တော့ ဒီဒေသကနေ တိုင်းရင်းသားတွေက တောင်ပေါ်မှာနေ၊ တောင်ပေါ်မှာကြီးပြင်းခဲ့ကြသူတွေ။ ရိုးသားပွင့်လင်းသည်။ ဟန်ဆောင်မှုမရှိကြ။ ကိုအုန်းမောင်အသိ။ ထော်လာဂျီယာဉ်ကို ရပ်ပေးလိုက်ကြသည်။

တစ်ယောက်က ထော်လာဂျီအနီးသို့ ချည်းကပ်လာပြီး အသံသြသြဖြင့် ပြောကြသည်။

"မိုးရွာထဲ ကျွန်တော်တို့ ဒုက္ခရောက်နေလို့ပါ"

"ဟာ… လက်သမားဆရာကြီးပါလား"

နောက်တစ်ယောက်ကလည်း ကိုအုန်းမောင်ထိုင်နေရာကို လက်ညှိုးဖြင့် ထိုးကြည့်ရင်း ဝမ်းသာအားရပြောလာ၏။ ထိုအပြုအမူကြောင့် သူတို့၏ အခက်အခဲကို နားလည်သဘောပေါက်လိုက်မိသည်။

ဝမ်းသာအားရဟန်ဖြင့် ပြောလာသူသည် မုံးကိုးဈေး နေ့တိုင်း ဈေးအနီး လက်ဖက်ရည်ဆိုင်တွင် ကိုအုန်းမောင်နှင့် လက်ဖက်ရည်သောက်ရင်း ခေါက်ဆွဲစားရင်းနှင့် ဆုံးခဲ့ဖူးသူ။ မျက်နှာတန်းမှတ်မိပြီးသူ။ သိကြခင်ကြသူတွေတော့ မဟုတ်။ သို့သော် ထိုသူက ကိုအုန်းမောင်ကို လက်သမားဆရာမှန်း သိထား၍ လက်သမားဆရာကြီးဟု ပြောဆိုနှုတ်ဆက်လိုက်ခြင်းပင်။

ထိုသူကပင်… ကိုအုန်းမောင်ကို ကြည့်ကာ…

"ဆရာကြီးတို့ ကျွန်တော်တို့ကို ကူညီကြပါဦး။ ကျွန်တော်တို့မှာ အခက်အခဲကြုံနေလို့ပါ… အဲ့ဒါ"

ထိုသူ၏အသံမှာ ရိုကျိုးလွန်း လှုပ်ရှားလွန်းသည်ဟု ထင်ရသည်။ လူသားအချင်းချင်း အကူအညီတောင်းလာပြန်တော့လည်း ကိုအုန်းမောင်အနေဖြင့် ကူညီပေးရတော့မည်။

"ကဲ… ပြော…၊ အချိန်မတော်ကြီး ဘာအကူအညီ လိုအပ်လို့လဲ…၊ ပြောသာပြောအားမနာနဲ့"

ကိုအုန်းမောင်က ခပ်မြန်မြန်မေးလိုက်ရင်း ထော်လာဂျီပေါ်မှ ဆင်းသည်။ ခင်မောင်ဝင်းက ကိုအုန်းမောင်နှင့် လူသုံးယောက် စကားပြောနေသည်ကို ထော်လာဂျီပေါ်မှ နားစွင့်ရင်း လှမ်းကြည့်သည်။

"ဒီလိုပါ ဆရာ၊ ကျွန်တော်တို့ရွာက အမျိုးသမီးတစ်ဦး ကလေးမီးမဖွားနိုင်လို့ အဲ့ဒါ မုံးပေါ်ဆေးရုံကို အမြန်ရောက်အောင် ပို့ချင်လို့ပါ ဆရာ… အဲ့ဒါ။"

"ဟုတ်ပါပြီ၊ သဘောပေါက်ပါပြီ၊ ပို့ပေးပါ့မယ်။ ကူညီပေးပါ့မယ်ဗျာ။ ကဲ… ခင်မောင်ဝင်းရေ၊ ကူညီလိုက်ကြရအောင်၊ ဘယ်မှာလဲ အဲ့ဒီအမျိုးသမီးက"

"ဟိုမှာ ဆရာ"

ထိုလူညွှန်ပြရာသို့ ကြည့်မိသည်။ မိုးရေများစိုစွတ်လိမ်းကျံနေသော ကားလမ်းဘေးမှ သစ်ပင်ကြီးတစ်ပင်နှင့် ရှစ်ပေပတ်လည်ခန့်ရှိ ပလတ်စတစ် ထီးကြီးအောက်ဝယ် ကိုယ်ဝန်အရင့်အမာနှင့် အမျိုးသမီးတစ်ဦး။ ထိုအမျိုးသမီးတစ်ဦးသည် ညည်းညူ ခြင်း လူးလူးလိမ့်လိမ့်နှင့် မျက်နှာတွင်လည်း ချွေးဥများ သီးနေသည်ကို တွေ့ရသည်။

"ကဲ… ကဲ… ထော်လာဂျီပေါ်ဝိုင်းပြီး တင်ကြရအောင်ဗျာ၊ မုံးပေါ်ဆေးရုံကို အမြန်ရောက်အောင် သွားမှဖြစ်မယ်"

ဟု ကိုအုန်းမောင် အလောတကြီး ပြောလိုက်သည်။

ထိုလူသုံးယောက်သည် ထီးကြီးကိုပိတ်ပြီး အမျိုးသမီးကို ထော်လာဂျီပေါ်သို့ မတင်ကြသည်။

ခင်မောင်ဝင်းက ထော်လာဂျီကို စက်နှိုးပြီးသား ဖြစ်နေသည်။ အမျိုးသမီးသည် ညည်းညူနေဆဲ။ လူတစ်ယောက်ကလည်း အားပေးနှစ်သိမ့်နေဆဲ။

အမျိုးသမီး၏နာမည်က "နန်းရွှေရည်"တဲ့။ ရှမ်းတိုင်းရင်းသူလေး။ သူ့ယောကျ်ားနာမည်က "အိုက်စံ"တဲ့။

အခု ထိုသူထဲတွင် အိုက်စံဆိုသူလည်း ပါသည်။ အိုက်စံခမျာ ဇနီးသည်အတွက် မျှဝေခံစားနေရှာ၍လားမသိ။ စကားပင် မပြောနိုင်။ ထော်လာဂျီပေါ်တွင် နန်းရွှေရည်အား ထွေးပွေ့ထားရင်း အားပေးစကားတွေပြောပြီး လိုက်ပါလာပုံက ယောကျ်ားကောင်းပီသလွန်းလှသည်။

ထော်လာဂျီသည် မန်ကန်ရွာ၊ နောင်ဟာင်ရွာ၊ ဝိန်းဆိုင်ရွာ၊ တောင်ပေါ်ရွာ ကားလမ်း အကွေ့အကောက်အတိုင်း ရှေ့ဆက်ခရီးနှင်နေဆဲ။

အိုက်စံတို့နှင့်အတူ အားပေးဖော်အဖြစ် လိုက်လာပါလာသူ နှစ်ယောက်ကလည်း နန်းရွှေရည်အား မိုးစိုမည်စိုး၍ ထီးကြီးကို ထော်လာဂျီပေါ်မှာ ဖွင့်ကာဆောင်း လိုက်လာကြသည်။

ထီးကြီးကို လေနှင်ရာနောက်သို့ လွင့်ပါမသွားအောင် ထော်လာဂျီ အမိုးကိုင်းနှင့်ပူးကပ် လက်ဖြင့်ဖိကာ နှစ်ယောက်သား မနိုင်မနင်း ကိုင်ထားကြရသည်။

မကြာမီ မုံးပေါ်ရွာရေချောင်းကို ဖြတ်သန်းမောင်းနှင်လာကြသည်။ မုံးပေါ် ဈေးအနီးရှိ ကျန်းမာရေးဆေးခန်းသို့ ရောက်ကြပြီ။ ထော်လာဂျီကိုရပ်ကာ နန်းရွှေရည်အား ဝါးဖြင့်ပြုလုပ်ထားသော ထမ်းစင်ဖြင့် ဝိုင်းမကာ ဆေးခန်းထဲသို့ ပို့ဆောင်ပေးကြသည်။ အိုက်စံက ဆေးခန်းထဲသို့ လိုက်သွားကာ သားဖွားဆရာမကို အကျိုးအကြောင်းပြောပြရင်း အကူအညီတောင်းနေသည်။

သားဖွားဆရာမက နန်းရွှေရည်အား ချက်ချင်းပင် ကလေးနှလုံးခုန်သံ နားထောင်ခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးခုန်နှုန်း စမ်းသပ်ခြင်း၊ အဖျားတိုင်းခြင်း၊ ဗိုက်စမ်းခြင်းများ တစ်ဆက်တည်းပြုလုပ်ပေးပြီးနောက် ဆေးခန်းအပြင်ဘက်တွင် စောင့်နေကြသော အိုက်စံတို့အဖွဲ့ကို ဆရာမကခေါ်ပြောသည်။

"မွေးလူနာရဲ့ ဝမ်းထဲမှာ ကလေးအနေအထားက ပုံမှန်မဟုတ်တဲ့အတွက် ဒီမှာ မီးဖွားလို့ မရနိုင်ဘူးရှင့်၊ မူဆယ်ဆေးရုံကို ပို့ရပါမယ်"

သားဖွားဆရာ၏ စကားကြောင့် အိုက်စံအဖွဲ့ စိတ်ပျက်သွားကြသည်။ အချိန်မတော်ကြီး ဘာလုပ်၍ဘာကိုင်ရမှန်းမသိ ဖြစ်ကုန်ကြသည်။ ဆရာမက ဆက်ပြောသည်။။

"မူဆယ်ဆေးရုံမှာဆိုတော့ ကလေးရော လူကြီးရော၊ အန္တရာယ်ကင်းတာပေါ့ရှင့်။ ဟိုက... နားလည်တတ်ကျွမ်းတဲ့ ဆရာဝန်တွေ၊ ဆရာမတွေရယ်၊ ကုသမှုပစ္စည်းကိရိယာ၊ ဆေးဝါးတွေစုံတယ်လေ။ မွေးလူနာအတွက် လမ်းမှာအနီးကပ်စောင့်ရှောက်ပေးရင်း ရှင်တို့နှင့်အတူ ကျွန်မလည်းတစ်ခါတည်း လိုက်ပါခဲ့မယ်"

"ဆရာမပြောတာ ခင်ဗျားတို့ ကြားတဲ့အတိုင်းပဲ။ ဘာမှအားမငယ်နဲ့၊ စိတ်မပျက်ကြနဲ့။ ကျွန်တော်တို့လည်း မူဆယ်ပြန်ရမယ်ဆိုတော့ အဆင်ပြေပါတယ်။ နောက်ပြီး ဆရာမလည်း ဆေးရုံထိလိုက်ပို့မှာဆိုတော့ အားလုံးအဆင်ပြေသွားမှာပါ။ ဟိုရောက်မှ လိုတာရှိရင် ဝိုင်းဝန်းပြီး တိုင်ပင်ကြတာပေါ့။ ကဲ... သွားကြရအောင်။ အားလုံးထော်လာဂျီပေါ်တက်ကြပါ"

"ကျွန်တော်တို့ မူဆယ်ထိ မလိုက်တော့ဘူးဗျာ။ ဒီမှာမွေးဖွားဖို့ အခက်အခဲရှိနေရင်လည်း ဖြစ်ချင်ရာဖြစ်ပါစေတော့။ ရွာမှာပဲ ပြန်ပြီးမွေးတော့မယ်"

တကယ်တော့ မုံးပေါ်ရွာပတ်ဝန်းကျင် အခြားဆေးခန်းမရှိသလို ဆရာဝန်လည်းမရှိ။ ဤပတ်ဝန်းကျင်၌ ရိုးရာဖွားပညာ အသင့်အတင့်သာ တတ်သိထားသော အရပ်လက်သည် အချို့သာရှိကြသည်။ သူတို့က ကျန်းမာရေးအသိ နည်းပါးသောကြောင့် တိုင်းရင်းသားအပေါ် အခွင့်ကောင်းယူပြီး လုပ်စားနေကြသည်။ သူတို့

ကြောင့် အနာနှင့်ဆေး တလွဲစီဖြစ်ကာ ကွယ်လွန်သွားကြသူတွေ မနည်းပင်ရှိနေပြီ။ ဒါတွေကို တစ်ယောက်စကား တစ်ယောက်နားဖြင့် ကိုအုန်းမောင်လည်း ဗဟုသုတအဖြစ် ကြားဖူးနားဝရှိပြီဖြစ်သည်။

ထို့ကြောင့်…

"ဟာ… ဒီလိုမလုပ်ကြပါနဲ့ ကိုယ့်လူတို့။ အခုကိစ္စက အရေးကြီးတယ်လေ။ ယတိပြတ်ဆုံးဖြတ်လို့မရဘူး။ ကဲပါဗျာ၊ ခင်ဗျားတို့ ကျွန်တော့်ကို အားမနာနဲ့ ခင်ဗျားတို့အတွက် ကျွန်တော် တတ်နိုင်သလောက် အကူအညီပေးမယ်။ ဘာမှ စိတ်မပူကြပါနဲ့။"

ကိုအုန်းမောင်သည် ရိုးရင်းစွဲစေတနာအမှန်ဖြင့် ပြောလိုက်သည်။ ယခုရင်ဆိုင်နေရသော ဒုက္ခက မသေး။ အကြောင်းမသင့်ပါက လူကြီးရောကလေးပါ သေဆုံးနိုင်သည့် အနေအထားမျိုး။ သည်တော့ အားပေးကူညီဖေးမရမည်။ ကျန်နှစ်ဦးကလည်း အိုက်စံကို မူဆယ်ဆေးရုံသို့ သွားရန်ပြောဆိုနေကြသည်။

သူတို့က အရိုးခံ တိုင်းရင်းသားစစ်စစ်တွေ။ ဒါကြောင့် ကူညီသင့်သည်ဟု ကိုအုန်းမောင်တွေးမိသည်။

ကျန်နှစ်ဦးက ကိုအုန်းမောင်ပြောသည့်စကားကို သဘောတူသဖြင့် အိုက်စံလည်း ခေါင်းငြိမ့်လိုက်သည်။ နန်းရွှေရည်ကို ထော်လာဂျီပေါ်သို့ ပြန်တင်လိုက်ကြသည်။ ပြီးတော့ သားဖွားဆရာမ ကိုယ်တိုင်လိုက်လျက် ခရီးဆက်ခဲ့ကြသည်။

ခရီးက မူဆယ်မြို့အထိ။

အချိန်က ညဆယ်နာရီ ကျော်လွန်ခဲ့ပြီးပြီ။

ထော်လာဂျီလေးသည် မုံးပေါ်ရွာမှ နမ့်မတောင်းရွာ၊ လုံခန့်တောင်ကြောလမ်း၊ ထိုမှ ၁၀၅ မိုင်၊ မိုင်းယုရွာပြီးတော့ "တုန်ခန်"ရွာနှင့်"နမ့်ခွန်" ရွာတို့ကို ဖြတ်သန်းမောင်းနှင်လာသည်။ မကြာမီ လျှပ်စစ်မီးအလင်းရောင်အောက်မှ မူဆယ်မြို့ကို လှမ်းမြင်နေရပြီ။

မကြာမီ မူဆယ်ဆေးရုံသို့ ရောက်ခဲ့ပြီ။

ဆေးရုံသို့ ရောက်သည်နှင့် ကိုအုန်းမောင်ကပင် ဦးဆောင်၍ သားဖွားဆရာမနှင့်အတူ တာဝန်ကျဆရာဝန် ဒေါက်တာကြည်အေးဆွေနှင့် ဦးစွာတွေ့ဆုံကာ အကျိုးရှင်းပြသည်။

သူနာပြုဆရာမ "ခင်ဆွေဦး"နှင့်အတူ အကူနှစ်ယောက် မွေးလူနာကို သားဖွားဆောင်သို့ ပို့ဆောင်ပေးကြသည်။ စေတနာအပြည့်နှင့် အချိန်မရွေးကာ

တာဝန်ထမ်းဆောင်နေကြသော မူဆယ်ဆေးရုံများ၏ လှုပ်ရှားမှုများကို မြင်ရသော အိုက်စံကျေနပ်ဝမ်းသာခြင်းနှင့်အတူ မွေးနာအတွက် စိတ်ချရပြီ။ ထို့အတူ ကိုအုန်းမောင်အနေဖြင့်လည်း ကူညီရကျိုးနပ်ခဲ့ရပြီ။

မိမိ၏ ဆောက်လုပ်ရေးတာဝန် ထမ်းဆောင်နေကြသော အလုပ်သမားများအတွက် ရိက္ခာဝယ်ယူဖို့ ကိစ္စကို အခုမှပဲ ပြန်လည်သတိရမိတော့သည်။

မည်သို့ပင်ဖြစ်စေ အခုကြုံတွေ့ရသည့် မိခင်နှင့်ကလေး ကိစ္စကပို၍ အရေးကြီးနေသည် မဟုတ်ပါလား။

* * *

အခုညက နှစ်နာရီခွဲ။

"လူနာရှင် ရှိလား၊ ကလေးအမေ ဗိုက်ခွဲမွေးရမည်"

သူနာပြုဆရာမလေး "ခင်ဆွေဦး"က အိုက်စံတို့အဖွဲ့ ထိုင်နေရာမှ လာ၍ပြောသည်။

"လူနာရှင်"

"ကျွန်တော်ပါ ဆရာ"

အိုက်စံက ခပ်လေးလေး ဖြေသည်။ ပြီးတော့ ကိုအုန်းမောင်ထိုင်နေရာသို့ ဖျက်ခနဲ လှမ်းကြည့်သည်။ သူ့အကြည့်တွင် အားကိုးရိပ်များ ကပ်ငြိနေ၏။

"ဟုတ်ပြီ။ဘီသွေးအလှူရှင် ရှာထားပါ။ နန်းရွှေရည်က ဘီသွေးဆိုတော့ ဘီသွေးလှူရမယ့်သူကို ကြိုပြီးရှာထားဖို့ ပြောတာပါ။"

"ဟုတ်ကဲ့… ဟုတ်ကဲ့ပါ ဆရာမ"

ပြောသာ ပြောလိုက်ရသည်။ အိုက်စံဘာလုပ်ရမည်မသိ။ မမြင်ရသေးသည့် ရင်သွေးနှင့်ဇနီး၏ မျက်နှာကို မြင်ယောင်ရင်း၊ အိုက်စံတုန်လှုပ်မိသည်။ ပြီးတော့ သွေး…သွေး ဆိုပါလား။ ဘီသွေးတဲ့။

အိုက်စံမှာ ဆောက်တည်ရာမရတော့။ အချိန်ကလည်း ညဥ့်နက်နက်၊ ညမှောင်မှောင်၊ လူတွေအိပ်မောကျနေသည့်အချိန်။

တကယ်တော့ မူဆယ်ဆေးရုံနှင့်ကိုအုန်းမောင်က အစိမ်းသက်သက် မဟုတ်ပါ။ မူဆယ်ဆေးရုံတွင် လက်သမား၊ ပန်းရန်လုပ်ငန်း လိုအပ်သည့်အခါများတွင် အချိန်မရွေး လုပ်ကိုင်ပေးနေကျ ဖြစ်သည်။ ဆေးရုံတွင် အရေးတကြီး သွေးလိုအပ်နေသောလူနာမျိုးနှင့် တိုက်ဆိုင်ပါကလည်း သွေးလှူပေးခဲ့သည်။

"သွေးလိုအပ်မှုနှင့် သေခြင်းတရားကို ရင်ဆိုင်နေရတဲ့ ဝေဒနာရှင်များအတွက် ကိုယ့်ကိုကိုယ်ထဲမှာ သန့်ရှင်းတဲ့သွေးကို ဖောက်ပြီးပေးလှူခွင့်ရတယ်ဆိုတာ အင်မတန်မွန်မြတ်တဲ့ ကုသိုလ်ထူးဗျ"

ဟိုတစ်ချိန်က သွေးလှူစဉ်က မူဆယ်ဆေးရုံက ဆရာဝန်ကြီးဒေါက်တာကြည်စိုး ပြောပြသည့်စကားကို ကိုအုန်းမောင်ပြန်လည် ကြားယောင်မိ၏။

"ဆရာမ ကျွန်တော်အမည် ကိုအုန်းမောင်ပါ။ အခုလူနာအတွက် လိုအပ်တဲ့ သွေးကို ကျွန်တော် လှူပါရစေ။ ကဲ… အိုက်စံ ဘာမှမတွေးပြီး ပူမနေနဲ့၊ စိတ်အားသာထားပေတော့"

ကိုအုန်းမောင်က ဆရာမကိုပြောရင်း အိုက်စံဘက်ကိုလှည့်၍ နှစ်သိမ့်စကားပြောလိုက်ပြီး ခုတင်ရှိရာသို့ ဆရာမ၏နောက်မှ ချက်ချင်းလိုက်ပါသွားသည်။ အိုက်စံမျာ စိတ်သက်သာရသွားပုံရသည်။ မိမိ၏သွေးဖြင့် လူနာနှစ်ဦး၏ ဘဝကို ကယ်တင်ရတော့မည်ဖြစ်၍ ကိုအုန်းမောင်ကိုယ်တိုင်လည်း ပျော်ရွှင်နေမိသည်။

မူဆယ်ဆေးရုံ မြို့နယ်ဆရာဝန် ဒေါက်တာကြည်စိုး၏ဇနီး ဒေါက်တာကြည်အေးဆွေကိုယ်တိုင် ကိုအုန်းမောင်ကို သွေးဖောက်သည်။ လက်မောင်းမှ သွေးကြောထဲသို့ အပ်သွင်းလိုက်သည်နှင့် ပိုက်မှတဆင့် ပုလင်းထဲသို့ သွေးများ တစ်စက်ချင်း ကျလာတော့သည်။

တစ်ပေါက်ချင်း ကျသည့် သွေးစက်များကိုကြည့်ရင်း ကိုအုန်းမောင် ကျေနပ်နှစ်သိမ့်နေမိသည် ။

သွေးပုလင်းပြည့်သွားချိန်တွင် သူနာပြုဆရာမ ခင်ဆွေဦးက အပ်ဖြုတ်ပေးပြီး ပုလင်းကို ခွဲစိပ်ခန်းသို့ ယူသွားသည်။

ခဏအကြာတွင်…

"အူဝဲ… အူဝဲ… အူဝဲ…"

"အူဝဲ… အူဝဲ… အူဝဲ…"

စူးရှသောကလေးငိုသံက မူဆယ်ဆေးရုံထဲတွင် လွှမ်းမိုးသွားသည်။ သွေးလှူပြီးအနားယူနေသော ကိုအုန်းမောင်၏ ရင်ထဲတွင်လည်း အေးမြသွား၏။

ကလေးငိုသံကြောင့် အိုက်စံတို့အားလုံး ဝမ်းသာပျော်ရွှင်နေကြသည်။ မိခင်ရောကလေးပါ အသက်ရှင်ခွင့်ရခဲ့လေပြီ။

သားဖွားခန်းအတွင်းမှ ထွက်လာသော ဒေါက်တာကြည်စိုး၊ ဒေါက်တာကြည်အေးဆွေနှင့် သူနာပြုဆရာမ ခင်ဆွေဦးတို့သည် ရှမ်းတိုင်းရင်းသူတစ်ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည့်အတွက် ပီတိအပြုံးကိုယ်စီနှင့်။

လူနာအပေါ် မေတ္တာ၊ စေတနာ ထားသည့်ဆရာဝန်၊ ဆရာမများတွေနှင့် တွေ့ကြုံဆုံစည်းခွင့်ရသည်က နန်းရွှေရည်အဖို့ တကယ့်ကို ကုသိုလ်ကံထူး ဖြစ်သည်။

မူဆယ်ဆေးရုံနှင့် ဆရာဝန်၊ ဆရာမ၊ သူနာပြု ဝန်ထမ်းအားလုံး၏ မေတ္တာ စေတနာများသည် အိုက်စံရင်ဝယ် ထာဝရကျေးဇူးတရားနှင့်အတူ ...။

"ကျေးဇူးတင်ပါတယ် ဆရာမရယ်"

အိုက်စံက အနားသို့ ရောက်လာသော သူနာပြုဆရာမ ခင်ဆွေဦးအား နှုတ်ဆက် လိုက်သည်။

"ကျွန်မကို ကျေးဇူးတင်တာထက် ဟောဟိုက သွေးလှူပေးတဲ့ လက်သမား ဆရာကြီး ဦးအုန်းမောင်ကိုသာ ကျေးဇူးတင်လိုက်ပါ။ ဒီဆရာကြီးက သွေးလှူပေးလို့ သာ ရှင့်ဇနီးရော ကလေးပါ အသက်ရှင်ခွင့်ရတာ၊ အခုလို အရေးကြီးတဲ့အချိန်၊ လိုအပ်တဲ့သွေးရှာလို့မရရင် သွေးလှူမယ့်သူမရှိရင် မိခင်ရော ကလေးပါ အသက် အန္တရာယ်ရှိနိုင်တယ်"

ဆရာ၏ စကားအဆုံးတွင် အိုက်စံသည် ကိုအုန်းမောင် ထိုင်နေသော ခုတင်သို့ ခပ်သွက်သွက်သွားကာ...

"ဆရာကြီးကို သိပ်ပြီးကျေးဇူးတင်ခင်ဗျာ"

ကျေးဇူးတင်စကားဆိုရင်း အိုက်စံ အတောက်ပဆုံးသောအပြုံးဖြင့် တိုင်းရင်း သားတစ်ဦး၏ နှစ်သက်ကျေနပ်ဖွယ် ကျေးဇူးတင်စကားကို ကြားရသဖြင့် ကိုအုန်း မောင် ဝမ်းမြောက်ဝမ်းသာ ခံစားလိုက်ရသည်။

လူသားအချင်းချင်း ရိုင်းပင်းကူညီသော ကိုအုန်းမောင်လို လူသားတစ်ဦး၏ အတွင်းစိတ် အတိမ်အနက်ကို အိုက်စံ ဒီကနေ့ သိခွင့်ရခဲ့သည်။

ကိုအုန်းမောင်အနေနှင့်ကတော့ အအိပ်ပျက်ခံ၊ အချိန်ကုန်ခံပြီး သားအမိနှစ် ယောက်၏ အသက်ဆက်လက်ရှင်သန်ခွင့်ကို မိမိသွေးနှင့်ရင်း၍ ကူညီခဲ့ပြီးပြီ။

"အူဝ... အူဝဲ... အူဝဲ..."

"အူဝ... အူဝဲ... အူဝဲ..."

လူ့ဘဝထဲသို့ ခြေတစ်လှမ်းစာ ဝင်ရောက်လာခဲ့ပြီဖြစ်သော ကလေးငယ်၏ ငိုသံ။ ပြီးတော့ အဝတ်ဖြင့် ထွေးပတ်ထားသောကလေးကို ရင်ခွင်မှာ ပွေ့ချီထားခဲ့ သည့် နန်းရွှေရည်၏ ကလေးချော့မြူသံ။

ထိုဂီတသံများကြောင့် ကိုအုန်းမောင်၏ရင်တွင် ကြည်နူးရိပ်များ တသိမ့်သိမ့် လှုပ်ခတ်နေသည်။ ကိုယ်ခန္ဓာတစ်ခုလုံး ငွမ်းတစ်စလို ပေါ့ပါးနေသည်ဟု ထင်ရ သည်။ ထို့အတူ အားကျေနပ်ခြင်း ဝမ်းသာခြင်း ပီတိအဟုန်သည်လည်း...။

ချွေးတစ်စက်သည် တိုင်းပြည်အတွက်ဖြစ်ရသလို သွေးတစ်စက်သည်လည်း လူသားနှစ်ယောက်၏ အသက်ရှင်ခွင့်အတွက်…။

မကြာမီ…အရှေ့ဆီမှရောင်နီပျိုး၍ အရုဏ်တက်တော့မည်။ ။

ရွှေညာသားမြတ်မင်း

❒

ဝေဒနာ မျက်ရည်များ

ရွှေညာသားမြတ်မင်း

ဦးမိုးကောင်းက စကားကို
ဆက်ပြောမည်လုပ်ပြီးမှ
ပြောမထွက်ရက်တော့ပါ။
သက်ပိုင်မျိုးတစ်ယောက် မျက်ရည်စတွေနဲ့

# ဝေဒနာ မျက်ရည်များ

ရွှေညာသားမြတ်မင်း

ရှမ်းရိုးမတောင်တန်းကြီးကို နောက်ခံပြုလျက် မြွေတစ်ကောင်လို ရစ်ခွေစီးဆင်းနေသော တောင်တန်း။ ရွှေလီမြစ်၏ ကမ်းပါးယံထက်ဝယ် ပင်လုံးညွတ်မျှ ပွင့်နေကြသော ချယ်ရီပန်းပင်တို့၏ကြားသို့ တဖွဲဖွဲရွာနေသည့် မိုးစက်ဖြူဖြူတို့ကြောင့် လှချင်တိုင်း လှနေသည့် သဘာဝပတ်ဝန်းကျင် ပန်းချီကားတစ်ခုလို လှမ်းမြင်ရသည်မှာ စိတ်အမောဝေဒနာတို့ ပြေလျော့စေမိသည်က အမှန်။

သက်ပိုင်မျိုးတစ်ယောက် ဗန်းမော်-နမ့်ခမ်း ကားလမ်းမကြီးအတိုင်း အတော်ဝေးဝေးသို့ ခြေကျင်လျှောက်ခဲ့ရသဖြင့် နဖူးမှာချွေးစကလေးများပင် စို့လာတော့သည်။

ထိုအချိန် မှိန်ဖျော့ဖျော့ အလင်းရောင်များဖြင့် နေဝင်ဆည်းဆာ ဖြစ်လာချိန်မို့ ဝန်းကျင်မှ ငှက်ကလေးများသည်လည်း သူတို့၏ အသိုက်အမြုံများ ရှိရာဆီကို ရွှေလီမြစ်ရေပြင်ပေါ်အတိုင်း တောင်ပံခတ်နှုန်း မှန်မှန်ဖြင့် ပျံသန်းနေကြလေသည်။

သူတို့လို မိသားစုနှင့် ပြည့်စုံသော အသိုက်အမြုံတစ်ခုတော့ သက်ပိုင်မျိုး၏ ဘဝအတွက် လိုချင်နေမိသည်။ မိသားစုအသိုင်းဝန်းတစ်ခုလုံးရဲ့ မေတ္တာတရားကိုလည်း ကြည်နူးခြင်း ပီတိတွေနဲ့ ခံစားလိုက်ချင်သည်။ ခုတော့ မိသားစု၏ အသိုက်အမြုံ နွေးထွေးမှုအရသာ ငေးမွတ်နေသည်မှာ ကြာခဲ့ပြီ။ ဒါကြောင့် မိသားစုဘဝကို ပြန်လည်တမ်းတရင်း တန်ဖိုးထားချင်နေမိသည်ကို သက်ပိုင်မျိုးတစ်ယောက် လောဘကြီးစွာ တွေးနေသည်။

သက်ပိုင်မျိုးသည် ငယ်ငယ်တုန်းက လမင်းကြီးထံမှာ " ထမင်းဆီဆမ်း ရွှေလင်ပန်းနှင့် ထည့်ပေးပါ"ဟု ခဏခဏ တောင်းခဲ့ဖူးသည်။ မျှော်လင့်ချက်တွေနဲ့လည်း ပျော်ရွှင်ကျေနပ်ခဲ့ဖူးသည်။

ယခုအခါ သက်ပိုင်မျိုးသည် မတောင်းခံ၊ မလိုချင်။ မမျှော်လင့်ဘဲ သောကများနှင့်အတူ ရောက်လာသည့် ဝေဒနာဆိုးကြီးကို လက်ဆောင်ရခဲ့ခြင်း ဖြစ်သည်။

အချို့သော ဒုက္ခဝေဒနာဆိုးများကို သိမ်းဆည်းကာ မေ့ပျောက်ထား၍ ရနိုင်သော်လည်း ယခု လက်ဆောင်ရထားသော ဝေဒနာဆိုးကြီးကို သိမ်းဆည်းထားဖို့ ဘယ်လိုမှ မဖြစ်နိုင်သလို ချစ်ရသူ နေညိုညိုနှင့် ဘဝတစ်ခုကို လက်တွဲထူထောင်ဖို့ပင် တွန့်ဆုတ်တွေဝေနေရလေပြီ။

သက်ပိုင်မျိုးသည် ကျန်းမာရေးအသိ နည်းပါးခဲ့၍ အရက်သောက်ခြင်းသည် ဦးနှောက်နှင့်အာရုံကြော ထိခိုက်မှု ချို့ယွင်းသောရောဂါ၊ ဆေးလိပ်စွဲမြဲစွာ သောက်ခဲ့မိခြင်းကြောင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ လိင်အပျော်အပါးကြောင့် ကိုယ်ခံအားကျဆင်းသောရောဂါ . . .။

ထိုရောဂါဆိုးများသည် သက်ပိုင်မျိုး ဝေဒနာအား ရက်စက်စွာ ဖျက်ဆီးခဲ့ကြသလို စိတ်ဓာတ်အားတွေလည်း တရိရိနှင့် လုံးပါးပါးခဲ့ရလေသည်။

အပြစ်ကင်းစင် သန့်ရှင်းလွန်းသော တစ်ချိန်တုန်းက ကလေးငယ်ဘဝကို သက်ပိုင်မျိုး ပြန်လည်တွေးမြင်မိလေသည်။

* * *

သက်ပိုင်မျိုး၏အဖေ နိုင်ငံ့ဝန်ထမ်း သတ္တုတွင်းဝန်ကြီးဌာနမှ လျှပ်စစ် အင်ဂျင်နီယာ ဖြစ်သည်။ အဖေတာဝန်ကျရာ နမ္မတူ၊ ဘော်တွင်းမှာ မိသားစုတွေနဲ့အတူ လိုက်ပါနေထိုင်ရင်း ကြီးပြင်းခဲ့ရသည်။

သက်ပိုင်မျိုးမှာ ဆယ်တန်းအောင်ခဲ့သော်လည်း ကျောင်းဆက်မတက်တော့ဘဲ သူ့အဖေတာဝန်ကျသည့် ရုံးမှာပင် ရုံးအကူစာရေးအဖြစ် အလုပ်ဝင်ခဲ့သည်။

သက်ပိုင်မျိုး၏ မိဘများသည် တိုက်နှင့်ကားနှင့် နေနိုင်သူများ မဟုတ်ပေ။ လခစားဝန်ထမ်းတစ်ဦး၏ မိသားစုဖြစ်သည်မို့ စားဝတ်နေရေး မနည်းလုံးပန်း နေကြရသည်။ သားသမီးများကို တင့်တင့်တယ်တယ် လူတန်းစေ့နေနိုင်ရေးအတွက် ပစ္စည်းဥစ္စာများ အမွေမပေးနိုင်ခဲ့ပေ။ သားသမီးများအတွက် အတန်းပညာရေးပင် နှုတ်ဖြင့် ကူညီစောင့်ရှောက်ကာ အမွေပေးနိုင်ခဲ့လေသည်။

လမင်းသည် လမင်း၏အရောင်ရှိသလို ဖယောင်းတိုင်လည်း ဖယောင်းတိုင်၏အလင်းရောင်သာ ရှိနေသည်ကို သက်ပိုင်မျိုး ကောင်းစွာနားလည်ပါသည်။ အခုတော့ သူ့အဖေအသက်အရွယ် ရလာသည်နှင့် ကျန်းမာရေးပြောင်းလဲမှုသည် အနည်းနှင့်အများဆိုသလို တွေ့ကြုံလာရမည်ကို သက်ပိုင်မျိုး နားလည်လာသည်။ မိသားစုစားဝတ်နေရေးကို စဉ်းစားလာမိသည်။ အဖေ၊ အမေကို ပြန်လည်ပြုစု ကျွေးမွေးလိုစိတ် ဖြစ်ပေါ်လာသည်။

ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းဆိုသည်မှာ တကယ်တမ်း အားကိုးရသည်မဟုတ်။ ရာထူးရှိမှ အမျိုးတော်၊ ငွေရှိမှ ခေါ်ချင်ပြောချင် ကြသည်။ ဒါကို သက်ပိုင်မျိုး နားလည်သည်။ ကိုယ့်အားကိုယ်ကိုး၊ ကိုယ်လုပ်မှကိုယ်ရမည်ကို သိသည်။ ဒါ့ကြောင့် ကျောင်းဆက်မတက်တော့ဘဲ သူ့အဖေတာဝန်ကျရာ ရုံးမှာပင် အလုပ်စဝင်ခဲ့ခြင်း ဖြစ်သည်။

ရုံးအကူစာရေးအဖြစ် လုပ်သက်သုံးနှစ်အပြည့်တွင် အဖေဖြစ်သူ ဦးမြမောင် လူကြီးရောဂါဖြင့် ဆုံးပါးခဲ့ရသည်။ အဖေဆုံးပြီးနောက် အမေ၏အုပ်ထိန်းမှုအောက်မှာပင် သားသမီးတွေ တစ်ယောက်ပြီးတစ်ယောက် အိမ်ထောင်ပြုပြီး ကိုယ့်ဘဝကို ထူထောင် နေကြရသဖြင့် မိသားစုအသိုက်အမြုံသည် တဖြည်းဖြည်းပြိုကွဲ၍ တစ်ယောက်တစ်နေရာဆီ ရောက်ခဲ့တော့သည်။

သက်ပိုင်မျိုးကိုယ်တိုင်ကလည်း အထီးကျန်ဘဝဖြင့် ရှေ့ဆက်ရမည့်ခရီးကို တွေးမျှော်ရင်း သတ္တုတွင်းဌာန အလုပ်မှထွက်ကာ ငယ်သူငယ်ချင်းများ ဖြစ်ကြသော မိုးကျော်၊ အောင်မင်း၊ ချာလီတို့နှင့်အတူ အလုပ်ကိုကြိုးစား ရိုးသားမှုဖြင့် ငွေကို ရှာမည်ဟု ဆုံးဖြတ်ချက်ချကာ နယ်စပ်ဒေသ၊ မူဆယ်မြို့ကို ရောက်လာခြင်း ဖြစ်သည်။

မူဆယ်မြို့တွင် "အားမာန်ဆောက်လုပ်ရေးအဖွဲ့" အဖွဲ့ခေါင်းဆောင် ဦးမိုးကောင်းနှင့်တွေ့ဆုံကာ လက်သမားအလုပ်၊ ပန်းရန်အလုပ်များတွင် အလုပ်လုပ်ကြသည်မို့ ဦးမိုးကောင်း၏ လုပ်ငန်းဖြင့် အကူအညီပေးသော ကျေးဇူးနှင့်ပင် ထိုအဖွဲ့မှာ သက်ပိုင်မျိုးတစ်ယောက် လက်သမား လက်ထောက်ဆရာအဖြစ် လုပ်ကိုင် ရလေသည်။

သုံးနှစ်ခန့် လုပ်သက်ရလာသောအခါ မူဆယ်ခရိုင်၊ နမ့်ခမ်းမြို့နယ်၊ မာန်တပ်ကျေးရွာအနီး "ရွှေလီရေအား လျှပ်စစ်စီမံကိန်း"တွင် "အေးရှားဝေါလ်ကုမ္ပဏီ"မှ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းတွင် အင်ဂျင်

နီယာဦးအုန်းမြင့်၊ အင်ဂျင်နီယာဦးကျော်တင့်တို့၏ ကြီးကြပ်မှုအောက်တွင် အားမာန် လက်သမားအဖွဲ့ လက်ထောက်ခေါင်းဆောင် တစ်ယောက်အဖြစ် မာန်တပ်တောင် ပေါ်တွင် အလုပ်စခန်းရပြီး နှစ်နှင့်ချီ၍ လက်သမားလုပ်ငန်းဖြင့် လုပ်ကြရလေတော့ သည်။

ဘောတောင် လှိုဖြောင် ချောက်ကမ်းပါး အထပ်ထပ်ကြားတွင် နေပူမိုးရွာ မရှောင် နေ့စဉ်ရက်ဆက် အလုပ်လုပ်နေရသူတွေမို့ ငှက်ဖျားနှင့် မကင်းနိုင်တော့ပေ။

သည်တော့…

ဖျားသူဖျား၊ နာသူနာ။

ဆေးသောက်သူသောက်။

ဆေးရုံရောက်သူရောက်။ ကြောက်သူကြောက်၊ ပျောက်သူပျောက်၊ ပြန်သူ ပြန်၊ ကျန်သူကျန်။

သည်လိုနှင့် ရွှေလီရေးအားလျှပ်စစ်စီမံကိန်း ဝန်ထမ်းအိမ်ရာများ၊ အမြန်ပြီး ပြတ်အောင်နိုင်ပြီး လုပ်ငန်းအပ်နှင်းရေးအတွက် ရှိသည့်လူအင်အားနှင့် ကြိုးပမ်း ဆောင်ရွက်နေသည့်ကြားမှာပင် သက်ပိုင်မျိုးနှင့်အတူလာ သူငယ်ချင်းမိုးကျော်နှင့် အောင်မင်းတို့လည်း အနိစ္စသဘောအရ သေရွာသို့ ပါသွားကြလေပြီ။

သက်ပိုင်မျိုးသည် အအေးဒဏ်နှင့် ငှက်ဖျားရရန် ကြိုတင်ကာကွယ်သည့် အနေဖြင့် အရက်ကိုသောက်သည်။ စိတ်ငြိမ်အောင်ဆိုပြီး ဆေးပြားတွေကိုလည်း မကြာမကြာသောက်သည်။ ဆေးလိပ်ကိုတော့ အရင်ကတည်းက ကြိုက်နှစ်သက်သူမို့ အချိန်တိုင်းသောက်သည်။

မကြာပါ။ သက်ပိုင်မျိုးတစ်ယောက် အဆုတ်ရောဂါ ဖြစ်လာသည်မို့ ဟိုလူ ပြော၊ သည်လူပြော ဆေးမြီးတိုများ၊ သောက်ဆေးများဖြင့် ရောဂါရပ်တန့်ဖို့ ကြိုးစား ပေမယ့် ရက်လကြာသည်နှင့် နာတာရှာရောဂါသည် ဘဝကို ကူးပြောင်းလာသည်မို့ သူ့ဆရာဦးမိုးကောင်းက ဆေးတွေပြ၊ ဆေးရုံမှာတင် ကုသမှုမျိုးစုံဖြင့် အချိန်တစ် နှစ်ကျော် ကြာခဲ့သော်လည်း ရောဂါက သက်သာခြင်းမရှိခဲ့။

"ဆရာ"

"ပြောလေ…၊ မင်းတစ်ခုခု ပြောချင်နေတယ်ဆိုတာ ငါ့စိတ်မှာ ခန့်မှန်းမိ နေတယ်"

"ဒီလိုပါ ဆရာ၊ ကျွန်တော့်အသက်နဲ့ ခန္ဓာကိုယ်တည်နေသရွေ့ ဘယ်သူ့ ကိုမှမပြောတော့ဘူးလို့ စိတ်ထဲမှာ ဆုံးဖြတ်ထားပေမယ့် ဟောဒီရွှေလီမြစ်ကြီးကို

မြင်တွေ့နေသမျှ ကျွန်တော် မပြောဘဲ နေလို့မရဘူး… ဆရာ၊ ကျွန်တော့်ကို တစ်ယောက်တည်း သမားလို့ ဆရာမြင်နေပေမယ့် တကယ့်တော့ ကျွန်တော့်မှာ လက်ထပ်ထားပြီး အတူမပေါင်းရသေးတဲ့ ချစ်သူဇနီးမယား ရှိနေတယ် ဆရာ"

"ဘာ… မင်းမှာလက်ထပ်ထားတဲ့သူ ရှိတယ်"

* * *

ဦးမိုးကောင်းအား ခပ်ဝေ့ဝေ့ကလေးကြည့်ရင်း သက်ပိုင်မျိုး ခေါင်းညိတ်ဝန်ခံလိုက်သည်။ ထင်မှတ်မထားသော စကားမျိုးကို ကြားလိုက်ရသဖြင့် ဦးမိုးကောင်း အံ့သြနေမိသလို အကြည့်စူးစူးနှင့် စိုက်ကြည့်နေမိသည်။

"ဟုတ်ပါတယ်ဆရာ၊ ဒီအကြောင်းတွေကို မပြောခဲ့သေးတာက အကြောင်းတွေကို မပြောပြသေးတာက အကြောင်းရှိလို့ပါ ဆရာ၊ အခုတော့ ပြောရတော့မယ် ဆရာ၊ ကျွန်တော်က လူသေဖြစ်နေပြီ ဆရာ"

"ဟေ…"

"ဟုတ်တယ် ဆရာ၊ ကျွန်တော်ချစ်သူနာမည်က နေညိုညိုတဲ့၊ သူလည်း ကျွန်တော်တို့လို တစ်ယောက်တည်းသမားပဲ။ ဘဝတူတွေချင်းမို့ ရင်နီးလွယ်ပြီး သံယောဇဉ်တွေရှိခဲ့ကြတယ် ဆရာ။ ဒါပေမယ့် နှစ်ဦးအတူနေဖို့ ရည်ရွယ်ချက်တွေ ရှိခဲ့ပေမယ့် ကိုယ်နည်းကိုယ်ဟန်နဲ့ စီးပွားရှာကြမယ်၊ အဆင်ပြေနိုင်မယ့် အချိန်ကျမှ နှစ်ဦးအတူနေကြဖို့ ကတိကဝတ် ပြုထားကြတယ် ဆရာ၊ သူလည်း ကျွန်တော့်ကို မေ့မေ့ပျောက်ပျောက် ဖြစ်မှာမဟုတ်ဘူး ဆရာ"

သက်ပိုင်မျိုး ပြောနေသောစကားသံတို့က ဝမ်းနည်းသံပါနေသည်ကို ဦးမိုးကောင်း သတိထားမိပုံရသည်။ သက်ပိုင်မျိုးကို ကရုဏာသက်စွာဖြင့် ကြည့်မိလေသည်။ ဗန်မော်-နမ့်ခမ်း ကားလမ်းမကြီးတစ်လျှောက် မိုးဖွဲ့ဖွဲ့တို့က မှုန်မှိုင်းရှာနေဆဲ။

ဦးမိုးကောင်းကို သက်ပိုင်မျိုးက စကားဆက်ပြောသည်။

"ကျွန်တော် နမ္မတူဘော်တွင်းမှာ ဝန်ထမ်းဘဝနဲ့ ရှိနေတုန်းက အဖေဆုံးပါး၊ အမေမျက်စိကွယ်ဆိုတော့ ရတဲ့လစာနဲ့ကလည်း မလောက်တော့ အလုပ်ကထွက်ပြီး မန္တလေးခေတ်ပေါ်တီးဝိုင်းတစ်ခုမှာ ဂစ်တာအတီးသမား တစ်ယောက်အဖြစ်နဲ့ နှစ်နှစ်လောက် အလုပ်လုပ်ခဲ့သေးတယ်။ ဒါပေမယ့် ငွေကြေးက ထင်သလောက်မရတာနဲ့ ကျောက်ထွက်တယ်ဆိုတဲ့ မိုင်းရှူးဘက်ကို တက်သွားပြီး အငှားတွင်းတူးသမား

လုပ်ခဲ့တယ်။ အဲဒီမှာ လောပန်းက ကျောက်တစ်လုံးပွင့်တာနဲ့ ဘောက်ဆူးပေးတဲ့ ငွေနဲ့လုပ်အားခရတာနဲ့ပေါင်းပြီး အမေ့မျက်စိကို အလင်းပြန်ရအောင် ဆေးကုသပေးနိုင်ခဲ့တယ်ဆရာ၊ ခုတစ်ခါတော့ ပျက်စီးယိုယွင်းနေတဲ့ အမေ့အိမ်ကလေးကို ပြန်လည်ပြုပြင်ပေးချင်တဲ့ဆန္ဒနဲ့ ဒီမူဆယ်ကို ရောက်ခဲ့တာပါဆရာ''

ပြောရင်းမှာပင် မျက်ရည်စက်တို့က သက်ပိုင်မျိုး ပါးပြင်နှစ်ဖက်ပေါ်သို့ စီးကျလာသည်။ တဖွဲဖွဲမိုးကလည်း ခပ်သဲသဲရွာချလာသည်။ ကျဆင်းလာသည့် မျက်ရည်စက်များက မိုးဖွဲဖွဲတို့နှင့် အပြိုင်အဆိုင် ဖြစ်နေပေပြီ။

ဦးမိုးကောင်းသည် သက်ပိုင်မျိုးကို ကြည့်ရင်း ကိုယ်ပွားခံစား၍ ပြောလိုက်သည်။

''အားမငယ်ပါနဲ့ကွာ၊ လိုတာရှိ ပြောပါ။ အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးရမှာပေါ့''

''ဆရာ့ရဲ့စေတနာကို လေးစားပါတယ် ဆရာ၊ တစ်ခုတော့ တောင်းဆိုပါရစေ ဆရာ''

''ပြောလေ''ဟု ဦးမိုးကောင်းက ကြည့်ရင်းမေးသည်။

သက်ပိုင်မျိုး ဘာမှမပြောနိုင်သေးဘဲ သက်ပြင်းခါခါချကာ အားယူနေသည်။ ပြီးမှ

''တကယ်လို့ လူ့လောကထဲကနေ ကျွန်တော် ထွက်သွားရမယ်ဆိုရင် မူဆယ်မြို့ပေါ်ကနေ ငွေကြယ်ပွင့် ကုန်မာဆိုင်မှာ ကျွန်တော် အကြွေးယူထားတာ နှစ်သိန်းကျော်ရှိတယ် ဆရာ၊ လက်ရှိအလုပ်သမားတွေကို လုပ်အားခပေးဖို့ ကျန်ထားတာက လေးသိန်းကျော်၊ ဒီအကြွေးတွေကို ကျွန်တော့်ကိုယ်စား ရှင်းပေးပါဆရာ''

''ဒီငွေစာရင်းကိစ္စတွေက မင်း လစဉ်စာရင်း ရှင်းတမ်းလုပ်ပြီတိုင်း တင်ပြစာရင်းအရ ကျသလောက်ငွေ ငါထုတ်ပေးခဲ့တယ်လေ၊ ဘာကြောင့်ဒီအကြွေးတွေက ဆပ်ဖို့ကျန်နေရတာလဲ''

''ဟုတ်တယ် ဆရာ၊ ဒီကိစ္စအနည်းငယ် ပြောပါရစေ ဆရာ၊ နားနဲ့မနာ ဖဝါးနဲ့နာပါ ဆရာ။ ကျွန်တော့်ချစ်သူ နေညိုညိုဈေးအရောင်းအဝယ်လုပ်ဖို့ ငွေရှစ်သိန်း ဆရာ့ကို ကျွန်တော်အသိမပေးဘဲ ကျွန်တော်ပေးခဲ့ပါတယ် ဆရာ၊ ပြီးတော့...''

သက်ပိုင်မျိုးတစ်ယောက် စကား ဆက်မပြောနိုင်ဘဲ ကြိုးမိန်းကျ တရားခံတစ်ဦးလို ခေါင်းငုံ့ထားသည်။ ခဏကြာမှ ပြန်ပြောသည်။

"ပြီးတော့… ဆရာ့အလုပ်သမားတွေနဲ့ ပျော်ပျော်ပဲ ကျွန်တော်နေခဲ့ပါတယ်၊ ဒါပေမယ့် အဖေ့ကို အမှတ်ရတာရယ်၊ အမေ့ သတိရတာရယ်၊ ချစ်သူနေညိုညိုနဲ့ ရှေ့ဆက်ရမည့်ကိစ္စအတွက် စဉ်းစားမိတိုင်း စိတ်ညစ်၊ စိတ်ဓာတ်ကျ၊ စိတ်တွေ လေလွင့်ပြီး ဆေးလိပ်သောက်၊ အရက်တွေသောက်၊ လေလွင့်နေတဲ့စိတ်တွေ ငြိမ်အောင်ဆိုပြီး စိတ်ငြိမ်ဆေးပါးတွေ ဝယ်သောက်ခဲ့ပါတယ် ဆရာ။ ကျွန်တော် ဝယ်သောက်နေတဲ့ ဆေးပြားတွေက တကယ်တော့ စိတ်ကြွမူးယစ်ဆေးဝါး ဖြစ်နေ တာကြောင့် ခုကျွန်တော်မှာ မူးယစ်ဆေးဝါးသုံးစွဲနေတဲ့ ဖြစ်နေပြီဆရာ။"

"ဖြစ်မှဖြစ်ရလေ မင်းအဖြစ်က"

ဦးမိုးကောင်းက စကားကိုဆက်ပြောမည်လုပ်ပြီးမှ ပြောမထွက်ရက်တော့ပါ။

သက်ပိုင်မျိုးတစ်ယောက် မျက်ရည်စတွေနဲ့ အမှန်တကယ်ကြွေကွဲနေတာ တွေ့ရသဖြင့် သနားနေမိသည်။

သက်ပိုင်မျိုးက ရှိသေသောအမူအရာဖြင့် ဦးမိုးကောင်းကိုကြည့်ရင်း လေသံ တိုးတိုးဖြင့် ပြောသည်။

"ကျွန်တော့်ကို အကူအညီပေးပါ ဆရာ"

ဦးမိုးကောင်း ခေါင်းညိတ်ကာ ကတိပေးလိုက်သည်။

သက်ပိုင်မျိုး၏ မျက်ဝန်းတွင် ဝမ်းသာမျက်ရည်စတွေ တွဲလွဲခိုနေတော့သည်။

* * *

ဦးမိုးကောင်းနှင့် သက်ပိုင်မျိုးသည် ကချင်ပြည်နယ်၊ မန်ဝန်းကြီးဈေး လမ်းခွဲ တံတားမှသည် ဖြည်းဖြည်းချင်း လမ်းလျှောက်လာရာမှ နမ့်ခမ်းရွှေလီမြစ်ကူးတံတား ပေါ်သို့ ရောက်လာတော့၏။

နမ့်ခမ်းရွှေလီ မြစ်ကူးတံတား အအောက်မှာတော့ ရွှေလီမြစ်ရေစီးကြောင်းက ကြမ်းတမ်းစွာ တဝေါဝေါစီးဆင်းနေဆဲ။

သက်ပိုင်မျိုးသည် ရွှေလီမြစ်ရေပြင်ကို ကြည့်ရင်း မိမိဘဝကံကြမ္မာကို အတွေး ပုံဖော်ကြည့်နေမိသည်။ ဆေးလိပ်ကြောင့်လား၊ အရက်ကြောင့်လား၊ လိင်အပျော်အပါး ကြောင့်လား၊ စိတ်ကြွဆေးပြားသုံးစွဲမှုကြောင့်လား မဆုံးဖြတ်တတ်။ မိမိခန္ဓာကိုယ် အတွင်းမှ စွဲကပ်ဝါးမျိုနေပြီဖြစ်သော ရောဂါဆိုးကြီးကို အံကြိတ်ပြီး တင်းခံနေသော် လည်း ရောဂါအကြောင်းကို သက်ပိုင်မျိုး သိနေပါသည်။ ခန္ဓာကိုယ်ရော၊ စိတ်ဓာတ် ရေးရာပါ သိသိသာသာ ကျဆင်းဆုတ်ယုတ်လာသည့် ရုပ်လက္ခဏာများကိုကြည့်ရင်း

အတွေးစကို ဖယ်ထုတ်ကာ ကွေ့ကောက်စွာ စီးဆင်းနေလျက် နှစ်နိုင်ငံနယ်နိမိတ်ဖြစ်နေသော ရွှေလီမြစ်ဟိုဘက်ကမ်းဆီသို့တိုင် လှမ်း၍ကြည့်နေမိသည်။ အမြင်တွေက ဝေဝါးနေဆဲ။ စိတ်မွန်းကျပ်နေဆဲ။

ထိုစဉ် ဦးမိုးကောင်းက သက်ပိုင်မျိုးအား မေးသည်။

"ဟိုတလောက မူဆယ်ဆေးရုံမှာ ဆေးစစ်ကြည့်သေးတယ်ဆို၊ ဆရာဝန်ကြီးက မင်းအရောဂါအခြေအနေ မေးကြည့်သေးလား"

ဦးမိုးကောင်း ကရုဏာသက်စွာဖြင့် တိုးညင်းစွာမေးသော်လည်း ဦးမိုးကောင်း၏စကားသံတို့က သက်ပိုင်မျိုး၏ရင်ထဲဝယ် ငလျင်တော်လဲသံ တစ်ခုကဲ့သို့ တုန်းဟည်းသွားသလို၊ ဖျတ်ခနဲ ထိတ်လန့်စွာ ဖြစ်မိလေသည်။ ရင်ထဲမှ လှုပ်ရှားနင့်မောနေသောစိတ်ကို တည်ငြိမ်အောင်ထားပြီးမှ ပြောသည်။

"အဲဒီ ဆေးစစ်တဲ့နေ့က ဓာတ်ခွဲခန်းကြီးဆရာနဲ့ တွေ့လို့ ကျွန်တော့်ရောဂါကို အသိပေးလိုက်ပြီ"

"ဟေ… အေး… ဘာရောဂါတဲ့လဲ"

သက်ပိုင်မျိုး၏မျက်နှာမှ အပျော်ပြုံးကို ဦးမိုးကောင်း မျှော်လင့်မိသော်လည်း စိုးရိမ်သောက အငွေ့အသက်ကိုသာ တွေ့နေရသည်။

သက်ပိုင်မျိုးသည် ရင်ထဲမှ မျိုသိပ်၍မရတော့။ ပင့်သက်မောတစ်ချက်ကို အားတင်းကာ ကြေကွဲမှုအဖြစ် ငိုရှိုက်လိုက်ပြီးမှ-

"ကျွန်တော့်… ကျွန်တော့် သွေးထဲမှာ အိပ်ချ်အိုင်ဗွီပိုး တွေ့တယ်တဲ့ ဆရာ။ အဲဒါကို သေချာအောင်ဆိုပြီး ကျွန်တော့်သလိပ်နဲ့သွေးကို ထပ်ပြီးစစ်ကြည့်တော့ အိပ်စ်ရောဂါက ကျိန်းသေသွားပြီလို့ ဆရာကြီးက ပြောတယ်ဆရာ… အဟီးဟီးဟင့်"

စကားအဆုံးမှာ သက်ပိုင်မျိုးသည် အားရပါးရ ငိုချလိုက်၏။ မျက်ရည်လည်း ပိုးပိုးပေါက်ပေါက် ကျလာ၏။ ယခုအချိန်တွင် တစ်ကိုယ်လုံးရှိသမျှ အသွေးအသားတွေက မြူမှုန်ကလေးများအပြစ်သို့ ပြောင်းလဲပြီ ပျောက်ကွယ်သွားလျှင် ကောင်းလေစွဟု တွေးမိလေသည်။

ဦးမိုးကောင်းက စိတ်မကောင်းစွာဖြင့် ပြောသည်။

"အိပ်စ်ရောဂါရယ်လို့ ဖြစ်ရလေကွာ"

"ဟုတ်တယ်ဆရာ၊ အဲဒါကြောင့် သေရမည့်ရက် နီးနေပြီဆိုတာသိလို့ ဆရာနဲ့ လွတ်လွတ်လပ်လပ် စကားပြောချင်လို့ မန်ဝန်းကြီးဈေးကနေ ဒီနမ့်ခမ်းရေလယ်

ကျွန်းဘုရားလေးကို ဝင်ဖူးချင်လို့ ဆရာနဲ့အတူ ခြေကျင်လျှောက်လာတာပေါ့ ဆရာ"

သက်ပိုင်မျိုးသည် ပြောချင်သော စကားများကို ပြောပြီးပြီမို့ ကျေနပ်ပုံရှိသည်။ သူ၏အကြည့်များသည် "အတုလမာန်အောင် ရန်အောင်မြင် ပြည်တော်အေးဘုရား" ရေလယ်ကျွန်းစေတီရင်ပြင်တော်ပေါ်မှတစ်ဆင့် ရွှေလီမြစ်ရေပြင်ပေါ်သို့ မျှော်ကြည့်နေလေသည်။

အထက်အရပ်မှ ကွေ့ကောက်စီးဆင်းလာသော ရေစီးကြောင်းသည် မြစ်ဟိုဘက်ကမ်း၊ သည်ဘက်ကမ်း ဆက်သွယ်ထားသော ဗန်းမော်-နမ့်ခမ်း ရွှေလီမြစ်ကူးတံတားကြီးအောက်မှ တဖွဲဖွဲကျနေသော မိုးစက်မှုန်တို့နှင့်အတူ အောက်အရပ်သို့ စီးဆင်းနေလျက်ပင်။ မြစ်ပြင်နှင့်မိုးစက်မှုန်တို့၏ အလှကို သက်ပိုင်မျိုးကြည့်ရင်း မခံစားနိုင်တော့ပြီ။

လေတဖြူးဖြူး ဝေခနဲ ဆောင့်တိုက်လိုက်သောကြောင့် လေနှင့်အတူ ပါလာသော မိုးရေစက်တို့က ဦးမိုးကောင်းနှင့် သက်ပိုင်မျိုးတို့အပေါ် စိုရွဲသွားလေသည်။ အေးမြမြ အထိအတွေ့တို့ ရရှိသော်လည်း သူတို့နှစ်ဦး၏ရင်ထဲမှ အပူများကို ငြိမ်းအေးမှု ပေးနိုင်စွမ်းခြင်း မရှိပေ။ အပျော်အပါးအပေါ် သတိတစ်ချက်လွတ်သွားပြီး ကျူးလွန်မိသောအပြစ်၏ အမွေဆိုးရောဂါက သေမင်းနိုင်ငံဆီသို့ ခေါ်မည့်နေ့ရက်ကို လက်ချိုးရေတွက်ရင်း သက်ပိုင်မျိုးခမျာ ခံစားရ ခက်နေမိတော့သည်။

ဦးမိုးကောင်းသည် ဘာမှမပြောဘဲ ငြိမ်နေသည်။ သက်ပိုင်မျိုးကမူ သူ၏ရင်ထဲက ဆုံးဖြတ်ချက်ကို ဦးမိုးကောင်းအား ပြောပြလိုက်တော့သည်။

"ကျွန်တော်ဒီနယ်မြေကနေ ထွက်သွားရတော့မယ် ဆရာ။ ကျွန်တော့်အစ်မတွေရှိတဲ့ အမရပူရမြို့နယ်ထဲက ရေဘုတ်ရွာကလေးမှာ ကျွန်တော် ဇာတ်မြုပ်တော့မယ် ဆရာ။ ကျွန်တော့်အဖြစ်ဆိုးတွေကို ကျွန်တော့်ချစ်သူ နေညိုညို မသိစေချင်ဘူး။ သူသိရင် ခံစားရမှာကို ကျွန်တော်မလိုလားဘူး ဆရာ။ ကျွန်တော့်အပေါ် အထင်လွဲမှားစွာနဲ့ မုန်းသွားတာကိုပဲ ဖြစ်စေချင်တယ် ဆရာ။"

သက်ပိုင်မျိုးရင်ထဲမှ ရှိုက်သံတစ်ချက် ထွက်လာပြီးမှ စကားကိုဆက်ပြောလေသည်။

"ကျွန်တော့်ကိုယ်မှာ စွဲကပ်နေတဲ့ရောဂါကိုလည်း နေညိုညိုအောင် တစ်ယောက် မသိစေချင်သလို မူဆယ်မြို့ပေးက သူငယ်ချင်း မိတ်ဆွေတွေကိုလည်း မသိစေချင်ဘူး ဆရာ၊ ကျွန်တော် ရှက်တယ်။ လူကြားထဲ မသွားဝံ့ဘူး ဆရာ။ ပြီးတော့ ကျွန်တော်ကို အရက်သမား၊ ဆေးသမား၊ ဘိန်းစား၊ မိန်းမပွေသူ၊ ကလေ

ကချေသမားတစ်ယောက်လို မြင်ကြမှာ။ ပြီးတော့ ဆက်ဆံရေးတွေ ပြောင်းပြီး ဝိုင်းပယ်ခံရမှာကို ကျွန်တော် အကြောက်ဆုံးပဲဆရာ။ ဒါတွေတွေးပြီး စိတ်ဓာတ်ကျလာလို့ ထွက်ပေါက်ရှာနေတဲ့အနေနဲ့ အလုပ်ထဲမှာ အရက်သောက်ချင်သောက်၊ ဆေးချချင်ချ၊ ဆေးပြားသုံးစွဲတဲ့အခါ သုံးနဲ့ဆိုတော့ ကျွန်တော် အရက်သမားဘိန်းစား ဖြစ်နေပြီ ဆရာ"

သက်ပိုင်မျိုးသည် ဦးမိုးကောင်းနှင့်ထိုင်ပြီး စကားပြောနေရင်းက ဖျတ်ခနဲ ထ၍ရပ်လိုက်သည်။ ဦးမိုးကောင်းအား ကျောပေး၍ ကြိုးတံတားပေါ်မှ လေးလံသောခြေလှမ်းများဖြင့် လာခဲ့ပြီး ရွှေလီမြစ်၊ နမ့်ခမ်းဘက်ကမ်းပါးယံသို့ရောက်မှ ခေတ္တနားကာ နောက်သို့ လှည့်ပြန်ကြည့်မိသောအခါ မိုးရေစက်တို့ကြားမှ ဝိုးတဝါးမြင်တွေ့နေရသော "အတုလမာန် ရန်အောင်မြင်ပြည်တော်အေး ရေလယ်စေတီဘုရား" အား မတ်တတ်ရပ်၍ လက်အုပ်ချီရှိခိုးရင်း ဆုတောင်းနေလေသည်။

"ဖြစ်လေရာဘဝတိုင်း သည်လိုရောဂါဆိုးကြီးနှင့် ကင်းဝေးပြီး စိတ်ရော ကိုယ်ပါ ကျန်မာ နေရပါလို၏ဘုရား"

ဟု ဝမ်းနည်းကြေကွဲသံဖြင့် ဆုတောင်းသံပြုနေသော သက်ပိုင်မျိုးသည် စိတ်မချမ်းမြေ့ဖွယ် အမူအရာဖြင့် ဗန်းမော်-နမ့်ခမ်း ကတ္တရာခင်းလမ်းမကြီးအတိုင်း ဖြည်းဖြည်းချင်း လျှောက်သွားတော့သည်။ ကျသောမျက်ရည်တို့က မိုးရေစက်တို့နှင့်အတူ စီးကျရင်းရှိနေပြီး အေးမြသောမိုးစက်တို့သည် ပူနွေးသောဝေဒနာမျက်ရည်များနှင့်ရောကာ ပါးပြင်ပေါ်၌ စီးကျနေဆဲ။

ဦးမိုးကောင်းမှာလည်း သက်ပိုင်မျိုးနောက်သို့ ထ၍လိုက်သွားလေတော့သည်။

* * *

ဦးမိုးကောင်းအတွက်တော့ သက်ပိုင်မျိုးအကြောင်းသည် သူ့တစ်သက်မေ့နိုင်မည် မဟုတ်ပေ။

ဦးမိုးကောင်းထံသို့ သက်ပိုင်မျိုး လက်သမားလုပ်ငန်း စဝင်ချိန်က သူ့မိခင်ကိုလုပ်ကျွေးနေသော လူငယ်တစ်ယောက်အဖြစ် သိရသည်မို့ ဦးမိုးကောင်း ဝမ်းသာမိ၍ သာဓုခေါ်မိသည်။

မူဆယ်ဒေသသည် မြန်မာ-တရုတ် နယ်စပ်ဖြစ်သောကြောင့် လူမျိုးစုံသည်။ အပေါင်းအသင်းစုံသည်။ အလုပ်စုံသည်။ သည်ဒေသကို အလုပ်နဲ့ဖြစ်စေ၊ အလည်

အပတ်ဖြစ်စေ ရောက်လာကြသော ဆယ်ကျော်သက်အမျိုးသား၊ အမျိုးသမီးလူငယ်တွေ မိဘအုပ်ထိန်းမှုအောက်မှ လွတ်လပ်စွာ နေခွင့်ရရှိလာသည်နှင့် ရရာအလုပ်ကို ခေတ်ကာလအရ ဝင်ငွေထွက်ငွေမမျှလို့ စားဝတ်နေရေး အဆင်မပြေမှုတွေ ကြုံတွေ့လာသောအခါ ထွက်ပေါက်ရှာတဲ့အနေဖြင့် ငယ်ရွယ်သူ အမျိုးသား၊ အမျိုးသမီး၊ သူသူငါငါ ငွေရလွယ်သည့်အလုပ်ကို လိုက်လုပ်ကြသည်။ ရလာသည့်နေငွေနှင့် လက်ဖက်ရည်ဆိုင်၊ ဂိမ်းဆိုင်၊ ကာရာအိုအေဆိုင်၊ အင်တာနက်ဆိုင်၊ ဘီယာ အရက်ဆိုင်၊ မူးယစ်ဆေးဝါးသုံးစွဲတဲ့နေရာတွေမှာ သွားလာကြသည်။

အလုပ်ပင်ပန်းလို့ဆိုပြီး ဆေးပြားသုံးစွဲတာ၊ ဘီယာအရက်သောက်တာ၊ ဘိန်းရှူဆေးချလုပ်တာ၊ လိင်အပျော်အပါး လိုက်စားတာတွေစသည့် အလွဲသုံးစားလုပ်တာတွေဖြစ်လာတော့ လူမှုကျင့်ဝတ်စည်းကမ်းတွေ ပျက်ပြားပြီး ကိုယ့်စိတ်ကိုယ်မနိုင်သူများ ပျက်စီးကြရလေတော့သည်။

ထိုသူများထဲတွင် သက်ပိုင်မျိုးတစ်ယောက် ပါဝင်ခဲ့လေသည်။ ဦးမိုးကောင်းသည် သက်ပိုင်မျိုး၏ ကျန်းမာရေးကို ဂရုတစိုက်ကြိုးစားပြီး ဆေးရုံဆေးခန်းတွေမှာ ငွေအကုန်ခံကုသပေးသော်လည်း ရောဂါသက်သာမှု မရှိသောအခါ သက်ပိုင်မျိုး၏ စိတ်ဆန္ဒအရ အမရပူရမြို့နယ်၊ ရေဘုတ်ရွာရှိ သူ့အစ်မကြီးထံသို့ ဗင်ကားငှား၍ ပို့ပေးလိုက်သည်။

ရက်နှစ်ဆယ်ခန့် ကြာသောအခါ သက်ပိုင်မျိုးတစ်ယောက် သူ့အစ်ကြီးအိမ်တွင် ကျန်းမာရေးချို့တဲ့ပြီး ကွယ်လွန်သွားကြောင်း ကြားသိရတော့သည်။ ဦးမိုးကောင်းသည် သက်ပိုင်မျိုးမရှိတော့မှ အတွေးစုတို့ဝင်လာတော့သည်။

"တန်ဖိုးရှိလှ လူ့ဘဝ၊ မူးယစ်ကင်းစင် ကျန်းမာမှ"

ဆိုသည်ကို သက်ပိုင်မျိုးတစ်ယောက် အသိမဝင်ခဲ့သည်လား၊ သတိမမြင်ခဲ့သည်လား။ အခုတော့ သိပ်မှားခဲ့ပြီ၊ နောက်ကျသွားပြီ။ ဦးမိုးကောင်း ဆက်၍တွေးမိပြန်သည်။

"မူးယစ်ဆေးမှန်သမျှ ဆိုးကျိုးကိုသာ ပေးတတ်သည်"

ဟူ၍တွေးမိရင်း ရင်ထဲမှ ပင့်သက်တစ်ရှိုက် ချမိတော့သည်။

ရွှေညာသား မြတ်မင်း

□

စိတ်လေပွေ

ကြင်လှိုင်မြင့်

မိတွတ်မတစ်ယောက် ချက်ကောင်း ထိသွားပေမယ့်
ဟန်မပျက်လေးနဲ့ 'စိတ်ဝင်စားရင် လာခဲ့လေ'တဲ့။
သူတို့နှစ်ယောက်ဇာတ်လမ်းက
ဆုံးမှာကို မဟုတ်တော့ဘူး။

# စိတ်လေပွေ

ကြင်လှိုင်မြင့်

မျက်စိနှစ်လုံးကို စုံမှိတ်လိုက်ပြီဆိုတာနဲ့ ထိန်းရခက် သိမ်းရခက်တဲ့ စိတ်ကူးယဉ် အတွေးနယ်ချဲ့မှုတွေဟာ ချက်ချင်းဆိုသလိုပဲ ဖြောင်းဆန် ပျံတက်ကုန်ကြပြီ။ ဖမ်းလည်းမမိ။ စမ်းလည်း မမိ။ ဟိုတွေး ဒီတွေး၊ ဟိုစဉ်းစား ဒီစဉ်းစားနဲ့ တော်တော်ကြီးကို လွင့်မျော စီးဆင်းနေကြပြီ။ ဟင်း… တော်တော် မလွယ်တဲ့ အလုပ်ကြီးပါလားနော်…။

ဒီရက်ပိုင်းတွေမှာ အဲ့ဒီအကြောင်းကို မစဉ်းစားဘူး။ သံယောဇဉ်ဖြတ်မယ်လို့ ဆုံးဖြတ်ပြီးကာမှ ခေါင်းထဲကို အဲ့ဒီအကြောင်းက ဝင်လာပြန်ပြီ။ အဲဒီလို အမျှင်တန်းနေအောင် သံယောဇဉ် မပြတ်အောင် လုပ်တဲ့လူတွေကို တုတ်နဲ့ နာနာလေး ရိုက်ချင်တယ်။ သူတို့ကြောင့် ငါ့မှာ တစ်နေ့တစ်နေ့အချိန်တွေ ကုန်ကုန်နေရတယ်။ ပြီးတော့ ဘာမှလဲ မဟုတ်ဘူး။

လူတွေ… လူတွေ တော်တော်ခက်တယ်။ တစ်ဆိတ်ရှိ ဒီဖေ့(စ်)ဘုတ်ပေါ်ပဲ တက်တက်ပြီး ကြွားနေကြတယ်။ ဖေ့(စ်)ဘုတ်ကို အကျိုးရှိရှိသုံးရင် တကယ့်ကိုမှ နတ်ရေကန်ကြီး။ လေ့လာချင်တာတွေ၊ သိချင်တာတွေကို နာမည်လေး၊ စာလုံးလေး ရိုက်ချလိုက်တာနဲ့ ကိုယ်သိချင်၊ လေ့လာချင်တာတွေကို အချိန်တိုလေးအတွင်းမှာ ထိုင်ရာမထ တစ်ထွေကြီး လေ့လာလို့ရတယ်။ အခုတော့ အဲ့ဒီလို မဟုတ်ဘဲ ဝယ်သမျှ၊ စားသမျှ၊ သွားသမျှတွေကို ဒီဖေ့(စ်)ဘုတ်ပေါ် တက်တက်ပြီး ကြွားနေကြတယ်။ ဖေ့(စ်)ဘုတ် မဟုတ်ဘဲ ကြွားဘုတ်လို့တောင် နာမည်ပြောင်းရမလို ဖြစ်နေပြီ။

ကြည့်ဦးလေ…၊ ဟိုအမျိုးသမီး သီသီတွေး။ သူ့ယောကျ်ား တရုတ်ပြည်က ပြန်လာလို့ သူ့အတွက် ဝယ်လာတဲ့ စလင်းဘတ်အိတ်ကို ဓာတ်ပုံရိုက်ပြီး တင်ထား တယ်။ အောက်မှာလည်း စာက ရေးထားသေး။ "ဒါဒါ တရုတ်ပြည်ကအပြန် ဝယ်လာပေးတဲ့ ချစ်သက်လက်ဆောင်"တဲ့။ အရှက်နည်းလိုက်ကြတဲ့ ဟာတွေ။ ချစ်ရင်လည်း တိုးတိုးတိတ်တိတ် ချစ်ကြပါလား။ ဘာဖြစ်လို့ အခုလို ရပ်သိ ရွာသိ ဖြစ်အောင် လုပ်တာလဲ မသိဘူး။ နားကို မလည်နိုင်တော့ဘူး။ စလင်းဘတ် အိတ် ကြွားချင်တာကတော်တော်။ သူ့ယောကျ်ား တရုတ်ပြည် ခဏခဏ သွားရ တယ်ဆိုတာကို လူသိစေချင်တာက များများရယ်။ ဒီအမျိုးသမီး တော်တော် မလွယ် ဘူး။ ကုမ္ပဏီမှာလည်း ကုမ္ပဏီမို့လို့၊ ကြွားလုံးတွေ ထုတ်နေလိုက်တာ။ လှည်းတန်း မှာ တိုက်ခန်းအပိုင် ရှိတယ်ဆိုတဲ့အကြောင်းလည်း အပ်ကြောင်းကို ထပ်နေတာပဲ။ နားကြားပြင်းကပ်လွန်းလို့ နားထဲကို ဂွမ်းထုပ်ထိုးထည့်ပြီး ကလော်ပြလည်း သဘောမပေါက်ဘူး။ တော်တော်ထူတဲ့ မိန်းမ။

ဟင်း… သူတို့အကြောင်း မသိရင်ခက်မယ်။ တခြားသူ သွားပြောရင် ယုံချင်ယုံမယ်။ ကိုယ်ကတော့ သူတို့အကြောင်းကို အတွင်းသိ အစင်းသိ။ အခုမှသာ ထောင်နေတာ။ သူ့ယောကျ်ား အရင်ဌာနမှာတုန်းက တစ်နေ့နဲ့တစ်လ အလျဉ်မီ အောင် အသက်မနည်း ဆက်ခဲ့ရတာ။ အကုန်သိတယ်။ အခုမှ ယူနီဖောင်းပြောင်း ဝတ်ပြီး ဌာနသစ်ကိုရောက်မှ အဆင်ပြေသွားတော့ လေသံက တစ်မျိုး။ အချိုးက တစ်မျိုး။ သိသိသာသာကြီး ပြောင်းသွားတာ။ မသိတာမှတ်လို့။

ဒီကြားထဲ ဟို သစ်တောကတော်ကလည်း တင်ထားလိုက်သေးတယ်။ ဘော်လီတစ်ထည် သုံးသောင်းခွဲနဲ့ သုံးထည်ဝယ်လာတာကိုလည်း ဓာတ်ပုံရိုက်ပြီး တင်ထားတယ်။ အဲဒီ ဘော်လီက တင်စရာလား။ ကြွားချင်စိတ်က များနေပြီး သင့်တော်၏ မသင့်တော်၏တောင် မစဉ်းစားနိုင်တော့ဘူး။ အဲဒီ ဘော်လီများ တစ်ထည်ကို သုံးသောင်းခွဲနဲ့ သူမို့လို့ ဝယ်ဝတ်တယ်။ အထဲမှာ ဘယ်သူမြင်တာ မှတ်လို့။ အေးပေါ့လေ… သူ့ယောကျ်ားက မြန်မာပြည်ကသစ် သူ့သစ်ဖြစ်နေတာ ကိုး။ သူတို့ ရာသီဥတု ဖောက်ပြန်ခြင်းရဲ့ အဓိက လက်သည်ဆိုတာကို သတိမထား မိကြဘူး။ ဘယ်သတိထားမိမလဲ။ သူတို့က သွားလေရာနေရာ အဲယားကွန်းနဲ့ သွားတာကိုး။ အများလူ ပူအောင်၊ ဒုက္ခရောက်အောင် လုပ်တဲ့အတွက် လက်ရှိ ပစ္စုပ္ပန်ရော နောင်သံသရာအတွက်ပါ မကောင်းဘူးဆိုတာကို သူတို့ မသိကြသေး

ဘူး။ အခု ဒီဘဝမှာတော့ မိုးမမြင်လေမမြင်ပေါ့။ ခံကြဦးပေါ့ နောက်ဘဝမှာ။ တရား တော်တော်မရှိကြတဲ့ ဟာတွေ။

သူတို့ ဘော်လီပုံတင်ထားတာကို မြင်လို့ စောစောမြတ်ကလည်း အပြိုင်။ စင်ကာပူက ဝယ်လာတာပါဆိုပြီး ဒေါက်မြင့်ဖိနပ်တစ်ရံ တင်ထားသေးတယ်။ ရေးထားပုံကိုလည်း ကြည့်ဦး။ "ဒါမျိုးမှ စီးတာတဲ့"။ ပြိုင်ကြ ပြိုင်ကြပေါ့။ ငါတို့ကတော့ ပွဲကြည့်ပရိသတ်။ နင်တို့ အဲဒီလို ပြိုင်ကြဆိုင်ကြတော့ ငါတို့ အတွက် လိုက်ဖတ်လိုက် ကြည့်ရင်းနဲ့ အပျင်းဖြေလို့ ရတာပေါ့။ အဲဒီ စောစောမြတ် ဒေါက်ဖိနပ် အမြဲစီးရခြင်းရဲ့ လျှို့ဝှက်ချက်ကို မသိရင် အခက်သား။ သူ့အရပ်က လူစဉ်မမီလို့ ဒေါက်မြင့်မြင့်တွေပဲ ရွေးစီးနေရတာ။ ဒါတောင် ကိုယ်နဲ့ ယှဉ်လျှောက် လိုက်ရင် သူက ပုချင်ချင်ဖြစ်နေသေး။ စင်ကာပူက ဝယ်လာတယ်သာပြောတာ သူ ဗိုလ်ချုပ်ဈေးက ဝယ်လာရင်လည်း ကိုယ်ဘယ်လိုလုပ်သိမှာလဲ။

စောစောမြတ်ရဲ့ ဖိနပ်ပုံကို လိုက်(ခ်)လုပ်ပြီး 'လှလိုက်တာ'ဆိုတဲ့ ကွန်းမန့် ဝင်ရေးထားတာ ဘယ်သူလဲ အောက်မေ့တယ်။ မိယဉ်ထွေး။ သိတယ်။ သိတယ်။ အဲဒီ အမျိုးသမီး။ 'လှလိုက်တာ'လို့သာ တက်ရေးထားတာက စိတ်ထဲက တကယ်ပါ လို့ ရေးတာမဟုတ်ဘူး။ သူတို့နှစ်ယောက်က အပြိုင်တွေလေ။ အဲဒါခုမှ ပြိုင်ကြတာ မဟုတ်ဘူး။ ကျောင်းမှာကတည်းက။ တိုးတိုးတိတ်တိတ် တစ်မျိုးပေါ်ပေါ်ထင်ထင် တစ်မျိုး ပြိုင်နေကြတာ။ အဲဒီအရှိန်တွေက အခုထိ ပါလာတုန်း။ ပါလာ မပါလား ကြည့်လေ။ စောစောမြတ် ဖိနပ်ပုံတင်ပြီး နောက်နေ့မနက် သူ သူ့သူငယ်ချင်းတွေနဲ့ ဘန်ကောက်မှာ ဈေးဝယ်ထွက်ထားတဲ့ပုံတွေ တင်လိုက်တယ်။ အဲ့ဒီပုံတွေကို စောစောမြတ် တစ်ယောက် မမြင်တာလား တမင်ပဲ ကြည့်မရလို့ဆိုပြီး ကွန်းမန့် ဝင်မရေးတာလားတော့ မသိဘူး။ ကွန်းမန့် တက်ရေးထားတဲ့ သူတွေထဲမှာ ရှာကြည့် လိုက်တော့ သူ့နာမည် မတွေ့ဘူး။ အမြင်ကတ်ပြီး တမင်တကာ တက်မရေးတာ နေမှာ။

အဲဒီ မိယဉ်ထွေး။ ဟိုတလောက တင်လိုက်သေးတယ်။ သူနဲ့ သူ့တပည့် စုပြီး ရိုက်ထားတဲ့ပုံတွေ။ "တပည့်များနှင့်အတူ"တဲ့။ သူ့ကို ဆရာမမှန်း လူသိ အောင် လုပ်တာ။ အလကား။ အစိုးရကျောင်းက ဆရာမ မဟုတ်ဘူး။ သူ့ဟာသူ အပြင်မှာ ငါးတန်း၊ ခြောက်တန်းကလေးတွေကို ဂိုက်လိုက်လုပ်နေတာ။ ခြောက်တီး ခြောက်ယဲ့ အလုပ်ကိုများ ဂုဏ်ယူပြီး တင်ထားလိုက်သေးတယ်။ ဟင်း… ဟင်း… ရယ်ရတယ်။

မိယဉ်ထွေးအောက်က တက်လာတဲ့ နောက်တစ်ယောက်က စန်းစန်းမြင့်။ သူက ဒီဇိုင်းတစ်မျိုး။ 'အမ်ဘီအေ စာတွေလည်း ခက်လိုက်တာ' တာဆိုပြီး သူ့ဘောပင်လေးကို ပါးစပ်နဲ့ကိုက်ပြီး စာကျက်နေတဲ့ပုံ တင်ထားတာ။ သူ အမ်ဘီအေ တက်နေတယ်ဆိုတာကို ဝိုက်ကြွားလေး ကြွားသွားသေးတယ်။ သူ အဲဒီ သင်တန်းကို အပြီးထိ တက်နိုင်မလား မတက်နိုင်ဘူးလားဆိုတာ စောင့်ကြည့်ရဦးမယ်။ မတက်နိုင်ရင်တော့ အရှက်ပဲ။ ကြွားတာသာ အဖတ်တင်သွားမယ်။ ကုမ္ပဏီက တစ်ယောက်လည်း အဲဒီအမ်ဘီအေ တက်နေတယ်။ သူတို့ စန်းစန်းမြင့်အကြောင်း မေးကြည့်ဦးမှ။ အတန်းထဲမှာ အခြေအနေ ဘယ်လိုရှိလဲ။ စာလိုက်နိုင်ရဲ့လား။ သိအောင် မေးထားရမယ်။ ဒါမှ သူတင်ထားတဲ့ အခြေအနေနဲ့ သူရဲ့ အမှန်တကယ် အခြေအနေ ကိုက်ညီမှု ရှိမရှိကို သိရမှာ။

သူ အမ်ဘီအေ တက်နေတယ်ဆိုတာကို မြင်လို့နေမှာပေါ့။ ဟို တစ်ယောက် စန်းစန်းသွင်။ ကိုရီးယားလေဆိပ်မှာ အထုပ်အပိုးတွေနဲ့ ရိုက်ထားတဲ့ ဓာတ်ပုံတွေကို ပုံနှစ်ဆယ်လောက် ရှိမယ်ထင်တယ်။ အောက်မှာ ရေးထားတာကိုလည်း ကြည့်ဦး။ အမြင်ကတ်ချင်စရာ။ ဘာတဲ့၊ "အစိုးရက လွှတ်လို့သာ လာရတာ။ အခုကြိမ်နဲ့ဆို တောင်ကိုရီးယားကို ကိုးကြိမ် ရှိပြီ။ စိတ်ပျက်တယ်"တဲ့။ သူပဲ တကယ် မသွားချင်သလိုလို ဘာလိုလိုနဲ့။ ကိုယ်လည်း သူ့ဓာတ်ပုံတွေ အကုန်လိုက်မကြည့်နိုင်လို့ လှန်လှောကျော်ကျက်ပြီး မြန်မြန်လေး ကြည့်လိုက်တယ်။ အမြင်ကတ်လို့ လိုက်(ခ်)တောင် မလုပ်လိုက်ဘူး။ ကြွားချက်ကယ်က ကမ်းကုန်။ သူ အခုလို ကိုရီးယားကို အိမ်ဦးနဲ့ကြမ်းပြင်ဖြစ်အောင် ဘယ်လို ပလာစတာတွေ သုံးထားတယ်ဆိုတာ သိသိအေး ပြောပြထားလို့ အကုန်သိပြီးသွားပြီ။ အဲဒါကိုများ လေကြီးမိုးကြီး ဝုန်းဒိုင်းဖြစ်နေလိုက်တာ။

ခင်စန်းသွင်နဲ့ ကိုဝင်းကျော်ရဲ့အမျိုးသမီး သက်သက်တင်တို့က အပြိုင်တွေလေ။ သူတို့ချင်း ပြိုင်ရုံမက လင်ချင်းပါ လိုက်ပြိုင်နေကြတဲ့ ဟာတွေ။ ခင်စန်းသွင် တောင်ကိုရီးယားလေဆိပ်မှာ ရိုက်ထားတဲ့ပုံတွေကိုမြင်လို့ သက်သက်တင် တစ်ယောက် သူတို့လင်မယားနှစ်ယောက် သာကေတ ရေကစားဥယျာဉ်မှာ ရေကစားနေတဲ့ပုံတွေ တင်လိုက်တယ်။ ဝတ်ထားတာတွေကိုလည်း ကြည့်ပါဦး။ မြင်မကောင်း ရှုမကောင်းတွေ။ ငါးဆယ်ကျော်မှ အရိုးတွန်နေကြတဲ့ ဟာတွေ။ ဝင်ကြေးနှစ်သောင်းခွဲ၊ သုံးသောင်းကိုလည်း မမှုဘူးဆိုတဲ့ သဘောပေါ့လေ။ နမြောလိုက်တာ။ အဲဒီ နှစ်သောင်းခွဲသုံးသောင်းကို မရှိတဲ့လူ ပေးလိုက်ရင် ကုသိုလ် ဘယ်လောက်ရလိုက်မလဲ၊ ဒါတွေလည်း သိမဲ့ဟာတွေ မဟုတ်ပါဘူး။

သူတို့နဲ့တော့ မဆိုင်ပါဘူး။ တက်လာတဲ့ နောက်တစ်ပုံက ဒေါက်တာ သုရထွန်းတို့ လင်မယား။ သူတို့ အခု အမေရိကားကို ရောက်နေတာကိုး။ ဒေါက်တာ သုရထွန်းတို့ လင်မယား အရမ်းလိုက်ဖက်တာပဲ။ နှစ်ယောက်စလုံး ပညာတွေလည်း တတ်။ စိတ်ထားတွေကလည်း ကောင်း။ သူတို့အိမ်ကို ဟိုတလောက သွားလည်တာ ပိုးချိတ်တစ်ထည်တောင် လက်ဆောင်ရခဲ့သေးတယ်။ တန်ဖိုးက မနည်းဘူး။ တစ်သိန်းဝန်းကျင်လောက် ရှိမယ်ထင်တယ်။ သူတို့က အဲ့ဒီလို။ လူမြင်ရင် ပေးချင်ကမ်းချင်နေကြတဲ့ လင်မယား။ အသွင်တူလို့ အိမ်သူဖြစ်နေကြတဲ့ အတွဲ။ အခုလည်း အမေရိကားကို ဘာသွားလုပ်ကြတာလဲ မသိဘူး။ သူတို့ ပြန်လာမှ တစ်ခေါက်လောက် သွားလည်ရဦးမယ်။ သူတို့ကိုတော့ လိုက်(ခ်) ပေးလိုက်တယ်။

နောက်တစ်ယောက်က ညိုညိုစိန်။ ပြောတော့ လေကြီးမိုးကြီး။ မွေးနေ့လက်ဆောင်တော့ တကယ်လာမပေးဘဲ ဖုန်းထဲကနေ ကိတ်မုန့်ပုံနဲ့ "ဟက်ပီဘက်ဒေးတူးယူ" လုပ်တယ်။ တွေ့မယ်။ တွေ့မယ်။ သူ့မွေးနေ့ကျရင်လည်း ဖုန်းထဲကနေ ပန်းပုံလှလှလေးတွေနဲ့ ကိတ်မုန့်တုံးပုံလေးတွေ ပို့လိုက်မယ်။ သူ့ကို အဲဒီလိုနည်းနဲ့ လက်စားချေရမယ်။ ဘယ့်နှယ်··· ဖုန်းထဲက ဖုန်းထဲက ကိတ်မုန့် တကယ်စားလို့မှ မရတာ။ သူ အဲဒီလို လုပ်စားနေတာ ကြာလှပြီ။ အဲဒါ ကိုယ့်တစ်ယောက်တည်းကို လုပ်တာမဟုတ်ဘူး။ လူတိုင်းကို လုပ်နေတာ။

ဟို အရိုင်းပဒေသာ ဟာကိုတော့ မဖတ်ဘူး။ မကြည့်ဘူး။ ကျော်တယ်။ သူ့လောက် မိုက်ရိုင်းတဲ့လူ ဒီလောကမှာ ရှိမှာတောင် မဟုတ်ဘူး။ ဘာပုံတွေ လျှောက်တင်၊ ဘာစာတွေ လျှောက်ရေးမှန်း မသိဘူး။ အက်(ဒ်)မင်တွေ ဘာလုပ်နေကြလည်း မသိဘူး။ သူ့ကို ဘလော့လိုက်ရမှာ။ လိုင်းပေါ်မှာ ဆက်ပြီး လက်မခံသင့်ဘူး။ သူ့ မိဘတွေ မဆုံးမကြဘူးလား မသိဘူး။ ရေးထားတင်ထားတာတွေကိုလည်း ကြည့်ဦး။

မိန်းကလေးပုံတွေ။ မလုံတလုံနဲ့။ တစ်ယောက်ဆို တော်တော်ဆိုးဆိုး။ ကြည့်ရတာ မျက်စိတောင် ရှက်တယ်။ သူ အဲဒီပုံတွေ ဘယ်ကနေ ဘယ်လိုရလာသလဲ မသိဘူး။ ဒါ သူ တစ်ယောက်တည်းတော့ မဟုတ်လောက်ဘူး။ အဖွဲ့နဲ့ ဖြစ်ရမယ်။ အဲဒါကြောင့် ပုံတွေက စုံစုံလင်လင် ဝေဝေဆာဆာ။ အံမယ်··· သူ့ပုံတွေ စာတွေကျတော့ လိုက်(ခ်)လုပ်တဲ့သူနဲ့ ဝင်မန့်တဲ့သူနဲ့ မနည်းဘူး။

ဟိုအဘွားကြီး ဒေါ်ဝင်းမြင့်သန်း။ အသက်က (၇၀) ကျော်။ ဘုရားတရားအလုပ် လုပ်မယ် စိတ်မကူးဘူး။ လူကဖြင့် နီးနေပြီ။ ကိုယ့်အကြောင်း ကိုယ်မသိ။

ဆံပင်ကို တိုတိုလေးညှပ်။ ပြောင်းဖူးမွေးရောင်ဆေးဆိုးပြီး ပြင်လိုက်တဲ့အလှ။ တင်လိုက်တဲ့ ပုံတွေ။ သူ့ကိုယ်သူ နာမည်ကျော်သရုပ်ဆောင် ကျနေတာပဲ။ အသက်ကြီးပြီး ဝိတ်ပါလိုက်မတက်လာတဲ့ အဘွားကြီး။ လူတွေ အားနာပြီး "အန်တီသန်း… အရမ်းမိုက်တယ်နော်"၊ "အန်တီသန်းတို့ကတော့ အမြဲလန်းနေတာပဲနော်"၊ "အန်တီသန်းအလှကို အားကျတယ်" ဆိုပြီး သူကျေနပ်အောင် မြှောက်ပြောနေကြတာကိုလည်း မြှောက်လို့ မြှောက်မှန်းမသိတဲ့ အဘွားကြီး။ အမြှောက်တော်တော်ကြိုက်တယ်။ စက်သေနတ်ကျတော့ မကြိုက်ဘူး။ သူက ရေးသေးတယ်။ "သူ့အလှကိုကြည့်ပြီး စိတ်ချမ်းသာတယ်ဆိုလို့ သူ့ ကုသိုလ်ရတယ်"ဆိုပြီး ကြံဖန် မရအရ ယူလိုက်သေးတယ်။ တကယ်ပဲ…. မပြောချင်တော့ဘူး။ ဒေါ်မြလေး လေသံနှင့်ပဲ အော်ပြောလိုက်ချင်တော့တယ်။ "ပြောကိုး မပြောချင်တော့ဘူး…"။

ဟင်း… ဟင်း… အဲဒီထဲမှာ ရယ်စရာ အကောင်းဆုံးက ဟိုကိုယ့်ပစ္စည်းကိုယ် တန်ဖိုးထားရကောင်းမှန်း မသိတဲ့ မိတ္တတ်မ။ မိန်းမလျာပီပီ တတ်လိုက်တဲ့ စကား။ ဘယ်က စကားလုံးတွေ ဘယ်လိုစုပြီး ရေးနေ ပြောနေလည်း မသိဘူး။ ချက်ကျ လက်ကျကို ရှိလို့။ စိုးစိုးမွေးက အင်္ကျီအသစ်လေးဝတ်ပြီး တင်ထားတယ်။ အင်္ကျီလေးက လက်တို ခေါင်းစွပ်။ အနီရဲရဲလေး။ စိုးစိုးမွေးက အသားညိုတော့ အဲ့ဒီ အနီရဲရဲနဲ့က ဘယ်လိုမှ မလိုက်ရေးချ မလိုက်။ အဲဒါလည်း သူ့ဟာသူ သိချင်မှ သိမှာ။ သူ့ ကိုယ်သူတော့ အဟုတ်ကြီး အောက်မေ့နေမှာ။ သူ့ဓာတ်ပုံ အောက်မှာ "မီး ဒီ အင်္ကျီအသစ်လေးနဲ့ လိုက်ရဲ့လားဟင်… ဝိုင်းပြီး မန့်ပေးကြပါဦး"တဲ့။ အဲဒါကို မိတ္တတ်မ ဝင်တွတ်ထားတာ ကောင်းတယ်။ ဘာတဲ့ "လိုက်လား မလိုက်လားတော့မသိဘူး။ ကျွဲကို ခြင်ထောင် ထောင်ပေးထားတာပဲ မြင်တယ်" တဲ့။ ကောင်းလိုက်တဲ့ ရိုက်ချက်။ ဟုတ်… တယ်။ မိတ္တတ်မ အမြင်ကတ်လည်း ကတ်စရာ။ အဲဒီ စိုးစိုးမွေး ဘာပစ္စည်းဝယ်ဝယ် အကုန်တင်။ အဲဒီလို တွတ်ချလိုက်တော့ အေးရော။ မိတ္တတ်မရဲ့ ကွန့်မန့်ကို ထောက်ခံတဲ့လူတွေ တစ်ရာတောင်ကျော်သေး။ ဘာတတ်နိုင်သေးလဲ။ ကင်ဦး… ထပ်ပြီးတော့။ သီသီအေး ပြောတာပဲ။ ဟုတ်မဟုတ်တော့ မသိဘူး။ မိတ္တတ်မ ဝင်မန့်ပြီး နောက်တစ်နေ့ စိုးစိုးမွေး မိတ္တတ်မဆီ ဖုန်းဆက်ပြီး သူ့ကို ကျွဲလို့ပြောရမလားဆိုပြီး ရန်တွေ့တယ်လို့တော့ ပြောတယ်။ ဘာတွေ ပြောကြလဲ မသိဘူး။ သိချင်လိုက်တာ။ စိုးစိုးမွေးတစ်ယောက်တော့ ပြောတတ်၊ ဆိုတတ်တဲ့ မိတ္တတ်မနဲ့တော့ တွေ့ပြီ။

အဲဒီ မိတ္တတ်မ သူများ ဟာကွက်ကိုသာ လိုက်နှိုက်လိုက်တွတ်နေတာ။ သူ့ဟာကွက် သူမမြင်။ အဲဒီတော့ ဟာကွက်ချောင်းနေတဲ့ စိုးစိုးမွေးက ပြန်ဆော်

တာပေါ့။ မိတ္တတ်မ ဝိုင်ကေကေအိုမှာ သူ့ ယောကျ်ားလေး သူငယ်ချင်း သုံးယောက်နဲ့ အစားအသောက် စားနေတဲ့ပုံတွေ တင်လိုက်တယ်။ ပြီးတော့ "သူငယ်ချင်းများနှင့် အတူ ဝိုင်ကေကေအိုတွင်" လို့ ရေးတယ်။ အဲဒါကို စိုးစိုးမွေးက "ကိုယ့် စိတ်ဝင်စားတဲ့ဟာတွေနဲ့ အတူနေနေရလို့ ပျော်နေတယ်ပေါ့လေ" ဆိုပြီး ပြန်ဆော်ထားသေးတယ်။ မိတ္တတ်မတစ်ယောက် ချက်ကောင်းထိသွားပေမယ့် ဟန်မပျက်လေးနဲ့ "စိတ်ဝင်စားရင် လာခဲ့လေ" တဲ့။ သူတို့နှစ်ယောက်ဇာတ်လမ်းက ဆုံးမှာကို မဟုတ်တော့ဘူး။

"ဒါနဲ့ နေပါဦး…။ ဘယ်ကလူတွေ ဘယ်လိုဖြစ်ပြီး "သာဓု" တွေ ခေါ်နေကြပါလိမ့်။ အဝေးကြီးကတော့ မဟုတ်ဘူး။ ဒီ အနီးအနားလေးကပဲ။ "သာဓု" ခေါ်နေတာမှ တစ်ယောက်နှစ်ယောက်ထဲတောင် မဟုတ်ဘူး။ အုံနဲ့ကျင်းနဲ့ကို စုပြီး ခေါ်နေကြတာ။ ဟော…အခုတော့ ရပ်သွားပြီ။"

"ဒကာမကြီး"

ဟဲ့… ဒကာမကြီးလို့ ခေါ်သံလည်း ကြားတယ်။

"ဒကာမကြီး"

"ဒကာမကြီး၊ ဒကာမကြီးလို့ ဒီလောက်ခေါ်နေတာ ဟို ဒကာမ မကြားတာနဲ့တူတယ်။ ခေါ်ပြန်ပြီ။ ခေါ်နေတဲ့ ဆရာတော်ခမျာ အားနာစရာ"

"အားတော့နာတယ် ဒကာမကြီးရယ်…။ တခြား ယောဂီတွေ ဆင်းသွားတာ ကြာပြီ။ ဒကာမကြီး တရားဖြုတ်နိုး ဖြုတ်နိုးနဲ့ စောင့်နေတာ။ မရလို့ လက်နဲ့တို့ပြီး ခေါ်လိုက်ရတာပါ"

"ပြီးတော့ ဒကာမကြီး မျက်နှာက တော်ကြာမဲ့လိုက် တော်ကြာပြုံးလိုက်နဲ့ ဆိုတော့ တရားမှတ်နေတာ မဟုတ်လောက်ဘူး။ တစ်ခုခုကို စီးမျော စဉ်းစားနေတာ ဖြစ်မယ်ဆိုပြီး ခေါ်လိုက်ရတာပါ ဒကာမကြီး"

"အပေါ့အပါးလေး သွား။ ခြေဆန့်လက်ဆန့်လေးလည်း လုပ်ဖို့ အချိန်ရတာပေါ့"

ဘယ်သူ့ကို ပြောနေပါလိမ့်။ ဟင်… အရှင်ဘုရား… တပည့်တော်မကို ပြောနေတာလား။ ဩော်… အားနာလိုက်တာ။ တပည့်တော်မ တရားမှတ်ရင်း တရားထဲမှာ နစ်မျောနေလို့ ဆရာတော်ဘုရား ခေါ်တာကို မကြားလိုက်တာပါ။ တင့်ပါဘုရား။ တပည့်တော် တရားဖြုတ်ပါပြီ ဘုရား။

အရှင်ဘုရား….တပည့်တော် ပြုပြုခဲ့သမျှသော ကောင်းမှုကုသိုလ် အဖို့ပါက

အစုစုတို့ကို ကိုယ်စောင့်နတ်၊ အိမ်စောင့်နတ်၊ တောစောင့်နတ်၊ တောင် စောင့်နတ်၊ အုပ်ချုပ်သူ အစိုးရမင်းများ၊ သုံးဆယ့်တစ်ဘုံတွင် ကျင်လည်လျက် ရှိကြကုန်သော ဝေနေယျသတ္တဝါအပေါင်းတို့အား လည်းကောင်း၊ ဒုက္ခိတ သုခိတ သတ္တဝါအပေါင်း ကို့အားလည်းကောင်း၊ မြင်အပ်မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါ အပေါင်းတို့အား လည်းကောင်း၊ သိကြားမင်းနှင့် ယမမင်းကြီးတို့အားလည်းကောင်း အမျှပေးဝေပါတယ်။ တပည့်တော်မနှင့်အတူ အားလုံးထပ်တူထပ်မျှ ရကြပါစေ။ အားလုံး ကြားကြားသမျှ… အမျှ… အမျှ ယူတော်မူကြပါကုန်သော်ဝ်… သာဓု… သာဓု… သာဓု။ သူတော်ကောင်း သူမြတ်လောင်းတို့ ပို့သသော မေတ္တာကြောင့် ကျွန်ုပ်က လည်း ဝမ်းမြောက်ဝမ်းသာ သာဓု… သာဓု… သာဓု ခေါ်ပါတယ်။ အမလေး… ကျွတ်… ကျွတ်… ကျွတ်…။ ခြေထောက်တွေ ကျင်လိုက်တာ။ ဖြန်းစားထမရ ဘူး။ သြော်…ဒီခန္ဓာကြီးကို ပိုင်ဆိုင်ထားသမျှတော့ ဒီလိုပဲ နာခြင်း၊ ကျင်ခြင်း ဝေဒနာတွေကတော့ ဖြစ်နေဦးမှာပဲလေ… ကျွတ်… ကျွတ်… ကျွတ်…။

"ဘယ်သူတွေ ရယ်နေတာပါလိမ့်။ ရယ်သံ ကြားလိုက်တယ်"

❐

အကြေဆပ်

ကြင်လှိုင်မြင့်

ကျွန်မလက်ထဲသို့
ကျောက်စီပန်းချီကားလေးကို ထည့်ပေးရင်း
မောင်အောင် ကိုတစ်ယောက်
ကျွန်မအား ထိုင်ကန်တော့နေသည်။
ကျွန်မလည်း ဝမ်းနည်းမျက်ရည် ကျခဲ့ရသည်။

# အကြေဆပ်

ကြင်လှိုင်မြင့်

""ထွင်လုံးတွေပါ""

""ဘာအကြံရှိလဲမှ မသိတာ""

""အသနားခံချင်လို့ ဒီ အချိုးချိုးနေမှာပေါ့""

စသည်ဖြင့် အပြစ်ဖို့ ဝေဖန်မှုများ အပြည့်ကဲထားသည့် ကဲ့ရဲ့ စောင်းမြောင်း ပြောဆိုမှုများသည် တစ်မျိုး။

""ဒီ အမျိုးသမီးနှယ် ဝင့်ကြီးလိုက်တာနော်""

""ငါသာ အဲဒီ အမျိုးသမီး နေရာမှာသာဆိုရင် အကောင်ရော ကောင်မရော နှစ်ယောက်လုံး သောက်ရက် ဖြန်းဖြန်း ကွဲသွားအောင် သွားလုပ်ပစ်လိုက်မယ်""

""သူလည်း သူ့ဘဝနှင့် သူ့ အကြောင်းပေါ့လေ""

စသည်ဖြင့် ကရုဏာနှင့် ဒေါသ ရောသမထားသည့် အားမလို အားမရ ကြိတ်ခဲကြုံးဝါးသံများသည် တစ်သွယ်နှင့် ကျွန်မအား အမျိုးမျိုးသော ထင်ကြေးများ ပေးနေကြသည်။

""ချီးမွမ်း ခုနစ်ရက် ကဲ့ရဲ့ ခုနစ်ရက်""၊

""ချီးမွမ်းတစ်ည ကဲ့ရဲ့တစ်လ"" ဟူသော ဆိုရိုးဆန်ဆန်စကားများသည် ကျွန်မအတွက် ဖြစ်မည်မထင်။ လူတွေ ကျွန်မကို ချီးမွမ်းကြ ကဲ့ရဲ့လာခဲ့ကြသည်မှာ နှစ်ပေါင်းမနည်းတော့ပြီ။ ခန့်မှန်းမိသလောက် ပြောရမည်ဆိုရင် ကျွန်မ အသက်

နှစ်ဆယ်လောက် ကတည်းက စခဲ့ ကြသည်မှာ ကျွန်မ အသက်ခြောက်ဆယ့်ငါးနှစ် ကျော်လာပြီဖြစ်သည့် ယခုချိန်ထိလည်း မနားတမ်း ဆက်လက်ဝေဖန် ချီးမွမ်းကဲ့ရဲ့ နေကြတုန်းပဲ ဖြစ်သည်။ မည်သည့်အခါများမှ ရပ်ကြမည် မသိ။

အကောင်းဘက်က တွေးကြည့်ပြန်လျှင်လည်း ဝမ်းသာနေမိသည်။ အကြောင်းမှာ လူအများ၏နှလုံးအိမ်ထဲတွင် ကျွန်မအတွက် နွေးထွေးခိုင်မြဲသော နေရာလေး တစ်ခု ယနေ့ထိတိုင် ဆက်ရှိ ဆက်တည်နေခြင်းပင် ဖြစ်သည်။ ကျွန်မ ကွယ်လွန်ပြီး သည့် နောက်ပိုင်းတွင်လည်း အချို့အချို့သော လူအများ၏ နှလုံးအိမ်ထဲတွင် ကျွန်မ အတွက် နေရာကျဉ်းကျဉ်းလေးတစ်ခုတော့ နှစ်ရှည်ရှည် ခပ်ကြာကြာလေး ဆက်ရှိ နေဦးမယ်ဟု ခန့်မှန်းမိသည်။

သို့ပေတည့် ကိုလွင်အတွက်ကိုတော့မူ ကျွန်မ သေချာပေါက် အာမမခံနိုင်။ နောင်ဘဝမပြောနှင့် သည်ဘဝတွင်ပင် ကိုလွင်၏ နှလုံးအိမ်အတွင်း၌ ကျွန်မအတွက် နေရာကျဉ်းကျဉ်းလေး ထပ်ပေးဖို့ မဆိုထားနှင့် သူ့နှလုံးအိမ်၏ အပြင်ဘက် မနီး မဝေးတွင်ပင် ယခုလို ရစ်သီခွင့်လေးရဖို့ကို ရှိခိုးပြီး မနည်းတောင်းပန် ထားရခြင်း ဖြစ်သည်။ မိမိအပေါ် သစ်စိမ်းချိုး ချိုးသလိုပြုခဲ့ပြီး နှလုံးသား၏ လုပ်ငန်းဆောင်တာ များ လုံးဝ ရပ်လုနီးပါးဖြစ်အောင် အကြင်နာမဲ့ လုပ်ရပ်များဖြင့် တရစပ် ခပ်နာနာ လေး မသေမရှင် တူးဆွ ထိုးနှက်ထားခဲ့သူများကို မည့်သည့်အကြောင်းများကြောင့် သည်လောက်ထိ ထောက်ထားငဲ့ညှာပြီး ဝတ်ကြီးဝတ်ငယ် အနီးကပ် ပြုစုရတာလဲ ဆိုပြီး အခကြေးငွေ တစ်ပြားတစ်ချပ်မျှ မရကြဘဲ ကျွန်မဘက်မှ မြဲမြဲမြံမြံ ရပ်တည်ပေးကြသော ကျွန်မကို ချစ်ကြသည့် လူတစ်ချို့ကလည်း အားမလို အားမရ ဖြစ်ကြသည်။ ကျွန်မလည်း သူတို့ကို အားတုံ့အားနာ ဖြစ်မိသည်။ ကျွန်မသည်လည်း ကျွန်မအကြောင်းနှင့် ကျွန်မ။

မည်သည့်မိန်းမမျှ ဤကဲ့သို့သော လုပ်ရပ်မျိုးကို မလုပ်ချင်။ လုံးဝ(လုံးဝ) ကို မလုပ်ချင်။ သေချာသည်မှ ရာနှုန်းပြည့်။ မိမိနှင့် ခြောက်နှစ်ကျော် ခုနစ်နှစ် လောက် ပုဆိုးတန်တင် ပေါင်းသင်းလာခဲ့သည့် မိမိ၏ယောကျာ်းဖြစ်သော အခြား သော အမျိုးသမီးတစ်ယောက်နှင့် မိမိရှေ့၌ ကယုကယင် ချစ်တုံ့တင်ပြီး လောကကြီး အား မေ့နေသည်ကို အဘယ်သို့သော မိန်းမများက လက်ခုပ်လက်ဝါးတီးပြီး အားပေး ဟားတိုက်ရယ်မော ပျော်ရွှင်နေနိုင်ပါမည်နည်း။

မြင်ရသမျှသော မြင်ကွင်းအားလုံးကို ကျွန်မ၏မျက်စိများမှတစ်ဆင့် ပုံတူ ကူးယူပြီး နရီစည်းချက် မူမမှန် ပုံပျက် လွဲချော်စွာဖြင့် ခုန်နေသော ကျွန်မ၏

နှလုံးသားဆီသို့ အဆက်မပြတ် မနားတမ်း ပေးပို့နေလိုက်ကြသည်မှာ မည်သို့မျှ တားမရ ဆီးမရ။ လျှပ်စစ်ဓာတ်အားကို မှီတည်ပြီး လည်ပတ်လိမ့်ထုတ်နေသော မိတ္တူကူးစက်ကဲ့သို့ မိတ္တူးပြီးထားသမျှသော ဓာတ်ပုံနှင့် စာရွက်စာတမ်းများ တစ်ပုံပြီးတစ်ပုံ ပြေးဆင်း လိမ့်ထွက်လာကြသကဲ့သို့ မနားတမ်းကို ပေးပို့နေကြသည်။ မိတ္တူကူးစက်သည် လိုအပ်သော အရေအတွက် ပြည့်ပြီးသွားလျှင် သူ့အလိုလို ရပ်သွားပေးမယ့် နွမ်းလျချူချာပြီး လည်ပတ်ပုံ မူမမှန်သော ကျွန်မ၏ နှလုံးသားလေးသည် ကျွန်မ၏ မျက်စိများမှတစ်ဆင့် ပေးပို့လာသော ကိုလွင်နှင့် ဝင်းဝင်းတို့၏ အကဲလွန် လှုပ်ရှားတွန့်လိမ့်မှု ပုံရိပ်များကို ရပ်နားမှုမရှိဘဲ အဆက်မပြတ် ပေးပို့နေကြသည်မှာ သတ်မှတ်ပုံရိပ် အရေအတွက်ထက်ပင် မရေတွက်နိုင်လောက်အောင် ကျော်လွန်များပြားနေပြီ ဖြစ်သည်။ တချို့တချို့သော ပုံရိပ်များသည် ကြည်လင်ပြတ်သားမှုရှိကြသော်လည်း ရာနှုန်းတော်တော်များများသည် မကြည်ဝိုးတဝါးနှင့် မပီမပြင် ဝေဝေဝါးဝါး။

ကိုလွင်၏ ဤကဲ့သို့ အကြင်နာမဲ့သော လုပ်ရပ်များသည် ကိုလွင်နှင့် ကျွန်မ စတွေ့စဉ်က ကိုလွင်ပြောခဲ့သောစကားများ၊ ပြုမူခဲ့သော အပြုအမူများနှင့် တခြားစီကို ဖြစ်နေပါကောလား ကိုလွင်ရယ်…။

အနုပညာရပ်ဝန်းမှာ ကျွန်မ၏ 'စန်း'က တားမရအောင် ထိုးထောင်ထိုးထွက် လွင့်ပျံတက်နေစဉ်တုန်းက ကိုလွင်ပြောခဲ့ဖူးသော ဖန်တစ်ရာတေလည်း မရိုးနိုင် မအီနိုင်သောစကား…။

"အေးအေးရယ်…၊ ကိုလွင့်ကို ပြုစားနိုင်လိုက်တာကွယ်… အသံကဝေမ လေးရယ်…"

ကျွန်မ သီချင်းဆိုလိုက်သမျှသော ဧည့်ခံပွဲ၊ မွေးနေ့ပွဲ၊ ဖွင့်ပွဲ၊ ပိတ်ပွဲ၊ မည်သည့်ပွဲမျိုးတွင်မဆို ကိုလွင်သည် ကျွန်မမြင်သာသော နေရာတွင် ထိုင်သည်။ သူ၏ ဖြူဖွေးညီညာသော သွားလေးများ ပေါ်အောင်ရယ်သည်။ ကျွန်မ၏ရင်ကို လှုပ်ခတ်စေသော ခံ့ညားသည့် အပြုံးများနှင့် ကျွန်မကို အမြဲတမ်း အားပေးခဲ့သည်။ မှတ်မိသေးသည်။ ဧည့်ခံပွဲတစ်ခုတွင် ကျွန်မ သီချင်းဆိုနေစဉ် ဧည့်ခံရေး တာဝန်ကျ သူတစ်ယောက် ကိုလွင်ရှေ့မှ လမ်းခဏ ဖြတ်လျှောက်နေသဖြင့် ကိုလွင်သည် ထိုလူအား သူ့ရှေ့မှ နောက်ထပ်ဖြတ်မသွားရန် အသံခပ်မာမာနှင့် ခေါ်ပြီး သတိပေးခဲ့ဖူးသည်။ အကြောင်းရင်းကို မေးကြည့်လိုက်သောအခါ…

"အေးလေးကို ကြည့်ရတာ အားမရတဲ့အထဲ သူက အဲဒီလို ခဏခဏ ဖြတ်လျှောက်တော့ အေးလေးကို မြင်ရတဲ့အချိန်တွေ နည်းသွားမှာစိုးလို့"

ကျွန်မကို အဲသည်လောက်တောင် ချစ်ခဲ့သတဲ့လား ကိုလွင်ရယ်…။

သည်ပွဲတွင်လည်းတွေ့ ဟိုပွဲတွင်လည်းတွေ့ဆိုတော့ ကျွန်မ၏ စိတ်ထဲတွင် သိချင်စိတ်များ အလွန်ပြင်းပြလာသဖြင့် မေးကြည့်လိုက်မိသည်။

"သည်ပွဲတွင် ကိုလွင်တို့ရုံးက ဝန်ထမ်းဧည့်ခံပွဲ။ သည်ပွဲက ကိုလွင့်ကို အထက်အရာရှိရဲ့ သမီးလေးမွေးနေ့ပွဲ၊ သည်ပွဲက ကိုလွင့် မိတ်ဆွေရဲ့ ကုမ္ပဏီဖွင့်ပွဲ၊ သည်ပွဲက ကိုလွင်တို့ မြို့နယ်က သင်္ကြန်ပိတ်ပွဲ" စသည်ဖြင့် မရိုးနိုင်သော မခိုင်လုံသော အကြောင်းပြချက်ပေါင်းများစွာဖြင့် အေးလေးကို မတွေ့တွေ့အောင် တမင်ဖန်တီးလုပ်ကြံပြီး အကြောင်းပြလာတွေ့ခဲ့သည့် ကိုလွင်။ လက်ဖဝါးနှစ်ဖက် သွေးခြေဥလောက်အောင် လက်ခုပ်လက်ဝါးတီးပြီး အားပေးခဲ့သည့် ကိုလွင်။ အခုတော့…။

"မင်းပါးစပ်ကို အခုပိတ်။ ငါ အသံမကြားချင်ဘူး"

"ရက်စက်လိုက်တာ ကိုလွင်ရယ်…"

စိတ်ထဲတွင် တီးတိုး ရွတ်ဆိုရုံမှလွဲ၍ ကျွန်မ ဘာမျှ မတတ်နိုင်တော့ပြီ။ မိန်းမသားတို့ ဘဝကိုက သည်လိုပါလားဆိုတာကိုလည်း သိသိကြီးနှင့် အဆင်ခြင် ကင်းမဲ့စွာ ဝင်တိုးခဲ့ပြီ။ ရှန်းထွက်ရခက်မှ နောင်တရမိခဲ့သည့် ကျွန်မကိုယ်ကျွန်မ လည်း အပြစ်တင်မိသည်။ သို့ပေမယ့်လည်း အချိန်တို့သည်ကား နှောင်းခဲ့ပြီဖြစ်သည်။

ကိုလွင် ကျွန်မကို ချစ်စကားဆိုစဉ်က…

"အေးလေးရယ်…၊ ကိုလွင့်ကို ဝေဒနာတွေ ထပ်မပေးပါနဲ့တော့လား ကလေး ရယ်…။ ကိုလွင် အေးလေးနဲ့ အမြန်ဆုံး အတူနေချင်လှပြီကွယ်"

အချိန်တွေ ကြာလာသည်နှင့်အမျှ ကျွန်မလည်း ကိုလွင်၏ အချစ်ညွှတ်ကွင်း တွင် အဆင်ခြင်ကင်းမဲ့စွာဖြင့် ဝပ်ဆင်းခဲ့ရသည်။ ကျွန်မကိုယ် ကျွန်မလည်း အံ့သြမိ လိုက်သည့် ဖြစ်ခြင်း။

"ကိုလွင်ကသာ ချစ်တယ်ချစ်တယ် မခွဲနိုင်ဘူး၊ အေးလေးနဲ့ အတူနေချင်လှ ပြီဆိုပြီး ပါးစပ်က စက်သေနတ်ပစ်နေတယ်။ ကိုလွင့် မိဘတွေရဲ့ သဘောကိုလည်း အရင်မေးကြည့်ပါဦး ကိုလွင်ရယ်။ လူကြီးတွေက သဘောမတူမှဖြင့် ဒုက္ခရောက် နေဦးမယ်။ အေးလေး အလွမ်းဝေဒနာ မခံစားချင်ဘူး"

''မိဘတွေ သဘောတူတူ မတူတူ ကိုလွင်ကတော့ အေးလေးကို ရအောင် ယူမှာပဲ။ မိဘတွေ သဘောမတူရင်လည်း ကိုလွင်တို့ နှစ်ယောက်ထဲ ဘဝကို ပျော်ပျော်ကြီး ဖြတ်သန်းကြမယ်ကွာ''

အချစ်သူရဲကောင်းကြီးဆန်ဆန် ပြောခဲ့သော ကိုလွင်၏ ထိုစဉ်က သကာလူး ထားသော ချိုချိုမြမြ စကားလုံးများ။

တစ်ခုတည်းသောညနေခင်းတွင် ဧည့်ခံပွဲတစ်ခု၌ သီချင်းဆိုရန် ပြင်ဆင်နေစဉ် ရုပ်ရည်သန့်သန့် အထက်တန်းလွှာဆန်ဆန် အသက်ငါးဆယ်ဝန်းကျင်ခန့် အမျိုးသမီးကြီးတစ်ယောက် ကျွန်မ ဖြီးလိမ်းပြင်ဆင်နေသော အခန်းထဲသို့ ရောက်ရှိလာသည်။

''ဖက်ခွက်စားမ အေးလေးဆိုတာ ညည်းလား…။ ညည်းကိုညည်း သိပါတယ်နော်။ လူမှာအမျိုး ကြက်မှာအရိုးတဲ့။ ငါ့သား မောင်လွင်နဲ့ ညည်းနဲ့ ဘယ်လိုမှ မဖြစ်နိုင်ဘူးဆိုတာ ညည်းသိထားဖို့ လာပြောတာ။ ကိုယ့်နေရာ ကိုယ်နေ။ ကိုယ့်အဆင့် ကိုယ်သိ။ တန်ရာ တန်ရာလုပ်။ သူ့အဖေ ငါ့ယောကျ်ားက ညွှန်ချုပ်။ ငါက အထက်တန်း ကျောင်းအုပ်။ အမျိုးထဲမှာ ဖက်ခွက်စားမရှိဘူး။ အမျိုးတွေကို မျက်နှာမပြရဲအောင်တော့ မလုပ်ပါနဲ့အေ။ တောင်းပန်ပါတယ်''

''ပြောရက်လိုက်တာ ဒေါ်ဒေါ်ရယ်။ ကျွန်မလို နိုင်ငံကျော် အဆိုတော်တစ်ယောက်ကိုများ ဖက်ခွက်စားမတဲ့။ အနုပညာရသကို မခံစားတတ်လို့လား။ ဒါမဟုတ် သားအပေါ်ထားတဲ့ မိခင်တစ်ယောက်ရဲ့ မေတ္တာကြောင့် ဒီလို သတ်မှတ်ပြောဆို သုံးနှုန်းလိုက်တာလား ဒေါ်ဒေါ်ရယ်။ ကျွန်မ သီချင်းမဆိုရင် သူတို့အလှူ၊ သူတို့ဧည့်ခံပွဲ မပြီးပြည့်စုံဘူးလို့ လူတကာက တောင့်တနေချိန်မှာ ဖက်ခွက်စားမလို့ ဒေါ်ဒေါ်မို့ ပြောရက်တယ်။ ကျွန်မရဲ့ အနုပညာကို အသာထားပြီး ဒေါ်ဒေါ့်သမီးအရွယ် နေရာကနေဝင်ပြီး ခံစားပေးလို့မရဘူးလား ဒေါ်ဒေါ်ရယ်…''

ကျွန်မ တစ်ကိုယ်ရေ ကြားရုံလေး တုန်ယင်စွာ ရေရွတ်လိုက်မိသည်။

တာလွတ်ဒိုင်ကတောင် မလွတ်သေးဘဲ အလုအယက် အရှိန်ဖြင့် တွန်းတိုက်တိုးဆင်းလာကြသော မျက်ရည်ရည်ပူများမှလွဲပြီး ကျွန်မရင်ထဲမှာ ဆို့နင့်မွန်းကျပ်နေသဖြင့် ခွန်းတုံ့ ဘယ်လိုမှမပြန်နိုင် ဖြစ်ခဲ့သည်။ ခွန်းတုံ့ပြန်ဖို့ရန်လည်း မစဉ်းစားမိ။

ထိုညက ဧည့်ခံပွဲတွင် သီချင်းဆိုရင်း မျက်ရည်ကျခဲ့သည်ကို ပရိသတ်များက ''သီချင်းဆိုတာ အရမ်းကောင်းတာပဲ၊ အေးလေးက သီချင်းကို နှလုံးသားနဲ့

ခံစားပြီးဆိုလို့ မျက်ရည်ပါကျလာတယ်။ အရမ်းကောင်းတယ်။ အရမ်းခံစားရတယ်'' စသည်ဖြင့် အားပေးခဲ့ကြသည်။

အမှန်တကယ်တော့ ကျွန်မ၏ ရင်တွင်းခံပြင်း ဝမ်းနည်းစိတ်တို့ကို ကျွန်မ၏ ပရိသတ်များက မရိပ်စားမိခဲ့ကြ။ ပိုးဆိုးသည်မှာ ထိုညက အားပေးသော ပရိသတ်များထဲတွင် ရှေ့ဆုံးခုံ၌ နေရာအမြဲယူတတ်သော ကိုလွင်သည်လည်း မည်သည့်အကြောင်းရယ်ကြောင့် ပေါ်မလာ ဇာတ်ကားရိုက် သွားခဲ့သည်မသိ။ ထိုည၏ ညတာသည် အခြားသော ညများနှင့်မတူဘဲ ရှည်လျားလွန်းလှသည်။

နောက်တစ်နေ့ မနက်စောစောတွင် ကိုလွင်တစ်ယောက် ကျွန်မအိမ်သို့ အထုပ်အပိုးများနှင့် ကမန်းကတန်း ရောက်ရှိလာကြသည်။

''အေးလေးရေ··· မြန်မြန်လုပ်။ ကိုလွင်တို့ အချိန်သိပ်မရှိတော့ဘူး။ မြို့နယ်တရားရုံးသွားပြီး လက်မှတ်ထိုးကြမယ်။ မှတ်ပုံတင်တော့ မဖြစ်မနေ လိုတယ်နော်။ ကိုလွင်တို့ ဒီနေ့ပဲ လက်ထပ်ကြမယ်။ အေးလေး ကိုလွင့်အတွက် သတ္တိရှိတယ် မဟုတ်လား။ မြန်မြန်လုပ်။ သွားကြမယ်။''

အဲသည်နေ့က ''ဟင့်အင်း'' ဆိုပြီး အပြတ်ဇွတ်ငြင်းခဲ့မိလျှင် ကောင်းသား။ ရုပ်သေးရုပ် ကျွန်မ။ သူကြိုးဆွဲသည့်အတိုင်း လိုက်ပြီး လိုလိုလားလား ကကြိုးဆင်ခဲ့မိသည်။ ကျွန်မ မေမေ ဈေးသွားနေသည်။ ကျွန်မ ဖေဖေ ဘုရားဝတ်ပြုနေသည်။ ကျွန်မ မိဘများအား ခွင့်မပန်ဘဲ ကိုလွင့်နောက်သို့ တိတ်တိတ်လေး ရင်ခုန်လက်ဖျားအေးစွာဖြင့် လိုက်ခဲ့မိသည်။ အချစ်နှင့်ပတ်သက်လျှင် မိန်းကလေးများသည် အဆင်အခြင်ကင်းမဲ့ပြီး မိုက်မဲသတ္တိပိုရှိကြဆိုသည်မှာ ကျွန်မကို ပြောတာဖြစ်မယ်။ မိဘစုံရာနှင့် တင့်တောင်းတင့်တယ် တောင်းရမ်းပြီးမှ လက်ထပ်ခြင်း၏ ကောင်းကျိုးများကို ကျွန်မ ထိုစဉ်တုန်းက သတိမပြုမိခဲ့။ ခိုးရာလိုက်ပြေးသော မိန်းကလေးတစ်ယောက်ကို သူ့ယောကျာ်းက အလွယ်တကူခေါ်လည်း လိုက်တာပဲ ဆိုပြီး တန်းဖိုးမထားတတ်ဘူး ဆိုတာကိုလည်း ကျွန်မ ထည့်သွင်းမစဉ်းစားမိခဲ့။

ကိုလွင်၏ မိတ်ဆွေတရားသူကြီးရှိသော တောင်ဥက္ကလာပတရားရုံးတွင် လက်မှတ်ထိုးပြီး ကိုလွင် မိဘများနေကြသော ရွှေတောင်ကြားရပ်ကွက်နှင့် ကျွန်မ မိဘများနေသော ရန်ကင်းနှင့် ဝေးရာဖြစ်သော မြောက်ဥက္ကလာပဆီသို့ အငှားယာဉ်ဖြင့် ရင်ခုန်ပုန်းလျှိုးစွာ သွားခဲ့ကြသည်။ ထိုအရောက်မှ သိလိုက်ရသည်မှာ ကျွန်မတို့နေမည့် လုံးချင်းအိမ်လေးသည် ကိုလွင်ဝယ်ထားသော အိမ်လေးဖြစ်နေသည်။ ကျွန်မနှင့်လက်ထပ်ပြီးလျှင် နေဖို့ဆိုပြီး ဝယ်ထားသည်ဟု ပြောသည်။

ကျွန်မကို အဲဒီလောက်တောင် ချစ်ခဲ့သတဲ့လား ကိုလွင်ရယ်…။

ဟိုဘက် မိဘကလည်း လာမရှာ။ သည်ဘက်မိဘကလည်း လျစ်လျူရှုနှင့်နေလာရင်း နှစ်နှစ်အကြာတွင် သားလေး မောင်သူရလွင်ဦးကို မွေးဖွားခဲ့သည်။ နောင် နှစ်နှစ်ကြာသောအခါ သမီးလေး မရတနာလွင်ကို ထပ်ပြီး မွေးဖွားခဲ့သည်။ ကိုလွင်သည်လည်း သူ၏ရုံးတွင် အရာရှိပေါက်စတစ်ယောက် အနေဖြင့် အလုပ်ဆက်လုပ်ရင်း တစ်ဖက်တွင်လည်း ဝတ္ထုတို၊ ဆောင်းပါးရေး၊ အင်္ဂလိပ်စာ လိုက်သင်ရင်းဖြင့် မိသားစုအတွက် ဝင်ငွေကြိုးစား ရှာဖွေခဲ့သည်။ ကျွန်မသည်လည်း ကျွန်မတတ်ထားသာ အသံပညာဖြင့် မိသားစုကုန်ကျစရိတ်ကို တစ်ဖက်တစ်လမ်းမှ ဝမ်းကူဖာထေးခဲ့သည်။ ပျော်စရာကောင်းသည့် မိသားစုလေးဖြစ်ခဲ့သည်။

သို့သော် ကျွန်မ အပျော်စောသွားခဲ့သည်။ ကျွန်မတို့ မိသားစုလေး၏ သာယာပျော်ရွှင်မှုသည် ကိုလွင် တက္ကသိုလ်ကျောင်းသူများကို ဝိုင်းဖွဲ့၍ အင်္ဂလိပ်စာ သင်ပေးသည့်အချိန်မှစပြီး တစ်စတစ်စနှင့် ပျက်သုဉ်းစပြုလာခဲ့ရသည်။ ကိုလွင် ခါတိုင်းထက် အိမ်ပြန်ချိန် နောက်ကျသည်မှာ အကြိမ်စိပ်နေပြီဖြစ်သည်။ ခါတိုင်းဆိုလျှင် အိမ်သို့ စောစော ပြန်ရောက်တတ်ပြီး မီးဖိုချောင်ထဲဝင်သည်။ ကူချက်ပေးသည်။

"ကိုလွင်ရယ် နားပါဦး၊ ရုံးကတစ်ဖက် စာသင်ရတာက တစ်ဖက် စာရေးရတာကတစ်ဖက်နဲ့ ပင်ပန်းလှပါပြီ။ နောက်ပြီး ဒီလို ချက်တာပြုတ်တာက ယောကျ်ားလေးတွေရဲ့ အလုပ်မဟုတ်ဘူးလေ။ သွားနားလိုက်ပါ ကိုလွင်ရယ်…"လို့ ဆိုလည်း တားမရဆီးမရ။

"ကိုယ့်မိန်းမနဲ့ ကိုယ့်ကလေးတွေကို လုပ်ကျွေး ချက်ကျွေးရတာ ဘယ်ယောကျ်ားက ပင်ပန်းမှာလဲ။ ရပါတယ် အေးလေးရယ်" ဆိုပြီး သူ ပြင်ဆင်ချက်ပြုတ်သမျှကို မိန်းမနှင့်ကလေးများ အားပါးတရ စားကြသည်ကို ကြည့်ရင်း သဘောကျနေခဲ့သူ တစ်ယောက်။

ထို တက္ကသိုလ်ကျောင်းသူများ စာသင်ဝိုင်းကို စာစသင်ပြီးမှ ကိုလွင်အချိုးအမူအရာများသည် မသိမသာရော၊ သိသိသာသာရော အပြောင်းလဲကြီး ပြောင်းလဲခဲ့သည်။

"ကိုလွင်…၊ အခုတလော အိမ်ပြန်တာ နောက်ကျတယ်နော်"

"အေး…၊ တက္ကသိုလ် စာသင်ဝိုင်းက ကျောင်းသူတွေ စာစုမေးနေကြလို့" မဖြေချင့်ဖြေချင် လေသံနှင့်သည် တစ်မျိုး။

"လမ်းမှာ ကားတွေ ပိတ်နေလို့ပေါ့ကွ"

စိတ်မရှည်သည့် လေသံနှင့်သည် တစ်သွယ်။

"အဲဒါပဲ ခဏခဏ ပြောနေတယ်။ တခြား ပြောစရာအကြောင်း မင်းဆီမှာ မရှိတော့ဘူးလား" ဟူသော ခပ်ငေါ့ငေါ့ ခပ်ထေ့ထေ့ ခံပက်မေးခွန်းနှင့်သည် တစ်လီ ပြန်ဖြေခဲ့သည်။

ခါတိုင်းဆိုလျှင် ကြည်ကြည်ဖြူဖြူနှင့် ပြန်ဖြေနေကျ။ ထုံးစံလိုဖြစ်နေသော သည်လိုမေးခွန်းမျိုးကို မည်ကဲ့သို့ အကြောင်းပြချက်များကြောင့် ယခုလို ပြန်ဖြေနေသည်ကိုလည်းပဲ ကျွန်မ နားမလည်နိုင် ဖြစ်ခဲ့ရသည်။ ခိုင်မာသော ဆုံးဖြတ်ချက်တစ်ခု ချလိုက်မိသည်။ ကိုလွင် မကြိုက်သည့် ဤကဲ့သို့သော မေးခွန်းမျိုးကို နောင် မည်သည့်အခါမျှ ထပ်မမေးရန် ဖြစ်သည်။

ညနေခင်းတစ်ခုတွင် ညှော်ခံပွဲတစ်ခု၌ သီချင်းဆိုရန်အတွက် လာကြိုသော ကားနှင့် လိုက်သွားရင်း မြင်တွေ့လိုက်ရသော မြင်ကွင်းများသည် မည်သည့်နည်းနှင့်မျှ ယုံနိုင်စရာမရှိ။ နွေခေါင်ခေါင် နေ့လယ်ကြီးတွင် ကျွန်မ၏ ငယ်ထိပ်ပေါ်သို့ မိုးကြိုးအစင်းတစ်ရာ ခွင်းချလိုက်သည့်နှယ် ပြင်းထန် လေးပင်လွန်းလှသည်။ ကိုလွင်သည် ကျွန်မအောက် ငါးနှစ်လောက်ငယ်သော အမျိုးသမီးတစ်ယောက်နှင့် လည်ပင်းဖက်ရင်း ဆူးလေဘုရားလမ်းမကြီးပေါ်ရှိ ရွှေဆောင်ရုပ်ရှင်ရုံရှေ့တွင် လမ်းဖြတ်ကူးနေသည်ကို ကျွန်မ မျက်စိနှင့် တကယ့်ကိုမှ သေချာပေါက် တပ်အပ် မြင်ခဲ့သည်။ ကျွန်မ မျက်စိမှားတာ လုံးဝမဖြစ်နိုင်။ ကိုလွင်မှ ကိုလွင်အစစ်။ ကျွန်မသည် မနက်တွင် မီးပူထပ်တိုက်ပြီး ဝတ်ပေးလိုက်သော အင်္ကျီနှင့်ပုဆိုး။ လက်ထဲတွင်လည်း ကိုလွင် ကိုင်နေကျ အမည်းရောင် လက်ဆွဲအိတ်။ အနုမြူ လက်နက်မီးလောင်တိုက်တွင်းသို့ သွတ်သွင်းခံလိုက်ရသည့်နှယ် ပူပြင်းလောင်မြိုက်စွာ ခံစားနေရသည်။ ကားသည်လည်း အရှိန်ပါနေသဖြင့် ခုန်ဆင်း ဖို့ရန်မှာလည်း တကယ်မလွယ်။ လုပ်ရက်လိုက်တာ ကိုလွင်ရယ်…။

ထိုအမျိုးသမီးသည် သူ၏ အမျိုးမဟုတ်သည်မှာ သေချာသည်။ ကိုလွင်သည် တစ်ဦးတည်းသော သား။

ထိုညတွင် ကျွန်မ အိမ်ပြန်နောက်ကျခဲ့သဖြင့် ကျွန်မ သိချင်သော မေးခွန်းများ ကိုလွင့်အား မမေးဖြစ်ခဲ့။ ကလေးနှစ်ယောက်သည်လည်း အပြစ်ကင်းစွာဖြင့် အိပ်မောကျနေကြသည်။ ကိုလွင် အိပ်ပျော်နေသည်လား၊ အိပ်မပျော်ဘဲ မျက်စိ စုံမှိတ်ပြီး ငြိမ်နေသည်လားဆိုသည်ကို ကျွန်မ သေချာမသိ။

ကျွန်မသည် "အဲဒီ မိန်းကလေးက ဘယ်သူလဲ။ သူတို့ ဘယ်က ပြန်လာကြတာပဲ။ သူတို့တွေ အပြင်မှာ အဲဒီလို ခဏခဏ တွေ့နေကြသလား။ သူတို့တွေ ဘယ်အဆင့်ထိတောင် ရောက်နေပြီလဲ။ ကိုလွင်သည် ကျွန်မနှင့် ကလေးနှစ်ယောက်ကို မငဲ့ကွက်ဘဲ တကယ်ပဲ လုပ်ရက်လေပြီလား" စသော "လဲပေါင်းလားပေါင်း" မေးခွန်းတွေ တစ်သီကြီးနှင့် တစ်ရေးမှ မမေးနိုင်၊ မအိပ်နိုင်ဘဲ မိုးသာ စင်စင်လင်းခဲ့ရသည်။

မနက်မိုးလင်းလျှင် မေးကြည့်ဦးမည်ဟု စိတ်ကူးမိသည်။ ကိုလွင်သည် ကျွန်မ မေးမည့်မေးခွန်းများကို အမှန်ဖြေမည် မဟုတ်သည်ကို ကြိုသိနေသဖြင့် မမေးသေးဘဲ အခြေအနေကိုသာ ခဏလောက် စောင့်ကြည့်လျှင်ကောင်းမည်ဟု စဉ်းစား မိခဲ့သည်။

"အေးရေ…၊ ဒီည ဧည့်သည်တစ်ယောက် ပါလာမယ်။ ကောင်းကောင်းမွန်မွန် ဆက်ဆံရမယ်နော်။ ဘာပြဿနာမှ မလိုချင်ဘူး။ ကြားတယ်နော်"

"ဟင်…"

ကိုလွင့်စကား တစ်မျိုးကြီးဖြစ်နေသည်။ သူ့ စကားအရဆိုလျှင် သူခေါ်လာသော ဧည့်သည်မှန်သမျှကို ကျွန်မသည် ဘုတော တောလွတ်နေသည့် အလား။ မည်သည့် အဓိပ္ပာယ်ဆိုသည်ကို သေချာမသိပေမယ့် ပြန်မမေးဖြစ်ခဲ့။

ထိုနေ့ ညနေတွင် ဧည့်သည်တစ်ယောက်ခေါ်ပြီး အိမ်ပြန်လာခဲ့သည်။

"အေးရေ… ဧည့်သည်ကို ကြိုပါဦးကွယ်။ လာ… ဝင်းငယ်လေး…၊ လာ…ထိုင်…။ ဒါကိုကြီးရဲ့ မိန်းမ။ "အေး" လို့ ခေါ်တယ်။ "

"အမလေး… ဘုရား…ဘုရား…ခေါ်ပုံကိုက ဝင်းငယ်လေးတဲ့"

အံ့သြစွာဖြင့် တီးတိုးရေရွတ်လိုက်မိသည်။

ကိုလွင်နှင့် လည်ပင်းဖက် လမ်းဖြတ်ကူးခဲ့သည့် မနေ့က အမျိုးသမီးပါလား။

"ဘာတွေလဲ ဟင်"

"ဘယ်လိုတွေ ဖြစ်ကုန်ကြပြီလဲ"

"ဒီအိမ်ကို လိုက်လာရတဲ့ အကြောင်းအရင်းကရော ဘာလဲ"

"ကိုလွင်လည်း အဲဒီအမျိုးသမီးကို ဘာရည်ရွယ် ချက်နဲ့ ခေါ်လာရတာလဲ"

"သူတို့ နှစ်ယောက်လုံး ဘာဖြစ်ချင်နေကြတာလဲ"

စသော ဗလောင်ဆူ ဆောက်တည်ရာမဲ့ မေးခွန်းများကို ရင်တွင်းကြိတ်မေးရင်း ဧည့်သည်ကို သောက်စရာ သို့မဟုတ် စားစရာတစ်ခုခုဖြင့် ဧည့်ဝတ်ပြုထားတတ်

သော မြန်မာလူမျိုးများ၏ ချစ်စရာ အမူအကျင့်လေးကိုပင် ခေတ္တခဏ မေ့သွားခဲ့သည်။ ကျွန်မ၏ မရင့်ကျက်သော ခံစားချက် ဦးစားပေး သွေးပျက်မှုကြောင့် ကျွန်မတို့ မြန်မာလူမျိုးများ၏ ဓလေ့ထုံးလေးကိုတော့ မပယ်ပျက်စေချင်။

"ညီမလေး…၊ အအေးလေး အမောပြေ သုံးဆောင်လိုက်ပါဦး"

ကျွန်မ၏ စကားသည် ကျွန်မအတွက် ရှေ့ပြေး နိမိတ်ပြစကား ဖြစ်သွားခဲ့ရသည်ဆိုသည်ကို နောက်မှ သတိပြုလိုက်မိသည်။ ကျွန်မ၏ စကားအတိုင်းပင် ကျွန်မ "အေး"သည် အသုံးဆောင်ခံ ဖြစ်မှန်းမသိ ဖြစ်သွားခဲ့ရသည်။

"ဝင်းငယ်လေး…၊ ဒီအိမ်ကို ဝင်းငယ်လေးအိမ်လို့ သဘောထားပြီး လွတ်လွတ်လပ်လပ်နေ။ ဝင်းငယ်လေး ဖြစ်ချင်တာကိုပြော။ ဝင်းငယ်လေး စားချင်သောက်ချင်တာရှိရင် မမအေးကို ပြော။ အားမနာနဲ့။ ဒီအိမ်မှာ နေသားကျအောင် ခဏခဏလာရမယ်နော်။ နောင် ကိုယ်နေမယ့် အိမ်ဆိုတော့ အစစအရာရာ အဆင်ပြေမှ ဖြစ်မှာ။ မမအေးပဲဖြစ်ဖြစ် ကိုကြီးရဲ့ ကလေးနှစ်ယောက်ကပဲဖြစ်ဖြစ် ဝင်းငယ်လေးကို မကျေနပ် မကြည်ဖြူတဲ့ အမူအရာပြခဲ့ရင် ကိုကြီးကိုပြော။ အဆင်ပြေအောင် ကိုကြီး ချက်ချင်းလုပ်ပေးမယ်"

"ဟုတ်ကဲ့… ကိုကြီး"

ကျွန်မ ကလေးနှစ်ယောက်မှာ ပန်းချီအတူဆွဲရင်း အလုပ်ရှုပ်နေကြသဖြင့် ကျွန်မတို့၏ စကားဝိုင်းကို ဂရုမစိုက်နိုင်။

"သားနဲ့မီးမီးရေ…ခဏလောက် လာကြပါဦးကွယ်။ မှတ်ထားနော်။ ဒီမေမေလေးက နောက်ဆို ဒီအိမ်မှာ ဖေဖေတို့နှင့်အတူတူ လာနေမှာ။ မေမေလေးလို့ ခေါ်ရမယ်နော်။ ခေါ်ကြည့်စမ်း မေမေလေးလို့"

လူ့လောကကြီးထဲသို့ အပြစ်ကင်းစွာဖြင့် ရောက်ရှိလာခဲ့ကြသော သားသားနှင့် မီးမီးတို့သည် "မေမေလေး"ဟူသော စကားလုံး၏ အတိမ်အနက် အဓိပ္ပာယ်၊ သွယ်ဝိုက်အဓိပ္ပာယ်၊ ကွယ်ဝှက်အဓိပ္ပာယ်များကို ရိုးရှင်းစွာ နာမလည်နိုင်ကြဘဲ လက်ကလေးများ ကိုယ်စီပိုက်လျက် ညီတူညာတူ နှုတ်ဆက်လိုက်ကြသည်။

"မင်္ဂလာပါ… မေမေလေး"

"မေမေ သနားလိုက်တာ ကလေးတို့ရယ်။ ကလေးတို့နှစ်ယောက် ရှေ့လျှောက်ပြီး ဖေဖေ့မေတ္တာကို အပြည့်အဝမရ ဖြစ်ကြတော့မှာပေါ့လား" ဆိုပြီး ကျွန်မ ရင်ထဲတွင် ဆို့ဆို့နင့်နင့် ကြွကွဲကြေကြေ ခံစားခဲ့ရသည်။ ပုံပမာ ခိုင်းနှိုင်းစရာ စကားလုံးများသည်လည်း ရှာမတွေ့ ဖြစ်ခဲ့ရသည်။

ဝင်းဝင်းကို ပြန်လိုက်ပို့မည်ဆိုပြီး ထွက်သွားသောကိုလွင် ထိုညတွင်လည်း ပေါ်မလာ ဇာတ်လမ်းတွဲ၏ အဆက်။ ပြန်လာလေနိုး ထိုင်စောင့်ရင်းဖြင့် ည ၁၂ နာရီကျော်မှ ခြံတံခါး သော့ခတ်၊ အိမ်တံခါးပိတ်ပြီး အိပ်ရာဝင်ခဲ့ရသည်။ အပူ အပင်ကင်းမဲ့စွာဖြင့် အိပ်မောကျနေသော ကျွန်မ၏ကလေးနှစ်ယောက်ကို နဖူးဆံပင် သပ်ရင်း ရှေ့တွင် ကြုံတွေ့လာရတော့မည့် အခက်အခဲ အတားအဆီးများကို မည်သို့ ရင်ဆိုင်ကျော်ဖြတ် ရမည်ဆိုသည်ကို အတွေးနယ်ချဲ့ရင်း ရပ်ကွက်ထိပ် ဘုန်းကြီး ကျောင်းမှ တုံးခေါက်သံကို ကြားလိုက်ရသည်။

နောက်တစ်နေ့ညတွင် ဧည့်ခန်းပွဲတစ်ခု၌ သီချင်းဆိုသွားရန် ရှိသည့်အတွက် ကလေးနှစ်ယောက်ကို ဘယ်မှာထားခဲ့ရမှန်းမသိ ဖြစ်ခဲ့သည်။ မထူးပါဘူးဆိုပြီး သီချင်းသွားဆိုမည့် ဧည့်ခံပွဲဆီသို့သာ ခေါ်သွားခဲ့ရသည်။ သားကြီးသည် နည်းနည်း လေးကြီးနေသဖြင့် နားလည်သည်။ သမီးငယ်ကမူ ငယ်လွန်းသဖြင့် "အိမ်ပြန် မယ် အိမ်ပြန်မယ်" ဆိုပြီး ဂျီကျနေသဖြင့် တီးဝိုင်းခေါင်းဆောင် ကိုအေးချမ်း မနည်းချော့ထားရသည်။

ထိုည သီချင်းဆိုအပြီးတွင် ပရိသတ်ထဲမှ လူတစ်ယောက် ကျွန်မဆီသို့ ဦးတည်ပြီး လာခဲ့သည်။

"မအေးလေး... ဒီစာစောင်ထဲမှာပါတဲ့ သတင်းက တကယ်လားဟင်။ ကျွန်တော်ကြိုက်တဲ့ အဆိုတော်က ဒီလိုအကျင့်မျိုး ရှိတယ်ဆိုတာ သိရလို့ စိတ် မကောင်း တော်တော်ဖြစ်မိတယ်။" ဆိုပြီး ကျွန်မလက်ထဲသို့ စာစောင်တစ်စောင်ကို စင်အောက်မှနေ၍ လှမ်းပေးခဲ့သည်။ ကျွန်မလည်း ကျွန်မနားသော အခန်းထဲသို့ ပြန်လာပြီး စာစောင်ကို စိတ်ဝင်တစား လှန်လှောဖတ်ကြည့်လိုက်သည်။

"အမလေး... ဘုရားရေ"

စာစောင်၏ စာမျက်နှာ (၁၃) တွင် ပါလာသော သတင်းနှင့် ဓာတ်ပုံသည် ကျွန်မအကြောင်း ရေးထားသောသတင်း ဖြစ်နေသည်။

"လူတကာ အထင်ကြီး ချစ်ခင်နေကြသော နိုင်ငံကျော် အဆိုတော် တစ်ယောက် လူမှုရေးဖောက်ပြန်ခြင်း"

ဓာတ်ပုံသည် ကျွန်မနှင့် တီးဝိုင်းခေါင်းဆောင် ကိုအေးချမ်းတို့ ဂျစ်ကားတစ်စီး ၏ဘေးတွင် မတ်တတ်ရပ်လျက် ရယ်မောနေကြသည့်ပုံ ဖြစ်သည်ည။ ရင်တုန် ပန်းတုန် ရှိလိုက်သည့် ဖြစ်ခြင်း။ စိတ်ဝင်စားလွန်းသဖြင့် သတင်းကိုဆုံးအောင် ဖတ်ကြည့်လိုက်သည်။

"... ဤကဲ့သို့ အိမ်ထောင်ရှိပါလျက်နဲ့ လူမှုရေး ဖောက်ပြန်နေသော

နိုင်ငံကျော် အဆိုတော်၏အကြောင်းကို လင်ကြီးဖြစ်သူ ကိုလွင်ဦးဘက်မှ မခံမရပ်နိုင် ဖြစ်ရသူများက တိုတ်တခိုး ခတ်ပုံလေးနှင့် မှတ်တမ်းတင် ဖော်ထုတ်လိုက်ပါသည်။ နောင် အလျဉ်းသင့်လျှင်လည်း သင့်သလို ဆက်လက် ဖော်ထုတ်ရေးသားတင်ဆက်သွားပါမည်"

"သတင်းထောက်-မောင်ထူးမောင်"

ကိုအေးချမ်းနှင့်ကျွန်မတို့ ကာယကံရှင်နှစ်ယောက် ဖြစ်နိုင်ခြေ သတင်းရင်းမြစ်ကို စဉ်းစားကြသည်။ အဖြေသည် မည်သို့မျှ မထွက်။

ထိုညတွင် ကိုအေးချမ်းသည် သူ၏ဂျစ်ကားဖြင့် ကျွန်မတို့သားအမိ သုံးယောက်ကို အိမ်အရောက် လိုက်ပို့ပေးခဲ့သည်။ ကျွန်မတစ်ယောက်တည်းဆိုလျှင် အငှားယာဉ်စီးပြီး ဖြစ်ဖြစ်၊ အငှားယာဉ်မရလျှင်လည်း ခြေလျင်ပဲဖြစ်ဖြစ် ဖြစ်လာဖြစ်ခဲ့မည်ဖြစ်သည်။ ကလေးနှစ်ယောက်နှင့် ဖြစ်သည့်အတွက် ကျွန်မလည်း မည်သို့မျှ မတတ်နိုင်။ ကိုအေးချမ်း၏ ကျွန်မအိမ်သို့ လိုက်ပို့ရန် ကမ်းလှမ်းချက်ကို စိတ်မပါစွာဖြင့် လက်ခံခဲ့ရသည်။

အိမ်သို့ ရောက်သည့်အခါ ကျွန်မ ဖတ်ပြီးသား စာစောင်မျိုးကို လက်တွင် ကိုင်ထားပြီး စိတ်တိုစွာဖြင့် ထိုင်စောင့်နေသူသည် ကိုလွင်။ ကိုလွင်သည်လည်း စာပေလောကတွင် ကျင်လည်နေသူတစ်ယောက် ဖြစ်သည့်အတွက် သည်စာစောင်ကို ဖတ်ပြီးပြီဖြစ်သည်။ ထို့ကြောင့် စာစောင်ကိုင်ပြီး ကျွန်မနှင့် ကလေးများ၏ ပြန်အလာကို စောင့်နေခြင်းဖြစ်သည်။ ကိုလွင်သည် အမှုစစ် တရားသူကြီး၏ မျက်နှာမျိုးနှင့်ဖြစ်ပြီး ကျွန်မသည် ဘာမသိညာမသိ အစွပ်စွဲခံ တရားခံမျက်နှာမျိုးနှင့် ဖြစ်သည်။

"မင်းအဖြစ် မင်းသိတယ်နော်။ ငါ ဝင်းငယ်လေးနဲ့ လက်တွဲဖို့ ဆုံးဖြတ်လိုက်ရတာကလည်း မင်းကြောင့်။ တစ်နေ့တစ်နေ့ လူတွေ မေးငေါ့ ပြောဆိုနေကြတာကိုလည်း မင်း ငါ့ဘက်က ဝင်ပြီး ခံစားပေးကြည့်ဖူးလား။ မင်းမို့လို့ လုပ်ရက်တယ်။ ငါ့ မိဘတွေက ငါ့ထက် အမြော်အမြင်ရှိကြလို့ မင်းနဲ့ငါ့ကို သဘောမတူခဲ့တာပေါ့ကွ။ မင်းကို ချစ်မိခဲ့တဲ့ ငါ့ကိုကလည်း မှားပါတယ်။ အခု ဘယ်လိုဆက်လုပ်မယ်လို့ မင်းစိတ်ကူးထားလဲ။ ငါကတော့ မင်းနဲ့ မပေါင်းနိုင်တော့ဘူး။ ဝင်းငယ်လေးကို မနက်ဖြန် ဒီမှာ လာနေဖို့ ပြောပြီးပြီ။ မင်းနဲ့ကလေး နှစ်ယောက်နေဖို့ အိမ်ရှာတော့။ ငါတော်တော် စိတ်ကုန်သွားပြီ"

"ကိုလွင်ရယ်... အေး ရှင်းပြပါရစေ။ အေး ရှင်းပြတာလေးကိုတော့

စိတ်အေးအေးထားပြီး နားထောင်ပေးပါ ကိုလွင်ရယ်... နော်..."

"ဘာမှလာရှင်းပြမနေပါနဲ့၊ ဘာမှမကြားချင်ဘူး။ မင်းအပြစ် မင်းခံတာကိုပဲ လာပြီး ရှင်းပြချင်နေသေးတယ်။ အခုလည်း လက်ပူးလက်ကြပ် မိနေပြီ"

"ကိုလွင်ရာ... ကိုလွင်နဲ့ ကျွန်တော်တို့တွေဟာ ခင်မင်လာကြတာ အခုမှ မဟုတ်တာ။ ခင်မင်လာခဲ့ကြတဲ့ နှစ်တွေလည်း ကြာပါပြီ။ မအေးလေးရဲ့ အောင်မြင်မှုတွေကို မနာလိုတဲ့လူတွေ ဒါမှမဟုတ် အအေးလေးကို ဒုက္ခရောက်စေချင်တဲ့ လူတွေက တမင်ဖန်တီးပြီးရေးလိုက်တာနေမှာပါ။ ကျွန်တော်တို့မှာ ဒီလို အောက်တန်းကျတဲ့ အကျင့်မျိုးတွေ မရှိကြပါဘူး။ လုပ်ငန်းသဘောအရသာ အတူတူ ရှိနေကြပေမယ့် စိတ်ရင်းက တကယ့်ကို မောင်နှမသားချင်း အရင်းအချာတွေလို ပါပဲဗျာ။ ကိုလွင် ထင်သလိုမျိုး မဟုတ်ရပါဘူး။ ကျွန်တော်လည်း ကြားထဲကနေ တောင်းပန်ပါတယ် ကိုလွင်ရာ..."

"ဘာမှ လာမတောင်းပန်နဲ့၊ သူခိုးက ခိုးပါတယ်လို့ပြောရင် ရှိသမျှထောင်တွေ ဆံ့မှာ မဟုတ်ဘူး။ ခင်ဗျား ပြန်တော့"

"ကိုလွင်ရာ...၊ ဘာမဟုတ်တဲ့ ကိစ္စလေးနဲ့ ကျွန်တော်တို့ရဲ့ ခင်မင်မှုကို မပျက်စေချင်ဘူး"

"ဘာတွေညာတွေ လေကြောလာရှည်မနေနဲ့၊ ခင်ဗျားပြန်တော့"

ကိုအေးချမ်း ပြန်သွားပြီး ကိုလွင်နှင့်ကျွန်မ တစ်ညလုံး စကားများခဲ့ကြသည်။ ကျွန်မ ရှင်းပြသည်ကို ကိုလွင် မည်သို့မျှ လက်မခံ။ ငြင်းဆန် တင်းခံခဲ့သည်။

"ကဲ... ကိုလွင်...၊ကျွန်မကို ဘယ်လို ဖြစ်စေချင်တာလဲ။ ကျွန်မ ရှင်းပြတာလည်း ကိုလွင်က လက်မခံဘူးဆိုတော့ ကိုလွင်ဖြစ်စေချင်တဲ့အတိုင်း ကျွန်မ လိုက်လုပ်ပေးမယ်။ ပြော... ကိုလွင်။ ကျွန်မကို ဘာဖြစ်စေချင်တာလဲ"

"မင်းနဲ့ကလေးတွေ ဒီအိမ်ကနေ ထွက်သွားပေး၊ ငါနဲ့ ဝင်းငယ်လေးနဲ့ နေမလို့"

"အဲဒီလို ဖြစ်စေချင်တယ်ဆိုရင်လည်း စောစောစီးစီး ပြောပါ။ ကျွန်မလည်း ဒုံးဝေးတဲ့သူမှ မဟုတ်တာ။ တစ်ခါပြောရင် နားလည်ပါတယ်။ ကိုလွင် ဖြစ်စေချင်တဲ့အတိုင်း ကျွန်မ အကုန်လိုက်လုပ်ပေးမယ်။ ဘာမှ စိတ်မပူနဲ့။ အခြေအမြစ် ဘာမှမခိုင်လုံတဲ့ သတင်းလေးတစ်ပုဒ်ကြောင့် ကျွန်မတို့ မိသားစုဘဝကို အပျက်ခံချင်တယ်ဆိုလည်း ကိုလွင့်သဘော။ ကိုလွင် ကြိုက်တာလုပ်။ ကျွန်မတို့ မိန်းမသားဘဝကိုက အဖြည့်ခံဘဝ။ ကိုယ့်လင်သား ကျေနပ်အောင် ဖြည့်ဆည်းပေးရမှာက

ကျွန်မ မိန်းမသားတွေရဲ့ သံသရာပေး တာဝန်ပါ။ ကျွန်မတို့သားအမိကို မနက်ဖြန်ကျရင် နေ့တစ်ဝက်တော့ အချိန်ပေးပါ။ အိမ်ငှားဖို့ လိုက်ရှာရဦးမယ်။ တစ်နေ့တော့ မကုန်ပါဘူး။ တကယ်လို့ တစ်နေကုန်လို့မှ ရှာမတွေ့ဘူးဆိုရင် ကျွန်မတို့သားအမိ မြို့ဦးကျောင်းဆရာတော်ဆီမှာ တစ်ရက်တန်သည် နှစ်ရက်တန်သည် အိမ်ရှာလို့ရတဲ့အထိ ခွင့်ပန်ပြီးနေပါမယ်။ ကိုလွင် အဲ့ဒီအတွက် ဘာမှစိတ်မပါနဲ့"

ယခုလို "အပူမိသူနှင့် အတူညီယူဖို့"ကိုလည်း ကျွန်မ မကြိုးစားချင်တော့ပါ။ အိန္ဒိယနိုင်ငံ၏ လွတ်လပ်ရေး ဖခင်ကြီး မဟတ္တမဂန္ဒီ ဆိုမိန့်ရှိထားသကဲ့သို့ "ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးနှင့်လည်း လက်ဆွဲနှုတ်ဆက်ဖို့ ကျွန်မ မကြိုးစားချင်တော့ပါ။" တစ်ခုတော့ ရှိသည်။ ကျွန်မတို့ ဗုဒ္ဓဘာသာဝင်များသည် ဝဋ်ကြွေးဆိုသည်ကိုတော့ ထဲထဲဝင်ဝင် ယုံကြည်ကြသည်။ နောင်ဘဝအထိလည်း သယ်မသွားလိုကြ။ ထို့ကြောင့် ကိုလွင့်အား မနက်လင်းလျှင် တောင်းပန်ပြီး ခွင့်တောင်းသည်။ ကိုလွင်နှင့် ဝင်းငယ်လေး (ကိုလွင့်အခေါ်)တို့အိမ်ကို ကျွန်မ မနက်တိုင်းလာပြီး အိမ်မှုကိစ္စများ လာလုပ်ပေးပါရစေဟူ၍။ ဤနည်းဖြင့် ကိုလွင့်အပေါ် တင်နေသော ကျွန်မ၏ ဆပ်ရန် လက်ကျန်ဝဋ်ကြွေးများကို အကြေဆပ်ထားခဲ့ပါသည်။ ကိုလွင်သည် အစပထမတွင် လက်ခံချင်ပုံ မပေါ်။ ထို့နောက် သူ၏ ဝင်းငယ်လေး ပင်းပန်းမည်ကို မကြည့်လို၍နှင့် တူသည်။ စိတ်မပါ့တပါဖြင့် ခေါင်းညိတ် သဘောတူခဲ့သည်။

အစ ပထမတွင် ကျွန်မအား မမြင်ချင် မတွေ့ချင်ဖြစ်နေသော ကိုလွင်နှင့် ဝေးရာကိုသွားပြီး ကလေးနှစ်ယောက်နှင့် ဇာတ်မြှုပ်နေမည်ဟု တွေးမိသေးသည်။ ပြန်လည်၍ ဆင်ခြင်ကြည့်လိုက်ပြန်တော့လည်း ကိုလွင့်အပေါ်တွင် တင်နေသော ကျွန်မ၏ ဆပ်ရန်လက်ကျန် သံသရာဝဋ်ကြွေးများကို နောင်ဘဝအထိ သယ်ယူသွားပြီး တိုးပွားအောင် မလုပ်ချင်တော့ပါ။ သည်ဘဝတွင်ပဲ အကြေဆပ်ခဲ့ချင်သည်။ နောင်ဘဝတွင် ဝဋ်ကြွေးကင်းစင် ပြုံးပျော်ရွှင်ပြီးနေရမည့် ဘဝအသစ်လေးကိုလည်း တွေးပြီး ကြည်နူးနေမိသည်။ ထို့ကြောင့် ကိုလွင်တို့နှင့် နောက်နှစ်လမ်းကျော် သုံးလမ်းမြောက်တွင် ကျွန်မစုထားသော ငွေအနည်းငယ်ဖြင့် ကျွန်မ ဖြစ်အင်ကို ကိုယ်ချင်းစာကြသော ကျွန်မ၏ လုပ်ဖော်ကိုင်ဖက်များ ကူညီဖေးမမှုကြောင့် အိမ်ငှားစရာ မလိုတော့ဘဲ ပေ (၂၀) × ပေ (၆၀) အကျယ်ရှိသော လုံးချင်းအိမ်လေး ကစ်လုံးကို ခြံတစ်ခြံကို ဝယ်ပြီး နေနိုင်ခဲ့သည်။

ထသည်။ ထမင်း၊ ဟင်းချက်သည်။ ပြီးလျှင် ရေမိုးချိုးပြီး ဘုရားဆွမ်းတော် ကပ်သည်။ တရား တစ်နာရီထိုင်သည်။ သားသားနှင့် မီးမီးအတွက် မနက်စာပြင် သည်။ ကျောင်းထမင်းချိုင့်ပြင်သည်။ ကျောင်းဝတ်စုံထုတ်သည်။ အားလုံးအဆင်သင့် လုပ်ထားပေးခဲ့သည်။ သားကြီးကိုလည်း ညီမလေးနှင့် မနက်စာ အတူစားရန်၊ ညီမလေးအား ရေချိုးပေးရန်၊ ပြီးလျှင် ကျောင်းဝတ်စုံလဲပြီး အိမ်နားမှ ကျောင်းသို့ အတူခေါ်သွားရန်၊ ကျောင်းတွင် ညီမလေးနှင့် ထမင်းအတူစားရန်၊ ကျောင်းလွှတ်လျှင် မေမေလာကြိုမည်ဟု ပြောပြီး အဆင်ပြေအောင် သင်ထားပေးရ သည်။ ကျွန်မသည် ကျွန်မ၏ ကလေးနှစ်ယောက်ကို ရပ်ကွက် မူလတန်းကျောင်းတွင် ထားသည်။

"သားကြီးနဲ့သမီးငယ်တို့ကိုလည်း မေမေ ဒီကနေ့အထိ ကျေးဇူးတွေ တင်နေ တုန်းပါ ကလေးတို့ရယ်။ ကလေးတို့ ဖေဖေအပေါ်မှာ ဆပ်ဖို့ကျန်နေသေးတဲ့ မေမေ့ရဲ့ လက်ကျန်ဝဋ်ကြွေးတွေကို သားကြီးနဲ့ သမီးငယ်တို့ကပါ ကူပြီး ဆပ်ပေးခဲ့ကြတယ် လေ။ အဲဒီ ကျေးဇူးတွေကို မေမေဘယ်တော့မှ မမေ့ပါဘူး။ သားကြီးနဲ့ သမီးငယ် တို့ရယ်"

ကိုလွင်တို့အိမ်သို့ မနက်ငါးနာခွဲလျှင် ကျွန်မ ရောက်ပြီဖြစ်သည်။ ကိုလွင် တို့သည် ကျွန်မကို ယုံကြည်၍ ခြံသော့နှင့် အိမ်သော့ ပေးထားသည်။ ထို့ကြောင့် ကျွန်မ ရောက်သည့်အခါတိုင်း သူတို့အားနှိုးစရာမလိုဘဲ ကိုယ့်လက်ကိုယ့်ခြေ အဆင် ပြေရာ ချက်ပြုတ်ပြင်ဆင်သည်။ အသင့်ဖြစ်သောအခါမှ ကိုလွင်နှင့် ဝင်းငယ်လေး တို့၏ ကလေးသုံးယောက်ထဲမှ အကြီးဆုံးကိုနှိုးပြီး အိမ်သာတည်သည်။ ရေမိုးချိုး ပေးသည်။ ထို့နောက် မနက်စာကျွေး၊ ကျောင်းဝတ်စုံလဲပေးပြီး မူကြိုကျောင်းသို့ လိုက်ပို့သည်။ ကျန်သောကလေးနှစ်ယောက် နိုးလာလျှင် စားရန်အတွက်လည်း စားစရာ သောက်စရာများကို ပြင်သည်။ ကျွန်မ ထိုကလေးသုံးယောက်ကို ကျွန်မ ကလေးထက်ပင် ပို၍ဂရုစိုက်သည်။ သူတို့ကို ချစ်သည်။ ကလေးများ အပြစ် ကင်းစင်ကြသည်။ လူကြီးများ၏ ကိစ္စနှင့် လုံးဝမပတ်သက်။ ကျွန်မ သူတို့ကို ချစ်တာလည်း မပြောနှင့်။ ကျွန်မ ခေါ်ကြတာကိုလည်း ကြည့်ပါဦး။ "မေမေအေး" တဲ့။

ကိုလွင်ကလေး အကြီးဆုံးလေးကို မူကြိုကျောင်းသို့ ဆိုက်ကားဖြင့် ပို့ပြီး ဈေးဝင်သည်။ ကိုလွင်တို့ အိမ်အတွက် လိုအပ်တာဝယ်သည်။ ကျွန်မ ပြန်ရောက်ပြီးမှ ကမန်းကတန်း ပြင်ဆင်ထားသော မနက်စာကို ကြွင်စဦး ပလူးမောင်နှံကဲ့သို့

ထပြီး ပွဲတော်တည်ကြသည်။ သူတို့နှစ်ယောက် မျက်နှာသစ်ရန်အတွက် ဆပ်ပြာ၊ ရေခွက်၊ သွားတိုက်ဆေး၊ မျက်နှာသုတ်ပဝါ စသည်တို့ကိုလည်း အမြဲ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ထားပေးသည်။ ကျွန်မနှင့် ခုနစ်နှစ်လောက် အတူနေခဲ့စဉ်က ကျွန်မမျက်နှာကို ရေသုတ်ပေးဖို့ မပြောနှင့်။ ကျွန်မကပဲ မျက်နှာသုတ်ပဝါကိုင်ပြီး အမြဲအဆင်သင့် စောင့်နေခဲ့ရသည်။ အခုတော့များ ကြည့်ပါဦး။ ဝင်းငယ်လေး မျက်နှာကို ကျွန်မ အဆင်သင့် ပြင်ထားသော မျက်နှာသုတ်ပဝါနှင့် အသာအယာ ခပ်ရွရွလေး သုတ်ပေးနေသည်။ ကျွန်မ မည်ကဲ့သို့သော နှလုံးသားနှင့် ခံစားပြီး ဆက်ကြည့်နေနိုင် ပါမည်နည်း။

လျှပ်စစ်ဓာတ်အားသည်လည်း သည်ကနေ့ကျမှ အားပြည့်နေလိုက်သည်မှာ မီးဖိုကွိုင်များအားလုံး ရဲပတောင်းခတ်နေကြသည်။ တင်ထားသော ရေနွေးအိုးထဲမှ ရေများသည်လည်း ပူးပြင်းလောင်မြိုက်သော အပူရှိန်ကြောင့် ဆူပွက်နေလိုက်ကြသည်မှာ ရေးနွေးငွေ့သုံး မီးရထားနှင့် ဆယ်စီးလောက် အသာလေး ဆွဲခုတ်မောင်းနှင်နိုင်လောက်သည်။

လက်နှီးနှင့်ခံပြီးမှ ကိုင်ရမည်ဆိုသည်ကိုမေ့ပြီး သည်အတိုင်း သွားကိုင်လိုက်မိသည့်အတွက် ရေနွေးအိုး၏ ပူပြင်းလောင်မြိုက်မှုသည် ကျွန်မ၏ ညာလက်ဖဝါးကို အပူလောင်အနီကွက် ထသွားစေခဲ့သည်။ ကျွန်မ၏လက်မှ အပူလောင်ခံအနီကွက်သည် ကျွန်မနှလုံးသား လောင်မြိုက်မှုနှင့် နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် မီးစာကုန်ခါနီး အားတင်းတောက်လောင်နေရသော ဖယောင်းတိုင်မီးတောက်နှင့် နွေ့နေ့ခင်းတွင် လောင်မြိုက်နေသော နေမင်းကြီးပမာ မနှိုင်းသာ မယှဉ်သာ ရှိနေမည်မှာ သေချာသည်။ ကျွန်မ၏လက် အပူလောင်ခံထားရသည်ကို မြင်နေလျက်နှင့် လာကြည့်ဖို့နေနေသာ ဝင်းငယ်လေးသောက်မည့် ကော်ဖီကို မြန်မြန်အေးအောင်ဆိုပြီး ဇွန်းလေးနှင့် အသာအယာမွှေရင်း ကိုလွင်တစ်ယောက် အလုပ်တွေရှုပ်နေသည်။

သူတို့ မနက်စာ စားပြီးသား အိုးခွက်ပန်းကန်များကို ကျွန်မ ဆေးနေစဉ် သူတို့နှစ်ယောက် ရေချိုးခန်း အတူဝင်ပြီး ရေချိုးကြသည်။

"ဝင်းငယ်လေး... ဟိုဘက်လှည့်။ ကိုကြီး ဝင်းငယ်လေး ကျောကုန်းကို ချေးတွန်းပေးမယ်"

ပျော်ရွှင်ကြည်နူးနေကြသည်။ ရေချိုးရင်း ဝတ်သော ပုဆိုးနှင့် ထဘီကို ရေချိုးခန်းကြမ်းပြင်ပေါ်တွင် သည်အတိုင်းပုံထားခဲ့ကြသည်။ ထို ပုဆိုး၊ ထဘီများ

နှင့်အတူ သူတို့လင်မယားနှစ်ယောက်နှင့် ကလေးသုံးယောက် ဝတ်ထားသေ အဝတ်များကို ဆက်လျှော်ရင်း လက်မှ အပူလောင်ဒဏ်ရာသည် ဆပ်ပြာမှုန့်နှ ထိသဖြင့် စပ်လိုက်သည်မှာ အသည်းပင်ခိုက်သည်။ "နာသည်။ စပ်သည်။ ဟုမှတ်ရင်း ပြီးအောင်လျှော်ခဲ့သည်။

ကျွန်မ သူတို့အတွက် နေ့လယ်စာပြင်နေစဉ် ဦးလွင်ဦးသည် သူတို့အိမ်တွ စာလာသင်သော ကျောင်းသူကျောင်းသားများအား စာသင်သည်။ ဝင်းငယ်လေ သည် ဘေးမှထိုင်ပြီး ဦးလွင်ဦးအား ကြည့်နေသည်။ အလုပ်မှ တော်တော်လေ ဖြစ်နေကြသည်။

သူတို့အတွက် နေ့လယ်စာပြင်ပြီးသည်နှင့် အကြီးဆုံးသားကလေးကို မူကြ ကျောင်းကြိုသည်။ အဝတ်လဲ၊ ထမင်းကျွေး၊ မီးပူတိုက်နှင့် များလိုက်သည့် အလုပ် ရှာစားကြီး စိန်ဗေဒါထက်ပင် လက်ကွက်များသေးသည်။ လက်တွင် မော်တော်တ ထားသကဲ့သို့ တစ်ခုပြီးတစ်ခု မနားတမ်းလုပ်တတ်သည်။ ပင်ပန်းလွန်း၍ စိတ်ငြေ လက်ပျောက်ဆို့ပြီး ချွေးများ နစ်နေသည့်ကြားမှ သီချင်းလေး တစ်ခါတစ်ရံ ညည်း သည်။

ထို့နောက် သားသားနှင့် မီးမီးတို့ကို ကျောင်းကြိုရန်အတွက် လုပ်လက်စ များကို အပြီးသတ်သည်။

"ဦးလွင်ဦး...၊ကျွန်မကလေးတွေကို ကျောင်းကြိုစရာရှိသေးလို့ ပြန်လိုက် ပါဦးမယ်။ ဘာခိုင်းစရာရှိသေးလဲ"

"မရှိတော့ပါဘူး...၊ ပြန်ချင်ရင် ပြန်လို့ရပါပြီကွယ်"

"ကလေးတွေကော နေကောင်းကြရဲ့လား"ဟု တစ်ခွန်းတလေတောင် ဟန်ဆောင်မေးခွန်း ထုတ်ဖော် မရနိုင်သော ဦးလွင်ဦး။

ဦးလွင်ဦးတို့ အိမ်တွင် စာလာသင်ကြသော ကျောင်းသူကျောင်းသားများထဲ တွင် တစ်ယောက်သည် ထူးခြား၏။ အိမ်သာသုံးချင်သလိုလို ဘာလိုလိုနှင့် မီးဖို ထဲသို့ ဝင်ဝင်လာတတ်သည်။

"ဒေါ်လေး နေကောင်းပါသလား။ ဒေါ်လေးမျက်နှာကို အပြင်မှာ ရင်းရင်း နှီးနှီး မြင်ဖူးသလိုပဲ။ ဒေါ်လေး သီချင်းညည်းရင် နားထောင်လို့ သိပ်ကောင်းတာပဲ။ ဒေါ်လေးအသံက ပါရမီပါတယ်။ ဒေါ်လေး တီးဝိုင်းတွေနဲ့ သီချင်းဆိုဖူးလား"

အစရှိသော မေးခွန်းများက ခဏခဏမေးသည်။ ကောင်းလေးကို ကြည့်ရ သည်မှာ ကျွန်မသားအောက် ငါးနှစ်လောက်နှင့် သမီးအောက် သုံးနှစ်လောက်ငယ်ပုံ

ရသည်။ နောင်အခါ ထိုကလေးသည် မီးဖိုထဲသို့ ဝင်ဝင်လာပြီး ကျွန်မအတွက် လေးလံခက်ခဲမည်ထင်သော အိမ်အလုပ်များကို ကူလုပ်ပေးသည်။ ဥပမာ ကျွန်မ လျှော်ပြီးသာ စောင်၊ ခြင်ထောင်များကို ရေညှစ်သည့် အလုပ်လိုမျိုး။ မီးသွေးအိတ်၊ ဆန်အိတ်များကို ဆိုက်ကားပေါ်မှ ချတာမျိုးတွေထိပါ အားနာစရာကောင်းလောက် အောင် ဝင်ကူပေးခဲ့သည်။ ဦးလွင်ဦး စာမသင်ခင်တွင်လည်း ထိုကလေးသည် စာသင်ခန်းတွင်းမှ ဘုရားစင်အတွက် ဘုရားပန်းများ၊ ဘုရားသောက်တော်ရေများ လဲသည်။ သန့်ရှင်းရေး လုပ်သည်။ အခြားသော ကျောင်းသူကျောင်းသားများ သောက်ရန် သောက်ရေလဲသည်။ ထိုင်ခုံများ ဖုန်သုတ်ပြီးလည်း ကျွန်မနှင့်အပြိုင် အလုပ် အမြဲရှုပ်နေတတ်သူ တစ်ယောက်ဖြစ်သည်။ အင်္ဂလိပ်စာဆိုလျှင် အခြား သောကျောင်းသူကျောင်းသားများထက် ပိုလိုက်နိုင်ပုံရသည်။ တစ်ခါတစ်ရံတွင် ဦးလွင်ဦး မအားတာမျိုးဖြစ်ဖြစ်၊ နောက်ကျတာမျိုးဖြစ်ဖြစ် ကြုံလာခဲ့လျှင် ကျောင်းသူ ကျောင်းသားအချင်းချင်း သူက စာပြန်သင်ပေးပြီး စာသင်ခန်းကို ထိန်းထားနိုင်သည်။ ထို့ကြောင့် ဦးလွင်ဦးသည် ထိုကလေးအား အခြားသော ကျောင်းသူကျောင်းသား များထက် ပိုပြီးအားထား ချစ်ခင်ပုံရသည်။ ကြာလာသောအခါ ထိုကလေးသည် လည်း ကျွန်မနှင့်ရင်နှီးသည်ထက်ပို၍ ရင်နှီးလာခဲ့ရပါတော့သည်။

ကျွန်မသည် ဦးလွင်ဦးအပေါ်ဆပ်ရန် လက်ကျန်ဝဋ်ကြွေးများကို ဤသို့ နေ့စဉ်ပုံမှန် ရက်ပျက်မရှိ ခွင့်မယူဘဲ ကြိုးစားပေးဆပ်ခဲ့သည်။

ဦးလွင်ဦးတို့အိမ်တွင် ဝဋ်ကြွေးပြေအလုပ်များ တစ်နေကုန်လုပ်ပြီး ညနေခင်း ပိုင်းတွင် ကျွန်မ တတ်ထားသော အသံပညာလေးဖြင့် သားကြီးနှင့်သမီးငယ်တို့ ၏ ပညာသင်ကုန်ကျစရိတ်၊ ကျန်းမာရေးစရိတ်၊ စားဝတ်နေရေး ကုန်ကျစရိတ်နှင့် လူမှုရေးစရိတ်များစွာကို ကြိုးစားဖြည့်ဆည်း ဖြေရှင်းခဲ့ရသည်။ မိန်းမသားရယ်ပဲ ဆိုပြီး စိတ်အားငယ်မျိုးလည်း မဖြစ်လေအောင် အားတင်းပြီး ကြိုးစားရုန်းကန်ခဲ့ သည်။ ယခုကဲ့သို့ ပင်ပန်းဆင်းရဲ ခံလိုက်သည့်အခါမှ ကျွန်မ၏ ရင်တွင်းဝေဒနာ များအတွက် ပူပြင်းခံစားရချိန် နည်းပါး ယုတ်လျော့သွားသည်။ မဟုတ်ပါလား။

ဆယ်စုနှစ်နှစ်စု ကျော်လာသောအခါ ကျွန်မ၏ သားကြီးသည် ရန်ကုန်စက်မှု တက္ကသိုလ်မှ ဘီးအီး အီလက်ထရောနစ်ဘွဲ့ နှင့် သမီးငယ်သည် စီးပွားရေး မဟာဘွဲ့ရခဲ့သည်။ သူတို့နှစ်ဦး လုပ်ငန်းခွင် အသီးသီးသို့ ဝင်ရောက်လုပ်ကိုင်နေကြ ပြီဖြစ်သည်။ ဦးလွင်ဦးနှင့်ဒေါ်ဝင်းဝင်းတို့၏ ကလေးသုံးယောက်တွင်လည်း အကြီးဆုံးသည် ဘီအေ အင်္ဂလိပ်စာနှင့် ဘွဲ့ရခဲ့သည်။ အလတ်မလေးသည် ရူပဗေဒ

တတိယနှစ်ဖြစ်ပြီး အငယ်ဆုံးသားလေးသည် ဆယ်တန်းဖြေထားသည်။ ပေးအပ်သူတူ ခံယူသူခြား ညီအစ်ကိုမောင်နှမတစ်စုသည် သူနေရာနှင့်သူ တည်ငြိမ်နေကြပြီဖြစ်သည်။

တစ်နေ့တွင် ကျွန်မတို့ မြန်မာသံစဉ် ဂန္တဝင်တီးဝိုင်းအဖွဲ့အား အင်္ဂလန်နိုင်ငံရောက် မြန်မာနိုင်ငံသားများမှ စုပေါင်းကုန်ကျခံပြီး သီဆိုဖျော်ဖြေရန် ဖိတ်ကြားခြင်းခံရသည့်အတွက် ကျွန်မရောက်ဖူးချင်ခဲ့သော အင်္ဂလန်နိုင်ငံသို့ အိပ်မက်ဆန္ဒ ပြည့်ဝစွာဖြင့် ရောက်ရှိခဲ့ရပါတော့သည်။

ကျွန်မတို့အဖွဲ့ အင်္ဂလန်နိုင်ငံသို့ ရောက်သောအခါ ကျွန်မနှင့် ကျွန်မ၏အနုပညာကို ချစ်မြတ်နိုးကြသော အမိမြန်မာပြည်ဖွားများက လာရောက်တွေ့ဆုံနှုတ်ဆက်ကြသည်။ ကြက်သီးဖြန်းဖြန်း ထစရာကောင်းလောက်အောင် အုန်းအုန်းကျွက်ကျွက်။ လှုပ်လှုပ်ရွရွ။ ဖျော်ဖြေပွဲကြီးအပြီးတွင် မြန်မာပြည်ပြန်မည်ဟု ပြင်ဆင်နေချိန်၌ ကုမ္ပဏီတစ်ခုမှ အသံနှင့်ပတ်သက်ပြီး အကြံပေးလုပ်ငန်းတစ်ခု လုပ်ကိုင်ရန် လာရောက်ကမ်းလှမ်းသဖြင့် လက်ခံလိုက်သည်။ ထိုကုမ္ပဏီနှင့်ပင် အလုပ်လုပ်ဖြစ်ခဲ့သည်။

အလုပ်ပေါ်တွင် စေတနာထားပြီး ဝါသနာနှင့် ပေါင်းစပ်လိုက်သောအခါ အလွန်အောင်မြင်ခဲ့သည်။ စွဲမက်စရာ ကောင်းလွန်းသော လစာဝင်ငွေ ရရှိခဲ့သည်။ ဦးလွင်ဦးအပေါ်တွင် ပေးဆပ်ရန် မည်သည့်အရာများ ကျန်ပါသေးသနည်းဟု စဉ်းစားပြီး သူနှင့်သူ၏ ဝင်းငယ်တို့စီးရန် ဇိမ်ခံကားတစ်စီး။ သူတို့၏ ကလေးသုံးယောက် ကျောင်းပို့ကျောင်းကြိုစီးဖို့ရန် ဇိမ်ခံကားတစ်စီး အရင်ဝယ်၍ ပို့လိုက်သည်။ ကျွန်မ၏ သားကြီးနှင့် သမီးငယ်တို့အတွက်မူ တစ်နှစ်နောက်ကျပြီးမှ ဝယ်ပို့နိုင်ခဲ့သည်။ ဆပ်ရန်ဝဋ်ကြွေးလက်ကျန် အမြန်ကျေဖို့သည် အဓိကမဟုတ်ပါလား။

ကား လက်ဝယ်ရရှိကြောင်း ဦးလွင်ဦး၏ ကျေးဇူးတင်စကားကို လက်ခံနားထောင်ပေးခြင်းသည် သည်ဘဝအတွက် ဦးလွင်ဦးနှင့်ကျွန်မ စကားနောက်ဆုံးပြောခြင်းပင် ဖြစ်သည်။

"ဟလို… အေးလား…။ ကိုလွင်ပါ။ ကြားလားအေး…"

"ဟုတ်ကဲ့… ဦးလွင်ဦး…ကျွန်မ ကြားပါတယ်"

"သြော်… အေးပို့လိုက်တဲ့ကား ဒီနေ့ပဲ ရောက်တယ်"

"သြော်…ဟုတ်ကဲ့… အဆင်ပြေပါရဲ့လား။ ကြိုက်ကော ကြိုက်ရဲ့လား"

"ကြိုက်တယ် အရမ်းလှတာပဲ၊ ဝင်းငယ်လေးကလည်း ကြိုက်လို့တဲ့"

"ဟုတ်ကဲ့... ကြိုက်တယ်ဆိုရင်လို့ ဝမ်းသာပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။"

"အေးပါကွယ်... အေးရော နေကောင်းပါတယ်နော်...၊ ကျန်းမာရေးကို ဂရုစိုက်နော်"

"ဟုတ်ကဲ့ပါ"

"ဒါနဲ့ မြန်မာပြည်ကို ဘယ်တော့လောက် ပြန်လာဦးမလဲ"

"ဘယ်တော့မှ ပြန်မလာဖြစ်တော့ဘူး ဦးလွင်ဦးရယ်။ ကျွန်မအတွက် အင်္ဂလန်နိုင်ငံသည်သာ အနွေးထွေးဆုံး ဘုံဗိမာန်ပါပဲ။ ကျွန်မ ကြည်ညိုကိုးကွယ်တဲ့ မြတ်ဘုရားရှေ့တော်ဂုံနဲ့ ဝေးနေရတာလေးတစ်ခုတော့ ရင်ထဲမှာ တော်တော်လေး ခံစားရတယ်။ ရပါတယ်လေ။ အင်တာနက်ကနေကြည့်ပြီး ပူဇော်လို့လည်း ရပါတယ်။ ဦးလွင်ဦးလည်း ကျန်းမာရေးကို ဂရုစိုက်နော်။ လက်ဖက်ရည်တွေ သိပ်မသောက်နဲ့။ လေချုပ်လို့ မဖြစ်ဘူး။ ဪ... ဒါနဲ့ ကျွန်မ ဦးလွင်ဦးရဲ့ဇနီးနဲ့ စကားခဏလောက် ပြောချင်ပါတယ်။ အဆင်ပြေပါသလားရှင်"

"ဪ... ပြေပါတယ်။ ပြေပါတယ်။ ခဏလေး ကိုင်ထားနော် အေး"

"ဟလို... မအေးလား၊ ညီမပါ။ ဝင်းဝင်းပါ။ ပြောပါ မမအေး"

"ညီမရယ်...၊ မမအေး မြန်မာပြည်ကို တော်တော်နဲ့ ပြန်လာဖြစ်တော့မှာ မဟုတ်လူး။ ကျန်းမာရေးကို ဂရုစိုက်ကြနော်။ မမအေးလည်း ဘာမှ ကူမလုပ်ပေးနိုင်တော့လို့ စိတ်မကောင်း တော်တော်လေး ဖြစ်ရတယ်။ အဆင်ကော ပြေကြရဲ့လား။ ဦးလွင်ဦးကိုလည်း ဂရုကောင်းကောင်းစိုက်ပါနော် ညီမလေး။ ညီမလေးတို့ လင်မယားလည်း ဒီဘဝမှာသာမက နောင်ဘဝဆက်တိုင်းလည်း ပြန်လည်ဆုံဆည်းပေါင်းသင်းနိုင်ကြပါစေလို့ မမအေး ဆုတောင်းပေးတယ်နော် ညီမလေး။ ဒါပဲနော် ညီမလေး..."

ဖုန်းခွက်ချပြီးသည်နှင့် ကျွန်မလည်း အားရပါးရ ငိုကြွေးခဲ့သည်။ သည်တစ်ကြိမ် ငိုကြွေးခြင်းသည် ကိုလွင့်အတွက် ကျွန်မ၏ နောက်ဆုံးလက်ကျန် သံယောဇဉ်လေးနှင့် စာရင်းအပြီးရှင်း ငိုကြွေးခြင်းဖြစ်သည်။ မျက်ရည်များသည်လည်း ကိုလွင့်အတွက် နောက်ဆုံးကျခဲ့ရသော နှုတ်ဆက် မျက်ရည်များပင် ဖြစ်သည်။ လောကကြီးသည် ကိုယ်ဖြစ်ချင်တာ မဖြစ်ရ။ ကိုယ်မဖြစ်ချင်တာတွေ ဖြစ်နေရသည်မို့ စိတ်ချမ်းသာစရာတစ်ကွက်မှ မရှိသည်မှာ အသေအချာ။

သည်လိုနှင့်ပင် သားကြီးဆီ စာရေးလိုက် သမီးငယ်နှင့် ဖုန်းပြောလိုက်ဖြင့် ဆယ်စုနှစ် နှစ်စုကျော်ကျော် ကုန်လွန်လာခဲ့ပြီဖြစ်သည်။ ကျွန်မသည်လည်း အသက် ၆၅ နှစ် ရှိသွားပြီဖြစ်သည်။

တစ်နေ့တွင် ကိုအေးချမ်းတစ်ယောက် ကျွန်မဆီသို့ မြန်မာပြည်မှ ဖုန်းဆက်လာသည်။ မြန်မာပြည်တွင် ကျွန်မအား လွမ်းဆွတ်သတိရနေကြသော ကျွန်မ၏ ချစ်ပရိသတ်များသည် ကျွန်မ၏ တစ်ကိုယ်တော် ဖျော်ဖြေပွဲလေး တစ်ပွဲလောက် ကြည့်ရှု နားဆင်ချင်နေကြသည်ဟု ဆိုသည်။ ကျွန်မလည်း ကိုယ့်အရိုးကိုယ့်သယ် နိုင်တုန်းလေး ချစ်ပရိသတ်ကြီးအတွက် ပေးဆပ် ဖျော်ဖြေချင်သည်။ ထို့ကြောင့် ကိုအေးချမ်း၏ ကမ်းလှမ်းမှုကို လက်ခံခဲ့သည်။ ဩော်··· ကျွန်မချစ်သော မြန်မာပြည်ကြီးကို အလည်တစ်ခေါက် ပြန်ရောက်ရဦးတော့မှာပေါ့လေ။ ရင်ခုန် စိတ်လှုပ်ရှားမိသည်။

သည်လိုနှင့်ပင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ကြီးသို့ ကျွန်မပြန်လည် ရောက်ရှိခဲ့ရပါတော့သည်။ ကျွန်မအား လာကြိုနေသော သားကြီးနှင့် သမီးငယ်တို့သည်လည်း သူတို့၏ မေမေဖြစ်သူ ကျွန်မအား ပြန်တွေ့ရတော့မည်ဆိုသော အသိနှင့် ကျွန်မအလာကို စောင့်နေလိုက်ကြသည်မှာ လည်ပင်းလေးတွေ တစ်ထောင်ထောင်နှင့်။ ကိုအေးချမ်းတို့အုပ်စုသည်လည်း လက်များ ဝေ့ရမ်းပြီးကြိုနေကြသည်။ ကျွန်မ ပြန်ရောက်လာမည်ဆိုသောသတင်း ကြား၍ ကျွန်မအား လာကြိုနေကြသော ကျွန်မ၏ချစ်ပရိသတ်ကြီးသည်လည်း တိုးတိုးဝှေ့ဝှေ့၊ စည်စည် ကားကား။ ကျွန်မလည်း လက်ဝှေ့ရမ်းပြရုံမှလွဲ၍ တစ်ဦးတစ်ယောက်ချင်းဆီသို့ လိုက်မနှုတ်ဆက်နိုင်သည့်အတွက် သည်ဝတ္ထုတိုလေးနှင့်ပင် တောင်းပန်လိုက်ရပါသည်။

သားကြီးကိုယ်တိုင် ကားမောင်းပြီး ကျွန်မအား လာကြိုသည်။ သားကြီး ကားမောင်းနေစဉ် သားကြီးဆီသို့ ဘယ်ဆီဘယ်ဝယ်ကမှန်း မသိသော ဖုန်းတစ်ခု ဝင်လာခဲ့သည်။

"ဟုတ်ကဲ့···၊ အမိန့်ရှိပါ ခင်ဗျာ"

"သားကြီးလား···၊ မေမေရောက်ပြီးလား"

"ဟုတ်ကဲ့··· ဖေဖေ"

"မေမေ့ကို ဖုန်းပေးလိုက်ပါကွယ်၊ ဖေဖေ မေမေနဲ့ စကားပြောချင်လို့"

"မေမေ···၊ ဖေဖေ့ဆီက ဖုန်းပါ။ ဖေဖေက မေမေနဲ့ စကားပြောချင်လို့တဲ့"

"မေမေ မပြောချင်တော့ပါဘူး သားကြီးရယ်···။ ပြောစရာ အကြောင်း

အရာလည်း ထွေထွေထူးထူးမှ မရှိတော့တာ။ မေမေလည်း ဖေဖေ့ကို ပေးဆပ်ရမယ့် သံသရာဝဋ်ကြွေးတွေကို တတ်နိုင်သလောက် အကြေဆပ်ပြီးပြီလေ။ သားကြီးတို့လည်း အသိပဲ။ မေမေ စိတ်သန့်ပါတယ် သားကြီးရယ်။ မေမေ ဖေဖေ့အပေါ်မှာ ဘာမှမမှားခဲ့ပါဘူး။ သားကြီးတို့ကတော့ ဖေဖေ့အပေါ်မှာ သားသမီး ဝတ္တရား ကျေပွန်ရမယ်နော်။ ဖေဖေက ငါတို့အပေါ်မှာ တာဝန်မကျေခဲ့ဘူးဆိုပြီး စိတ်နဲ့တောင် မပြစ်မှားရဘူးနော် သားကြီး…"

"ဟုတ်ကဲ့… မေမေ"

"ဟလို… ဖေဖေ…၊ မေမေ ခရီးပန်းလာလို့ မေမေ့ကို ခဏလောက် ပေးနားလိုက်ပါနော်။ သား နောက်မှ ပြန်ဆက်လိုက်မယ်နော် ဖေဖေ။ ဖုန်းချလိုက်ပါပြီနော် ဖေဖေ"

"အေး…ပါ…ကွာ"

ဦးလွင်ဦး၏အသံ တိမ်ဝင်သွားသည်ကို ကျွန်မ အတိုင်းသားကြီး ကြားနေရသည်။ စကားမပြောခြင်းသည် အားလုံးအတွက် အကောင်းဆုံးသော အဖြေဖြစ်သည်ဟု ကျွန်မနားလည်လိုက်မိသည်။

ဖျော်ဖြေပွဲကြီးပြီးသောအခါ မြန်မာပြည်အနှံ့သို့ ကျွန်မ ဘုရားဖူးခရီး ထွက်ခဲ့သည်။ ကိုယ့်မြေ ကိုယ့်ပြည် ပြန်ရောက်၍ ခံစားရသော ကြည်နူးမှုများသည် မည်သည့်အရာနှင့်မျှ မလဲနိုင် မထပ်နိုင်အောင်ပင် ဖြစ်ခဲ့ရသည်။

အလည်အပတ်ခရီးစဉ် အားလုံးပြီးဆုံးသောအခါ ကျွန်မတည်းခိုသော ဟိုတယ်တွင် မနက်စာစားရင်း ဂျာနယ်လေးတစ်စောင် ယူပြီး ဖတ်ကြည့်လိုက်မိသည်။ ဦးလွင်ဦး၏ လက်ရာ ဆောင်းပါးလေးတစ်ပုဒ်ကို တိုက်တိုက်ဆိုင်ဆိုင် ဆိုသလိုပင် တွေ့လိုက်ရသည်။

"…နှစ်တွေ ဒီလောက်အကြာကြီးလည်း မတွေ့ဘဲ နေခဲ့ရတယ်။ နောက်ဆုံး အနေနဲ့ ခဏလေးတောင် တွေ့ခွင့် မပေးနိုင်တော့ဘူးလား။ ဘဝရဲ့ နောက်ဆုံး နေညိုချိန်လေးမှာတော့ ခဏလေးဖြစ်ဖြစ် တွေ့ချင်ပါသေးတယ်။ အငြိုးအတေးတွေ ဒီလောက်ကြီး ဒီလောက်စွဲမြဲလိမ့်မယ်လို့ မထင်မိခဲ့ဘူး။ ရက်စက်လိုက်တာကွယ်" ဟု ရင်ဖွင့် သီကုံးရေးဖွဲ့ထားသည်။

ဦးလွင်ဦး မှားနေပြီ ဖြစ်သည်။ သည်စကားများသည် ကျွန်မပြောရမည့် စကားများဖြစ်သည်။ စာရေးဆရာပီပီ ရေးတတ်လွန်းလှသည်။ မည်သို့ပင် ဖြစ်ပါ

ခေ။ သည်ဘဝတော့ သည်မျှပါပဲ ဦးလွှင်ဦးရယ်…။

ကျွန်မလည်း ဂျာနယ်လေးကို ဘေးသို့ချပြီး ဟိုဟိုဒီဒီ ငေးကြည့်နေမိသည်။ ထိုစဉ် အမျိုးသားလေးတစ်ဦး ရွှေတိဂုံစေတီပုံတော် ကျောက်စီပန်းချီကားတစ်ချပ်ကို ကိုင်ပြီး ကျွန်မ၏ရှေ့တွင် လာရပ်နေသည်။ ကျွန်မကို ကြည့်ပြီး ပြုံးနေသည်။

"ဒေါ်ဒေါ်အေး…၊ ကျွန်တော့်ကို မှတ်မိသေးရဲ့လား"

ကျွန်မ မျက်မှန်တပ်ပြီး သေသေချာချာ ကြည့်လိုက်မိသည်။ ထိုကလေး၏ ကြည်လင်သော အပြုံးလေးကို ကျွန်မ ချက်ချင်းမှတ်မိလိုက်သည်။ မှတ်မိပေမပေါ့။ အနှစ်နှစ်ဆယ်ကျော်ဆိုသော ထိုအချိန်သည် အလွန်ကြာညောင်းသည်မှာ မှန်၏။ သို့သော် ထိုအနှစ် နှစ်ဆယ်သည် ခွေးပုမျိုး၏ နှားခေါင်းတိုကို နှာခေါင်းရှည်ရှည် ဖြစ်အောင်တော့ ဘယ်လိုမှ မပြောင်းလဲနိုင်ဘူးလေ။

"သားလေး…မင်း… မောင်အောင်ကိုလေ။ ဝမ်းသာလိုက်တာ သားကလေး ရယ်။ ဒေါ်ဒေါ် သားကို သတိအမြဲရပါတယ်ကွယ်၊ သားလေး ခု ဘာတွေလုပ်နေလဲ။ မေမေတို့ကော နေကောင်းကြရဲ့လား"

"ဟုတ်ကဲ့ ကောင်းပါတယ် ဒေါ်ဒေါ်။ ကျွန်တော်လည်း ဒေါ်ဒေါ့်ကို သတိ အမြဲရနေပါတယ်။ ဒေါ်ဒေါ် ဒီဟိုတယ်မှာ တည်းတယ်ကြားလို့ လာတွေ့တာပါ။ တွေ့မှတွေ့ပါတော့မလားဆိုပြီး စိတ်ပူခဲ့ရသေးတယ်"

ကျွန်မလည်း မောင်အောင်ကိုလေးအား အားပါးတရ ဖက်ထားလိုက်မိပါ သည်။ သည်ကလေးသည်လည်း ကျွန်မ ချစ်ခဲ့ရသော ကလေးတစ်ယောက်ပင် ဖြစ်သည်။ ကျွန်မလည်း မောင်အောင်ကိုနှင့် စကားကောင်းနေလိုက်သည်မှာ နေ့ခင်း တစ်နာရီပင် ထိုးသွားပြီ ဖြစ်သည်။

"ဒေါ်ဒေါ်…၊ ဒီ ကျောက်စီပန်းချီကားလေးက ဒေါ်ဒေါ် မြန်မာပြည်ကို လာမယ်လို့ သတင်းကြားကတည်းက ဒေါ်ဒေါ့်အတွက် ဝယ်ထားတာပါ ဒေါ်ဒေါ်။ လက်ခံပေးပါနော်"

ကျွန်မလက်ထဲသို့ ကျောက်စီပန်းချီကားလေးကို ထည့်ပေးရင်း မောင်အောင် ကိုတစ်ယောက် ကျွန်မအား ထိုင်ကန်တော့နေသည်။ ကျွန်မလည်း ဝမ်းနည်းမျက်ရည် ကျခဲ့ရသည်။

ထိုကလေး မပြန်သေးဘဲ ကျွန်မအား စိုက်ကြည့်နေသည်။ သူ့ကို ကြည့်ရ သည်မှာ ကျွန်မအား တစ်ခုခု ပြောချင်နေပုံရသည်။

"သားလေး…၊ ပြောစရာရှိရင် ပြောလေ"

"ဟုတ်ကဲ့ပါ ဒေါ်ဒေါ်။ ပြီးခဲ့တာတွေလည်း ပြီးခဲ့ပါပြီ။ ကျွန်တော် ပြောချင်တာကတော့ ဒေါ်ဒေါ်ရဲ့ "အကြေဆပ်" ခြင်းဟာ သတင်းထောက် မောင်ထူးမောင်ကို မေတ္တာနဲ့ အနိုင်ယူလိုက်ပါပြီ ဒေါ်ဒေါ်"

**မှတ်ချက်။ ။ သတင်းထောက်မောင်ထူးမောင် = ဦးလွင်ဦး**

❐

စာရေးသူ၏ မေတ္တာရပ်ခံချက်-

ဤဝတ္ထုပါ အကြောင်းအရာများသည် စာရေးသူ၏ ကိုယ်ပိုင်ဖန်တီး ရေးသားချက်များသာ ဖြစ်ပါသည်။ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရည်ရွယ်ရေးသားခြင်း မဟုတ်ပါ။ တိုက်ဆိုင်မှုများ ရှိခဲ့ပါက ခွင့်လွှတ်သည်းခံပေးပါရန် အနူးအညွတ် တောင်းပန်အပ်ပါသည်။

❐

# ဖြဟ္မစိုရ်လက်

မန္တယ် (ကလော)

'ကျွန်မ မလုပ်နိုင်ဘူး ကိုအာကာ'
'ဟုတ်ပြီလေ... မင်း နောင်တမရနဲ့'
တကယ်ပင် ကိုအာကာတစ်ယောက်
အဝတ်အိတ်လွယ်ပြီး အိမ်မှ ထွက်လေပြီ။

# ဖြဟ္မစိုရ်လက်

မနွယ် (ကလော)

ဘဝလှိုင်းလေတွေကြားမှာ ဒုက္ခဒိုက်သရောတွေကို ဖက်တွယ်မျောပါနေရသည့် အကြွေပန်းကလေးတစ်ပွင့်ကို ဆယ်ယူကယ်တင်နိုင်စွမ်းရှိဖို့က မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ လိမ်းကျံစွန်းထင်းနေသော ဖြဟ္မစိုရ် လက်ရှိနေရပြီး စေတနာ၊ စာနာ၊ အနစ်နာ ဟူသည့်လက်ကိုင်တုတ်ကို ကိုင်မြဲဆုပ်ရမည် ဖြစ်သည်။ မေဦးခင်ကတော့ ပွဲတွေ့ဟု ဆိုရပေမည်။

ကြာတော့လည်း ကြာခဲ့လေပြီ။ ၁၉၈၅-ခု ဝန်းကျင်ကာလဆီလောက်က အဖြစ်တစ်ခု အမှတ်တရ ရှိမိတော့သည်။

"အစ်မ…၊ အဝတ်လျှော်စရာရှိရင် ကျွန်မကို ခိုင်းပါ။ အိုးတိုက်၊ ပန်းကန်ဆေး၊ ခြံပေါက်၊ မြက်ရှင်း၊ ဘာပဲခိုင်းခိုင်းပါ အစ်မရယ်၊ နေ့စားခရရင် အားလုံး ကျွန်မ လုပ်နိုင်ပါတယ်"

အချိန်နှင့်တစ်ပြေးညီ မိုးပေါ်က ကျလာလေသလား မှတ်ယူပါသည့် ကယ်တင်ရှင်၏ အသံ။ ရုံးပိတ်ရက်ဖြစ်သော်လည်း မပြီးပြတ်သေးသည့် ရုံးအလုပ်က အိမ်သို့ပါလာခဲ့သည်။ အဆော့သန်လွန်းသည့် ကလေးတို့အဝတ်တွေ ညစ်ပေနေသမျှ တစ်ပတ်စာပုံနေတော့သည်။ အဝတ်ပုံကြီးကြည့်ပြီး စိတ်မောနေရချိန်နှင့် အခန့်သင့်။

ဝမ်းမြောက်ဝမ်းသာနှင့် အသံလာရာ ကြည့်လိုက်မိတော့ တံခါးဝမှာ ရပ်နေသည့် အသံရှင်ကို တွေ့လိုက်ရ၏။ မျက်ကွင်းညိုညို အသားအရည်ဖြူဖပ်ဖြူရော်နှင့် အရိုးပေါ်အရေတင်သည့် ခန္ဓာကိုယ်ပိုင်ရှင်။ သူမ၏ဝမ်းဗိုက်နေရာတည်းမှာသာ ထူးခြားစွာပြည့်ဖြိုး ဖောင်းတင်းနေ၏။

သည်မျက်နှာကို မြင်ဖူးသလိုလို ဇဝေဇဝါဖြစ်နေဆဲ။

"အစ်မ… ကျွန်မ မိုးအေးလေ၊ မနောသုခဉယျာဉ်ခြံက ဦးမှုံကြီးရဲ့သမီး မိုးအေးပါ"

"ဩော်… ဟုတ်ပြီ… မှတ်မိပြီ၊ မိုးအေး… နင့်ဟာယ်"

ကရုဏာစွက်သံမှာ အံ့ဩခြင်းတွေလည်း ရောထွေးနေ၏။

"တကယ်မယုံနိုင်စရာပဲကွယ်"

လိမ္မော်၊ မက်မန်း၊ မက်မွန်၊ ပိန္နဲသီး၊ သစ်တော်သီးတွေ၊ ပန်းရောင်စုံ ပဲမျိုးစုံ တွေစိုက်သည့် မနောသုခဉယျာဉ်ပိုင်ရှင်ကြီး ဦးမှုံကြီးသမီးတဲ့။ သူမ၏အဖေစိုက်သည့်သစ်သီးတွေက ချိုမြမွှေးနေသလောက်၊ ပန်းအလှပင်တွေက လှပဝေဆာမွှေးမြနေသလောက် အပင်ပေါ်က အကျနာ သစ်သီးတစ်လုံးလိုလို ကြွေလုလု ပန်းတစ်ပွင့် လေလား နွမ်းရော်နေသည့် မိုးအေးဆိုသောကလေးမမှာ ဉယျာဉ်မှူးကြီး၏ သမီးဖြစ်နေ၏။

မုဆိုးဖိုဘဝဖြင့် သမီးကလေးတစ်ယောက်ကို အဖေလိုတစ်မျိုး၊ အမိလို တစ်သွယ် ပြုစုစောင့်ရှောက်ရင်း ခြံလုပ်ငန်းထဲမှာပဲ နှစ်မြုပ်၍ အသက်မွေးနေသူ ။ တစ်ပင်လဲမှ တစ်ပွင့်ထူဟူသော စကားကို ဦးမှုံကြီး အရေးမစိုက်အားခဲ့။ မိုးအေးကို အမိမဲ့သား ရေနည်းငါးကလေးမို့ သနားကရုဏာ ချစ်မေတ္တာမှန်သမျှ စုပုံ၍ ပေးထားခဲ့၏။ မိုးအေးကို ဘွဲ့ရပညာတတ်ဘဝဖြင့် မြင်ချင်၊ အဆင့်အတန်းမြင့်မြင့် ဘဝဖြင့် အေးချမ်းစေချင်သည့် ဦးမှုံကြီးမှာ မိုးအေးနှင့်ပတ်သက်လျှင် လိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့ လက်မနှေးခဲ့။

ဖခင်မေတ္တာကြီးလှစွာဖြင့် ဖြည့်ဆည်းစွမ်းဆောင်ပေးသလောက်လည်း မိုးအေး က ရသမျှအခွင့်အရေး အကုန်ယူသည်။ အလှအပခုံမင်သည်။ ဝတ်ကောင်းစားလှ မက်မောသည်။ ငွေအသုံးကြမ်းသည်။ လက်ဖွာသည်။

ဆယ်တန်းဖြေခါနီးမှာ မိုးအေးနှင့်ပတ်သက်သည့် သတင်းတစ်ခုက ရပ်ကွက် ထဲမှာ ပြောမဆုံးပေါင် တောသုံးထောင်အဖြစ် ရေပန်းစားနေတော့သည်။

"မိုးအေးဆိုတဲ့ ကောင်မလေး စာမေးပွဲတောင်မဖြေတော့ဘဲ လင်နောက်ကို လိုက်ပြေးသွားသတဲ့"

"မိုက်လိုက်ပုံများ ပြောချင်ဘူး။ ကမ်းကုန်ရောဟာယ်။ သူ့အဖေဆင်ထားသမျှ ရွှေတွေအပြင် သူ့အဖေသိမ်းခိုင်းထားတဲ့ ဓာတ်မြေဩဇာဖိုးတွေပါ အကုန်ယူသွား သတဲ့"

"သူ့ကိုခေါ်သွားတဲ့ လူကလည်း ကြည့်ဦး၊ ဘယ်သူဘယ်ဝါ ဘယ်က ဆိုတာ တိတိကျကျမသိ။ ကုန်သည်ယောင်ယောင်၊ ပွဲစားယောင်ယောင်ပါအေ။ ဂူတ္တိယ သိုက်သမားနေမှာပေါ့"

"ဟုတ်ပါရဲ့…၊ သူ့အဖေ ဦးမှုံကြီးဆို ခဲလေသမျှ သဲရေကျဖြစ်ရပြီး သမီး မိုက်ကို သေခန်းပြတ်တဲ့။ အချစ်ကြီးတော့ အမျက်ကြီးဆိုတာပေါ့တဲ့။"

"အင်း… မိုးအေးတော့ ပုံလေတဲ့ငှက်ခါး နားကာမှသိ ဆိုတာလို အတောင် ကျိုးလေမှ အခက်တဲ့။"

ပြောလည်း ပြောလောက်စရာပင်။ ခုတော့ အတောင်ကျိုးငှက်ငယ်အသွယ်နှင့် မိုးအေးတစ်ယောက် မေဦးခင်ရှေ့မှာ ရောက်နေရပြီမဟုတ်ပါလား။

* * *

မိုးအေးက ဖခင်ထံမှ မတရားသဖြင့် ယူဆောင်လာခဲ့သော လက်ဝတ်ရတနာ ရွှေနှင့် ငွေတို့ကို ခင်ပွန်းသည်ဟု သတ်မှတ်၍ တစ်မျက်နှာ တစ်ရွာထင်ပြီးလိုက်လာ မိခဲ့သော ကိုလူမောင်ထံ ဝကွက် အပ်ထားလိုက်တော့၏။ ထိုငွေတို့နှင့် ပျားရည်ဆမ်း ခရီးများအဖြစ် မြန်မာပြည်အနှံ့ ခြေရာဆန့်ခဲ့ကြ၏။ ထိုကာလများက မိုးအေးအတွက် အိပ်မက်ချိုချိုများအဖြစ် တိုတောင်းလွန်းလှသော ကာလများဖြစ်ခဲ့၏။

ငွေကုန်သလောက်ရှိတော့ အိပ်မက်ချိုတွေ ရုတ်ခြည်းခါးသီးသွားရလေကုန်ပြီ။ နောက်ဆုံးရောက်သည့်ဒေသက ကိုလူမောင်၏ဇာတိမြို့။ ကိုလူမောင်၏ မင်းသား မျက်နှာဖုံးကွာကျလေပြီ။ ဇာတိမှန် သရုပ်မှန်က ဘီလူးဒဿသဏ္ဍာန် အစွယ်ငေါ ငေါ…။

"ဒီမှာ မိုးအေး…၊ ခုန အိမ်ထဲကိုဝင်သွားတဲ့သူက ငါ့ဇနီး ဒေါ်မြမြကြီးတဲ့။ မင်းက ငါခေါ်လာတဲ့ အိမ်ဖော်မအဖြစ် ခဏာတစ်ဖြုတ် ဟန်ဆောင်ပေးပါ"တဲ့။

မိုးအေးရင်ထဲမှာ ဒိုင်းခနဲ မြည်ဟည်းသွားရလေပြီ။ ကျောချမှ ဓားပြမှန်းသိ၊ အထိလည်းနာ အရာရာနောက်ကျရသည့် အခြေအနေ။

အဖေ့ပစ္စည်းတွေ သည်လူ့အတွက် ခိုးယူခဲ့မိသည်။ ကိုယ့်ချွေးနဲ့စာမဟုတ်။ ကျေးဇူးရှင် အနန္တဂုဏ်အင် ဖခင်ကို ဒုက္ခပေးခဲ့မိသည်။ ကာယကံအမှု အကုသိုလ် ပြုခဲ့ရ၏။ ခုတစ်ခါ ဝစီကံကို ကျူးလွန်ခိုင်းပြန်လေပြီ။ အဖေ့ထံပြန်လှည့်ဖို့ အချိန် နှောင်းသွားပြီမို့ အိမ်ဖော်အစစ်ပဲ ဆက်လုပ်ရင်း ကာမေသုမိစ္ဆာစာရကံကိုတော့ ဆက်ထိန်းသွားရပေတော့မည်။ အစကတော့ ထိုအတိုင်း အဆင်ပြေခဲ့၏။

သို့သော် အိပ်မက်ချိုများ၏ ရလဒ်ဆိုးက မနေ့။ မိုးအေးမှာ ကိုလှမောင်၏ သန္ဓေသားကို လွယ်ထားရလေပြီ။ ကိုလှမောင်ကို အသိပေးလိုက်မိတော့ မြို့အနောက်ဘက်က အရပ်လက်သည်မကြီး ဒေါ်အေးနီထံ မိုးအေးကို ငွေပေးပြီးစေလွှတ်သည်။ ပါဏာတိပါတကံပါ ဆက်၍ကျူးလွန်ဖို့ ဖန်တီးပြန်သည်။ သည်သူကို အထင်တကြီးနှင့် ချစ်မိလေမှ အကျိုးရလဒ်နတ္ထိ အဆိုးရလဒ်တွေက အပြည့်။ သူတစ်ပါးအကျိုးအတွက် ကိုယ်သွားရမည့်လမ်းက ကျောချမ်းစရာ။

မိုးအေး အတွေးတွေ ရှင်းပြီ။ ဖြစ်လိုရာဖြစ်စေတော့။ မွေးရပ်မြေကိုပဲ ဗိုက်တစ်လုံးကို သယ်ဆောင်၍ ရှေ့မျက်နှာနောက်ထားပြီး ပြန်ခဲ့ရတော့သည်။

"အစ်မရယ် အိမ်ပြန်ရောက်တာနဲ့ ခြံဝမှာတင် အဖေနဲ့ တန်းတိုးတော့တာပဲ။ ကျွန်မကိုမြင်တော့ အဖေဟာ…

"ဟင်… အမိုက်မ"လို့ တစ်ခွန်းခေါ်ပြီး လက်ထဲက ရေထမ်းတဲ့တံပိုးနဲ့ လွဲလွဲပြီးရိုက်တော့တာပဲ အစ်မ၊ ဘေးဘီက လမ်းသွားလမ်းလာတွေ အဆွဲမြန်ပေလို့။ နို့မို့ဆို ဗိုက်ထဲက ကလေးရော ကျွန်မပါ အသက်ပျောက်မှာ သေချာတယ်။ ဒါနဲ့ပဲ အဖေ့ကို စာနာစိတ်၊ သနားစိတ်နဲ့ ကျွန်မ ရှောင်ထွက်ခဲ့ရတယ်။ အဖေက ကျွန်မကို ရိုက်တဲ့အခါ ကျွန်မ အသားတစ်ချက်ထိတိုင်း အဖေ့အသည်းတွေ ဆယ်ခါလောက် နာကျင်သွားရမယ်ဆိုတာ မြင်တာနဲ့ ကျွန်မသိလိုက်ပါတယ်။ ဘယ်သူမပြု မိမိမှုမို့ ကျွန်မ ခံနိုင်ရမှာပါ။

"ညဆို အဖေ အိမ်ပြန်နေကျမို့ အဖေ့ခြံထဲကတဲမှာ သွားခိုးအိပ်ခဲ့ရတယ်။ အဖေမလာခင် ဝေလီဝေလင်း ခြံကထွက်ပြီး ရရာကျပန်းအလုပ်တွေ ရှာလုပ်ပြီး ဝမ်းလည်းဖြည့်၊ ကလေးမွေးစရိတ်တွေ အတွက်လည်း စုရပေါ့ အစ်မရယ်"

သို့နှင့် မိုးအေးမှာ တစ်ပတ်နှစ်ခါ ပုံမှန်အဝတ်လာလျှော်နေကျ ရက်မပျက်ခဲ့။ ခုတလော မိုးအေး ပျောက်နေတာကြာပြီ။ ရုံးမှာလည်း နှစ်ချုပ်စာရင်းတွေ လုပ်နေရ၍ အချိန်ပိုဆင်းနေရချိန် အဝတ်တွေမလျှော်နိုင်၍ ပုံနေလေပြီ။

* * *

ဆောင်းလရာသီ ဒီဇင်ဘာနှင်းတွေက ထူထပ်စွာကျနေချိန်။ ဆောင်းလေတွေက တဟူးဟူးနှင့်မို့ အသည်းခိုက်မျှ အေးလွန်းလှ၏။

ရုံးမှ စာရင်းစစ်နှင့် စာရေးကြီးများဖြစ်ကြသော မောင်မြလွင်နှင့် မခင်မြိုင်တို့ အတူ အိမ်ပြန်လမ်းကြုံနေ၏။ ည ဆယ်နာရီမှ အိမ်ပြန်ခဲ့ကြသည်။

လမ်းဘေးတစ်လျှောက် သစ်ပင်တွေက အုံ့အုံ့ဆိုင်းဆိုင်း ရှိနေသည်ဖို့ အလင်းဓာတ်က ပါးလျားနေခဲ့သည်။ ဆီးနှင်းမှုန်တွေ အုံ့ဆိုင်းဝေနေလေတော့ ဆိုဖွယ်ရာမရှိတော့ပြီ။ လမ်းလေးဆုံမှာ ရပ်ကွက်မှော်ရုံ အိုအိုဟောင်းဟောင်းကလေး က အားမာန်နှင့် ကျားကန်ရပ်နေရသူလို ယိုင်တိယိုင်တိုင်။ မော်ရုံက လေ့ကား ငါးထစ်သာရှိ၏။ မော်ရုံအနီးရောက်သည်နှင့် သုံးဦးသာ ပြိုင်တူလိုပင် ခြေလှမ်းတွေ တုံ့ဆိုင်းသွားကြ၏။

"အူဝဲ··· အူဝဲ··· အူဝဲ"

"ဟော···"

မောင်မြင့်လွင်၏ အာမေဍိတ်သံ။

"မမဦး··· ကလေးတစ္ဆေ"

မခင်မြင့်က မေဦးခင်အနားသို့ ပို၍တိုးကာ ကိုယ်ချင်းပူးကပ်လာ၏။ မေဦး ခင် တစ်စုံတစ်ခုကို ဖျတ်ခနဲ သတိရလိုက်မိသည်။

"မောင်မြင့်လွင်···၊ မင်း လက်နှိပ်ဓာတ်မီးနဲ့ မော်ရုံအောက်ကို အနှံ့ထိုးကြည့် စမ်း"

ဓာတ်မီးအလင်းရောင်၏ စူးစူးရှရှဒဏ်ကို လက်တစ်ဖက်နှင့်ကာ၍ ကျန် လက်တစ်ဖက်က အနီးထုပ်နှင့်ကလေးငယ်ကို ပွေ့ပိုက်ထားသည့် မိန်းမသားတစ်ဦး။ မော်ရုံအောက်မြေတလင်းမှာ ဂုန်နီအိတ်ခင်းပြီး တိုင်ကိုကျောမှီ၍ ထိုင်လျက်သား တွေ့ရသည်။

"ဖြစ်ရလေ··· မိုးအေးရယ်"

"အစ်မကြီး···၊ ကျွန်မလေ မွေးပြီးတာ ငါးရက်ရှိပြီ။ ဆေးရုံက ဒီနေ့ပဲ ဆင်းခွင့်ရတယ်။ အဖေ့ခြံထဲသွားအိပ်လို့ မဖြစ်တော့ဘူးလေ။ အဖေက ပန်းမုန်လာ ခုတ်ချိန်ဆို ခြံထဲက သူ့တဲမှာပဲ စောင့်အိပ်နေကျမို့ ကြံရာမရတာနဲ့···"

မိုးအေးဆိုတဲ့ အမိုက်မ၊ ပြေးစရာလည်း မြေမရှိ၊ ပေးစရာလည်း ငွေမရှိ။ မွေးပြီးစကလေး နီတာရဲလေးနှင့် သွေးနုသားနု မီးနေသည်။

ဆီးနှင်းတွေက တဖြိုက်ဖြိုက် အရိုးခိုက်အောင် အေးစိမ့်စိမ့်။ ဆောင်းလေ တွေက တိုက်နေသည့်အချိန်၊ အကာအကွယ်မဲ့ ခြုံစရာ လွှမ်းစရာမရှိ၊ မော်ရုံအောက် မြေတလင်းပေါ်မှာ။

သည်ကံဆိုးမ သားအမိ၏ကြမ္မာကို မေဦးခင် မတွေးဝံ့ပါ။ လူသားအချင်းချင်း

မိန်းမသားအချင်းချင်းအပေါ် စာနာစိတ်၊ မိခင်စိတ်နှင့် မေဦးခင်၏တစ်ကိုယ်လုံးရှိ သွေးကြောတွေကို ဖိန်းဖိန်းထစေပါသည်။

"ကဲ… မိုးအေး…၊ ထ… ငါ့အိမ်လိုက်ခဲ့"

ထိုညက မိုးအေးတို့သားအမိ မေဦးခင်၏ ကရုဏာအရိပ်မှာ နွေးထွေးစွာ ပူပန်ခဲ့၊ ခိုလှုံခွင့်ရခဲ့၏။

မေဦးခင်၏ မီးဖိုဆောင်နံဘေးရှိ စတိုခန်းငယ်မှာ နန္ဒင်းနံ့က လှိုင်လှိုင်၊ အုဝဲသံက မြိုင်နေလေ၏။

နောက်တစ်နေ့နံနက် အရပ်ထဲမှာ မြို့ထဲမှာ မေဦးခင်ကို ချီးကျူးသံ၊ ကဲ့ရဲ့ လှောင်ပြောင်သံတွေ ဝေဝေစည်စည်ပင်။

"သွေးမတော် သားမစပ် မေဦးခင်တို့ကတော့ကွယ်" တဲ့။ ဒေါ်ဝမ်းမေ၏ ချီးကျူးသည်လား၊ ကဲ့ရဲ့သံလား မသေချာ။

စွပ်ပြုတ်အတွက် နွားမြီးနှင့် ငါးဖယ်ကြော်ရန် ဝယ်ခဲ့သည့် ဆွဲခြင်းထဲမှ ငါးတွဲကို မျက်စိကစားရင်း မသိန်းရင်၏သရော်သံ…။

"မေဦးခင်က တကယ် ရယ်ရတယ်ဟေ့"

ပတ်ဝန်းကျင်ကိုတော့ မေဦးခင်သည် စကားလေးနှင့်သာ တုံ့ပြန်ရပါသည်။

"လူတွေငိုတာ မလိုလားပါဘူး၊ လူတွေရယ်နေတာသာ ကျွန်မ မြင်ချင်ပါတယ်။ ဒါ ကျွန်မရဲ့စေတနာလေ"

မေဦးခင်၏ အိမ်ဦးနတ်သခင် ခင်ပွန်းလင် ကိုအာကာ ဘိလိယက်ထိုးနေစဉ်လည်း ဂယက်ထနေပြန်သည်။

"ကိုအာကာတို့များ ခြေပုန်းခုတ် ကောင်းထားသမျှ ခုမှ ဘူးပေါ်သလိုပေါ်တော့တယ်။ မဟေသီက မိခင်ရော ကလေးပါ အိမ်ပေါ်ခေါ်တင် ပြုစုစောင့်ရှောက်ထားတယ် မှတ်တယ်"

"ဝါး… ဟား ဟား ဟား ဟား"

ပတ်ဝန်းကျင်တို့၏ အမနာပ သော့သွမ်းသောစကား ပရမ်းပတာများတို့ မေဦးခင်တို့အိမ်မှာ မုန်တိုင်းငယ်လို မွှေလေပြီ။

"ဒီမှာဟေ့… မိန်းမ၊ မင်းက သူတော်ကောင်းမကြီးလုပ်ပြီး ငါတကောကောနေတယ်ပေါ့… ဟုတ်စ။ ငါ့မှာတော့ လူတွေ လှောင်ပြောင်တာခံရလို့ ဂုဏ်သိက္ခာတွေ ဘယ်လောက်ကျဆင်းနေပြီလဲ၊ မင်းသိရဲ့လားကွ"

''ပတ်ဝန်းကျင်ဆိုတာတော့ ဒီလိုပါပဲ ကိုအာကာရယ်၊ ကိုယ့်လုပ်ရပ်နဲ့ မှန်မြတ်မှုဟာ အဓိကပါ။ ပတ္တမြားမှန်ရင် နွံမနစ်တမ်းလေ''

''မရဘူး မေဦး၊ ဒီသားအမိကို ဒီနေ့ပဲနှင်ပစ်လိုက်၊ ဒီလိုသာ လေလွင့်သမျှ ကောက်သိမ်းနေရရင် ခက်ရချည်ရဲ့၊ မင်း ဒီလောက်ပေါတဲ့မိန်းမ၊ အရှုးမ''

''ကျွန်မ မလုပ်နိုင်ဘူး ကိုအာကာ''

''ဟုတ်ပြီလေ… မင်း နောင်တမရနဲ့''

တကယ်ပင် ကိုအာကာတစ်ယောက် အဝတ်အိတ်လွယ်ပြီး အိမ်မှထွက်လေပြီ။

မေဦးခင် နောင်တမရပါ။ အပြုံးလည်း မပျက်ခဲ့။ အားကိုးတွယ်မဲ့ လှုပ်လှဲ့လှုပ်လီ ရှိနေသော လူသားနှစ်ဦးတို့ကို ကာကွယ်စောင့်ရှောက်သည့် လူမှုရေးစိတ်ဓာတ်၊ မိခင်စိတ်ဓာတ် ရှိခဲ့သည်ကို အပြစ်မြင်တတ်သူတွေအပေါ် ဥပေက္ခာစိတ်ထားနှင့် မျက်နှာလွှဲပြီး လုပ်သင့်လုပ်ထိုက်တာ လုပ်နေရခြင်းကိုပင် ကျေနပ်နေမိ၏။

မိုးအေးနှင့် ကလေးတို့ ကျန်းမာရေး စိတ်ချရလောက်ပြီဖြစ်သော ရက်သတ္တငါးပတ်မြောက်တွင် မေဦးခင်၏သူငယ်ချင်း၊ ကျန်းမာရေးဝန်ထမ်း အပျိုကြီး အေးအေးမွန် ပြောင်းရွှေ့ရာနောက်သို့ အဖော်လည်းဖြစ်၊ အိမ်မှုကိစ္စလည်းကူညီရန် ထည့်ပေးလိုက်ရသည်။

နောင်အခါတွင် ထိုသူငယ်ချင်းမ၏ စာအရ ဆေးရုံတွင် သန့်ရှင်းရေးဝန်ထမ်းအလုပ်ကို သွင်းပေးထားသည်ဟု သိလိုက်ရ၏။ မိန်းမသားတစ်ဦး၏ ဘဝရပ်တည်မှုလည်းဖြစ်၊ ကုသိုလ်လည်းရ၊ ဝမ်းလည်းဝဖြစ်၍ မေဦးခင် မုဒိတာရင်ဝယ် စမ်းချောင်းရေယဉ်က တသွင်သွင် တငြိမ့်ငြိမ့် တသိမ့်သိမ့် စီးဆင်းခဲ့လေပြီ။

အေးအေးမွန်နောက် လိုက်ဖို့ ကားပေါ်မတက်မီ မေဦးခင်၏ ခြေဖမိုးအစုံမှာ မိုးအေး၏မျက်ရည်စတို့ဖြင့် ရွှဲနစ်နေပါသည်။

ခြေထောက်အစုံကို နဖူးနှင့်ထိမှ လက်အုပ်ချီပြီးကန်တော့ရင်း မိုးအေးက တဖွဖွရွတ်နေ၏။

''သည်လောကကြီးမှာ မိုးအေးလို မိုက်မဲမှားယွင်းမှုကြောင့် ကြမ္မာဆိုး အဖြစ်ဆိုးနဲ့ ရေတိမ်နစ်ရသူ မိန်းမသားမျိုး မိုးအေးတစ်ယောက်သာ ရှိပါစေလို့ ဆုတောင်းပါတယ်။ မမဦးလို စာနာစိတ်၊ မိခင်စိတ်တွေနဲ့ မွန်မြတ်မှုတွေ လုပ်ဆောင်

မှု၊ စွမ်းဆောင်မှုတွေ ပေးနိုင်သူတွေ အများအပြား ပေါ်ပေါက်ပါစေလို့ ဆန္ဒပြုပါတယ်"

မိုးအေးစီးနင်း လိုက်ပါသွားသောကားက တဖြည်းဖြည်းမြင်ကွင်းက ဝေဝါးသွားသည်။ မေဦးခင်၏ ဖြဟ္မစိုရ်နှလုံးသားက ကောင်းသောအကြောင်းတရားတစ်ခုကို အကျိုးတရားတစ်ခု ဖြစ်တည်နိုင်စွမ်းရှိလိုက်ရသည့်အတွက် ကျေနပ်ခြင်းပီတိပဿတိတွေနှင့် အေးမြချမ်းမြေ့လျက် ကျန်ရစ်၏။

မနွယ် (ကလော)

❑

ယတြာ

မန္တယ် (ကဝေ)

မအေးငြိမ်းမှာ ရင်ပူချေပြီ။
မအေးနိုင် မငြိမ်းနိုင်ရှာတော့။
ဘုရား... ဘုရား ကယ်ပါ။
ငါ... ငါ သိပ်မိုက်ပါလား၊ အတွေး တိမ်လှချည်လား။
ခုတော့ အတာ အတာ စာမေးပွဲအောင်မှ အောင်ပါ့မလား။

# ယတြာ

မန္တယ် (ကလော)

စာမေးပွဲ အောင်စာရင်းကပ်သည့် နေရာသို့ မအေးငြိမ်း မယောင်မလည်နှင့် ရောက်လာ၏။

"ငါအောင်တယ်ဟေ့"

"ငါ့နာမည်လည်း ပါတယ်ဆရာ"

"ငါ့နာမည် မတွေ့ဘူး၊ ဒုက္ခပါပဲ"

"ဘီလစ်ပဲ ပါတယ်ကွာ"

ဆူညံလှုပ်ရှားနေသော အသံစုံတို့နှင့်အတူ တချို့ကတော့ရယ်၊ တချို့ကငို၊ တချို့ပြုံး၊ တချို့မဲ့နှင့် မျက်နှာမျိုးစုံ။

မအေးငြိမ်းရင်မှာလည်း တဒိန်းဒိန်းနှင့် မြည်နေချေပြီး။

"သမီးလေးအတာ အောင်ပါစေတော်···"

ဆုသာ ကြိတ်၍ တောင်းနေရသည်။ အောင်စာရင်းကို မကြည့်ရဲသေး၊ လူအုပ်ကြီးထဲသို့ တိုးဝင်ရန်လည်း မဝံ့ချေ။

"အမေရယ် အောင်စာရင်းထွက်နေပြီ။ သမီးသွားမကြည့်ရဲဘူး မေမေ၊ ရင်တွေ ဒူးတွေပါ တုန်နေတာ။ အမေပဲ သွားကြည့်ပေးပါနော်"

မျက်ရည်ကလေး အဝိုင်းသားနှင့် ရင်ဘက်ကို လက်နှင့် ဖိလျက် သမီးကလေး အတာမှ စိတ်လှုပ်ရှားနေသည်ကို သနားစဖွယ် တွေ့ရသည်။

"စိတ်အေးအေးထားစမ်း သမီး···၊ သမီးဖြေနိုင်တယ်ဆို၊ အောင်ရမှာပေါ့ သမီးရယ်။ အမေသွားကြည့်ပေးမယ်" ဟူ၍ နှစ်သိပ်အားပေးခဲ့ရသော်လည်း သည်

နေရာကိုရောက်တော့ သူ့ကိုယ်တိုင် ရင်ထဲမှာ ဘောင်ဘင်ခတ်နေတော့သည်။ ထိုအထဲ… ကတော်ကြီး ဒေါ်စောမြခင်နှင့် သူ့သမီး နေခြည်အောင်ဖြိုးတို့ သားအမိက ကားထိုးရပ်ပြီး အမြင့်သား ဆင်းလာတာ တွေ့ရတော့ ပိုပြီး သိမ်ငယ်သွားမိသလိုပင်”

“သူတို့ကတော့ ပိုင်ပြီးသားပဲ…၊ အောင်ဖို့က ရာနှုန်းပြည့်။ ဒီတွေ ဘယ်နှလုံးလောက် ပါမလဲပဲ- တတ်နိုင်သူတွေ အစွမ်းကုန်လုပ်ထားတာပဲလေ၊ ဝိုင်းကျူရှင်ကို ဓာတ်ဆင်တာတို့ ယတြာတို့ စုံနေတာပဲ။ အင်း ယတြာဆိုလို့ ခုမှ သတိရတယ်။ ယတြာ ယတြာ၊ ဘုရား ဘုရား၊ ဒီယတြာကြောင့် ငါ့သမီးတော့ အောင်မှ အောင်ပါ့မလားပဲ ငါသိပ်မှားသွားပြီ…မှားပြီ။

* * *

“မအေးငြိမ်၊ ယောက်ျားဆုံးပြီးကတည်းက သည်လို အဝတ်လျှော်စားရတာပေါ့နော်…”

“ဟုတ်ပါတယ် ဆရာကြီးကတော်ရယ်၊ သူမဆုံးခင်ကတော့ သူရှာကျွေးတာကိုစားပြီး အေးအေးငြိမ်းငြိမ်းပဲ နေခဲ့ရတာပေါ့။ ခုတော့လည်း တစ်အိမ်တက်ဆင်း အဝတ်လျှော်မှ ဒီမုဆိုးမ သားအမိနှစ်ယောက် ထမင်းအနိုင်နိုင် စားနေရတယ်လေ…”

“မအေးငြိမ် သမီးက ဘယ်အရွယ်ရှိပြီလဲ၊ လုပ်နိုင်ကိုင်နိုင်တဲ့ အရွယ်ဆိုရင် သူ့ကိုပဲ ခိုင်းပေါ့၊ ကိုယ်က အသက်ကြီးပြီပဲလေ…”

ကတော်ကြီး ဒေါ်စောမြခင်က ကရုဏာစကားဖြင့် ဆိုရှာသည်။ အရာရှိကြီးကို မအေးငြိမ်က ဆရာကြီးဟုပင်ခေါ်ပြီး ဒေါ်စောမြခင်ကိုလည်း ဆရာကြီးကတော်ဟုပင် တလေးတစား ခေါ်ဝေါ်ဆက်ဆံရသည်။ သည်အိမ်မှာ မအေးငြိမ်၊ မကြာခဏ အဝတ်လာလျှော်ရသည်။

“သမီးက ကျောင်းနေတုန်း ဆရာကြီးကတော်ရဲ့။ သူက ဆယ်တန်းလေ။ မနက်ဖြန်ဆို စာမေးပွဲ ဖြေရတော့မှာ။ သူ့ကို ကျွန်မလို ပင်ပင်ပန်းပန်း အလုပ်တွေ လုပ်စားနေရမှာစိုးလို့ ဒီပညာအမွေလေးကိုပဲ ခြစ်ခြစ်ကုတ်ကုတ် သင်ပေးနေရတာ။ သမီးကလည်း လိမ္မာတယ်၊ စာကြိုးစားတယ်။ သူ ဆယ်တန်းအောင်ရင် အလုပ်တစ်ခုခုဝင်လုပ်ပြီး တက္ကသိုလ်စာပေးစာယူ ဆက်ဖြေမှာတဲ့ရှင်၊ အလုပ်ကလေး ဘာလေး လစ်လပ်တဲ့နေရာကို ဆရာကြီးကတော်ကို အားကိုးပါရစေ…”

သည် စကားတွေကို ပြောနေရလျှင် မအေးငြိမ်၏ အသံတို့မှာ လှိုက်လှိုက်လှဲလှဲနှင့် အားတက်သရော ရှိလှသည်။

ဩော် ဩော်… ဆယ်တန်းပဲ အောင်ပါစေဦး မအေးငြိမ်ရယ်။ အလုပ်ကထားပါဦး။ ဆယ်တန်းဖြေတာ လွယ်တာမှတ်လို့၊ ကျွန်မသမီး နေခြည်အောင်ဖြိုးလည်း ဆယ်တန်းဖြေမှာပဲ၊ သူ့အတွက် သူတစ်ယောက်တည်း ကြိုးစားနေလို့ မဖြစ်ဘူး။ ကျွန်မတို့ကလည်း အဘက်ဘက်က ဝိုင်းပံ့ပိုးနေရတယ်။ သူ့ကို စပယ်ရှယ်တစ်ဝိုင်းမှာ နှစ်ယောက်တည်းသင်တဲ့ ဝိုင်းကျူရှင်ပေးထားရတာ။ တစ်လကို ခြောက်ရာလောက်ပေးရတယ်။ အခုလို စာမေးပွဲနီးပြီဆိုကတည်းက အားရှိအောင်၊ အပင်ပန်းခံနိုင်ဖို့ နွားနို့စစ်စစ်ကို မနက်တစ်ကြိမ်တိုက်၊ ကြက်ဥတို့ ကြက်သားတို့ကိုကျွေး။ အားဆေးကျွေး။ အရိပ်တကြည့်ကြည့်နဲ့ နေရတာပဲ၊ ဒေါက်တာခင်မိုးဖြူကို တစ်နှစ်တစ်လုံး သွင်းပေးထားရတော့ ပင်ပန်းနေပြီလေ-

စကားတွေကို ကြားရတော့ အဝတ်ကို အားရှိပါးရှိ ရိုက်ဖွပ်လျှော်နေသော မအေးငြိမ်း၏ လက်တို့မှာ ပျော့ခွေကျသွားတော့သည်။

အတာမှာ အဝတ်လျှော်သူ၏ သမီးပေမဲ့ အဘယ်သို့များ နို့၊ ကြက်ဥတွေ အလွှဲပယ် ဝယ်ဖို့မဆိုထားနှင့် တစ်နေ့ရှာရ ဘဝတွင် ထမင်းနပ်မှန်စားရန် အနိုင်နိုင်။ ညဦးနက်သန်းခေါင် ရေနံဆီမီးခွက်ကလေး မှိတ်တုတ်တုတ်ကို အားပြုပြီး စာကျက်။ နံနက်မှာ အိမ်ဗာဟီရလေး ကသုတ်ကယက် စာပြန်ကျက်ပြီး ထမင်းကို အကင်ဖြစ်စေ ပဲပုပ်ထောင်း တစ်မျိုးမျိုးနှင့် ဗိုက်ပြည့်ကာ ပြေးရပြန်သည်။ စာမေးပွဲပြီး အမေကိုတစ်လှည့် လုပ်ကျွေး။ အလုပ်ဝင်လုပ်ပြီး ဘွဲ့ရရန် စာပေးစာယူ ဆက်ဖြေမည်။ ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်နိုင်ရန် စာကိုသာ ဖိကြိုးစား။ ပင်ပန်းတာတွေ အားကုန်ဘာမှနားမလည်။ ရုန်းကန်နေသော လူတန်းစားတွေအဖို့ ရုန်းကန်ရလျှင် ဘဝကို အားပြန်ဖြည့်ရသည်ပင်။

မနက်မှာ အိမ်ကထွက်လာစဉ် သောကဆူးငြောင့်တစ်ခုက မအေးငြိမ်းရင်မှာ ဆူးနစ်လည်း-

"ဖိနပ် ပြတ်လုပြီအမေ၊ သည်းကြိုးတည်းတည်းလေးပဲ ကျန်တော့တယ်။ ဒီတစ်ခါတော့ အပေါ်ဆုံး ဖိနပ် ဝယ်ပေးပါ အမေရယ်၊ မနက်ဖြန် စာမေးပွဲသွားဖြေရမို့ပါနော်…အမေနော်"

ဒင်း သမီးလေးအတာ တင်ပြသည့် ဖိနပ်ပြဿနာကို ဘယ်လိုများ ဖြေရှင်းနိုင်ပါမည်နည်း။ သမီး၏ဖိနပ်မှာ သက်တမ်းကာလ တစ်နှစ်ပင်ကျော်ချေပြီ။

ကျောင်းသွားကျောင်းပြန် မိုးထဲလေထဲမှာ ဒူပေတာပေခံ စီးရလွန်း၍ ခေါင်ချုပ်၊ ထိပ်ကပ်၊ ကြိုးဆက်၊ ကြိုးလဲ စသဖြင့် နည်းအမျိုးမျိုးနှင့် ဖိနပ်ချုပ်ဆိုင်သို့ အကြိမ်အကြိမ်အခါခါ ရောက်ခဲ့ပြီးဖြစ်သည်။

"မအေးငြိမ်း အတွေးလွန်နေတယ်နဲ့ တူတယ်၊ ကျွန်မပြောတာ ကြားရဲ့လား"

"ဟင့်အင်း…၊ ဆရာကြီးကတော် ဘာပြောလိုက်တာလဲ"

"ဩော်… ဟို ဒီလိုလေ၊ ဆယ်တန်းစာမေးပွဲ မဖြေခင် လုပ်သင့်လိုက်ထိုက်တာတွေကို ပြောပြနေတာပါ။ ဟိုဆရာမကြီး အန်တီ ဒေါ်တင်နွဲ့ကြည်ဆိုလေ ယတြာတို့ ဓာတ်ဆင်တာတို့ သိပ်ကောင်းတယ်ဆိုပဲ။ မနှစ်က ဆယ်တန်းဖြေသမားတွေ သူ့ကြောင့် တော်တော်လေး အောင်ကြတယ်တဲ့။ ကျွန်မတော့ သမီးအတွက် သူ့ဆီ သွားထားသေးတယ်။ ဆေးဖယောင်းတိုင်ကို ဒီညကစပြီး သူဖြေမယ့်ရက် ခြောက်ရက်စလုံး ထွန်းညှိထားရမယ်။ အဲဒီအတွက် သူ့ကို ငွေငါးရာကန်တော့ရတယ်။ ပြီး သူဖြေမယ့်ဘာသာအလိုက် သစ်သီးတို့၊ ကွဲကော်ညွန့်၊ သပြေညွန့်စသည်ဖြင့် အညွန့်အမျိုးမျိုး လှူပေးရမယ်။ ပြီးတော့ ဘယ်ဘာသာဖြေမယ့်နေ့ ဘာအရောင် ဝတ်ရမယ်ဆိုတာလည်း ရှိသေးတယ်၊ အဲဒါတွေက သူဓာတ်ပေးထားတာတွေလေ။ ခုနကပဲ စာမေးပွဲဖြေရင်ဝတ်ဖို့ ပီဘဲလ်ရှာ ရောင်စုံဝမ်းဆက်တွေချုပ်ထားတာ ရွေးခဲ့ရသေးတယ်"

ပြောတဲ့သူကတော့ မောသည် မမောသည်မသိ။ မအေးငြိမ်းကတော့ ကြားရသည်နှင့်ပင် ရင်မောနောတော့သည်။

နောက်ပြီး ယတြာချေဖို့က ရှိသေးတယ်။ အဲဒါတောင် မလုပ်ရသေးဘူး ဒီနေ့လုပ်မှဖြစ်မှာ။ ဘာတဲ့ ဩော် စာမေးပွဲဖြေမယ့်သူ သုံးနေကျ၊ စနေနံပစ္စည်း အနက်ရောင် တစ်မျိုးမျိုးကို အိမ်ရဲ့ အနောက်အရပ်ကို စွန့်ပစ်ရမယ်တဲ့။ ဟော… ပြောရင်းဆိုရင်း သမီးပြန်လာပြီ။

ဟဲ့သမီးနေခြည် လာစမ်း၊ သမီးစီးထားတဲ့ ဖိနပ် အနက်ကို အနောက်အရပ်က တစ်ယောက်ယောက်ကို ပေးလိုက်စမ်း"

"ဟာ မေမေကလည်း ဒီဖိနပ်က ဟုတ်တိပတ်တိတောင် မစီးလိုက်ရသေးဘူး အသစ်ကြီးရှိသေးတာ"

"သမီးမှာ အဖြူရောင်၊ အညိုရောင်၊ အသားရောင် အနိမ့်အမြင့်တွေ စုံအောင် ရှိနေတာပဲ။ ဒီတစ်ရံကလေးကို နှမြောမနေစမ်းပါနဲ့ကွယ်၊ ဆရာမကြီးပြောသလို လုပ်စမ်းပါ" အောင်မြင်မှုကို ငါ့ဆီမှာထား၊ အရှုံးမှန်သမျှ နင်နဲ့အတူသွား" လို့

ဆိုပြီး စွန့်ပစ်ရမယ်တဲ့။ အနောက်အရပ်ကို သွားစွန့်လိုက်စမ်းပါဟဲ့၊ နေဦးနေဦး မအေးငြိမ်ရဲ့ အိမ်ကလည်း တို့အိမ်ရဲ့ အနောက်အရပ်မှာ ရှိတာပဲ။ သူ့မှာလည်း သည်းအရွယ်သမီးတစ်ယောက် ရှိသတဲ့၊ သူ့ကိုပဲ ပေးလိုက်ပါအေ ကုသိုလ်ရပါတယ်။"

* * *

နောက်တစ်နေ့က အတာတစ်ယောက် ဖိနပ် အနက်ရောင်ကလေးကို ကြော့ကြော့မော့မော့လေးစီး၍ စာမေးပွဲသွားဖြေတော့ မအေးငြိမ်း၊ ကျေနပ်ပီတိ ဖြစ်ခဲ့ရသေးသည်။ စာဖြေက ပြန်လာတိုင်း သမီးက ရွှင်လန်းတက်ကြွနေတော့လည်း

"ဖြေနိုင်တယ် အမေရေ"တဲ့။

တိုက်တိုက်ဆိုင်ဆိုင် နေခြည်တို့အမေ၏ ယတြာကောင်းမှုကြောင့်သာပဲ အလိုအပ်နေဆုံး အချိန်မှာ ဖြည့်ဆည်းပေးလိုက်ခဲ့သည်မို့ ဒေါ်စောမြခင်တို့ကို ကျေးဇူးတင်လို့ မဆုံးနိုင်တော့-

"သူတော်ကောင်းမကြီး ရဲ့ကျေးဇူးပဲ၊ သူ့ကြောင့် အတာမှာ မကြောင့်မကြရပဲ စာမေးပွဲဖြေနိုင်ခဲ့တယ်။ ကျန်းမာပါစေ ချမ်းသာပါစေ။ သူ့သမီး စာမေးပွဲအောင်ပါစေတော်"

ထိုစဉ် အတွေးထဲမှာ ဘာမှမရှိ၊ ဆန္ဒတစ်ခု ပြည့်သွားသည်ဟုသာ ကျေနပ်နေမိခဲ့သည်။ အခုမှ မအေးငြိမ် အတွေးပေါက်တော့သည်။

"အောင်မြင်မှုတွေ ငါ့ဆီမှာထား၊ အရှုံးမှန်သမျှ နင်နဲ့အတူသွား" လို့ သည်လိုဆိုပြီး နေခြည်က တရိုတသေလေး ကမ်းပေးခဲ့တော့ သူက ပြုံးနေမိသည်။

အခုတော့ အရှုံးနှင့်အတူ ဒီဖိနပ်လေးမှာ အတာ့အတွက်-

မအေးငြိမ်းမှာ ရင်ပူချေပြီ။ မအေးနိုင် မငြိမ်းနိုင်ရှာတော့။ ဘုရား- ဘုရားကယ်ပါ၊ ငါ… ငါ သိပ်မိုက်ပါလား၊ အတွေးတိမ်လှချည်လား။ ခုတော့ အတာအတာ စာမေးပွဲအောင်မှ အောင်ပါ့မလား၊ စာမေးပွဲအောင်စာရင်းကြည့်သူတွေကြားမှာ အောင်စာရင်းကြည့်ရန်ပင် မေ့နေ၏။

"အဒေါ် ဘာငေးနေတာလဲ…အတာအောင်တယ်လေ"

"ဘာပြောတယ်"

မအေးငြိမ်းက အလန့်တကြား မေးလိုက်သဖြင့် အတာ့ သူငယ်ချင်းကောင်မလေးမှာ ကြောင်သွားတော့သည်။

''အဒေါ်ကလည်း မယုံဘူးထင်ပါရဲ့၊ လာလာ ဒီမှာကြည့် ဒီမှာ၊ အတော့ခုံနံပတ်၊ ဒီမှာ သူ့နာမည်၊ မအတာမိုးတဲ့''

မျက်စိအစုံကို ပွတ်သပ်ပြီး ပြူးပြဲကြည့်မိသည်။ ဟုတ်သားပဲဟဲ့၊ ကြည့်စမ်း၊ မိအတာ စာမေးပွဲအောင်ပြီ။ သေချာသွားပြီ။ အမလေး ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲ။ မအေးငြိမ်ရင်ထဲမှာတော့ ချမ်းမြေ့ကြည်နူးမှု ပီတိလှိုင်းကလေးက ဘောင်ဘင်ခတ်ဆဲ။

သူ့ဘေးနားမှာ တိုးဝှေ့ဖြတ်သန်းသွားသူတို့ကို ကြည့်လိုက်မိစဉ် ရှိုက်ကြီးတငင်ငိုကြွေးလျက် နေခြည်ကိုလက်ဆွဲကာ ကားဆီသို့ မပြေးရုံတမည် ခပ်သုတ်သုတ်နှင့် ဒေါ်စောမြခင်ကို ကြည့်မြင်လိုက်ရတော့ မအေးငြိမ်း နဝေတိမ်တောင် ဖြစ်သွားသည်။

စောစောက အတော့သူငယ်ချင်း ကောင်မလေးက သူတို့ကို လက်ညှိုးထိုးပြီး

''သနားပါတယ်...အောင်စာရင်းမှာ သူ့နာမည်မပါဘူး အဒေါ်ရဲ့''

''ဟေ''

မနွယ် (ကလော)

❒

# ခြင်ထောင်ထဲက ခြင်

မေလတ်ဟန်

# ခြင်ထောင်ထဲက ခြင်

မေလတ်ဟန်

ကျွန်မသည် နေ့စဉ်ဘုရားရှိခိုး၊ ငါးပါးသီလခံယူပါသည်။ သို့သော် တစ်ပါးသောသီလကိုဖြင့် ကျွန်မ မည်သို့လုံခြုံအောင် စောင့်ထိန်းရပါမည်နည်းဟု တွေးရင်းရင်ထဲ၌ ဝမ်းနည်းစိတ်တွေ ဖြစ်မိသည်မှာအမှန်…။

သူ့ကို စိစိညက်ညက်ကြေအောင် ဖိခြေသတ်ဖို့ ကျွန်မ ကြိုးစားမိခဲ့သည်။ သို့သော် မအောင်မြင်ခဲ့။ သူသည် ကျွန်မကို ဒုက္ခပေးခဲ့တာကြာပြီ။ ကာလတွေကြာပြီ…။ ကျွန်မကိုသာမက အခြားလူတွေကိုလည်း ဤသို့ ဒုက္ခပေးလိမ့်မည်ဟုထင်ပါသည်။

ကြည့်စမ်း…၊ သူသည် ကျွန်မ ခေါင်းထက်မှာ ပျံဝဲနေသည်၊ အသံပြုနေသည်။ ကျွန်မက လက်နှင့်ယမ်းတော့ သူက ထပြန်ပြေးသည်။ ပျံသည်က ဒီအတိုင်းမပျံ၊ နားကိုယားကျိကျိဖြစ်အောင် အသံပြုသွားသေးသည်။ ကျွန်မ လိုက်ရိုက်တော့လွတ်အောင်ပျံသွားသည်။ ဒီတော့ ကျွန်မ ဒေါသဖြစ်ရတော့သည်။ ဒေါသဖြစ်ရင်းနှင့် ခေါင်းအုံးပေါ်ခေါင်းချပြီး အိပ်မည်အလုပ် ခေါင်းပေါ်ထပ်ဝဲပြီး အသံပြုပြန်နေသည်။ လက်နှင့်ယမ်းလိုက်တော့ သူက အဝေးသို့ ပျံပြေးသွားပြန်သည်။ အသံပင်မြည်လိုက်သေးသည် တဝီဝီနှင့်။

ကျွန်မ ဒေါသဖြစ်သွားပြန်သည်။ ခေါင်းထောင်ရင်း အမှောင်ထဲမှာပင် လက်ဝါးနှစ်ဖက်ဖြန့်ပြီး ဟိုရိုက်ဒီရိုက် လုပ်သည်။ လက်ဝါးချင်းထိသံက ပတ်ဝန်းကျင်

ကိုလွှမ်းနေသည်။ တဖျန်းဖျန်း တဖြောင်းဖြောင်း အသံတွေ။ ဒီအသံတွေကို သူက ဂရုမစိုက်။ တစ်နေရာရာမှာ ခိုကပ်နေသည်။ သူရှိမည့်နေရာကို ကျွန်မ မသိ…။ သူက ကျွန်မ ရှိမည့်နေရာကို သိနေသည်။ ကျွန်မ ခေါင်းချပြီး အိပ်တော့မည်ကို သိနေသည်။ ကျွန်မ ကြာကြာမထိုင်နိုင်…။ သူ့ကို သတ်ဖို့ လက်ဝါးချင်းရိုက်ရ လွန်းလို့ လက်ဖဝါးတွေပင် စပ်ပူနေပြီ။ မျက်လုံးတွေပင် သူ့ကို ရှာရကြည့်ရလွန်းလို့ မျက်ရည်ပူတွေပင်ကျချင်နေပြီ။ သူကတော့ ကျွန်မ ဒေါသ၊ ကျွန်မ ဒုက္ခ၊ ကျွန်မ စိတ်ဆင်းရဲမှုကို သိအုံ့မထင်…။

ကျွန်မ ပြန်ပြီး အိပ်ရာပေါ် ပြန်လှဲသည်။ လက်နှစ်ဖက်ကို ကိုယ်မှာကပ်၍ အိပ်သည်။ မျက်စိများကို ပိတ်ထားပြီး နားနှစ်ဖက်ကို ဖွင့်ထားလိုက်သည်။ သူ့အသံကို နားစွင့်သည်။ သူ ဘယ်အရပ်က ပြန်လာမည်နည်း။ ပျံလာလျှင် အသံ ပြုမည်။ အသံပြုပါက ထိုအသံလာရာဆီသို့ မှန်းဆပြီး လက်နှစ်ဖက်နှင့် အားရှိပါးရှိ သတ်ပြီးခြေမွလိုက်မည်။ ထိုသို့စိတ်ကူးနှင့် နားစွင့်ရင်း ကျွန်မသည် ငြိမ်နေလိုက်သည်။ ကျွန်မသည် အားကစားနည်းအရ ခံစစ်ဖွင့်ပြီး တိုက်မှရတော့မည်။ ဒီကောင်က ထိုးစစ်ဆင်ပြီး ကျွန်မကို အနိုင်တိုက်နေသည်က ကြာပြီ။ ရှုံးပွဲနှင့် ကြုံတွေ့နေရသည်ကလည်း ကြာပြီ။ နိုင်သူက သူ၊ ရှုံးသူက ကျွန်မ၊ ဒီတော့ သူ့အပေါ် ကျွန်မ အငြိုးမထားဘဲ နေမည်လား။ သူကတော့ အောင်နိုင်သူပီပီ ထိုးစစ်ဆင်ရင်း နှင့် ကျေနပ်နေပေလိမ့်မည်။

ကျွန်မ တွေးရင်း ခံစစ်အနေထားကို ပြင်ဆင်လိုက်သည်။ အတော်ကြာသည် အထိ သူက အသံပြုရင်း ကျွန်မဆီ မလာသေး။ ထို့ကြောင့် ညာလက်ကို နဖူးပေါ် တင်ပြီး ခံစစ်ဖွင့်ဖို့ အကြံရသည်။ ညာလက်ကို နဖူးပေါ်တင် သူ့အသံကို နားစွင့် နေမိသည်။ သူက ပေါ်မလာ။ ဘယ်ကနေ ချောင်းနေသည်မသိ။ ထိုအချိန်တွင် ကျွန်မ မျက်လုံးများက အိပ်ဖို့ကြိုးစားနေသည်။ တကယ်လည်း ကျွန်မ အိပ်ချင် ပြီ။ စိတ်ချလက်ချ အိပ်မည်ဟု စိတ်ကူးဆဲမှာပင် မျက်လုံးအစုံက ဖွင့်မရတော့…။

ထိုအချိန် နဖူးပေါ်တင်ထားသော လက်ဖဝါးကို သူ သွေးစုပ်နေသည်။ နာကျင်မှုဒဏ်ကြောင့် ကျွန်မလက် တွန့်ခနဲ ဖြစ်သွားသည်။ တွန့်ခနဲအဖြစ်၌ ကျန် လက်တစ်ဖက်က နာကျင်သည့်နေရာကို (သူ ရှိသည့်နေရာ) သို့ မှန်းပြီး အားရပါးရ ရိုက်ချလိုက်သည်။ ဖြန်းခနဲအသံနှင့်အတူ သူ သေပြီဟု ထင်လိုက်သည်။ လက် အချင်းချင်းရိုက်ရ၍ နှစ်ဖက်စလုံး နာကျင်ရုံတင်မက အောက်ခံရှိ ကျွန်မနဖူးပါ

ထပ်ဆင့်နာသွားသည်။ သို့သော် ကျွန်မ အနေဖြင့် နာရုံမှတစ်ပါး သူကတော့မသေခဲ့။ အသံပြုရင်း ကျွန်မ မရိုက်ခင်ကတည်းက ပျံသွားပြီ ဖြစ်သည်။

သူပျံသွားသည်ကို ကျွန်မ မသိ၍မဟုတ်၊ အသံနားထောင်မိသည်မှာ မသဲမကွဲပေမို့ သူ့ကို သေလိုသေငြား ရိုက်ခဲ့ခြင်း။ အခုတော့ သူက ကျွန်မ တိုက်စစ်အတွင်းမှ လွတ်အောင် ပြေးထွက်သွားပြန်သည်။ သူလွတ်သွားသည်။ သည်တော့ ကျွန်မမှာ သူ သွေးစုပ်သွားသည့် လက်ဖမိုးနေရာကို စမ်းကြည့်မိသည်။ အပိမ့်လေး ဖြစ်နေ သည်။ ယားကျိကျိနှင့် နာသလိုဖြစ်နေသည်။ ဒီတော့ သူ့ကို နာလိုခံခက်ပိုပြီး ဒေါသဖြစ်ရသည်။

“တွေ့ကြသေးတာပေါ့ . . .”

စိတ်ထဲတွင် ပြောရင်း ကျွန်မ အသာငြိမ်နေလိုက်သည်။ သူသည် ကျွန်မ ထံထပ်လာပြီး သူ့ဝမ်းဝအောင် သွေးစုပ်ဦးမည် ဖြစ်သည်။ လာမည်ကတော့ သေချာသည်။ ထို့ကြောင့် အိပ်ချင်စိတ်များကို ထိန်းရင်း မျက်လုံးများကို အသာမှေးစင်းထားလိုက်သည်။ စိတ်က သူ့အပေါ်မကျေနပ်၍ ဒေါသဖြင့် သူ့ကို အမိအရသတ်ဖို့ ကြိုးပမ်းနေသော်လည်း မျက်လုံးအစုံသည် သိပ်ပြီးဖွင့်မရချင်တော့။ လည်ပင်းမှ တစ်ဆင့် စီးကျလာသော ချွေးများကို လက်ဖမိုးဖြင့် သပ်ချရင်း ဘေးတစောင်း အိပ်လိုက်သည်။

ကျွန်မ အိပ်မက်လှလှလေးများမက်ကာ မိုးလင်းသွားစေချင်သည်။ အခုတော့ သူ့ကြောင့် အိပ်မက်လှလှမက်ဖို့ ဝေးလွန်းနေသည်။ အိပ်ပျော်ဖို့ပင် အနိုင်နိုင်။ သူက ဒီမျှအထိ စိတ်ညစ်အောင်က လူကို ကျီစယ်သလိုလိုဖြင့် ကျွန်မကို ဒုက္ခပေးခဲ့သည်။ အိပ်ရာ မဝင်ခင်ကတည်းက ကျွန်မသည် ခြင်ထောင်ကို ချထားသည်။ သူနှင့် သူတို့အမျိုးတွေ မဝင်နိုင်အောင် သေသေချာချာ စိစစ်ပြီးထားခဲ့သည်။ သူက ခြင်ထောင်ထဲမှာ ဘယ်လိုလုပ် ဝင်လာသည်မသိ။ ခြင်ထောင်ထဲရောက်နေသည်။ အိပ်စက်အနားယူတော့မည့် ကျွန်မကို ဒုက္ခလှလှကြီးပေးနေသည်။

သူသည် သူတို့လောကတွင် ခေါင်းဆောင်လား၊ ကျွမ်းကျင်မှုရှိသူလား၊ ပါးနပ်လိမ္မာသည့်သူလား မသိ။ ကျွန်မကို ဒုက္ခပေးနေသည်က အချိန်အတော်ကြာပြီ။ အိပ်စက်ဖို့ ခြင်ထောင်ထဲဝင်ပြီးသည်မှ အခုအချိန်အထိ။ သူကတော့ အောင်နိုင်သူပမာ ခြင်ထောင်ထဲမှာ လှည့်ပြေးရင်းဟိုနားခို၊ ဒီနားခိုနှင့် ရှောင်းတိမ်းရင်း ယိုးဒယားသမင်လိုက်ကနေသည်။ ကျွန်မကတော့ ဘီလူးဆိုင်းတီးရင်း ဘီလူးက ကနေရသည်။ သူကတော့ ညင်ညင်သာသာလေး။ ကျွန်မအနေနဲ့ကတော့ မျက်စိညောင်း၊ နား

ညှောင်းရုံမက သူ့ကိုမှန်းပြီး ရိုက်ရလွန်း၍ လက်ဖဝါးတွေပင်စပ်လို့…။ သူကတော့ ပျံလာလိုက်၊ အသံပြုလိုက်၊ သွေးစုပ်ဖို့ ကြိုးစားလိုက်ဖြင့် ပျော်မြူးလို့…။

ကျွန်မတွေးဆဲမှာပင် ခြင်ထောင်အပြင်ကို နားစွင့်မိ၏။ အပြင်ဘက်မှာတော့ သူ့အမျိုးတွေက ခြင်ထောင်ထဲဝင်၍ ကျွန်မကို မကိုက်ရလို့ သွေးဆာနေလို့ ဒေါသဖြစ်နေကြသည်။ အသံမျိုးစုံပြုရင်း ဒေါသပေါက်ကွဲ နေကြသည်။ သူတို့ကလည်း လက်ပဲဖြစ်ဖြစ်၊ ခြေထောက်ပဲဖြစ်ဖြစ်၊ ခြင်ထောင်နှင့် ကပ်လာလျှင်ကိုက်ဖို့ ဟန်တပြင်ပြင်နှင့် ရှိနေကြသည်။ မကိုက်ရတော့ သွေးဆာလွန်း၍ ပိုပြီးဒေါသဖြစ်နေသည်ကို သူ့တို့အသံကို နားထောင်ပြီး သိနိုင်သည်။ ကျွန်မမှာ ထိုအသံများကို နားစွင့်ရင်း သူတို့၏ အကိုက် (သွေးစုပ်) မခံရအောင် ခြင်ထောင်အလယ်သို့တိုး၍ တစ်ဖက်သို့စောင်း၍ အိပ်လိုက်မိသည်။

"ဟာ…"

"တောက်…"

ကျွန်မ အသံနှင့်အတူ ပါးစပ်က တောက်ခေါက်သံပါ ထွက်သွားသည်။ မှန်သည်။ သူသည် တစ်ဖက်စောင်းအိပ်နေသည့် ကျွန်မ၏ ပါးပြင်ကို ကိုက်သွားသည်။ ထို့ကြောင့် အသံထွက်ဒေါသဖြစ်ပြီး တောက်ခေါက်မိခြင်း ဖြစ်သည်။

"ဒီတစ်ခါ အသံမကြားလိုက်ပါဘူး"

ကျွန်မ စိတ်ထဲမှာ ပြောရင်း ကျွန်မကိုယ်ကျွန်မ မကျေမနပ် ဖြစ်နေသည်။ သူသည် ကျွန်မထက် ဉာဏ်ရည်ပိုမြင့်နေသည်။ ပိုပြီးပါးနပ်နေသည်။ အရင် အသံပြုပျံသန်းစဉ်က တဖြန်းဖြန်း အသံပြုရိုက်ခဲ့သည့်အတွက် ယခုတော့ သူက အသံမပြုဘဲ ပျံလာလိုက်ရမှသိသည်။ သိသိချင်း ကျွန်မက လက်ဖြင့် ရိုက်ချလိုက်သည့်အချိန် သူက ကျွန်မဆီမှလာသော လေအဟုန်ကိုသိကာ ချက်ချင်းထပြန်ပြေးသည်။ သူကတော့ ဘာမှမဖြစ်။ ကျွန်မမှာ ပါးပြင်ရော၊ လက်ပါဆတ်ဆတ်ခါ နာသွားရပြန်သည်။ ဒီတစ်ကြိမ်မှာလည်း ကျွန်မ ရှုံးသည်။ သူက အောင်နိုင်သူ။

သူ့ကို သေစေလိုသဖြင့် ရိုက်ခဲ့သောလက်ကြောင့် ပါးပြင်ပါနာသွားရသည်မို့ သူ့ကို အမြန်သေစေလိုချင်သည်။ ဖြစ်နိုင်လျှင် ချက်ချင်းဖမ်း၍ ချက်ချင်းသေစေချင်သည်။ သို့သော် ဘာကြောင့် သူ မသေသေးသနည်း။ ကျွန်မနားကိုရော မျက်စိကိုရော၊ တစ်ကိုယ်လုံးကို ဒုက္ခရောက်အောင်၊ စိတ်ဆင်းရဲအောင် လုပ်နေသည့် သူ့ကို သေစေချင်သည်။ အခုတော့ အိပ်မရသေး။ အိပ်ဖို့ကြိုးစားလိုက်

သူက ကိုက်လိုက်၊ အိပ်ပျော်တော့မည့်လုပ်လိုက်၊ သူက လာကိုက်သဖြင့် ကျွန်မမှာ စိတ်ဆင်းရဲနေရသည်။

"ငါက လူ၊ သူက တိရစ္ဆာန်။ ဘာလို့များ သူ့ကို မသတ်နိုင်တာပါလိမ့်"

ဖျတ်ခနဲ ဝင်လာသည့် ကျွန်မအတွေးက ကျွန်မကိုယ်ကျွန်မ မဖြေနိုင်သည့် မေးခွန်းဖြစ်သွားသည်။ သက်ရှိသတ္တဝါတစ်ကောင်ကို မိမိမုန်းတိုင်း၊ သေပါစေဟု အားပြုတိုင်း၊ ဆုတောင်းတိုင်း သေပါသလား။ ကျွန်မ အဖြေရှာမရသေး။ ယခု ဖြစ်နေသည်ကား…သူ့ထက် အဆပေါင်းများစွာကြီးသည့် ကျွန်မ၊ သူ့ထက် အသိပညာများစွာသာသည့် ကျွန်မ၊ သူ့အတွက် မေးခွန်းဖြစ်သည့်ကျွန်မ၊ ကျွန်မ အမေးနှင့် ကျွန်မမှာ အဖြေမရခဲ့၊ အဖြေမဲ့ပုစ္ဆာတစ်ပုဒ် ဖြစ်ခဲ့ပြီးလား။ သို့သော် အမေးရှိပါက အဖြေရှိရပါသည်။ အဖြေရှိနေ၍လည်း မေးခွန်းဟူသည် ရှိနေသည် မဟုတ်ပါလား။ သို့သော် ထိုအဖြေကို တိတိပပ၊ ကျကျနနဖြင့် စိတ်ကျေနပ်လောက်သည့် အဖြေမျိုးမရခဲ့။

တွေးဆဲမှာပင် ကျွန်မလက်ဖြင့် အရိုက်ခံထားရသည့် စပ်ဖျဉ်းဖျဉ်းပါးကို ပွတ်ရင်း ဒေါသအရှိန်များသည် ပေါက်ကွဲနေဆဲ ဖြစ်သည်။ မေးခဲ့မိသည့် အမေးအတွက် အဖြေရှာဖို့ပင် မေ့သွားပြန်သည်။ သို့သော် သူ့ကို ဒီညသေအောင်သတ်ရမည်။ မသေလို့မရ၊ မဖြစ်။ သူမသေပါက ညတာရှည်အိပ်မက်ဆိုးများသည် သူ့ကြောင့် ကျွန်မအတွက် မအိပ်စက်ရပါပဲ မက်နေရပေတော့မည်။

"သေစမ်း…"

"ကဲ…"

"ဖြန်း"

မဆီမဆိုင် ဘာအသံမှမကြားရဘဲနှင့် အသံထွက်ပြောရင်း ပက်လက်အိပ်ရာကနေ လက်နှစ်ဖက်ဆန့်တန်း၍ သူ ရှိမည်၊ သူ ပြန်လာမည်၊ အသံမမြည်ဘဲ ထိုးစစ်ဆင်လာမည်ဟူသော အထင်ဖြင့် ရိုက်ချလိုက်သည်။ ကျွန်မ ပါးစပ်မှအသံ၊ လက်ဝါးချင်း ထိပွတ်မှုအသံများသာ အမှောင်အတွင်း ခပ်ကျယ်ကျယ်ကြားရသည်။ သူက မသေ၊ ကျွန်မ လက်ဖဝါးနှစ်ဖက်ကြား မမိခဲ့။ သူက ဘယ်ဆီခိုအောင်းနေပြီနည်း၊ ကျွန်မဝန်းကျင် ကျွန်မ ပိုင်နက်ခြင်ထောင်ထဲတွင်တော့ သူရှိနေပါသည်။ ရှိကိုရှိနေပါသည်။ သူသွေးမဝေးသေး။ သွေးစုပ်ဖို့ ချောင်းမြောင်းနေသည်ကိုတော့ သိသည်။ သို့သော် သူဘယ်မှာရှိသည်ကိုတော့ မသိ။

"သေလည်း မသေနိုင်ဘူး"

ရုတ်တရက် ကျွန်မ နားရွက်အနား တွီခနဲ အသံပြုလာသည့်အတွက် ကျွန်မ နှုတ်က ထွက်သွားပြန်သည်။ ဒီတစ်ခါ သူသည် ကျွန်မ အိပ်ပြီလား၊ မအိပ်သေးဘူးလား ဆိုသည့် သဘောနှင့် သွေးတိုးစမ်းလာခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်မ အိပ်ချင်ပြီဆိုလျှင် သူ့အသံကို မသိမကြားရတော့၊ မလှုပ်မယှက်နေမည်။ မအိပ်သေးဘူးဆိုပါက အသံကြောင့် လှုပ်ရှားလာမည်။ ယခု သူ့အသံကြောင့် ကျွန်မ လှုပ်ရှားမိသည့်အတွက် သူက ကျွန်မ မအိပ်သေးသည်ကို သိသွားသည်။ ထို့ကြောင့် သူသည်အဝေးကို ပျံကာတစ်နေရာမှာ ခိုကပ်နေပြန်ပြီ။

"တောက်…"

အလိုလိုထွက်သွားသည့် တောက်ခေါက်သံ။ ကျွန်မ၏ တောက်ခေါက်သံ။ သူကတော့ ကျွန်မ စိတ်သောကရောက်နေသည်ကို သိဟန်မတူ။ သူဝမ်းဝဖို့ သွေးဝဖို့သာ သိပုံရသည်။ ဘာပဲဖြစ်ဖြစ် သက်ရှိဟူသည် အစာကို အမှီသဟဲ ပြုကြရသည်ကိုး။ သို့သော် ကျွန်မ အတွက်ကတော့ တရားမရနိုင်၊ တရားမကျနိုင်ပါ။ သူသေမှသာ ငြိမ်းချမ်းမည်။ ကျွန်မ ကောင်းကောင်းအိပ်စက်ရမည်။ အိပ်မက်လှလှတွေ မက်ခွင့်ရမည်။ ခုတော့ သူကဖြင့် ကျွန်မကို အကောင်သေးသလောက် နှိပ်စက်နေသည်။ ခြင်္သေ့တစ်ကောင်က အခြားတိရစ္ဆာန်များကို သတ်ဖြတ်စားသောက်နေသော်လည်း သေးမွှားသည့် သန်းတစ်ကောင်ကို အရှုံးပေးနေရသည့်အဖြစ်မျိုး။ သူ့ကို သေစေလိုသည့်ဆန္ဒသည် ကျွန်မရင်ထဲ အလိပ်လိုက်အခဲလိုက် ဖြစ်နေသည်။ သူကတော့ ကျွန်မဆန္ဒကို အန်တုကာ ပန်းပန်ဆဲ၊ ဝဲပျံဆဲ၊ ပုန်းရှောင်ဆဲ။ ကျွန်မမှာဖြင့် အမှောင်ထဲမှာ ခြင်ထောင်ထဲမှာ သူ့ကို နားစွင့်ရင်း၊ သူ့ကိုသတ်ဖို့ လက်နှစ်ဖက်ပြင်ရင်း အကျပ်တွေ့နေသည်၊ မာန်သွင်းနေသည်။

တွေးရင်းနှင့်ရှိစဉ် အိပ်စက်လိုပြီဖြစ်သည့် မျက်လုံးအစုံ သိပ်ပြီးဖွင့်မရတော့ပြီ။ ပါးစပ်မှ ဝါးခနဲသမ်းလိုက်သည်။ သူ့ကို သတ်မည်ဟု အားသွင်းထားသော လက်နှစ်ဖက် သိပ်မလှုပ်ချင်တော့ပြီ။ ထိုအခါ သူသည် ကျွန်မ အိပ်ပျော်သွားသည်ကို သိပုံရသည်။ အသံပြုရင်း ပျံဝဲလာသည်။ ကျွန်မ ဒူးခေါင်းထက်နားပြီး စိမ်ပြေနပြေ သွေးစုပ်နေသည်။ ဆတ်ခနဲ ကျွန်မ တွန့်သွားသည်။ ဆတ်ခနဲ နာကျင်သည့်အတွက် တွန့်သွားခြင်း ဖြစ်သည်။ ကျွန်မ ယောင်ယမ်းပြီး လက်နှင့်ရမ်းလိုက်သည်။ သူ သွေးစုပ်နေမှန်းသိပေမယ့် အိပ်ချင်စိတ်ကြောင့် သူ့ကို မိအောင်မဖမ်းနိုင်၊ မသတ်နိုင်တော့။ ကျွန်မလက် လေအရှိန်ကို သူ သိသည်။ လေအဟပ်ကို သူ နာလည်းသည်။ ထို့ကြောင့် ပျံပြေးပြန်ပြီ။ ကျွန်မ အိပ်ချင်သည့်စိတ်ကို မျိုချရင်း၊

မျက်စိကို ဖွင့်သည်။ သူ သွေးမဝမချင်း ကျွန်မကို ဒုက္ခလှလှကြီး ပေးဦးမည် ဖြစ်သည်။ ဘယ်လို လုပ်ရမည်နည်း။ သူ သွေးဝသည်အထိ အကိုက်ခံပြီး ငြိမ်ပေး လိုက်လို့လည်း မရ၊ မဖြစ်။ သူ သွေးစုပ်နေသည်ကို သိပါက ကျွန်မ စိတ်သည် လည်း ညည်းခံနိုင်မည် မဟုတ်၊ သူက အကောင်သေးသော်လည်း သွေးစုပ်ရာတွင် တော့ အတော်နာကျင်အောင် ပြုမူတတ်သည်။

ခက်နေပြီ။ သူ့ကိုလည်း အခွင့်အရေးမပေးနိုင်၊ သူ့ကိုလည်း မိအောင်မသတ် နိုင်။ ဒီညတွင်တော့ သူနှင့်ကျွန်မ ဒီခြင်ထောင်ထဲမှာ ဘယ်လိုလုပ် ဇာတ်သိမ်းကြ မည်နည်း။ ဘယ်လို မိုးလင်းရမည်နည်း။ မနက်မိုးလင်းလို့ ခြင်ထောင်အသိမ်းတွင် တော့ သူ့ကို အမိအရ ရိုက်သတ်မည်ဟု အားခဲထားမိသည်။ တွေးရင်းဖြင့် ကျွန်မ အိပ်ပျော်မလိုလို ဖြစ်သွားသည်။ အိပ်ချင်စိတ်ကို မထိန်းနိုင်တော့ပြီ။ စိတ်ဟူသည့် အသိတွေက အိပ်ချင်သည့် ဆန္ဒတွေကြောင်း၊ အိပ်ချိန်ကျနေပြီမို့ ကျွန်မ မတတ်နိုင် တော့။

ထိုအခါ ကျွန်မအတွေး အိပ်မက်ထဲတွင် ချစ်ခဲ့ရသူ ကိုညိုမောင်ကို မြင် ယောင်တမ်းတမိသည်။ ကျွန်မနှင့် ကိုညိုမောင်သည် ငယ်ချစ်တွေ ဖြစ်သည်။ အသက်အရွယ်ရလာသည့်အခါ ချစ်ဦးသူများဘဝနှင့် သိပ်ချစ်ခဲ့ကြသည်။ နှစ်ဖက် မိဘများက သဘောတူထားကြသည်။ မကြာခင် လက်ထပ်ကြသည်။

ကိုညိုမောင်သည် ကုန်ရောင်း၊ ကုန်ဝယ် လုပ်သည်။ ကျွန်မနှင့် ကိုညိုမောင် ဘဝသစ်ထူထောင်ရန် ကြိုးစားခဲ့ကြသည်။ တစ်နေ့တွင် အရောင်းအဝယ်လုပ်ရန် သွားရာ၌ လမ်းခရီးတွင် ကားမှောက်ခဲ့သည်။ ကိုညိုမောင် ဒဏ်ရာပြင်းထန်သော် လည်း ဆေးရုံအမီ သွားခဲ့၍ ကိုညိုမောင် မသေခဲ့…။ နောက် ဆိုင်ကယ်ပေါ်မှ လိမ့်ကျသည်။ ခြေကျိုးလက်ကျိုးမျိုး မရှိခဲ့…။ သေခြင်းတရားနှင့် ကွဲခဲ့သည့် ကိုညိုမောင်၊ တကယ့်သေမင်းနှင့် သူတစ်ပြန်ကိုယ်တစ်ပြန် ဖြစ်ခဲ့သည်ကိုပင် သေကံမရောက် သက်မပျောက်ခဲ့။ သေမင်းသည် သေခြင်းတရားများနှင့် တိုက်စစ် ဆင်ခဲ့သော်လည်း ကိုညိုမောင် ကောင်းမှုတွေကြောင့် တမလွန်သို့အပါ ခေါ်နိုင်ခြင်း မရှိခဲ့…။ သေခြင်းတရားနှင့်လွဲခဲ့သည့် ကိုညိုမောင်၊ ကိုညိုမောင်သည် ထိုသေခြင်း များနှင့် ကြုံရအပြီး ကျွန်မနှင့် လက်ထပ်ခဲ့သည်။ လက်ထပ်ပြီး ဆယ်ရက် မကြာ ကိုညိုမောင် ဆူးစူးသည့်ဒဏ်ရာ ရခဲ့သည်။ ဆူးစူးရုံပဲဟူသော အတွေးဖြင့် ခပ်ပေါ့ ပေါ့နေခဲ့ရာ အနာဖြစ်လာသည်။ အနာဖြစ်သည့်နောက် ညှော်ဝင်ပြီး ဖျားတော့သည်။ ဖျားသည့်နှစ်ရက်ခန့်အကြာ ကိုညိုမောင် ဆုံးခဲ့ရသည်။

စဉ်းစားကြည့်ပါက တကယ်သေရမည်ဖြစ်သော အဖြစ်မျိုးများနှင့် ကြုံရစဉ် မသေဘဲ ဆူးစူးသည့်ဒဏ်ရာ၊ ဆူးလေးတစ်ချောင်းအပေါ် မထီမဲ့မြင်ပြုရာမှ ကိုညိုမောင် အသက်ကို နုတ်ယူသွားခဲ့သည်။ ကားမှောက်စဉ်ကလည်း ကိုညိုမောင့် အသက် နုတ်မယူနိုင်၊ ဆိုင်ကယ်ပေါ်လိမ့်ကျစဉ်ကလည်း ကိုညိုမောင့် အသက်ကို ဆွဲမယူနိုင်။ သို့သော် သေမွှားသော ဆူးလေးတစ်ချောင်းက ကိုညိုမောင့်အသက်ကို အဝေးသို့ ဆွဲခေါ်သိမ်းပိုက်သွားခဲ့သည်။

သည်အဖြစ်တွေက ကြာခဲ့ပြီ။ နှစ်နှစ်ခန့်ရှိပြီ။ အိပ်မပျော်သည့် ညပေါင်းက မနည်းတော့ပြီ။

ကျွန်မ တွေးရင်း အိပ်ပျော်သွားသည်။ သူ့ကို သတိမရတော့။ သူ့သွေးလာ စုပ်မည်ကိုလည်း သတိမမူအားတော့…။

အိပ်မက်ထဲမှာကို ကိုညိုမောင်နှင့် တွေ့နေသည်။ ကိုညိုမောင်သည် ပြုံးနေသည်။ ကျွန်မထံ ပြေးလာသည်။ အိပ်မက်သည် ကျွန်မကို အပျော်တွေနှင့် အဆွေးတွေ ပေးနေသည်။ အိပ်မက်သည်မက်ဆဲ…။ ကျွန်မသည် နှစ်နှစ်ခြိုက်ခြိုက် အိပ်မက်ထဲမှာ ပျော်နေဆဲ…။

*  *  *

မနက်မိုးလင်းသည်နှင့် ကျွန်မ ကြည့်မိတော့ ဘေးစောင်းအိပ်နေရင်းမှာ ပေါင်ပေါ်ကို လက်တင်ထားသည်ကို သတိပြုမိသည်။ ပေါင်နှင့် ကျွန်မ လက်စုံ အကြားမှာ သူသည် ပြားချပ်နေသည်။ ကျွန်မက ကိုယ်မှစုပ်ယူထားသော သွေးများ ပင် ခြောက်နေသည်။ ပေါင်နှင့်လက်ဖဝါးမှာ သွေးကွက်သေးသေးတစ်ကွက် သွေး နှင့်အတူ သူသည် ဝိညာဉ်မဲ့စွာ ကျွန်မ လက်ဖဝါးပေါ်မှာ ကပ်ပါလာသည်။ သူ့ကို ကျွန်မ ခွာယူလိုက်သည်။

"ဩော်… ဒီကောင်ကို အသေသတ်ဖို့ကြိုးစားတုန်းက မသေခဲ့ဘဲ၊ အိပ်ပျော်တဲ့အချိန် ပေါင်ပေါ်လက်တင်လိုက်တဲ့ အချိန်ကျမှ ဒီကောင်သွေးစုပ်နေတဲ့ အချိန်နဲ့တိုးပြီး သေခဲ့ရတာကိုး"

ကျွန်မ ပြောရင်း သေခြင်းတရားကို ဆင်ခြင်မိသည်။ လူတိုင်းသက်တမ်း ကုန်၍ သေခြင်း၊ သက်တမ်းမစေ့မီ ကုသိုလ်ကံကုန်၍ သေခြင်း၊ သက်တမ်းလည်း စေ့ ကုသိုလ်ကံကုန်၍ သေခြင်း၊ သက်တမ်းလည်းမစေ့ ကုသိုလ်ကံလည်းမကုန်မီ

အချိန်ကပ်၍ ဖြစ်လာတတ်သော အကုသိုလ်ကံတစ်ပါးပါးကြောင့် သေရခြင်းဟူသည့် သေခြင်းလေးမျိုး ရှိသည်။ သူသည် အဘယ်မည်သော သေခြင်းမျိုးနဲ့ သေခဲ့သနည်း။ ကျွန်မ ခင်ပွန်း ကိုညိုမောင်ရော ဘယ်လို သေခြင်းမျိုးနဲ့ သေခဲ့သနည်း။ အဖြေရှာသည်။ မတွေ့. . .။

သို့သော် သက်ရှိတိုင်းသည် ခြင်ထောင်ထဲက ခြင်တစ်ကောင်နဲ့ တူနေသည်ဟု ကျွန်မ အကြွင်းမဲ့ ယုံကြည်လိုက်မိသည်။

**မေလတ်ဟန်**

❐

# ဖေဖေ့ကိုချစ်တယ်

မေလတ်ဟန်

ဒါက မောင်ရဲ့စကား။
သည်သို့ပြောခဲ့သူ ဖေဖေရော၊ မောင်ပါ
ကျွန်မအနား မရှိကြတော့ပြီ။
ထိုအခါ ကျွန်မအနေဖြင့် ဖေဖေ့ခံယူချက်၊
မောင့်ဆန္ဒအတိုင်း လက်ရှိတွင် ဆုံးဖြတ်ရပေတော့မည်။

# ဖေဖေ့ကို ချစ်တယ်

မေလတ်ဟန်

မောင် မရှိတော့သည့်နောက် ပထမဆုံး နားလည်လိုက်သည်က ဖေဖေ့ မေတ္တာနှင့် မေမေ့အချစ်တွေသာ ဖြစ်သည်။

* * *

ဖေဖေနှင့်မေမေတို့၏ မေတ္တာရိပ်အောက်တွင် ကျွန်မတို့၏ မောင်နှမနှစ်ဦး အသက်ရှင်ခွင့် ရခဲ့ကြသည်။ ကျွန်မက အကြီး၊ မောင်လေးဖြစ်သူက အငယ်။ တစ်နှစ်ကြီးတစ်နှစ်ငယ်ဘဝဖြင့် မိဘနှစ်ပါး၏ အချစ်များ မေတ္တာများ ပေးဆပ်မှုဖြင့် ကြီးပြင်းခဲ့ရပြီး အတန်းပညာ သင်ကြားပေးခဲ့သည်။ အရွယ်ရောက်တော့ ပထမဆုံး ကျွန်မက အရင်ကျောင်းတက်ခဲ့ရသည်။ နောက်မှ မောင်လေးဖြစ်သူ ကျောင်းတက်ရသည်။ အသက် အပိုင်းအခြားအရ ကျွန်မနှင့် မောင်လေးတို့မှာ အတန်းပညာတွင်လည်း တစ်တန်းစီခြားပြီး နေခဲ့ရသည်။

သည်တုန်းက ဖေဖေသည် အစိုးရရုံးဌာနတစ်ခုမှာ အရာရှိတစ်ဦး။ မေမေကတော့ ဘွဲ့ရထားခဲ့ပေမယ့် အစိုးရအလုပ်ကို မဝင်ခဲ့ဘဲ အပြင်မှာ အရောင်းအဝယ်အလုပ်ဖြင့်သာ စီးပွားရှာခဲ့သည်။ အဓိကအားထားရသည့်က ဖေဖေ့လစာ။ မေမေက အသုံးအဖြုန်း ချွေတာသူ၊ စေ့စပ်သူ၊ စည်းကမ်းရှိသူ၊ အလုပ်အပေါ် တာဝန်ကျေသူဆိုတော့ ဝင်ငွေထွက်ငွေ မျှတသည်။ သည်တော့ မပူမပန်နေခဲ့ရသည်ဆိုရင်းလည်း မမှား…။

ကျွန်မ ငါးတန်း၊ မောင်လေး လေးတန်း အရောက်မှာတော့ ကျွန်မတို့နေသည့် မြောက်ဒဂုံက အိမ်နှင့်ဝင်းကို လူ ငှားထားခဲ့ပြီး မြို့ထဲကို ပြောင်းရွှေ့ခဲ့ကြရသည်။ မေမေ့ အရောင်းအဝယ် အမြတ်နှင့်ရော၊ လက်ရှိပစ္စည်း အချို့ ထုခွဲရောင်းချပြီး၊ ရွှေတောင်တန်းမှာ အခန်းဝယ်ပြီး နေခဲ့ကြသည်။ ပြောရလျှင် သွားရေးလာရေး အဆင်ပြေဖို့ ဖေဖေ စီစဉ်သည့်အတိုင်း မေမေက နေရာကောင်း၊နေရာသန့် ရှာပြီး ပေးခဲ့သည်။ မေမေ့ အလုပ်က အိမ်၊ ခြံ၊ မြေအခန်း၊ လုံးချင်း အရောင်းအဝယ် လုပ်ခဲ့သည်ဆိုတော့ ပိုပြီး အဆင်ပြေခဲ့သည်။ ဝယ်ခဲ့သည်က ပထမထပ်ဆိုတော့ ဆင်းရတက်ရတာလွယ်သည့်။ သံဈေးနဲ့နီး ညောင်ပင်လေးဈေး၊ သိမ်ကြီးဈေးနဲ့လည်း နီး။ ပြီးတော့ ဖေဖေ့အလုပ်က မြို့ထဲမှာဆိုတော့ ပိုပြီး အဆင်ပြေခဲ့သည်။ နောက်··· မေမေ့အလုပ်အတွက်လည်း အဆင်ပြေသလို ကျွန်မတို့ မောင်နှမနှစ်ယောက်ရဲ့ ပညာရေးအတွက်လည်း မပူပင်ရတော့···။

တိုက်ခန်းပြောင်းပြီး နေလာခဲ့ကြသည့်အချိန်က ကျွန်မ ဆယ်တန်း၊ မောင်လေး ကိုးတန်းကို ရောက်ပြီ။

* * *

ထင်ထားသည်က တခြား ဖြစ်လာသည်က တစ်မျိုးဆိုတော့ လောကနိယာမ တရား၏ ပဋ္ဌလက်ပညာကို ကျွန်မ လန့်ကြောက်မိသည်။ လောကမှာ တရားသေ တွက်ဆလို့ မရသည့် အရာတွေချည်းပါလားလို့လည်း ယုံကြည်သွားမိသည်။ လူတိုင်း လူတိုင်း ကိုယ့်ကံတရားနဲ့ကိုယ် နေကြရသည်ပဲ မဟုတ်လား။ ယခုလည်း ကြည့်၊ မေမေ ဆုံးပါးခဲ့သည်လေ···။

မေမေ ဆုံးပါးသည့်ချိန်က ကျွန်မ တက္ကသိုလ်တက်နေသည့်အချိန်။ မောင်လေး ဆယ်တန်း ပထမနှစ်တက်နေသည့်အချိန်။ ထင်မှတ်မထားသည့် သေခြင်းတရားက မေမေ့ကို အပါဆွဲခေါ်သွားသည်။ သေမင်းငင်ရာ နောက်ကောက်ကောက် ပါအောင် လိုက်သွားရသည့် မေမေကတော့ ကျန်ရစ်သည့် မိသားစုအပေါ် ဘယ်လိုမှ စိတ်ချလက်ချ နေလိမ့်မည်တော့ မဟုတ်ပါ။ ကျန်ရစ်ခဲ့သည့် ဖေဖေနှင့် မောင်နှမ နှစ်ယောက်အတွက် တမလွန်မှနေပြီး သောကတွေ လောင်ကျွမ်းရင်း နောက်ဆံတင်း နေမည်ကလည်း အမှန်။

သည်တုန်းက ကျွန်မတို့တစ်တွေ ငိုလိုက်ရသည့်ဖြစ်ခြင်း။ သည်းကြွေပြတ်မျှ ငိုကြွေးခဲ့ရသည်က ပဋ္ဌာမြေလူး။ မေမေ့ ရုပ်အလောင်းကို ရေဝေးသုသာန်ပို့တော့

နှစ်ဖက်ဆွေမျိုးတွေ လိုက်ပို့ကြတာ အလွန်အမင်း စည်ကားခဲ့သည်။ ကျွန်မတို့ မောင်နှမနှစ်ဦးလည်း ငိုခဲ့ရတာအမော။ မေမေ့ရုပ်ကလာပ် ပြာဖြစ်တဲ့နေ့မှ ရက်လည်တရားနာ ဆွမ်းကပ်တဲ့နေ့အထိ ငိုကြွေးလို့ မပြီး။ သေသွားတဲ့လူအတွက် သေရမယ့် လူတွေက တမ်းတပြီး ငိုကြွေးနေခဲ့ကြရတာလေ။ ဘယ်လောက် သောကတွေ များခဲ့ကြသလဲ။ တွေးကြည့်ရင် လူတိုင်းက သေခြင်းတရားနဲ့ မကင်းကြ။ မကင်းမှန်းသိပေမယ့် တကယ်သေသွားကြပြီဆိုရင်တော့ ဘယ်သူမှ တရားမရနိုင်ကြဘူးဆိုတာ ကျွန်မ နားလည်သလိုလိုနဲ့ အသိတွေ ဝေဝါးခဲ့ပြန်သည်။

မေမေ ဆုံးပြီးသည့်နောက် ကျွန်မလည်း ဘွဲ့ရ။ အစိုးရရုံးတစ်ရုံးမှာ ဝန်ထမ်းအဖြစ်နဲ့ အလုပ်ဝင်ခဲ့သည်။ ကျွန်မ အလုပ်ဝင်ခဲ့သလို မောင်လေးသည်လည်း ဆယ်တန်းအောင် ဘွဲ့ရခဲ့သည်။ သို့သော် မောင်လေးဖြစ်သူသည် ကျွန်မလို အစိုးရလုပ်ငန်း မဝင်လုပ်ခဲ့။ လုပ်ချင်သည် ဆန္ဒ မရှိ။ လွတ်လွတ်လပ်လပ်ဖြင့် အပြင်လုပ်ငန်း လုပ်မည်ဟု အာခံခဲ့သည်။

"သားလေးရာ…၊ မင်း မမကြီး ကြည့်စမ်း…။ အစိုးရဝန်ထမ်းဆိုတော့ ဘယ်လောက်ဣန္ဒြေရသလဲ။ ဘယ်ခေတ်ရောက်ရောက်၊ ဘယ်အစိုးရတက်တက်၊ ဝန်ထမ်းအလုပ်က ဝန်ထမ်းအလုပ်ပဲ လုပ်ရမှာလေ။ ဖေဖေ အကူအညီ တောင်းပေးမယ်"

ထိုစဉ်က ဖေဖေသည် ပင်စင်ယူခါနီးနေပြီ ဖြစ်သည်။ ဖေဖေ့အရှိန်အဝါ ဖေဖေ အပေါင်းအသင်းများကို အကူအညီ တောင်းခံလိုက်လျှင် မောင်လေးအတွက် နေရာတစ်နေရာတော့ ရနိုင်ပါသည်။ သေချာပေါက်ရလိမ့်မယ်ဟုလည်း ဖေဖေက အာမခံချက်ပေးခဲ့သည်။ သို့သော် မောင်လေးက စိတ်မဝင်စားခဲ့…။

"ကျွန်တော် အလုပ်မျိုး မကြိုက်လို့ပါ ဖေဖေ။ အပြင်မှာက လွတ်လွတ်လပ်တယ်။ ဒါကြောင့် ကျွန်တော် ဒီအပြင်အလုပ် လုပ်ပါရစေနော် ဖေဖေ"

သည်လို ငြင်းဆန် ခေါင်းခါလို့ ပြောခဲ့သည်။ ကျွန်မကလည်း အစ်မကြီးတော့ အမိအရာ ဆိုသလို၊ မောင်လေးဘဝ ရှေ့လမ်းကြောင်းအတွက် ပြောခဲ့သေးသည်။

"မောင်လေးရယ် စဉ်းစားပါဦး၊ ဖေဖေက အရာရှိတစ်ဦး။ မေမေဆိုရင်လည်း ခေတ်ပညာဘွဲ့ရတဲ့ စီးပွားရေးအရာကောင်းသူ၊ မမဆိုလည်း ဝန်ထမ်း ဖြစ်နေပြီ။ အစိုးရဝန်ထမ်းအလုပ်ကို စိတ်မပါရဘူးရယ်လို့ကွယ်။ ဖေဖေ ပြောသလို အလုပ်တစ်ခုခု ဝင်လိုက်နော်"

သို့သော် မောင်လေး ဖြစ်သူက လက်မခံခဲ့။ ကျွန်မနှစ်ဦးက ညှပ်ပြီးပြော တာကို လက်မခံခဲ့။ ပြောပါများတော့ နားညည်းသည်ဟုဆိုကာ တိုက်ခန်းမကပ် တော့။ ဟိုလိုလို သည်လိုလိုနှင့်သာ အချိန်တွေ ကုန်ခဲ့သည်။ ဝင်ငွေရသည့်အလုပ် ရှာမည်လုပ်မည်ဟု ပြောပေမယ့် လက်တွေ့တွင်တော့ ဘာလုပ်ငန်းမှ ရေရေရာရာ မရှိခဲ့။ အချိန်တန် ပြန်လာ စားသောက်ပြီး၊ လက်ဖက်ရည်ဖိုးတောင်း၍ အပြင်ကို ထွက်သွားသည်။ ဖေဖေနှင့် ကျွန်မကတော့ သူ့အတွက် နောင်ရေးတွေးရင်း စိတ် မော လူမောနှင့် ကျန်ခဲ့ရသည်ချည်း။

နောက်တွင်တော့ ဖေဖေသည် မောင်လေးကို ဘာမျှမပြောတော့။ သူ့ကံနှင့် သူပဲလေဆိုပြီး လျစ်လျူရှုခဲ့တော့သည်။ မကြာပါ။ ဖေဖေ ဖြစ်သူ ပင်စင်အပြီးမှာ တော့ ဖေဖေသည် ထိုင်ရုပ်ဖြစ်သွားပြီး စာရေးသောက်ရေးသည် ကျွန်မ၏တာဝန် ဖြစ်လာပြီ။ မေမေ မရှိတော့သည့်နောက် စိတ်ထောင်းကိုယ်ကြေ ဖြစ်ခဲ့သည့် ဖေဖေ၊ မိသားစုအပေါ် တာဝန်ကျေခဲ့သည် ဖေဖေ။ ဖေဖေအတွက် အရာရာသည် ကျွန်မရဲ့တာဝန်ဆိုတာကို ကျွန်မ လက်ခံခဲ့ပါသည်။

သို့ကြောင့်လည်း ဖေဖေ စိတ်ချမ်းသာအောင် ကျွန်မ တာဝန်ကျေပြခဲ့ရသည်။ ကျွန်မရသည့် လစာ၊ အိမ်ငှားတင်ခဲ့လို့ ရခဲ့သည့် ဝင်ငွေနှင့် ဖေဖေ့ကို စာရင်းနှင့် ဝင်ငွေထွက်ငွေကို အတိအကျ တွက်ချက်ပြီး အပ်ခဲ့ရသည့် ကျွန်မ…။

မေမေ မရှိတော့သည့်နောက် မေမေ့ကိုယ်စား အချစ်တွေရော၊ ဖေဖေ့အပေါ် ထားရှိခဲ့သည့် လက်ရှိအချစ်တွေပါ ပေါင်းပြီး ဖေဖေ့အပေါ် ကျွန်မ ချစ်ခဲ့ပါသည်။ ဖေဖေကလည်း ကျွန်မကို ချစ်ခဲ့သလို သားဖြစ်သူကိုလည်း ချစ်ခဲ့ရသည်ကိုတော့ ကျွန်မ အကြွင်းမဲ့ ယုံကြည်ထားပါသည်။

သို့သော်-

မကြာခင်မှာပင် ကျွန်မ ဖေဖေ့ကို မုန်းခဲ့သည်။

***

မုန်းခဲ့ရသည့်အကြောင်းက ကျွန်မဘဝ၊ မောင်လေးရဲ့ဘဝနှင့် ဆိုင်သည်။ ဖေဖေ ပင်စင်ယူအပြီး သုံးနှစ်အကြာမှာတော့ အလုပ်ရှာနေသည့် မောင်လေးသည် သူ လုပ်ရသည့် ကုမ္ပဏီတစ်ခုမှ အလုပ်တူ ဝန်ထမ်းတစ်ဦးနှင့် ချစ်သူ ဖြစ်ခဲ့သည်။ မောင်လေးသည် အလုပ်မဝင်ခင်က အသောက်အစား မက်ခဲ့သည်မို့ ချစ်သူရတော့ ပိုပြီး သောက်တတ်လာသည်။ သူ ရသည့်လစာက သူ့ချစ်သူအတွက်နှင့် အရက်ဖိုး

အတွက်သာ ကုန်ခဲ့သည်က များသည်။

"အင်း··· ဖေဖေကတော့ ဒီကောင်အတွက် သိပ်ပြီး မခံစားချင်တော့ဘူး"

ဖေဖေခများ ညည်းတွားခဲ့သည်။ ဖေဖေသည် မောင်လေးအပေါ် ဘာမှ မပြောတော့ဘဲ သူ့ဘာသာသူ စိတ်ချမ်းသာအောင် နေခဲ့သည်။ မောင်လေးကတော့ သောက်သောက်စားစားနှင့်နေရင်း အိမ်ထောင်ပြုဖို့ စိတ်ကူးထားပုံရသည်။

သို့သော် ပထမဆုံး အိမ်ထောင်ပြုသူက ကျွန်မသာ ဖြစ်သည်။ ပြုရသည့် အကြောင်းကလည်း ဖေဖေ့ဆန္ဒ၊ ဖေဖေသဘောကြောင့် ဖြစ်သည်။

"သမီး···၊ မောင်မျိုးကျော်ဆိုတာ ဖေဖေ သူငယ်ချင်းရဲ့ သားကြီးကွယ့်။ ပညာတတ် ရုပ်ချောသလို ချမ်းသာတဲ့ မျိုးရိုး။ ဒီတော့ ဖေဖေ မျက်စိမမှိတ်ခင် မောင်မျိုးကျော်နဲ့ လက်ထပ်ပေးသွားခဲ့ချင်တယ်"

ဖေဖေက ကျွန်မ ဆန္ဒကို တောင်းခံခဲ့သည်။ ဘဝတစ်သက်တာ ပေါင်းသင်းရမည့်သူကို နှလုံးသားနှင့်ရော ဦးနှောက်နှင့်ပါ ပေါင်းစည်းပြီး တွေးတောစဉ်းစားရမည်။ နောက်တွင်တော့ ဖေဖေက မောင်ကို အိမ်ခေါ်လာသည်။ မောင်မိဘတွေပါ ပါလာသည်။ မောင်က ကျွန်မကို မြင်မြင်ချင်း မေတ္တာရှိသလို ကျွန်မကလည်း မောင့်အပေါ် မေတ္တာသက်ဝင်သွားကြသည်။ နောက်တွင်တော့ ဖေဖေ့ဆန္ဒ မောင့်မိဘတွေ ဆန္ဒအရ အများသဘောကို လက်ခံခဲ့ပြီးနောက် မင်္ဂလာပွဲကျင်းပခဲ့သည်။

မောင်နှင့်ကျွန်မ လက်ထပ်ပြီးနောက် မောင်က ကျွန်မတို့တိုက်ခန်းကို လာသည်။ အပြီးလိုက်လာခြင်းတော့ မဟုတ်။ ညလာပြီးအိပ်။ နေ့ခင်းကျတော့ ပြန်။ သူ့အလုပ်သူ လုပ်။ ကျွန်မတို့ လက်ထပ်ပြီး တစ်နှစ်မပြည့်ခင်မှာ မောင်လေးက ရင်ဖွင့်လာသည်။ သူလည်း လက်ထပ်တော့မည့်အကြောင်း။

"ဖေဖေ၊ ကျွန်တော် အိမ်ထောင်ပြုတော့မယ်။ အဲဒါ တင့်တောင့်တင့်တယ် ဖြစ်အောင် စီစဉ်ပေးနော် ဖေဖေ"

မောင်လေးက ဖေဖေကို ပြောသလို ကျွန်မကိုလည်း တိုင်ပင်ခဲ့ပါသည်။ လူဆိုတာ ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်ရင် ကိုယ့်လမ်းကိုယ် လျှောက်ကြရတာပဲ မဟုတ်လား···။

"အင်း၊ ဖေဖေ အကောင်းဆုံး စီစဉ်ပေးရတော့မှာပေါ့ကွာ။ ဟုတ်ဘူးလား"

သားအတွက် ဖေဖေ ခေါင်းခံခဲ့ရပါသည်။ ကောင်မလေးရဲ့မိဘ၊ အလုပ်အကိုင်၊ အကျင့်စာရိတ္တအထိ စုံစမ်းတော့ ဆင်းရဲသည့် ဘဝထဲက။ ရုပ်ရည်ကတော့ အသင့်အတင့်သာ ရှိသည်။ အသားအရေလေး ဆောင်နေတော့ ကြည့်ပျော်ရှုပျော်တော့

ရှိခဲ့သည်။ ဖေဖေက သူ့ချွေးမကို ကြည့်ချင်သည်ဆို၍ အိမ်ခေါ်လာစဉ် မေးမိတော့ အိမ်ပိုင်ယာပိုင် မရှိ။ အိမ်ငှားပြီး နေကြရတယ်တဲ့။ ဒီကောင်မလေးမှာ မောင်နှမ ငါးဦး ရှိသည်။ ဒီကောင်မလေးက အကြီးဆုံးတဲ့။ ကောင်မလေးအဖေက စက်ရုံဝန်ထမ်း၊ မိခင်က အလုပ်မရှိ၊ မောင်နှမ သုံးယောက်လုပ်အားခ၊ ဖခင်ရဲ့ဝင်ငွေနဲ့ ရပ်တည်နေကြသည်တဲ့လေ။

"ဘယ်လိုလဲ သမီးကြီး၊ မောင့်လေးရဲ့ အိမ်ထောင်ရေးကိစ္စ"

"ဖေဖေရယ်…၊ လူဆိုတာ သူ့ဘဝ သူ့ကံနဲ့ လာကြတာ၊ ဒီတော့ မင်္ဂလာဆောင်ပေးလိုက်ပါနော်၊ ပြောပါလည်း မောင်လေးက နားဝင်မှာ မဟုတ်ဘူး"

"မိဘဝတ္တရားရှိတဲ့အတိုင်း စီစဉ်ရတော့မှာပေါ့လေ"

နောက်တွင်တော့ ဖေဖေက မိဘတို့ဝတ္တရားရှိသည့်အတိုင်း မင်္ဂလာဆောင်ပေးခဲ့သည်။ မင်္ဂလာဆောင် ပြီးသည့်နောက်မှာတော့ ပြောင်းလဲမှုတွေ ရှိလာသည်။ မောင်လေးတို့လင်မယားက ဖေဖေ့အနားကပ်ပြီး ဘာတွေ ပြောနေကြသည် မသိ။ ကျွန်မ မေးကြည့်လဲ အမှန်အတိုင်း မဖြေ။ သုံးလလောက်ကြာတော့ အဖြေပေါ်လာသည်။

"ကဲ…၊ သမီးကို ဖေဖေ ပြောစရာရှိတယ်၊ ဒီလို သမီးရဲ့၊ သားရဲ့ အမျိုးသမီးက ဒီကို လိုက်လာမှာဆိုတော့ ဒီတိုက်ခန်းကို သားတို့ လင်မယားကို ပေးရမှာ"

"ရှင်…"

ဖေဖေ့စကားကြောင့် ကျွန်မ တုန်လှုပ်သွားရသည်။ ဘယ့်နှယ်…၊ လုပ်ကျွေးရသည့်က ကျွန်မ။ ပြုစုရသည်က ကျွန်မ။ အခုတော့ နေနေတဲ့ ရွှေတောင်တန်းက တိုက်ခန်းကို မောင်လေးတို့ လင်မယားကို အပြီးပေးမယ်တဲ့လား…။

"ဟုတ်တယ် သမီး၊ သမီးက သမီးက သမီးဝင်ငွေနဲ့ သမီးတို့လင်မယား အင်အားနဲ့ အဆင်ပြေပါတယ် သမီးရယ်နော်၊ သားငယ်က မလိမ္မာတာရော၊ ဝင်ငွေနည်းတာရော၊ ဒါကြောင့် ဟို… ဟို… သမီးတို့ကို မြောက်ဒဂုံက အိမ်နဲ့ဝင်းကို ပေးမှာပါ။ ပြီးတော့ ဖေဖေက သမီးတို့နဲ့ လိုက်နေမှာလေ" သည်စကားပြောပြီးသည့်နောက် ကျွန်မ ဖေဖေ့အပေါ် အမုန်းကြီး မုန်းခဲ့သည်။ အရင်ကလို စကားသိပ်မပြောတော့။ မေထူးခေါ်ပြော သဘောမျိုးသာ ဖေဖေကို ဆက်ဆံခဲ့သလို မောင်လေးအပေါ်ရော သူ့ဇနီးအပေါ်မှာပါ သံသယတွေ၊ အမုန်းတွေ ထားခဲ့မိသည်။

ဒီတိုက်ခန်းပေးက ဆင်းရအောင် သူတို့လင်မယားက တိုက်ခန်းအပိုင်ရအောင် ကြံခဲ့သည်ဟု ယူဆားထားခဲ့သည့် ကျွန်မ။

ထိုစဉ်က ကျွန်မသည် ကိုယ်ဝန်နှင့်။ ဖေဖေက သူ စီစဉ်သည်ကို ဖြန့်းစားကြီး မစီစဉ်ခဲ့ပေမယ့် နေ့တိုင်း ကျွန်မကို သည်အကြောင်းပဲ ပြောသည်။ တိုက်ခန်းကို သားငယ်ကို ပေးရမည့်အကြောင်း။ အဝေးနေရာက အိမ်နှင့်ခြံကို ကျွန်မကို ပေးရမည့်အကြောင်း။ ပြီးတော့ ဖေဖေက ကျွန်မနှင့် လိုက်နေမည့်အကြောင်း…။

ကျွန်မ သက်ပြင်းချ တွေးနေရင်းမှ ရုတ်ခြည်း အိပ်မက်မှလန့်နိုးသလို မျက်လုံးကလူးဆန်ပြာ ဖြစ်နေမိသည်။ ကျွန်မ ရှေ့မှာ သားငယ်နှင့် သမီးကြီးတို့ကို ကြည့်ရင်း အတွေးများကို ရုပ်သိမ်းလိုက်မိသည်။

ထိုအချိန် ဖေဖေ့မျက်နှာနှင့် မောင့်မျက်နှာကို မြင်ယောင်နေမိပြန်သည်။

တစ်လှည့်စီ မြင်ယောင်နေသည့် ဖေဖေ့မျက်နှာနှင့် မောင့်မျက်နှာ ပြီးတော့ ဖေဖေ့အတွေး၊ ဖေဖေမေတ္တာနှင့် မေတ္တာနှင့် အချစ်တွေကိုရော။ မောင့်အတွေး၊ မောင့်မေတ္တာကိုပါ နားလည်သလိုလို ရှိခဲ့သည်။ တစ်ချိန်က ဖေဖေ့မေတ္တာတွေ၊ အချစ်တွေ၊ စီမံကွပ်ကဲပြီး သားသမီးအပေါ် ထားခဲ့သည်များကို လက်မခံခဲ့သည့် ကျွန်မ။ ခုတော့ နားလည်မိပြီ။ နားလည်ရချေပြီ။

"ဖေဖေ၊ ဖေဖေရယ်…"

"ဖေဖေရယ်…"

အသံတိတ် စိတ်ထဲမှာသာခေါ်ရင်း သားငယ်နှင့် သမီးကြီးကို ကြည့်ဖြစ်သွားသည်။ သားနှင့်သမီးကတော့ ကျွန်မ ဆုံးဖြတ်ချက်ကို နားစွင့်ရင်း ရှိသည်။ တစ်ချိန် ဖေဖေရယ်၊ မောင်လေးရယ်။ ထိုသုံးဦး၏အဖြစ်ကို သတိရမိပြန်သည်။ ထိုစဉ်က ဖေဖေ စီစဉ်ခဲ့သလို ရွှေတောင်တန်းမှတိုက်ခန်းကို မောင်လေးတို့လင်မယားအား အပြီးအပ်ခဲ့သည်။ အပ်သည့်နေ့မှာ ရှေ့နေတွေနှင့် စာချုပ်ချုပ်ပေးခဲ့သည်။ အပြီးပိုင်အပ်သည်ဆိုပေမယ့် ဘယ်လိုသော အဆင်မပြေမှုတွေ ရှိနေပါစေ၊ ထိုတိုက်ခန်းကို ရောင်းမစား၊ ပေါင်နှံလက်လွှဲခြင်း၊ မပြုရဆိုသည့်ကတိဖြင့် အပ်နှံခဲ့ခြင်း…။

မောင်လေးကို တိုက်ခန်းအပ်ပြီး ကျွန်မတို့လည်း ဖေဖေ စီစဉ်သည့်အတိုင်း ဖေဖေ့အပေါ် နားမလည်၊ ခွင့်မလွှတ်နိုင်ပေမယ့် မောင်ကတော့ အပြုံးမပျက်ခဲ့။ ဖေဖေ စီစဉ်မှုကို နားလည်ခဲ့သည် လက်ခံခဲ့သည်။ ကျွန်မနှင့်အတူ ဖေဖေနှင့်အတူ

သီးသန့်အိမ်ထဲမှာ နေခဲ့သည်။ တစ်နှစ်အကြာမှာတော့ ထိုင်အိမ်ဝင်းကို လူငှားတင်ခဲ့ပြီး ဗိုလ်အောင်ကျော်လမ်းမှာ တိုက်ခန်းဝယ်ပြီး အပြီးပြောင်းခဲ့သည်လေ။

ယခုတော့ ဖေဖေလည်း မရှိခဲ့၊ မောင်လေး ကွယ်လွန်ခဲ့ရပြီ။ ဖေဖေ ဆုံးပါးလို့ သားအငယ်မွေး အပြီး မောင်တစ်ယောက် ထင်မှတ်မထားဘဲ ရောဂါတစ်ခုနှင့် ကွယ်လွန်ခဲ့ရသည်။ နှစ်တွေ ကြာခဲ့ပြီ။ ကာလတွေ အရောင်ပြောင်းလို့ ပြေးလွှားခဲ့ကြပြီ။ ကျွန်မလည်း အသက်ခုနစ်ဆယ်ကျော်ခဲ့ပြီ။ သားနှင့်သမီးတောင် ဘွဲ့တွေရ၊ အလုပ်ဝင်ကြလို့ အဆင်ပြေသူပြေ၊ မပြေသူမပြေ ဖြစ်နေကြပြီ။

အဆင်ပြေသူက သမီးကြီးရဲ့ မိသားစု။ အဆင်မပြေတာက သားငယ်ရဲ့ မိသားစု။ သားနှင့်သမီးတို့ရဲ့ အဖြစ်ကလည်း ကျွန်မမောင်နှမနှစ်ဦးရဲ့ အဖြစ်လိုပါပဲ။ ပုံစံတူအဖြစ်မျိုး။ ဒီတော့ အဆင်မပြေသည့် သားငယ်က မြို့ထဲက တိုက်ခန်းကို ပေးဖို့ အသနားခံသည်။ ကျွန်မ မောင်လေးလိုတော့ မဟုတ်။ တကယ်လည်း အသောက်အစား အပျော်အပါး ကင်းသည်။ အလုပ်လည်း ကြိုးစားရှာပါသည်။ သားရဲ့မိန်းမ၊ ကျွန်မရဲ့ချွေးမကလည်း တော်ပါသည်။ ရိုးသားသူ၊ ကျွန်မကို မိခင်အရင်းလို သံယောဇဉ်ရှိပြီး အိမ်မှုကိစ္စကျွမ်းကျင် စိတ်ဝင်စားသူ။ ပြီးတော့ အဝတ်အစား၊ အစားအသောက်ကအစ လုပ်ပေါ်လော်လီခြင်း မရှိ။ တကယ့်မိန်းမကောင်း၊ မိန်းမပီသည့် မိန်းကလေးမျိုး။ သူတို့မှာ ကလေးတစ်ယောက်နှင့် ကိုယ်ဝန်ဆောင်နှင့်။ သားသမီးနှစ်ယောက် ရတော့မည့် အခြေအနေ။

သမီးကြီးကတော့ လက်တလော သိပ်ကို အဆင်ပြေသည်။ စီးပွားရေး အစုအဆောင်းကောင်းသည်။ သမီးက ဝင်ငွေကောင်းသလို၊ သမက်ကလည်း ဝင်ငွေ ဖောချင်းသောချင်း ရနေသည်။ သူတို့မှာ သားသမီးနှစ်ယောက် ရထားသူတွေ။ သားငယ်မိသားစုနှင့် သမီးကြီးရဲ့ မိသားစု အခြေအနေကို နှိုင်းယှဉ်ကြည့်လျှင် ကံတရားကြောင့် ကွာဟနေကြသည်ဟု ဆိုရချိမ့်…။

ထိုစဉ် ကျွန်မ မှန်းခဲ့သော…

ကျွန်မမိသားစုကို ရွှေတောင်တန်းတိုက်ပေါ်က ဆင်းစေခဲ့သော…

ဆင်ခြေဖုံးရပ်ကွက်ကို ပို့ခဲ့သော…

ပြီးတော့ ကျွန်မတို့ကို အဆင်ပြေသည်။ အဆင်မပြေသည့် သားငယ်ကို ဦးစားပေးရမည်ဟုဆိုခဲ့သော ဖေဖေ့စကားသံကို ကြားမိသည်။

"ဟုတ်တယ် သမီး၊ အခုလို ဖေဖေ စီစဉ်ရတာက၊ ဘယ်က သားသမီး မဆို အဆင်ပြေကြာတာကို မြင်ချင်တာ၊ အားလုံးအတူတူပဲ ဖေဖေ ချစ်ခဲ့တာပေါ့။

သမီးကြီး အဆင်ပြေလို့၊ ချမ်းသာလို့ သမီးကြီးကို ပိုပြီး မချစ်သလို၊ သားငယ်က ဆင်းရဲလို့ မရှိလို့ မလိမ္မာလို့ ဆိုပြီး လျှော့ပြီး ချစ်မယ်လို့လည်း ဖေဖေ စိတ်မကူးဘူး။ ဒီတော့ သမီးကြီးရယ်…၊ နိမ့်ပါးတဲ့ သားငယ်ကို ဖေဖေ ပိုပြီး ဖြည့်ဆည်းပေးခဲ့တာ မမှားဘူးလို့ ထင်တယ်။ အဲဒါ အဖေတိုင်းရဲ့ ပေးဆပ်ခြင်းပဲ…။ ဒါကြောင့် ဖေဖေ့သား လူဆိုးလေးရဲ့ဘဝ တင့်တောင်းတင့်တယ်ဖြစ်အောင် ဖေဖေလေ ဒီတိုက်ခန်းကို ပေးဖို့ ဆုံးဖြတ်ခဲ့တာ။ သမီးက ပြည့်စုံနေပြီပဲကွယ်။ ဖေဖေ စီစဉ်တဲ့အတိုင်း လက်ခံပေးပါ သမီးကြီးရယ်…"

ဒါက ဖေဖေပြောတဲ့စကား…။

"မိန်းမရယ်…၊ အချိန်မှာ မောင်တို့က အသက်ရှုချောင်နေတဲ့ အချိန်လေ။ သူတို့က အသက်ရှုကျပ်နေတဲ့ကာလ။ ဒီတော့ ဖခင်တစ်ဦးအနေနဲ့ နိမ့်ပါးတဲ့သားကို ပိုပြီး ပေးချင်မှာပေါ့။ ချစ်တာကတော့ အတူတူပဲလေ။ ဒါကြောင့် ကိုယ့်ယောက္ခမကြီးရဲ့ ဆုံးဖြတ်ချက်ကို လေးစားတယ်။ ဖေဖေ့အပေါ် မင်းက ဘယ်လိုမှ သဘောမထားနဲ့။ တစ်ချိန်ချိန်မှာ မင်းရဲ့ သားသမီးတွေ အဲသလိုမျိုးကြုံလာရင် ကိုယ့်မိန်းမ သိလာလိမ့်မယ်"

ဒါက မောင်ရဲ့စကား။ သည်သို့ပြောခဲ့သူ ဖေဖေရော၊ မောင်ပါ ကျွန်မအနား မရှိကြတော့ပြီ။ ထိုအခါ ကျွန်မအနေဖြင့် ဖေဖေ့ခံယူချက်၊ မောင့်ဆန္ဒအတိုင်း လက်ရှိတွင် ဆုံးဖြတ်ရပေတော့မည်။ သားငယ်နှင့် သူ့ဇနီး။ နောက် သမီးကြီးတို့ မိသားစု…။

ကျွန်မ ပြုံးလိုက်သည်။

"သမီးကြီး၊ အခုအချိန်မှာ သမီးတို့မိသားစုက လက်ဖျားငွေသီးနေတာ။ သားလေးရဲ့ လက်မှာတော့ ငွေရှားလို့ ခြောက်ကပ်နေတာ။ ဒီတော့ ဒီတိုက်ခန်းကို သားလေးရဲ့မိသားစုကို မေမေ အပြီးအပိုင်ရလိမ့်မယ် သမီး။ သမီးကြီးက အိမ်နဲ့ခြံဝိုင်းကို ယူတော့။ ဟုတ်ပြီနော်။ ဒီလို ဘာလို့ ဆုံးဖြတ်ရသလဲဆိုရင် အဲသလိုမျိုး ကိုယ့်သားသမီးထဲမှာ အနည်းအကျဉ်း နိမ့်ပါးသူပါလာခဲ့ရင် ပိုပြီး ထောက်ပံ့ပေးဆပ်ချင်တာက မိဘတိုင်းရဲ့မေတ္တာ၊ မိဘတိုင်းရဲ့ အချစ်ပဲ သမီး။ သမီး နောင်တစ်ချိန်မှာ အဲသလိုမျိုးကြုံလာရင်…"

ကျွန်မ စကားမဆုံးခဲ့…။ နားလည်မှုနှင့် ခေါင်းညိတ်ပြီးသည့် သမီးကြီး။

"သမီး နားလည်ပါတယ် မေမေရယ်…။ မေမေ စိတ်ချမ်းသာသလိုသာ

စီစဉ်ပါနော်၊ မေမေ့ကို သမီး အမြဲပြုစုသွားမှာပါ။ မေမေ ကျေနပ်မယ်ဆိုရင် မောင်လေးကို အားလုံးအကုန် ပေးချင်ပေးပါ မေမေ။ သမီး မမျှော်လင့်ပါဘူး။ မေမေ စိတ်ချမ်းသာတာကိုပဲ သမီး လိုချင်တာ။ မေမေ့အချစ်ကိုပဲ အလိုရှိတာပါ မေမေ…”

ထိုအခါ သားနှင့်ချွေးမကပါ ကျွန်မကို သေတစ်ပန် သက်တစ်ဆုံး ပြုစုကျွေးမွေးကြပါမည်ဟု ကတိပြုကြသည့်အချိန် ဖေဖေနှင့်မောင်ကို သတိရမိပြန်သည်။ သူတို့စကားတွေကို ကြားယောင်မိပြန်သည်။ ထိုအခါ ကျွန်မ မုန်းခဲ့သော ဖေဖေ့ကို အတိုင်းအဆမရှိ ချစ်မိသွားသည်။ ဖေဖေ့အချစ်ကို နားလည်သွားသည်။ ပြီးတော့ မောင့်ကိုပါ လွမ်းဆွတ်တမ်းတ နေမိပြန်သည်။

သတိရဆုံးကတော့ ကျွန်မရဲ့အချစ်ဆုံး ဖေဖေ့ကို…။

မေလတ်လန်

❒

အနှိုင်းမဲ့ ပန်းချီ

ထားဥဿုံ

မိခင် ဖခင်ရင်းတို့၏မေတ္တာ
မွေးစားမိဘများ၏မေတ္တာကို
သိနားလည်ပြီး
အမှားများကို ပြုပြင်၍
လူကောင်းလူတော်လေး ဖြစ်သွားခဲ့လျှင်

# အနှိုင်းမဲ့ ပန်းချီ

ထားဥသုံ

"ရော့… ဦးလေး…၊ ပိုတာ ပြန်မအမ်း… နဲ့တော့နော်…"

ဆိုက်ကားပေါ်မှ ဆင်းရင်း လက်ထဲသို့ တစ်ထောင်တန်တစ်ရွက် ဖွတ်ထိုးထည့်လျက် ခပ်သွက်သွက် ထွက်သွားသော လူငယ်လေးကို ဦးသန်းဆောင်က မျက်စိတစ်ဆုံး လိုက်ကြည့်နေမိသည်။ ပြီးမှ ဆိုက်ကားကို ဂိတ်ဆီပြန်နင်းလာခဲ့လိုက်၏။

လူငယ်သည် ဟိုဘက် ရပ်ကွက်ထဲတွင် နေသူဖြစ်သည်။ သူ့ ဆိုက်ကားကို စီးနေကျဖြစ်ပြီး စီးတိုင်းလည်း ဆိုက်ကားခကို ပိုပေးမြဲဖြစ်လေသည်။ သူ့ကိုသာ မဟုတ်။ အသက်အရွယ်ကြီးရင့်သော၊ လုပ်ကိုင်မစားနိုင်သော အဘိုးအို၊ အဘွားအိုများကိုလည်း အမြဲပေးကမ်း လှူဒါန်းလေ့ရှိသည်ကို သူ မကြာခဏ တွေ့ဖူးပါသည်။

လူငယ်၏ အမည်မှာ သန့်စင်ဦးဖြစ်ပြီး လူငယ်လေးနှင့် တစ်ရပ်ကွက်တည်းနေသော ဆိုက်ကားနင်းဖော် သူတို့ဂိတ်မှ မိတ်ဆွေ ဦးတင်၏ ပြောပြချက်အရ မောင်သန့်စင်သည် အင်ဂျင်နီယာ တက္ကသိုလ်ကျောင်းသားဖြစ်သည်ဟု သိရသည်။ အိမ်တွင်လည်း သားလိမ္မာတစ်ဦး ဖြစ်သည်ဟု ဆို၏။ လူငယ်သည် နာမည်နှင့် လိုက်အောင်ပင် မျက်နှာလေးက ကြည်ရှင်းသန့်စင်နေလေသည်။

ငါ့သားလေးသာရှိရင်… သည်ကလေးအရွယ်ပဲပေါ့…။ သည်ကလေးလိုပဲ ငါ့သားလည်း အပြောအဆို လိမ္မာယဉ်ကျေးပြီး ပညာတတ်လေး ဖြစ်နေမှာပါပဲ…။ အင်း… သည်ကလေးသာ ငါ့သားလေး ဖြစ်လိုက်ပါတော့…။

သူ သည်သို့ မကြာခဏ တောင့်တမိတတ်လေသည်။ စိတ်က ဆန္ဒပြင်းလွန်း၍လားတော့ မသိ။ မောင်သန့်စင်ကို သားနှင့် တူသည်ဟု သူ ထင်မိ၏။ သားသာ အရွယ်ရောက်ခဲ့လျှင် မောင်သန့်စင်၏ မျက်နှာကျမျိုး ဖြစ်နေမည် ထင်ပါသည်။ မျက်ခုံးထူပုံနှင့် မျက်လုံး စူးစူးသဏ္ဌာန်က သားအတိုင်းပဲ··· ဟု သူ့ဘာသာ သေချာနေမိတော့သည်။

အထူးသဖြင့် ထိုကလေးကို ပထမကပင် သူ စိတ်ဝင်စားခဲ့မိခြင်းမှာ မောင်သန့်စင်သည် မွေးစားသားဖြစ်သည်ဟူသော သတင်းကြောင့် ဖြစ်လေသည်။ ကြားခါစက သူ့မှာ ထိတ်ခနဲပင် ဖြစ်မိကာ မွေးစားမိဘများ၏ အမည်နှင့် အလုပ်အကိုင်ကို အလျင်စလို မေးမိ၏။ သူ သိထားသည်များနှင့် မကိုက်ညီတော့မှ သူ စိတ်ဓာတ်ကျစွာ လက်လျှော့လိုက်ရလေသည်။ သို့စဉ်တိုင် စိတ်ထဲက လက်မခံချင်သေး။ ဤရုပ်ကွက်တွင် အစဉ်တစိုက်နေလာခဲ့ပြီး ဤအတိုင်း မှန်ပါသည်ဟု ခိုင်လုံနေ၍သာ သူ စိတ်လျှော့လိုက်ရသည်။

မောင်သန့်စင်နှင့် တတွဲတွဲနေသော သူငယ်ချင်းကောင်လေးတစ်ယောက် ရှိသေးသည်။ "ဖုန်းမို"···ဟု ခေါ်၏။ သည်ကလေးနှစ်ယောက် အချစ်ဆုံးသူငယ်ချင်းများ ဖြစ်နေသည်ကို ဦးသန်းဆောင် တစ်ခါတစ်ရံ အံ့ဩမိသည်။ စရိုက်ချင်းက လုံးဝမတူ။ ဖုန်းမိုက သူဌေးသား။ မောင်သန့်စင် ပြောဖူးသည်။ မိဘများက နိုင်ငံခြားပြန်ဆရာဝန်တွေ··· တဲ့။

သားက ဖုန်းမိုတစ်ယောက်တည်းမို့ အလိုလိုက်ထားကြဟန် တူပါသည်။ မောင်သန့်စင်နှင့် အတန်းတူ၊ အင်ဂျင်နီယာကျောင်းသားပင် ဖြစ်သော်လည်း မောင်သန့်စင်လို လူအေးမဟုတ်။ အပေါင်းအသင်းစုံ၏။ အရက်လည်း သောက်၏။

တစ်ခါက အမူးလွန်နေသော ဖုန်းမိုအား မောင်သန့်စင် တွဲခေါ်လာသည်ကို တွေ့ဖူးသည်။ အသောက်များသွားပြီး အိမ်မပြန်ဘဲ မောင်သန့်စင်ထံ လိုက်အိပ်မည်ဟု ရစ်နေ၍ ခေါ်လာခဲ့သည်ဟု မောင်သန့်စင်က ပြောပြခဲ့ဖူး၏။ တစ်ခါကလည်း ဖဲရှုံး၍ ဖဲကြွေးဆပ်ရန်ဆိုပြီး သူ့လည်ပင်းမှ ရွှေဆွဲကြိုး ဖြုတ်ရောင်းမည် လုပ်နေသဖြင့် မောင်သန့်စင်က မတန်တဆနှင့် မရောင်းရန် ချော့မော့ကာ လိုသောငွေကို ခဏချေးလိုက်ရသည်ဟု ဆိုသည်။ ဖုန်းမိုတွင် ငွေမရှိ၍မဟုတ်။ မူးမူးနှင့် ထင်ရာလုပ်ခြင်းမျိုး ဖြစ်လေသည်။ မကောင်းသော အပေါင်းအသင်းများနှင့် ပေါင်းကာ စိတ်ထင်ရာ စိုင်းတတ်သည့်အကြောင်း ပြောပြခဲ့သည်။

မောင်သန့်စင်ကမူ အရက်မပြောနှင့်။ ဆေးလိပ်ပင် သောက်သည်ကို မတွေ့ဘူး။ သည်လို စရိုက်ချင်းက ဖီလာဖြစ်နေပါလျက်နှင့် အချစ်ဆုံးသူငယ်ချင်းတွေ… ဟု ဆိုသဖြင့် ဦးသန်းဆောင် အံ့သြမိသည်မှာ မလွန်ပါ။ မောင်သန့်စင်ကမူ သူ့သူငယ်ချင်းသည် မိဘက အလိုလိုက်ထား၍ အပေါင်းအသင်းများကာ ထင်ရာလုပ်နေခြင်းသာ ဖြစ်သည်ဟု ဆိုသည်။ စိတ်ရင်းဓာတ်ခံကောင်းသူ ဖုန်းမိုကို လမ်းမှန်ရောက်အောင် သူကြိုးစားထိန်းသိမ်းပေးနေခြင်း ဖြစ်ကြောင်းလည်း ပြောပြဖူးသည်။ မည်သို့ ဆိုစေ။ သည်လို ဆိုးသွမ်းသောကလေးမျိုးနှင့် ပေါင်းပြီး မောင်သန့်စင်ပါ ပျက်စီးသွားမည်ကိုတော့ ဦးသန်းဆောင်ကကြားမှ မဆီမဆိုင် ပူပင်မိလေသည်။

ထိုလူငယ်နှစ်ယောက်ကို မြင်တိုင်း သူ့သားလေးလည်း မည်သို့ရှိမည်လဲ…ဟု မကြာခဏ တွေးမိတတ်သကဲ့သို့ သားကိုလည်း အထူးသတိရမိတော့သည်။

သြော်… နှစ် နှစ်ဆယ်ကျော်မျှ ကြာခဲ့ပြီးသော်လည်း သူ့ရင်ထဲတွင်တော့ မနေ့တစ်နေ့က ဖြစ်ခဲ့သလို ခံစားချက်တို့က ရင်ကို ပူပြင်းစွာ လောင်မြိုက်ဆဲပင်တည်း။

* * *

"မေကြီးရေ… မုန့်ဖတ် လိုသေးလားဟေ့…"

အသုပ်ဆိုင်ရှေ့တွင် ဆိုက်ကားကို ရပ်လျက် လှမ်းမေးနေသော ခင်ပွန်း ဦးသန်းဆောင်၏ အသံကြောင့် ဒေါ်ခင်မူက မော်ကြည့်လိုက်ရင်း…။

"လိုတယ် ဖေကြီးရေ…၊ ခေါက်ဆွဲ ငါးဆယ်သားလောက် ဝယ်ခဲ့ပါဦး"

အေး… အေး… ဟုဆိုလျက် ဆက်လက်နင်းထွက်သွားသော ခင်ပွန်းသည်ကို ဒေါ်ခင်မူ တွေတွေလေး လှမ်းကြည့်မိသည်။ "ဖေကြီး…"။ သည်လို ခေါ်မိတိုင်း သူမရင်ထဲ လှိုက်ခနဲ ဖြစ်ရမြဲ။ ခင်ပွန်းသည်ကို "ဖေကြီး" ခေါ်ပြီး သူမကိုယ်သူမ "မေကြီး"…ဟုသော သုံးနေရသည်။ "ဖေကြီး… မေကြီး…" ခေါ်မည့် သားကလေးကား သူမတို့ ရင်ခွင်တွင် မရှိတော့။

အများအမြင်တွင် သားသမီးလည်း မရှိပါဘဲ အဖေ၊ အမေလုပ်နေပုံက ရယ်စရာ ဖြစ်နေလေမည်လားတော့မသိ။ သားလေးရှိနေစဉ်က မပီကလာခေါ်နေကျ ဖေကြီး၊ မေကြီး… ဟူသော အခေါ်အဝေါ်လေးကို သူမတို့ လင်မယား စွဲမြဲစွာသုံးလျက် အလွမ်းဖြေ၊ နှစ်သိမ့်နေခဲ့ရသည်မှာ ဘာလိုလိုနှင့် နှစ်နှစ်ဆယ်ပင် ကျော်ခဲ့ပြီ။ သို့တိုင် သူမတို့အတွက်တော့ ယခုအချိန်ထိ တမြည့်မြည့်နှင့် ရင်ထဲတွင် တနင့်တပိုး ခံစားနေရဆဲပင်။ တွေးရင်းက ဒေါ်ခင်မူ မျက်ရည်ဝဲချင်လာလေသည်။

စားသူရှင်းသွား၍ ထိုင်ခုံတွင် ထိုင်ချလိုက်ရင်း အနီးရှိ ကားမှတ်တိုင်ဆီသို့ အမှတ်တမဲ့ ငေးကြည့်ကာ ရောက်တတ်ရာရာ တွေးနေမိသည်။ မှတ်တိုင်တွင် ကား စောင့်နေဟန်တူသော ဂျင်းဘောင်းဘီနှင့် ကောင်လေးကိုမြင်တော့ သားကို ပို၍ သတိရမိလေသည်။

သားလေးသာရှိရင် သည်အရွယ်၊ အသက်နှစ်ဆယ်ဝန်းကျင်ပေါ့ ...။

ထို ဂျင်းဘောင်းဘီနှင့် ကောင်လေးကို သူမ သိပါသည်။ ခင်ပွန်း ဦးသန်းဆောင် ပြောသလို သူမကိုယ်တိုင်လည်း သားနှင့် တူသည်ဟု ထင်မိသည်။ နာမည်က မောင်သန့်စင် ... တဲ့။

ခင်ပွန်းက မကြာခဏ ပြောပြလေ့ရှိသဖြင့် လူချင်းမခင်သော်လည်း သူမ စိတ်ထဲတွင် မောင်သန့်စင်ကို တရင်းတနှီး ဖြစ်နေပြီ။ သည်ကလေးနှင့် တတွဲတွဲ မြင်ရလေ့ရှိသော ဖုန်းမိုဆိုသည့် ကောင်လေးအကြောင်းလည်း ကိုသန်းဆောင် ပြောပြဖူးသည်။ သားအရွယ်တွေမို့ သူတို့ကိုမြင်တိုင်း ဒေါ်ခင်မူမှာ သားကို ပို၍ လွမ်းမိလေသည်။

သို့သော် သူမ၏သားကို ဖုန်းမိုလို သားမျိုးတော့ မဖြစ်စေလိုပါ။ သူမ၏ ခင်ပွန်းကဲ့သို့ပင် မောင်သန့်စင်ကိုသာ သူမတို့ သားကလေးဖြစ်လိုက်ပါတော့...ဟု သူမလည်း တောင့်တမိပါ၏။ သားလေးရယ်... ဘယ်ဆီနေသလဲကွယ်...။ မေကြီးတို့ ရှာရတာလည်း မောလှပါပြီ သားရယ်...။ အင်း... မသေခင် ငါ့သားလေးကို ပြန်မှတွေ့ရပါဦးမလား...။

တွေးရင်းတွေးရင်း စောစောက ဝဲနေသော မျက်ရည်များသည် မျက်လုံးအိမ် အတွင်း ချက်ချင်းပြည့်လျှံလာလျက် တပေါက်ပေါက် စီးကျလာတော့၏။

ဒေါ်ခင်မူ တစ်ယောက် ထုံးစံအတိုင်း လူမသိအောင် ကြိတ်ငိုနေမိလေတော့ သည်။

* * *

သန်းဆောင်နှင့် ခင်မူတို့သည် ချင်းတွင်းမြစ်ကမ်းဘေးရှိ မော်လိုက်မြို့၏ အတွင်းဘက် ခပ်ကျကျ ရွာငယ်လေးတွင် နေထိုင်ကြသူများဖြစ်သည်။ တော သဘာဝ လယ်လုပ်ကိုင်းလုပ်နှင့် လင်မယားနှစ်ယောက် အေးချမ်းစွာ ရှိခဲ့ကြသည်။ သားကလေး ဖိုးထူး၏ ချစ်စဖွယ် မျက်နှာလေးကိုကြည့်ရင်း ပင်ပန်းသမျှ အမောဖြေ ရလျက် မောင်တစ်ထမ်း မယ်တစ်ရွက် ဒိုးတူပေါင်ဖက် အလုပ်လုပ်ကြ၏။

"ခင်မူရေ…ဒီနေ့ ငါးခဲ့ရမယ်နော်၊ ခဏနေရင် သွားကြရအောင်"

"သိပါတယ် ကိုသန်းဆောင်ရဲ့…။ ခင်မူ ထမင်းထုပ်လည်း ပြင်ပြီးပါပြီ။ အားလုံး အသင့်ပါပဲ"

လင်မယားနှစ်ယောက်သား နှစ်နှစ်အရွယ် သားငယ်ဖိုးထူးကို တစ်ယောက် တစ်လဲ ချီပိုးရင်း ရွာတောင်ဘက် အတော်လှမ်းလှမ်းရှိ ချောင်းရိုးအတိုင်း လျှောက်ခဲ့ကြသည်။ ထိုချောင်းသည် ချင်းတွင်းမြစ်အတွင်းသို့ စီးဝင်သွား သောချောင်းဖြစ်၏။ သူတို့က မြစ်ကမ်းစပ်နားထိသွားကာ ငါးခုတ်ကြမည်ဖြစ်လေ သည်။

"ဟား… ဟား… ငါ့သားတော့ အဖေ့ကျောတစ်လှည့်၊ အမေ့ပခုံးတစ်လှည့် စီးလိုက်လာပြီး အတော်ပင်ပန်းသွားပြီနဲ့တူရဲ့၊ အိပ်တောင်ပျော်နေပြီ"

ခင်မူက ရယ်ရင်း ကိုသန်းဆောင်၏ ကျောပေါ်မှီ၍ အိပ်ပျော်နေသော သား ငယ်ဖိုးထူးကို အပင်ရိပ်အောက်တွင် အခင်းခင်းပြီး ချသိပ်ထားလိုက်၏

"ကိုသန်းဆောင်ရေ… ၊ ခင်မူ ဟိုးဝါးတောမှာ မျှစ်စို့ကြီးတွေ တွေ့ခဲ့တယ်။ အဲဒါ အရင်သွားတူးလိုက်ဦးမယ်။ အစ်ကို ငါးတွေ ခုတ်ချထားနှင့်။ ခင်မူမျှစ်တူးပြီး ရင် ငါးတွေလာစည်းပေးမယ်နော်…"

"အေး… အေး…"

သန်းဆောင် ငါးအတော်ခုတ်ပြီးသည်ထိ ခင်မူပေါ်မလာသေး။ သူ ပြုံးလိုက်မိ၏။ သူ့မိန်းမအကြောင်း သူသိပါသည်။ ခင်မူတစ်ယောက် အိမ်စားရန်သာမက၊ ဈေးတွင်သွားရောင်းရန်ပါ မျှစ်စို့များများ ရှာတူးနေပေလိမ့်မည်။ သူတို့ လင်မယား သားလေးကို ရှင်ပြုနိုင်အောင် ခုကတည်းက ငွေစုနေကြသည် မဟုတ်လား။

သန်းဆောင်က ခုတ်ပြီး ငါးများကို အစည်းပြုလုပ်ပေးထားလိုက်၏။ ခင်မူ လာလျှင် အသင့်သယ်နိုင်ရန်ဖြစ်သည်။

အင်း… အတော်တောင် ရနေပြီပဲ။ ဒီအစည်းတွေကို မြစ်ကမ်းပါးပေါ် အလျှင် တင်ထားပြီး နည်းနည်းထပ်ခုတ်လိုက်ပြီးရင် တော်လောက်ပြီ။ တော်ကြာ သယ်မနိုင်ဘဲ နေဦးမယ်…။

သူ တွေးလိုက်ရာက စည်းထားပြီးသော ငါးစည်းကို ကောက်ထမ်းကာ ကမ်းပါးပေါ် ကုန်းတက်လိုက်သည်။

"ဟာ… အမလေး…"

သူက ငါးစည်းနှင့် ကမ်းပါးပေါ်အတက်၊ သူ ခြေချလိုက်သော ကမ်းပါးစွန်း နေရာက မြေစိုင်ခဲက အိခနဲ နိမ့်ဆင်းသွား၍ လန့်ကာ အော်လိုက်မိ၏။ ထမ်းထား သော ငါးစည်းနှင့်မို့ သူ့ကိုယ်ကို မလဲပြိုအောင် မနည်းထိန်းလိုက်ရလေသည်။

"ဝေါ… ဖရော… ဝေါ… ဝေါ…"

"ဟာ… ကမ်းပါး… ပြို… ခင်… ခင်မူ… ခင်မူရေ…"

သန်းဆောင် အလန့်တကြားအော်လိုက်မိ၏။ ဓနိစည်းနှင့် သူ့ကိုယ်သူ မနည်းထိန်းပြီး ရပ်မိလိုက်စဉ်မှာပင် သူ့ခြေအောက်မှ ကမ်းပါးသည် တဝေါဝေါ၊ တဖြော ဖြောပြော အသံပေးကာ ပြိုကျသွားလေတော့သည်။ သန်းဆောင်က ဆွဲမိဆွဲရာ လှမ်းဆွဲမိ၏။ ကမ်းပါးစောင်းတွင် ပေါက်နေသော အပင်ငယ်တစ်ပင်၏ အမြစ်ကို ဆွဲမိလိုက်သည်။ သို့သော် အပင်က ငယ်နေ၍ သူ့ကိုယ်အလေးချိန်ကို ကြာကြာထိန်းနိုင်မည် မထင်။ မကြာမီ အပင်ပါကျွတ်၍ ပါသွားနိုင်သည်။

"ခင်မူ… ခင်မူ… ကယ်… ကယ်ပါဦးဟ…"

သူ လှမ်းအော်ဆဲ သူ့အော်သံကြား၍ ထင်သည်။ ဇနီးသည်၏ တဖုတ်ဖုတ် ပြေးလွှားလာသံကြားလိုက်ရ၏။

"ကို… ကိုသန်းဆောင်… အစ်ကို…"

ခင်မူ၏ စိုးရိမ်တကြီး အော်သံနှင့်အတူ အနားသို့ အပြေးအလွှားရောက်လာပြီး မခိုင့်တခိုင် သစ်မြစ်ငယ်ကိုဆွဲခိုထားသော သူ့အား ခင်မူက ဆွဲတင်ရန် ကြိုးစားလိုက်၏။

"ဟာ… ကျ… ကျ… ပြို"

"ဝေါ… ဖရော… ဖရော… ဖရော…"

ပြိုလက်စ ကမ်းပါးစောက်မှာ လူနှစ်ယောက်၏ အလေးချိန်နှင့် လှုပ်ရှားမှုကြောင့် သူတို့နှစ်ဦး ရှိနေသော ကမ်းပါးပိုင်းက အောက်ဘက်မြစ်အတွင်း ဝေါခနဲ ပြိုကျသွားပါလေတော့သည်။

"ဝုန်း…" "ဗွမ်း…" "ဖြန်း… ဖြန်း…"

နှစ်ဦးစလုံး မြစ်တွင်းသို့ ပြုတ်ကျသွားကြရတော့သည်။ ပြိုကျသွားသော ကမ်းပါးစွန်းမှာ မြစ်ကွေ့၊ ရေစီးသန်သော နေရာတွင် ဖြစ်ခြင်းကြောင့် ခင်မူရော၊ သန်းဆောင်ပါ မြစ်ရေစီးနှင့်အတူ မျောပါသွားရသည်။

"ခင်မူ… ခင်မူ… အသာ… မျှော်လိုက်သွား…၊ မြစ်ကွေ့… မြစ်ကွေ့ လွန်မှ ကမ်းပါးဆီ… ပြန်… ကူး…"

ရေစီးအကြောင်း သန်းဆောင်မှာ ခင်မူ့ထံရောက်အောင် မကူးနိုင်သကဲ့သို့ ခင်မူမှာလည်း သန်းဆောင်နား မကပ်နိုင်။ မြစ်ရေစီးနှင့်အတူ နှစ်ယောက်သား ပါသွားကြသည်။ မြစ်ဘေး၊ ချောင်းဘေးကြီး လာကြရသူများမို့သာ ရေကူးကျွမ်း

ကျင်ကြ၍ ကိုယ်ဖော့ပြီး ရေစီးအတိုင်း ခိုလိုက်နိုင်ခဲ့ကြသည်။ အတော်ဝေးဝေး ရေစီးကြောင်း လွတ်သည့်နေရာရောကမှ ကမ်းဆီသို့ နှစ်ယောက်သား ပြန်ကူးတက်နိုင်ကြတော့၏။

ကမ်းပေါ်ရောက်တော့ အမောမှ မပြေသေးခင် ခနီခုတ်ရာနေရာတွင် အိပ်ပျော်၍ ကျန်ရစ်ခဲ့သော သားငယ်ကို စိတ်ပူကာ နှစ်ယောက်သား အပြေးပြန်ခဲ့ကြသည်။ မြစ်ကမ်းဘေး သစ်ပင်ချုံပင်များနှင့် လမ်းမရှိသော တောတွင်းဖြစ်ရာ ကမ်းပါးတစ်လျှောက် ကွေ့ပတ်ပြေးလွှားလာခဲ့ကြရ၏။

"ဟင်… သား… သား… ဖိုးထူး… မ… မရှိ… တော့ဘူး"

သားကို သိပ်ထားခဲ့သောနေရာအရောက် အပင်ရိပ်တွင် အိပ်ကျန်ခဲ့သော သား ဖိုးထူးကို မတွေ့ရတော့။ သန်းဆောင်တို့ လင်မယားမှာ ပျာစေကာ ဟိုသည် လိုက်ကြည့်ရင်း၊ သားကို တကြော်ကြော်ခေါ်ရင်း လိုက်ရှာကြသည်။ ဘယ်မှာမှ မတွေ့။

ထိုနေရာတစ်ဝိုက်သည် သားကောင် ကျက်စားသည့်နေရာ နယ်ပယ်မဟုတ်၍ သားကောင်ဆွဲသွားခြင်းတော့ မဖြစ်နိုင်။ မြစ်ဘက်သွားရင်း မြစ်ထဲကျသွားလေသလားဟု ရင်မီးတောက်လျက် သားကို ရှာကြသည်မှာ နေမွန်းတိမ်းသည်အထိပင်။ သည်နေရာက လူသွားလူလာရှိသည့် နေရာမျိုးမဟုတ်၍ မေးမြန်းစရာကလည်း မရှိ။ သားငယ်ကား ပျောက်ခြင်းမလှ ပျောက်သွားခဲ့လေပြီ။

နောက်ဆုံး မည်သည့်နေရာမျှ ရှာမတွေ့သောအခါ ခင်မူမှာ ငိုရင်းတက်၍ သတိမေ့သွားခဲ့တော့သည်။ သန်းဆောင်မှာလည်း သားအပူအပြင် ဇနီးအား သတိလည်အောင် ပြုစုရပြန်သည်။ ဇနီးက သတိပြန်လည်လာခဲ့သော်လည်း သားစိတ်ဖြင့် ကြောင်တောင်တောင်ဖြစ်နေ၍ ဇနီးသည်ကို ပွေ့တစ်လှည့်၊ တွဲတစ်ဖုံဖြင့် ရွာသို့ ရောက်အောင် မနည်းပြန်ခေါ်ခဲ့ရလေသည်။

ခင်မူသည် သားပျောက်အပူဆောင့်ကာ လပေါင်းများစွာ မရူးရုံတစ်မည် လူမမာလုံးလုံး ဖြစ်သွားခဲ့ရသလို သန်းဆောင်မှာတော့ သားအပူ၊ မယားအပူ ဖိစီးလျက် အရူးကြီးမဖြစ်ရုံ ရှိခဲ့ရလေတော့သည်။ ကလေးခမျာ မြစ်ထဲကျကာ သေရှာလေပြီလားဟု မြစ်ရိုးတစ်လျှောက် ရွာများတွင် လိုက်လံစုံစမ်းခဲ့သော်လည်း မည်သည့်နေရာတွင်မျှ ကလေးအလောင်းတွေ့သည်ဟူသော သတင်းမကြားရ။ ထို့ကြောင့် မြစ်တွင်းကျသွားခြင်းတော့ မဖြစ်နိုင်ဟု မျှော်လင့်ကြရလေသည်။ သို့သော်

သားနှင့်ပတ်သက်၍ အခြားသတင်းကိုလည်း ထပ်မံစုံစမ်း၍ မရတော့။

သို့ဖြင့် တစ်နှစ်ခန့်အကြာ မြစ်ခြေရွာတစ်ရွာသို့ သန်းဆောင်အသွား၊ ခရီးသွားဟန်လွှဲ မေးမြန်းကြည့်ရာမှ ပြီးခဲ့သောနှစ်က သစ်တောဝန်ထမ်း တောခေါင်တစ်ဦးက မြစ်အနီးတွင် ကလေးတစ်ယောက်တွေ့ကာ ခေါ်ဆောင်သွားခဲ့ဖူးသည်ဟူသော သတင်းကို မမျှော်လင့်ဘဲ ရလိုက်သည်။ သို့သော် မည်သူမျှ သေချာမပြောနိုင်ဘဲ တစ်ဆင့်စကားဖြင့် ကြားရသည့်ပုံမျိုး ဖြစ်လေရာ သတင်းက ထိုထက်ပို၍ စုံစမ်းမရပါလေတော့။

နောက်ဆုံးတွင် သူတို့ ဇနီးမောင်နှံမှာ သားအရိပ်လွှမ်းသောရွာတွင် ရင်တနင့်နင့်နှင့် မနေလိုကြတော့သည်က တစ်ကြောင်း၊ သားသတင်းကို စုံစမ်းရင်း ရှာလိုသည်က တစ်ကြောင်းကြောင့် ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့လုပ်ကိုင်စားသောက်ရင်း ရောက်ရာအရပ်တွင် သားကို ရှာရင်းဖြင့်ပင် နောက်ဆုံး ရန်ကုန်သို့ ရောက်လာခဲ့ရခြင်း ဖြစ်ပါတော့သည်။

* * *

ဦးသန်းဆောင်က ဆိုက်ကားနင်းလာရင်း အတိတ်၏ နာကျင်စရာများကို တသီတတန်းကြီး တွေးလာမိ၏။

"ဦးလေး… ဟို… ဆောက်လုပ်ရေးဝင်းဟောင်းဆိုတာ ဘယ်နားမှာလဲ…"

သူ့ဆိုက်ကားအနီး ရပ်လိုက်ပြီး လှမ်းမေးလာသော ကားနီလေးပေါ်မှ လူငယ်ကို ဦးသန်းဆောင် လှည့်ကြည့်လိုက်သည်။

"ဟိုး ရှေ့နှစ်လမ်းကျော်ရင် ညာဘက်ချိုး၊ တည့်တည့်ဆက်မောင်းသွား။ ရေမြောင်းကြီးနားမှာရှိတဲ့ ဝင်းပဲကွဲ့"

သူက လမ်းညွှန်လိုက်ပြီး ကားအတွင်းသို့ အမှတ်မဲ့ လှမ်းကြည့်မိသည်။ ရှေ့ခန်းတွင် နှစ်ယောက်၊ နောက်ခန်းတွင် သုံးယောက်ထိုင်နေသည်။ အားလုံးမှာ အရက်မူးနေကြဟန်ရှိ၏။

လူပြတ်တဲ့ ဒီဝင်းကို ဘာလုပ်လို့ မေးတာပါလိမ့်…။

ထိုဝင်းသည် ရပ်ကွက်၏ အစွန်ဆုံး အပိုင်းတွင်ရှိ၏။ ယခင်က ငါးထပ်အဆောက်အဦးတစ်လုံး ဆောက်ရန်ဖြစ်သည်။ နောက်ပိုင်း အုတ်မြစ်ချ၊ တိုင်ထူ၊ အကြမ်းထည်တက်ပြီးခါမှ မြေကိစ္စ ပြဿနာဖြစ်ပြီး ဆက်မဆောက်ဘဲ ရပ်သွား

သည်ဟု ပြောကြ၏။ ဆောက်လုပ်ရေးဝင်းဟောင်းဟု အလွယ်ခေါ်ကြသည်။ ပိုင်ဆိုင်မှု အမှုအခင်းဖြစ်နေဆဲဟု ဆိုသည်။ ဝင်း၏ ဟိုဘက်တွင် လူနေအိမ်ခြေမရှိဘဲ ရေမြောင်းကြီးသာ ရှိတော့သဖြင့် အသွားအလာကျဲလေသည်။

ကားနီလေးက ဂူးခနဲ မောင်းထွက်သွားသည်။ ဦးသန်းဆောင်က ဆိုက်ကားကို ဖြတ်လမ်းဆီ ချိုးကွေ့လိုက်သည်။ သူ ဆာနေပြီ။ အိမ်သို့ မြန်မြန် ပြန်ရောက်ရန် လူရှင်းသော ဖြတ်လမ်းဘက်က နင်းသွားမည်ဟု စိတ်ကူးကာ နင်းလာရင်း သူဆီးသွားချင်လာသည်။

သူက ဆိုက်ကားကိုရပ်ကာ လမ်းဘေး အောက်ဘက်ချုံတောဆီသို့ တိုးဝင်ပြီး ဆီးထိုင်သွားနေစဉ် ဖြတ်လမ်းအတွင်းသို့ စောစောက ကားနီလေး ဝင်လာသည်ကို လှမ်းတွေ့လိုက်ရသည်။ ကားသည် သူရှိရာ ချုံအကျော်လောက်တွင် ရပ်သွားပြီး ရှေ့ခန်းမှ လူငယ်နှစ်ယောက် ဆင်းလာလေသည်။ လမ်းဘေးရှိ လမ်းပြင်ရန် ချထားသော ဂဝံကျောက်ပုံမှ ကျောက်တုံးခပ်ကြီးကြီး လေးငါးခဲကို ကောက်ယူလိုက်ပြီး နောက်ခန်းမှ လူငယ်များထံ လှမ်းပေးနေသည်ကိုလည်း မြင်ရသည်။ နောက်တစ်ယောက်က လမ်းဘေးမှ ဝါးဆစ်ပိုင်းကျိုးတစ်ခုကို ကောက်ယူလိုက်ကာ ကားထဲမှ လူများနှင့် စကားပြောနေလေသည်။ သူတို့ အုပ်စုသည် အောက်ဘက်ချုံကွယ်တွင် ထိုင်လျက် ဆီးသွားနေသော သူ့ကို မြင်ပုံမပေါ်။

သူတို့၏ အပြုအမူများက ထူးဆန်းနေသဖြင့် ဦးသန်းဆောင် စိတ်ဝင်စားသွားသည်။ ဒီကောင်လေးတွေ··· တစ်ခုခုတော့ တစ်ခုခုပဲ···။

သူက ခြေသံလုံလုံဖြင့် ထိန်းလျှောက်ရင်း ချုံများကို အကာအကွယ်ယူကာ ကားနီနားအနီး ချုံတစ်ခုဆီသို့ တိုးကပ်သွားလိုက်၏။

"ဒီကောင်ကို ဒီတစ်ခါ အသေချမယ်ကွာ။ ဒီကောင် လူပါးဝတာကြာပြီ။ နိုင်ငံခြားပြန် ဆရာဝန်ကြီးသားဆိုပြီး လူတွင်ကျယ် လုပ်ချင်တဲ့ကောင်။ သူ့ကိုယ်သူ သူဌေးသား··· ဆိုပြီး···"

"ဟေ့··· ဘာသူဌေးသားမှ မဟုတ်ဘူးကွ။ ဆရာဝန်ကြီးသား အရင်းလည်း မဟုတ်ဘူး။ အဲဒါ··· သူ့မိဘအရင်းတွေမှ မဟုတ်ဘဲ"

"ဟင်··· မိဘအရင်း မဟုတ်ဘူးလား"

"အေး··· မဟုတ်ဘူး။ ဒီကောင့်ကို ငယ်ကတည်းက ဆရာဝန်လင်မယားက မွေးစားခဲ့တာ။ သူ့ကို မောလိုက်မြို့နားက ချင်းတွင်းမြစ်ဘေးမှာ ကောက်ရခဲ့တာ··· တဲ့။

နှစ်နှစ်သားလောက်ပဲ ရှိဦးမယ်··· တဲ့။ ရှပ်အင်္ကျီအနီကွက်လေးနဲ့ ချုံတွေကြား·မှာ တိုးရင်း ငိုနေတာ။ မြစ်ကမ်းနဖူးမှာတွေ့တာနဲ့ ခေါ်လာခဲ့တာတဲ့။"

ဦးသန်းဆောင် မိုက်ခနဲ ဖြစ်သွားသည်။ ရင်လည်း တဒိတ်ဒိတ်ခုန်လာ၏။

ဘုရား··· ဘုရား··· ချင်းတွင်းမြစ်ကမ်းဘေးက တွေ့တာဆိုပါလား···။ ရှပ်အင်္ကျီအနီကွက်လေးနဲ့··· တဲ့။ သားမှ သားပဲ···။ သူတို့ လင်မယား အနှစ်နှစ်အလလက နယ်အနှံ့စုံစမ်းရှာဖွေခဲ့ရတာ ဘာသတင်းမှမရခဲ့တဲ့ ခုမှ တိုက်တိုက်ဆိုင်ဆိုင်···။ သူက ကောင်လေးများကို ထွက်မေးမည်ဟု ကြံရွယ်လိုက်စဉ် ကောင်လေးများထံမှ စကားသံ ကြားရသဖြင့် ဆက်၍ နားစွင့်မိသည်။

"မင်းဟာ သေချာလှချည်လားကွ···။ ဘယ်လိုလုပ် သိတာလဲ"

"ကောက်ရတဲ့ လူက ငါ့ဦးလေးလေ။ သူတောခေါင်းလုပ်တုန်းက ချင်းတွင်းမြစ်ထဲ မော်တော်ဘုတ်နဲ့ သွားရင်း ကမ်းနဖူးမှာ သွားနေတဲ့ ကလေးကို လှမ်းတွေ့လို့ မြစ်ထဲကျမှာစိုးပြီး ကမ်းကပ်ကြည့်တာတဲ့။ အခြား ဘယ်သူမှလည်း မတွေ့ဘဲ ကလေးတစ်ယောက်ထဲ ငိုနေတာ တွေ့ရလို့ မော်တော်ပေါ်ခေါ်တင်လာတာဆိုပဲ။

အနားက ရွာတွေ မေးတော့လည်း မသိကြလို့ မြို့ပေါ်ခေါ်လာရင်း အဲဒီဆရာဝန်လင်မယားက ကလေးမရှိလို့ မွေးစားချင်တယ်ဆိုပြီး တောင်းယူသွားတာတဲ့"

"မင်း အဲဒါကို ဘာလို့ စောစောစီးစီး မပြောပြတာလဲ။ ငါတို့နဲ့ ဒီကောင် ငြိနေတာပဲ ကြာလှပြီကို"

"ဟာ··· ငါလည်း မနေ့ကမှ သိတာလေ။ ငါ့ဦးလေးက မနေ့က အလုပ်ကိစ္စနဲ့ ရန်ကုန်လာရင်း တို့အိမ်ဝင်လာတာ။ ဒီကောင့်မိဘ ဆရာဝန်တွေအကြောင်း စကားစပ်မိရင်းက အဲဒီကလေးဟာ ဖုန်းမို ဖြစ်နေမှန်းသိရတာ။ မင်းတို့ကို ပြောမလို့ပဲ"

ဦးသန်းဆောင်ရင်တို့ ပရမ်းပတာ ခုန်နေလေပြီ။ ဖုန်းမို··· ဖုန်းမို ဆိုပါလား···"

"ဟင်··· ဒါနဲ့များ··· စိန်နားကပ်အရောင်နဲ့ ပါးပြောင်ပြီး ဒီကောင် လူတွင်ကျယ် လုပ်နေတယ်။ တွေ့ကြသေးတာပေါ့ကွာ···။ တို့ဆီက နိုင်သွားတဲ့ ဖဲဝိုင်းကြေးတွေ၊ တို့အပေါ် ဒီကောင်ကြောခဲ့တာတွေအတွက် ဒီကောင့်သွေးကို အစားပြန်ယူကြမယ်။ ဒါထက် ဒီကောင် ဝင်းထဲလာပါ့မလားကွ"

"လာမှာပါကွာ။ သူ့ သူငယ်ချင်း သန့်စင် ခေါ်ခိုင်းလို့ဆိုပြီး ဉာဏ်ခေါ်ထား

တာပဲဟာ။ ကဲ… လာ… လာ… တက်ကြ။ သွားမယ်။ ခုလောက်ရှိ ဒီကောင် ရောက်နေရောပေါ့”

ဦးသန်းဆောင် ဇာတ်ရည်လည်သွားပြီ။ သူက ချုံတောတွင်းမှ တိုးထွက်က တာလမ်းပေါ် ပြေးတက်လိုက်၏။ ကားနီလေးက ဝူးခနဲ မောင်းထွက်သွားသည်ကို တွေ့လိုက်ရပြီး သူ မမီလိုက်တော့။ သူ့အော်ခေါ်သံကိုလည်း မကြားကြတော့။ သူ… သူ… ဘာလုပ်ရပါ့မလဲ…။

မထင်မှတ်ဘဲ ကြားလိုက်ရသော စကားများက သူ့သိစိတ်ကို နောက်ကျိသွားအောင် ထိုးနှက်သွားခဲ့ပြီ။ မယုံနိုင်စရာပါလား…။ သား… သား…။ ဖုန်းမိဆိုတဲ့ ကောင်လေးက ငါ့သား…ငါ့သား…ပဲ…။ ဘုရား… ဘုရား… ဘုရား…၊ သားကို သူတို့…သူတို့က ရန်ပြုကြမလို့…တဲ့။ သားကို သူတို့ သတ်မယ်ဆိုပါလား…။

ဦးသန်းဆောင် ကြာကြာတွေးမနေအား။ သူ… တားရမည်။ တားမှ ဖြစ်မည်။

ဦးသန်းဆောင် သူ့ဆိုက်ကားဆီသို့ အပြေးတက်နင်းလိုက်၏။ ထိုဝင်းသို့ တာလမ်းအတိုင်း ဆိုက်ကား နင်းသွားနေလျှင် ကြာဦးမည်ဆိုသည်ကို တွေးလိုက်မိတော့ သူ… ဆိုက်ကားပေါ်မှ ကပျာကယာ ခုန်ဆင်းလိုက်မိသည်။ ယခု ကုန်းလျှောချုံတောဆီက ဖြတ်တက်လျှင် ရေမြောင်းဆီ တန်းရောက်နိုင်သည်။

သူ ချက်ချင်း ဆုံးဖြတ်လျက် ကုန်းလျှောအတွင်း တိုးဆင်းကာ ချုံများကို တိုက်ဖွင့်ကာ မြောင်းဆီပြေးတော့သည်။ ဆူးများ၊ ချုံများ၊ သစ်ကိုင်းများနှင့် ခြစ်မိ၊ ရှမိသည်ကို ဂရုမပြုနိုင်။ မပြုအား။ မြောင်းဘောင်ကို ကုပ်ကပ်တွယ်တက်သည်။ မြောင်းဘောင်သည် လူတစ်ရပ်အမြင့်ကျော်ကျော်ရှိပြီး ကုပ်တွယ်စရာလည်း ရှိသည်မဟုတ်။ မာကျောသော အင်္ဂတေအုတ်သားများကို သားဖော့ဖြင့် လက်ဖျား၊ တံတောင်၊ ဒူး… ရှိသမျှ ကိုယ်အားနှင့် မည်သို့မည်ပုံ တက်လိုက်မိသည် မသိတော့။ ဘောင်ပေါ်ရောက်တော့ သူ့လက်ထိပ်များ၊ တံတောင်ဆစ်နှင့် ဒူး၊ ပေါင်တို့တွင် သွေးအရဲသားနှင့် ဖြစ်နေတော့သည်။

မြောင်းပေါင်ပေါ်မှ ခုန်အဆင်းတွင်ပင် ရန်ပွဲကို သူလှမ်းတွေ့လိုက်ရလေသည်။ ခဲများ၊ တုတ်များဖြင့် သားကို သူတို့ ဝိုင်း၍ ထိုးနှက်နေကြခြင်းဖြစ်သည်။

“သား… သား… ဖိုးထူး…”

“ဖိုးထူး… သား… အဖေ… အဖေ… လာပြီ…”

သူ့နူတ်မှ မည်သို့ အော်နေမိသည်ကိုပင် သူ သတိမထားမိ။ အော်ရင်း ဟစ်ရင်းနှင့်ပင် ရန်ပွဲအတွင်း အတင်းပြေးဝင်လိုက်မိသည်။ အနီးတွင် တွေ့ရသော သစ်သားပိုင်းကျိုးတစ်ခုကို ကောက်ကာ ရန်ပြုသူ လူငယ်တစ်စုကို ကမူးရှူးထိုး တိုက်ခိုက်လိုက်၏။ မူးယစ်သွေးကြွနေသော လူငယ်များကို ဆွဲလွဲတားမြစ်ရန် အခြေအနေက မပေးတော့သဖြင့် အများ၏ ရန်ပြုဒဏ်ကို တစ်ယောက်တည်း ခုခံနေရသော သားဘက်မှ သူဝင်၍ ကာကွယ်ရတော့သည်။

သူ့မျက်လုံးထောင့်တွင် သွေးများရဲနေသော သားကို ဒယီးဒယိုင် တွေ့လိုက်ရ၏။

"သား… ပြေး… ပြေးတော့…"

သူအော်သည်။ လက်ထဲမှ တုတ်ဖြင့်လည်း မည်းမည်းမြင်ရာ ဟန့်တားရိုက်ချမိလေသည်။

"ဖိုးထူး… သား… ပြေး… ပြေး…"

တစ်ဖက်လူငယ်များမှာလည်း သားအရွယ်များဖြစ်ကြသဖြင့် ဦးသန်းဆောင်မှာ ကာကွယ်ဟန့်တားရုံမျှသာ ပြုလျက် ပြင်းပြင်းထန်ထန် မလုပ်ရက်ပါ။ သားကို ပြေးရန်သာ အဆက်မပြတ် အော်မိ၏။ သူက ညာနေသဖြင့် သူ့တွင်သာ အထိများလျက် ခေါင်း၊ ကိုယ်တို့တွင် ဒဏ်ရာများ ပွနေပြီ။ ဆူညံအော်ဟစ်သံများကြောင့် ထင်သည်။ ဝင်းအပြင်ဘက် ဟိုးလမ်းမဆီက လူများ ပြေးလွှားလာနေကြသံ ကြားလိုက်ရ၏။ တစ်ဖက်လူငယ် အုပ်စုမှာလည်း လူသံများကြောင့် ကားဆီ ပြန်သွားကြသည်ကို တွေ့ရသည်။ သို့သော် သားနှင့် လူငယ်တစ်ယောက်က ထွေးလုံးသတ်ပုတ်နေဆဲ…။

ဦးသန်းဆောင် လှမ်းအကြည့်တွင် ထိုလူငယ်က ယိမ်းယိုင်နေသော သားကို တွန်းပစ်လိုက်ကာ အနီးမှ ဂဝံကျောက်ခဲဖြင့် သားခေါင်းကို ရိုက်ချရန် ဟန်ပြင်နေသည်ကို တွေ့လိုက်ရသည်။

"သား… သား…"

သားကို ထိမည်စိုးရိမ်စိတ်ဖြင့် ဦးသန်းဆောင်က သတိပေးအော်ဟစ်မိရင်း ထိုလူငယ်နှင့် သားကြားသို့ ပြေးဝင်လိုက်သည်။

"ခွပ်…"

"အား… အ…"

လူငယ်က သားခေါင်းဆီသို့ ရိုက်ချလိုက်သော ဂဝံကျောက်ခဲ ရိုက်ချက်သည် သားနှင့် လွဲကာ ဦးသန်းဆောင်၏ ခေါင်းပေါ်သို့ အရှိန်ပြင်းစွာ…။

*  *  *

ဆရာမများက ဒေါ်ခင်မူကို ပိုးသတ်ထားသော ဆေးရုံဝတ်စုံအစိမ်းကြီး ဝတ်ပေးသည်။ မကြာခင် ခွဲခန်းသို့ သူမ ဝင်ရတော့မည်။

တစ်ခါမျှ ခွဲစိတ်ခြင်း မခံရဖူးသော်လည်း သူမ မကြောက်ပါ။ သူမ၏ ရောဂါတစ်မျိုးမျိုးကြောင့် ခွဲစိတ်ရမည်ဆိုပါလျှင် သူမ ကြောက်ကောင်း ကြောက်မိမည်ထင်သည်။ ယခုမူ ကြောက်ဖို့ဝေး၍ ဒေါ်ခင်မူမှာ ပျော်၍ပင် နေလေသည်။ သူမ၏ ကျောက်ကပ်တစ်ခြမ်းကို အနှစ်နှစ်အလလက ရှာဖွေခဲ့ရသော၊ နှစ်ပေါင်း နှစ်ဆယ်ကျော်မျှ ပျောက်ဆုံးဝေးကွာခဲ့ရသော သားအတွက် ပေးရမည်ဖြစ်သဖြင့် သူမ ပျော်နေခြင်း ဖြစ်ပါသည်။

ရန်ပွဲတွင် ရရှိခဲ့သော ဒဏ်ရာများကြောင့် သားဖုန်းမို (ဖိုးထူး)၏ ကျောက်ကပ်တစ်စိတ်တစ်ပိုင်း ပျက်စီးသွားခဲ့ရသည်။ အစားထိုးလဲထည့်ပါမှ သားအသက် ရှင်နိုင်မည်ဟု ဆရာဝန်က ပြောပြခဲ့၏။ သို့ဖြစ်၍ သားအတွက် သူမ၏ ကျောက်ကပ်တစ်ခြမ်းကို သူမ ပေးလှူမည်ဖြစ်ပါ၏။ ကျောက်ကပ်လှူခြင်းမှာ လူတိုင်း လှူ၍မရ။ လူနာနှင့် မိဘ၊ မောင်နှမ စသည်ဖြင့် နီးစပ်သော ဆွေမျိုးများ ဖြစ်ရန် လိုပြီး လူနာ၏ ခန္ဓာကိုယ်က လက်ခံနိုင်မှ ခွဲစိတ်မှု အောင်မြင်နိုင်သည်ဟု သိရသည်။ ခေါ်ခင်မူမှာ သား၏ လိုအပ်ချက်နှင့် ကိုက်ညီနေသည်ကိုပင် ဝမ်းသာမဆုံး ပြီ။ နှစ်ပေါင်းများစွာ ကွဲကွာနေခဲ့ရသော သား၏ အသက်ရှင်ရေးအတွက် သူမ၏ ကျောက်ကပ်အားပေးခွင့် ရလိုက်ခြင်းကိုပင် ပီတိကြီးစွာ ဖြစ်နေမိတော့သည်။

ကျောက်ကပ်တစ်ခြမ်းမျှသာ မဟုတ်။ သူမ ခန္ဓာမှ မည်သည့်အစိတ်အပိုင်းကို မဆို သားအတွက် သူမ ပေးနိုင်သည်။ သူမ သေလိုက သေပါစေတော့။

"ဒေါ်လေးမူ… ဒေါ်လေးမူ…၊ ဟို… ဟို… ဆောက်လုပ်ရေးဝင်းဟောင်း ထဲမှာ ဦးလေးသန်းဆောင်တို့ ရန်ပွဲ ဖြစ်… ဖြစ်ကြ… လို့တဲ့…"

ရပ်ကွက်မှ ကလေးများ အပြေးအလွှားလာ၍ သတင်းပေးမှုကြောင့် အံ့အားသင့်ကာ အသုပ်ဆိုင်ကို ပစ်ထားပြီး ထိုဝင်းဆီ အထိတ်တလန့် ပြေးသွားခဲ့သည်။ သူမ ရောက်တော့ ဦးသန်းဆောင်မှာ သွေးသံရဲရဲဖြင့် သတိမေ့နေလေသည်။ အနီးတွင်လည်း ဖုန်းမိုဆိုသော ကလေးက မေ့မြောလျက်…။ လူများက ဝိုင်းဖမ်းထား

ကြသည်ဆိုသော လူငယ်တချို့နှင့် ကားနီလေးတစ်စီးကိုလည်း တွေ့ရ၏။ ဦးသန်းဆောင် လူအေးက သည့်ရန်ပွဲအရှုပ်ထဲ မည်သို့ ပါသည်မသိ။

မည်သို့ ဖြစ်သည်ဟု သေချာ မသိရသေးဘဲ ရပ်ကွက်ရှိလူများ၊ ရောက်လာသော ရဲများ အကူအညီဖြင့် ဆေးရုံရောက်ခဲ့ရသည်။

နောက်ပိုင်းတွင် သက်ဆိုင်ရာရဲများ၏ ပြောပြချက်အပြင် ဖုန်းမို၏ မိဘများဟု ဆိုသော ဆရာဝန်ကြီးဇနီးမောင်နှံ ရောက်လာသောအခါမှ မယုံကြည်နိုင်ဖွယ် အကြောင်းစုံကို သိလိုက်ရလေတော့သည်။ တစ်ဖက်က ရန်စ လူငယ်များ၏ အစစ်ခံချက်များ၊ ဆရာဝန်မောင်နှံ၏ ပြောပြချက်များမှတစ်ဆင့် ဖုန်းမိုမှာ သူမတို့၏ ပျောက်ဆုံးသွားခဲ့သော သားဖိုးထူး ဖြစ်နေကြောင်း ခေါ်ခင်မူ အံ့အားတသင့် သိခဲ့ရ၏။

တွေ့မယ့်တွေ့တော့ သားသည် ဒေါ်ခင်မူတို့ လင်မယား တောင့်တခဲ့သော မောင်သန့်စင်လို သားမျိုး မဖြစ်ခဲ့။ သို့တစေ သားကို မမျှော်လင့်ဘဲ ပြန်တွေ့လိုက်ရပြီဖြစ်ကြောင်း နှိုင်းဆ၍ မရအောင် ဒေါ်ခင်မူပျော်သည်။ သို့သော် သားဖြစ်သူမှာ ဒဏ်ရာဗရပွအပြင် ထိခိုက်သွားသည့် ကျောက်ကပ်ကို အရေးတကြီး အစားထိုး၍ အသက်ရှင်အောင် ကုသရန်လိုသည်ဟု ဆရာဝန်များက ဆိုသောအခါ သူမ၏ စိုးရိမ်သောကက ငယ်ထိပ်သို့ ဆောင့်တက်သွား၏။

ထိုမှ သားအတွက် လိုအပ်သော ကျောက်ကပ်ကို သူမ ပေးလှူခွင့်ရလိုက်သောအခါ ပီတိကြီးစွာဖြင့် ဒေါ်ခင်မူ ပျော်ရပြန်သည်။ တစ်ဖန်… ခေါင်းတွင် ပြင်းထန်သော ဒဏ်ရာရရှိထားပြီး တစ်ကိုယ်လုံး ထိခိုက်ထားသော ခင်ပွန်း ဦးသန်းဆောင်၏ အသက်ကို ဆရာဝန်များက သေမင်းနှင့်အပြိုင် လုနေရသည်ဟု ဆိုပြန်သောအခါ ခင်ပွန်းအတွက် မချိတင်ကဲဖြင့် သူမ ရင်ဆိုရပြန်တော့သည်။

မိဘရင်ခွင်နှင့် မည်မျှပင် ဝေးကွာခဲ့သည်ဖြစ်ပါစေ…။ "သား"… ဟူသော အသိလေးတစ်ချက်မျှနှင့်ပင် မိဘတို့၏ မေတ္တာသည် တသွင်သွင် စီးနေသော မြစ်ရေအလား အဆီးအတားမဲ့ စုန်ခဲ့၊ စီးခဲ့လေပြီ။

"သား"… ဟူသည့် အသိလေးမျှနှင့်ပင် အဖေဖြစ်သူ ကိုသန်းဆောင်က သားကို ကယ်နိုင်ရန် မိမိအသက်ကိုပင် မငဲ့ကွက်ဘဲ ရဲရဲဝံ့ဝံ့ ကြိုးပမ်းခဲ့ပါ၏။ ခင်ပွန်းဖြစ်သူက ရန်ပွဲတွင် "သား… ဖိုးထူး"… ဟုခေါ်ခဲ့၊ ပြောခဲ့သည်ဆိုခြင်းကြောင့် သားဖုန်းမိုကို သူ့သားမှန်း သိသွားခဲ့ကြောင်း သေချာသည်။ ခင်ပွန်းဖြစ်သူက မည်သို့မည်ပုံ သိသွားခဲ့မှန်းတော့ ဒေါ်ခင်မူလည်း မသိရသေးပါ။ ဆရာဝန်များ

၏ အသက်လုကုသမှုကို ခံနေရသော ခင်ပွန်းဖြစ်သူက အကြောင်းရင်းကို ပြောပြနိုင်စွမ်းလည်း မရှိသေးပါ။ သို့တစေ… ခင်ပွန်းဦးသန်းဆောင်သည်လည်း မိမိကဲ့သို့ပင် သားအတွက် သူ၏ အသက်ကို ပေးရစေ… ဟူသော မေတ္တာအနန္တနှင့်…။

ဒေါ်ခင်မူမှာ ကြည်နူးစွာ ပြုံးလိုက်မိပါသည်။

အကယ်၍… ကံအကြောင်းကြောင်းကြောင့် ခွဲစိတ်ရင်း သူမ သေဆုံးသွားရသည်ဖြစ်စေ။

ဆရာဝန်များက အသက်လုကုသနေရသော တစ်ဖက်ခန်းရှိ ခင်ပွန်းသည်ဦးသန်းဆောင်သည်လည်း ရှင်သေမင်းကို အရှုံးပေးလိုက်ရသည်ဖြစ်ပါစေ…။

လူဆိုးလေးအဖြစ် သတ်မှတ်ခြင်းခံရသော သား ဖိုးထူး တစ်ဖြစ်လဲ သားဖုန်းမိုသည် မိခင်၊ ဖခင်ရင်း တို့၏ မေတ္တာ၊ မွေးစားမိဘများ၏ မေတ္တာများကို သိနားလည်ပြီး အမှားများကိုပြုပြင်၍ လူကောင်း၊ လူတော်လေး ဖြစ်သွားခဲ့လျှင်…၊ ဖြစ်လာခဲ့ပါလျှင်…။

သူမတို့ သေရလျှင်လည်း သေပျော်ပါပြီ။ ပျော်ပျော်ကြီး သေလိုက်ပါမည်။

ခေါ်ခင်မူတွင် နှလုံးအားနည်းသည့်ရောဂါရှိပြီး ဆရာဝန်နှင့် ကုနေရသူဖြစ်၏။ သူမ၏ နှလုံးအခြေအနေသည် ယခုလို ခွဲစိတ်မှုဒဏ်ကို ခံနိုင်ရည်ရှိ၊ မရှိ ဒေါ်ခင်မူမသိပါ။ သည်အကြောင်းကို သိကြလျှင် သားအတွက် သူမ၏ ကျောက်ကပ်ကိုပေးလှူခွင့် မရမည်စိုးသဖြင့် ယခု ခွဲစိတ်မည့် ဆရာဝန်၊ ဆရာမများအား သူမ၏ ရောဂါအကြောင်း ဖွင့်မပြောခဲ့ပါ။ အရေးကြီးသည်က သားအသက်ရှင်ဖို့သာဖြစ်သည်လေ။ ခွဲစိတ်မှုဒဏ်ကို သူမ မခံနိုင်၍ အသက်ဆုံးရလည်း မမှုပါပြီ။ မည်သူမျှ သည်အကြောင်းသိရန်လည်း မလိုတော့ပါပြီ။

ဒေါ်ခင်မူ ပြုံးပြီးရင်း ပြုံးလိုက်မိ၏။

သူမက ခွဲခန်းဝင်ရန် လာခေါ်သော တွန်းလှည်းပေါ်သို့ ပီတိအပြည့်ဖြင့် ရဲရဲဝံ့ဝံ့ကြီး လှဲချလိုက်လေသည်။

(ထောင်မှူးကြီးသိန်းဝင်းနှင့် သူရိန်ထွန်းစီစဉ်သော အကျဉ်းထောင်သုတ၊ ရသဝတ္ထုတိုများ စာအုပ်မှ-)

ထားဥသဲ

❒

# အတ္တနှင့် သမုဒယ

ထားဥသို

ခွေးကောင်... သူ ချောက်ထဲကျမှာ စိုးလို့
ငါ့မှာ ဒဏ်ရာကြီးနဲ့
အနာခံကယ်လိုက်ရတာ၊
သူကျတော့ သူ့အမေ အရင် ကယ်မယ်တဲ့။
ဒီလိုမှန်းသိ
မကယ်ဘဲ လွှတ်ချခဲ့ရ အကောင်းသား...

# အတ္တနှင့် သမုဒယ

ထားဥသံ

(၁)

"သား… သတိုး…၊ ဒါ… သား ကိုကိုပဲ။ နာမည်က "မိုးထက်ဟိန်း"… တဲ့"

သတိုးက ဖေဖေ့ကို မော်ကြည့်လိုက်ပြီးမှ မိုးထက်ဟိန်းဆိုသော ကောင်လေးကို လှမ်းကြည့်သည်။

"ဟိန်း…၊ ဒါ…သား ညီလေး သတိုး၊ "သတိုးရဲခန့်"… တဲ့"

မေမေက ဟိန်းနှင့် ရွယ်တူကောင်လေးကို ပြုံးကြည့်ရင်းပြောသည်။

သူတို့နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် အရယ်အပြုံးမရှိ၊ ခပ်ပေပေ စိုက်ကြည့်နေကြသည်။

ဟိန်း…ဆိုတဲ့ကောင်၊ သူ့အမေနဲ့ချုပ်စွပ်၊ အသားဖြူဖြူ ချောတော့ ချောသားပဲ။ အမယ် ဒီကောင်က ပါးချိုင့်တစ်ဖက်နဲ့ဗျ။ ပါးစပ်လှုပ်လိုက်တာနဲ့တင် ညာဘက်ပါးပေါ်က ပါးချိုင့်က မရယ်ဘဲနဲ့တောင် ခွက်ခနဲဘဲ…။ သူ့အမေမှာတော့ ပါးချိုင့်မပါဘူးဆိုတော့ သေသွားတယ်ဆိုတဲ့ သူ့အဖေမှာပါလို့များလား…။ သတိုး တွေးသည်။

သတိုးရဲခန့်… တဲ့။ မေမေ ပြောသလိုဆို… သတိုးဆိုတဲ့ကောင်က ငါ့ထက် နှစ်လလောက် ငယ်တယ်ပေါ့။ သူ့အဖေလို စစ်ဗိုလ်ရုပ်နဲ့…။ ဒီကောင့် ကြည့်ရတာ အထာက သိပ်မမိုက်ဘူး။ ငါနဲ့ မပေါင်းချင်သလို ခပ်တင်းတင်းနဲ့။ နေပေါ့ကွ။ မင်းမခေါ်လို့ကတော့ ငါကလည်း အဝေးကြီးမှ အဝေးကြီး…။

ဟိန်းကလည်း သတိုးကိုကြည့်၍ တွေးနေသည်။

"သားတို့ကို ဖေဖေပြောစရာရှိတယ်"

သတိုးဖေဖေထံမှ အသံထွက်လာသည်။

"သတိုး…၊ သားကို ဖေဖေ နားလည်အောင် အခါခါ ပြောပြခဲ့ပြီးပါပြီ။ ဒါပေမဲ့ ခု… ဖေဖေ ထပ်ပြောမယ်။

သားမေမေဟာ သားတစ်နှစ်သားအရွယ်လောက်ကပဲ ဆုံးသွားခဲ့ပြီ။ သားမှာ ဖေဖေ့ဘက်ကရော၊ မေမေ့ဘက်ကရော အဘိုးအဘွားတွေလည်း မရှိကြတော့ဘူး။ ခု… သား ဆယ်တစ်နှစ်သားအရွယ်ထိ သားနဲ့ ဖေဖေပဲ နေလာခဲ့ကြတယ်။

ဒီလိုပဲ…။ ဟောဒီ ဟိန်းရဲ့ဖေဖေ ဗိုလ်ကြီးက ဟိန်းသုံးနှစ်သားအရွယ်မှာ ရှေ့တန်းမှ ကျဆုံးခဲ့ရတဲ့အတွက် ဟိန်းမှာလည်း အဖေမရှိရှာဘူး။ အမေဘက်က အဘိုးပဲရှိတော့တဲ့အတွက် ဟိန်းမှာလည်း သားတို့နှစ်ယောက်လုံး ဘဝတူနီးပါးပဲ"

သတိုး ဖေဖေက သူတို့နှစ်ယောက်ကို တစ်လှည့်စီ ညင်သာစွာကြည့်ပြီး စကားဆက်သည်။

"ဒီလို အခြေအနေမှာ… ဖေဖေနဲ့ ဟိန်းရဲ့မေမေဟာ သားတို့ရဲ့ ဘဝရှေ့ရေး၊ ဖေဖေတို့ရဲ့ ရှေ့ခရီးအတွက် သားတို့ကို ပြုစုပျိုးထောင်ကြဖို့ နှစ်ယောက်တိုင်ပင်ပြီး သားတို့ကိုလည်း နားလည်အောင် ရှင်းပြပြီး သားတို့အသီးသီးရဲ့ ခွင့်ပြုချက်အရ ဖေဖေတို့ လက်ထပ်ခဲ့ကြတယ်။ ဟုတ်ရဲ့လား သားတို့…"

သတိုးက ဖခင်ကို မျက်လုံးလှန်ကြည့်ပြီး ခေါင်းညိတ်လိုက်သည်။ ဟိန်းကလည်း အားကျမခံ မိခင်ကို မော်ကြည့်လိုက်ပြီးမှ အသာခေါင်းညိတ်လိုက်၏။

"ဒါကြောင့်… အဖေမရှိရှာတဲ့သား ဟိန်းကို ဖေဖေက အဖေ့နေရာမှာ ဖြည့်ပေးပြီး သားသတိုးနဲ့ တန်းတူချစ်ခင်မယ်။ သားရင်းလို မှတ်ယူမယ်။

အဲလိုပဲ၊ အမေမရှိတော့တဲ့ သားသတိုးကိုလည်း ဟောဒီ ဟိန်းမေမေက သားရင်း ဟိန်းနဲ့မခြား ချစ်ခင်စောင့်ရှောက်လိမ့်မယ်။ ဖေဖေနဲ့ မေမေက အဲဒီလို ကတိထားခဲ့ကြတယ်။

"ဖေဖေနဲ့ မေမေတို့က သားတို့နှစ်ယောက်လုံးကို သားရင်းတွေလို သတ်မှတ်တဲ့အတွက် သားတို့ကလည်း အချင်းချင်း ညီအစ်ကိုရင်းတွေလို့ပဲ ခံယူကြရမယ်၊ ချစ်ခင်ကြရမယ်"

သတိုးနှင့် ဟိန်းနှစ်ယောက်သား မျက်တောင် ပုတ်ခတ်ပုတ်ခတ်လုပ်ကာ စိုက်ကြည့်နေကြဆဲ…။

ဟိန်းမေမေက ကရုဏာပြည့်သော အသံဖြင့်…

"ဟိန်းကိုလည်း မေမေက ဖေဖေ့လို့ပဲ သေချာပြောပြခဲ့ပြီးပြီနော်။ သားတို့ နှစ်ယောက်လုံးဟာ မေမေ့သားတွေပဲ၊ ဖေဖေ့သားတွေပဲ။ တို့ မိသားစုတွေ ရှေ့ကို ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်နဲ့ တစ်ဦးကိုတစ်ဦး ဖေးမရင်း နေသွားကြမယ်၊ ဟုတ်ပြီလား…"

နှစ်ယောက်လုံး မျက်လုံးအဝိုင်းသားဖြင့် ငြိမ်သက်နေကြဆဲ…။ သတိုး ဖေဖေက ဆက်၍-

"သား သတိုးကို ဖေဖေက တွေးခေါ်မြော်မြင်တတ်အောင် လောကမှာ မလွဲမသွေ ကြုံတွေ့ရမဲ့ အဆိုးအကောင်း လောကဓံတွေကို ခေါင်းမရှောင်ဘဲ အရှိကို အရှိအတိုင်း ရဲရဲရင်ဆိုင်ရဲအောင် လေ့ကျင့် သွန်သင်ပေးခဲ့တယ်။

ဒီလိုပဲ…၊ ဟိန်းမေမေကလည်း ဟိန်းကို ဘဝကို နားလည်နိုင်ဖို့…၊ ကောင်းကောင်းရပ်တည်နိုင်ဖို့ သွန်သင်ဆုံးမခဲ့တဲ့အတွက် သားတို့နှစ်ယောက်လုံးဟာ အရွယ်ငယ်ကြသေးပေမဲ့ သိတတ်မှုနဲ့ လိမ္မာရေးခြားရှိပြီးကြသူတွေလို့ ဖေဖေရော မေမေက ယုံကြည်တယ်။

သားတို့မှာ ဘာကိစ္စပဲဖြစ်ဖြစ် ဖေဖေနဲ့မေမေကို ပွင့်ပွင့်လင်းလင်း ပြောရမယ်၊ ပြောနိုင်တယ်။ ဟုတ်ပြီလား…။ ကဲ… သားတို့ ဘာပြောချင်တာရှိလဲ…"

သတိုးက ဖေဖေ့ကို မော်ကြည့်လိုက်ရင်း…

"သား… သား… ဒီ… ဒီ…"

သတိုးက ဟိန်းမေမေကို လှည့်ကြည့်ပြီး ပြောလက်စတန်းလန်း ရပ်သွားပြီးမှ ဆက်၍..

"ဟို… သား… ဒီအန်တီကို.. အဲ.. သား.. မေမေလို့.. မခေါ်ချင်ဘူး.. ဖေဖေ…၊ သား အမေမေက သေသွားပြီဆိုပေမဲ့ သားမေမေကိုပဲ မေမေလို့ခေါ်ချင်တယ်။

အဲ… အဲဒါ… သား… ဘယ်လို…"

သတိုး ဖေဖေ ဟိန်းမေမေကို ကွက်ခနဲ ကြည့်သည်။ နောက်.. သတိုးကို တစ်စုံတစ်ခု ပြောမည်အပြင် ဟိန်းမေမေက လက်ကာပြလိုက်ရင်းက…

"နေ… ကိုသော်…"

ဟိန်းမေမေက ရပ်နေရာမှ သတိုးရှေ့တွင် အသာထိုင်လိုက်ကာ သတိုး ပခုံးလေးကို ဆုပ်ကိုင်လိုက်သည်။

"ဟုတ်တာပေါ့ သားရယ်…၊ သားရဲ့ ခံစားချက်ကို မေမေ နားလည်ပါတယ်။ ရတယ်သား၊ သားမခေါ်ချင်ရင် မခေါ်ပါနဲ့။ ဒါပေမဲ့ 'အန်တီ'… လို့တော့ မခေါ်ဖို့ မေမေတောင်းဆိုပါရစေ။ ဘာလို့လဲဆိုတော့ မေမေဟာ သားမေမေရဲ့ မေတ္တာကို မမီနိုင်သည့်တိုင် သားမေမေနဲ့ အနီးစပ်ဆုံး သားအပေါ် ချစ်ခင်ပေးမှာမို့လို့ပါ။

ဒါကြောင့် မေမေ့ကိုယ်မေမေတော့ မေမေ…လို့ သုံးမှာဖြစ်ပေမဲ့ သားသတိုးကတော့ အင်း… မေမေ့နာမည်က ဒေါ်ခင်မွန်မွန်ဆိုတော့ 'မေမွန်'‥လို့ ခေါ်ပေးနိုင်မလားဟင်"

သတိုးက ဒေါ်ခင်မွန်မွန်ကို အတန်ကြာစိုက်ကြည့်ရင်း စဉ်းစားနေရာမှ ခေါင်းညိတ်လိုက်၏။ ဒေါ်ခင်မွန်မွန်က ပြုံးလိုက်ကာ ပြန်ရပ်လိုက်သည်။

"မေမေ… ဟိန်းလည်း… ဒီဦးကို…"

သည်တစ်ခါ ဦးသော်ဇေင်ခန့်က ဟိန်းရှေ့တွင် ထိုင်အလှည့်ဖြစ်၏။

"သားလည်း သတိုးနဲ့ ခံစားချက် တူလိမ့်မယ်ဆိုတာ ဖေဖေ လက်ခံပါတယ်သား။ ဒီတော့ မျှသွားအောင် သားဟိန်းကလည်း ဖေဖေ့ကို 'ဖေသော်'‥လို့ ခေါ်နိုင်မယ်ဆိုရင်" ဟိန်းက သတိုးကို အရင်မျက်လုံးဝေ့ကြည့်လိုက်၏။ နောက် သတိုး ဖေဖေကို စိုက်ကြည့်သည်။

"ဟုတ်ကဲ့… ဖေသော်…"

ဟိန်းအသံ တိုးတိုးလေး ထွက်လာသည်။

ဦးသော်ဇေင်ခန့်နှင့် ဒေါ်ခင်မွန်မွန်တို့ အကြည့်ချင်းဆုံလျက် ပြုံးလိုက်ကြသည်။

"ဟင်း… ငါ့အဖေ အချစ်တွေကို ဒီကောင်နဲ့ မျှဝေ ယူရမယ်တဲ့လား‥" သတိုး တွေးသည်။

"မေမေ့မေတ္တာတွေကို ငါက ငါတစ်ယောက်တည်းပဲ လိုချင်တာ‥ ကွ။ မင်းကို မပေးချင်ဘူး"

ဟိန်းစိတ်ထဲ အတွေးဝင်၏။

ဟိန်းနှင့် သတိုးသည် တစ်ဦးကိုတစ်ဦး ခပ်စောင်စောင် စိုက်ကြည့်နေကြဆဲတည်း။

(၂)

"မွန်…၊ ကိုတို့လက်ထပ်တာ ခြောက်လကျော်ပြီ။ ဒီအတွင်း သားနှစ်ယောက်က အတူဆော့တာလည်း မတွေ့ဘူး၊ ရင်းရင်းနှီးနှီးလည်း မပေါင်းဘူး။

အဲဒါ 'ကို' မကြိုက်ဘူးကွာ။ မွန် တားတားနေလို့သာ ကို… ကလေးတွေကို ပြောချင်နေပြီ"

ဒေါ်ခင်မွန်မွန်က ကော်ဖီပန်းကန်ကို ဦးသော်ခန့်ရှေ့သို့ ချပေးလိုက်ရင်း…

"မွန်လည်း သတိထားမိပါတယ်။ သူတို့နှစ်ယောက်က ခပ်စိမ်းစိမ်းနေကြပေမယ့် ရန်တော့ မဖြစ်ကြပါဘူး။ လွှတ်ထားလိုက်ပါဦး ကို…၊ ကလေးတွေက သိတတ်နားလည်မှုရှိပြီး လိမ္မာကြတယ်ဆိုပေမဲ့ သူတို့ချစ်တဲ့၊ သူတို့ရဲ့ တစ်ဦးတည်းသော အားကိုးရာဖြစ်တဲ့ အဖေ အမေ ကိုယ်စီကို တခြားလူနဲ့ ဝေမျှချစ်ဖို့ သူတို့မှာ ရုတ်တရက် အဆင်သင့်မဖြစ်နိုင်သေးတာ သဘာဝကျပါတယ်။

အရေးကြီးတာက ကိုယ်ရော၊ မွန်ရော၊ သားတို့အပေါ်မှာ စစ်မှန်တဲ့ မေတ္တာနဲ့ ညီညီမျှမျှ၊ လေးလေးနက်နက် ချစ်ခင်စောင့်ရှောက်ပေးဖို့ပဲ။ အဲဒီ ညီမျှမှုနဲ့ မေတ္တာကို ပြည့်ပြည့်ဝဝ ခံစားနားလည်လာတဲ့ တစ်ချိန်မှာ သူတို့ချင်းလည်း ပြေလည်သွားကြပါလိမ့်မယ်ကို။ အချိန်အတိုင်းအတာတစ်ခုတော့ သူတို့ကို ပေးရမှာပေါ့"

ဦးသော်ဇင်ခန့်က ခေါင်းညိတ်လိုက်သည်။ ဒေါ်ခင်မွန်မွန်က ပြုံးလိုက်ရင်း…

"နောက်ပြီး ကျောင်းချိန်ကလည်း မတူဘူးလေ။ သတိုးက နေ့လယ်ပိုင်း၊ ဟိန်းက မနက်ပိုင်းဆိုတော့ ကျောင်းဖွင့်ရက်လည်း ဆုံချိန်သိပ်မရှိ၊ ပိတ်ရက်ကျတော့လည်း ကျူရှင်ချိန်ကလွဲပြန်တယ်။ ဒီတော့တွေ့ချိန်က နည်းတယ်လေ ကိုရဲ့"

"အင်း… ဒီနှစ်က နှစ်ဝက်ကြီးဖြစ်နေလို့၊ ရှေ့နှစ်ဆိုရင်တော့ ဟိန်းကို သတိုးတို့ကျောင်း ပြောင်းကြရအောင်မွန်။ ဒါဆိုရင် ကျောင်းသွားကျောင်းပြန် အဖော်ရတဲ့အပြင် အတန်းလည်း တူတော့ ကျူရှင်ပါအတူ အပ်လို့ရတယ်။ သားတို့ နှစ်ယောက်လည်း ပိုပြီး ရင်းနှီးသွားအောင်လေ"

"ကောင်းတယ် ကို…၊ မွန်ကလည်း အဲလိုပဲ စိတ်ကူးနေတာပါ"

ဦးသော်ဇင်ခန့်က ခေါင်းညိတ်ရင်းက သက်ပြင်းတစ်ချက် ရှိုက်လိုက်၏။

"ကိုလေ…၊သားတို့နှစ်ယောက်ကို ညီရင်းအစ်ကိုတွေလို ချစ်ခင်သွားစေချင်တာကွာ၊ ဘယ်တော့များမှ…"

"အချိန်တွေ အများကြီးရှိပါသေးတယ် ကိုရယ်၊ မွန်ပြောသလို ကိုနဲ့ မွန်တို့ရဲ့ မေတ္တာ စေတနာကို သူတို့လေးတွေ နားလည်လာကြတဲ့ တစ်ချိန်မှာ ပြောင်းလဲသွားကြမှာပါ။ စောင့်ကြည့်ကြတာပေါ့နော်"

(၃)

"ကျွီ… ကျွီ… ကျွီ…"

ထမင်းစားခန်းမှ အသံကြောင့် သတိုးက ဧည့်ခန်းတွင် တီဗွီကြည့်နေရာမှ လှမ်းကြည့်လိုက်၏။ ထမင်းစားခန်းနှင့် ဧည့်ခန်းကို အလှပစ္စည်းတင် စဉ်တန်းများနှင့်စင်သာ ခြားထားသောကြောင့် တိုးလျှိုပေါက်လှမ်းမြင်နေရသည်။

ဟိန်းသည် ထမင်းစားပွဲမှ ထိုင်ခုံကို တစ်ဖက်ခြမ်းမှ နံရံကပ် ဗီရိုဆီသို့ မနိုင့်တနိုင် တရွတ်တိုက် ဆွဲယူနေသည်။ သတိုးက ဆွဲကူပေးရန် အမှတ်မဲ့ထရပ်လိုက်ပြီးမှ ကိုယ်ရှိန်သတ်လိုက်၏။

မနေ့က ဟိန်း ရီဖို့ကတ်ကို ဖေဖေက လက်မှတ်ထိုးပေးရင်း အဆင့် (၂) ဝင်သော ဟိန်းကို ပွေ့ဖက် ချီးကျူးနေသည့် မြင်ကွင်းအား မြင်ယောင်လာသည်။ သတိုးကတော့ သည်လ အဆင့် (၈) သာဝင်သည်။ ဟိန်းထက် အဆင့်နိမ့်သော်လည်း ဖေဖေနှင့် မေမွန် ဆူခြင်း၊ ပြောခြင်းတော့ မရှိပါ။ မေမွန်က အဆင့်(၁၀) အတွင်းဝင်သည်မို့ သားနှစ်ယောက်လုံး တော်သည့်အကြောင်း ဖေဖေ့ကို ပြောနေသည်။

ဟိန်းက စာတော့ တော်သည်။ လပတ်စာမေးပွဲတွင် အဆင့် (၁) မှ (၃) အတွင်း အမြဲရသည်။ သတိုးကတော့ အဆင့်(၁၀)အတွင်း ဝင်သော်လည်း တစ်ခါမှ ၁၊ ၂၊ ၃ မရခဲ့။ သူ မကျေမလည်တော့ ဖြစ်မိသည်။ ထို့ကြောင့် သတိုးက ဟိန်းထက် ကျော်လိုစောဖြင့် စာပိုလုပ်သော်လည်း ရှမ်းတတ်သော အကျင့်ကြောင့် အမှားများကာ အမှတ်ပြည့် ဘယ်တော့မှုမရ။ ဟိန်းကိုလည်း တစ်ခါမှ မကျော်နိုင်။

"ဟာ… ဒီကောင်… လိမ့်ကျတော့မှာပဲ…။"

ဟိန်းသည် ခုံကို နံရံကပ်ဗီရိုရှေ့ရွှေ့ကာ ဗီရိုထဲမှ မုန့်ပုလင်းကို ယူလိုခြင်း ဖြစ်လိမ့်မည်။ မေမွန်နှင့် ဖော်ကလည်း မရှိသဖြင့် သူ့ကို ယူပေးမည့်သူ မရှိ။ ဟိန်း၏ခုံသည် အောက်ကြမ်းပြင်မှ အိမ်တွင်းစီး ဖိနပ်ပေါ်တွင် ခုံခြေထောက်တစ်ဖက်တင်ကာ ခပ်စောင်းစောင်းဖြစ်နေသည်။ ဟိန်းခုံပေါ်မတက်မီ သတိုးက ခုံအောက်ခြေ မညီမညာ ဖြစ်နေပုံကို လှမ်းမြင်သော်လည်း သူ သတိမပေးဖြစ်။

ထိုစဉ်မှာပင် ဟိန်းက အပေါ်ကိုသာ မျှော်ကြည့်ရင်း ဗီရိုတံခါးလှမ်းဖွင့်ရန် အာရုံတစ်ခုတည်းဖြင့် ခုံပေါ်လှမ်းတက်လိုက်၏။ ခုံက အောက်ခြေ မညီမသဖြင့် အနည်းငယ် လှုပ်သွားသည်။ ဟိန်းက သတိမမူမိ။ ဟိန်းသည် သတိုးထက် အရပ်အနည်းငယ် နိမ့်သူဖြစ်၍ ဗီရိုတံခါးလက်ကိုင်ကို မမှီတမှီ ဖြစ်နေ၏။ ဟိန်းခြေဖျားထောက်ကာ လှမ်းအဖွင့်တွင်…

"ဒုန်း…"

"အား…"

"ဟော… ကျပြီ…"

ခုံက စောင်းလဲသွား၏။ ဟိန်းသည်လည်း ခုံနှင့်အတူ ကြမ်းပြင်ဆီသို့ ဒူးနှင့် လဲကျသည်။ ဟိန်းက 'ကျပြီ…'ဟု လွှတ်ခနဲ အော်လိုက်မိသော သတိုးဆီသို့ နာကျင်သွားဟန်ရှိသော ဒူးခေါင်းကို ပွတ်ရင်း မျက်လုံးပြူးလျက် လှမ်းကြည့်နေ၏။ ဟိန်း ဘယ်ဘက်တံတောင်လည်း ပြဲသွားသည် ထင်သည်။ သွေးစို့နေလေသည်။

ကောင်းတယ်…။ သတိုးစိတ်ထဲမှ ရေရွတ်လိုက်ရင်း ဟိန်းကို ဆတ်ခနဲ မျက်နှာလွှဲကာ တီဗီရှေ့တွင် ပြန်ထိုက်ချလိုက်သည်။ ဤကား ဖေဖေနှင့် မေမွန်တို့ မသိသော ကြိတ်ပုန်းတိုက်ပွဲပင်တည်း။ သတိုးပြုံးမိလေသည်။

*

"ဟုတ်ပြီ… ဘိုဘို…၊ ဆွဲသွားကွ… သတိုးကို ပေးလိုက်…"

"သတိုး… ဂိုးရှေ့ချပေး… သတိုးကွ…"

"သတိုး… ဂိုးသမား ညာဘက်ကိုသွင်း… ကန်… ကန်…"

ဆူညံစွာ အော်ဟစ်၍ ဘောလုံးကစားနေကြသော သတိုးတို့ အုပ်စုကို ဟိန်းက နို့အေးချောင်းစားရင်း ကွင်းထောင့်မှ ရပ်ကြည့်နေ၏။

သတိုးသည် ဂိုးရှေ့သို့ ဘောလုံးကိုဆွဲယူကာ လာနေသည်။ ထိုစဉ် တစ်ယောက်က ဘောလုံးကိုဝင်လုရာ ဘောလုံးက ကွင်းထောင့် ဟိန်းရှိရာဘက် လိမ့်လာသည်။

"ဟိုက်…"

ဟိန်းရှိရာ ဂိုးတိုင်ထောင့်ဘက်မှ ဘောလုံးဆီ ပြေးလိုက်နေသော သတိုးကို ကြည့်ရင်း ဟိန်းတစ်စုံတစ်ခုကို သတိရပြီး 'ဟိုက်' တ,လိုက်မိ၏။

မနေ့ညနေက ဟိန်းနှင့် သူငယ်ချင်းများ ဤဘောလုံးကွင်းအတွင်း ဂေါက်ဘောလုံးရိုက်တမ်း ကစားကြသည်။ တင်းနစ်ဘောလုံးကို ဂေါက်သီးရိုက်သလို ကျင်းထဲဝင်အောင် တုတ်ဖြင့်ရိုက်ပြီး ကစားကြခြင်းဖြစ်သည်။ ဟိန်းတို့က ဂေါက်ဘောလုံးရိုက်သည်ဟု ခေါ်ကြ၏။ ဘောလုံးကွင်း အခြားတစ်ဖက်တွင် တခြားကလေးများလည်း ကစားနေကြရာ ဟိန်းတို့က သည်ဘက်ခြမ်းတွင် ကစားကြသည်။ ဘောလုံးရိုက်ထည့်ရန် ကျင်းလေးများ တူးရာတွင် ဂိုးတိုင်ထောင့်လမ်းဘက်၌ ဟိန်းက ကျင်းခပ်ကြီးကြီး တစ်တွင်းတူးထားခဲ့၏။ ဘောလုံးကွင်းဖြစ်သဖြင့် ဟိန်း

တို့သည် ကစားပြီးပါက ကျင်းများကို တူးထားသောမြေဖြင့် ပြန်ဖို့ခဲ့လေ့ရှိသည်။

မနေ့ကတော့ ဘောလုံးကျင်းဝင် အရေအတွက်ကို ငြင်းကြခုံကြရင်း ဟိန်း တူးထားသောကျင်းကို မြေပြန်ဖုံးရန် ဟိန်း မေ့သွားခဲ့သည်။ ကျင်းက အနက် တစ်ထွာခန့်ရှိ၏။ ယခု ထိုကျင်းရှိရာ ကွင်းထောင့်ဘက်သို့ သတိုးက ဘောလုံး လိုက်ရင်းဆွဲရင်း ပြေးလာနေလေပြီ။ သတိုးပြေးလာရာ လမ်းတည့်တည့်တွင် ဟိန်း၏ ကျင်းရှိသည်။ မြက်ပင်များနှင့် ဖုံးနေခြင်းကြောင့် ရုတ်တရက် မမြင်နိုင်။ သည်တိုင်း ဆက်ပြေးပါက ဟိန်း၏ ကျင်းထဲ သတိုးခြေချော်ကျကာ ပစ်လဲကိန်း ရှိ၏။

ကွင်းထောင့်နားတွင် ရပ်နေမိသော ဟိန်းက သတိုးကို လှမ်းအော်သတိပေး ရန် ပါးစပ်ပြင်လိုက်မိသည်။

သတိုးက ဘောလုံးကန် တော်သည်။ ကျောင်းအားကစားပြေး ပြိုင်ပွဲများတွင် လည်း ပထမဆုချည်း အတန်းစဉ်လိုက် သတိုးရရှိထားသော အားကစားဆုတံဆိပ် များက အိမ်၌ ဗီရိုတစ်လုံးအပြည့်ရှိသည်။

ဟိန်းကတော့ သတိုးလို အားကစားဘက်တွင် မထူးချွန်ပါ။ ဟိန်းမေမေက သတိုးဆုရတိုင်း တို့သားငယ်က ကြီးလာရင် မြန်မာ့လက်ရွေးစင် အားကစားသမား ကောင်းဖြစ်မှာဟု ဂုဏ်ယူစွာ ချီးမွမ်းလေ့ရှိလေသည်။ ဟိန်းမနာလို ဖြစ်မိသော်လည်း ဟိန်းမှာ သတိုးလို အားကစားမတော်တော့ မကြည်တကြည်နှင့်ပင် ငြိမ်နေလိုက် ရသည်။

ကျွန်တော်ကို သွားတွေးမိသော ဟိန်းက ချက်ချင်းပင် နှုတ်ပိတ်ကာ သတိုးကို သတိမပေးတော့ဘဲ ငြိမ်ကြည့်နေလိုက်၏။

"အဲ... လဲပြီဟ"

ဟိန်း ရေရွတ်လိုက်သည်။ သတိုးသည် ဟိန်းထင်သည့်အတိုင်းပင် ဟိန်း တူးထားသော ကျင်းတွင်း ခြေကျွံကျကာ မှောက်လျက်လဲသွားသည်။ ပြေးလာသော အရှိန်ကြောင့် အကျနာကာ သတိုး ဒူးပြဲသွား၏။

ဒူးနှစ်ဖက်ကို ပွတ်ကာ ငုံ့ကြည့်ကာဖြင့် ရှုံ့ရှုံ့မဲ့မဲ့ ပြန်ထလာသော သတိုးကို ကြည့်ပြီး

ကောင်းတယ်...။ မှတ်ပလား ကွ။

* * *

(၄)

"ဒုက္ခပဲ ကိုရေ..၊ မုန်တိုင်းများရှိသလား မသိဘူး။ မိုးကြီးလေပြင်းမယ့်ပုံပဲ။ ကြည့်ပါဦး မိုးတွေ ညို့တက်လာလိုက်တာ..၊ လေလည်း တော်တော် တိုက်လာတယ်"

ဦးသော်ဇင်ခန့်က ကောင်းကင်ကို မျှော်ကြည့်နေရာမှ ဇနီးသည်ကို ငဲ့စောင်းကြည့်လိုက်သည်။ ဇနီးပြောသလို မကြာမီ မိုးရော လေရာ ပြင်းပြင်းထန်ထန် ချမည့်ပုံရှိ၏။

"ကိုတို့တော့ ဒီမိုးကို မလွတ်နိုင်ဘူးထင်တယ်၊ ယာဉ်ရပ်နားစခန်း မရောက်ခင်မီမှာပဲ ဟူး... လေးရက်ဆက်ပိတ်ရက်လေး ကလေးတွေကို ချောင်းသာကမ်းခြေ လိုက်ပို့ကာမှ မုန်တိုင်းနဲ့ တိုးရတယ်လို့ကွာ..."

"ဘယ်လိုလုပ်ကြမလဲကို၊ တစ်နေရာခဏရပ်ပြီး ခိုမှနဲ့တူတယ်"

"နေဦးကွ၊ ရှေ့မှာ လမ်းခွဲဖြတ်လမ်းလေးရှိတယ်။ ကိုတို့ ငယ်ငယ်က လမ်းဟောင်းလေးပဲ။ အဲဒီ လမ်းဟောင်းက ရွာထဲက ဖြတ်သွားတာ။ ဒီ အဝေးပြေးလမ်းသစ်အတိုင်း အနီးဆုံး ယာဉ်နားစခန်းတောင် အတော်ကြီးလိုသေးတယ်။

ဒီတော့ ကိုတို့ လမ်းဟောင်းဖြတ်လမ်းအတိုင်း မောင်းဝင်ပြီ ရွာအရောက်သွားလိုက်မယ်။ မိုင်နှစ်ဆယ်၊ အစိတ်လောက်ပဲ ရှိမယ်ထင်တယ်။ ရွာမှာ မိုးဝင်ခိုနေတာက အန္တရာယ်ကင်းမှာ၊ မိုးစဲမှ လမ်းဟောင်းကနေ ဒီလမ်းပေါ် ပြန်တက်မောင်းကြတာပေါ့"

"အင်း.. အဲဒါ ကောင်းသားပဲကို၊ ကလေးတွေလည်း ရွာမှာ တစ်ခုခုဝယ်စားလို့ ရတာပေါ့။ ဒါနဲ့ ကိုက လမ်းရောမှတ်မိလို့လား"

"မှတ်မိပါတယ် မွန်ရဲ့။ လမ်းဟောင်းက လမ်းသွယ်အခွဲလေးတွေ များပေမဲ့ ကို.. လူပျိုတုန်းက သွားနေကျလမ်းပါ။ ဟော.. ရှေ့မှာ လမ်းခွဲတွေ့ပြီ"

ဦးသော်ဇင်ခန့်က ကားကို လမ်းခွဲလေးထဲသို့ ပြောပြောဆိုဆို မောင်းဝင်လိုက်၏။ ခပ်မြန်မြန်မောင်းသွားလျှင် မိုးမလွတ်သည့်တိုင် နာရီဝက်ခန့်တွင် ရွာသို့ရောက်နိုင်ပါသည်။

"ဝေါ... ဝေါ... ဖြောင်း... ဖြောင်း... ဖြောင်း..."

လမ်းသွယ်လဲ ချိုးဝင်၍ ဆယ်မိနစ်ပင် မကြာလိုက်၊ မိုးရောလေရော တဝေါဝေါ တဖြောင်းဖြောင်းနှင့် ချတော့သည်။

"ဟိန်းနဲ့ သတိုး… သားတို့ ဂျာကင်တွေ ထပ်ဝတ်ထားနော်။ မိုးရွာတော့ အေးလိမ့်မယ်"

ဒေါ်ခင်မွန်မွန်က နောက်ခန်းမှ ကလေးများကို လှည့်ပြောသည်။

"ဟာ… မိုးကသည်းလိုက်တာ၊ ဝိုက်ပါတောင် မနိုင်တော့ဘူး။ ရှေ့ကို ကောင်ကောင်း မမြင်ရအောင်ဘဲ…"

ဦးသော်ဇင်ခန့်က ရေရွှတ်ရင်း ကားကို မနည်းထိန်းမောင်းနေရသည်။ လမ်းက စိုစွတ်ကာ ချော်နေသည်။ လမ်းဟောင်းဖြစ်သည့်ပြင် ရွာသွားလမ်းခွဲများက မြေသားလမ်းဖြစ်ရာ မိုးရေဖြင့် ရွှံ့ဖြစ်နေ၏။

"ရောက်ခါနီးပြီလား ကို"

ဦးသော်ဇင်ခန့်က လမ်းချိုးတစ်ခုသို့ ထပ်မံချိုးဝင်လိုက်ရာမှ နာရီကို ငုံ့ကြည့်၏။

" ဒီလောက်ဆိုရင် ရွာကိုမြင်ရလောက်ပြီ။ မိုးသည်းနေလို့ ကောင်းကောင်း မမြင်ရတာဖြစ်မယ်"

အတော်ကြာ မောင်းလာသည်ထိ မိုးထဲလေထဲတွင် ယိမ်းထိုးလှုပ်ရှားနေကြသော အပင်များမှအပ ရွာကလေးအရိပ်အယောင်ကိုမျှ မတွေ့ရသေး။

ငါ… မိုးသည်းထဲမှာ လမ်းချိုးများမှာ ဝင်ခဲ့မိတာလား၊ ဒီလမ်းက လမ်းချိုးတွေခပ်များများဆိုတော့…။ ဦးသော်ဇင်ခန့် တွေးမိသည်။

သူ သည်လမ်းတွေကို ငယ်စဉ်ကတည်းက ကျွမ်းဝင်ခဲ့ပြီးဖြစ်သော်လည်း မရောက်ဖြစ်သည်က နှစ်ပေါင်းသုံးဆယ်ခန့် ရှိပြီမို့ ပတ်ဝန်းကျင်အနေအထားက ပြောင်းလဲသွားခဲ့ပြီ။ သို့ကြောင့်ပင် သူလမ်းမှားခဲ့မိသည်လား…။

မိုးက စဲမည့်ပုံမရှိသည့်ပြင် ပို၍ပင် ပြင်းထန်လာနေသယောင်။ ညနေစောင်း နေဝင်ခါနီးတွင် မိုးမှောင်ကြီးပါ ကျနေပြန်၍ ပတ်ဝန်းကျင်ကို အမှောင်က အလျင်အမြန် လွှမ်းမိုးဖုံးအုပ်စ ပြုလာနေသည်။

"ဟာ…"

"အို… ဘာဖြစ်တာလဲ…"

မောင်းနေရင်းက ကားက နိမ့်ခနဲ ဖြစ်သွားသဖြင့် လင်မယားနှစ်ယောက် အထိတ်တလန့် အော်လိုက်မိဆဲ…

"ဟာ… မြေ… မြေ… ပြို…"

"ဂျိမ်း… ဝုန်း… ဝုန်း… ဝုန်း…"

"ဂျိုင်း… ဝုန်း… ဝုန်…"

ကားလေးသည် ပြိုကျသွားသော မြေစိုင်ခဲနှင့်အတူ ချောက်ဆီသို့ အိခနဲ ထိုးကျသွား၏။

"အား…"

"အမလေး…"

ကားပေါ်မှ ကြောက်လန့်တကြား အော်ဟစ်သံများ စီခနဲ ထွက်လာ၏။ ကားလေးသည် ချောက်နှုတ်ခမ်းအောက်မှ ကျောက်တောင်ငယ်နှင့် ပထမ ဂျိမ်းခနဲ ဆောင့်မိသည်။ အောက်ခံမြေမာမရှိသဖြင့် ဆောင့်မိသော အရှိန်ဖြင့်ပင် ကားက လည်၍ ထပ်မံအိဆင်းသွားကာ အောက်ဘက်ဆီသို့ ဆက်လိမ့်သွားလေတော့သည်။ ချောက်အောက်ခြေ မရောက်မီ ထိုးထွက်နေသော ကျောက်စွန်းတစ်ခုတွင် ဦးတိုက်လျက် တဂျိမ်းဂျိမ်း၊ တဝုန်းဝုန်း အသံစုံမြည်သွား၏။

မိုးနှင့်လေကား သဲသဲမဲမဲ အငြိုးကြီးစွာ အရှိန်မြင့်ဆဲ…။

ပတ်ဝန်းကျင်သည် လေဒဏ်မိုးဒဏ်ကြောင့် ယိမ်းထိုးယမ်းခါ၊ ဖြောင်းဆန်နေသလောက် ကားလေးမှာမူ… ကျောက်စွန်းနှင့် တေ့ဆိုင်ကာ ပကတိ ငြိမ်သက်စွာ…။

(၅)

"အား… နာ… နာတယ်…"

ဟိန်းက နာကျင်သွားသော ဘယ်ခြေထောက်ကို ငုတ်တုတ်ထထိုင်ရင်း လှမ်းကိုင် ညည်းညူလိုက်မိ၏။ ခြေထောက်ကို ကြည့်မိတော့ သူ့ ဒူးဆစ်နေရာတွင် နှစ်လက်မခန့် ပြဲနေသော ဒဏ်ရာနှင့် ပွန်းပဲ့ ဒဏ်ရာ တချို့ တွေ့ရသည်။ နဖူးထောင့်နေရာကလည်း နာနေသဖြင့် သူစမ်းကြည့်မိ၏။ နဖူးထောင့်တွင် ဘုကြီးတစ်ခု ထွက်နေသည်။ ဖိမိသည်နှင့် နာကျင်သွားပြီး သူ အားခနဲ အော်မိသည်။ သူက သူ့ ဒူးဆစ်ဒဏ်ရာကို ပြန်ကြည့်၏။ ဒဏ်ရာမှ သွေးများ ထွက်နေသော်လည်း မိုးရေနှင့် အတူ ပါပါသွားကာ ကျဲပါးပျောက်ကွယ်သွားကြသည်။

ထိုစဉ် လေပြင်းတစ်ချက် ဝေါခနဲ တိုက်လိုက်ရာ သူသည် ချမ်းတုန်သွားလျက် ပခုံးကျုံ့လိုက်မိ၏။ ဟိန်းတစ်ကိုယ်လုံး မိုးရေများ စိုရွှဲနေသည်။ သူ… ဘာဖြစ်တာလဲ၊ ဘာလို့ မိုးရေထဲ ရောက်နေတာလဲ…၊

ဟိန်း အံ့အားသင့် တွေးလိုက်ရင်းက မေမေ၊ ဖေသော်နှင့် သတိုးကို ဖြန့်ခနဲ သတိရသွားသည်။ တစ်ဆက်တည်း သူတို့ စီးလာသောကားလေး မြေစိုင်နှင့်အတူ အိခနဲ ထိုးကျသွားသည်ကိုပါ မှတ်မိလိုက်၏။

"ဟင့်…ဟင့်…၊ မေမေ… မေမေ… ဖေ… ဖေသော်…၊ သ…သ… သတိုး…"

ပတ်ဝန်းကျင်ကို ပြူးတူးပြဲတဲ လျှောက်ကြည့်ကာ ဟိန်းအထိတ်တလန့်နှင့် ငိုရှိုက်ရင်း အော်ခေါ်လိုက်မိ၏။ မိုးပေါက်ကြီးများကြောင့် မှုန်ဝါးနေကာ သူ့ရှေ့ မြင်ကွင်းကို ကောင်းစွာမမြင်ရ။

"အီး… ဟီး… ဟီး…၊ မေ… မေမေရေ၊ ဖေသော်… ဖေသော်…"

သူ ငိုရင်း ဒယီးဒယိုင်ထအရပ်တွင် မိုးရေနှင့်ချော၍ ဖင်ထိုင်လျက် ပြန်လဲကျသွား၏။ ဒဏ်ရာရှိသော ဒူးဆစ်နေရာမှလည်း စူးခနဲ ဆစ်ခနဲ နာကျင်သွားသည်။ အအေးဒဏ်ကြောင့် ဟက်တက်ကွဲ ဒဏ်ရာသည် တဆစ်ဆစ်ဆိုးဝါးစွာ နာလာသည်။

"အီး… ဟင်… ဟင့်…၊ မေ… မေ…၊ အီး… ဟီး…၊ သ… သတိုး…"

ဟိန်းက ချောနေသော မြေကြီးကို လက်ထောက်ကာ ကုန်းထရင်း၊ ငိုရင်း၊ အော်ခေါ်ရင်း… မြင်ရ၏။ လေပြင်းဖြင့် သစ်ကိုင်းသစ်ခက်များ အချင်းချင်း တဖြောင်းဖြောင်း ရိုက်ခတ်သံ၊ ကိုင်းကျိုးကျသံနှင့် မိုးသံလေသံများက ကြောက်မက်ဖွယ် ဆူညံပွက်လောရိုက်နေသည်။

မေမေ၊ မေသော်နှင့် သတိုးတို့ကို အော်ခေါ်ရင်း ငိုရင်း ဟိန်းကြောက်ကြောက်ဖြင့် စမ်းစမ်း စမ်းစမ်းသွားသည်။ ဒဏ်ရာရှိသော ဒူးကို တရွတ်ဆွဲကာ နာနာနှင့် သူကြိုးစားသွားနေရခြင်းဖြစ်လေသည်။ သူချမ်းလည်း ချမ်းလှပြီ။ ဂျာကင်ဝတ်ထား၍ မိုးရေနှင့် အသားတိုက်ရိုက် မထိတွေ့ရသော်လည်း စိုနေသော အဝတ်ကြောင့် သူ့ကို ရေခဲဝတ်နှင့် ပတ်ထားသလိုဖြစ်ကာ သူ ခိုက်ခိုက်တုန်နေ၏။

"အား…၊ ဘ… ဘာ… ဘာကြီးလဲ"

ဟိန်း ဖင်ထိုင်လျက် ပြန်လျှောကျသွားရ၏။ မြေကို ကုန်းထောက်၍ စမ်းတဝါးဝါး တက်နေစဉ် သူ့ညာလက်က ပျော့အိအိ အရာကြီးတစ်ခုကို ကိုင်ထောင်မလိုက်သဖြင့် သူ လန့်အော်ကြီး နောက်အဆုတ်တွင် မိုးရေနှင့်ချောကာ လဲကျသွားရခြင်းဖြစ်သည်။ သူထောက်မိသောအရာကို အလန့်တကြား ပြူးပြဲလှမ်းအကြည့်တွင် ဟိန်းရင်သို့ လှိုက်ခနဲ ဖြစ်သွား၏။

"သ… သ… သတိုး…၊ သ… တိုး…"

ဟိန်းလူးလဲထကာ သတိုးရှိရာ ကုန်းရုန်းသွားမိသည်။ သတိုး၏ ဂျာကင်ကို သူမြင်လိုက်ရခြင်းဖြစ်ပါ၏။ သတိုးသည် ခပ်လျှောလျှော ကမူငယ်ပေါ်တွင် မှောက်လျက်သားရှိနေသည်။ အဆက်မပြတ် ရွာနေသော မိုးရေစီးကြောင်းက သတိုးအောက်မြေပြင်သို့ ရွံ့အဖြစ်ပြောင်းစေပြီး ၄င်းရွံ့များပေါ် မှောက်လျက်လဲကျနေသည့် သတိုးမှာ ရွံ့ရည်များနှင့်အတူ အောက်ဘက်သို့ ဖြည့်လေးစွာ ချောကျလျက် ရှိနေသည်။

သတိုးရှိနေသော မြေပြင်မှာ ခပ်စောင်းစောင်းမျှဖြင့် ပြေနေသေးသည့် အတွက် သတိုးမှာ ရွေ့သည်ဆိုရုံမျှသာ လျှောကျနေခြင်းဖြစ်သည်။ သို့သော် ၆ ပေခန့်ရှိမည့် ကုန်းပြေလျှောကျော်လျှင်မူ တစ်ဆစ်ချိုး ချောက်ဖြစ်နေ၏။ သတိုးဟာ ထိုမြေပြင်ပြေအစပ်ထိ လျှောကျသွားပြီးပါက နောက်မှတစ်ဆင့် အောက်ဘက်သို့ ထိုးကျသွားပေလိမ့်မည်။

ဟိန်းက သတိုးကို စိုက်ကြည့်နေမိ၏။

သူနှင့် သူတိုးသည် ရန်မဖြစ်ကြသော်လည်း ယခုအချိန်ထိ တစ်ယောက်တစ်ယောက် စိမ်းနေကြဆဲ…။ ဟိန်းမေမေက သတိုးကို ယုယကြင်နာစွာ ထွေးပွေ့လေတိုင်း ဟိန်းဘာမျှ မပြောသာသည့်တိုင် မကျေလည်အကြည့်ဖြင့်၊ မနာလိုစွာ စောင့်ကြည့်နေမိတတ်၏။

ထို့အတူ သတိုးဖေဖေက ဟိန်းကို ဂရုတစိုက် အရေးတယူရှိလေတိုင်း သတိုးကလည်း အကဲခတ်မျက်နှာနှင့် စောင်နေတတ်သည်။ ဟိန်းနှင့် သတိုးသည် ရင်ထဲမှ မကြည်စိတ်ကိုယ်စီကို အသီးသီး အပြန်အလှန် မြင်ကြ၏။ သို့နှင့်ပင် သူတို့နှစ်ဦးသည် အကြောင်းကိစ္စရှိချိန်မှလွဲ၍ စကားပင်သေချာ မပြောဖြစ်ကြ။ တရင်းတနှီး ဆက်ဆံမှုမျိုးလည်း မရှိ။ ဘာသိဘာသာပင် နေခဲ့ကြသည်။ ကစားစရာများကို အပြန်အလှန်ယူ၍ ကစားမိကြသည့်တိုင် အတူတော့ မဆော့ဖြစ်ပါ။

ဟိန်းက သတိုးကို ခပ်စူးစူး ပြန်ကြည့်လိုက်သည်။ ခေါင်းထဲမှ အတွေးများကို သူပုံဖော်နေမိ၏။

သတိုးသည် ရွံ့များနှင့်အတူ ချောက်ဘက်ဆီသို့ ဆက်၍ ခပ်ဖြည်းဖြည်း လျှောကျနေလေသည်။

(၆)

"သတိုး… သတိုး…၊ ဟေ့ကောင်… သတိုး"

ဟိန်းက မှောက်လျက်လဲနေသော သတိုးကို ကုန်းလျှောဆီမှ လွတ်အောင် အားစိုက်ဆွဲယူလိုက်၏။

"အား… ကျွတ်ကျွတ်…၊ နာ… နာလိုက်တာ"

"အင်း… ဟင်း… ဟင်း… အား…"

သတိုး ကိုယ်အား စိုက်ဆွဲလိုက်ရသဖြင့် ဟိန်း၏ ဒူးဒဏ်ရာက ဟပြဲကာ သွေးစက်လက်ထွက်လာ၍ ဟိန်း နာနာကျင်ကျင် ညည်းလိုက်မိသလို သတိုးထံမှလည်း ညည်းသံအချို့ ထွက်လာသည်။ သတိုးအသံ သဲ့သဲ့ကြောင့် ဟိန်း ထိတ်ခနဲ ဝမ်းသာသွားကာ သူ့ဒဏ်ရာကို ဂရုမပြုနိုင်တော့ဘဲ သတိုးကို ဆွဲလှန်လိုက်၏။ ဟိန်းက သတိုးနာမည်ကို တတွတ်တွတ်ခေါ်ရင်း အဆက်မပြတ် လှုပ်ခါနေခြင်းကြောင့် ညည်းညူသံနှင့်အတူ သတိုးလှုပ်လာသည်။

သတိုး၏ နဖူးထောင့်တွင်လည်း ဒဏ်ရာဟက်တက်ရှိနေပြီး ထိုဒဏ်ရာမှ သွေး တစိမ့်စိမ့် စီးကျနေသည်ကို မြင်ရ၏။ သို့သော် ဟိန်းဒူးမှ ဒဏ်ရာများကဲ့သို့ ပင် မိုးရေနှင့် သွေးများ ရောသွားသဖြင့် သွေးရည်ကျဲစီးကြောင်းကိုသာ အဆက်မပြတ် တွေ့နေရလေသည်။

"သတိုး… သတိုး…၊ သတိရပြီလား…"

"အား… အင်း… ကျွတ်… ကျွတ်…၊ ဘာ… ဘာဖြစ်တာ…"

သတိုးက ညည်းညည်းညူညူ မေးလိုက်ရာက မတ်ခနဲ ဖြစ်သွား၏။ သူ ချက်ချင်း မှတ်မိသွားဟန်နှင့် လူးလဲထထိုက်လိုက်သည်။ ဟိန်းက သတိုးကို တွဲထူ ကူညီပေးရ၏။

"တို့… တို့ကား… ဟာ… ဖေဖေ… ဖေဖေ… မေမွန်… မေမွန် တို့ ရော…"

ဟိန်းက ငိုရင်း ခေါင်းခါပြလိုက်၏။

"ငါ… ငါတို့ကား… မြေပြို… ပြိုး… ပါသွားတာမို့လား…၊ ဖေဖေနဲ့… မေမွန်… အစ်… အီ… ဟီး… ဟီး… ဖေဖေ… မေမွန်… မေမွန်ရေ…"

ပြောရင်း သတိုးထံမှ စိုးရိမ်တကြီး အော်ခေါ်သံနှင့်အအတူ အစ်ခနဲ ရှိုက်ငိုသံ ထွက်လာသည်နှင့် ဟိန်းကပါ တဟီးဟီး ငိုလေတော့သည်။

"ငါ... ကား ဘာနဲ့လည်း မသိဘူး၊ အဆောင့်မှာ တံခါးပွင့်သွားပြီး လွင့်ကျသွားတာ သိ...လိုက်တယ်။ မင်းလည်း အဲလိုပဲ ကျခဲ့တာဖြစ်မယ်။ ဟီး... အစ်... မေမွန်နဲ့ ဖေဖေရော..."

သတိုးက ပြောရင်း ငိုရင်း စိုးရိမ်စိတ်နှင့် ကပျာကယာ လူးလဲထလိုက်၏။ ပြီးမှ သူ့မျက်လုံးများကို ပွတ်ဆွဲကာ မျက်ရည်သုတ်လိုက်ပြီး စိတ်တင်းလိုက်ဟန်ဖြင့်...

"ဟိန်း... မငိုနဲ့တော့ကွာ၊ ဖေဖေတို့ကို ရှာဖို့ အရေးကြီးတယ်၊ ထ... ဟော့ကောင်"

"အီး... ဟီ... ဟီး..."

ဟိန်းက ယိုင်နဲ့နဲ့ ထရပ်လိုက်သော်လည်း အငိုမတိတ်သေး။

"ဟာ... မင်းကလည်း... မိန်းကလေးကျနေတာပဲ... တိတ်စမ်းပါကွ၊ မေမွန်နဲ့ ဖေဖေ့ကို ရှာရ..."

သတိုး အသံကပါ ပူပန်စိတ်ကြောင့် နစ်ဝင်သွားမယောင်ဖြစ်သွားပြီးမှ...

"ကားက ဆက်ကျသွားတာကွ...၊ တို့... အောက်ဆင်းကြည့်ရအောင်။ တောက်... မိုးကလည်းသည်း၊ မှောင်ကလည်း မှောင်နဲ့ ဘာမှကို မမြင်ရဘူးကွာ..."

သတိုးက ပြောရင်း...

"ဒါနဲ့... မင်းကော... ဘာဖြစ်သွားသေးလဲ"

ဟိန်းက ဒူးနှင့်ခြေမှ ကွဲပြဲပွန်းရှဒဏ်ရာများကို လက်ညှိုးထိုးပြလိုက်ရင်း...

"မင်းလည်း... နဖူးမှာ ကွဲနေပြီ၊ သွေးတွေ ထွက်နေတယ်"

သတိုးက ဒဏ်ရာကိုစမ်းလျက် ခေါင်းညိတ်ပြသည်။ သိပ်မများဘူး ထင်တယ်ကွ၊ သိပ်မနာပါဘူး... ဟု ဆိုသည်။ ဟိန်း ဒူးမှ ဒဏ်ရာကို ငုံ့ကြည့်ပြီး...

"ဟ... မင်း ဒူးပြဲတာ အကြီးကြီးပဲ၊ မိုးရေနဲ့မို့ သွေးသိပ်မတွေ့ရတာ။ မင်း... လျှောက်လို့ရရဲ့လား"

"ငါ... ငါ့ဒူးက သိပ်နာတယ်ကွ၊ လမ်းလျှောက်ရင်း ကွေးရင်ဆန့်ရင် ပို... နာတယ်"

သတိုးက ဟိန်းကို နူးညံ့စွာကြည့်ပြီး ဘေးမှ ထိန်းတွဲပေးလာ၏။ ဟိန်းက သတိုးလက်မောင်းကို အားပြုကာ ရှုံ့ရှုံ့မဲ့မဲ့နှင့် ထော့နဲ့နဲ့ လိုက်ဆင်းသည်။

"ဟာ... ဟော ဟိုမှာ... တို့ကား..."

သတိုးက ဝမ်းသာအားရအော်လျက် အောက်သို့ လက်ညှိုးညွှန်ပြလိုက်၏။ ဟိန်းက နောက်မှ လှမ်းကြည့်လိုက်သည်။ သူတို့ကားသည် ချောက်ကမ်းပါး စောင်းနေရာတွင် ကျောက်တောင်စွန်းကြီးတစ်ခုကို ဦးတိုက်လျက် ရှိနေလေသည်။

ဟိန်းရော သတိုးပါ မိဘများကို ပူပန်စိတ်ဖြင့် ဒဏ်ရာများကိုမေ့ကာ နှစ်ယောက်သား လက်တွဲထိန်းလျက် အောက်သို့ ခပ်သွက်သွက် ဆင်းလိုက်ကြသည်။ ဒူးပြဲနာကြောင့် ဟိန်းစိတ်သွားတိုင်း ကိုယ်ကမပါ။

"ဟ… အား…"

အလျင်စလို လှုပ်ရှားလိုက်မိကြသောကြောင့် ရှေ့မှ ဆင်းနေသော သတိုးသည် ရွံ့ရည်၊ မိုးရေနှင့် ချောကာ လက်တွဲထားသော ဟိန်းလက်မှ လွတ်လျက် ချောက်ဘက်ဆီသို့ လျှောကျသွားသည်။ နောက်မှ ဟိန်းမှာလည်း မှောက်လျက် လဲသွား၏။

"ဟာ… သ… သတိုး"

သတိုးသည် ကုန်းလျှောတွင် ရွံ့နှင့်ချောကာ ခြေကားယားလက်ကားယား ဖြစ်သွား၏။ သူ့ကိုယ်ကို ထိန်းရန် မြေကို လက်ထောက်ကုပ်ဆွဲနေသော်လည်း ရွံ့များကြောင့် ခြေကုပ်လက်ကုပ်မရ ဖြစ်နေသည်။

ဟိန်းက တမုဟုတ်ချင်းပင် မှောက်လျက်လဲနေသော အနေအထားမှ လက်ထောက်အားယူလိုက်၏။ လက်အားအပြင် ခြေကိုပါ ကန်လျက် သတိုးရှိရာ ဟပ်ထိုးခုန်ချကာ သတိုးကို ဖမ်းဆွဲလိုက်သည်။ ကိုးရိုးကားယားဖြစ်နေသော သတိုး၏ လက်တစ်ဖက်ကို သူဆွဲလိုက်မိ၏။

မှောက်လျက်လဲကျစဉ်ကပင် ပြဲနေသော ဒူးဒဏ်ရာကို ထပ်ထိကာ စူးစူးဝါးဝါး နာကျင်နေသည့်အထဲ သတိုးဆီ ဟပ်ထိုးခုန်အုပ်လိုက်ရသဖြင့် သူ့ ဒူးအပြဲထဲ ရွံ့နှင့် ကျောက်စများ ထိုးထည့်လိုက်သလိုဖြစ်ကာ အသည်းခိုက်မျှ ခံစားလိုက်ရသည်။

"အီး… ကျွတ်… ကျွတ်…"

ဟိန်း နာလွန်း၍ မျက်စိစုံပိတ်ကာ အော်ညည်းလိုက်မိ၏။ သူ့လက်တစ်ဖက်ကလည်း သတိုးလက်ကို တင်းတင်းဆုပ်ရင်း ဖမ်းဆွဲထားရသေးသည်။ သတိုး၏ ကိုယ်အလေးအချိန်ကြောင့် ဟိန်းပါ လျှောကျမလိုဖြစ်နေ၏။ ဟိန်းက လွတ်နေသော လက်တစ်ဖက်ဖြင့် ကိုင်ဆွဲစရာရှိနိုး ကပျာကယာ လျှောက်စမ်းမိသည်။

"ဟာ…"

ဟိန်း လှိုက်ခနဲ ဝမ်းသာသွားသည်။ သူ့လက်က မြေပေါ်သို့ တစ်တောင်ခန့် ငေါထွက်နေသော ဘေးဘက်ရှိ ကျောက်စွန်းတစ်ခုကို စမ်းလိုက်မိ၍ ဖြစ်သည်။ ဟိန်းက တစ်ဖက်မှ သတိုးကိုလည်း ဆွဲရင်း ကျောက်စွန်းကို မိမိရရ ကိုင်နိုင်အောင် ကိုယ်ကို ကျောက်စွန်းဘက်သို့ ရနိုင်သမျှ တိုးကပ်လိုက်သည်။ သူ၏ လက်ကို ကျောက်စွန်းအား လုံးလုံးဖက်တွယ်မိစေရန် အားထုတ်လိုက်၏။ ကျန်လက်တစ်ဖက်က ချောကျနေသော သတိုးကို လွတ်မသွားစေရန် ဆွဲထားရသေးသဖြင့် နှစ်ကိုယ်စာ အလေးကို တောင့်ခံလျက် လှုပ်ရှားရသည်မှာ ခက်ခဲပင်ပန်းလှတော့သည်။ ကြားထဲ ဒူးအနာက စူးစူးနစ်နစ်ကြီး နာလှလေပြီ။ သူ… သတိုးလက်ကို လွှတ်ပစ်ချင်စိတ် ပေါက်လာမိတော့၏။ ငါ… လွှတ်ချပစ်ရင် ကောင်း… ကောင်း မယ်ထင်တယ်… အား… ကျွတ်ကျွတ်…။

"သ… သတိုး… မင်း… လက်နှစ်ဖက်လုံးနဲ့… ငါ့… ငါ့… လက်ကို … ဆွဲ… ဆွဲ… ပြီး ခြေကန်… တက်ခဲ့…"

ဟိန်း မောပန်းတကြီး ပြောလိုက်သည်။ ဟိန်းလက်တစ်ဖက်က ကျောက်စွန်းကို ပိုင်ပိုင်နိုင်နိုင် ဖက်တွယ်လိုက်နိုင်သော်လည်း သတိုး၏ ကိုယ်ခန္ဓာကို လက်တစ်ဖက်တည်းအားဖြင့် သူဆွဲမတင်နိုင် ဆုပ်ကိုင်မိထားသော သတိုးလက်ကိုပင် လွတ်ထွက်မသွားစေရန် မနည်းတောင့်ခံနေရ၏။

သတိုးသည် ဟိန်းပြောသည့်အတိုင်း ကားရားလွတ်နေသော သူ့လက်ဖက်နှင့်ပါ ဟိန်းလက်ကို ဖမ်းဆွဲလိုက်သည်။ ခြေနှစ်ချောင်းကိုလည်း မြေသို့ထောက်ကန်၍ အားယူကယ်နေ၏။ သတိုး၏ ဆွဲအားကြောင့် ဟိန်းမှာလည်း ကျောက်စွန်းကို အသည်းအသန် အားကုန်ဆွဲတင်းခံနေရလေသည်။ ရွှံ့များနှင့် ချောနေသောကြောင့် အကြိမ်ကြိမ် ခြေချော်ရင်း၊ ရုန်းကန်တတ်ရင်းက နောက်ဆုံး ဟိန်းဖက်ထားသော ကျောက်စွန်းကို သတိုးပါ မီလာသည်။

ဓားရွှေးနှင့် မိုးရေရောကာ နှစ်ဦးလုံး၏ မျက်လုံးထဲတွင် ကျိန်းစပ်နေစေတော့၏။

သတိုးက ကျောက်စွန်းကို မိမိရရ ဆွဲကိုင်လိုက်နိုင်ပြီး နှစ်ယောက်သား ကျောက်စွန်းအကူဖြင့် တစ်ယောက်တစ်လှည့် ဆွဲကူ ရုန်းကန်တက်လျက် မြေပြန့်ပေါ်သို့ အန္တရာယ်ကင်းစွာ ရောက်ရှိသွားချိန်၌ကား နှစ်ဦးလုံး မြေပေါ်တွင် ပက်လက်လန်ကာ အမောဆို့လျက်ရှိနေကြတော့သည်။

(၇)

သူတို့ ကားနောက်ခန်းတံခါးနှစ်ဖက်လုံး ပွင့်နေသည်။

ကားကို ဆီးခံထားသော ကျောက်တောင်စွန်းမှာ မြင့်မားပြီး ကားနှစ်ကားစာမျှ ရှည်မည်ထင်၏။ ကားသည် ကျောက်စွန်းကြီးကို ဦးတစ်ခြမ်းတိုက်ကာ ခပ်စောင်းစောင်း ရှိနေသည်။ ကံကောင်းထောက်မစွာဖြင့် ကျောက်တောင်စွန်းကြီးက ခုခံပေးလိုက်၍သာ ချောက်အောက်ခြေထိကာ ထိုးကျမသွားခြင်းဘဲ ဖြစ်သည်။

ဒဏ်ရာအနာနှင့် ဟိန်းက နောက်မှာ ကျန်ခဲ့ကာ သတိုးက ကားဆီသို့ အလျင်ရောက်သွားပြီး ရှေ့ခန်းကားတံခါးကို အလျင်စလို ဆွဲဖွင့်လိုက်သည်။ ဟိန်း မေမေသည် ကားရှေ့ ဒက်ရှ်ဘုတ်ခုံပေါ်သို့ ခေါင်းစိုက်လျက် ရှိနေသည်ကို ဟိန်း လှမ်းမြင်ရ၏။ ဟိန်းက မေမေ့ကို တကြော်ကြော် အော်ခေါ်လိုက်မိသည်။ ဟိန်း... ကားဆီသို့ ရောက်သောအခါတွင်ကား သတိုးသည် မေမေ့ကို ကားနောက်မှီ ကူရှင်ဆီသို့ ဆွဲလှန်နေလေသည်။

"ဟီး... မေမေ... မေမေ..." ဟိန်းအော်ငိုမိသည်။

မေမေ့မျက်နှာတွင် သွေးများ ဖုံးနေ၏။ သတိုးရော ဟိန်းပါ အထိတ်တလန့် အော်လိုက်မိကြသည်။ ထိုနောက် သတိုးသည် သူ့နောက်တွင် ရပ်နေသော ဟိန်းကို တွန်းဖယ်ကာ ကားတစ်ဖက်ခြမ်းဆီသို့ ပြေးသွား၏။ ဖေသော်သည်လည်း ကားစတီယာတိုင်ကို မျက်နှာအပ်ကာ ငြိမ်သက်နေသည်ကို ဟိန်းတွေ့ရသည်။ သို့သော် မေမေရော ဖေသော်ပါ အသက်ရှူနေဆဲ ရှိနေလေသည်။

သတိုးက တစ်ဖက်ခြမ်းတံခါးကို ဆွဲဖွင့်ရင်း သူ့အဖေကို ဆွဲလှန်လိုက်ပြန်၏။ ဖေသော်၏ မျက်နှာတွင်မူ သွေးမတွေ့ရပါ။ နှာခေါင်းရိုးပေါ်တွင် တစ်ခုခုနှင့် ဆောင့်မိထားဟန်ဖြင့် ကန့်လန့်ဖြတ် အညိုစင်း သွေးခြည်စုရာကြီး ထင်နေ၏။ နှစ်ဦးလုံး ကားမှ ခါးပတ်များ ပတ်ထားဆဲ တွေ့ရသည်။

နှစ်ယောက်သားမှာ အဖေ အမေကို တစ်လှည့်စီကြည့်ရင်း ရုတ်တရက် ဘာလုပ်ရမည်မသိ ဗျာများနေရာက ကားခေါင်းဆီသို့ ဟိန်းအကြည့်ရောက်သွားသည်။ ကားခေါင်းဘက်မှ လှုပ်လှုပ်ရှားရှား သဏ္ဌာန်တစ်ခုကို မျက်လုံးထောင့်တွင် ရိပ်ခနဲ မြင်လိုက်ရ၍ ဖြစ်၏။

"ဟာ... သ... သတိုး...၊ ကားခေါင်းမှာ မီးခိုး... မီးခိုး... တွေထွက်နေတယ်"

မိုးရေကြားထဲကပင် ကားခေါင်းမှ မီးခိုးများ အူထွက်နေသော လှုပ်ရှားမှုအရိပ်ကို သူမြင်လိုက်ရခြင်းဖြစ်ပါ၏။ ကြည့်ဖူးသော ဗီဒီယိုကားများထဲက ကား

ချောက်ထဲကျကာ မီးလောင်ပေါက်ကွဲပုံများကို စိတ်အတွေးထဲ ဖျတ်ခနဲ မြင်ယောင်မိလိုက်သည်။

"သတိုး… ကား… ကားမီးလောင်မလား… မသိဘူး…၊ မေမေတို့ကို ကားထဲက မြန်မြန်ဆွဲထုတ်… မှ ဖြစ်မယ်…."

ဟိန်း ထိတ်ထိတ်ပျာပျာ လှမ်းပြောလိုက်၏။

သတိုးကလည်း မီးခိုးအချို့ အူထွက်လာနေသော ကားခေါင်းဆီသို့ ပြူးပြူးပျာပျာ လှမ်းကြည့်ကာ သူ့အဖေကိုယ်ကို ဆွဲကိုင်လှုပ်ခေါ်ရင်းက…

"ဟိန်း… ဖေဖေ့ကို ဆွဲထုတ်ရအောင်… ငါ့ကို မြန်မြန်လာကူ"

ပြောပြောဆိုဆို ဖေသော့်ကို သတိုး ဆွဲလိုက်၏။

"ဘာကွ… ငါ့မေမေကို အရင်ဆွဲထုတ်မယ်၊ မင်းလာကူ…"

"ဟာ… ဖေဖေ့ကို အရင်ထုတ်မယ်။ မီးခိုးက ဖေဖေ့ဘက်အခြမ်း ကားစက်ဖုံးအောက်က ထွက်နေတာ။ ဖေဖေ့ကို အရင်လာဆွဲ"

"မဆွဲဘူး။ မေ့မေ့မျက်နှာမှာ သွေးတွေချည်းပဲ။ မေမေ သွေးလွန်မှာစိုးရတယ်၊ မေမေ့ကို အရင်ဆွဲထုတ်မယ်"

ဟိန်းကလည်း မေမေ့ကို လှုပ်ခါမြည်တမ်းလျက် ခပ်မာမာပြန်ပြော၏။

သူတို့သည် ပါးစပ်ကလည်း ငြင်းရင်းခုံရင်း၊ လက်ကလည်း ကားထဲတွင် ညပ်နေသော အဖေ အမေကို ကိုယ်စီ ဆွဲထုတ်ရန် ကမူးရှူးထိုး ကြိုးစားနေမိကြသော်ငြား တစ်ယောက်တည်းအားဖြင့် မည်သို့မျှ မတတ်နိုင်ကြ။ နှစ်ယောက်ဆွဲပါမှ ရမည်ထင်သည်။

"ဟိန်း… ဒီမှာ လာကူ… လို့ ပြောနေ"

"မေမေ့ကို အရင်ထုတ်မယ်ဆိုကွာ…"

နှစ်ဦးသား တစ်ယောက်ကိုတစ်ယောက် တင်းတင်းစူးစူး စိုက်ကြည့်မိကြ၏။

ခွေးကောင်…။ သူ ချောက်ထဲကျမှာစိုးလို့ ငါ့မှာ ဒဏ်ရာကြီးနဲ့ အနာခံကယ်လိုက်ရတာ…၊ သူကျတော့ သူ့အဖေအရင်ကယ်မတဲ့။ ဒီလိုမှန်းသိ… မကယ်ဘဲ ငါလွှတ်ချခဲ့ရ အကောင်းသား…။ ကျေးဇူးအတော် ကန်းတဲ့ကောင်။

ဒီမှာ ဖေဖေက ခြေထောက်ညပ်နေတာ။ ကျိုးတောင်ကျိုးသွားလား… ဘာဖြစ်နေလည်း မသိဘူး။ ဖေဖေ့ကို အရင်ထုတ်မှ ဖြစ်မှာပေါ့။ ဟွန်း… ကိုယ့်ဖို့ပဲ သိတဲ့ကောင်စုတ်။ ဖေဖေကဖြင့် ဒီကောင့် ချစ်လိုက်ရတာ…။ မတန်တဲ့ကောင်။

စောစောက မေမွန့်ဘက်ခြမ်းတွင် ရပ်နေစဉ်က သူလှမ်းမြင်လိုက်ရသော ဖေဖေ၏ သွေးရွှဲခြေထောက်နေရာကို ပြန်မြင်ယောင်ရင်း သတိုးတွေးသည်။

မကျေမလည် အတွေးကိုယ်စီဖြင့် မျက်လုံးချင်း အကြီးအကျယ် စစ်ထိုးလိုက်ကြ၏။

"တောက်··· အချိန်မရှိရတဲ့အထဲကွာ···။ ဟော့ကောင်··· ဟိန်း··· မင်း··· ငါပြောတာ နားထောင်စမ်းကွာ၊ ငါ့ကို အရင်လာကူ"

"အံမာ··· ငါက မင်းထက်ကြီးတယ်ဟော့ကောင်။ ထောင်ချင်းထောင် မင်းက ငါ့စကား နားထောင်ရမှာကွ။ ငါ့အမေကိုပဲ အရင်ထုတ်မယ်။ ဒါပဲ။"

တစ်ယောက်က အံကြိတ်လျက်၊ နောက်တစ်ယောက်က စူးစူးဝါးဝါး စိုက်ကြည့်လျက်။ ကားခေါင်မှ မီးခိုးများထဲသို့ သူတို့နှစ်ဦးထံမှ အမုန်းငွေ့များပါ ရောနှောပေါင်းစပ်သွားကြ၏။

(၈)

သတိုးက ဟိန်းကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ နောက်··· ကူရှင်နောက်မှီတွင် ဇက်စောင်းလျက် ငြိမ်သက်နေသော မေမွန်ကို လှမ်းကြည့်၏။ မေမွန်သည် ကားဒက်ရှ်ဘုတ်နှင့် ဆောင့်မိထားပုံရပြီး ခေါင်းဆီမှ သွေးစီးကြောင်းများ စီးကျနေကာ မျက်နှာတစ်ခုလုံး သွေးဖုံးနေလေသည်။ သတိုး တွေခနဲ ဖြစ်သွား

ဟိန်းကလည်း သတိုးကို ကြည့်နေရာမှ ဖေသော့်ဆီ ကြည့်မိ၏။ ဖေသော်တွင် နှာခေါင်းသွေးခြည်အရာ ညိုညိုကြီးမှအပ မျက်နှာ၌ သွေးစသွေးနမရှိ။ ဟိန်းအကြည့်က ဖေ့သော့် ခြေထောက်များဆီ ရောက်သွားသည်။

ဟင်း···။ ဟိန်း လန့်သွားသည်။

ဟိန်းလက်မှ မြင်နေရသော ဖေသော့်ဘယ်ခြေထောက်ပေါ်တွင် အုပ်နေသည့် ဖေသော့်ပုံဆိုးသည် သွေးများရွှဲနေသည်။ ဖေသော့် ခြေထောက်မှာ ဒဏ်ရာတစ်ခုခု ရနေသည်မှာ သေချာပြီ။ ခြေထောက်များ ကျိုးသွားလေသလား···။ ဟိန်း ပူပန်စိတ်ဖြင့် ထိတ်ကာ ငိုင်သွားသည်။

သူတို့ရင်ထဲတွင် အဖေအမေအတွက် စိုးရိမ်စိတ်တို့ဖြင့် ဘလောင်ဆူနေမိ၏။ နှစ်ယောက်လုံးမှာ ဖွင့်ထားတာ ကားရှေ့ခန်းတံခါးဘေး ဘယ်ညာတွင် မိုးရေထဲ ရပ်လျက် အဖေအမေကိုယ်စီကို စိုးရိမ်တကြီး ဖက်တွယ်ရင်း ရပ်နေမိကြသည်။

ပတ်ဝန်းကျင်သည် လေသံတဝူးဝူးကြားနေရသော်လည်း စောစောကလောက် အရှိန်မပြင်းတော့။ မိုးကမူ အနည်းငယ်အရှိန်လျော့သွားသည်မှအပ သည်းလျက်ပင် ရှိနေသေး၏။

သတိုးက တွေတွေကြီး ရပ်နေရာမှ–

"ဟိန်း…၊ မေမွန် ဒဏ်ရာကို ကြည့်ပြီး သွေးထွက်ရပ်အောင် အရင်လုပ်ပေးလိုက်။ နောက်ခန်းမှာ ငါတို့ အင်္ကျီတွေ ပါတာပဲ၊ အင်္ကျီနဲ့ ခေါင်းကို စည်းပေးထား"

သတိုးက သူ့ဖေဖေ ခြေထောက်ကို ကုန်း၍ ငုံ့ကြည့်ကာ ခေါင်းတစ်ချက်ယမ်းလိုက်၏။ သတိုး မျက်လုံးများတွင် မျက်ရည်လား၊ မိုးရေလားမသိ။ အရည်ကြည်များ ပြည့်လျှံလာသည်။

ပြောပြောဆိုဆိုပင် သတိုးသည် ကားရှေ့စက်ဖုံးဆီသို့ ပြေးထွက်သွားသည်။ ဟိန်းနေရာမှ ကြည့်လျှင် သတိုးပြေးသွားရာ ကားစက်ခန်း ညာဘက်ခြမ်း စက်ဖုံးသည် ခပ်ဟဟ ဖြစ်နေသည်ကို မြင်ရသည်။ ထိုနေရာမှ မီးခိုးအချို့ အူထွက်နေခြင်းဖြစ်လေသည်။

သတိုးက ဟနေသော ကားစက်ဖုံးကို ဆွဲလှန်၍ ဖွင့်လိုက်၏။ ခပ်သည်းသည်းရွာနေသော မိုးရေများက ကားခေါင်းအတွင်း တဝေါဝေါကျနေသည်။ ဟိန်းမှာ သတိုး၏ လှုပ်ရှားမှုများကို အကြောင်သား ငေးကြည့်နေမိဆဲရှိ၏။ သတိုးက ကားစက်ခန်းတွင် ငုံ့ကြည့်နေရာက ခေါင်းမော့လိုက်ပြီး…

"ဟိန်း…၊ ဖေဖေ့ ခြေထောက်ကိုလည်း သွေးတိတ်အောင် အဝတ်စည်းထားပေးဦး။ မင်း အားလုံး ကြည့်လုပ်လိုက်တော့ကွာ"

ပြောရင်းဆိုရင်း… သတိုးသည် ကားကိုပတ်ကာ ချောက်အပေါ်ဘက်သို့ ပြေးထွက်သွား၏။ မြေကို လေးဘက်ထောက်ကာ ဟိုဆွဲသည်ဆွဲနှင့် အပေါ်သို့ ကုပ်ကပ်တက်နေသည်။

"သတိုး… သတိုး…၊ ဘာလုပ်မလို့လဲ။ မင်း… မင်း… ဘယ်သွားမလို့လဲ"

ဟိန်း တအံ့တသြ အော်မေးလိုက်သော်လည်း သတိုးက လှည့်မကြည့်။ အပေါ်သို့သာ အလျင်အမြန် ကုပ်ဆွဲတက်သွားနေသည်။

ချောက်မှာ မတ်စောက်သော ချောက်မျိုးမဟုတ်ဘဲ ဆင်ခြေလျှောဖြစ်နေသည်။ မိုးရေ၊ ရွှံ့ရည်ဖြင့် ချောနေသည်မှအပ လေးဘက်ကုန်းရုန်း တက်မည်ဆိုကတက်နိုင်လေသည်။ တစ်ခဏချင်းပင် သတိုးသည် ချောက်ပေါ်ရောက်သွားကာ ဟိန်း မြင်ကွင်းမှ ပျောက်ကွယ်သွားတော့၏။

ဟိန်း… ရုတ်ခြည်းအားငယ်သွားသည်။ သတိုးက သူနှင့် မေမေ၊ ဖေသော်တို့ကို ထားခဲ့လေပြီ။ ဟိန်း အီးခနဲ ငိုရှိုက်လိုက်မိ၏။ ကားမီးလောင်ပေါက်ကွဲမည့်ဘေးမှ လွတ်အောင် ရှောင်သွားခြင်းပဲဖြစ်မည်။

တောက်… တစ်ကိုယ်ကောင်း ဆန့်တဲ့ကောင်။

ဟိန်း ဒေါသဖြစ်နေသည့်ကြားက ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ကားခေါင်းဆီ အထိတ်တလန့် လှမ်းကြည့်မိသည်။ ကားက အချိန်မရွေး မီးလောင်ပေါက်ကွဲသွားနိုင်သည် မဟုတ်လား။

ဟင်… မီးခိုးတွေ မရှိတော့ဘူး…။

တရဟော ရှာနေသော မိုးက ကားခေါင်းတွင်း တဖြောင်းဖြောင်းနှင့် တိုက်ရိုက် စီးကျနေ၏။ မိုးက လောင်မည့်မီးကို တားခဲ့ပြီဟု တွေးကာ ဟိန်း စိတ်သက်သာရာ ရသွားသည်။ သူက သတိုးတက်သွားရာ ချောက်အပေါ်ကို မော့်ကြည့်မိ၏။ ချောက်မှာ မတ်ဆောက်ခြင်းမရှိသော်လည်း ဝါးတစ်ရိုက်မက မြင့်နေသည် သတိုးကသာ တွယ်တက်သွားနိုင်သည်။ ဟိန်း အဖို့တော့ မလွယ်ပါ။ ဟိန်း ဒူးမှဒဏ်ရာကြောင့် သည်အမြင့်ကို တက်ရန် အတော်ခက်ခဲမည်ဖြစ်၏။

ဟိန်းက သူ့ဒူးကို ပြန်ကြည့်မိသည်။ သူ့ ဒူးအနာဝသည် ရွှံ့များပိတ်လျက်ဘေးက ရောင်ကိုင်းစ ပြုလာကာ ညိုမည်းနေ၏။ ရွှံ့ပိတ်နေ၍လာတော့မသိ၊ သွေးမထွက်တော့။

"တောက်…"

ဟိန်း မကျေမလည် တက်ခေါက်မိပြန်သည်။

ခွေးကောင် သတိုး၊ သတိုး ခွေးကောင်။ သူ့ကျ ငါကယ်ရတယ်၊ ငါ့ကိုကျ ပစ်ထားခဲ့တယ်။

ဟိန်း ဒေါသအကြီးအကျယ် ဖြစ်နေမိရင်းက ကားတွင်းမှ မိဘများကို ကြည့်မိ၏။

ဟား… အချိန်မရှိဘူး။ တော်ကြာ… မေမေနဲ့ ဖေသော် သွေးလွန်ကုန်ရင်…။

ဟိန်းက ကားနောက်ခန်းသို့ ထော့ချိုက်ချိုက်သွားကာ သူနှင့် သတိုး၏ အဝတ်အိတ်ကို အလျင်စလို လှမ်းဆွဲလိုက်သည်။

(၉)

ဟို "ဟိန်း" ကောင်။ ကြောက်က ကြောက်တတ်ပါဘိနဲ့၊ ဒဏ်ရာကသွေးတွေသုတ်၊ အဝတ်စည်းပေးဖို့တောင် အဖြစ်ရှိပါ့မလား။

သတိုးက ပြေးရင်းလွှားရင်း အတွေးရောက်သည်။ မတတ်နိုင်။ သန်းခေါင်ထက် ညဥ့်မနက်ပြီ၊ သည်လောက်တော့ ဟိန်း လုပ်နိုင်လိမ့်မယ် ထင်ပါရဲ့။

သူ စိတ်နှလုံးတုံးတုံးချ ယုံလိုက်၏။ အရေးကြီးတာက သူ့အကြံအောင်ဖို့ပဲ။

လေက တိုက်အားလျော့သွားသည်ဆိုသော်လည်း အပင်များ ယိမ်းခါနေပုံက ကြောက်မက်ဖွယ် ကောင်းနေဆဲ။ တဖြောင်းဖြောင်း တရှဲရှဲ မြည်ဟီးနေသည်။ ဟိုမှ သည်မှ ကိုင်းကျိုးကျသံ အချို့လည်း ကြားနေရသေး၏။

"ဖြောင်း… ဝုန်း…"

"အား… အမလေး…"

ပြေးလွှားရင်း အတွေးများနေသော သတိုးရှေ့သို့ သစ်ကိုင်းကြီးတစ်ခု ကျိုးကျလာခြင်းဖြစ်သည်။ ကံကောင်း၍ သတိုးနှင့် ဆယ်ပေခန့်အကွာအဝေးတွင် ကျိုးကျခြင်းဖြစ်သော်လည်း ကံဆိုး၍ ကိုင်းဖျားနှင့် ခတ်မိတာ ခေါင်းတွင် ပူခနဲဖြစ်သွားပြီး သတိုးလည်း လဲကျသွား၏။ ပူနွေးနွေး သွေးများက မိုးရေအေးစက်စက်ကြားမှ သတိုး၏ ညာဘက်မျက်လုံးဆီ စီးဝင်လာသည်။ သူ… ခေါင်းပေါက်သွားပြီ။

ကောင်းကွာ။ ခေါင်းဘယ်ဘက်က ကားနဲ့ တုန်းကကွဲတယ်။ ခေါင်းညာဘက်က ကိုင်းကျိုးကျလို့ ပြဲတယ်။ ခေါင်းပေါ်တည့်တည့်ကျပြီး မသေတာဘဲ တော်သေး။

သတိုးက သူ့ဒဏ်ရာကို ကိုင်စမ်းကြည့်လိုက်၏။ ကားက ဒဏ်ရာကတော့ သွေး သိပ်မထွက်တော့ဟု ထင်သည်။ သစ်ကိုင်းဒဏ်ရာက သွေးတွေကျနေသော်လည်း အဖျားခတ်မိရုံမို့… ဒဏ်ရာသိပ်ကြီးပုံတော့မရ။ သတိုးက မိုးရေစိုနေသော သူ့ဂျာကင်ခါးအိတ်ထဲ နှိုက်စမ်းကြည့်လိုက်သည်။ ဟေး… ရှိတယ်။

သူက အားကစားသမားမို့ ကစားပြီးလျှင် ချွေးသုတ်ရန် စနိုးတာဝါတချို့ကို ဂျာကင်အိတ်အတွင်း ထည့်ကာဆောင်ထားလေ့ရှိသည်။ သတိုးက စနိုးတာဝါကို ပလတ်စတစ်ဖောက်လျက် နဖူးဒဏ်ရာနေရာကို အုပ်လိုက်၏။ လက်တွင် စွပ်ထားသော သာရေးတွင်းအချို့ကို ဖြုတ်ကာ စနိုးတာဝါပေါ်မှ ခေါင်းကိုပတ်၍ စည်းလိုက်သည်။ နို့မို့ မျက်လုံးတည့်တည့် စီးကျနေသော သွေးများကြောင့် သူမြင်ကွင်းကောင်းမည်မဟုတ်။ ပြီးသည်နှင့် သတိုး လူးလဲထကာ ကိုင်းကျိုးကို ဟိုကျော်ဒီခွလုပ်၍ ဆက်ပြေးရပြန်သည်။

ဖေဖေနှင့် မေမွန်ကို ကယ်နိုင်ဖို့ သူ အကူအညီ အမြန်ရှာမှ ဖြစ်မည်။ သူ့စိတ်အတွေးတွင် မေမွန်၏ သွေးဖုံးနေသော မျက်နှာနှင့် ဖေဖေ၏ သွေးရွှဲခြေထောက်

ကို မြင်ယောင်လာကာ စိုးရိမ်စိတ်ဖြင့် မိုးရေထဲ အားသွန်ပြေးမိ၏။ ဇောကြောင့် ပြေးနေမိသော်လည်း တကယ်တော့ သူ ဟောဟဲလိုက်အောင် မောနေပြီ။ မိုးသံကြားကပင် သူ့အသက်ရှူသံပြင်းပြင်းကို သူ့ဘာသာ ကြားနေရ၏။

ကားကို သည်လမ်းခွဲတွင်း စ,ဝင်စဉ်က ဖေဖေက ရွာနှင့် မိုင်နှစ်ဆယ်၊ အစိတ်လောက်ပဲရှိမည်ဟု ပြောခဲ့သည်။ နာရီဝက်လောက်ပဲ မောင်းရမှာ…ဟု ဆိုသည်။ သတိုးတို့ကား ချောက်ထဲ မကျမီထိ အတော်ကြာကြာ လမ်းထဲမောင်းဝင်ခဲ့ပြီးဖြစ်ရာ ရွာနှင့်လည်း အတော်နီးလောက်ပြီထင်သည်။ ရွာထဲ ရောက်အောင် သူသွားပြီး ရွာသားများကို အကူအညီတောင်းမှဖြစ်မည်။

ဟိန်းက ဒူးတွင် ဒဏ်ရာဟက်တက်ကြီးနှင့် လမ်းပင်ကောင်းစွာ မလျှောက်နိုင်။ ထို့ပြင် ဟိန်းက အားကစားသမား၊ သူ့လောက်လည်း ကြံ့ခိုင်သည်မဟုတ်၍ သူ ရုတ်ခြည်းဆုံးဖြတ်ကာ ပြေးထွက်ခဲ့ခြင်းဖြစ်လေသည်။ မိုးရေကျအောင် ကားစက်ဖုံးကို ဖွင့်ခဲ့လိုက်သဖြင့် ကားကို မီးမလောင်နိုင်တော့။ အခြားမီးကူးခြေရှိမရှိလည်း သူစစ်ခဲ့ပြီးပြီမို့ သည်အတွက်တော့ စိတ်ချရသည်။ သူ စိတ်ပူစရာက ဟိန်းအတွက် တစ်ခုပဲ။

ဟာ… ဒီကောင် လုပ်ကို လုပ်နိုင်မှာပါ။ အင်း… ဟိန်း သနားပါတယ်။ သူတစ်ယောက်တည်း အားငယ်ဝမ်းနည်းနေမှာ…။

ဟိန်းက အမေနှင့် ကြီးပြင်းခဲ့ရခြင်းကြောင့် အဖေနှင့် ကြီးရသော သတိုးလောက် စိတ်မမာသော်လည်း ဉာဏ်ကောင်းပြီး အစွမ်းအစရှိပါသည်။ သူလုပ်နိုင်ပါလိမ့်မည်။

မိုးက သည်းဆဲရှိ၏။ သတိုးက မိုးရေထဲတွင် အားသွန်ပြေးလွှားနေရင်း ကားထဲမှ မေမွန်နှင့် ဖေသော်ကိုသာ မြင်ယောင်နေမိ၏။ အထူးသဖြင့် မေမွန်က သူ့ကို ချစ်ခင်ယုယပုံများ၊ သူ… သွေးလွန်တုပ်ကွေးလက္ခဏာပြပြီး ဆေးရုံတက်ရစဉ် မေမွန်မှာ တစ်ညလုံး မအိပ်ဘဲ သူ့ခုတင်ဘေးတွင် ငုတ်တုတ်မိုးလင်းထိုင်ကာ စိုးရိမ်တကြီး ပြုစုပေးခဲ့ပုံများ၊ သူ့ကို အရိပ်တကြည့်ကြည့်နှင့် ရှိခဲ့ပုံများကို သတိုး တရေးရေး မြင်ယောင်နေမိလေသည်။

ဘုရား… ဘုရား…၊ မေမွန်… အများကြီး မထိခိုက်သွားပါစေနဲ့။

မေမွန်… မေမွန်များ… သေ… သေသွား… ရင်…။

သတိုး အထိတ်တလန့်တွေးရင်း မျက်ရည်များ ချက်ချင်းဝဲကျလာသည်။ အတွေးဖြင့် စိုးရိမ်ပူပန်နေမိရင်းက သူသည် မေမွန့်အတွက် သူ့ဖေဖေနှင့် တန်းတူထားကာ စိတ်ပူနေမိခြင်းကိုလည်း ဖြန်းခနဲ သတိထားမိလိုက်၏။

သတိုးသည် မောဟိုက်နေလျက်က ခြေလှမ်းကို မလျှော့မိဘဲ အလဲလဲ အကွဲကွဲနှင့်ပင် မြန်နိုင်သမျှ မြန်မြန်အားယူ၍ ပြေးမိလေတော့သည်။

(၁၀)

ဟိန်းက ဖေသော်ဒဏ်ရာကို သူ့အင်္ကျီများဖြင့် အထပ်ထပ် သေချာစည်းနှောင်ပေးနေရင်းက ဖေသော် အရမ်းနာနေမှာပဲဟု တွေးကာ သနားစိတ်ဖြင့် တရှိုက်ရှိုက်ငိုမိလေသည်။

သူသည် မေမေ့မျက်နှာပေါ်မှ သွေးများကို သုတ်ပေးပြီး ခေါင်းမှဒဏ်ရာကို အဝတ်တစ်ခုနှင့် ဖိကာ အပေါ်မှ ထပ်၍ စည်းပေးထားပြီးပြီ။

ဖေသော့်ဒဏ်ရာကို ပြုစုရန် မေမေ့ကို ကန်တော့ ကန်တော့ဆိုပြီး ကြားထဲသို့ ကျော်ခွဝင်ရသည်။ ဖေသော့် ဘယ်ခြေသလုံးတွင် ဟက်တက်ကွဲဒဏ်ရာကြီးက တစ်မိုက်လောက်ပင် ရှိမည်လားမသိ။ ထို့ပြင် ခြေသလုံးတစ်ခုလုံးကလည်း ရောင်ကိုင်းနေ၏။ ကျိုးသွားတာလား၊ ဘာလား သူမသိ။ ဟိန်းက ကြားထဲ ကပ်ကပ်သပ်သပ် ထိုင်ကာ သွေးများသုတ်ပေး၊ အဝတ်စည်းပေးစဉ် ဖေသော့်ထံမှ နာကျင်စွာ ညည်းသံထွက်လာသည်။ သို့သော် ဟိန်း တတ်နိုင်သမျှ ပြုလုပ်ပေးပြီးသည်ထိ ဖေသော်ရော မေမေပါ သတိမရကြသေး။

ဘာပဲပြောပြော သွေးထွက်နည်းနိုင်သမျှ နည်းအောင်တော့ ဟိန်း လုပ်နိုင်ခဲ့သည်။ တကယ်တော့ မေမေနှင့် ဖေသော်ကို သူနှင့်သတိုးက ကားထဲမှ ဆွဲထုတ်နိုင်သည့်တိုင် အနီးတွင် အရိပ်ခိုစရာရှိသည်မဟုတ်။ ချောက်အပေါ်ထိ တင်ရန်လည်း မဖြစ်နိုင်။ မိုးရေစိုတာသာ အဖတ်တင်မည်ဖြစ်၏။ ကားထဲမှာ ရှိနေခြင်းက မိုးတော့ လုံသေးသည် မဟုတ်လား။

မေမေ့ထက် ဖေသော့်ဒဏ်ရာက ပြင်းထန်ပုံရ၏။ ဖေသော့် ခြေထောက်ကြီး ရောင်ကိုင်းနေပုံနှင့် ဟက်တက်ပြဲဒဏ်ရာကြီးကိုကြည့်ကာ ဟိန်းမှာ သူကိုယ်တိုင်ဖြစ်နေသလို ခံစားရကာ ဆောက်တည်ရာမရ ငိုမိလေသည်။

တစ်ခါက ဟိန်း အိမ်လှေခါးမှ ခြေချော်ကျကာ ခြေခေါက်သွားဖူး၏။ ထိုစဉ်က ဖေသော်သည် ဟိန်းကို စိုးရိမ်တကြီး ပွေ့ချီကာ မှတ်တိုင်တစ်တိုင်စာ လောက်ထိ ဝေးသော လမ်းထိပ်ဆေးခန်းဆီ မနားတမ်း ပြေးလွှားပို့ခဲ့ပုံကို ပြန်မြင်ယောင်လာသည်။

ဟိန်းတို့ အိမ်သည် လမ်းသွယ်ထဲတွင် ရှိသဖြင့် လမ်းထိပ်သို့ အတော်ထွက်ရသည်။ မေမေက သတိုးကို သွားကြိုနေချိန်ဖြစ်၍ အိမ်တွင် ကားမရှိ။ လမ်းသွယ်

ထဲ ဆိုက်ကားလည်း မဆွဲသောကြောင့် လမ်းထိပ်ထိ ဖေသော် ချီပြေးရခြင်း ဖြစ်လေသည်။

ဟိန်းမှာ ခြေသပ္ပတ်တိုင် နည်းနည်း လွဲသွားခြင်းဖြစ်သည်။ ဆရာဝန်က ဆတ်ခနဲ ပြန်တည့်ပေးပြီးသည်နှင့် အနာသက်သာသွားတော့သည်။ ထိုအခါမှ ဖေသော်မှာ ရယ်နိုင်လာပြီး နာ၍ အော်ငိုနေသော ဟိန်းကြောင့် ဟိန်း ခြေထောက် အရိုးအက်သွား၊ ကျိုးသွားသလား စိုးရိမ်ကာ မျက်လုံးထဲ ဘာမျှ မမြင်တော့အောင် ပူပန်သွားမိကြောင်း၊ သည်ခရီးကို သူဘယ်လို မနားတမ်း ပြေးခဲ့မိသည်ကိုပင် မသိတော့ကြောင်းဖြင့် ဆရာဝန်ကို ပြောပြနေခဲ့သည်။ ဟိန်းခြေရာ မပျောက်မချင်း ဖေသော်က လမ်းပင် မလျှောက်စေဘဲ ချီပိုးပို့ဆောင်ပေးခဲ့လေသည်။

အမေ၏ ချစ်ခြင်းတစ်ခုသာ သေချာမှတ်မိခံစားခဲ့ဖူးသော ဟိန်းသည် ဖေသော်၏ ဂရုတစိုက် ချစ်ခင်စောင့်ရှောက်ခဲ့ပုံများကို မြင်ယောင်လာသည်။

အီး… ဟီး… ဖေသော့် ခြေထောက်ကြီးက ရောင်ကိုင်းနေတာပဲ…။ ဖေသော် ခြေထောက်ဖြတ်ပစ်ရမှာလား မသိဘူး။ ဖွ… ဖွဲဟဲ့… လွဲပါစေ၊ ဖယ်ပါစေ။ အီး… ဟီး… ဟီး… ဖေသော် ဘာမှ မဖြစ်ပါစေနဲ့…။

သူသည် သတိမေ့နေဆဲ ဖေသော့်လည်ပင်းကို ဖက်ကာ ပါးချင်းအပ်လျက် တတွတ်တွတ် ရေရွတ်နေမိသည်။ ငိုရင်း ရှိုက်ရင်း ချောက်ပေါ်သို့လည်း ကားမှန်မှတစ်ဆင့် မော်ကြည့်မိ၏။ ခပ်ဝေးဝေးက သစ်ပင်များကြားတွင် လေကြောင့် မီးကြိုးချင်း ပွတ်မိကာ မီးဖွားများ ပွင့်ပွင့်သွားသည်ကို လှမ်းမြင်လိုက်ရသည်။

သတိုး… ဒီကောင်… မီးကြိုးတွေ ဘာတွေများ ပြတ်ကျနေလို့ တက်နင်းမိ၊ ထိမိရင်တော့ ဒုက္ခပါပဲ…။ ဒီကောင်က ရှမ်းပါဘိနဲ့။ နမော်နမဲ့ကောင် ဥစ္စာ…။

သူ့ကို ထားရစ်ကာ ဘယ်သွားမှန်းမသိ ထွက်သွားခြင်းကြောင့် သတိုးကို စိတ်ဆိုးနေမိရင်းတန်းလန်းက ဟိန်းမှာ သတိုးအတွက်လည်း ထူးထူးဆန်းဆန်း စိတ်ပူနေမိလေသည်။

ငါ… ဒီတိုင်း နေလို့တော့ မဖြစ်ဘူး။ ဖေသော်နဲ့ မေမေ့ကို ချောက်ပေါ် ရောက်အောင်လည်း ငါ… ဆွဲမတင်နိုင်ဘူး။ သတိုးလည်း ဘာဖြစ်နေမလဲ မသိဘူး။ ငါ… ငါ… ဘာလုပ်ရပါ့မယ်…။

## (၁၁)

ဟို ခပ်ဝေးဝေးမှ ကြားလိုက်ရသော ကားစက်သံကြောင့် ဟိန်းထိတ်ခနဲ ဖြစ်သွား၏။

ဟုတ်ရဲ့လား…။ ငါ… စိတ်ထင်နေတာလား…။ ဒီဘက်လာတာရော ဟုတ်ပါ့မလား…။

သူက ချောက်ထိပ်သို့ ရောက်လိုဇောဖြင့် အမြန်တက်နိုင်အောင် ကြိုးစားလိုက်သည်။ ဒဏ်ရာရှိသော ဘယ်ခြေထောက်က စူးစူးဝါးဝါးကြီး ထိုး၍ နာကျင်သွား၏။

"အား… ကျွတ်… ကျွတ်…"

ဟိန်း မျက်ရည်လည်မတတ်ဖြစ်သွားပြီး ညည်းတွားလိုက်မိသည်။

မဖြစ်ဘူး။ အားတင်းစမ်း ဟိန်း…။ မင်း ဒီလိုပျော့နေလို့ မဖြစ်ဘူးလေ။ ဖေသော်နဲ့ မေမေ့ကို မင်းကယ်မှ ရမှာ။ နောက်ပြီး… သတိုး… သတိုးကိုလည်း ရှာရမယ်။

အတွေးဖြင့် အံကြိတ်ကာ ဟိန်း ကုန်းရုန်းတက်လိုက်သည်။ မိုးက အတော်စဲသွားပြီဖြစ်၍ တော်သေး၏။ သို့သော် မြေကရေနှင့် စိုစွတ်ကာ ချောနေဆဲရှိလေသည်။

ချောက်ထိပ်သို့ ဟိန်းရောက်တော့ သူ့မှာ နာကျင်မှုကြောင့်ရော၊ မောပန်းမှုကြောင့်ပါ ခြေပစ်လက်ပစ်ဖြစ်နေတော့သည်။ သို့တစေ တဖြည်းဖြည်း နီးကပ်လာလာနေသော ကားစက်သံကြီး တစ်ချက်တစ်ချက် ကြားနေရ၍ သူ့မှာ အားတက်လှလေပြီ။

ဟိန်း ကုန်းထကာ စက်သံကြားရာဆီ ခြေတစ်ဖက်ဆွဲလျက် ကမူးရှူးထိုးတိုးသွားနေမိ၏။ သူ… ထိုကားကိုတားကာ ဖေသော်တို့ကို ကယ်ပါရန် အကူအညီတောင်းရမည်။ ဖေသော်နှင့် မေမေ့ကို အချိန်မီ ဆေးရုံသို့ပို့ရန် အရေးကြီးလှသည်။

"ဟော… ဟိုးမှာ… ကား… ကား…"

ဟိန်း ဝမ်းသာအားရ အော်ဟစ်လိုက်မိ၏။ သူ့မှာ စိတ်ဆောင်လျက်၊ ကားဆီသို့ ထော့ကျိုးသွားရင်း အဝေးကြီးမှပင် လက်မြှောက်ထားလျက်၊ အော်ဟစ်မိလျက် ရှိတော့သည်။ ကားကလည်း သူရှိရာသို့ အမြန်မောင်းဝင်လာနေပါ၏။ ဟိန်းက စိတ်လှုပ်ရှားလွန်းစွာ ဒဏ်ရာကိုမေ့လျက် လက်နှစ်ဖက်လုံး မြှောက်ပြတားလိုက်မိရာ မသန်သောခြေကြောင့် မဟန်နိုင်ဘဲ ခွေလဲကျသွားခဲ့ရတော့သည်။

* * *

ကားသည် ဟိန်း၏ ရှေ့နားလောက်တွင် ထိုးရပ်သွားသည်။ ဟိုးလတ်ကား တစ်စင်းဖြစ်၏။ ကားရပ်သည်နှင့် ရှေ့ခန်းတံခါး ဖြုန်းခနဲ ပွင့်လာကာ တစ်စုံ တစ်ယောက် ခုန်ဆင်းလာသည်။ နောက်··· လဲနေသော ဟိန်းထံ နှုတ်မှအော်ဟစ် ရင်း ပြေးလာနေသည်။

"ဟင်··· သ··· သတိုး··· သတိုး···"

"ဟိန်း··· ဟိန်း···"

သတိုးသည် ဟိန်းအမည်ကို ကသောကမျော အော်ခေါ်ရင်း ဟိန်းအနား ရောက်လာ၏။

သတိုးက ဟိန်းကို ပြေးပွေ့လိုက်ရင်း···

"ဟိန်း··· မင်း··· ဘာမှ မဖြစ်··· မဖြစ်ဘူးနော်···၊ ဖေဖေတို့ရော··· ဘယ်လို···"

စကားသံများကို ဟိန်း မကြားတစ်ချက်၊ ကြားတစ်ခက် ဖြစ်နေသည်။ မမျှော်လင့်ဘဲ သတိုးကို တွေ့လိုက်ရ၍ အားတက်ခြင်း၊ ဝမ်းသာခြင်း၊ ဝမ်းနည်း ခြင်း၊ ခံစားမှုမျိုးစုံဖြင့် ဘာမျှလည်း ပြန်မပြောနိုင်ဘဲ ရင်ထဲဆို့လျက် တအင့်အင့် ဖြစ်နေသည်။

ထိုစဉ် သတိုး နောက်မှ လူတစ်အုပ် ထပ်ရောက်လာပြီး ဟိန်းကို သတိုးနှင့် အတူ တွဲထူပေးသည်။ ထိုလူများကလည်း တစ်စုံတစ်ရာ ပြောဆိုနေကြ၏။ ဟိန်း မှာ စိတ်လှုပ်ရှားမှုကြောင့် လုံးစေ့ပတ်စေ့ မကြား။ သူ့နားထဲတွင် စကားလုံးများက ရောထွေးကာ အူနေသည်။

"သူ့ ဒူးမှာ ဒဏ်ရာ···"ဟူသော သတိုး၏ အသံကို တစ်ခွန်းတစ်စ ကြားလိုက်ရပြီး လူကြီးတစ်ဦးက ဟိန်းကို ဗွေ့ခနဲ ပွေ့ချီ၍ ကားဆီသို့ ခေါ်သွား သည်။ ဟိန်းကို ကားနောက်ခန်းဆီ တင်ပေးပြီး သတိုးနှင့် ကားဘေးတွင် စကား ပြောနေ၏။ သတိုးက ရှေ့ချောက်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်သည်ကိုလည်း တွေ့ရ၏။ နောက်··· လူအုပ်က ချောက်ဆီသို့ ပြေးထွက်သွားကြသည်။ ထိုစဉ် ကင်တာကားတစ်စီးနှင့် လူများ ထပ်ရောက်လာပြီး ရှေ့ လူအုပ်သွားရာနောက်က ထပ်လိုက်သွားကြလေသည်။

"ဟိန်း··· ဟိန်း···"

သတိုးက ဟိန်းရှိရာ ကားပေါ်တက်လာပြီး အငိုင်သားရှိနေသော ဟိန်းကို ကိုင်လှုပ်လိုက်၏။

"အင်း…"

"ဟိန်း… ရ… ရရဲ့လား…"

"သ… သတိုး…၊ မင်း… ကို… ငါ… လိုက်ရှာ… ရှာမလို့…။ မင်း… ငါတို့… ငါတို့… ကို… ပစ်သွား…"

ဟိန်းအသံတို့ တိမ်ဝင်သွား၏။

"ဟာ… ငါ… ပစ်သွားတာ မဟုတ်ပါဘူးကွ။ ဖေဖေနဲ့ မေမေကို ငါတို့ အားနဲ့လည်း ဆွဲမထုတ်နိုင်၊ ဘယ်လောက်ထိ ထိခိုက်မိတာလည်း မသိ၊ မင်းကလည်း ခြေထောက်မှာ ဒဏ်ရာဟက်တက်ကြီးနဲ့…။ ဒီတိုင်းဆို အားလုံး ဒုက္ခရောက်ကုန်တော့မှာ။ ဒါကြောင့် အကူအညီရှာဖို့ ရွာကို သွားရှာတာပါကွ"

"ဩော်… ဒီလိုလား… ငါက…"

ပြောရင်း ဝမ်းသာဝမ်းနည်းဖြင့် ဟိန်း မျက်ရည်များ ကျလာကာ တအင့်အင့် ရှိုက်ငိုမိလေသည်။ "မင်း… မိုးထဲလေထဲမှာ… တစ်ယောက်တည်း… မကြောက်ဘူးလား"…ဟုလည်း ငိုရင်း မေး၏။

"မငိုပါနဲ့ ဟိန်းရာ။ ဒီလောက် လေရော မိုးရော ပြောင်းဆန်နေတာ ငါလည်း ကြောက်တော့ ကြောက်တာပေါ့။ ဒါပေမဲ့ သွေးတွေ အရဲသားနဲ့ မေမေ့မျက်နှာကို ငါ့မှာ မျက်စိထဲ မြင်မြင်ပြီး ဇောနဲ့ ပြေးမိတော့တာပဲ။

ကံကောင်းတာက လမ်းချိုးကွေ့ အကျော်လေးတင် ရွာကိုသွား တွေ့တာကွ၊ ဖေဖေက လမ်းချိုးမှားဝင်မိလို့ ဒီချောက်ဘက် ရောက်လာတာ။ လမ်းထဲ ကွေ့မဝင် လိုက်ဘဲ နည်းနည်း ဆက်သွားလိုက်တာနဲ့ ရွာရောက်သွားမှာ။

ငါလည်း ရွာတွေ့တော့ အရမ်းကို ဝမ်းသာသွားတာပဲ။ ရွာထဲ အနီးဆုံးတွေ့တဲ့ အိမ်ပြေးဝင်ပြီး အကျိုးအကြောင်း ပြောပြရတယ်။ အဲဒါနဲ့ ချက်ချင်း လူစုပြီး လိုက်လာကြတော့။

ဒါထက် ဖေဖေရော မေမေရော ဘယ်လိုနေလဲ"

"မေမေ့ကိုရော ဖေဖေ့ကိုရော ငါသွေးတွေ သန့်ရှင်းပေးပြီး သွေးတိတ်အောင် အင်္ကျီတွေနဲ့ ပတ်တီးစည်းပေးထားတယ်။ ဖေဖေ့ ခြေထောက်ဒဏ်ရာကြီးကြည့်ပြီး ငါ… ငါ… ဖေဖေ့ကို သနားလို့ ငိုရသေး…"

သတိုးက တအံ့တသြပုံစံနှင့် ရုတ်တရက် လက်ကာပြလိုက်ခြင်းကြောင့် ဟိန်းမှာလည်း အံ့အားသင့်ကာ စကားပြောလက်စတန်းလန်း ရပ်သွားရ၏။

"ဟိန်း… ဟိန်း… မင်း… ဖေဖေ့… ဖေဖေ့ကို ဘယ်လို… ဘယ်လို… ခေါ်လိုက်တယ်"

ဟိန်းက ပါးစပ်အဟောင်းသားဖြင့် သတိုးကို အကြောင်သားကြည့်၏။ နောက်… ဟိန်း၏ လက်တစ်ဖက်မြောက်တက်လာပြီး သတိုးကို လက်ညှိုး တထိုးထိုးလုပ်ကာ…

"သတိုး… မင်း… မင်းလည်း… စောစောက… မေမေ့ကို… "မေမေ" လို့… ခေါ်… ခေါ်လိုက်တယ်… မို့လား"

"ဟုတ်တယ်… တို့ရဲ့… ဖေဖေနဲ့… မေမေလေ။ ဖေသော်နဲ့ မေမွန် မဟုတ်တော့ဘူး

ပြန်ပြောလိုက်သော သတိုး၏အသံက ခပ်တိုးတိုးဖြစ်သော်လည်း သူတို့နှစ်ဦးလုံး၏ ရင်ထဲတွင် ထိုအသံသာ ပဲ့တင်ထပ်ကာ အကျယ်ဆုံးကြားနေရ၏။

နှစ်ယောက်သား တစ်ယောက်ကို တစ်ယောက် ဝမ်းသာအယ်လဲ ဆွဲဖက်လိုက်ကြသည်။

"အား… အား… ငါ့… ငါ့… ခြေ… ထောက်…"

ဟိန်းက စူးခနဲ အော်သည်။

"ဟာ… ဦ်ဖွ… ဦ်ဖွ… ငါ… မေ့… မေ့သွားလို့"

သတိုးက ကိုယ်ချင်း ကမန်းကတန်း ခွာလိုက်ရင်း ပျာပျာသလဲ ဆိုလိုက်၏။ ထိုစဉ် လူတစ်ယောက်က ဟိန်းတို့ရှိနေသော ကားနောက်ခန်းဘက် ပြေးလာသံကြားရပြီး…

"ကလေးတို့ရေ…မင်းတို့ အဖေနဲ့အမေကို ချောက်ပေါ် ထမ်းတင်နေကြပြီ။ ဒဏ်ရာတွေကလည်း အရမ်းကြီး မဆိုးပါဘူး။ သွေးနည်းနည်း လွန်နေတာကလွဲလို့ ဆေးရုံရောက်ရင် ကောင်းသွားမှာပါကွ။ ဘာမှ စိတ်မပူကြနဲ့တော့ဟေ့…"

ဟိန်းနှင့် သတိုး အပြုံးမျက်နှာကိုယ်စီဖြင့် မျက်လုံးချင်း ဆိုင်ကြည့်ကာ တစ်ယောက်လက်ကို တစ်ယောက် ဝမ်းပန်းတသာ ဆုပ်ကိုင်လိုက်မိကြလေသည်။

ထို လက်တို့သည် တစ်သက်တာအတွက် မြဲမြဲသော တွဲလက်များ ဖြစ်လိမ့်မည်မှာ သေချာနေပါတော့သတည်း။

(၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် ထောင်မှူးကြီးသိန်းဝင်း စီစဉ်သော "မကောင်းထောင်ပို့" နှင့် အခြားသုတရသ ဝတ္ထုတိုများစာအုပ်)

ထားဥသယ်

❒

# အတွေးလွန် အိပ်မက်များ

ယဉ်မင်းသိမ့် (ရွှေမန်းမြေ)

ကြင်နာနွေးထွေးသော သူ၏ ရင်ခွင်သည်
ကျွန်မအတွက် အလုံခြုံဆုံး နယ်မြေတစ်ခုအဖြစ်
ရွေးချယ်ထားပြီးသားဖြစ်သည်။
ကျွန်မ၏နှလုံးသားကို
တသိမ့်သိမ့် ခုန်စေသော
ချစ်သူ၏မေတ္တာတရားများသည်

# အတွေးလွှန် အိပ်မက်များ

ယဉ်မင်းသိမ့်(ရွှေမန်းမြေ)

အချစ်၊ အမုန်း၊ ပြုံးရယ်၊ ငိုကြွေး
အလေးမထား ပန်းများပွင့်ကြွေ
အပျင်းပြေကြည့်၊ ရှိလည်းရှိစေ
မွဲလည်းမွဲစေ မမှုလေပြီ။
စိမ်ပြေနပြေ တိမ်တွေရွှေ့လျား
ရှုစားပျော်ဝင်နေသည်သာ…။

**(မာယင်ချို)**

ထိုကဗျာကလေးကို ကျွန်မ ကြိုက်သည်။

ဘဝမှာ ဘာကိုမှ မှုစရာမလို။ ဘဝဆိုတာ တစ်နေ့ တိမ်တွေလိုပဲ စီးမျော လွင့်ပျောက်သွားမှာပဲ မဟုတ်လား….။

***

"ကိုယ်တို့ ကလေး ယူကြရအောင် ထား"

ထိုစကားကို အိပ်ရာထဲတွင် ပြောခြင်း ဖြစ်ပါသည်။ ခင်ထားတို့မှာ အကြင် လင်မယားအဖြစ် ပေါင်းသင်းခဲ့သည်မှာ သုံးနှစ်ဆိုသော ကာလတစ်ခုကို ကျော်ဖြတ် ခဲ့ကြပြီး ဖြစ်သည်။

ထိုအတောအတွင်း အိမ်ထောင်ဆိုသော ဘဝတစ်ခုတွင်း သုခ, ဒုက္ခ ကောင်း သည်,ဆိုးသည်။ ခံစားသည် မခံစားသည် စသည့် ကျွန်မ မသိ။ ဖြစ်တည်မှု

အားလုံးသည် သူနှင့် မဆိုင်သလို ဘာသိဘာသာနေတတ်ပြီး သီးသန့်နေတတ်သော ယောကျ်ားမျိုးနှင့်မှ ကျွန်မက ဖူးစာဖက်ခဲ့ရသည်။

မိန်းမတစ်ယောက်အတွက် ထိုသို့သော ယောကျ်ားမျိုးဆိုတာ ဘယ်လို ကြိုသိနိုင်မည်နည်း။ မိန်းမတစ်ယောက်-ယောကျ်ားတစ်ယောက် လက်ထပ်ခြင်းသည် ထီထိုးခြင်းပင် ဖြစ်သည်။ အဖြေက သင် ကံကောင်းသည်။ သင် ကံဆိုးသည်။ ဒါပဲ ဖြစ်၏။

သူ၏ ထူးဆန်းသောအတွေးကို ကျွန်မဟားတိုက် ရယ်မောပစ်လိုက်ချင်သည်။ ကျွန်မ၏ နာကျင်သော မဲ့ပြုံးတစ်ချက်ကို ဦးတင်မောင်မောင် မြင်ပါရဲ့လား၊ ညမီးပြာပြာက ကြည့်ရင်တော့ ကောင်းစွာမြင်တွေ့နိုင်ပါသည်။

ရင်ဘတ်ပေါ် လက်နှစ်ဖက်ယှက်တင်ပြီး မျက်လုံးမှိတ်နေလိုက်သည်။ ဘာစကားမှ မတုံ့ပြန်ချင်လောက်အောင် ဒီအိမ်ထောင်ရေးကို စိတ်ကုန်ခန်းနေပြီ ဖြစ်သည်။

"ခင်ထားရေ… မင်း မအိပ်သေးဘူးဆိုတာ ကိုယ် သိပါတယ်၊ မူမမှန်တဲ့ မင်း အသက်ရှူသံတွေ ကိုယ်ကြားနေတယ်နော်"

ကျွန်မဘက် တစောင်းလှည့်ကာ ဖားလျားဝဲကျနေသော ဆံပင်များကို ပွတ်သပ်ရင်း ပြောပြန်သည်။

မျက်လုံးထောင့်စွန်းမှ စီးကျသွားသောမျက်ရည်တွေကိုလည်း ရှင်မြင်အောင် ကြည့်ပါရဲ့လားဟု စိတ်တွင်းမှ မေးမိသည်။

သို့သော် ဤယောကျ်ားသည် ကျွန်မ၏ ခံစားချက်များကို တယုတယ နားလည်ခံစားပေးတတ်သောသူ မဟုတ်မှန်လည်း၊ သိပြီးသားပင်…၊ ကျွန်မသည် သူ့ကို အထင်မကြီးတော့တာ ကြာခဲ့ပြီ ဖြစ်သည်။ သူကလည်း ဘာကိုမှ ဂရုမစိုက်တတ်သူဆိုတော့ ကျွန်မ အထင်ကြီးတာ အထင်သေးတာ သူ့အတွက် သက်ရောက်မှု မရှိ ဖြစ်နေသည်။

"ကိုယ် မေးတာကို ဒီမျက်လုံးဖွင့်ပြီး ဖြေပါဦး ဒေါ်ခင်ခင်ထားရဲ့။ ကလေး ယူရအောင်လို့ ပြောနေတာ"

သူ့ရင်ခွင်ထဲသို့ ဆွဲသွင်းရန် ကြိုးစားလာသော လက်မောင်းများကို တွန်းဖယ်ပြီး သူ့ဘေးမှာ ငုတ်တုတ်ထထိုင်လိုက်သည်။ အေးစက်စက်နိုင်သော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်ပစ်လိုက်သည်။ ကျွန်မ၏ မျက်လုံးများသည်။ အချစ်ရည် မဲ့နေသောကြောင့် မွဲခြောက်နေလိမ့်မည်။ ကျွန်မ၏ ဘဝတစ်ခုလုံးသည်လည်း အနှစ်မရှိ အကာကြီးသက်သက် ဖြစ်နေသည်ကို သူ သိပါလိမ့်မည်။

နှလုံးသားမဲ့နေသော မိန်းမတစ်ယောက်၏ နာကျင်မှုတွေ အစွန်းမထွက်အောင် ထိန်းချုပ်နေရခြင်းသည် ဆင်းရဲလွန်းလှ၏။

နှုတ်ခမ်းမွေးအစပ်နားက သူ့၏ နှုတ်ခမ်းတစ်စုံသည် တစ်ခုခု အလိုရှိတိုင်း နှစ်ပါပါ ပြုံးပြတတ်သည့် မာယာအတတ်ကို သူက ကျွမ်းကျင်သူ ဖြစ်သည်။

"သားသမီး တစ်ယောက်၊ နှစ်ယောက်ကတော့ ရှိကိုရှိရမယ်"

ဖွတ်ကြီးပင် ပြောနေသည်။ ကျွန်မယောကျ်ား ဦးတင်မောင်မောင်သည် ထိုကဲ့သို့သော လူစားမျိုး ဖြစ်သည်။ သူ့ဆန္ဒနှင့် သူ့အတ္တက လွဲလျှင် ဘာကိုမျှ အလေးမထားသူလေ…။

"ကိုယ့်အကြောင်းကို မသိလို့ ပြောနေတာလား ကိုတင်မောင်မောင်"

ခံပြင်းဒေါသ ဖြစ်လာလျှင် ဤကဲ့သို့ သူ့နာမည်ကို အပြည့်အစုံ ခေါ်လေ့ရှိသည်။ ထိုအခါ စိတ်ထဲနည်းနည်းပေါ့သွားသလိုပင် ထင်ရ၍ ဖြစ်သည်။

"ဘာပြောတာလဲ ခင်ထား၊ ကိုယ်က ဘာဖြစ်နေလို့လဲ"

ခပ်ဆတ်ဆတ်အသံ ဖြစ်သည်။ မျက်နှာ နည်းနည်းနီသွားသည်ကို ကျွန်မ သတိထားမိတာပေါ့ရှင်။

"နေပါဦး… မသိလို့မေးတာလား၊ မသိချင်ယောင်ဆောင်နေတာလား၊ မဖြစ်နိုင်ဘူးလေ၊ ကိုယ့်ကိုယ်ကိုယ် မသိတာတော့ မဖြစ်နိုင်ဘူးနော် ဦးမောင်"

"မင်း ဘာတွေပြောနေတာလဲ၊ တဲ့ပြော"

"ဩော်… ဖြစ်မှဖြစ်ရလေ"

တုန်လှုပ်ဝမ်းနည်းစွာ ရေရွတ်မိသည်။ ရှုံးရှုံးရှဲရှဲ အသွင်ဆောင်သွားသော သူ့ကို စေ့စေ့ကြည့်၍ ရင်ဆိုင်လိုက်သည်။ ကျွန်မတို့ ချစ်သူရည်းစားဖြစ်ပြီး နှစ်နှစ်ကာကာ၊ မက်မက်မောမောနှင့် အကြင်နာများစွာပေးရန် လက်ထပ်ခဲ့ခြင်းမဟုတ်သော်လည်း သူ စဉ်းစားသင့်သည်။ ကျွန်မက မွေးရာပါ နှလုံးအားနည်းသူဖြစ်သည်။ သူကတော့ သူက ဂေါက်ရောဂါခေါ် ယူရစ်အက်စစ်ပိုများသည့် ခြေဆစ်လက်ဆစ် အရိုးအဆစ် ဟူသမျှ ရောင်ရမ်းကိုက်ခဲသော အပြင်းစားဝေဒနာရှင်။ ကျွန်မတို့ ကလေး မယူ နိုင်ချေ။ ကျွန်မတို့ နှလုံးသားက သန္ဓေလွယ်ဖို့ အန္တရာယ်များသည်ဟု ဆရာဝန် များက အခါခါ သတိပေးဖူးသည်။ သူ အသိပါလေ။ သိသိကြီးနှင့် ဒီဇာတ်လမ်းကို စလာခြင်း ဖြစ်သည်။

"ကိုယ် ပြောပြီလေ ခင်ထား၊ ကိုယ့်အတွက် ကလေး လိုအပ်တယ်"

ကျွန်မ ခေါင်းယမ်းပစ်လိုက်သည်။ စိတ်တိုလာပြီး သည်းမခံနိုင်လာလျှင် ခေါင်းကို သွက်သွက်ခါယမ်းပစ်တတ်သည်က အကျင့် ဖြစ်သည်။

"ကိုယ်တို့ရဲ့ မျိုးဆက်၊ အဲ့-မျိုးဆက်မရှိရင် ကိုယ်ရှာထားတာတွေ ဘယ်သူ့အတွက်လဲ၊ ဘာအတွက်လဲ၊ ဘာမှ အဓိပ္ပာယ် မရှိဘူး"

ဪ… စီးပွားရေးသမားက စီးပွားရေးတွက်,တွက်ပြီး ပြောနေတာပဲ။ ကျွန်မတို့ အချစ်မပါ၊ မေတ္တာမပါ ပေါင်းစပ်ခဲ့ကြ၍ပဲလား… ကျွန်မက သူ့ပေသီးတစ်လုံးလောက် တန်ဖိုးရှိပုံ မရ။ ဘာ့ကြောင့် ကျွန်မက ဒီလို ဖြစ်နေရတာလဲရှင်၊ အိမ်ထောင်ရှင် ယောက်ျားတစ်ယောက်သည် ကိုယ့်ဇနီးမယား၏ ကိစ္စအဝဝကို တာဝန်ယူနိုင်ရမည်။ နားလည်ပေးနိုင်ရမည်။ ဖြည့်ဆည်းပေးနိုင်ရမည်။ ခွင့်လွှတ်နိုင်ရမည်။ တော်တန်ကိစ္စတွေကို သဘောထားကြီးစွာ ထားနိုင်ရမည်။ နှစ်ဦးနှစ်ဖက်လိုအပ်ချက်ကို ဦးဆောင်ဖြေရှင်းပေးနိုင်ရမည်။ အပေးအယူ သင့်မြတ်မှုဆိုတာ အိမ်ထောင်ရှင်များ၏ ရှိသင့်ရှိထိုက်သော အရည်အချင်းများ ဖြစ်သည်။ ဒီလိုပဲ ကျွန်မ နားလည်ထားသည်။

ကျွန်မလည်း သူ့ကို အကြောင်းတစ်ခုကြောင့် မလွှဲသာ မငြင်းသာ လက်ထပ်ခဲ့ရတာဖြစ်ပေမယ့် မိန်းမတစ်ယောက်၊ ဇနီးတစ်ယောက်၏ ကျင့်ဝတ်ဝတ္တရားများတော့ ကျေပွန်အောင်နေပေးခဲ့ပါသည်။

ကျွန်မ၏ ဖေဖေသည် အသက်ငယ်ငယ်ဖြင့် လူလောကမှ စောစီးစွာ ထွက်ခွာသွားခဲ့ပါသည်။ မေမေနှင့် ကျွန်မအတွက် အားကိုးရာ ရွှေတောင်ကြီး ပြိုကြခဲ့ခြင်း ဖြစ်ပါသည်။ စီးပွားရေးအောင်မြင်နေဆဲ ကုမ္ပဏီတစ်ခုနှင့် ရွှေငွေပုံပေါ်တွင် ကျွန်မတို့ သားအမိကို တင်ထားခဲ့သော်လည်း စီးပွားရေးလုပ်ငန်းများ နားမလည်သော သားအမိအတွက် ဘာအသုံးဝင်မှာမည်နည်း။

ကျွန်မ ရထားသည့် ဘွဲ့ကလည်း B.A ဆိုသော အသုံးတည့်သည့်ဘွဲ့ ဖြစ်သည်။ ဝါသနာပါရာ စာပေနှင့် ကလောင်သွေးရင်း အချိန်ကုန်ခဲ့သည်သာ ဖြစ်သည်။ စီးပွားရေးနယ်ပယ်မှာ ယောင်လည်လည်ဖြင့် အားကိုးရာမဲ့နေသော ကျွန်မတို့သားအမိအဖြစ်ကို ဖေဖေ့ လူယုံ သူငယ်ချင်းက သူ၏သား လက်ရှိစီးပွားရေးလုပ်ငန်းများနှင့် ကြီးပွားနေသော ဦးတင်မောင်မောင်နှင့် ကျွန်မကို ကြောင်းလမ်းပေးခဲ့ကြသည်။

"သမီးလေး… မေမေတို့ကို သူတော်ကောင်း စောင့်ရှောက်တာပဲကွယ်၊ မောင်တင်မောင်မောင်က မဆိုးဘူး၊ မေမေတို့နဲ့ အလွှာတူ အတန်းတူ စီးပွားတူတွေဆိုတော့ ငြင်းစရာမရှိပါဘူးနော် သမီး။ သူနဲ့သာ မေမေ့သမီး လက်ထပ်လိုက်ရင် သမီးဖေဖေလည်း ကောင်းကောင်းမျက်စိမှိတ်သွားနိုင်မှာပါကွယ်"

ထိုစဉ်က ကျွန်မ မေမေ့မျက်နှာကို ငေးကြည့်နေခဲ့မိသည်။ ဝမ်းနည်းကြေ နေသော၊ အားငယ်စိုးရွံ့နေသော မေမေ၏မျက်နှာ နွမ်းနွမ်းကို ကျွန်မ မကြည့်ရ သည်မှာအမှန် ဖြစ်သည်။ ကျွန်မတွင် အသက်လောက် ချစ်ရပါသော ချစ်သူရှိ သည်။ သို့သော် ထိုချစ်သူနှင့် မေမေ့ကိုယှဉ်၍ အရာရာကို ဘာနှင့်မျှ မလဲနိုင်တ ကျွန်မ ခံယူချက် ဖြစ်သည်။

ဒီကိစ္စကို ပြတ်ပြတ်သားသား ဆုံးဖြတ်စတမ်းဆိုလျှင် မေမေ့ဘက်က အလေ သာခဲ့ပါသည်။

"သူ့ကို လက်ခံလိုက်နော်၊ မိန်းမဆိုတာ ကြာတော့လည်း ကိုယ့်ယောကျ်ားကို အလိုလို ချစ်တတ်သွားတာပါပဲကွယ်"

ထို့ကြောင့်ပင် မေမေ၏ ဆန္ဒနှင့် ကျွန်မဘဝ ဆက်ခဲ့ရခြင်း ဖြစ်သည်။

သမီး အလိမ္မာ လုပ်ခဲ့ရ၍ ချစ်သူကို အပြစ်မရှိပါဘဲ ရက်ရက်စက်စက် သစ်စိမ်းချိုး ချိုးပစ်လိုက်ရသဖြင့် ယနေ့ထိ ရင်ထဲမှာ ကြီးမားသောဒဏ်ရာတစ်ခု ရှိနေသည်။ ဘာနှင့်မျှ ကုစားလို့မရသော အချစ်ဒဏ်ရာ ဖြစ်သည်။ တစ်မြို့တည်း အတူနေ ချစ်သူဆိုတော့ ဒီအကြောင်းကို ဦးတင်မောင်မောင်လည်း သိပြီးနေလောက် မည် ဖြစ်ပါသည်။ သို့သော် ကျွန်မက နောက်ကြောင်း မလှန်ချင်သူ။ ဦးတင်မောင် မောင်က စီးပွားရေးမှလွဲ၍ ဘာကိုမှ ခေါင်းထဲ မထည့်သူနှင့် တွေ့ကြသောအခါ ကျွန်မတို့ အိမ်ထောင်ရေးသည် အဆင်ချောသည်ဟု ဆိုရပါလိမ့်မည်။

သို့သော် ဘဝမှာတော့ အချစ်၏ ချိုမြိန်သောရသတွေ ပျောက်ဆုံးနေခဲ့တာ တော့ သေချာသည်။

ဝမ်းနည်းစရာကောင်းသော အဖြစ်တွေနှင့်သာ အိပ်မပျော်သောညတွေ ရှိခဲ့တာ လည်း အသေအချာ ဖြစ်သည်။ ညတာရှည်တော့ အိပ်မက်များသည်ဆိုသလို ကျွန်မဘဝတွင်ခလည်း အိပ်မက်ဆိုးတွေက ညတာရှည်ရှည်မှာ မက်ခဲ့သည်က ကာလကြာခဲ့ပြီ ဖြစ်ပါသည်။

"ကိုယ့်ဘေးထားပြီး အချစ်ဦးကို လွမ်းနေတာလား၊ ကိုယ့်အတွက် ကလေး မယူချင်တာ ဘာကြောင့်လဲ ခင်ခင်ထားရယ်..."

စိတ်ရှိတိုင်းသာ ပြောရလျှင် ဒီလူ တော်တော်အောက်တန်းကျသည့်လူဟူ၍ ဖြစ်သည်။

"တော်တော်ရိုင်းတယ်"

သတိထား၍ ထိန်းသိမ်းနေသည့်ကြားမှ ထွက်သွားမိသည်။

ထိုစဉ်က ကျွန်မ မေမေ့မျက်နှာကို ငေးကြည့်နေခဲ့မိသည်။ ဝမ်းနည်းကြေကွဲနေသော၊ အားငယ်စိုးရွံ့နေသော မေမေ၏မျက်နှာ နွမ်းနွမ်းကို ကျွန်မ မကြည့်ရက်သည်မှာအမှန် ဖြစ်သည်။ ကျွန်မတွင် အသက်လောက် ချစ်ရပါသော ချစ်သူရှိပါသည်။ သို့သော် ထိုချစ်သူနှင့် မေမေ့ကိုယှဉ်၍ အရာရာကို ဘာနှင့်မျှ မလဲနိုင်တာ ကျွန်မ ခံယူချက် ဖြစ်သည်။

ဒီကိစ္စကို ပြတ်ပြတ်သားသား ဆုံးဖြတ်စတမ်းဆိုလျှင် မေမေ့ဘက်က အလေးသာခဲ့ပါသည်။

"သူ့ကို လက်ခံလိုက်နော်၊ မိန်းမဆိုတာ ကြာတော့လည်း ကိုယ့်ယောကျ်ားကို အလိုလို ချစ်တတ်သွားတာပါပဲကွယ်"

ထို့ကြောင့်ပင် မေမေ၏ ဆန္ဒနှင့် ကျွန်မဘဝ ဆက်ခဲ့ရခြင်း ဖြစ်သည်။

သမီး အလိမ္မာ လုပ်ခဲ့ရ၍ ချစ်သူကို အပြစ်မရှိပါဘဲ ရက်ရက်စက်စက် သစ်စိမ်းချိုး ချိုးပစ်လိုက်ရသဖြင့် ယနေ့ထိ ရင်ထဲမှာ ကြီးမားသောဒဏ်ရာတစ်ခု ရှိနေသည်။ ဘာနှင့်မျှ ကုစားလို့မရသော အချစ်ဒဏ်ရာ ဖြစ်သည်။ တစ်မြို့တည်း အတူနေ ချစ်သူဆိုတော့ ဒီအကြောင်းကို ဦးတင်မောင်မောင်လည်း သိပြီးနေလောက်မည် ဖြစ်ပါသည်။ သို့သော် ကျွန်မက နောက်ကြောင်း မလှန်ချင်သူ။ ဦးတင်မောင်မောင်က စီးပွားရေးမှလွဲ၍ ဘာကိုမှ ခေါင်းထဲ မထည့်သူနှင့် တွေ့ကြသောအခါ ကျွန်မတို့ အိမ်ထောင်ရေးသည် အဆင်ချောသည်ဟု ဆိုရပါလိမ့်မည်။

သို့သော် ဘဝမှာတော့ အချစ်၏ ချိုမြိန်သောရသတွေ ပျောက်ဆုံးနေခဲ့တာတော့ သေချာသည်။

ဝမ်းနည်းစရာကောင်းသော အဖြစ်တွေနှင့်သာ အိပ်မပျော်သောညတွေ ရှိခဲ့တာလည်း အသေအချာ ဖြစ်သည်။ ညတာရှည်တော့ အိပ်မက်များသည်ဆိုသလို ကျွန်မဘဝတွင်ခလည်း အိပ်မက်ဆိုးတွေက ညတာရှည်ရှည်မှာ မက်ခဲ့သည်က ကာလကြာခဲ့ပြီ ဖြစ်ပါသည်။

"ကိုယ့်ဘေးထားပြီး အချစ်ဦးကို လွမ်းနေတာလား၊ ကိုယ့်အတွက် ကလေး မယူချင်တာ ဘာကြောင့်လဲ ခင်ခင်ထားရယ်…"

စိတ်ရှိတိုင်းသာ ပြောရလျှင် ဒီလူ တော်တော်အောက်တန်းကျသည့်လူဟူ၍ ဖြစ်သည်။

"တော်တော်ရိုင်းတယ်"

သတိထား၍ ထိန်းသိမ်းနေသည့်ကြားမှ ထွက်သွားမိသည်။

"ရိုင်းတယ်ဆိုတာ ဘာလဲ၊ လင်မယား ကလေးယူတာ ရိုင်းတဲ့ကိစ္စလား။ မင်း ဘာတွေ တွေးနေတာလဲ ထား ဟင်၊ ကိုယ့်သွေးကို မလိုချင်ရင် ဘာလို့ ကိုယ်နဲ့ လက်ထပ်ခဲ့တာလဲ၊ ဘာလို့ လက်ထပ်တာလဲ ခင်ထားရဲ့"

ကိုယ့်မျက်ချေး ကိုယ့်မမြင်၊ ထားပါ။ သူ့ကို ညစ်ပတ်တယ်ဟု လက်ညှိုး ထိုးတတ်သော ယောကျ်ားနှင့် ဆက်၍ စာရင်း မရှင်းချင်တော့။

ခုတင်ပေါ်မှ ဆင်းလိုက်သည်။ သူက ကျွန်မလက်ကို ဖမ်းဆောင့်ဆွဲလိုက်သဖြင့် သူ့ဘေးတွင် ပုံကျသွားသည်။ ကျွန်မ မျက်ရည်တွေ ကျလာပြီ။ အားကိုးရာမတွေ့သော ကလေးတစ်ယောက်၏ ဝမ်းနည်းအားငယ်မှုမျိုးက ရင်ထဲမှာ ခံစားရသည်။

ကလေးမရနိုင်မှန်း သိရက်နှင့် ကျွန်မကို အတင်းပြောနေသည်ကတော့ လွန်လွန်းနေသည်ဟု ထင်သည်။

သူ့ အားနည်းချက်ကို ဖုံးကွယ်ထားသူဖြစ်၍ ကျွန်မကလည်း မိန်းမမာနဖြင့် မသိဟန် ဆောင်ပေးခဲ့သည်။ စိတ်မဝင်စားစွာ တုံ့ပြန်ခဲ့သည်။ အိမ်ထောင်ရှင်ယောကျ်ားတစ်ယောက်၏ အဓိကအားနည်းချက်ကို ကွယ်ဝှက်ပြီးနေတဲ့သူလောက် သစ္စာမဲ့သူမရှိ။ ယုတ်မာသူ မရှိဟုဆိုလျှင်ပင် ကျွန်မက မှတ်ချက်ထားသည်။ တစ်ခါတစ်ခါတော့ သူ့အားနည်းချက်ကြောင့် ကျွန်မကပင် ရည်းစားဟောင်းကို တမ်းတနေသလိုမျိုး တလွဲ ဆံပင်ကောင်းစွာ တွေးတတ်သေးသည်။ သူ့ကိုယ်သူ ဖုံးဖိနေတတ်သေးသည်။

ကျောခိုင်းပြီးသား လူတစ်ယောက်ကို သူ ဘာစိတ်နှင့် စော်ကားနေသနည်း။ ကျွန်မ နားမလည် ဖြစ်မိသည်။ သူ့ခေါင်းထဲမှာ ထည့်စဉ်းစားရလောက်အောင် ဟိုလူက အနားလာတွေ့နေသူ မဟုတ်။ သူ့ကို လက်ထပ်တော့မည်ဟု ကြေညာပြီးသည့် နောက်ပိုင်း မတွေ့ရတော့သည်မှာ လေးနှစ်ကျော်ခဲ့ပြီ။ သေပြီလား၊ ရှင်နေသေးလားဆိုတာပင် မသိလောက်အောင် အနေပြတ်ခဲ့ပြီး ဖြစ်သည်။

ဒါကို သူက သံသယမကင်းနိုင်တာ ကျွန်မ မတတ်နိုင်။ ကောက်နေသော လူ့အတွင်းစိတ်ကို ကျွန်မ မဖြောင့်တတ်။ ကျွန်မဘက်က ဖြောင့်သူဖြစ်သော်လည်း ချိတ်မရ။ ဒီလိုပါပဲ။ ဒါမျိုးညတွေ ကျော်ဖြတ်ခဲ့ရပေါင်း များခဲ့ပြီ ဖြစ်သည်။ စိတ်ကို လျှော့ချပစ်လိုက်သည်။ ပစ္စည်းရှိလူတန်းစားများသည် များသောအားဖြင့် တစ်ဖက်သားကို နှိမ့်ချကြည့်တတ်သည်က များသည်။ ကိုမောင်လည်း ထိုအထဲတွင် ပါဝင်သူတစ်ယောက် ဖြစ်သည်။

သူက ကျွန်မ၏ချစ်သူကို အနုပညာသမား၊ ပန်းချီဆရာတစ်ယောက်အနေဖြင့် သိထားသည်။ ပစ္စည်းမဲ့ လူတန်းစားဟုလည်း သိထားသည်။ သူ့ကိုယှဉ်လျှင် အချစ်မှ တစ်ပါး ပေးစရာ နတ္ထိဆိုတာလည်း သိထားသည်။

တစ်ခါတစ်ခါ သူ ပြောဖူးသည်။ "ရွှေလမ်းငွေလမ်းပေါ် မော့မော့ကလေး လျှောက်လာခဲ့မယ့်ကောင်" ဟူ၍ပင် ဖြစ်သည်။ ထိုအခါမျိုးတွင် ကျွန်မက ဆတ်ဆတ်ခါ ပြတာတ်သည်။

"မထင်ပါနဲ့ရှင်၊ သူက မလာပါဘူး။ ကျွန်မကသာ လိုက်သွားမှာ" ဟု သူ့ဘက်က မာနဖြင့် ကာကွယ်ပေးခဲ့ဖူးပါ။

လူတစ်ယောက်ကို အသားလွတ်စော်ကားတာတော့ ကျွန်မ လက်မခံ။ အသားလွတ် အထင်သေးတာလည်း လက်မခံနိုင်ပါ။

ယောကျ်ားတိုင်းမှာ ကိုယ့်မာန, ကိုယ်ဂုဏ်သိက္ခာတော့ ရှိတတ်ကြသူကြီးပင် ဖြစ်သည်။ ကျွန်မချစ်သူက ပို၍ပင် ဤအရာကို တန်ဖိုးထားသူ ဖြစ်သည်။ ကျောင်းနေဘက် ကစားဖော်,ကစားဖက် ငယ်သူငယ်ချင်းဘဝမှ ချစ်သူအဖြစ်သို့ ကူးပြောင်းခဲ့ကြသူများဖြစ်၍လည်း တစ်ဦးနှင့်တစ်ဦး နားလည်မှု၊ ယုံကြည်မှုဆိုတာ သံသယရှိစရာအကြောင်း ဘာမှမလိုချေ။ ငယ်က သံယောဇဉ်ဖြင့် တစ်ရစ်ပြီးတစ်ရစ် ရစ်ပတ်ခဲ့သောအချစ်ဖြစ်၍လည်း အခြေခံခိုင်မာပြီးသား ဖြစ်သည်။

ကျွန်မအသက်လို မြတ်နိုးခဲ့ရသလို သူကလည်း သူ့အသက်လို ကျွန်မကို စောင့်ရှောက်မြတ်နိုးခဲ့သူ ဖြစ်သည်။ ကြင်နာနွေးထွေးသောသူ၏ ရင်ခွင်သည် ကျွန်မအတွက် အလုံခြုံဆုံး နယ်မြေတစ်ခုအဖြစ် ရွေးချယ်ထားပြီးသား ဖြစ်သည်။ ကျွန်မ၏နှလုံးသားကို တသိမ့်သိမ့် ခုန်စေသော ချစ်သူ၏မေတ္တာတရားများသည် သူ့ဘဝထဲမှ မထွက်နိုင်အောင် ချစ်သူက ပေးစွမ်းသော အချစ်တွေ ဖြစ်သည်။ ထိုချစ်သူကို ကျွန်မ မျက်စိမှိတ်ပြီး စွန့်လွှတ်ကျောခိုင်းခဲ့သည်။

ဦးတင်မောင်မောင်ကို ရွေးချယ်မိသဖြင့် အချစ်က ဒဏ်ခတ်ခဲ့သည်လား မသိ။ အချစ်မပါသော ကျွန်မဘဝသည် သက်မဲ့ရုပ်ကြွင်း ဖြစ်ခဲ့ရသည်။

တစ်ခါတစ်ရံ ကိုမောင်နှင့်အတူနေချိန်များတွင် ကျွန်မ စိတ်အစဉ်က ချစ်သူကိုတမ်းတရင်း ကြိတ်ပြီး မျက်ရည်ကျခဲ့ရသည့် ညတွေသည် ကျွန်မအတွက် စိတ်အဆင်းရဲဆုံးကာလတွေ ဖြစ်ခဲ့သည်။

သူပြောသလိုပင် ရည်းစားဟောင်းကို လွမ်းမိပါသည်။ မညာလိုပါ။ ကိုယ်လွမ်းမိသည် မှန်သော်လည်း ကိုယ့်ချစ်သူကို အပြစ်မဲ့စေလိုသည်။ ဆန္ဒများဖြင့် ကျွန်မက ချစ်သူဘက်မှ အလကားရှေ့နေ ဖြစ်ခဲ့သည်။

ယောက်ျားနှစ်ယောက်၏ အချစ်သည် တစ်မျိုးစီ ဖြစ်သည်။ ကိုမောင်က ကျွန်မကို ငွေဖြင့် ချစ်သည်။ ကျွန်မ ဘဝလိုအပ်ချက်မှ မှန်သမျှ သူပိုင်ဆိုင်သော ငွေကြေးများဖြင့် ဖြေရှင်းပေးသည်။ ဒါကိုပင် သူက ကျေနပ်ဂုဏ်ယူနေသူ ဖြစ်သည်။

ကျွန်မ၏ချစ်သူ "ကိုရင်"ခေါ် (ကိုရင်အောင်) က မေတ္တာဖြင့် ချစ်သည်။ သူပိုင်ဆိုင်သောမေတ္တာအားလုံး ကျွန်မ ပိုင်ဆိုင်ခဲ့ရသဖြင့် ရင်ကို အေးချမ်းသာစေပါသည်။

မိန်းမသားတစ်ယောက်၏အရှက်နဲ့သိက္ခာကို ဘဝတစ်လျှောက်လုံး ထိန်းသိမ်းရမယ်၊ မ,က "ကိုရင့်"အတွက် အဲ့လိုလူမျိုး ဖြစ်ရမယ်ဟု ပြောခဲ့ဖူးသည်။ ချစ်သူ၏ စကားလုံးတိုင်းသည် နှလုံးသားမှာ မြားတစ်စင်း စိုက်ဝင်သလို စွဲမြဲစေခဲ့သည်။ ထို့ကြောင့်လည်း ဦးတင်မောင်မောင်၏ အချစ်ခါးခါးများကို မျိုချရင်း သည်းခံနိုင်စွမ်း ရှိပါသည်။

အခု ကိုမောင်က တစ်ရစ်တက်လာပြန်ပြီတည်း။

မစွမ်းဆောင်နိုင်သော ကိစ္စတစ်ခုကို အရေးတကြီး အရေးဆိုနေသည်။ ဆန္ဒပြင်းပြနေသည်။ အိမ်ထောင်သက်တမ်း သုံးနှစ်အတွင်း ဘာမှ ဖြစ်မလာသည့်ကိစ္စကို ဘယ်လိုစိတ်ကူးနေသည် မသိ။ အပိုင်ပြောနေသည်။

"ကိုမောင့်အတွက် ထားက ကလေးတစ်ယောက် မွေးပေးရမှာ၊ ထားတာဝန်ဆိုတာ သိပါတယ်…ဒါပေမဲ့"

"ဒါပေမဲ့က ဘာလဲ ပြော"

ကျွန်မကို သူ့လက်မောင်းပေါ် ဆွဲလှဲရင်း ဖက်ထားသည်။ မေးစင်းလာသော သူ့မျက်တောင်များက ဖျတ်ဖျတ်ခတ်ရင်းနှင့် ပြောသည်။

"ပြောလေ"

"ကိုမောင့် တာဝန်က ဟိုလေ"

"ဒါက ကိုယ်စဉ်းထားပြီးသား ဖန်ပြွန်သန္ဓေသား ယူမယ်"

"ဘုရားရေ…"

"ကိုယ်တို့ စင်ကာပူ ဖြစ်ဖြစ် သွားမယ်"

ဩော်… ဒီလူက သူ့အတ္တကို တော်တော် ရှေ့တန်းတင်တတ်သူပါတကားဟူ၍ တုန်လှုပ်စွာ မှတ်ချက်ပြုမိသည်။

ကျွန်မ အဲဒီလောက်အထိ မစဉ်းစားခဲ့ဖူးချေ။ ''ခုတော့ ကျွန်မဘဝသည် ကိုမောင်၏ ''အိမ်ထောင်''ဆိုသော ဘဝထဲမှာ ချောင်ပိတ်မိနေပါပကောလား။

ကျွန်မ ခေါင်းကို ဖြည်းညင်းစွာ တုန်ခါနေမိသည်။ စိတ်ထဲမှာလည်း လေးပင်စွာ ငြင်းပယ်နေမိသည်။ ကျွန်မအတွက်, သူ့အတွက် မလွယ်ကူသော ကိစ္စကို ခပ်လွယ်လွယ်ပင် ရွေးချယ်နေသည်၊

ဒါဆိုလည်း ငွေရှိလျှင် ကိစ္စပြီးသည်ဟူသော ဆောင်ပုဒ်အတိုင်း တွေးခေါ်နေခြင်း ဖြစ်သည်။ ဒီလို သဘာဝ မဟုတ်တာကို ကျွန်မ ဘယ်လို လက်ခံပေးရမည်နည်း။

''ကိုမောင်က ထားကို လူတစ်ယောက်လို့ အမြင်မရှိဘူးနော်''

ရင်ထဲမှာ လှိုက်ခနဲ ဖြစ်လာပါသည်။

''အရုပ်တစ်ရုပ်လို ကျိုးချင်ကျိုး၊ ပဲ့ချင်ပဲ့၊ တန်ဖိုးမထားဘူးနော်၊ အရာရာကို ကိုမောင့် သဘောအတိုင်းကြီးပါပဲ''

''ထားက လူတစ်ယောက်ပါ၊ အသက်ရှိတယ်၊ ခံစားတတ်တယ်၊ ကိုမောင့်မိန်းမရဲ့ ဆန္ဒဆိုတာ ဘာမှ အသုံးမဝင်ဘူးလား''

''ဘာတွေ ပြောနေတာလဲကွာ၊ စိတ်ရှုပ်လာပြီ''

ကျွန်မ မျက်ရည်ကျသည်မှတစ်ပါး အခြားမရှိပြီ။ ရင်မှာ စူးနစ်နာကျင်ရပါသည်။ နားမလည်နိုင်သော, နားမလည်တတ်သော ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ခဲ့ရသည့် ဒုက္ခတွေကို ဘယ်သူကူ၍ နားလည်ပေးနိုင်ပါမည်နည်း။

ကိုယ့်ဘဝက သူ့လက်ခုပ်ထဲက ရေဖြစ်တော့ စိတ်ပါသည်ဖြစ်စေ စိတ်မပါသည်ဖြစ်စေ သူ၏ အတ္တဆန်သော ဆန္ဒတွေကို ဘယ်အချိန်အထိ ဖြည့်ဆည်းပေးနေရမည်နည်း။

''တော်ပြီ အိပ်မယ်''

တိုပြတ်ပြတ်ဖြေ၍ တစ်ဖက်လှည့်သွားသည်။ ကိုမောင်သည် အဲဒီလို လူစားဖြစ်သည်။ ကျွန်မနှင့် ပတ်သက်လာလျှင် ထိုသူသည်လည်း သက်မဲ့ရုပ်ကြွင်းတစ်ခုသာတည်း။

ကြွေကွဲမဆုံး ရင်နာမဆုံး ဝမ်းနည်းမဆုံး အားငယ်မဆုံး ဖြစ်ရသည်က ကျွန်မတစ်ယောက်တည်းသာ ဖြစ်သည်။ ကျွန်မ အပူ ဘယ်သူမျှ ယူနိုင်ပါမည်နည်း။ ကျွန်မ၏ စိတ်အခြေအနေသည် ကိုမောင်နှင့် တဖြည်းဖြည်း ဝေးကွာလာနေသည်။

ကျွန်မတို့၏ အဆင်မပြေသော အိမ်ထောင်ရေးဇာတ်လမ်းကို မေမေကတော့ ဘာမျှ မသိရှာ။ ဘုရားသွား၊ကျောင်းတက်ဖြင့် စိတ်ချလက်ချ ရှိနေပုံရသည်။ ကျွန်မ၏ မထူးတဲ့ဇာတ်လမ်း၊ ဘာမှ မပြောင်းလဲလို့ မရတော့တဲ့ ဇာတ်လမ်းတစ်ပုဒ်ကို မေမေ မသိတာဘဲ ကောင်းပါသည်။

ကျွန်မဘဝက တစ်ခန်းရပ်ခဲ့ပြီ မဟုတ်ပါလား…။

***

ကိုယ်က ရင့်ကျက်လှပြီ ထင်ထားပေမယ့်…

ကိုယ်က မေ့ထားနိုင်ပြီ ထင်ထားပေမယ့်…

သူလည်း ရင့်ကျက်ခဲ့ပြီ ထင်ထားပေမယ့်…

သူလည်း မေ့လောက်ခဲ့ပြီ ထင်ထားပေမယ့်…

တစ်သက်လုံး မတွေ့ရတော့ဘူးလို့ ထင်ထားပေမယ့်…

ပြန်ဆုံရမယ်လို့ ထင်မထားပေမယ့်…

အရာရာတိုင်းသည် ကိုယ်ထင်သလို မဟုတ်ပါတကား…။

ရင်နှင့်အမျှ ချစ်ခဲ့ရသူနှစ်ဦး မမျှော်လင့်တဲ့အချိန်၊ မမျှော်လင့်တဲ့အရပ်၊ မမျှော်လင့်ဘဲ တွေ့ကြသောအခါ နှစ်ယောက်သား အဘယ်သို့ ခံစားကြမည်နည်း။ သူရော ကိုယ်ရော ဘယ်လောက်ပင် ဟန်ဆောင်ဆောင်၊ ဘယ်လောက်ပင် ထိန်းချုပ်ချုပ် ပီပြင်မှာတဲ့လားကွယ်။

စကားလုံးတွေကကော

အပြုံးတွေကကော

လုပ်ရပ်တွေကကော

လွဲချော်သွားနိုင်သည်ပဲလေ…။

***

"ကိုရင်"

အံ့ဩတုန်ယင်သောအသံက မပီပြင်ချင်တော့…။

"မရယ်"

သူလည်း ကိုယ့်လိုပဲ ရှိချေလိမ့်မည်။

"နေကောင်းတယ်မို့လား၊ ဝပြီးလှနေတယ်နော်"

ကိုရင်က မရေရာသောစကားတွေကို ရွေးချယ်ပြီး ပြောနေတာပဲ။

"ကိုရင်"

"ကိုရင်"

စကားက ရှေ့မဆက်တော့။ ဒီလည်ချောင်းဝမှာ အားလုံးပျောက်ကွယ်နေသည်။ ဝယ်ထားသည့် ပစ္စည်းအထုပ်များကို စုကိုင်ထားသည့် လက်ချောင်းများ ဘာမှ မမြဲချင်တော့။ တဆတ်ဆတ် တုန်နေသည်ထင့်။ ဒူးတွေ၊ ခြေထောက်တွေရော ဖြစ်သည်။ ဘယ်တုန်းက ပြည့်တက်လာမှန်းမသိသော မျက်ရည်များက ထွက်ကျတော့မည်။ မျက်ခမ်းစပ်မှာ တာဆူနေပြီ။ ကျွန်မ၏ အခြေအနေမှန်ကို တွေ့မြင်နေရသောကိုရင်က ပစ္စည်းများကို လှမ်းယူပြီး လက်ကို ဖမ်းဆုပ်ထားသည်။ တင်းတင်းကျပ်ကျပ် ဖြစ်သည်။ ပြန်ပြီး လွှတ်မချနိုင်သလို ကျွန်မကလည်း မရုန်းမိပြီ။

တကယ်တော့ လူစည်ကားရာ မော်လမြိုင်မြို့မဈေးကြီးထဲမှာ ဖြစ်သော်လည်း ကျွန်မတို့နှစ်ဦးအတွက် ခေတ္တ အမှောင်လောကကြီး ဖြစ်သွားသည်။ နီရလာသော နှာသီးဖျားနှင့် ပန်းဆီရောင်ပါးပြင်ပေါ် လိမ့်ဆင်းလာသော မျက်ရည်ပူများသည် ကျွန်မ၏ ရင်တွင်းအခြေအနေကို ဖော်ပြနေသည်။

"မငိုနဲ့လေ"

ကိုရင်လည်း ကြေကွဲသံဖြင့် ကျွန်မလက်ကိုဆွဲကာ ယောင်ချာချာ ထွက်ခဲ့ကြသည်။ တွေ့ရာ အအေးဆိုင်၏ ချောင်ကျကျ စားပွဲလေးကို ရွေးချယ်၍ ထိုင်ခဲ့ကြသည်။ တည်ငြိမ်မှုကို အပြေးအလွှား ရှာဖွေသော်လည်း တစ်ကိုယ်လုံး ဘယ်နေရာမှ ရှာမတွေ့…။

ပစ်ပယ်ထားခဲ့မိသော ချစ်သူကို သနားသည့်စိတ်ဖြင့် တစိမ့်စိမ့်ကြည့်နေမိသည်။

"သံပရာရည်နှစ်ခွက်"

ချိုလွင်၍ စွဲမက်စရာကောင်းသော ကိုရင့်အသံသည် နားထဲသို့ စိမ့်ဝင်သွားသည်မှာ ဟိုးအရင်က အတိုင်းပင်…။ တစ်ခါတလေ ကျွန်မက ထိုအသံကိုပင် စွဲမက်၍ ထပ်ခါထပ်ခါ ကြားချင်သဖြင့်-

"ကိုရင်"

"ကိုရင်"

"ကိုရင်"

ဤလို ဆင့်ဆင့်ပြီးခေါ်လျှင် သူ ပြုံးပြာသွားသည်။

''ဘာလဲ မ ဘာလဲ၊ ဘာဖြစ်လို့လဲ''

ကျွန်မ သဘောကျစွာ တဟားဟား ရယ်မောပစ်လိုက်လျှင် ရှက်ကိုးရှက်ကန်းဖြင့် ''မ,ကလည်းကွာ'' ဟု ညည်းညူတတ်သည်။

''ကိုရင်''

တိုးတိုးခေါ်ကြည့်မိပြန်သည်။

''မ''

ကျွန်မလိုပဲ ပြန်ထူးသည်။

''မိန်းမ ရပြီလား''

ကျွန်မ ဘာစကားကို မေးလိုက်မိမှန်းတောင် ကိုယ့်ဘာသာ မသိ။ အူတူတူနိုင်လှသည့်အဖြစ်ပင်။ ကိုယ်ကသာ ယောကျ်ားတစ်ယောက်ကို ခပ်ပြောင်ပြောင်ကောက်ယူခဲ့ပြီး ချစ်သူကို လှမ်း၍ သဝန်တိုမိသည့် ဤလောဘစိတ်ကို အံ့ဩမိ၏။ လေးနှစ်ကျော် ပျောက်ဆုံးခဲ့သော အချစ်ဦးသည် သိသာလောက်အောင် ပြောင်းလဲခြင်း မရှိချေ။ အသားညိုစိမ့်စိမ့်နှင့် ချောမောခြင်းထက် ခံ့ညားသောရုပ်ရည်ရှိသူဖြစ်သည်။ လေသံတိုးတိုးဖြင့် အေးဆေးစွာ စကားပြောတတ်သည်။ ထူးခြားမှုက ကျွန်မ၏ စိတ်အခြေအနေကို ကျွန်မမျက်ဝန်းမှတစ်ဆင့် မှန်ကန်စွာ အကဲဖြတ်နိုင်သူဖြစ်သည်။ ကျွန်မတို့ တွေ့လေတိုင်း နားလည်မှုအပြည့်ဖြင့် စောင့်ကြည့်တတ်သူဖြစ်သည်။ ဘယ်လောက်ပင် သူ့စိတ်တွေ ပေါက်ကွဲနေသည့် အခြေအနေရှိရှိ အချိန်မီဟန်ဆောင်ထိန်းချုပ်နိုင်သော သတ္တိထူးတွေလည်းရှိသူ ဖြစ်သည်။

''ကိုရင်...၊ ကိုယ်ယောကျ်ား ယူတော့မယ်'' ဟု ပြောစဉ်တုန်းက နီရဲသောမျက်လုံးတစ်စုံနှင့် တောက်တစ်ချက် ပြင်းပြင်းခေါက်ခဲ့သည်မှအပ ဒီပြင် ပေါက်ကွဲမှုတစ်စုံတစ်ရာ မရှိခဲ့ပေ။ ခေါင်းကို မြေပြင်မှာ စိုက်စိုက်ငုံ့ကြည့်ရင်း တစ်ခွန်းတည်းသော စကားဖြင့် လမ်းခွဲခဲ့ကြခြင်း ဖြစ်သည်။

''ကောင်းမယ်ထင်ရင် လုပ်ပါ'' ဟူ၍-

ယခုလည်း ''မိန်းမ ရပြီလား'' ဟု ကျွန်မ မေးတော့ ခပ်ဖွဖွပြုံးပြီး ''နဂိုအတိုင်းပါပဲ'' ဟု တည်ငြိမ်စွာ ပြန်ဖြေသည်။

သြော်-မတည်ငြိမ်နိုင်တာက ကျွန်မသာ ဖြစ်သည်ပေါ့။

''မကို မောင် သနားနေမိတယ်။ ဒီထက်ပိုပြီး မပြောတတ်ဘူး မရယ်...''

ဟုတ်မှာပါလေ။

ရက်စက်တတ်တဲ့လူကို မနာကြည်းတတ်တဲ့ လူက ကိုရင်ပင် ဖြစ်သည်။

မောင်ရေ… သနားတယ်ဆိုတာ ကရုဏာရသမြောက်တဲ့စကားပါကွယ်၊ ကြင်နာမှု၊ စာနာမှု၊ မမေ့နိုင်မှုတွေနဲ့လည်း သက်ဆိုင်နေတယ်နော်။ တိမ် ယောင်နဲ့ နက်တဲ့ ဒီစကားကို ဘာ့ကြောင့်ရွေးပြီး ပြောတာလဲဟင်။ ပြတ်ပြီး ား ကြိုးတစ်ချောင်းကို ပြန်ဆက်ဖို့ ကြိုးစားချင်တာလား…။ အဖုအထစ်တွေသာ ဖတ်တင်မယ်။ အကောင်းတော့ ပြန်ဖြစ်မလာတော့ပါဘူးကွယ်။ ကိုရင့်အတွက် မ" က လူဖြစ်ခဲ့တာမှ မဟုတ်တာဘဲ။ သံယောဇဉ်အမျှင် မတန်းချင်နဲ့နော်။ င်းချစ်တဲ့ ခင်ခင်ထားက ဦးတင်မောင်မောင်ဆိုတဲ့ လူတစ်ယောက်အတွက် ဝဋ်ကြွေး ပ်ဖို့ လူဖြစ်လာတာလေ။

အချစ်ဆိုတာ သွေးသားက တောင့်တမှုလား၊ နှလုံးသားက ခံစားမှုလား ိုတာ စဉ်းစားဖို့ အခြေအနေ မပေးတဲ့ဘဝမှာ ဘာမှ မခံစားတတ်တော့ပါဘူး ိုရင်ရယ်…။ နေသာသလိုပဲ နေတော့မယ်လို့ ကြိုးစားတဲ့အချိန်ကျမှ မင်းက ာလို့ "မ"ရှေ့ ပြန်ရောက်လာခဲ့ရတာလဲ။

အဟောင်းတွေ အသစ်ဖြစ်အောင်လို့လားဟင်။ ဆက်နွယ်ပတ်သက်ခဲ့ဖူးတဲ့ ရာတွေ မေ့သွားခဲ့ပြီ၊ ခံနိုင်ရည်ရှိသွားခဲ့ပြီလို့ ကိုယ့်ကိုယ်ကိုယ် ထင်ထားခဲ့တာ၊ တော့ အဲဒီလို မဖြစ်ဘူး ဖြစ်နေတယ်။

ကျောခိုင်းခဲ့ကြပြီးမှ မျက်နှာချင်းဆိုင် ပြန်ဆုံချင်လို့ ဒီမြို့ကို ပြန်လာတာ လား၊ ဝေးလက်စနဲ့ ဝေးနေကြတာ မကောင်းဘူးလား။ မေ့လက်စနဲ့ ဆက်ပြီးမေ့ အောင် ကြိုးစားကြတာ မကောင်းဘူးလား။

"မ"နေရတဲ့ဘဝက ဒဏ်ရာဒဏ်ချက်တွေ ပြည့်နေရတဲ့အထဲ ဒဏ်ရာသစ် တွေ ထပ်မပေးပါနဲ့နော်၊ ခံနိုင်ရည်ရှိမယ် မထင်ဘူး။

မင်းကို မတွေ့ရရင် နေလို့ရမယ်။ ခုလိုသာ တွေ့မိနေရင် စောင့်စည်းရမယ့် လူ့အသိုင်းအဝိုင်းရဲ့ စည်းကမ်းဥပဒေတွေကို "မ" ဘယ်အရာနဲ့ တားဆီးနိုင်မှာ လဲကွယ်။

သစ်စိမ်းချိုးချိုး ပစ်ခဲ့တဲ့ မင်းအတွက် ပြန်ပေးဆပ်ချင်တဲ့ဆန္ဒတွေ ကျိုးပေါက် လာရင် ကိုယ်ဘာနဲ့ တာဝန်ယူ ဖြေရှင်းရမလဲ မောင်ရယ်။

ကျွန်မ အသံတိတ်ပြောနေခြင်း ဖြစ်သည်။ သူကလည်း အလုံးစုံသာ မဖတ် နိုင်ရင် ရှိရမည်။ ဆက်နွယ်နေသော စိတ်က သိနေရှာမှာ ဖြစ်သည်။

"နေတတ်သလိုသာ နေပါ 'မ' ရယ်၊ ဖြစ်ခဲ့ပြီးတဲ့အတိတ်ဆိုတာ တဖြည်း ဖြည်း ဝေးဝါးမှေးမှိန်သွားမှာပါ။ အချိန်ကာလတစ်ခုကြာရင်ပေါ့။ ဒီလောကကြီးထဲက

လူတွေ အားလုံးမှာ အတိတ်တစ်ခုစီ ရှိတတ်ကြတာပါပဲ။ "မောင်"နဲ့ "မ"မှ မဟုတ်ပါဘူး။ နေတတ်သလို နေတတ်အောင် ကြိုးစားပြီးနေနော်"ဟု နှစ်သိမ့်နေတာ ကျွန်မ ခံစားမိပါသည်။ အချစ်စစ်မှန်ရင် တစ်ဦးနှင့်တစ်ဦး မပြောဘဲ နားလည် ခံစားနိုင်စွမ်း ရှိပါသည်။

ကိုရင်နှင့်ကျွန်မက အနုပညာနှလုံးသားချင်း တူညီကြသည်။ သာမန်ထက်ပို ခံစားသိရှိနိုင်ကြသည်။ တစ်ဦးနှင့်တစ်ဦး ရင်ကို ထိုးဖောက်မြင်နိုင်လောက်ပင် ချစ်ခဲ့ကြသူများ ဖြစ်သည်။ ဘာကြောင့်ဆိုလျှင် ကိုရင်နှင့်ကျွန်မ ငယ်ငယ်ကတည်းက အတန်းဖော်။ အလယ်တန်းမှစ၍ အထက်တန်းအထိ ဖြစ်သည်။ အတန်းဖော် ကစား ဖော်လည်း ဖြစ်သည်။ ငြင်းခုံစိတ်ဆိုးရင်း အပြန်အလှန်ချော့၍ စစ်အေးကြေညာကာ ပြန်လည်ပူးတွဲ မခွဲဘဲ နေခဲ့ကြသူများလည်း ဖြစ်သည်။ ၁၀ တန်းအောင်တော့လည်း တူတူပင် တစ်နှစ်တည်းအောင်ကြသည်။ ကျွန်မက ရန်ကုန်ဝိဇ္ဇာတက္ကသိုလ်တက်ခဲ့ သလို သူက ပန်းချီပန်းပုအနုပညာကျောင်း တက်ခဲ့သည်။ ရန်ကုန်မှာလည်း မခွဲ တတွဲတွဲဖြင့် ပျော်စရာ အချိန်များကို အတူဖြတ်သန်းကုန်ဆုံးခဲ့ကြသည်။ စွဲမက် ရင်ခုန်ခြင်းများစွာဖြင့် အချစ်ခရီးရှည်ကြီးကို နှစ်ပေါင်းများစွာ တွဲလက်မဖြုတ်ခဲ့ကြ သော်လည်း ဖူးစာက မပါလေသမျှ ကျောခိုင်းစွန့်လွှတ်ခဲ့ကြရသည် မဟုတ်ပါလား။

ဖူးစာပါလာခဲ့တော့ ရင်တောင် မခုန်လိုက်ရပါဘဲနှင့် တစ်ယောက်ဘဝ တစ်ယောက် ပေးဆပ်အပ်နှင်းပြီး အချစ်ဆိုသောအရာကို ဖွတ်ဖန်တီးယူနေကြသည် ကော မဟုတ်ပါလား။

ကံဆိုသော အကြောင်းတရားသည် ကြောက်စရာကောင်းလောက်အောင် ဘဝကို ချေဖျက်နိုင်စွမ်းလည်း ရှိသည် မဟုတ်ပါလား။

အပြုံးတုတွေ၊ စကားလုံးတုတွေဖြင့် ဒီငယ်ကျွမ်းဆွေနှစ်ယောက် ဘယ် လောက်ထိ ဟန်ဆောင်နေနိုင်ပါမည်နည်း။ မျဉ်းပြိုင်ပေါ် အတူလျှောက်ကြပြီ။ ဘယ်တော့မှ မဆုံးနိုင်မှန်းသိနေပြီးကြပြီ။ ဘာပဲဖြစ်ဖြစ်၊ အချစ်က ပူလောင်စူးရှ လွန်းသည့်အရာ ဖြစ်သည်ပဲလေ။ ၅၂၈ ဖြစ်ဖြစ်၊ ၁၅၀၀ ဖြစ်ဖြစ် အတူတူပါပဲ။

ကျွန်မ အတွေးလွန်နေသမျှ သူက ငေးကြည့်လွန်နေသည်။ နာရီလက်တံတွေ သည်လည်း အသွားမြန်နေသည်။ ပြန်ကြမှ ဖြစ်မည်။ ဈေးခဏဆိုပြီး ဘယ်လောက် တောင် ကြာသွားပြီလဲ မသိ။

"ကိုရင်"

"အင်း-ပြောလေ၊ စိတ်တွေငြိမ်သွားပြီလား"

စားပွဲပေါ်မှ ကားသော့ကို ကောက်ယူလိုက်သည်။ သူလည်း မတ်တတ်ထ
ခဲ့သည်။

"ဘယ်သူပါလဲ"

"မပါဘူး"

"ဒါဆို မောင် လိုက်ပို့မယ်"

ကျွန်မ လက်ထဲမှ ကားသော့ကို လက်ဖြန့်တောင်းသည်။ ကျွန်မက မျက်လုံး
လေး ဝိုင်းပြတော့ "နယ်မှာ ဒရိုင်ဘာ လုပ်ခဲ့သေးတယ်" ဟု ချက်ချင်းပြန်ဖြေ
သည်။ အဲဒီအထိ ကျွန်မစိတ်ကို ဖတ်နိုင်သောသူ ဖြစ်ပါသည်။

အအေးခွက်တွေ ဒီတိုင်းထားပြီး ငွေရှင်း ဖြစ်ခဲ့ကြသည်။ နှစ်ယောက်စလုံး
ရေအေးလောက်တောင် ပါးစပ်ထဲထည့်ဖို့ မေ့နေကြသည်လား၊ မထည့်နိုင်ကြသည်
လား၊ မသောက်ဖြစ်ကြတာတော့ အတူတူပင် ဖြစ်ပါသည်။

ကိုရင် ရှေ့မှ ဦးဆောင်၍ ထွက်ခဲ့ကြပြန်သည်။ ကားပါကင်ကို လက်ညှိုး
ထိုး၍ ကျွန်မ၏ကားကို ပြလိုက်သည်။ သူက ခေါင်းညိတ်ပြကာ သွက်သွက်ကလေး
လျှောက်လာသည်။ ဝယ်ထားသော သူ့ပစ္စည်း ကိုယ့်ပစ္စည်း အထုပ်များကို ကား
နောက်ဖုံးဖွင့်၍ ထည့်သည်။ ပြီးမှ ကျွန်မ တက်ရန် ကားရှေ့ခန်းကို ဖွင့်၍ ရပ်
စောင့်နေသည်။ ကားခေါင်းမှပတ်ကာ ဒရိုင်ဘာနေရာတွင် သူ ဝင်ထိုင်သည်။
ကားစက်နှိုးသည်။ ကားကလေးကို ဈေးကြီးအတွင်းမှ မောင်းထွက်ခဲ့သည်။

လှုပ်ရှားမှုတိုင်းသည် ရင်တွင်းမှာ ဓာတ်ပုံရိုက်ယူထားသည့်အလား စွဲရစ်နေ
သည်။ ဒါတွေက အိပ်မက် မဟုတ်။ ခင်ခင်ထားနှင့် ကိုမောင်ရင်တို့၏ တကယ်
ဖြစ်ပျက်လှုပ်ရှားနေသော ဖြစ်ရပ်မှန်ပင် ဖြစ်သည်။

ကျွန်မသည် ဈေးဝယ်ထွက်လည်း တစ်ယောက်တည်း ဖြစ်သည်။ ခင်ပွန်း
သည် ဦးတင်မောင်မောင်သည် ဝန်ထမ်းမဟုတ်ဘဲ ကိုယ်ပိုင်စီးပွားရေးသမားဖြစ်ပါ
လျက် ဘယ်တော့မှ ကျွန်မအတွက် အချိန်ပို မပေးနိုင်သူ ဖြစ်သည်။ ဝန်ထမ်းကမှ
နေ၊ တနင်္ဂနွေ နားရက် ရှိသေးသည်။ သူက အချိန်ပြည့် အလုပ်ရှုပ်နေတတ်သည်။
တစ်ခါတလေ အိမ်မှာ နားသည့်အခါမျိုးတွင် ပန်းခြံထဲဆင်းကာ အရက်တစ်ခွက်ဖြင့်
သူ၏ ဘဝအမောကို တစ်ဦးတည်း ဖြေတတ်သူ ဖြစ်သည်။

လောကမှာ အောင်မြင်ချမ်းသာချင်ကြသည်က လူသားတိုင်း၏ဆန္ဒဆိုတာ
ကျွန်မ လက်ခံပါသည်။ ထိုအတူ စာနာမှုဆိုတာလည်း လူသားတွေမှာ ရှိသင့်အရာ
တစ်ခုဟု မှတ်ထင်ထားသည်။

"ကိုယ်က လိုချင်တာ ငေးကြည့်နေတတ်တဲ့ လူစား မဟုတ်သူ" ဟူသော စကားသည် သူ့ကို အမြဲပင်ပန်းနေစေခဲ့သည်။ ထိုသို့ ပြောတိုင်း ကျွန်မက အပြုံးမဲ့မဲ့ဖြင့် တုံ့ပြန်တတ်စမြဲ ဖြစ်သည်။

"လောဘရဲ့သားကောင်ကြီးပေါ့၊ ထားကတော့ အတ္တကို လက်မခံဘူး။ အနတ္တပဲ လက်ခံတယ်" ကျွန်မက အငေါ်တူးလျှင် ပြက်လုံးတစ်ခုကို ကြားသလို တဟားဟားနှင့် ရယ်မောတတ်သည်။

"သိပါတယ်၊ မင်းက ကိုယ့်ဘေးမှာထားပြီး 'အဖြစ်အပျက်' ရှုနေတာလေ"

ခပ်တည်တည်ဖြင့် စွပ်စွဲတတ်သည်။ ပြီးလျှင် ရှောင်ထွက်သွားတော့သည်။ ကျွန်မဘေးတွင် ဘယ်တော့မှ အချိန်ကြာကြာပေးသူ မဟုတ်ချေ။

ထိုအချိန်မျိုးတွင် ကျွန်မသည် မအူမလည်နိုင်စွာ ဒေါသ ဖြစ်ရသည်။

"အသည်းနှလုံးမပါတဲ့လူ" ဟု အူကြောင်ကြောင် ပြောမိလျှင်

"ချစ်လို့ယူထားတာ၊ ဒီနှလုံးသားနဲ့ပါကွာ"

သူကလည်း အူကြောင်ကြောင်နိုင်စွာ ပြောတတ်လေသည်။

ကျွန်မတို့ လင်မယားသည် တစ်ခါတစ်ခါ အဲသလို အူကြောင်ကြောင် ဖြစ် တတ်ကြလေ၏။ သို့သော် ထိုအချိန်အခါမျိုးက ရှားပါးလှသည်။ အမြဲတမ်း သူ့ကို နားမလည်နိုင်ဘဲ စိတ်ဆိုး စိတ်ကောက် နာကျင်ရသည့် အချိန်တွေကသာ များသည်။

အစိုးမရသော စိတ်သည် ဖမ်းချုပ်ရ တော်တော်ခက်သည်။

ကိုရင်မောင် ဘေးမှာထားပြီး ယောက်ျားတစ်ယောက်ထံ စိတ်က ရောက်မိပြန်သည်။ ခက်လှပါသည်။ အားနာစွာ ကိုရင့်ကို ငဲ့ကြည့်မိသည်။ ကျွန်မတို့နှစ်ယောက် စကားမပြောဖြစ်ဘဲ ရှိကြသည်။

ကိုရင် ဘာတွေ တွေးနေပါလိမ့်…။ မော်လမြိုင်ဈေးကြီးနှင့် ကျွန်မတို့နေသော ဘိုကုန်းရပ်ကွက်သည် မိန်းလမ်းကြီးမှ မောင်းလာရင် မိနစ်နှစ်ဆယ်ထက် ပိုမမောင်းရသော်လည်း သူက ကမ်းနားလမ်းဘက်က ပတ်၍မောင်းသည်။

ဒီကမ်းနားလမ်းက ကျွန်မတို့ချစ်သူနှစ်ဦး လေညင်းခံ ထွက်နေကြ ချစ်သူ့ လမ်းလေး ဖြစ်သည်။ သူ့စက်ဘီးနောက်တွင် သူ့ခါးလေးကို သိုင်းဖက်ပြီး သူ့ ကျောပြင်ကို မျက်နှာကပ်ကာ သူ့ကိုယ်နံ့ကို တရှိုက်ရှိုက်ရှူပြီး ချစ်သူဘဝကို ကြည်ကြည်နူးနူး ကျော်ဖြတ်ခဲ့ကြဖူးသည်။ သံလွင်မြစ်ကိုဖြတ်ပြီး တိုက်ခတ်လာ သော လေအေးအေးထက် ကိုရင် ကိုယ်နံ့သင်းသင်း နွေးနွေးလေးကို ကျွန်မ

ပို၍ နှစ်သက်သည်။ ထို့ကြောင့်လည်း ချစ်သူခါးကို ဖက်၍ တောက်တဲ့လိုကပ်ပြီး စက်ဘီးလိုက်စီးရသည့် အချိန်များကို အခွင့်ရတိုင်း စီးဖြစ်ခဲ့သည်လေ။

"ကမ်းနားလမ်းက ဘာလို့မောင်းတာလဲဟင်"

"ဩော်... မ အသက်ရှူဝအောင်လို့"

ကျွန်မ ကြားချင်သောစကား မဟုတ်သော်လည်း ကျေနပ်နေမိသည်။ ဘာကို နည်းဟု မေးလျှင် ကိုရင်မောင်းသောကားကို ကိုရင့်ဘေးမှာထိုင်ပြီး ချစ်သူကို ငေးကြည့်ခွင့် ရသည့်အဖြစ်သည် အိပ်မက်မဟုတ်သော တကယ်အဖြစ်အပျက်ဆိုတာ မယုံချင်စရာ ဖြစ်သည်။

ထိုအိပ်မက်ဆန်သော၊ အိပ်မက်မဟုတ်သော ကြည်နူးဖွယ်ရာ အနေအထား သည် ကျွန်မအတွက် "ထာဝရ" ဖြစ်ပါစေတော့...။ ကိုယ့်အချစ်ကို ချုပ်တည်း မျိုသိပ်ခဲ့ရသော အချိန်ကာလတွေ၊ ခါးသီးမုန်းတီးစွာ ဖြတ်သန်းခဲ့ရသော ညပေါင်း များစွာတွေထဲက ရုန်းထွက်ချင်သည်။ ဘယ်အချိန်ဖြစ်ဖြစ်၊ ဘယ်နေရာဖြစ်ဖြစ် ကိုရင့်မောင် ပခုံးကိုခေါင်းမှီရင်း တသိမ့်သိမ့်ရင်ခုန်ချင်သည်။

အို-ငါဘာတွေ တွေးနေပါလိမ့်၊ ဒုက္ခပါပဲ၊ ကြာရင်ဒုက္ခရောက်တော့မှာပဲနော်။

"ဒီထိပဲ ကောင်းမယ်နော် မ"

အသံကြားမှ အတိတ်အိပ်မက်မှ နိုးထခဲ့သည်။

"အင်း... ဩော်... အင်းအင်း"

ယောင်နနဖြင့် ခေါင်းညိတ်မိသည်။ ရင်အောင့်နေအောင် ချစ်ခဲ့ရသူကို ခွဲ ရတော့မည်။ ထိုအသံကား ကျွန်မကို နှိပ်စက်ပြန်ပြီ။ ငိုချင်ပါသည်။ တကယ် ငိုချင်ပါသည်။

ဘယ်တော့ တွေ့ကြဦးမလဲ၊

ဘယ်တော့လဲဟင်...

ထပ်ပြီး တွေ့ချင်တယ်-

ခွဲမသွားပါနဲ့၊ မထားရစ်ခဲ့ပါနဲ့...။

ကျွန်မ ပြောလို့မရသော စကားလုံးများ ဖြစ်သည်။ မပြောသင့်သော၊ ပြောဖို့ မလိုအပ်သော ဘယ်တော့မှ...၊ ဘယ်တော့မှပါ။

***

အချစ်၊ အမုန်း၊ ပြုံးရယ်၊ ငိုကြွေး-
အလေးမထား ပန်းများပွင့်ကြွေ-
အပျင်းပြေကြည့်၊ ရှိလည်းရှိစေ-
မွဲလည်းမွဲစေ မမူလေပြီ-
စိမ်ပြေနပြေ တိမ်တွေရွှေ့လျား-
ရှုစားပျော်ဝင်နေသည်သာ…။
ရှုစားပျော်ဝင်နေသည်သာ…။
ရှုစားပျော်ဝင်နေသည်သာ…။

ယဉ်မင်းသိမ့်(ရွှေမန်းမြေ)

❒

# အလွမ်းလက်ကျန်ရှင်းတမ်း

ယဉ်မင်းသိမ့် (ရွှေမန်းမြေ)

သနပ်ခါးပါးကွက်လေး ပြက်ပျယ်သည့်အထိ
နမ်းရှိုက်ရင်း ထွေးပွေ့ထားမိသည်။
ချစ်သူ့ကိုယ်သင်းနံ့ကို ရှူရှိုက်ရခြင်းသည်
ဘယ်နံ့သာနှင့်မျှ အစားထိုးမရ
ခံစားမိသည်။

# အလွမ်းလက်ကျန်ရှင်းတမ်း

ယဉ်မင်းသိမ့် (ရွှေမန်းမြေ)

လူရယ်လို့ဖြစ်လာလျှင် မလွဲမသွေ လက်ခံရမည့်အရာနှစ်ခု ရှိသည်။

သုခနှင့်ဒုက္ခဆိုသောအရာတည်း…။

ထိုအရာထဲမှာမှ ရောင်စုံဖြစ်တည်မှုတွေဖြင့် အကြောင်းအရာ ကွဲပြားခြားနားစွာ ကျင်လည်ရခြင်းသည် ဘဝတစ်ခု ဖြစ်၏။

ထိုဘဝတွင် အသက်ရှင်နေရေးအတွက် ကံကောင်းခြင်းဆိုသော သုခချမ်းသာတွေကိုသာ မျှော်လင့်လိုလားခြင်းသည် လူသားတို့၏ ဆန္ဒနှင့်အတ္တ ဖြစ်၏။

မကောင်းသော ကံဆိုး-ကံယုတ် ဒုက္ခဟူသမျှ မလိုလား မတောင်းတခြင်းသည်လည်း လူသားတို့၏ တူညီသော ဆန္ဒနှင့်အတ္တပင် ဖြစ်၏။

ထိုဆန္ဒနှင့်အတ္တသည် လူသားတိုင်းကို အချိန်တိုင်း အချိန်တိုင်း စိန်ခေါ်နေမည်သာ ဖြစ်လေ၏။

***

ကျွန်တော့်နာမည် "ဖိုးချစ်တုံး" ဟု အမေက သဲသဲလှုပ်ခေါ်တတ်သည်။ နာမည်ရင်းက ညီမိုင်းဖြစ်သော်လည်း တစ်မြို့လုံးက ဖိုးချစ်တုံးသာ လက်ခံကြသည်။ ကျွန်တော့်တွင် အစ်ကိုတစ်ယောက် ညီမတစ်ယောက်။ ကျွန်တော်က အလယ်မှလူ သုံးနှစ်ကြီး သုံးနှစ်ငယ် မောင်နှမသုံးယောက် ဖြစ်သည်။

သို့သော် အစ်ကိုညိုနိုင်သည် ပညာရေး စိတ်မဝင်စား။ ဆယ်တန်းနှင့် ကျောင်းထွက်ကာ ရွှေတော လိုက်သွား၏။ တစ်နှစ်အကြာတွင် ငှက်ဖျားရောဂါဖြင့် သေသွားသည်။ ညီမလေးက သွေးလွန်တုပ်ကွေးရောဂါနှင့် နောက်တစ်နှစ်အကြာ ထပ်ဆုံးပြန်သည်။

လောကဓံ၏ရက်စက်မှု၊ သေမင်း၏မညှာတာမှုကြောင့် အဖေဦးတိုးညိုနှင့် အမေဒေါ်ခင်ဆုံတို့မှာ ကျွန်တော့်အား ထိတ်လန့်ကြောက်ရွံ့စွာ ဖက်တွယ်ထားသည်။ အလယ်မှလပ်သော ကံဇာတာကောင်းစွာ ကျန်ရစ်နေခဲ့သော သားကို ရင်မှာ အချစ် အင်အားအလုံးအရင်း စုပုံပေးရင်းဖြင့် ကျွန်တော်သည် မောင်ညိုမှိုင်းတဖြစ်လဲ ဖိုးချစ်တုံး ဖြစ်လာပါတော့၏။

အသိုင်းအဝိုင်း၌တစ်ယောက်တည်းကျန်သော ကျွန်တော့်ကို အများနှင့်စာလျှင် ပိုပြီး ထူးခြားမှတ်မိကြသည်။ ကျွန်တော်နေသောမြို့သည် သိမ်ဇရပ်မည်သော တောမကျ မြို့မကျမြို့လေးဖြစ်သည်။ တောင်ကုန်းတစ်ဖက် ချိုင့်ဝှမ်းတစ်ဖက်နှင့် မြို့အလယ်တွင် ရန်ကုန်-မော်လမြိုင်လမ်းကြီး ထင်ထင်ရှားရှား ရှိ သည်။ လမ်းဆက် သွယ်ရေးကောင်းမွန်သဖြင့် စီးပွားရေးလုပ်ငန်း ပေါများသည်။ သားငါးပေါသော စစ်တောင်းမြစ်ကြီးသည် သိမ်ဇရပ်မြို့ကလေးကို ရစ်ပတ်၍ စီးဆင်းနေသဖြင့် ပုစွန်၊ ငါးသလောက် ပေါသောမြို့အဖြစ် နာမည်ကျော်ကြားသည်။ စစ်တောင်းစက္ကူ စက်ရုံကြီးသည် မြစ်နဖူးထိပ်တွင် လှပစွာ ခံ့ထည်စွာ တည်ရှိသဖြင့် မြို့နှင့်လိုက် ဖက်စွာ လှပသည့် သာယာသောမြို့လေး ဖြစ်သည်။

စက်ရုံအလုပ်သမားပေါသဖြင့် အမေနှင့်အဖေသည် ထမင်းဆိုင်လေးဖွင့်၍ စီးပွားရှာကြသည်။ အမေသည် ကျွန်တော့်အား ချစ်လွန်း၍လား သို့မဟုတ် ဂုဏ်ငယ် မည်စိုး၍လား၊ စိတ်ဓာတ်သိမ်ငယ်မည်စိုး၍လား သို့မဟုတ် ဆီကြေးစွန်းသော လက်ချောင်းလေးတွေ ဖြစ်မှာစိုး၍လား၊ ရှင်းသန့်ကော့ပြန့်သော ပညာတတ်လက် ချောင်းလေးတွေ ဖြစ်စေချင်၍လား၊ အဘယ်သို့သော လားမှန်းမသိ။ သိအောင်လည်း ကျွန်တော် မကြိုးစားမိပါ။ အမေထားသလို သန့်ရှင်းသပ်ရပ်သော နှစ်လိုဖွယ်ရာ ဖိုးချစ် တုံးအဖြစ်နှင့်သာ နေလာခဲ့သည်။ တစ်နည်းဆိုရလျှင် ကျွန်တော်သည် အခွင့်ထူးခံ လူသားအဖြစ် မိဘများအပေါ် အလိုက်မသိတတ်ခြင်းစရိုက်သည် မွေးရာပါအကျင့်လို ဖြစ်သွားသည်။

*  *  *

လေရူးက နွေဦးတပေါင်းကို နှုတ်ဆက်လာပြီ။ ရွက်ဝါတွေကို တို့ကာထိကာ ကစားသလို ကြမ်းကာရမ်းကာဖြင့်လည်း အညှာချွေသုတ် တဖြုတ်ဖြုတ် ကြွေစေသည်။ မြစ်ပြင်သို့ ကြည့်မည်လား၊ တောင်တန်းတွေကို ကြည့်မည်လား။ ရိုးတံဝါ ခြောက်လယ်တောအရပ်ကို ကြည့်မည်လား။ မြူမှုန်သိုင်းခြုံ မလှုံ့တလှုံနှင့် ဝိုးတဝါး ပန်းချီသို့နှယ် အရာအားလုံးသည် လှနေသည်။

ထိုအခါ အချစ်ဦးထံ စိတ်က လွင့်ရောက်သွားသည်။ မိမိကျော်ကို သတိရ၏။ ဘာမှတော့ မဆိုင်သေးဘူးလေ။ ရာသီက လွမ်းစေတော့ အလွမ်းစိတ်ဝင်သွားသည့် ကျွန်တော့်စိတ်အခြေအနေ ဖြစ်သည်။

စာကျက်ဖို့လာသော်လည်း စာအုပ်တွေ ခေါင်းခုပြီး ကျောက်တုံးပေါ် ပက်လက်လှန်နေမိသည်။ ကျွန်တော် စဉ်းစားသည်။ ခု လမ်းဆုံမှာရပ်နေသော ကျွန်တော် ဘဝတစ်ခု၏ အဆိုးနှင့်အကောင်းကို ဆုံးဖြတ်တော့မည့် စာမေးပွဲကြီးသည် တစ်ပတ်ပင် မလိုတော့။ "ဆယ်တန်းသည် ကျွန်တော်တို့ကျောင်းသားတွေ၏ ဘဝတစ်ဆစ်ချိုးအကွေ့ ဖြစ်သည်။

ကျောင်းသားတိုင်း ကျောင်းသားတိုင်း အရေးတကြီး အသေအလဲ ဖြစ်နေချိန်တွင် ကျွန်တော်ကတော့ အရေးလည်း မကြီး၊ အသေအလဲလည်း ပြာယာမခတ်။ မှန်မှန်နှင်းတက်ခဲ့သော လှေကားဖြစ်၍ အပေါ်သို့ သက်သောင့်သက်သာ ရောက်သွားမှာ ယုံကြည်သည်။ လူဆိုတာ ကိုယ့်ကိုယ်ကိုယ် မယုံ မည်သူ့ကို ယုံမည်နည်း။

ကျွန်တော် မိမိကျော်ကို လွမ်းဖို့ အချိန်ရသည်။ သူမက မလွမ်းနိုင်လောက်ပေ။ ယခုလောက်ဆိုလျှင် ဖားပြုတ်တစ်ကောင် အော်သလို ကုန်းအော်၍ စာကျက်နေလောက်ပြီ။ အသံပြာအောင် အော်သလောက် မှတ်မိပါသလားဆိုလျှင် ခေါင်းခါပြရမည်။ သူက ဉာဏ်ထုံသူ ဖြစ်သည်။ သူ အော်နေတာ နားထောင်ရုံနှင့် ထိုသင်ခန်းစာကို အလွတ်မှတ်မိသွားသူ ကျွန်တော့်ကို "စာသူခိုး" ဟု စွပ်စွဲခဲ့သည်။ မျက်စောင်းတထိုးထိုးနှင့် ကျက်မရ၍ ငိုမလိုဖြစ်လျှင် ကျွန်တော့်မှာ ကျေနပ်သည်အထိ၊ စာရသည့်အထိ ချော့ရင်းချော့ရင်း ပို၍ စာကျက်ပြီးသား ဖြစ်သွားသည်။ မှတ်မိပြီးသား ဖြစ်သွားသည်။

ထိုအခါ မိမိကျော်သည် ရယ်မောရင်း-

"မင်းက ဆရာဝန် ဖြစ်မှာ၊ မိက ဆရာဝန်ကတော်ပေါ့။ ဟား… ဟား… ဟား…၊ အင်း ဒါလည်း ဂုဏ်ရှိတာပဲနော်၊ မပင်ပန်းဘူးလေ"

"အဟင်း… ဟင်း…"

ကျွန်တော် ရယ်မိသည်။ ဤကလေးက အဲလို အနိုင်ယူတတ်သူ ဖြစ်သည်။ ကျွန်တော်တို့ခြံသည် ရန်ကုန်-မော်လမြိုင်လမ်းဘေး တစ်ဖက်ချိုင့် အနိမ့်ပိုင်းဘက်တွင် ရှိသည့်ခြံကို စမ်းချောင်းငယ်တစ်ခု ဂငယ်ရစ် ရစ်ခွေစီးဆင်းနေသည်။ စမ်းချောင်းလေးအတွင်း အရွယ်မတူသော ကျောက်တုံး ကျောက်ဆောင်များ ရှိသည်။ ထိုကျောက်တုံးများကိုနင်း၍ အရှေ့ဘက်ကို တက်သွားလျှင် ဝါးရုံပင်အုပ်စုတွေ အနားသပ်ထားသော ခြံစည်းရိုးတန်း ရှိ၏။ ဝါးရုံပင်များတိုး၍ ထွက်လိုက်ပါက ရန်ကုန်-မော်လမြိုင်၌ အဝေးပြေးလမ်းမကြီး၏ ပခုံးစပ်သို့ ရောက်သည်။ ဤလမ်းကလေးသည် ချစ်သောမိမိကျော်တစ်ယောက် ကျွန်တော့်ထံ လာနေကျလမ်းကလေး ဖြစ်သည်။

ထိုလမ်းသည် ကျွန်တော်တို့ ချစ်သူနှစ်ဦးပိုင်သော "ချစ်သူ့စမ်းကြားလမ်း" ဟု ပေးထားသည်။ ချိန်းတွေ့ရာ၊ အချစ်ဒဿနဖွင့်ဆိုရာ ချစ်သူ့နယ်မြေအဖြစ် သတ်မှတ်ထားသည်။ နှစ်ဦးသဘောတူပေါ့။ ကျွန်တော်တို့နှစ်ဦး ချစ်သူတွေ ဖြစ်သည့်နေ့ မှစ၍ နှလုံးသားထဲမှာ အချစ်ကို အချစ်နှင့်တူအောင် ချစ်ခဲ့ကြသည်။ မိမိကျော် အဖေအရာရှိကြီး စဖြစ်တာ၊ ပိုက်ဆံအိတ် ချိုင်းကြားညှပ်ပြီး ကောင်မငယ်ငယ်လေးတစ်ယောက်အား ရက်ရောစွာ တိုက်ခန်းဝယ်ပေးထားတာ၊ ရပ်ရေးရွာရေးဆိုလျှင် မသိဟန်ဆောင်၍ ခေါင်းရှောင်တတ်တာ၊ အပြောချိုချိုနောက်ကွယ်တွင် ကြောက်စရာကောင်းသော ဒေါသများ ကွယ်ဝှက်ထားတာ…။ ဤအရည်အချင်းများနှင့် ပြည့်စုံသော ဦးကျော်စွာအကြောင်းကို ကျွန်တော် စိတ်မဝင်စားခဲ့တာ အမှန်ဖြစ်သည်။

ထို့အတူ မိမိကျော်ကို အမေက ပုံစံတစ်မျိုး ဖြစ်ပြန်သည်။ ကျဉ်းမြောင်းသော မြို့ကလေးကို အရပ်ရှိ ကားပတ်မောင်းတတ်သည်။ အမေ့ဆိုင်တွင် ထမင်းချိုင့်လပေးယူစားသည်ဖြစ်၍ တစ်ခေါက်သာသာဝေးသောခရီးကို ကိုယ်တိုင်ကား မောင်းလာတတ်သည်။

ကြိုက်ရာဟင်းကို လက်ညှိုးထိုး၍ သာသာထိုးထိုးရမှ ကျေနပ်သူဟု နှာခေါင်းရှုံ့ပြောသော အမေ့ညည်းတွားသံကို ကြားဖူးသည်။ တစ်ခါတလေ စစ်တောင်းတံတား ဟိုဘက်ထိပ်က မုပ္ပလင်ရွာမှ ထမင်းဆိုင်သို့ မိသားစုအလိုက် ထမင်းသွားစားတတ်ကြသည်။ ဟိုဘက်ရွာမှ ထမင်းဆိုင်များ ဟင်းချက်ကောင်းပုံ၊ ဟင်းအမည်စုံပုံ၊ စေတနာပါပုံများကို အမေ့ဆိုင်လာ၍ တွတ်ထိုးတတ်သည်။ ထိုအခါ

အမေသည် ဝမ်းနည်းစိတ်၊ အားငယ်စိတ်၊ အားနာစိတ် ဖြစ်မိသော်လည်း အပြုံးမပျက် ခေါင်းညိတ်နှုတ်ဆက်ပေးတတ်သည်။ စိတ်ရှည်စွာ နားလည်ပေးသည်။ မိသားစုစားသောက်တောင် ပိုပိုသာသာ စေတနာထား၍ ပြင်ဆင်ပေးတတ်သည်။

သူတို့လိုလူမျိုးက သူတို့ ခံစားချက်ကိုသာ ဦးစားပေးပြီး တစ်ဖက်သား၏ အခြေအနေကို နားလည်ပေးနိုင်သူများ မဟုတ်ဟု အမေက မှတ်ချက်ပြုပေးတတ်သည်။

"ဩော်...၊ မမရယ်...၊ ကျွန်မက အရပ်ထဲမှာ ရောင်းရတာလေ။ ဟိုက ကားဆိုက်နားကြတဲ့ အဝေးပြေးဂိတ်စခန်းလေ၊ အခြေအနေက ကွာတာပေါ့နော်။ ကျွန်မ အိမ်မှာစားသလိုလေ ချက်ထားတာပါ၊ အပြောင်းအလဲမို့ ခံတွင်းတွေ့သွားတယ် ထင်တယ်။ အဟင်းဟင်း" ရယ်ပြောလေးဖြင့် သည်းခံလေသည်။

ညွှန့်ညွှန့်စိစိရှိလှသော ဒေါ်ခင်မိမော်အပေါ် စိတ်ပျက်စိတ်ကုန်မိကြောင်း အဖေ့ကို တစ်ခါတစ်ရံ ပြောနေသံ ကြားရသည်။ ကျွန်တော် ဘယ်လောက်တုံးသလဲဆိုလျှင် ဒီအခြေအနေတွေကို ဘာတစ်မှ မစဉ်းစားဘဲ မိမိကျော်ကို မျက်ကန်းတစ်ယောက်လို ရူးသွပ်စွာ ချစ်ခဲ့သည်။ ဘယ်လောက်ထိ ချစ်မိကြသည်ထင်လဲ။ အခန်းတူ အတန်းတူဖြစ်၍ တစ်နေကုန် ကျောင်းမှာအတူတူ၊ ကျောင်းသွား ကျောင်းပြန်အတူတူ၊ စနေ တနင်္ဂနွေ ကျောင်းပိတ်လျှင် "ချစ်သူ့စမ်းကြား"သို့ မိမိကျော်လာတွေ့သည်။ မလာလျှင် ကျွန်တော်က သွားချောင်း၍ အချက်ပြခေါ်သည်။ တစ်နေ့မမြင်ရလျှင် အသည်းမှာ အရိုးတစ်ချောင်း မျက်သလို ခံစားရသည်။ကျွန်တော့် အဖြစ်က အဲဒီလောက်ထိ ချစ်မိသည်။

ကျောင်းတွင်လည်း ကျွန်တော် ရှုပါလျက်နှင့် ကံစမ်းမဲဖောက်ချင်သော သူကောင့်သားများ၏ရန်ကို မျက်ခြည်မပြတ် သတိထားရသေးသည်။ မိမိကျော်က အချောစား, စားရင်းမဝင်သော်လည်း သူ၏ လှုပ်ရှားဟန်လေးကိုက ချစ်စရာကောင်းသည်။ ခပ်သွယ်သွယ် ခပ်ပါးပါး ကိုယ်လုံးလေးနှင့် လိုက်ဖက်သော အရပ်အမောင်းရှိသည်။ တစ်ခုတော့ ရှိသည်။ လမ်းလျှောက်လျှင် ဘောက်ဆတ်ဆတ် လျှောက်တတ်၏။ ဒါကိုပင် ကျွန်တော်က သဘောကျနေမိသည်။ ခြေတံလေးတွေ ဘယ်ညာ စည်းချက်ကျကျ လှမ်းချသော အလှတစ်မျိုးဟု အမှတ်ပေးထားသည်။ ဒူးတစ်ဆစ်ကျေးအထိ ရှည်သော ဆံပင်ပိုးသားနက်နက်များကို နဖူးအစပ်မှ စ၍ အုံ့လုံးသိမ်းကာ နောက်စေ့တွင် အနက်ရောင်ပဝါပါးပါးတစ်ခုနှင့် စုချည်ထားသောဆံပင်အထွေးကြီးသည် လမ်းလျှောက်တိုင်း တင်ပါးတစ်ဖက်တစ်ချက်သို့ တစ်လှည့်စီနွဲ့ကာ ယိမ်းက

နေ၏။ မြင်ရသူမငေးဘဲ မနေနိုင်။ စွဲမက်စရာကောင်းသော အလှတစ်ခု ဖြစ်သည်။ ကျွန်တော် ထိုဆံပင် အိအိထွေးထွေးများကို အခွင့်သင့်တိုင်း ပွေ့ယူနမ်းရှိုက်မိသည်။ နှင်းဆီပန်းစုံပါသော ဆီတစ်မျိုး လူးထားသည် ထင်၏။ ရင်ထဲမှာ စွဲမက်စေသဘည်။ အပေါ်နှင့်အောက် ညီညီမျှမျှရှိသော ပန်းနုရောင်နှင်းဆီဖူး နှုတ်ခမ်းလေးကိုလည်း စွဲမက်သည်။ ဝမ်းနည်းစရာရှိလျှင် အလျှင်အမြန် မျက်ရည်များ အိုင်ထွန်းလာသော မျက်ဝန်းနက်နက်တစ်စုံကိုလည်း စွဲမက်သည်။

ရယ်မောလျှင် ဘယ်ဘက်သွားတက်ချွန်လေးကိုလည်း စွဲမက်သည်။ အရပ်က ၅ ပေ ၃ လက်မ။ အသားအရေဖြူသည့်ဘက် မသန်းဘဲ အဝါဘက်သန်းနေသဖြင့် နို့နှစ်ရောင်အဆင်းရှိသော သူမ တစ်ကိုယ်လုံးကိုလည်း စွဲမက်သည်။ ထိုကဲ့သို့ စွဲမက်ခြင်းပေါင်းများစွာ ပိုင်ဆိုထား၍ ကျွန်တော့်အတွက်တော့ မိမိကျော်သည် စွန့်ပစ်နိုင်စရာ ဘာအကြောင်းမှ မရှိသော ချစ်သူ ဖြစ်သည်။ တစ်လောလုံးတွင် သူမလောက် ချစ်စရာကောင်းသောမိန်းမ မရှိဟုပင် စံချိန်တင် အချစ်မျိုးဖြင့် ချစ်ခဲ့မိပါသည်။ (ကျွန်တော့် အမေက လွဲလျှင်ပေါ့)။

နှလုံးသားမှာ စပြီး ချစ်တတ်သည့်အချိန်မှာ ချစ်ခဲ့မိသော အချစ်ဦးမို့ ကျွန်တော် ရှုံးလောက်ပါသည်။

အဲဒီအချိန်တွေတုန်းက ကျွန်တော် ရှုံးခဲ့သလို မိမိကျော်က ပို၍ အချစ်ကို ရှုံးသွပ်စွာခံစားခဲ့သည်ဆိုလျှင် ပိုလွန်းသည် မဆိုလေနှင့်။

"အချစ်တုံးကြီးရဲ့ ရည်းစားဖြစ်ခွင့်ရတာ ကိုယ်တော့ ကံထူးရှင်ပဲပေါ့ နော်"

"ပိုင်ဆိုင်ခွင့်ကို အိပ်မက်မက်နေတဲ့ ကောင်မလေးတွေကို မိမိကျော်တို့က သနားတယ် သီလား မောင်၊ ကျွန်မလည်း မျှော်တော်ယောင်ထဲ ပါခဲ့တာကိုး လို့"

ကျွန်တော်၏ နှင်းဆီဖူးလေးတစ်စုံက တလှုပ်လှုပ် တရွရွနှင့် အသည်းကို ထိုးဆွနေသလို သူမက အမူပိုတတ်သည်။ ပြီးလျှင် နံပါတ်စဉ်ထိုးကာ အကဲပါ ပိုပြသေးသည်။

"သီလား မောင်" နံပါတ်တစ်- စာတော်တဲ့ ပညာဂုဏ်၊ နံပါတ်နှစ်- ယုံကြည်ထိုက်သူဖြစ်တဲ့ ရိုးသားမှုဂုဏ်၊ နံပါတ်သုံး- အားကိုးထိုက်သူဖြစ်တဲ့ ကြိုးစားမှုဂုဏ်၊ နံပါတ်လေး- လေးစားထိုက်သူဖြစ်တဲ့ စင်ကြယ်မှုဂုဏ်၊ နံပါတ်ငါး- မိန်းကလေးတွေ ရင်ကို ထိရှစွဲမက်စေနိုင်စွမ်းရှိတဲ့ မှော်အတတ် ပညာဂုဏ်…။ ဒီဂုဏ်ပုဒ်တွေ ပိုင်ဆိုင်ထားတဲ့ အချစ်မှော်ကဝေမင်းသားလေးက ဒီက မိမိကျော်

အရိုင်းမလေးကို ဖမ်းစားထားပါတယ် ရှင့်၊ လွတ်အောင်မရုန်းနိုင်တော့ ပါဘူး ရှင့်၊ ကူညီမယ့်သူများရှိရင် တစ်ခါတည်းသား လက်ထပ်ပေးစားလိုက်ကြ ပါတော့ ရှင့်''

အရွှန်းဖောက်၍ မူရာမာရာများနေသော သူမမျက်နှာလေးကို မျက်လုံးထဲမှာ စွဲနေအောင်ကြည့်နေမိသည်။

''အဲလို စူးရှတဲ့မျက်လုံးတွေနဲ့ မကြည့်ပါနဲ့ရှင့်၊ ဒီက မိန်းကလေးမို့ပါနော်၊ ရှက်မိပါတယ်၊ ခုနေ လက်ထပ်မယ်ဆိုရင်တော့ အဆင့်သင့်ပါပဲရှင့်၊ အဟိ…''

ကျွန်တော် ရူးသွပ်ခဲ့တာ ဒီအပြောလေးတွေကြောင့်လား မသိ။

''ဒါတွေတော့ တတ်တယ်၊ စာတွေ ရပြီးလား''

အရှိန်လွန်နေသော မရွှေချောကို ဒီလိုမှ ဘရိတ်မအုပ်လျှင် မဖြစ်တော့။ ဒါတောင်ဆက်ရန်ရှိသည်ဟူသော မျက်စလေးနှင့် ခပ်စွေစွေ ပြန်ကြည့်သည်။

''အမယ်လေး… ကိုရယ်၊ စိုးရိမ်တတ်နေလိုက်တာနော်၊ အောင်ရုံလောက်တော့ ရှန်းထားပြီးသားပါ။ မောင့်လို မတော်လည်း မောင့်မယား မရွှေမိမိက ဆရာဝန်ကတော် အခေါ်ခံရလည်း မရှုံးပါဘူး ရှင်ရဲ့''

ထိုကာလများအထိ ကျွန်တော့်ဘဝသည် တန်ဖိုးရှိသော လူသားတစ်ယောက် အဖြစ် ဒီစမ်းချောင်းကလေးကို သက်သေထား၍ ပြောရဲပါသည်။

ကျွန်တော် ဖိုးချစ်တုံးက လူကောင်းကလေးတစ်ဦးပါလို့…။

***

လူသားတို့၏ ကံကြမ္မာသည် ကောင်းမှုမကောင်းမှုဟူသော အတိတ်ကံ အကြောင်းတရားများ စေညွှန်ရာ ဖြစ်တည်လေသည်လား။ သာယာလှပသော ပင် လယ်ပြင်သည် အလှတရားကို အစဉ်တည်မြဲအောင် မစွမ်းဆောင်ထားနိုင်။ မုန် တိုင်းထန်လာသောအခါ အရုပ်ဆိုး အကျည်းတန်စွာ ရက်စက်ကြမ်းကြုတ်သည့် သရုပ်ကို ဖော်ဆောင်တတ်ကြသည်မှာ သဘာဝ မဟုတ်ပါလား။

လူသားနှင့် သဘာဝတရားက အမြဲတမ်း ဆက်စပ်နေသည်ဆိုလျှင်…။

ဘဝဆိုတာ ဘာဖြစ်လာပါလဲဟု ရှာဖွေနေခြင်းထက် ဘာဖြစ်ချင်သလဲဆိုတဲ့ ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး အဖြေရှာယူရမည်ဟု ဖတ်ဖူးသည်။ သဘာဝကျသော အသိ ပေးစကားတစ်ခွန်း ဖြစ်သည်။

ကျွန်တော် ကျောက်ဖျာပေါ် စာကျက်ရင်း အတွေးဝင်နေသည်။ သုံးရက်သာ လိုတော့သည့် စာမေးပွဲကြီးကို စောင့်စားရင်း ကိုယ့်ဘဝလိုချင်သောပန်းတိုင်ကို ဖန်းတီးယူရန် စဉ်းစားနေမိသည်။ ကျွန်တော်နှင့် ဆရာဝန်အလုပ်သည် မကိုက်ညီပေ။ မိမိကိုယ်တိုင် ဖျားနာလျှင်ပင် ဆေးတစ်ခွက်သောက်ရမှာ ပျင်းသောလူက ဆရာဝန် မဖြစ်နိုင်။ ရွံတတ်သော၊ စိတ်မရှည်သော၊ ခေါင်းမာသော တဇွတ်ထိုး လုပ်တတ်သော အမူအကျင့်များနှင့် ဆရာဝန်အလုပ်က ဆန့်ကျင်ဘက်ကျသည်။

ပုံဆွဲဝါသနာပါသူဖြစ်၍ ဘယ်အလုပ်နှင့် ကိုက်ညီမည်နည်း။ ပန်းချီအနုပညာ ကို ဝါသနာပါသော်လည်း အနုစိတ်မခံစား မတွေးခေါ်တတ်၍ မဖြစ်နိုင်။ ဆန်းသစ်မှုကို နှစ်သက်သည်။ တွေးခေါ်တီထွင်ရမည့် အထူးအဆန်းများကို နှစ်သက်သည်။ ဆောက်လုပ်ရေးကို နှစ်သက်သည်။ ထို့ကြောင့် ကျွန်တော်နှင့် ကိုက်ညီသောအလုပ် တစ်ခု အတွေးရလိုက်သည်။ အင်ဂျင်နီယာလိုင်း။ ရန်ကုန်စက်မှုတက္ကသိုလ်သည် ကျွန်တော် ရွေးချယ်လိုက်သော ဆုံးဖြတ်ချက်ဖြစ်သည့် ဤလိုင်းကိုတော့ ကျွန်တော် ဝင်နိုင်သည်။ ဘာ့ကြောင့်ဆိုလျှင် အလယ်တန်းမှစ၍ တစ်နှစ်တစ်ခါ ပထမ၊ ဒုတိယဆုများကို ရယူနိုင်သော အရည်အချင်းကောင်းများ ကျွန်တော်တွင်ရှိ၍ ဖြစ်သည်။

ကျွန်တော်၏ ပန်းတိုင်သည် မနက်ဖြန်တိုင်းတွင် ရှိနေပါသည်။ ဒါအမှန် အကာန်ဖြစ်သည်ပဲလေ။

***

စာမတတ်သောအဖေသည် စာတော်သောသားကို အထင်ကြီးလေးစားသည်။ အရိပ်တစ်ခုလို အေးမြသောဖခင်မေတ္တာများဖြင့် ထီးသဖွယ် ဘဝကို လုံခြုံစွာ အုပ်မိုးပေးထားရှာသည်။ "ကြိုးစား သား၊ ငါ့သားကြီးက အဖေတို့ရဲ့ မျှော်လင့် ချက်ပဲကွ၊ အသက်ကြီးလာတာနဲ့အမျှ အဖေတို့မှာ အားကိုးစရာ သားအချစ်တုံးလေး ရှိနေပါလားဆိုတဲ့ မျှော်လင့်ချက်ကြီးပေါ့ကွာ၊ ပညာတတ်ကြီးဖြစ်လာမယ့်သားကို အဖေတို့ အသက်ကို ဆွဲဆန့်ပြီး စောင့်ကြည့်ဦးမယ့်ဟေ့၊ ဟား…ဟား…ဟား…"

အဖေသည် ကွမ်းတံတွေးသီးအောင် သဘောကျခဲ့ဖူးသည်။ သူ၏ "မျှော် လင့်ချက်ဆိုတော ကျွန်တော် ဖိုးချစ်တုံးကြောင့်တည်း။ အဖေ့ထက် အစွဲအလမ်း ကြီးသော အမေ ရှိသေးသည်။ ဆယ်တန်းကျောင်းသားကြီးဖြစ်နေသော ကျွန်တော့် ကို ရင်ခွင်ပိုက်ကလေးထင်နေလားမသိ။ တစ်ခါတစ်ခါ ကျွန်တော့်အိပ်ရာတွင်

ခွေခွေကလေး လာအိပ်တတ်သည်။ သားမျက်နှာကို ငေးကြည့်ရင်း သားဆံပင်လှိုင်းတွန့်များကို ထိုးဖွသပ်တင်ပေးရင်း သားဖိုးချစ်တုံးလေးဟု ဖြည်းဖြည်းလေးလေး ခေါ်တတ်သည်။

"ကံပေးလို့ ကျန်ခဲ့တဲ့ ဖိုးချစ်တုံးလေး၊ ပညာတတ်ကြီး ဖြစ်ရမယ်၊ လောကထဲ တင့်တယ်ဝင်ဆန့်နိုင်ရမယ်၊ ဒါမှ လူဖြစ်ရကျိုးနပ်မှာကွယ့်။ ဘဝမှာ အမေ့ခွန်အားရှိသလောက် ကြိုးစားခဲ့တာပဲ သားရဲ့၊ ဒါပေမဲ့ အမေ မော့ကြည့်ရလူတွေက များတယ်။ ငုံ့ကြည့်ရမယ်လူက လက်ချိုးရေလို့ရတယ် သား၊ ဒီလိုဘဝမျိုးကလည်း မကောင်းဘူး၊ မေမေ့သားလေး ပညာတတ်ကြီးဖြစ်ပြီး လောကအလယ် ထည်ထည်ဝါဝါ ဖြစ်လာမှ မေမေ့ လောကကြီးကို စိန်ခေါ်ပစ်မယ် သားရဲ့၊ ကြိုးစားထားစမ်း သားမောင် နော်"

အမေ့ ရင်တွင်းမှာ ခံစားချက်တွေ ဘယ်လောက်တောင် ပြင်းထန်နေသည် မသိ။ အမေပြောသော စကားလုံးတိုင်းက သားရင်ကို နာကျင်စေပါတယ် အမေရယ်။ အမေသည် ကျွန်တော့်အား တုနှိုင်းမမီသည့် မေတ္တာတွေ ပေး၏။ ခွန်အားတွေ ပေး၏။ ဘဝကို ရင့်သန်စေ၏။ ထို့နောက်တော့ သူမကမ္ဘာမှ ပျောက်ကွယ်မခံနိုင်သော စိတ္တဇအတွေးများနှင့် ထိတ်လန့်စွာ သားကို ဖက်၍ ငိုတတ်သည်။ ထိုညမျိုးကို ကျွန်တော် ကြောက်သည်။ သားမိနှစ်ယောက်၏ စိတ္တဇညများ ဖြစ်၏။

နာရီလက်တံများ ရွေ့ခဲ့လေသမျှ အချိန်သည် တရွေ့ရွေ့ ကုန်ဆုံးခဲ့သည်။ စောင့်စားခဲ့ရသော စာမေးပွဲသည် ယခုတော့ ပြီးဆုံးသွားလေပြီ။ မျှော်မှန်းထားသလိုလည်း ဖြေဆိုနိုင်ခဲ့၍ ကိုယ့်ကိုယ်ကိုယ် ကျေနပ်ဝမ်းသာနေမိသည်။ လွတ်လပ်ပေါ့ပါးသော စိတ်အစဉ်က ငှက်ကလေးတစ်ကောင်လို ကောင်းကင်ယံမှာ မြူးထူးလွတ်လပ်စွာ ပျံသန်းပစ်လိုက်ချင်သည်။ ချစ်သူ့စမ်းကြားဘက် ထွက်လာခဲ့ပါသည်။ ကျောက်ဖျာပေါ် ပက်လက်လှန်လှဲလိုက်သည်။ လက်နှစ်ဖက်ကို ခေါင်းအောက်ယှက်၍ ခုထားလိုက်သည်။ မျက်စိစုံမှိတ်ပြီး မွန်းကျပ်ခဲ့သမျှ စိတ်ကို ဖြေလျှော့ထားလိုက်သည်။ ထိုအခါ တစ်ကိုယ်လုံးတင်းနေရာမှ အနည်းငယ်ပျော့ပျောင်းလာသလို ရှိသည်။

စမ်းရေက တေးဆိုပြနေသည်။

ငါးကလေးတွေ ကျောက်ကြိုကျောက်ကြား ပြေးလွှားရင်း တူပုန်းတမ်းကခြားနေကြသည်။

ရွက်ဝါလေးတွေ လေမှာ ကခုန်ပျော်ပါးနေကြသည်။

ဝါးရုံတောကို လေးတိုးသောအခါ ဂစ်တာသံတချို့ ထွက်ပေါ်လာသည်။

ကျွန်တော့်စိတ်မှာ ပျော်ပါးလွတ်လပ်ခြင်းနှင့်အတူ တွေးလေရာ၊ မြင်လေရာ၊ ကြားလေရာ အရာရာတိုင်းအနုပညာ ရသစုံကို ခံစားနေမိသည်။

မိမိကျော် ရုတ်တရက် ချစ်သူကို သတိရစိတ်ပေါ်လာသည်။ သစ်ရွက်တစ်ရွက်က နဖူးပေါ် ကျလာတော့ မိမိကျော် အနမ်းကို လွမ်းလာသည်။ ချစ်သူကို မတွေ့ရတာ ၉ ရက်တိုင်တိုင် ကြာခဲ့ပြီ။ ဤမျှကြာအောင် မခွဲဘူးသော်လည်း မဖြစ်မနေ ခွဲရလေသည်။

"သူ အဆင်ပြေရဲ့လား"

အတွေးပူကြောင့် လေပူလာသဖြင့် ရင်ကို ပူလောင်လာတော့၏။ ခုနက ရသ သံစဉ်တွေ ပျောက်ကာ ချစ်သူအတွက် သောကဝေဒနာ အစားဝင်လာပါသည်။ သူ့က ခပ်ထုံထုံရယ်မို့ ဒီနှစ် သင်္ချာမေးခွန်းနှင့် Phy-ဖိစစ် မေးခွန်းက နည်းနည်းခက်သည်။ သူမ ပြောသလိုပင် အောင်ရုံဆိုလျှင်ကို တော်ပါသေးသည်။ အခက်အခဲ မရှိ ဖြေလာနိုင်ပါစေဗျာ…။

ဆုတောင်းပေးနေမိသည်။ နှစ်ယောက်စလုံးအောင်တော့ နှစ်ယောက်စလုံး ရန်ကုန်မှာ တက်ကြရမည်။ တက္ကသိုလ်မတူသော်လည်း တစ်မြို့တည်း အတူတူဆိုဘာမှ ခက်ခဲ မရှိ၊ အဆင်ပြေနိုင်သည်။ ဒီတစ်ခါ အထက်တန်းကျောင်းသားတွေ မဟုတ်တော့ဘဲ တက္ကသိုလ်ကျောင်းသားတွေအဖြစ် ဘဝကို စတင်ခြေလှမ်းကြရမည်။ ရည်မှန်းချက်၊ မျှော်လင့်ချက်ကိုယ်စီဖြင့် ဘယ်လောက်ပျော်စရာကောင်းလေမည်နည်း။ အတွေးနှင့်ပင် ကြည်နူးရင်ခုန်ရခြင်းသည် လူကို ပြန်၍ လန်းဆန်းတက်ကြွလာစေပြန်သည်။

"မိမိကျော်ရေ…၊ မင်းလာရင် သိပ်ကောင်းမှာပဲကွာ"

သူမ လာတတ်သော ချစ်သူ့စမ်းကြားလေးသို့ လှမ်းကြည့်တော့

"ဟာ…၊ တကယ်လာနေပါလားဟ"

မယုံနိုင် ဖြစ်သွားသည်။ မောင်မျှော်တုန်း ကျော့ဆုံးလာချေပြီ။ ကမန်းကတန်း ထထိုင်၍ လက်ဆန့်တန်းကာ ကြိုမိသည်။ ကိုယ်က တမ်းတနေသလို သူမသည်လည်း လွမ်းဆွတ်သည့်စိတ်ဖြင့် မနေသာ အပြေးရောက်လာပြီပေါ့။

အချစ်သည် ခွန်အားနှင့်သတ္တိကိုလည်း ပေးစွမ်းလေသည်တကား။ ရင်ခွင်ထဲ ဆွဲထည့်ကာ တင်းကျပ်စွာဖက်ထားလိုက်သည်။ ဤမိန်းကလေးသည် ကျွန်တော့်ကို အသည်းတုန် ရင်ခုန်ကြမ်းအောင် ဆွဲဆောင်နိုင်သော အချစ်ဦး ဖြစ်သည်။

သူမကလည်း ကျွန်တော့်ရင်ခွင်ထဲ ခေါင်းထိုးထည့်ကာ ငြိမ်နေမိ၊ မြေ

တစ်ကောင်၏ ရစ်ပတ်ခြင်းမျိုးဖြင့် သူ့အား ဖက်တွယ်ထားသည်ကို မလှုပ်။ တုတ်တုတ်မျှ မလှုပ်။ ကိုယ့်လိုပဲ နေရှာမှာပေါ့။

"အချစ်"

မိမိကျော်မျက်နှာကို လက်နှစ်ဖက်ဖြင့် ပင့်ယူလိုက်သည်။ အလိုက်သင့်ပါလာသော မျက်နှာလေးတွင် အပြုံးမဲ့နေသည်။ ပန်းသွေးရောင်နှင်းဆီငုံဖူးလေးသည် ပုစွန်ဆိတ်လေးကို တဆတ်ဆတ်တုန်နေသည်။

"ဘာဖြစ်နေတာလဲဟင်"

မေးသော်လည်း မဖြေ။ မျက်တောင်ရှည်များဖြင့် ခတ်ထားသည့် မျက်နှာစုန်းတွင် မျက်ရည်များ တလည်လည်နှင့် ပြည့်လျှံနေသည်။ ပါးပေါ်သို့ လှိမ့်ဆင်းရန် တာဆူနေသည်။ အမြဲတမ်း တစ်ဝက်တစ်ပျက်အပြုံးနှင့် ကျွန်တော့်ကို ရင်ခုန်စေသော အပြုံးအလှပိုင်ရှင်လေး၊ ဘာ့ကြောင့် ဒီလိုဖြစ်နေတာလဲ။

"သြော်…၊ သိပြီ၊ မောင့်ကို လွမ်းလို့လား"

နဖူးပြန့်ပြန့်လေးကို သာသာဖွနမ်းရင်း မေးမိသည်။ သူမက ကိုယ်ကိုအားယူကာ တည့်မတ်လိုက်သည်။ တံတွေးကို နှစ်ခါသုံးခါ မျိုချနေသည်။ နှင်းဆီဖူးလေး တလှုပ်လှုပ်၊ လည်တိုင်တဆန့်ဆန့်ဖြင့် ဘာစကားသံမျှ ထွက်မလာပါချေ။

စိတ်မရှည်တော့။ တလှုပ်လှုပ်တုန်နေသော နှင်းဆီဖူးနှုတ်ခမ်းလေးကို ကြည့်နေမိသည်။ သူမက သာသာခေါင်းရမ်းပြီး ရင်ဘတ်ကို တွန်းသည်။ ကျွန်တော်ကလည်း ဖြည်းညင်းစွာ ခေါင်းခါရမ်းပြသည်။ ပြီးတော့မှ-

"ဘာမှ မပြောချင်နေ၊ ဒီအတိုင်းလေးပဲ နေပေးပါ"

သနပ်ခါးပါးကွက်လေး ပြက်ပျယ်သည့်အထိ၊ နမ်းရှိုက်ရင်း ထွေးပွေ့ထားမိသည်။ ချစ်သူ့ကိုယ်သင်းနံ့ကို ရှူရှိုက်ရခြင်းသည် ဘယ်နံ့သာနှင့်မျှ အစားထိုးမရခံစားမိသည်။

ကျွန်တော့်ရင်ကို ဒုတိယအကြိမ် တွန်းဖယ်ပြီး ဘေးတွင်ချထားသော အထုပ်တစ်ထုပ်ကို ဆွဲယူလိုက်သည်။ ထိုအဝတ်ထုပ်ကလေးကို ပိုက်လာတော့တွေ့သည်။ ားပွဲခင်းအရွယ် ပန်းရောင်အစလေးနှင့် စုချည်ထားသောအထုပ် ဖြစ်သည်။

သူမက ကျွန်တော့်ရှေ့တွင် ဖြည်ပြသည်။ အထဲမှာလည်း အထုပ်သုံးခုရှိနေ သည်။

လက်ကိုင်ပဝါအဝါလေးကို စ၍ ဖြည်ပြသည်။ ရွှေထည်ပစ္စည်းများ။ လက်ကောက်ပါးပါးလေးတွေ ခုနစ်ကွင်းရှစ်ကွင်းလောက် ရှိမည်။ စိန်လက်စွပ်နှင့် သံကြိုးတစ်ကုံး။ စိန်ဆွဲသီး တပ်ထားသည်။ စိန်နားကပ်တစ်ရံနှင့် တခြားလက်စွပ်တစ်ကွင်း။

ကျွန်တော် နားမလည်။

ပိုက်ဆံအိတ်တစ်အိတ်။ လက်ဝါးသာသာလေး။ အနီရောင်သားရေပျော့ပျော့ ပိုက်ဆံအိတ်လေးက ဖောင်းနေသည်။ အင်္ကျီနှစ်ထည်၊ လုံချည်နှစ်ထည်၊ ပလတ်စတစ်အိတ်ဝါလေးနှင့် ထုပ်ထားသည်။ အားလုံးသုံးခု ဖြစ်သည်။ ထိုအရာများကို ခုနက ပန်းရောင်ပိုးပျော့စလေးနှင့် စုထုပ်ထားခြင်း ဖြစ်သည်။ လွယ်အိတ်လည်း မဟုတ်။ ဘတ်အိတ်လည်း မဟုတ်။ ဘယ်လိုကြီးလုပ်လာသည် မသိ။ ဘာမှန်း မသိ၍…။

"ဘာအတွက်လဲ"

သံသယစိတ်က အာရုံကို နှောက်သွားစေသည်။

"ဒါတွေ ယူလာပါတယ်။ မောင်နဲ့ နေဖို့"

"ဗုဒ္ဓေါ"

ကျွန်တော် လန့်သွားသည်။ ဘယ်လို ဖြစ်လာသည် မသိတော့။ အသိပေးခြင်း၊ တိုင်ပင်ခြင်း၊ သဘောတူညီမှုယူခြင်း၊ အလျှဉ်းမရှိသော သူမ၏လုပ်ရပ်ကို ဘယ်လို နားလည်ရမှန်း ဖြေရှင်းပေးရမှန်း ဘယ်လိုလက်ခံပေးရမှန်း မသိအောင် အကြပ်ရိုက် သွားသည်။

"ကဲ… မောင် ကျွန်မကို လက်ခံမလား"

"ဟင်"

လုပ်ချင်တာ လုပ်လာပြီးမှ မောင့်ဆန္ဒလာမေးနေတာ မိမိကျော်, မင်း မလွန်လွန်း ဘူးလား။"

မွန်းကျပ်သော ရင်ဘတ်ကို သက်ပြင်းတစ်ချက်ဖြင့် ရှင်းထုတ်ပြီး သူမကို ပြူးကြည့်ကြောင်ကြည့်ဖြင့်သာ တုံ့ပြန်မိသည်။

"သိပ်လည်း လန့်မသွားပါနဲ့ ကိုရယ်၊ အချိန်တွေ မလွန်သေးပါဘူး၊ လက်မခံ ဘူးဆိုရင် အိမ်ကို ပြန်သွားမှာပါ"

"ဩော်…၊ ဘယ်လိုကြီးလဲ"

သူမ ကျွန်တော့်ကို မော့ကြည့်နေသည်။ တောင်းပန်သည့်အကြည့်။ အသနားခံသည့်အကြည့်။ စိုးရွံ့သည့်အကြည့်။

ဖြစ်တတ်ပါသည်။ မိန်းကလေးတွေ စာမေးပွဲမဖြေနိုင်လျှင် ချစ်သူကို အပူကပ် အကျပ်ကိုင်တတ်သည်ပဲလေ။

"ချစ်၊ စာမေးပွဲ မဖြေနိုင်ဘူးလားဟင်"

ခေါင်းကို ဖြည်းညင်းစွာခါပြီး နှင်းဆီဖူးကို မဲ့မဲ့ပြုံးပြသည်။ ကျွန်တော့် အထင် မှန်နေပြီလေ။ အတွေးမဆုံးခင် ကျွန်တော့်အဖြေ မှားကြောင်း သိရသည်။ သူမ ပစ္စည်းများကို နဂိုအတိုင်း ပြန်စုထုပ်ရင်း-

"အောင်မှတ်ရအောင် ဖြေခဲ့ပါတယ်၊ အောင်မှာပါ"

"ဒါနဲ့များ၊ ယူမှဖြစ်မှာလား၊ ကျောင်းဆက်တက်ရမယ်လေ"

သူမထံမှ တစ်ချက်ရှိုက်သံထွက်လာပါသည်။

"ကိုယ်တို့နှစ်ယောက် အောင်လည်း ခွဲရမယ်၊ မအောင်လည်း ခွဲရမယ်"

"ဘာပြောတာလဲ၊ ဘာတွေပြောနေတာလဲ"

သူမပခုံးကို ကိုင်လှုပ်လိုက်မိသည်။ ကျွန်တော်ဒေါသနည်းနည်းထွက်သွား လားမသိ။

"ခုချိန်မှာ ကျွန်မ အလိုအပ်ဆုံးက မောင်ပဲ"

"မောင့်ကိုပဲ လိုအပ်တယ်"

ခေါင်းငုံ့သွားသည်။ ငိုရှိုက်သံတအင့်အင့် ထွက်လာသည်။

"ဒါ မဟုတ်သေးပါဘူးကွာ၊ ကိုယ့်ကို နားလည်အောင် ပြောလေ၊ ကိုယ်သိမှ အတူတူ ဆုံးဖြတ်လို့ရမှာပေါ့ မိရဲ့"

သူမသည် ကျွန်တော့်ကို 'မောင်၊ ကို၊ ယူ၊ သူ၊ ကိုကို' နောက်ဆုံး အချစ် တုံးကြီးဟု သူမ စိတ်ထင်သလို ခေါ်တတ်သည်။ ယခုလည်း သူမ စိတ်ထင်တာတွေ လုပ်လာသည်။ မိမိကျော်သည် အဲဒီလို အစိုးမရသောမိန်းကလေးမျိုး ဖြစ်သည်။ ကျွန်တော့်လက်မှ နာရီကို ကြည့်မိသည်။ နေ့လယ် နှစ်နာရီခွဲ။ ပတ်ဝန်းကျင်က စမ်းရေစီးသံနှင့် ငှက်ကလေးတွေ အော်သံမှအပ တိတ်ဆိတ်နေသည်။

"မောင်က ကျွန်မကို လက်မခံဘူးဆိုရင် မောင့်ရဲ့ အနမ်းတစ်ချက်တော့ ပေးပါနော်၊ ယူ့ကိုယ်စားကို လိုချင်တယ်။ မိ,တစ်သက်စာတွက်ပါ မောင်"

"ဟာကွာ ဘာတွေလဲ၊ မိမိကျော် ဘာဖြစ်နေတာလဲ"

ကိုယ့်အသည်းတွေ တုန်လာပြီ၊ အစုန်ကြမ်းလာပြီ။ မင်းစကားတွေက ကိုယ့်ကို ခြောက်လန့်လာပြီ အချစ်ရယ်၊ ဘယ်လို ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့လို့လဲ ပြောစမ်းပါကွာ၊ ကိုယ့်နားလည်အောင် ပြောပြစမ်းပါ"

"ဝေးသွားကြရင် မောင့်အနမ်းလေးက မိ,အသက်ပါ မောင်ရယ်"

"အချစ်ရယ်…"

သူမလက်ကို ဆုပ်ကိုင်ဖျစ်ညှစ်နေမိသည်။ သူမအသံသည် ယခုတစ်ခါ

လောက် စွဲမက်ထိခိုက်စေတာမရှိ။ မောင့်ရင်မှာ ခိုက်ရပြီ မိန်းကလေးရယ်။ သူမ ကိုယ်ကို ဆွဲယူ၍ မျက်နှာချင်းဆိုင်ပစ်လိုက်သည်။ သူမ၏ အငိုမျက်ဝန်း နက်နက် တစ်စုံကို စိုက်ပြီးကြည့်နေမိသည်။

"ကိုယ် ပြောမယ်၊ သေချာနားထောင်နော်"

တုန်ယင်နေသော နှင်းဆီဖူးနှုတ်ခမ်းလွှာကို ကျွန်တော် လက်ညှိုးနှင့်ဖိကပ် ထိန်းပေးရင်း-

"ခုနေမှာ ကိုယ်ပေးနိုင်တာ ဒီနှလုံးသားတစ်ခုပဲ ရှိတယ်"

ဘယ်ဘက်ရင်ဘတ်ကို ပုတ်၍ နာကျင်သော စကားကို ဆိုမိသည်။

"ချစ် ဒီစကားကိုပြောတော့ ချစ်ဘဝအတွက် ဘာဖြစ်သွားမလဲ၊ စဉ်းစား မိလား"

"သိတယ်"

"အချစ်ကို ဘဝလို့ မသတ်မှတ်နဲ့၊ မပြည့်စုံနိုင်ဘူး"

"သိပါတယ် မောင်"

"မိန်းမတစ်ယောက်က ကိုယ့်ဘဝကိုယ်တန်ဖိုးမထားဘဲ ဒီစကားကို လွယ် လွယ်ပြောနိုင်ပါ့မလား မောင်"

"မောင့်ကို ကျွန်မအသက်ကို ချစ်သလို ချစ်မိလို့ပါရှင်"

မိမိကျော် ငိုလေပြီ။ မျက်နှာကို လက်နှစ်ဖက်စုံအုပ်၍ ငိုတော့သည်။ ချစ်သူ့ မျက်ရည်သည် ကျွန်တော့်နှလုံးသွေးစက်ကဲ့သို့ ရင်မှာကွဲအက်ယိုစိမ့်သည့်အလား နာကျင်ရပါသည်။ သူမ စကားလုံးတွေထဲတွင်လည်းကောင်း၊ သူမ မျက်ရည်တွေထဲ တွင်လည်းကောင်း ကျွန်တော့်ဘဝတစ်ခုလုံး အရည်ပျော်ခဲ့ရတော့သည်။ နှလုံးသွေး တို့ ပြောင်းပြန်စီးနေသလား။ ဘေးတိုက်စီးနေသည်လား မသိ။ မှုမမှန်သော ရင်ခုန်သံက ပြင်းထန်ကျယ်လောင်နေသည်။ တစ်ယောက်၏အသက်ရှူသံကို တစ်ယောက်ကြားရလောက်အောင် ပွေ့ဖက်ထားမိကြသည်။

ကျွန်တော်သည် ထိုသို့သော အံ့ဩဖွယ်မိန်းကလေးကို ဘယ်လိုသော အစွမ်း သတ္တိများဖြင့် ဥပေက္ခာပြုနိုင်စွမ်းအံ့နည်း။

အချစ်သည် ချိုသည်လား၊ ခါးသည်လား ဟူသည်လား စပ်သည်လား။ ဘာမှန်းမသိပေမယ့် သိတာတစ်ခုကတော့ သူမအပေါ် နမ်းရှိုက်မိသော ကျွန်တော့် အနမ်းတစ်ပွင့်သည် ကျွန်တော့်အတွက် ပထမဆုံးသောအနမ်းဖြစ်သလို သူမအတွက် လည်း ပထမဆုံးသောအနမ်း ဖြစ်ပါလိမ့်မည်။

* * *

စီးမျောခြင်းနှင့်အတူ အမှောင်သည် ချစ်သူ့စမ်းကြားလေးအား ခပ်ပါးပါး လွှမ်းခြုံစပြုလာသည်။ ဖားအော်သံ၊ ပုရစ်သံနှင့် လေတိုးသံလေးတွေက ကျွန်တော် တို့ကို သတိပေးလိုက်ပါသည်။

ခုမှ လွတ်ထွက်သွားသော စိတ်ရိုင်းများမှ သတိတရား ဝင်လာသည်။ ကျွန်တော်တို့နှစ်ယောက် ဘာဆက်လုပ်ကြမည်နည်း။ အပြေးအလွှား စဉ်းစားရင်း ရင်တွေ ပူလောင်ပါသည်။ လည်ချောင်းတွေ ချောက်လာပါသည်။

"ကိုယ် ရေသွားခပ်လိုက်ဦးမယ်"

ပုဆိုးကို ပြင်ဝတ်ပြီး စမ်းချောင်းထဲဆင်းခဲ့သည်။ စမ်းရေကို လက်ခုပ်နှင့် ခပ်ကာ အားရပါးရ သောက်ပစ်လိုက်သည်။ မျက်နှာသစ်ထားလိုက်သည်။ ဆံပင် တွေကို ရေနှင့်သပ်တင်လိုက်သည်။ ထို့နောက် လက်ကို ပြောင်စင်အောင်ဆေး၍ မိမိကျော့အတွက် ရေခပ်ခဲ့သည်။ ကျွန်တော်တိုက်သော စမ်းရေအေးအေးကို သောက် ပြီး ဟင်းခနဲ သက်မ,ချသည်။

ကြည့်ရသည်မှာ သူမ နောင်တရပုံ မပေါ်။ မျက်ရည်တွေ ခန်းခြောက်နေပြီ ဖြစ်သော မျက်နက်ဝိုင်းတစ်စုံသည် ခုတော့ အချစ်ရည်ရွှန်းလဲ့သော မျက်ဝန်းတစ်စုံ ဖြစ်နေပြီ။ ကျွန်တော် စွဲမက်သော နှင်းဆီဖူးတွင် ရှက်ပြုံးတစ်ခု တွဲခိုလာနိုင်ပြီ။

"မိမိ လိုချင်တာရတော့ အိမ်ပြန်ရတော့မှာပေါ့နော်"

ထိုအပြုံးသည် ကျွန်တော့်အနက်အဓိပ္ပာယ်ရှိသလို ကျွန်တော့်အကြည့်မျက်လုံး များကလည်း သူမအတွက် အဓိပ္ပာယ်တွေ အများကြီး ရှိနေလိမ့်မည်။

ရည်းစားသက်တမ်း တစ်နှစ်ကျော်ဆိုပေမယ့် မမြင်ရသောကြိုးတစ်ချောင်း သည် တစ်ရစ်ပြီး တစ်ရစ်ခိုင်မြဲအောင် ချည်နှောင်ခဲ့လေပြီ။ ကျွန်တော်တို့နှစ်ယောက် တစ်ဦးရင်မှာတစ်ဦးကွက်လပ်မဖြစ်အောင် ဖြည့်ဆည်းကြရတော့မည်။

"မိ,တစ်ကွက် ကျန်သွားတယ် မောင်၊ မိကို အထင်မလွဲပါနဲ့၊ မောင်နဲ့မိက တစ်ပြည်စီခြားရတော့မှာပါ မောင်"

"မစပါနဲ့တော့ကွာ၊ ကိုယ့်မိဘတွေနဲ့ သွားတွေ့မယ်နော်"

"မဟုတ်ဘူး၊ မောင် ထပ်ပြီးစဉ်းစားပါ"

"မောင့်ဘဝကို မဖျက်ဆီးပါချင်ဘူး။ မိတို့မိသားစု အမေရိကားကို ထွက် တော့မယ် တစ်ပတ်အတွင်း"

"ဘာ... ဘာပြောတယ်၊ ဘာ အမေရိကား ဟုတ်လား"

သူမက ခေါင်းညိတ်ပြသည်။

မဖြစ်နိုင်သောစကားဟု လက်မခံနိုင်စွာ ငြင်းပယ်မိသည်။ ပို၍ မဖြစ်နိုင်၊ မဖြစ်နိုင်ပါ၊ လုံးဝ… လုံးဝ…။

"ဆက်မပြောနဲ့တော့ မောင့်နောက် လိုက်ခဲ့"

ကျွန်တော်၏ တုံ့ပြန်မှုက မိမိကျော်ကို တုန်တုန်ခိုက်သွားစေသည်။ သူမ၏ ရွှေရင်အစုံက အသက်ရှူမြားနေသည်။ ချစ်သူ၏ လက်ကိုဆွဲ၍ အိမ်ဘက်သို့ ထွက်ခဲ့သည်။ ခြံအစပ်ဝါးရုံပင်ကြားတွင် ထောင်ထားခဲ့သော စက်ဘီးလေးကို ညာလက်မှတွန်းကာ ဘယ်ဘက်မှချစ်သူ့ပခုံးကို ဖက်ကာ ဆုပ်နယ်အားပေးရင်း "ဘာမှ မဖြစ်ဘူး၊ ဘာမှ မဖြစ်ဘူးနော်၊ မကြောက်နဲ့ အချစ်" စကားတီးတိုး ဆိုမိသည်။ လှေကားရှစ်ထပ်ရှိသော အိမ်လေးပေါ်သို့ ဘယ်လိုနင်းကျော်တက်မိ ခဲ့သည် မသိ။ ပက်လက်ကုလားထိုင်တွင် ဆေးတံခဲနေသော အဖေ့ရှေ့ရောက်သည် တိုင် စိတ်နှင့်ကိုယ်နှင့်မကပ် ဖြစ်နေသည်၊

"အဖေ၊ ကျွန်တော် မိန်းမ ယူတော့မယ်"

အဖေ့ရှေ့တွင် တုံ့ဆိုင်းဆိုင်းထိုင်ရင်း အစီရင်ခံစာ မပါသော အကြောင်းရာ တစ်ခုကို တည့်တိုးကြီး ရွတ်ပြလိုက်မိသည်။ အာခေါင်ကို ခြစ်၍ ထွက်ကျလာ သောအသံက တုန်ယင်အက်ကွဲနေမည် ထင်သည်။ အဖေသည် ယောကျ်ားပီပီ သား၏ အခြေအနေကို သဘောပေါက်လွယ်သည်ထင်၏။ ဆေးတံသောက် မပြတ်စိုက်ကြည့်နေသည်။

ကျွန်တော့်အရိပ်မြင်သော အမေသည် မနက်ထမင်းဆိုင်အတွက် ပြင်ဆင်နေ ရာမှ ထွက်လာသည်။ ကျွန်တော်နားတွင် ကပ်ထိုင်လာသော အမေသည် သား၏ အခြေအနေကို မယုံရဲသော လက်မခံရဲသောအသွင်ဖြင့် တုန်ယင်နေသည်။ ချက်ချင်း ငိုတော့မလို မျက်နှာကို အပြုံးတုတစ်ခုဖြင့် ဖွတ်ဖုံးကွယ်ဖို့ ကြိုးစားနေသည်။ ကျွန်တော်လည်း အမေကိုကြည့်၍ ဝမ်းနည်းစကားဆိုတတ်လာသည်။ အမေ့လက်ကို ဆုပ်ကိုင်၍ စိတ်ထဲမှ တောင်းပန်နေမိသည်။

"ခွင့်လွှတ်ပါ အမေ"

ကျွန်တော် မိမိကျော်ကို လှည့်ကြည့်မိသည်။ သူမက ကျွန်တော့် ကိုယ်နှင့် ကွယ်၍ ထိုင်နေသည်။ မိမိကျော့်အတွက် နည်းနည်းအားနာစိတ်ဝင်မိသည်။ အမေ့ ကိုယ်မှ ပုစွန်ညှီနံ့ကို ကျွန်တော်ရှူရှိုက်မိသလို မိမိကျော်လည်း အနံ့ရနေမည်ထင် သည်။

ဘယ်တတ်နိုင်မလဲ။ ဒါမောင့်ဘဝပဲလေ မိမိကျော်။ မာန်တင်းရင်း မသိဟန်ဆောင်နေလိုက်ရသည်။ မထူးပြီကိုး။ ညနေ ငါးနာရီဆိုသော အချိန်သည် အလင်းရောင် ရှိသေးသည်။ သို့သော် ကျွန်တော်တို့အိမ်က သစ်ရိပ်ဝါးရိပ် သစ်ပင်ကြီးတွေ အရိပ်က အုပ်မိုးထားသဖြင့် အပြင်နှင့်စာလျှင် အလင်းဖျော့ဖျော့သာ ရှိတော့သည်။

"နေဦး၊ သူက ဦးကျော်စွာနဲ့ ဒေါ်ခင်မိမော် သမီးလား"

အမေက စတင်၍ အသံပြုသည်။ အမေသည် ဒေါ်ခင်မိမော်ကို ဘယ်တုန်းကမှ စိတ်မှာ လက်မခံချင်သူ ဖြစ်သည်။ ပိုက်ဆံချမ်းသာပြီး စိတ်ဓာတ်အောက်တန်းကျသူ တစ်ဦးအဖြစ် အမြင်မကြည်လင်ခဲ့ပေ။ ဤမိန်းမ၏သမီးကို ချွေးမတော်ရမည်ဆိုလျှင် ရင်ထဲတွင်တူးခါးသွားသည်။ မဖြစ်နိုင် ဘယ်လိုမှ မဖြစ်နိုင်။ ဟိုက ကိုယ့်သားကို သမက်တော်နိုင်မှာတဲ့လား။ သူတို့ မက်မောလက်ခံနိုင်သော "စံ" နှုန်းတွေ သားတွင် မရှိ။ သားတွင် ရှိးသားသော ကြိုးစားသော အညတရ ဂုဏ်မှတစ်ပါးဘာမှ မရှိတာ ရင်နာရပါသည်။ သူမက ကိုယ့်ဆိုင်ဖောက်သည်ဖြစ်၍ ထိုမိန်းမကို အမြဲတမ်း မော့ကြည့်ကာ အပြုံးတုများဖြင့် ခင်မင်ဟန် ချစ်ဟန်ဆောင်ခဲ့ရသည်။ ထို့နည်းတူပင် သားလေးသည်လည်း မိမိကျော်ကို အမြဲမော့ကြည့်ရမည်။ စိတ်ကျေနပ်သည်ဖြစ်စေ၊ မကျေနပ်သည်ဖြစ်စေ အမြဲခေါင်းညိတ်လက်ခံပေးရမည်။ ဒြပ်ပစ္စည်းမဲ့လူတန်းစားတို့၏ ဘဝပေးအခြေအနေ မဟုတ်ပါလား။

"ကိုညို၊ ရှင်ဘာတွေစဉ်းစားနေတာလဲ၊ ကလေးတွေကိုတစ်ခုခုပြောပါဦးလေ။ ဘယ်လိုလုပ်မှာလဲ"

အဖေကတော့ တုတ်တုတ်မျှမလှုပ် ဆေးတံကိုသာ တဖွားဖွားဖွာနေသည်။

"ဒုက္ခပါပဲတော်၊ သူ့မိဘတွေသိရင် ဘယ်နဲ့လုပ်မလဲ၊ ကိုညို… ကိုညို ဒီမှာ ကျုပ်ပြောနေတာ ကြားရဲ့လားရှင်"

အဖေသည် ပညာမတတ်သော်လည်း စဉ်းစားဉာဏ် ရင့်သည်၊ သွေးအေးသူဖြစ်သည်။

ကျွန်တော့်ကို စကားတစ်ခွန်း ပြောဖူးသည်။

"မနက်ဖြန် မနက်ဖြန်တိုင်းမှာ ပန်းတိုင်ဆိုတဲ့ မှတ်တိုင်ရှိတယ်သား၊ မမေ့နဲ့" ကျွန်တော့်အတွက် ခွန်အားဖြစ်စေသော စကားကို အချိန်ရတိုင်း သတိပေးဖူးသည်။

အမေကြီး ပြာယာခတ်မှုကြောင့် အထုပ်အလေးပိုက်ပြီး ထိုင်နေသောအခါ မိမိကျော်မှာ ဖင်တကြွကြွဖြင့် တလှုပ်လှုပ် ဖြစ်နေသည်။ မထိုင်ရဲတော့သည်လား မသိချေ။

"စိတ်အေးအေးထား မယ်သုံ…၊ ကလေးတွေ နားခိုင်းလိုက်၊ မင်းလည်း ကိုယ့်အလုပ် ကိုယ်သွားလုပ်တော့ သွား"

အဲဒီနောက် အဖေသည် ခြံထဲဆင်းသွားကာ ဆိုက်ကားတွဲလေးတွန်း၍ အပြင်သို့ ထွက်သွားသည်။

အမေရယ်…၊ ကျွန်တော်ရယ်…၊ မိမိကျော်ရယ်… သုံးယောက် ဘာစကားမှ မပြောနိုင်လောက်အောင် ထိခိုက်ကြေကွဲနေကြသည်။ ခဏနေတော့ အမေက မီးဖိုဆောင်ဘက် ထွက်သွားသည်။ ကျွန်တော် မိမိကျော်လက်ကိုဆွဲ၍ အိပ်ခန်းထဲဝင်ခဲ့သည်။ ကျွန်တော့် အခန်းလေးသည် ရိုးရှင်းပါသည်။ သင်းဖြူးပေါ်တွင် ခင်းထားသော ဂွမ်းကပ်ထူထူလေးတစ်ခုသည် မွေ့ရာ ဖြစ်၏။ ဂွမ်းစောင်တစ်ထည်၊ ခေါင်းအုံးတစ်လုံးနှင့် ခွဖက်လုံးတစ်လုံးကို သူ့နေရာနှင့် သူ ထားထားသည်။ ဘေးတွင် စာရေးခုံပုသေးသေးတစ်လုံးနှင့် သံသေတ္တာတစ်လုံးကို ယှဉ်၍ ချထားသည်။ ရိုးရှင်းသောအခန်းလေးကို မိမိကျော်က ရိုးရှင်းသည်ဟု မြင်ချင်မှ မြင်ပေလိမ့်မည်။ ကျွန်တော်တို့နှစ်ယောက် အိပ်ရာပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

"အချစ်၊ ခုလို နေနိုင်မှာလား"

ပါးလေးကိုနမ်း၍ မေးလိုက်သည်။

"မောင်တို့က လင်မယား ဖြစ်ပြီနော်၊ မခွဲကြေး"

သူမက အလှဆုံးပြုံး၍ အမေးတစ်ခုချင်းစီအတွက် တစ်ချက်နှင့် ခေါင်းညိတ်အဖြေပေးသည်။

ရှေ့ကိုလည်း အဝေးကြီးမတွေးချင်တော့။ နောက်ကိုလည်း ပြန်လှည့်မကြည့်ချင်တော့ပြီ။ လက်ရှိအခြေအနေသည် မိမိကျော်ကို ပိုင်ဆိုင်ခွင့်ရသဖြင့် စစ်တောင်းမြစ်ကမ်း ဘေးသွားကာ နှစ်ပတ်သုံးပတ် ကျွမ်းပစ်လိုက်ချင်သည်။ စိတ်လွတ်ကိုယ်လွတ် အော်ချင်ရာ အော်ဟစ်ပစ်လိုက်ချင်သည်။ "ဝမ်းသာခြင်း" ဟူသော စကားသုံးလုံးကို ဒီထက်နက်နဲစွာ ပြောပြချင်သည်။

သူမလက်ကို ဘယ်တော့မှမလွှတ်ချင်တော့။ ဘယ်အကြောင်းနှင့်မျှ မလွှတ်ဟု ဆုံးဖြတ်လိုက်သည်။ ကျွန်တော် ယောကျ်ားတစ်ယောက် ဖြစ်သည်။ မိမိကျော်ပြောသော ယုံကြည်ထိုက်သူ၊ လေးစားထိုက်သူ၊ အားကိုးထိုက်သူအဖြစ် ချစ်သူ့ရှေ့မှ အသေအချာရပ်တည်ရပါလိမ့်မည်။

သို့သော်… သို့… သော်…

"လူလေး ဖိုးချစ်တုံး"

လိုက်ကာအနားကပ်၍ အမေ အသံပြုလာသည်။ အမေ့အသံက တစ်မျိုး ဖြစ်နေသည်။ တုန်ယင်၍ ငိုသံပလုံးပထွေး ဖြစ်နေ၏။

"အပြင်ကို ထွက်ခဲ့ကြဦး"

မိမိကျော်ကို ထိုင်နေဟု ခေါင်းဆတ်ပြပြီး အပြင်ထွက်ခဲ့သည်။ ခြံဝမှ လူလေးယောက် အိမ်ဘက်သို့ လျှောက်လာနေသည်။ မီးမပိတ်ဘဲ ရပ်ထားသော အလင်းရောင်ကြောင့် မိန်းမတစ်ယောက် ယောကျ်ားသုံးယောက်အား တွေ့နေရသည်။ ပြီးတော့ သူတို့နောက်မှ အဖေ။ ဆိုက်ကားတွဲတွန်း၍ ဝင်လာပါသည်။ အခြေအနေကို ကျွန်တော် သိလိုက်ပြီ။ ပင်လယ်မှာ မုန်တိုင်းထန်တော့မည်။

ကျွန်တော် သူတို့လာနေရာသို့ ဝုန်းခနဲ ပြေးဆင်းသွားလိုက်သည်။ အိမ်ရှေ့ သရက်ပင်ကြီးအောက်တွင် အားလုံး တုံ့ရပ်သွားကြသည်။ ဧည့်သည်များကို အိမ်ပေါ် လမ်းညွှန်နေသော အဖေ့ရှေ့တွင် ပိတ်ရပ်လိုက်၏။

"အဖေ၊ ဒါဘာလုပ်တာလဲ၊ ခင်ဗျားကြီး ဘာလုပ်တာလဲဗျာ…"

ဒေါသကြီးစွာ အော်ဟစ်ပစ်လိုက်၏။ ကြောင်ကြည့်နေသော ဧည့်သည်များဘက်သို့လှည့်၍ ခြသေ့တစ်ကောင်အလား ဟိန်းဟောက် ပစ်လိုက်၏။

"ကျွန်တော်တို့ကို ခွဲမယ်ဆိုရင် လှည့်ပြန်သွားပါ"

စကားအဆုံးတွင် ဒေါ်ခင်မိမော် လက်ဝါးက ကျွန်တော့်ပါးပေါ် ဖျန်းခနဲ ရောက်လာသည်။ သွေးပျက်နေသော ကျွန်တော့်ပုံစံသည် ဘယ်ပုံရှိနေမည်မသိ။ ကျွန်တော့်ကိုရိုက်သော လက်ကို ဆောင့်ဆွဲကာ-

"သူက ကျွန်တော့်မယား၊ သေတောင် ခင်ဗျားတို့ခေါ်ဖို့ မကြိုးစားနဲ့"

နောက်တစ်ချက် ဘယ်လက်ဖြင့် ထပ်ရိုက်သည်။ မျက်စိမှာ အလင်းတွေ ပွင့်ထွက်သွားသလို လူက ယိုင်သွားသည်။ ထိုမိန်းမကြီးသည် ဘယ်ကောညာကော သန်သူတည်း။ သူတို့လို လူတန်းစား၏ နှလုံးသားသည် အားနာခြင်း၊ စာနာခြင်း၊ ထောက်ထားခြင်း ကင်းမဲ့စွာ ကျောက်ခဲလို မာကျောတတ်သည်။

ထို့နောက် ပါလာသော ယောကျ်ားကြီးနှစ်ယောက်က တစ်ဦးကချုပ်၍ တစ်ဦးက ရင်ဝနှင့်မျက်နှာကို လေးငါးချက် ဆင့်ထိုးသည်။ ရုန်းရင်းဆန်းခတ်မှုက မြန်ဆန်လွန်း၍ အဖေသည် မတားဆီးနိုင်သည်လော။ ကျွန်တော်၏ ခံနိုင်စွမ်းအားသည် သုညသို့ ပြသွားသည်။ အသိထဲတွင် ဝုန်းဒိုင်းကြဲ စိုးရိမ်တကြီး အော်ခေါ်သံ

များ၊ အော်ဟာစ်ငိုသံများ၊ လဲပြိုကျသံများ နားထဲတွင် တဖြည်းဖြည်းဝေး၍ဝေး၍ ပျောက်ကွယ်သွားတော့သည်။

အကျည်းတန်သော အရုပ်ဆိုးသော နားမလည်နိုင်သော လက်မခံနိုင်သော အကြောင်းတရားများသည် လျှင်မြန်စွာ ဖြစ်ပျက်ပျောက်ဆုံးသွားတော့သည်။

ကျွန်တော်၏ အဆုံးမဲ့ဒေါသများသည် သွေးခန်းမတတ် နှလုံးသားကို ရပ်တန့်စေခဲ့လေတော့သည်။

* * *

## အလွမ်းလက်ကျန်ရှင်းတမ်း

ကြာခဲ့ပါပြီ။ လေးနှစ်ဆိုသောကာလကြားမှာ မိမိကျော်နှင့် ကျွန်တော်တို့ရဲ့ အနာဂတ်ဆိုတာ မရှိတော့ဘူးလား။

ကိုယ့်ကို မျှော်လင့်ချက်ဆိုတာကော မပေးတော့ဘူလား ချစ်သူ… မိမိကျော်၊ မင်းက ငါ့ကို အချစ်တစ်ခုတည်းပေးပြီး ဥပေက္ခာတောထဲမှာ မုန်းနေတာလား…။

မနက်ဖြန်ပေါင်းများစွာတွေ ရှိနေသရွေ့ မနေ့ကဟူသော ဘဝတွေ တဖြည်းဖြည်း မှုန်ဝါးပျောက်ကွယ်သွားမှာပဲလို့ မင်း ထင်နေတာလားဟင်။ အဲလို မဟုတ်ဘူး။ အဲလို မဟုတ်ဘူး မိမိကျော်…။

ဘဝနှစ်ခု မနီးစပ်နိုင်မှန်းသိလို့ ငါ့ဘဝထဲ ဘယ်သူမှ ဝင်မရအောင် ငါ့နှလုံးသားကို အဆိပ်ဆူးတစ်ချောင်းသပ်လျှိုခဲ့တာလား…။ သွေးစိမ်းရှင်ရှင် ထွက်ခဲ့ပြီးပြီမို့ ဒီမောင့် ရင်မှာ အချစ်သွေးတွေ ခန်းကုန်ပြီလေ။ မင်းတစ်ယောက်တည်းအတွက် ငါ့ဘဝကို သေလူအဖြစ် ထားရစ်ခဲ့တာလား၊ အိပ်မက်တွေမှ မဟုတ်ဘဲ မိမိကျော်ရယ်…။

မင်းလာတတ်တဲ့ "ချစ်သူ့စမ်းကြား"လမ်းကလေးမှာ ငါစောင့်နေတယ်။ နေ့တိုင်း နေ့တိုင်း၊ အချိန်တိုင်း အချိန်တိုင်း မျှော်လင့်ချက်တစ်ခုနဲ့ပေါ့ကွာ"

ငါ့ကိုယ်ပွားကို ပိုင်ဆိုင်ခွင့်ရလို့ ကျေနပ်နေတာလား။ ငါလည်း ပိုင်ဆိုင်ချင်တယ်လေ။ စာနာကြည့်ပေါ့ အချစ်ဆုံးရယ်…။ ခုလို တစ်ယောက်တည်း အထီးကျန်မှုက နာကျင်ခံခက်လှပါသည်…။

မိမိကျော်ရေ… မညီမျှတဲ့ လူ့ဘောင်လောက၊ တန်းညှိလို့မရတဲ့ လူနေမှုစရိုက်တွေကို မျက်ကွယ်ပြုပြီး မောင့်ဆီ ပြန်လာပါလား။ အမှန်တရားတွေ အမြင်စောင်းနေတဲ့ ဒီလောကကြီးကို ငါ့ဘဝနဲ့အမျှ နာကြည်းမုန်းမိသည်။

ဒီစကားတွေကိုပြောဖို့ "ချစ်သူ့စမ်းကြား"မှာ မောင် စောင့်နေတယ်။

ထပ်ပြီး ပေးဆပ်ခွင့်မရှိတော့တဲ့ ငါ့ရဲ့အချစ်တွေနဲ့အတူ နောင်တမလွန်အထိ ယူဆောင်သွားပါ့မယ် ချစ်တဲ့မိမိကျော်…။

မင်းအတွက် နောင်တမလွန်အထိ-

မင်းအတွက် နောင်တမလွန်အထိပေါ့ ချစ်သူရယ်…။

* * *

ကျွန်တော် ဖိုးချစ်တုံးသည် အချစ်ဆိုသောအရာကို သုခနှင့် လက်ခံခဲ့သည်။

ပြီးတော့ ဒုက္ခနှင့် အဆုံးသတ်ခဲ့သည်။

အချစ်ဆိုသောအရာသည် ဆန္ဒ၊ အတ္တ၊ နှစ်ခုပေါင်းပြီး အချစ်ဟုခေါ်လျှင် လူသားတိုင်းအတွက် အချိန်တိုင်း အချိန်တိုင်း ထိုအချစ်က စိန်ခေါ်နေမည်သာ ဖြစ်လေတော့၏။

**ယဉ်မင်းသိမ့်(ရွှေမန်းမြေ)**

❐

# ကျွန်မရဲ့...ချစ်သမီးများ

စိန်မေရီ လွင်မိုး

သမီးငယ်က တွေးတွေးဆဆလေး ပြောသည်။
သမီးငယ်ပြောတာ မှန်သည်။
ကျွန်မ လိမ်လိုက်ရပြီ။
ဒီအတွက် သမီးကြီး စိတ်ဆင်းရဲသွားပြီ။
သောကတွေ ဖြစ်သွားပြီ။
သို့သော် အဖြေတွေ့သွားပြီ။

# ကျွန်မရဲ့...ချစ်သမီးများ

စိန်မေရီ လွင်မိုး

ကျွန်မ မိသားစုအရေးနှင့်သက်ဆိုင်ပြီး ခေါင်းတွေထိုး၊ သွေးတွေတိုး၊ နှလုံးသားတွေ တုန်ခါစေပြီး စိတ်ကိုဖိနှိပ်,နှိပ်စက်ခဲ့သည်အထိ ခံစားခဲ့ရသည်က ကာလကြာခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် ကျွန်မကတော့ ဘဝ တစ်ဆစ်ချိုးအကွေ့များစွာကို အားမာန်တင်းရင်း လက်ထိုးလှော်ခဲ့သည်။ သတ္တိတွေ မွေးခဲ့သည်။ ဒါကလည်း သမီးနှစ်ယောက်ကို ချစ်လွန်းလို့ သမီးနှစ်ယောက်အတွက် ပေးဆပ်ခဲ့သည့် ချစ်ခြင်းတရားတွေကြောင့်။ ဒီသတ္တိတွေကြောင့်လည်း ကျွန်မ အသက်ရှင်သန်ခဲ့သည်။ သွေးတိုးရောဂါရှိသည်ကိုပင် ဂရုမပြုခဲ့သည်အထိ ဖြစ်နေခဲ့သည်။ ရောဂါကို မေ့နေခဲ့သည်။

ဒီနေ့လည်း ကျွန်မ သိပ်ပြီး နေမကောင်းချင်။ ဒီတော့ အခန်းအောင်းရင်း စာရေး၊ စာဖတ်လုပ်ဖို့ ကြိုးစားသည်။ သို့သော် ခေါင်းတွေက ထိုးနေသည်။ သွေးတိုးနေမှန်း သိသည်။ မနေ့ကပင် သည်သို့ သွေးတိုးနေသည်မို့ ဆေးခန်းပြခဲ့သေးသည်။ ဆရာမက သွေးပေါင်ချိန်သည်။ သွေးကျဆေးပေးခဲ့သည်။ ဒီနေ့အထိ စိတ်ထဲမှာ မကြည်လင်ချင်သေး။ ဒီတော့ ဆေးသောက်ပြီး ဧည့်ခန်းမှာ ထိုင်နေမိသည်။ ထိုင်ရင်းနှင့်ကြည့်မိတော့ မောင့်ဓာတ်ပုံ၊ သမီးနှစ်ယောက်ရဲ့ ဓာတ်ပုံ၊ အဲဒီ ဓာတ်ပုံများကိုကြည့်ရင်း ကျွန်မနှလုံးသားတို့ တုန်ခါသွားလေသည်။

* * *

မောင်နှင့် အိမ်ထောင်ကျတော့ ကျွန်မ ဘွဲ့ရပြီးပြီ။

"သမီး၊ မောင်အေးမင်းက… စိတ်ရင်းစေတနာရော၊ စီးပွားဥစ္စာရော၊ ပညာအရည်အချင်းရော၊ ဆွေဂုဏ်မျိုးဂုဏ်ရော အားလုံး ပြည့်စုံတယ်လေ။ ဒီတော့ မေမေတို့ကတော့ သမီးကို မောင်အေးမင်းနဲ့ ပေးစားချင်တယ်။ အဲဒါ သမီးရဲ့သဘော သိချင်တယ်"

မေမေက ဖေဖေ အပြင်ထွက်သွားဆဲအချိန် ကျွန်မကို ဘဝအတွက် သွေးတိုးစမ်းသည့်စကားပြောလာသည်။ မေမေ့စကား နားထောင်ရင်း ဝမ်းသာဝမ်းနည်းဟန် မပြဘဲ မေမေ့ကိုသာ သက်မဲ့ငေး ကြည့်နေမိသည်။ မျက်လုံးများက အေးစက်နေသလို နှလုံးသားကလည်း ကျောက်ရုပ်လို ဖြစ်နေလိမ့်မည်ကိုတော့ မေမေ သိမည်မထင်။

"သမီးသဘောကို သိချင်တာလား၊ မေမေတို့ဆန္ဒကို လိုက်လျောပေးစေချင်တာလား မေမေ"

"အင်း… ပြောရရင် မေမေတို့ဆန္ဒကို လိုက်လျောပေးစေချင်တာပဲ သမီး"

"သမီး တွေးပြီးသားပါ မေမေရယ်။ မေမေရော ဖေဖေရော၊ ပြီးတော့ ဆွေမျိုးသားချင်းတွေရော အားလုံးဟာ သမီးရဲ့ အိမ်ထောင်ရေးကိစ္စကို ညင်ညင်သာသာနဲ့ ကိုင်တွယ်ကြလိမ့်မယ်လို့ ထင်ပြီးသားပါ။ အသင့်လျော်ဆုံး အိမ်ထောင်ဘက်ကို ရွေးပေးကြလိမ့်မယ်လို့လည်း တွေးပြီးသားပါ"

"ဟုတ်တယ် သမီး"

ကျွန်မ စကားအဆုံး မေမေကပြုံးရင်း ဖြေသည်။ ကျွန်မက စကားဆက်ပြောသည်။

"မိဘတွေရဲ့ စကားကိုလည်း သမီးက ဖယ်ရှားမှာ မဟုတ်ဘူးလို့လည်း တွေးထားကြတယ် မဟုတ်လား"

"ဟုတ်တယ်၊ သမီး"

"ဟုတ်ပါတယ်၊…ကိုအေးမင်းက မေမေတို့ထင်ထားသလို စီးပွားရေးရော၊ ပညာ ရေးရော ပြည့်စုံပါတယ်။ ရုပ်ရည်လည်း ရှိပြီးသား။ ဒီတော့ မေမေရယ်၊ သမီးလေ အိမ်ထောင်ရေးအတွက် ဦးနှောက်နဲ့ရော၊ နှလုံးသားနဲ့ပါ ပေါင်းပြီး ဆုံးဖြတ်ပေးပါ့မယ်နော်"

"ဝမ်းသာလိုက်တာ သမီးရယ်…။ လိမ္မာလိုက်တဲ့ သမီး။ အင်း… သမီးက မိဘတွေစကား နားထောင်တယ်ဆိုတာ သမီးဖေဖေ သိရင် သိပ်ဝမ်းသာမှာ"

နောက်နှစ်ရက်အကြာ ဖေဖေရော၊ မေမေရော အစ်ကိုဖြစ်သူနှင့် အစ်မကြီး

စ်ဦးကပါ အိမ်ရောက်လာပြီး ကျွန်မရဲ့အိမ်ထောင်ရေးအတွက် တိုင်ပင်ကြသည်။ ဖေဖေကတော့ မျက်နှာပူပုံရသည်။ ကျွန်မကို ပြုံးပြရင်း အပြင်သွားစရာ ရှိသည်ဟု ဆိုကာ ထွက်သွားသည်။ အဖေ့ကို ကျွန်မပြုံးပြမိ သေးသည်။

"ကဲ…သမီးဖေဖေကတော့ သမီးရှင်ဆိုတော့မျက်နှာပူနေရှာတာ။ ဒါ့ကြောင့် ထွက်သွားတာ။ အဟင်း… ဟင်း… ဟင်း…။ ဟောဒီ သမီးလေးရဲ့ အစ်မကြီး နှစ်ယောက်တုန်းကလည်း ခုလိုပဲ စကားပြောကြတော့ အပြင်ထွက်သွားရှာတယ် လေ"

အစ်မနှစ်ယောက်က မေမေ့စကားကို ခေါင်းညိတ်ထောက်ခံသည်။ နောက် တော့ အစ်ကိုကြီးက ကျွန်မကိုမေးလာသည်။ ကိုအေးမင်းကို မေတ္တာရှိနိုင်၊ မရှိနိုင်၊ လက်တွဲဖော်အဖြစ်ထားနိုင်၊ မထားနိုင် မေးသည်။ ကျွန်မက မိဘများနှင့် ညီအစ်ကို မောင်နှမများ စိတ်ချမ်းသာဖို့အရေး ကိုအေးမင်းကို ဘဝလက်တွဲဖော်အဖြစ် ထားနိုင် ကြောင်း ပြောခဲ့သည်။ အစ်ကိုကြီးက ကျွန်မရဲ့ဆုံးဖြတ်ချက်ကို ကျေနပ်ကြောင်း ပြောပြီး အပြင်ထွက်သွားပြန်သည်။

နောက်တော့ ကျွန်မတို့လေးယောက်သာ ကျန်တော့သည်။ အမေရယ်၊ အစ်မ နှစ်ယောက်ရယ်၊ ကျွန်မရယ်။ ကိုအေးမင်း စီးပွားရေးအကြောင်း၊ ဆွေမျိုးတွေ အကြောင်း၊ လက်ရှိတာဝန်ယူနေရသည့် လုပ်ငန်းအကြောင်းတွေ ပြောရင်း ကျွန်မ ဘဝအနာဂတ်အတွက် ညို့အားပြင်းပြင်းနှင့် ဆွဲဆောင်ခဲ့ကြသည်။

"အင်းလေ၊ သမီး ပြောပြီးပြီပဲလေ။ ဖေဖေတို့၊ မေမေတို့၊ အစ်မတို့ သဘော ပါလို့လေ။ ဘယ်တုန်းကများ မိဘစကား၊ ဆွေမျိုး စကား၊ ညီအစ်ကိုမောင်နှမတွေရဲ့ စကားကို ဖယ်ရှားခဲ့ဘူးလို့လဲ"

ကျွန်မ ဒါပဲပြောနိုင်သည်။ ပြောရင်း ခေါင်းညိတ်ခဲ့သည်။ မိဘစကားကို မဖယ်ရှားချင်၊ စိတ်ချမ်းသာစေချင်သည်။ ပြီးတော့ ကိုအေးမင်းဆိုတာ တခြား မဟုတ်။ အဖေတို့ အမေတို့နှင့် ကိုအေးမင်း မိဘတွေက သိပ်ရင်းနှီးကြသည်။ အိမ်ကိုလည်း ကိုအေးမင်း ဝင်ထွက်ဖူးသလို ကိုအေးမင်းအိမ်ကိုလည်း ကျွန်မတို့ သွားဖူးသည်။ ဘုန်းကြီးဆွမ်းကျွေးတုန်းက တစ်ခါ၊ မွေးနေ့တုန်းက တစ်ခါ။ ပြီးတော့ သီးခြားခေါ်ပြီး ထမင်းကျွေးတုန်းက တစ်ခါ။

သည်သို့ ရင်းနှီးခဲ့သည့် မိသားစုနှစ်စု အတွက်ကတော့ သားရေးသမီးရေးနှင့် ပတ်သက်လျှင် ဖိတ်ခြင်းဖိတ် ကိုယ့်အိတ်ထဲ ဖိတ်ဆိုသလို ယခုလည်း ကျွန်မနှင့် ကိုအေးမင်းကို သည်သို့သော သဘောဖြင့် ရွှေလမ်း ငွေလမ်း ဖောက်ပေးခဲ့ပြီ။

* * *

ကိုအေးမင်းနှင့် ကျွန်မ မင်္ဂလာဆောင်အပြီး သီးခြားခွဲနေခဲ့ကြသည်။ ကျွန်မက ဘွဲ့ရခဲ့သော်လည်း အစိုးရလုပ်ငန်း မလုပ်ချင်။ ဒီတော့ အပြင်မှာ ဈေးရောင်းမည်ဟု ဆုံးဖြတ်ခဲ့သည်။ ကိုအေးမင်းကတော့ အစိုးရရုံးတစ်ရုံးမှာ အလုပ်လုပ်နေသူ။ ပြောရလျှင် ကျွန်မတို့ မြို့လေးမှာ ကိုအေးမင်း တာဝန်ကျခဲ့သည်မို့ ပိုပြီးအဆင်ပြေခဲ့သည်။ ဒီတော့ ဘဝအတွက် တစ်အိုးတစ်အိမ် ထူထောင်ရင်းနှင့် သီးခြားနေခဲ့ကြသည်လေ။

မင်္ဂလာဆောင်ပြီး အိမ်မှာ တစ်နှစ်ခန့်သာနေ၊ အခြေတကျဖြစ်ဖို့ ကြိုးစားရင်းနှင့်ဖေဖေတို့က မြို့အစွန်လေးမှာ မြေကွက်တစ်ကွက်ဝယ်ပေးခဲ့သလို ကိုအေးမင်း မိဘတွေကလည်း ကျွန်မတို့လင်မယားအတွက် နှစ်ထပ်အိမ်တစ်လုံး ဆောက်ပေးခဲ့ပါသည်။

"အေးလေ၊ သမီးလေး ဝေဝေတို့မိဘတွေက မြေကွက်တစ်ကွက် ဝယ်ပေးပြီး မင်္ဂလာလက်ဖွဲ့သလို လက်ဆောင်ပေးမှတော့ ဖေဖေတို့ကလည်း နှစ်ထပ်အိမ်တစ်လုံး အပါအဝင် မီးဖိုချောင်ပါဆောက်ပြီး လက်ဖွဲ့ ထပ်ပေးရတာပေါ့လေ"

ကိုအေးမင်းဖေဖေက ဤသို့ ပြောခဲ့သလို မိခင်ဖြစ်သူကလည်း ဒီအစီအစဉ်ကို ကျေနပ်ခဲ့သည်။ ကိုအေးမင်းမိဘများက သူတို့ ကတိထားခဲ့သလို နေ့ကောင်းရက်သာ ရွေးပြီး အိမ်ဆောက်ပေးသည်။ မီးဖိုချောင်ပါ ဆောက်ပေးသည်။ ပြီးသည်နှင့် ကျွန်မတို့ လင်မယား အိမ်သစ်ယာသစ်၊ မြေနေရာအသစ်သို့ နေ့ကောင်းရက်သာ ရွေးပြီး အပြီးရွှေ့ခဲ့ကြသည်။ ထိုနေ့ကဆိုရင် ကျွန်မဘက်က ဆွေမျိုးတွေ၊ အပေါင်းအသင်းတွေ၊ ပြီးတော့ ကိုအေးမင်း ဆွေမျိုးတွေ၊ အပေါင်းအသင်းတွေလာခဲ့ကြပြီး တပျော်တပါး ရွှေ့ပြောင်းပေးကြ၊ ဆုတောင်းပေးကြ၊ ပစ္စည်းတွေ လက်ဆောင်ပေးကြနှင့် ကျေကျေနပ်နပ် အားလုံးပျော်ပါးကြ။ တချို့ စိတ်မကောင်းဖြစ်ကြ။ ကျွန်မနှင့် ကိုအေးမင်းကတော့ ဘဝတိုက်ပွဲအတွက် ပထမ ခြေလှမ်းချခဲ့ကြသည်မို့ ရင်တထိတ်ထိတ်။ သို့သော် ရှေ့မှာတွေ့လာမည့် ပြဿနာအရပ်ရပ်အတွက် ရင်ဆိုင်ဖို့ ခပ်ရဲရဲ ဆုံးဖြတ်ခဲ့ကြသည်။

နောက်တွင်တော့ ကိုအေးမင်းက သူ့အလုပ်ရှိရာရုံးကို စက်ဘီးနှင့်သွား၊ ရုံးတက်။ ရုံးပေါ်မှာ အလုပ်လုပ်စရာရှိတာလုပ်၊ နယ်ဆင်းပြီး လုပ်စရာရှိတာလုပ်။ အချိန်တန် လစာထုတ်။ ထုတ်သည့်လစာကို တစ်ပြားမကျန် ကျွန်မလက်ထဲ အပ်ခဲ့သည့် ကိုအေးမင်း။ ကိုအေးမင်းတာဝန်ကျေသလို ကျွန်မကလည်း တာဝန် မလစ်ဟင်းစေရ။ မိန်းမသားတစ်ဦးရဲ့ ဝတ္တရားကို တစ်ပြားမကျန် ပေးဆပ်ခဲ့သည်လေ။ ဝါသနာပါသည့် အရင်းခံဖြစ်သည့် ဈေးရောင်းချင်သည့် ဆန္ဒကို ကိုအေးမင်းက အကောင်အထည် ဖော်ပေးခဲ့သည်။

''အင်း… ဝေဝေက အစိုးရအလုပ်လည်း မလုပ်ချင်၊ ဈေးပဲရောင်းချင်တာဆိုတော့။ ဝေဝေ စိတ်ကျေနပ်အောင်၊ စိတ်ချမ်းသာအောင် စီးပွားရေးလည်း အဆင်ပြေအောင် ကိုအေးမင်း စီမံပေးပါ့မယ်''

''ဟုတ်တယ် ကိုအေးမင်း၊ မိန်းမသားဆိုတာ အိမ်မှုကိစ္စအပြင် ငွေကြေးမယိုဖိတ်အောင် တရားသဖြင့် ဝင်ငွေတိုးအောင် အလုပ်လုပ် နေရမယ်လေ။ အလုပ်နဲ့လက်မပြတ်မှ စိတ်အေးချမ်းမှာ မဟုတ်လား။ အိမ်အလုပ်လေးရှိတော့ မပျင်းတာပေါ့။ ယောက်ျားလုပ်စာ ထိုင်စားနေတဲ့ မိန်းမလို့ အပြောမခံရတော့ဘူးလေ''

''ဟာ… ဝေဝေကလည်းကွာ။ ကိုအေးက တကယ်ဆိုရင် ဝေဝေ့ကို ဘာအလုပ်မှ မခိုင်းချင်ပါဘူးကွာ၊ တကယ်ပြောတာ''

ကိုအေးမင်းက သည်အထိ ကျွန်မအပေါ် ချစ်ခဲ့သည်။ ကြင်နာခဲ့၊ မေတ္တာတွေမျှဝေပေးခဲ့သည်။ နောက်တွင်တော့ အိမ်ရှေ့မှာ လေးပင်သုံးခန်း အဆောင်လေးဆောက်သည်။ ဆန်၊ ဆီ၊ ဆား စသည့် မီးဖိုချောင်သုံးပစ္စည်း အစုံဝယ်သည်။ သူ့နေရာနှင့်သူ ထည့်စရာ ခွက်တွေ၊ တောင်းတွေနှင့် အစီအရီထည့်ပြီး ရောင်းသည်။ နောက်တော့ အဝတ်အစားတွေ၊ ဖိနပ်တွေအထိ။ ပြောရလျှင် မီးဖိုချောင်သုံးပစ္စည်းများနှင့် အိမ်သုံးပစ္စည်းတွေအထိ ကိုအေးမင်းက ဝယ်တင်ပေးခဲ့သည်။

ကျွန်မတို့လင်မယား စေတနာကောင်းလို့လား၊ ဈေးရောင်းရတာ အကျိုးပေးလို့လား မသိ။

ဈေးရောင်းကောင်းသည်။ တစ်နေ့ထက်တစ်နေ့ ရောင်းရငွေက သုံးလေးသိန်းမက။ တစ်ခါတစ်ရံ ငါးသိန်း၊ ခြောက်သိန်းအထိ။

ဈေးရောင်းခဲ့တာ တစ်နှစ်ကျော်ပြီ။ ကျွန်မလည်း ပထမဆုံးကိုယ်ဝန်လွယ်ထားခဲ့ရပြီပဲ။

* * *

သမီးကြီး ကြူကြူ နှစ်နှစ်သမီးအရွယ် အရောက်တွင် နောက်ထပ် ကိုယ်ဝန်ရှိလာသည်။

''ကိုအေးမင်း ဝေဝေတော့ နောက်ထပ်ကိုယ်ဝန် ရှိနေပြီ''

''ဟင်… တကယ်လား ဝေဝေ''

ကျွန်မ ရင်ခွင်ထဲမှာရှိနေသည့် သမီးကြီး ကြူကြူကို ကြည့်ရင်း ကိုအေးမင်းက အပြုံးများနှင့် ပြောလာသည်။ ဝမ်းသာအယ်လဲ ဖြစ်နေသည့်သဘော။

"ဟုတ်တယ်၊ သေချာတယ်။ မနက်ကပဲ ဆေးခန်းပြပြီး စမ်းသပ်ထားတာ"

ကိုအေးမင်းက ကျွန်မကို ပြုံးကြည့်ရင်း ကျေနပ်နေခဲ့သည်လေ။

"အင်းလေ။ သားသမီးဆိုတာ တစ်ယောက်တည်း ယူရင်လည်း မကောင်းဘူး။ အနည်းဆုံး နှစ်ယောက်၊ သုံးယောက်လောက်ယူမှ။ ဒီတစ်ခါ တစ်ယောက်မွေးပြီးရင် နောက်တစ်ယောက်"

"အိုး... ကိုအေးကလည်း၊ ဘာမှန်းလည်း မသိဘူး"

သားသမီး သုံးယောက်ယူမည် ဆိုသည့်သဘော ပြောလာသည့်အတွက် ကျွန်မက ကိုအေးမင်းကို မျက်စောင်းထိုးရင်း ရန်တွေ့ဟန် ပြုသည်။

"ဒီတစ်ယောက်ပဲ၊ နောက်တစ်ယောက် မလိုချင်တော့ဘူး"

ကျွန်မက တီးတိုးပြောသည်။ ကိုအေးမင်းက ခေါင်းမခါ ခေါင်းမညိတ်ဘဲနှင့် ပြုံးပြီးရင်းပြုံးနေသည်။ နောက်ရင်ခွင်ထဲရှိ သမီးကြီး ကြူကြူကို ဆွဲယူပွေ့ဖက်ပြီး နမ်းနေရှာသည်။ နောက်တော့ ကျွန်မ အနေဖြင့် ဈေးရောင်းရင်းတစ်ဖက်၊ ကိုယ်ဝန်အရင့်အမာ ဖြစ်လာသည်က တစ်ဖက်နှင့် သတိထားနေရသည်။ ရုံးမသွားခင်နှင့် ရုံးဆင်း အပြီးပြန်လာသည့် ကိုအေးမင်းက ဈေးကူရောင်းပေးသည်။ ပြီးတော့ ထမင်း ဟင်း ချက်ပေးခဲ့သေးသည်။

"ရပါတယ် ကိုအေးရယ်၊ ထားခဲ့ပါ။ ဝေဝေ ချက်လိုက်ပါ့မယ်နော်။ ရုံးကို သွားမှာသာသွားပါ။ စိတ်ချက်လက်ချ သွား"

"အို... ဝေဝေကလည်း၊ မပေါ့မပါးကြီးနဲ့ ထမင်းဟင်း ချက်နေတာကိုတော့ မကြည့်ရက်ဘူး"

"ခက်ပါ့ရှင် ကိုအေးရယ်"

သည်မျှအထိ အလိုက်တသိဖြင့် ကျွန်မအပေါ် ချစ်မြတ်နိုးခဲ့သည့် ကိုအေးမင်း။ မနက်ရုံးမသွားခင် ထမင်းဟင်းကအစ၊ ရေနွေးအိုးအထိ ကျိုပေးခဲ့ရုံမက ညနေရုံးဆင်းလာတော့လည်း ထမင်းဟင်း ခူးခပ်ကျွေးခဲ့သည့် ကိုအေးမင်း။နောက် ကျွန်မအဝတ်အစားများသာမက သမီးကြီးအဝတ်အစားများပါ လျှော်ဖွပ်ပေးခဲ့သူ။ ကျွန်မ ချိုးရေအတွက် ရေဆွဲပေးခဲ့သူ။ ကျွန်မကို အရိပ်တကြည့်ကြည့် ကြည့်နေခဲ့သည့်သူ။

နောက် ကျွန်မကိုယ်ဝန်သည် တစ်ရက်ထက် တစ်ရက်၊ တစ်လထက် တစ်လ ရင့်လာသည်။ မွေးဖွားဖို့ရက်က နီးသထက် နီးလာသည်။

"ဝေဝေ"

"ဘာလဲ ကိုအေး"

"သုံးလပဲ လိုတော့တယ်နော်"

"ဟုတ်တယ်၊ သုံးလလောက်ပဲ လိုတော့တယ်"

ကိုအေးမင်းက ကျွန်မဗိုက်ကို ကြည့်ရင်း ပြောနေသည်။ ကျွန်မ မီးဖွား ရက်နီးလေ ကိုအေးမင်း စိတ်လှုပ်ရှားလေ ဖြစ်နေပုံရသည်။

"ဒီတစ်ခါ သားလေးမွေးရင် ကောင်းမှာ"

"အို… ကိုအေးရယ်။ သားပဲဖြစ်ဖြစ်၊ သမီးပဲဖြစ်ဖြစ်၊ ဘာပဲမွေးမွေး ဝေဝေ ကတော့ ချစ်နေမှာပဲ"

"သမီးကြီး အဖော်ရအောင် သားလေးလိုချင်လို့ ပြောတာပါ ဝေဝေရာ၊ နော်"

"ဟုတ်ပါပြီတဲ့ရှင်"

မမြင်ရသေးသည့် ဒုတိယရင်သွေးအတွက် ကြိုတင်ရင်ခုန်ရင်း ကျွန်မတို့ လင်မယား အပြုံးတွေနှင့် စကားတွေပြောခဲ့သည်။ ကိုအေးက သားသားလေး လိုချင်သတဲ့။

သို့ဖြင့် မီးဖွားဖို့ တစ်လခွဲခန့်အလို…။

* * *

"မေမေ"

ငိုသံတစ်ဝက် ဖွက်ပြီးပြေးလာသည့် သမီးငယ်အသံကြောင့် ကျွန်မရဲ့ အတွေး များ ပြတ်သွားသည်။

"သမီးငယ်၊ ဘာဖြစ်လာတာလဲ။ မေမေ့ကို ပြောစမ်း"

သမီးငယ် မူမူက ကျွန်မဘေး ဝင်ထိုင်သည်။ ပြီးတော့ ငိုမဲ့မဲ့မျက်နှာပြင် ထက်မှ တောက်ပသော မျက်လုံးအစုံဖြင့် ကျွန်မကို ကြည့်သည်။ မျက်ရည်များကို သုတ်မပစ်သေးဘဲ ရှိနေသည်။ ကျွန်မက သမီးငယ်၏ မျက်ရည်များကို သုတ်ပေး လိုက်ရင်း အဖြေရှာသည်။

တကယ်တော့ သမီးငယ်မူမူနှင့် သမီးကြီးကြူကြူတို့ စကားများလာပြီး သမီးကြီးက ငေါက်လိုက် ဆူလိုက်ပုံရသည်။ တကယ်တော့ သူတို့နှစ်ယောက်က မတည့်ကြ။ သိပ်ပြီးမသင့်မြတ်ကြ။ အကြီးကလည်း အကြီးမို့ နိုင်ချင်သည်။ အငယ်မကလည်း အငယ်မမို့ ပြန်ပြောချင်သည်။

"ကဲ… သမီးအစ်မက ဘာပြောလိုက်ပြန်ပြီလဲ"

သမီးငယ်က ငိုရင်း ပြောလာသည်။

"ဘာပြောရမှာလဲ၊ ဒီနှစ် ဆယ်တန်းအောင်ရမယ်၊ အောင်,အောင် ကြိုးစားဆိုပြီး ပြောရင်း ငေါက်တယ်"

"အစ်မက သမီးကို ကောင်းစေချင်လို့ ပြောတာလေ"

"သူပြောတာက စေတနာမပါဘူး။ အကြီးဆိုပြီး ငေါက်ပြီးပြောတော့ အခံရခက်တာပေါ့။ ဒါ့ကြောင့် ပြန်ပြောတော့ အစ်မက သမီးကို စာအုပ်နဲ့ ပစ်ပေါက်တယ်"

ပြောရင်း သမီးငယ်မှုမှုက ငိုသည်။ ငိုရင်းတိုင်ပြော ပြောသည်။ သည်တော့ သမီးငယ်ကို နှစ်သိမ့်ရသည်။

"တိတ်ပါ သမီးရယ်နော်၊ သမီးကလည်း အစ်မဖြစ်သူကို ပြန်ပြီး မပြောရဘူးလေနော်"

"အစ်မက အကြီးဆိုပြီး အနိုင်ယူတာကိုး"

ကျွန်မ ဘာပြောရမှန်းမသိတော့။ တကယ်တော့ သမီးကြီးက ဆယ်တန်းအောင်လို့ ပထမနှစ် တက်နေသည့်အချိန်။ သမီးငယ်က ဆယ်တန်းပထမနှစ်။ သမီးကြီးသည် တက္ကသိုလ်တက်နေသည်မို့ အိမ်သို့ သိပ်မကပ်ရ။ အိမ်မှာက ကျွန်မနှင့် သမီးငယ်သာရှိသည်။ ကျွန်မက ဈေးရောင်း၊ သမီးငယ်က ကျောင်းတက်။ သမီးကြီးက တက္ကသိုလ်တက်ရင်း အဝေးကနေပြီး ကျွန်မတို့သားအမိဆီကို လှမ်းပြီး အမိန့်တွေ ပေးသည်။ မေမေ ဈေးရောင်း ကောင်းလား၊ နေကောင်းလား၊ ညီမလေး စာကျက်လား၊ ကျူရှင်မှန်မှန်တက်ရဲ့လား၊ ကျောင်းအချိန် မှန်မှန်သွားရဲ့လား စသည့် စကားများပို့ရင်း ကြီးကြပ်ခဲ့သည်။ ပြောရလျှင် လူငယ်ပေမယ့် လူကြီးစိတ်မွေးပြီး တည်တည်တံ့တံ့ နေထိုင်ခဲ့သည့် သမီးကြီး။ အပြောအဆို အနေအထိုင်ကအစ တကယ့်လူကြီးကြီးလို နေထိုင်ခဲ့သည့် သမီးကြီး။ သမီးငယ်အပေါ် ဆုံးမစကား ပြောရုံမက မိခင်ဖြစ်သည့် ကျွန်မအပေါ်မှာပင် ဘယ်အချိန် ရေချိုး၊ ဘယ်အချိန် ထမင်းစား၊ ဘယ်အချိန် ဘာဆေးသောက်၊ ဗိုက်နာရင် ဘာဆေး၊ ခေါင်းကိုက်ရင် ဘာဆေးသောက် စသည် စသည့်စကားတို့က သမီးကြီးရဲ့ဘာဝပေး။ အသိထဲက ထွက်လာသည့် စေတနာ စကားတွေမှန်း သိခဲ့ပေမယ့် အရွယ်တူ သမီးငယ်ကတော့ အစ်မဖြစ်သူရဲ့ ဆုံးမစကားကို အမိန့်ပေးစကားဟု ထင်နေသည်။

အခုလည်း ကျောင်းပိတ်တုန်း ခဏပြန်လာသည့် သမီးကြီးနှင့် သမီးငယ်တို့ ပြဿနာဖြစ်ပြီ။ ထိပ်တိုက်တွေ့ပြီ။ ဒီတော့ ညနေစာ ထမင်းဝိုင်းမှာတော့ ညီမ

နှစ်ယောက်အတွက် ပြေလည်အောင် ဆုံးမ စကားတွေ၊ ညီညွတ်ရေး ပုံပြင်လေးတွေ ပြောရင်း ငြိမ်းချမ်းရေး ယူရသည်။ သို့သော် သမီးကြီးကလည်း သူ့စကားကသာ အမှန်။ သမီးငယ်ကလည်း အစ်မတစ်ယောက်ရဲ့ အမှန်ပါဆိုသော စကားကို လက်မခံ။ ဒီစကားက စေတနာစကား မဟုတ်၊ အမိန့်ပေးစကား။ အာဏာရှင်စကား။ ဗဟိုဦးစီးစနစ်ရဲ့ စကားတဲ့။ တစ်သွေးတစ်သံတစ်မိန့် စကားတဲ့။

ဒီတော့ သမီးနှစ်ယောက် ငြိမ်းချမ်းရေး မရတော့ကြ။ ကြားထဲကနေ ခေါင်းခဲရသူတွေက ကျွန်မ။

မှန်သည်။ ဒီညီမနှစ်ယောက်သည် အတန်းငယ်ငယ် သုံးလေးတန်း ဘဝတုန်းက စိတ်ထားတွေက အပြိုင်ရယ်။ သူကသာသည်၊ ငါက သာသည်ဆိုပြီး အတွင်းစိတ်က မသိမသာ ယှဉ်ပြိုင်ခဲ့ကြသည်။ အကြီးကလည်း အကြီး၊ အငယ်အပေါ် နိုင်ချင်သည်။ အငယ်ကလည်း အငယ်၊ အကြီးအပေါ် သိပ်ပြီး မလေးစားချင်။ မာနလေးတွေက အပြိုင်။ မသိစိတ် လှုပ်ရှားမှုတွေက ကြောက်စရာ။

ကြာခဲ့ပြီ။

ခုဆိုရင် သမီးကြီးလည်း ဘွဲ့ရ၊ အစိုးရအလုပ် ဝင်။

သမီးလည်း တက္ကသိုလ် ဆက်တက်နေပြီ။

* * *

သမီးကြီးက ကျွန်မဆီကို ဖုန်းဆက်သည်။

"မေမေလား၊ ဟိုလေ ညီမလေး ဘွဲ့ယူရင် သမီးကြီး ပြန်လာမယ်။ ညီမလေးပျော်သွားအောင် မေမေရော သမီးပါ ဘွဲ့ယူတဲ့ဆီလိုက်ရင် ပိုအဆင်ပြေမှာ။ ဒီတော့ အဲဒီ ရက်အမီ သမီး ကျောင်းမှာ ခွင့်တင်ပြီး ပြန်ခဲ့မယ် မေမေ၊ နော်"

"အေး… အေး…။ ပြန်ခဲ့လေ။ သမီးကြီး ပြန်လာတော့ သမီးငယ် ဝမ်းသာနေမှာပေါ့။ ဓာတ်ပုံရိုက်တော့လည်း အဆင်ပြေတာပေါ့ သမီးရယ်။ မိသားစု စုံတာပေါ့နော်"

"ဟုတ်ကဲ့… မေမေ။ သမီး ပြန်ခဲ့မယ်နော်"

"အေး… အေး…"

သမီးကြီးနှင့် စကားပြောရင်း ကျွန်မ ပြုံးမိသည်။ တကယ်တော့ သမီးကြီးနှင့် သမီးငယ်သည် ကမ္ဘာ့ရန်ဘက်အလား သိပ်ပြီး မသင့်မြတ်ခဲ့။ မှတ်မိသေးသည်။ သမီးငယ် ဆယ်တန်းအောင်တော့ သမီးကြီးက ဂုဏ်ထူးနှစ်ဘာသာပဲပါလို့ သုံး

ဘာသာမပါလို့ ဆိုပြီးဆူခဲ့သည်။ ပြီးတော့ သမီးငယ် တက္ကသိုလ်တက်တော့ အဝတ်အစားက အစ ငွေရေးကြေးရေးအထိ ဘယ်လို သုံးစွဲရသည်၊ ဘယ်လိုဝတ်စားရသည်။ ဘယ်လို သွားလာရသည်၊ ဘယ်လို သူငယ်ချင်းများနှင့် နေရသည် စသည်တို့ကို ညွှန်ကြားခဲ့သည်။

"အဟင်း... မေမေတို့က နောကြေနေပြီ"

ဒီစကားတစ်လုံးကို သမီးငယ်က ပြောလိုက်သည်။ ဒီတော့ သမီးကြီးက သူ့ဆုံးမစကားကို ပြက်ရယ်ပြုရက်သလား ဆိုပြီး ရင်ဘတ်တွေထုရင်း ငိုတော့သည်။ ကျွန်မ ချော့ရသည်။ သမီးငယ်ကို ဆူရသည်။ တောင်းပန်ခိုင်းရသည်။ သမီးငယ်က ကျွန်မကို ကြောက်လို့ မတောင်းပန်ချင်ပဲ တောင်းပန်လိုက်သည်ကို အမှတ်ရသေးသည်။ သည်သို့ မျက်နှာချင်းဆိုင်ဖြစ်ရင် မကြာခဏ ရန်ဖြစ်ကြ၊ ပြန်ချစ်ကြ၊ စိတ်ကောက်ကြ၊ ထိပ်ပေါက်ကြနှင့် ဖြစ်နေသည့် သမီး နှစ်ယောက်။

ခုတော့ သမီးကြီးက အစိုးရဝန်ထမ်း။ နယ်တစ်နယ်မှာ ကျောင်း ဆရာမ တာဝန်ကျနေပြီ။ သမီးငယ်က ဒီနှစ်ဘွဲ့ရပြီ။ သမီးငယ် ဘွဲ့ယူသည့်အချိန်မှာ သမီးကြီးက ပြန်လာမယ်တဲ့။

တွေးရင်း ပြုံးမိသူက ကျွန်မ။

သို့ဖြင့် မကြာပါ။ သမီးငယ်ဘွဲ့မယူခင် နှစ်ရက်အလိုမှာ သမီး ကြီးပြန်ရောက်လာမည်ဖြစ်ကြောင်း ဖုန်းဆက်သည်။

"မေမေ၊ သမီး နှစ်ရက်လောက်နေရင် ပြန်ရောက်မယ် မေမေ။ဟို... ဘွဲ့ဝတ်စုံကိစ္စ သမီးကြီးလာမှ စီစဉ်ပေးမယ်လို့ ပြောထားနော်"

သမီးကြီးက ဝမ်းသာအားရ ပြောနေသည်။ ကျွန်မက ခွန်းတုံ့မပြန်သေး။

"မေမေ၊ မေမေ"

သမီးကြီးက ထပ်ခေါ်သည်။

"သမီးကြီး"

ကျွန်မက တိုးညင်းစွာဖြင့် တုံ့ပြန်သည်။

"မေမေ၊ ဟို... ဘာဖြစ်နေလို့လဲဟင်။ ဘယ်သူဘာဖြစ်လို့လဲ ဟင်"

သမီးကြီးက အလောတကြီး မေးလာသည်။

"စိတ်မကောင်းဘူး သမီးကြီး၊ ဟို... သမီးငယ်လေ...၊ ကျောက်ကပ် ရောဂါ ဖြစ်နေတာ၊ အဲဒါ ကျောက်ကပ်လဲရမယ်တဲ့"

"ဘာ..."

သမီးကြီးအသံက တုန်ခါသွားသည်။ အမြန်ပြန်လာမည်ဟု သမီးကြီးက ပြောရင်း စကားတစ်ခွန်း ထပ်ဆင့်ပြောလာသည်။

"ဖြစ်ရလေ ညီမလေးရယ်။ ဟို… ညီမလေးအတွက် ကျောက်ကပ် လဲရမှာလား မေမေ။ ဒါဆိုရင် သမီး ကျောက်ကပ်အစား ပေးမယ်"

သည်သို့ပြောခဲ့ပြီး ချက်ချင်းပြန်လာခဲ့သည့် သမီးကြီး။ ကျွန်မ ဖုန်းပြောနေသည့်အချိန် သမီးငယ်ဖြစ်သူ အနားမှာရှိနေသည်။ ကျွန်မတို့ သားအမိ စကားပြောနေသည်ကို သမီးငယ်ကြားသည်။

"ဘာလို့ လိမ်ပြောရတာလဲ မေမေရယ်"

"မှသားမပါ လင်္ကာမချောတဲ့"

"ကျောက်ကပ်ရောဂါ တကယ်ဖြစ်နေတယ် ထင်သွားပြီး။ မမ စိတ်ဆင်းရဲနေရှာမှာ"

သမီးငယ်က တွေးတွေးဆဆလေး ပြောသည်။ သမီးငယ်ပြောတာ မှန်သည်။ ကျွန်မ လိမ်လိုက်ရပြီ။ ဒီအတွက် သမီးကြီး စိတ်ဆင်းရဲသွားပြီ။ သောကတွေ ဖြစ်သွားပြီ။ သို့သော် အဖြေတွေ့သွားပြီ။ ညီအစ်မဟူသော သံယောဇဉ်ကို အချစ်၊ မေတ္တာတွေအတွက် အဖြေတွေ့သွားပြီ။

"အဖြေတွေ့သွားပြီလေ။ ဒါ့ကြောင့် အမေ ကျေနပ်တယ်"

"ဘာအဖြေလဲ မေမေ"

"ညီမလေးအတွက် အစ်မဖြစ်သူက ကျောက်ကပ်အစား ပေးမယ်တဲ့။ အဲဒါ သမီးလေးအပေါ် တကယ်ချစ်လို့ ဖြေခဲ့တဲ့စကားလေ"

ကျွန်မစကားကြောင့် သမီးက ပြုံးသည်။ ကျွန်မက ဆက်ပြီးပြောခဲ့သည်။

"တကယ်လို့ မေမေက သမီးကြီးမှာ ကျောက်ကပ်လဲရမယ် ဆိုပြီး သမီးငယ်ကို လိမ်ပြောရင်ရော သမီးငယ်က ဘယ်လိုအဖြေပေးမလဲ"

"အို…မေမေကလည်း…၊တကယ်ဖြစ်ကြည့်၊ မမအတွက် သမီးရဲ့ ကျောက်ကပ် တကယ်ပေးလိုက်မှာ"

"ဟုတ်ပြီ။ မေမေလိုချင်တာ အဲဒီစစ်မှန်တဲ့ မေတ္တာပဲသမီး။ ဒီတော့ သမီးတို့ အချင်းချင်း တစ်ယောက်နဲ့တစ်ယောက် သူနိုင်ငါနိုင် မာနတွေပြိုင်ရင်း တစ်ယောက်နဲ့တစ်ယောက် ကြက်ခေါင်းဆိတ်မခံ ပြောဆိုနေကြပေမယ့် အတွင်းမသိစိတ်က သံယောဇဉ် ဘယ်လောက် ကြီးမားတယ်ဆိုတာ သိသွားကြပြီ မဟုတ်လား"

"ဟုတ်"

နောက်တွင် သမီးကြီးဆီ ထပ်ပြီး ဖုန်းဆက်ရသည်။ ကျွန်မ စခဲ့သည့်ပြဿနာ ကျွန်မပဲရှင်းရတော့သည်။ သမီးငယ် ဘာမှုမဖြစ်ကြောင်း အကျိုးအကြောင်း အပြည့်အစုံ ပြောခဲ့ရသည်။ ဒီတော့မှ သမီးကြီးခမျာ ရယ်နိုင်ပြုံးနိုင် ဖြစ်သွားပြီး ညီမနှစ်ယောက် ဖုန်းနှင့် စကားတွေပြောရင်း ငိုနေကြရှာသည်။ ပြီးတော့ ပြုံးနေကြရှာသည်။

ထုအခါ သမီးငယ် မမွေးခင် ရုတ်တရက် ဆုံးသွားသည့် ကိုအေးမင်းကို သတိတရဖြစ်မိတော့ ကျွန်မရင်တွေ တုန်လှုပ်သွားသည်။

* * *

သို့သော် ကျွန်မသမီးနှစ်ယောက်ရဲ့ နားလည်မှု အပြုံးတွေကြောင့် သောကတွေအားလုံး ကျွန်မအပေါ် စိုးမိုးနိုင်မည် မဟုတ်တော့ကြောင်း နားလည်ခဲ့ပါပြီ…။

**စိန်မေရီလွင်မိုး**

❒

# နှလုံးသားတစ်စုံ၏ပင့်ရှိုက်သံ

## စိန်မေရီလွင်မိုး

မသေခင်လေးမှာ ဆရာမကို ခွင့်တိုင်ပြီးပြောပေးပါတဲ့။
တတွတ်တွတ် ပြောသွားသေးတယ်။
နောက် ငါနှုတ်ဆက်တာ
ဆရာမက ပြန်မပြောဘူးလို့လည်း
ကယောင်ကတန်းတွေ ပြောသွားတယ်..။

# နှလုံးသားတစ်စုံ၏ ပင့်ရှိုက်သံ

စိန်မေရီလွင်မိုး

ကျွန်မက သန်လျင်မြို့နယ်အပိုင် ကရင်ဆိပ်ရွာက အစိုးရမူလတန်းကျောင်းမှာ တတိယတန်းပြ ဆရာမတစ်ဦးပါ။ ကျွန်မ ဒီကျောင်းရောက်တာ သုံးနှစ် ရှိပြီ။ နှစ်စဉ် ကျွန်မအတန်းထဲ ရောက်လာကြတဲ့ ကလေးငယ်တွေကို ကောင်းကောင်း မွန်မွန် ပြုပြင်ထိန်းသိမ်း နိုင်ခဲ့ပါတယ်။ ဒါ့ကြောင့် စည်းကမ်းနဲ့ ပတ်သက်လို့ ကျွန်မ နာမည်ရခဲ့ပါတယ်။ ဒီနှစ် ကျောင်းစဖွင့်တာနဲ့ ကျွန်မအတန်းထဲက ကလေး တွေကို သူတို့လေးတွေ နာမည်နဲ့ အဖေ၊ အမေ နာမည်တို့ကို အချင်းချင်း မိတ်ဆက်စေတဲ့သဘောနဲ့ ပြောခိုင်းပါတယ်။

"ကျွန်တော့်နာမည်က မောင်ချိုပါ၊ ဖေဖေက ဦးတင်အောင်၊ မေမေနာမည် ဒေါ်တင်မေပါ" စသည်ဖြင့် တစ်ယောက်ချင်း ပြောခိုင်းပြီး အတန်းရဲ့နောက်ဆုံးခုံမှ ကျောင်းသားအလှည့် ရောက်လာပါတယ်။ အဲဒီ ကျောင်းသားဟာ ရုပ်ဆိုးလှ သည်မဟုတ်သော်လည်း ဝတ်ထားတဲ့အင်္ကျီနဲ့ဘောင်းဘီမှာ ဂျီးများနှင့် ညစ်ထေး နေပါတယ်။ ဆံပင်ကလည်း ကလေးနှင့်မလိုက်အောင် အနည်းငယ်ရှည်နေပါတယ်။ ကလေးငယ်က လေးလံစွာထပြီး...

"ကျွန်တော့်နာမည်က မြင့်သူပါ၊ မေမေက ဒေါ်ခင်မြပါ၊ ဖေဖေက.." ဆိုပြီးရပ်နေပါတယ်။ ဒီအချိန်မှာ သူ့ခုံရှေ့ မောင်သောကြာ ဆိုသောကလေးက

"ဟေ့ကောင် ဘာကြောင်နေတာလဲ၊ ပြောလိုက်လေကွာ၊ ကျွန်တော်အဖေက သူပုန်ကြီးပါ၊ သေသွားပြီလို့"ဟု နောက်လိုက်ရာ မောင်မြင့်သူခမျာ ဘာမပြော ညာမပြောနဲ့ မောင်သောကြာကို လက်သီးနဲ့ထထိုးလိုက်ပါတယ်။

"ကဲကွာ… ငါ့အဖေကြီးကို သူပုန်ကြီးလို့ပြောဦး"

"ခွပ်"

အဖြစ်အပျက်က မြန်ဆန်လွန်းပါတယ်။

"အို… ဟော့… ဟော့၊ မောင်မြင့်သူ အတန်းသားအချင်းချင်း ဒီလိုမလုပ်ရဘူးလေ၊ ကဲ… ကဲ… ဖိုးသောကြာကလည်း သူများကို ဒီလိုမပြောရဘူးနော်၊ မင်းတို့အားလုံး နောက်ကို ရန်ဖြစ်သံကြားလျှင် ဆရာမကြိမ်လုံးနဲ့ ရိုက်မယ်"

အင်း… ပွဲဦးထွက်တော့ ပြဿနာတစ်ခုကို စတင်ဖြေရှင်းနေရပါပြီ။ ဒီနှစ်တော့ စံချိန်ကျိုးပြီ ထင်ပါရဲ့… ။

* * *

တစ်နေ့ …။

"တပည့်တို့အားလုံး နာမည်ခေါ်ရင် မတ်တတ်ရပ်၊ လက်ပိုက်ပြီး ရှိပါတယ်ခင်ဗျာ၊ ရှိပါတယ်ရှင်လို့ ထူးရမည်နော်"

ကျွန်မ နာမည် စခေါ်လိုက်သည်။

"မောင်ကျော်"

ရှိပါတယ် ခင်ဗျာ။

"ဖိုးသောကြာ"

ရှိပါတယ် ခင်ဗျာ။

"မောင်မြင့်သူ"

ရှိပါတယ် ခင်ဗျာ။

အသံမှာ ကျောင်းခန်းထဲက အသံမဟုတ်ဘဲ အခန်းပြင်မှ အသံဖြစ်နေပါတယ်။ ကျွန်မအခန်းဝကို ကြည့်လိုက်တဲ့အခါ မောင်မြင့်သူခမျာ လွယ်အိတ်လေးကို စလွယ်သိုင်း၍ ပြေးလာသည်။ ဟိုကြည့်ဒီကြည့် ကြည့်တယ်။ နောက် စိုးရိမ်မကင်းတဲ့ မျက်နှာနဲ့ အခန်းထဲပြေးဝင်လာပြီး ထိုင်ချလိုက်တယ်။

"မောင်မြင့်သူ ဒီကိုလာစမ်း"

ကျွန်မ ခပ်ဆတ်ဆတ် ခေါ်လိုက်ပါတယ်။ ဒီတော့ မောင်မြင့်သူကလည်း ကြောက်ရွံ့ရွံ့နဲ့ ကျွန်မအနားလာပါတယ်။

"မောင်မြင့်သူ…၊ ဘာကြောင့်နောက်ကျနေတာလဲ၊ ပြောလေ… မောင်မြင့်သူ၊ ကျောင်းဘာလို့ နောက်ကျနေတာလဲလို့ ဆရာမ မေးနေတယ်"

ဒီတော့ မောင်မြင့်သူ မျက်ရည်များတွေ ပါးပြင်ပေါ် စီးကျလာပါတော့တယ်။ ကျွန်မ စိတ်မကောင်း ဖြစ်နေမိပါတော့တယ်။

"ဆရာမ မင်းကို ဆူတာ မဟုတ်ပါဘူးကွယ်၊ မင်းကို အချိန်မီရောက်လာဖို့ ပြောတာပါ၊ ယောကျ်ားဆိုတာ မျက်ရည်မကျရဘူးကွယ့်၊ ကဲ… တိတ် တိတ် ကိုယ့်နေရာကို သွားထိုင်တော့ သွား"

ကျွန်မက နာမည်ကို ဆက်ခေါ်လိုက်ပါတယ်။ နာမည်ခေါ်ပြီးခါနီးလောက်မှာ အတန်းရဲ့နောက်ဆုံးမှာ ရန်ပွဲတစ်ပွဲဖြစ်နေပြန်ပါပြီ။

"ဆရာမရေ… ဆရာမ၊ ဟောဒီမှာ ဖိုးသောကြာနဲ့မြင့်သူ ရန်ဖြစ်နေတယ်"

ကျွန်မရန်ဖြစ်တဲ့ နေရာကိုကြည့်ပြီး…

"ဟေ့… တော်ကြစမ်း၊ ရန်ဖြစ်တဲ့နှစ်ယောက် ခုလာခဲ့"

ကျွန်မခေါ်လိုက်ပါတယ်။ ကျွန်မက မျက်နှာကိုလည်း တင်းထားလိုက်ပါတယ်။ ဖိုးသောကြာနဲ့ မောင်မြင့်သူ ကျွန်မနား ရောက်လာပါတယ်။

"ကဲ… မင်းတို့ဘာဖြစ်လို့ ရန်ဖြစ်ကြတာလဲ၊ ဆရာမကို ပြောစမ်း"

ဖိုးသောကြာက မောင်မြင့်သူကို မကျေမနပ်နဲ့ကြည့်ပြီး

"ဒီကောင် ကျွန်တော့်ကို အရင်ထိုးတာ ဆရာမ"

အရင်ဦးအောင် ပြောလိုက်ပါတယ်။

ဖိုးသောကြာကို ကြည့်လိုက်တော့လည်း အပေါ်နှုတ်ခမ်း ဖူးရောင်နေတယ်။ သူတို့နှစ်ဦးမှာ အသက်ချင်းတူသော်လည်း မောင်မြင့်သူက အနည်းငယ်ထွားပါတယ်။ ဖိုးသောကြာက ခပ်ညှပ်ညှပ်ကလေး။

"မောင်မြင့်သူ…သူပြောတာ ဟုတ်လား၊ မင်းက စထိုးတာဆို၊ ဘာလို့သူများကို လက်သီးနဲ့ထိုးရတာလည်း"

ကျွန်မက မျက်နှာထားတင်းတင်းနဲ့ မေးလိုက်ပါတယ်။

"သူက ကျွန်တော့်ကို သူပုန်ကြီးသား၊ အကြော်သည်မရဲ့သားလို့ ပြောလို့ပါ"

မောင်မြင့်သူမှာ မျက်နှာငယ်ငယ်နဲ့ ဖြေလိုက်ပါတယ်။

ကျွန်မလည်း ဒေါသဖြစ်တာနဲ့ ဆုံးဖြတ်ချက်ဂုဲ အမြန်ချလိုက်တယ်။

"ကဲ… မင်းတို့နှစ်ယောက်စလုံးမှာ အပြစ်ရှိတယ်… လာခဲ့"

ကျွန်မက ဖိုးသောကြာကို တစ်ချက်ရိုက်ပြီး မောင်မြင့်သူကို နှစ်ချက်ရိုက်လိုက်ပါတယ်။ ဒီအချိန်မှာ မောင်မြင့်သူက ကျွန်မကို

"ဆရာမ သားစကားပြောချင်တယ်၊ သားစကားကို နားထောင်ပေးပါ ဆရာမရယ်" လို့ ဆိုလာတယ်။ ဒီအခါမှာ ကျွန်မအံ့အားသင့်ပြီး ဘာပြောရမှန်းမသိဖြစ်က…

"အေး… ပြော၊ ဆရာမ နားထောင်နေတယ်၊ မင်း ဘာပြောချင်တာလဲ"

"ဆရာမရယ် သားအဖေက တကယ်တော့ ဟင့်… ဟင့် သူပုန်ကြီး မဟုတ်ပါဘူး၊ တော်လှန်ရေးသမားကြီး တစ်ဦးပါ။ ဟင့် သားအမေပြောပြလို့ သိရတာတော့ အကြောင်းအမျိုးမျိုးကြောင့် ခဏတာ ရှောင်တိမ်းရင်း တောခိုရာ အလံနီဆိုပြီး နာမည်ကျော်စောခဲ့တာပါ။ အမှန်တော့ သားအဖေဟာ အလံနီခေါင်း ဆောင်ဆိုပေမယ့် မတရားတာ လက်မခံ၊ တရားတဲ့ဘက်ကနေ ရပ်တည်ပေးခဲ့ သူတစ်ယောက်ပါ ဆရာမ…။ ဒီစကားဟာလည်း သားအဖေက အဖေ့အတွက် ဂုဏ်ယူတတ်အောင် ပြောပြခဲ့လို့ သားမှတ်မိတာပါ ဆရာမ…."

မောင်မြင့်သူက ကျွန်မကို တရှိုက်ရှိုက်ငိုရင်း ပြောလာတယ်။ ဒီအခါလည်း ကျွန်မယုံရခက်ခက်နဲ့ ဘာပြောရမှန်းမသိ ကရုဏာ သက်သွားရပါတယ်။

"အေး… ဟုတ်ပြီ၊ နောက်ကိုတည့်အောင်နေ၊ ရန်မဖြစ်နဲ့၊ ရန်ဖြစ်တယ်ဆိုတဲ့ အသံကြားရင် ဒီ့ထက်ပိုရိုက်မယ်၊ အားလုံးကြားရဲ့လား"

"ဟုတ်ကဲ့ပါ ဆရာမ"

ကျောင်းမုန့်စားဆင်းချိန်ပြီး ပြန်တက်တဲ့အခါ ကျွန်မအတန်းထဲမှာ ကြည့်မိတော့ မောင်မြင့်သူ မရှိတော့။ အိမ်ပြန်သွားပြီး ထင်ပါတယ်။ ဒါ့ကြောင့် စိတ်ထဲမှာ ဒီကောင်လေးဟာ ကလေးတွေပြောသလို သူပုန်ရဲ့သားမို့ စည်းကမ်းမရှိ မိုက်နေတာနဲ့ တူတယ်။ သူပြော ပြတော့လည်း သနားစရာ။ ဟုတ်မှဟုတ်လား… ဆိုတဲ့ သို့လော၊ သို့လော အတွေးတွေ ဝင်လာပါတော့တယ်၊ ကျောင်းဆင်းလို့ အိမ်ပြန်ရောက်တဲ့ အထိ ကျွန်မ ဒီကလေးကို ဘယ်လိုဆုံးမရမလဲဆိုတာ စဉ်းစားရင်းနဲ့ ရင်လေးနေမိပါ တော့တယ်။

* * *

နောက်တစ်နေ့ ကျောင်းတက်တဲ့အခါမှာလည်း မောင်မြင့်သူကတော့ မနေ့က အတိုင်း ကျောင်းနောက်ကျပြန်ပါတယ်။ ကျွန်မကလည်း ဒီကလေးဆိုးကို ဒီနှစ် မထိန်းနိုင်ရင် နောင်တစ်ချိန် ဒီထက်ပိုဆိုးလာမှာ သိတဲ့အတွက် ဒီကလေးကိုပါ ဘီးလူးဆိုင်းတီးမှ ရတော့မယ်။ မောင်မြင့်သူမှာ ကျောင်းလာတိုင်းလည်း ကောင်း ကောင်းမွန်မွန် သန့်သန့်ရှင်းရှင်း ဝတ်တာမရှိ။ အခုလည်း ကိုယ်တော်ချောက ကျောင်းတက်ပြီးလို့ နာရီဝက်လောက်မှ ကျောင်းရောက်တယ်။ အမြဲနောက်ကျနေကြ ဖြစ်နေတယ်။

"ကဲ… မောင်မြင့်သူ ဒီကိုလာပါဦး"

ကျွန်မ မောင်မြင့်သူကို ခေါ်လိုက်တဲ့အခါမှာ ထုံးစံအတိုင်း သူကျွန်မဆီလာနေကျ မျက်နှာငယ်လေးနဲ့ ကျွန်မနားရောက်လာ…။ ကျွန်မကလေးတွေကို ရိုက်ချင်စိတ်မရှိပေမယ့် သူတို့လေးတွေ ဒီအတိုင်းလွှတ်ထားရင် နောင်အခါ ထိန်းမနိုင်သိမ်းမရ ဖြစ်မှာစိုး။ ဒါကြောင့် ဆူသင့်ရင်ဆူ၊ ရိုက်သင့်ရင် ရိုက်ရတော့တာပေါ့။

"မောင်မြင့်သူ… မင်းမနေ့က ဘာလို့မုန့်စားဆင်း အပြီးအိမ်ပြန်သွားတာလဲ၊ ဆရာမကို အကျိုးအကြောင်းလည်းမပြော၊ ခွင့်လည်းမတိုင်ပဲနဲ့၊ လမ်းမှာ မတော်တဆ မင်းတစ်ခုခုဖြစ်သွားရင် ဆရာမမှာ တာဝန်ရှိတယ်ကွယ့်…"

မောင်မြင့်သူရဲ့ မျက်နှာက မကြည်မလင်နဲ့ ညှိုးငယ်သွားပြီး ကျွန်မကကြည့်ရင်း စကားပြောလာပါတယ်။

"သူတို့ ကျွန်တော့်ကို စလို့ပါ၊ ကျွန်တော်ထပ်ပြီး ရန်မဖြစ်ချင်လို့ အိမ်ပြန်သွားတာပါ ဆရာမရယ်"

မောင်မြင့်သူက ဖိုးသောကြာတို့ဆီကြည့်ရင်း ဖြေပါတယ်။ ဖိုးသောကြာတို့က မောင်မြင့်ဆီကို မကျေမနပ် ကြည့်နေဆဲပါ။

"သြော်… မင်းတို့က သူ့ချည်းပဲ စနေကြတာကိုး၊ နောက်ကိုမစနဲ့၊ စတဲ့သူကို ကျောင်းအုပ်ဆရာမဆီ ပို့ပစ်မယ်၊ ကဲ… ဒီနေ့ကော မင်းဘာလို့ကျောင်းနောက်ကျတာလဲ…"

မောင်မြင့်သူ ဘာမှပြန်မဖြေပါ။ ဒီတော့ ကျွန်မလည်း ဘာမှမမေးတော့ဘဲ သူ့ရဲ့ခြေသလုံးကို ကြိမ်လုံးနဲ့နှစ်ချက် ရိုက်လိုက်ပါတယ်။ ဒီတစ်ခါမှ သူကလေးရဲ့မျက်နှာ ပိုညှိုးရော်သွားတာကို မြင်လိုက်ရတယ်။

"နေဦး… မောင်မြင့်သူ၊ မင်းနောက်ကို ကျောင်းလာရင် သန့်သန့်ရှင်းရှင်းဝတ်၊ ရေမိုးချိုးပြီးမှ ကျောင်းလာနော်။ မညစ်ပတ်ရဘူး၊ နားလည်လား၊ ဆရာမအတန်းထဲမှာနေတဲ့လေးဟာ ညစ်ပတ်တာ ဆရာမ မကြိုက်ဘူး…။ ကဲ… သွားသွား…"

မောင်မြင့်သူက ခေါင်းတစ်ချက် ညိတ်ပြီး ကျွန်မရှေ့ကနေ ထွက်သွားပါတယ်။ သူထိုင်နေကျ ထိုင်ခုံမှာ ဝင်ထိုင်နေရှာပါတယ်။

* * *

ဒီတစ်ခါ မုန့်စားဆင်းချိန် မောင်မြင့်သူ အိမ်မပြန်တော့။ ကျွန်မကတော့

အတန်းထဲမှာ ကလေးတွေ ကစားနေတာကို အကဲခတ်လေ့လာမိတယ်။ ကျွန်မ အတန်းထဲက အရာရှိသားသမီးတွေဖြစ်တဲ့ မောင်စန်းယုနဲ့အာကာတို့က ဘောလုံးကန်နေကြပါတယ်။ မာလာသန်းထွန်းတို့ သဇင်ပွင့်တို့ကတော့ ထုံးစံအတိုင်း ထုတ်စီးတိုးရင်း ငြင်းခုံနေကြရဲ့။ ဒါပေမယ့် မောင်မြင့်သူ တစ်ယောက်ကတော့ ကစားနေတဲ့ကလေးတွေအနီးမှာရှိတဲ့ သစ်ပင်အောက်မှာထိုင်လျက်…။ ဩော်… ဒီကလေးဘဝကလည်း ဘယ်လိုပါလိမ့်၊ ဟိုကလေးတွေကလည်းစ…။ ထစ်ခနဲဆို သူကလည်းချ…။ တစ်နေ့နေ့မှာတော့ သူ့အိမ်ကိုလိုက်ပြီး လေ့လာဦးမယ်လို့ ကျွန်မတွေးမိတယ်…။ ဒီလိုနဲ့ပဲ တစ်နေ့တော့ စာသင်ချိန် ကုန်ဆုံးသွားခဲ့ရပြန်ပါတယ်…။

ကျွန်မရဲ့ ကြိမ်လုံးဒဏ်ကို ကြောက်တာကြောင့် အတန်းထဲကလေးတွေဟာ မောင်မြင့်သူကို မစကြတော့ပါဘူး။ ဒီလိုနဲ့ပဲ အချိန်ကြာလာတာနဲ့အမျှ ကျွန်မရဲ့ စာသင်ခန်းထဲမှာ အတော် ငြိမ်သက်လာပါတယ်။ မောင်မြင့်သူလေးဟာလည်း ခါတိုင်းလို ကျောင်းနောက်မကျတော့။ ဒါပေမယ့် ဘယ်လောက်ပြောပြော၊ ပြောမရတာကတော့ ပေစုတ်စုတ်၊ ညစ်ပတ်ပတ်နဲ့ ကျောင်းလာနေတုန်းပါပဲ။ သူ့အိမ်ကလည်း ဂရုမစိုက်နိုင်ဘူးထင်ပါရဲ့။ တစ်နေ့တော့ ကျွန်မကျောင်းကို အလာ‥။

"ဆရာမ"

အသံလာရာကို လှည့်ကြည့်လိုက်မိတယ်။ ကျွန်မ အတန်းထဲမှာ အရာရှိတစ်ဦးသားဖြစ်တဲ့ အာကာပါ။ ကျွန်မဆီကို ပြေးလာပါတယ်။ ကျွန်မနဲ့အတူ ကျောင်းကို လာဖို့တဲ့လေ။ လမ်းလျှောက်လာရင်း မာလာသန်းထွန်းနဲ့ သဇင်ပွင့် တပည့်မလေးနှစ်ယောက်ကလည်း ကျွန်မရဲ့ဆွဲခြင်းကလေးကို သူကိုင်ချင်ငါကိုင်ချင် လုဆွဲရင်း အတူလာခဲ့…။ ကြည်နူးစရာ ခမ်းခရီးလေးပါ။ လမ်းတွေ့သမျှကလေးတွေက နှုတ်ဆက်ရင် ပြန်နှုတ်ဆက်ရတာလည်း အမောပါပဲ…။

ကျောင်းကိုရောက်တော့ မောင်မြင့်သူ အစောကြီးရောက်နေသည်ကို တွေ့လိုက်ရလို့ ကျွန်မ အံ့အားတသင့် ဖြစ်ခဲ့ရပါတယ်။ သူကလေးက ကျွန်မကို…

"ဆရာမ" လို့လှမ်းနှုတ်ဆက်ပါတယ်။ လက်ထဲမှာလည်း နှင်းဆီပန်းတွေရဲ့ရဲ လေးတစ်ပွင့်ကိုင်လို့…။ ကျွန်မရှိရာ တလှမ်းချင်း လျှောက်လာပြီး လက်ကလေးနှစ်ဖက်နှင့်ပေးပါတယ်။ ကျွန်မ လှမ်းယူလိုက်ရင်း သူ့အကြောင်းတွေနေတာမို့ နှုတ်မဆက်မိလိုက်ဘူး။ ဒါကြောင့်မို့လည်း သူကလေးမျက်နှာညှိုးသွားတာကို ဂရုမစိုက်လိုက်မိဘူး။ ကျွန်မရောက်ပြီး တစ်နာရီအကြာလောက်မှာ ကျောင်းတက်ခေါင်း

လောင်းထိုးပါပြီ…။ ကျွန်မလည်း ထုံးစံအတိုင်း ဘုရားရှိခိုး၊ မေတ္တာပို့၊ နာမည်ခေါ်ပြီး စာသင်ရပါတော့တယ်…။

ဒီနေ့စာသင်ရတာ ငြီးငွေ့မှာစိုးတာကြောင့် သူတို့လေးတွေကို ကျွန်မက ပုံပြင် ပြောပြပါတယ်။ ကလေးအားလုံးက ကျွန်မပြောတာကို စိတ်အပြောင်းအလဲဖြစ်ပြီး နားထောင်နေကြပေမယ့် မောင်မြင့်သူကလေးကတော့ စိတ်ဝင်ဟန် မတူပါဘူး…။ ကျွန်မပြောတဲ့ ပုံပြင်လေးဟာ ကလေးတွေ စိတ်ဓာတ်တက်ကြွစရာ ပုံပြင်လေး ဖြစ်ပေမယ့် သူ့မျက်နှာမှာ ညှိုးနေတယ်လေ။ သူ့မျက်ဝန်းထဲမှာအားငယ်ဖျော့တော့ နေပါတယ်…။

ဒီနေ့ တနင်္ဂနွေ၊ ကျောင်းပိတ်တယ်။ ဒီလိုနေ့မျိုးမှာပဲ ကျွန်မစိတ်ရောလူပါ အပန်းဖြေခွင့်ရတယ်လေ။ ခုနစ်ထွေ မင်းသမီးအဖြစ်ပေါ့။ ကျောင်းသားတွေကို ပြောရ၊ ဆိုရ၊ စာသင်ရ၊ ဆုံးမရနဲ့ ရင်ဝယ်သားပမာ တစ်နှစ်ထက်တစ်နှစ် ပိုပြီး သံယောဇဉ်တွယ်လာမိတယ်။ သူတို့လေးတွေ အရည်ချင်းရှိရှိ တစ်နှစ်တစ်တန်း အောင်စေချင်တယ်။ ဆန္ဒက ကျွန်မရင်ထဲမှာ ကိန်းအောင်နေတယ်လေ။ ဒါကြောင့် နည်းနည်းအမျိုး သုံး၍ အုပ်ချုပ်နေရ ဆိုဆုံးမရ၊ မြေတောင်မြှောက်ပေးရနဲ့ပေါ့။

တနင်္လာနေ့ ကျောင်းဖွင့်တဲ့နေ့…။ ဒီနေ့မောင်မြင့်သူတစ်ယောက် ကျောင်းနောက်ကျပြန်ပြီ ထင်တယ်။ အခုလည်းကျောင်းတက်လို့ တစ်နာရီပြည့်တော့မယ်။ ခုချိန်ထိအစအန မမြင်ရသေးဘူး။ ကျောင်းမှ တက်ပါ့မလားမသိ၊ ခွင့်လည်းမတိုင် လမ်းမှာပဲ ဘာဖြစ်နေလို့လဲပမသိ၊ ကျွန်မမောင်မြင့်သူအတွက် အမျိုးမျိုးတွေးပူမိပြန်တယ်။ အဲသလိုနဲ့ ကလေးတွေကို စာသင်၊ ပုံပြောနဲ့ပဲတစ်နေ့တာ ကုန်ဆုံးသွားစေခဲ့တယ်လေ‥။

* * *

နောက်တစ်နေ့ ကျောင်းဖွင့်တဲ့ရက်မှာလည်း ကျွန်မကလေးတွေနဲ့အတူ ကျောင်းကိုလာခဲ့တယ်။ ကျောင်းတက်လို့ စာသင်ခန်းရောက်လာပေမယ့် မောင်မြင့်သူတစ်ယောက် အရိပ်အယောင်တောင် မတွေ့ရ၊ ခွင့်စာလည်းမတိုင်တဲ့အတွက် မေးမိသွားတယ်။

"ကဲ‥ တပည့်တို့၊ မောင်မြင့်သူ အိမ်နဲ့ဘယ်သူနီးတာလဲ"

"ကျွန်မ နီးပါတယ် ဆရာမ"

တပည့်မလေးတစ်ဦးက မဆိုင်းမတွ ထပြီးဖြေတယ်။

"သူက ဘာလို့ ကျောင်းမတက်တာလဲကွယ်.. သိလား"

"မနေ့က သူ ကားတိုက်ခံရလို့ ဆရာမ"

"ဟင် ဟုတ်လား"

ကျွန်မရဲ့ နှလုံးသားမှာတော့ ဖော်မပြနိုင်လောက်အောင်တုန်လှုပ်သွားပါတယ်။

"ဘာ... ဘာများဖြစ်သွားသေးလဲကွယ်"

"ဒဏ်ရာရသွားတယ်လို့ ပြောပါတယ် ဆရာမ၊ သမီးလည်း မမြင်ပါဘူး"

"အို... ဘုရား... ဘုရာ... တပည့်တော်ရဲ့ကလေးလေး ကံကောင်းပါစေ၊ ဘာမှမဖြစ်ပါစေနဲ့"

ကျွန်မ ကျောင်းဆင်းခေါင်းလောင်းထိုးတာနဲ့တစ်ပြိုင်နက် တပည့်တစ်ယောက်ကိုခေါ်ပြီး အခြေအနေကိုမေးဖို့ မောင်မြင့်သူတို့ အိမ်ကိုလိုက်သွားပါတယ်။ အိမ်ကိုရောက်သွားတဲ့အခါမှာတော့ ကျွန်မရင်ဝကို ဆို့နင့်သွားတဲ့အရာတစ်ခုက ဆီးကြိုလို့နေပါတယ်။ အဲဒါကတော့ မောင်မြင့်သူရဲ့ အိမ်ရှေ့မှာ ကနဖျင်းထိုးထားတာကိုတွေ့လိုက်ရပါတယ်။ ကျွန်မ သိလိုက်ပါပြီ။ ကျွန်မ တပည့်လေး လူ့လောကကြီးထဲက စောစောစီးစီး အပြီးထွက်ခွာသွားရပါပြီ။ ကျွန်မမောင်မြင့်သူ အမေရှိရာ တဲအိမ်ကလေးအတွင်းကို ငိုပြီးဝင်သွားခဲ့ပါတယ်။

"မောင်မြင့်သူ ဆရာမထင်ပါရဲ့၊ ဒီဖျာပေါ်မှာ ထိုင်ပါဆရာမ၊ ဆရာမတပည့် မရှိတော့ဘူး ဆရာမရယ်..."

ပြောပြောဆိုဆို မောင်မြင့်သူရဲ့အမေက ငိုပါတော့တယ်။

"အောင်မလေး... သားလေးရယ် မင်းဆရာမလာတယ်လေ... ဟီး... ထကြည့်ပါဦးသားလေးရဲ့၊ ထထိုင်ပြီး စကားပြောဦးလေ...၊ အမေ့ကို တစ်ယောက်တည်းထားခဲ့ပြီးလား၊ အမေ ဘယ်လိုနေရမလဲ သားလေးရယ် ဟီး..."

တပည့်လေးရဲ့အမေ တရစပ်ပြောဆိုနေသည့်အသံကို ကြားရတဲ့ကျွန်မဟာ မချိတင်ကဲဖြစ်ပြီး စိတ်မထိန်းနိုင်သူမို့ ငိုခဲ့ရပါတယ်...။

"သူ... ဘယ်လိုဖြစ်တာလဲ ဒေါ်ဒေါ်"

"တမြန်နေ့က ဆရာမရယ်၊ သူ့အတန်းထဲက သဇင်ပွင့်ဆိုတဲ့ကောင်မလေးကို ကားတိုက်မလို့ဖြစ်သွားတာ၊ သူကတွေ့တော့ အတင်းဆွဲတွန်းဖယ်လိုက်တာ။ ကားသမားက အရက်လေးတမြမြနဲ့ မောင်းလာတာလေ...၊ ကောင်မလေးကို မတိုက်ဘဲ သူ့ကို တိုက်မိသွားတာ... ဆရာမရဲ့။ ကျွန်မတို့က အမေတစ်ခု သားတစ်ခုလုပ်ထားရတာပါ ဆရာမရယ်...။ သူ့အဖေရဲ့က သားကိုအမြဲတမ်းလွမ်းမိုးနေတယ်လေ...။

သူပုန်သား… ခဝါသည်မသားဆိုပြီး အနှိမ်ခံရပါတယ်။ တကယ်တော့ ကျွန်မတို့က အကြောင်းမျိုးမျိုးနဲ့ တောခိုခဲ့ဖူးပါတယ်…။ ခဏာရှောင်တိမ်းရာက အဆင်မပြေတော့လို့ အလင်းပြန်ဝင်ချင်တော့လည်း အခြေအနေက မပေးဘူးဆရာမရယ်…။ တစ်နေ့ အိုးရဲ့ ကျွန်မတို့ တပ်တွေတိုက်ပွဲဖြစ်ပြီး ကျွန်မယောကျ်ားဖြစ်သူ ကျဆုံးခဲ့ပါတယ်။ ကျွန်မတို့ အမျိုးတစ်စုဟာလည်း ဒါကိုအခွင့်ကောင်းယူပြီး အလင်းဝင်ခဲ့ပါတယ်။ အခုအိမ်မှာ အဝတ်လေးလျှော်၊ တနိုင်တပိုင် ဈေးလေးရောင်းလို့ စိတ်ချမ်းသာမယ် မရှိသေးဘူး။ သားလေးက ကျောင်းစတက်ကတည်းက သူ့အဖေရဲ့အမည်းစက်က သူ့ကို စွန်းထင်စေခဲ့တယ်ရှင်…"

မောင်မြင့်သူ မိခင်ငိုနေပြန်ပါတယ်။

"နောက်ပြီး သားက ဆရာမအကြောင်း တစ်နေ့တစ်မျိုး မရိုးအောင်ပြောပြပါတယ်။ ဆရာမကို သူသိပ်ချစ်တဲ့အကြောင်း ဆရာမသာ အမေဖြစ်ရင် ကောင်းမှာပဲတဲ့ ဆရာမရယ်။ ပုံပြောကောင်းတဲ့ သူ့ဆရာမအကြောင်းကို ပြန်လာတာနဲ့ ပြောတာပဲ…။ ကျွန်မကလည်း သားလေးပြောတာကို နားထောင်ရင်း အမောဖြေရတာပါရှင်…။"

"တစ်နေ့ ဖိုးသောကြာနဲ့ ရန်ဖြစ်လို့ ဆရာမရိုက်လာတုန်းက တစ်နေ့လုံး ဆရာမအကြောင်း မပြောတော့ဘူး။ ငေးငိုင်နေလို့ ကျွန်မ ဘာဖြစ်နေလဲလို့ မေးကြည့်တော့ ဘာမှမဖြေဘူး…။ သူ့ခြေသလုံးကို ကြည့်လိုက်တော့ အရိုးရာနှစ်ခု တွေ့တယ်လေ…။ နောက်တစ်နေ့ မနက်ကျတော့ ဖိုးသောကြာအမေက ကျွန်မသားကြောင့် သူ့သားအရိုက်ခံရတာ… သူ့သားနဲ့လာမပေါင်းပါစေနဲ့ဆိုပြီး ပြောဆိုသွားတယ်။ ကျွန်မကတော့ ငါတို့ သားအမိနှစ်ယောက်ရဲ့ အတိတ်ကံတွေ မကောင်းခဲ့လို့ဆိုပြီး ကောင်းအောင်ပိုကြိုးစားပြီး နေပါတယ် ဆရာမရယ်။ သားလေးဟာ စိတ်သဘောထားကောင်းပါတယ်။ ကျွန်မ အဝတ်လျှော်ရင် သူ ရေခွဲပေးတယ်။ ကျွန်မ ဈေးရောင်းရင် သူဝိုင်းကူ ရောင်းပေးပြီးမှ ကျောင်းကိုမနည်းမီအောင် ပြေးတက်သွားရတာပါ ဆရာမရယ်..။ အဲဒီနေ့ကလည်း သားကျောင်းကို အမီသွားပါရစေ နော်တဲ့၊ ဆရာမက ကျောင်းနောက်ကျရင် မကြိုက်ဘူးဆိုပြီး ခါတိုင်းထက်စောထွက်ပါတယ်။

တစ်ခါခါကျတော့လည်း ဝယ်သူများလို့ ကူရောင်းပေးရင်း နောက်ကျတာပါ။ ခုမနက် ငါးနာရီမှာ ဆုံးသွားပါတယ် ဆရာမရယ်။ မသေခင်လေးမှာ ဆရာမကို ခွင့်တိုင်ပြီးပြောပေးပါတဲ့။ တတွတ်တွတ် ပြောသွားသေးတယ်။ နောက် ငါ့နှုတ်ဆက်တာ ဆရာမက ပြန်မပြောဘူးလို့လည်း ကယောင်ကတန်းတွေ ပြောသွားတယ်..။ ဆရာမကို သားသားချစ်တယ်၊ သူများတွေလို သားကိုလည်း ချစ်ပါဆရာမရယ်လို့

ပိုးတဝါး မပီတပီ စကားလုံးတွေပြောရင်း အသက်ထွက်သွားတာ ပါ·· ဆရာမရဲ့"

ပြောရင်း မိခင်ဖြစ်သူက ငိုနေပါတော့တယ်။ ဒီတစ်ခါ တသိမ့်သိမ့် ရှိုက်ငို ရင်း မျက်ရည်ကျသူက ကျွန်မပါ။ သည်နောက် မောင်မြင့်သူရဲ့ ဈာပနာအတွက် ငွေသုံးထောင်ကိုကူပြီး အိမ်ပြန်ခဲ့ပါတယ်···။

* * *

ဒီနေ့ ကျွန်မ မနက်အစောကြီး လေးနာရီ နိုးနေတယ်။ ကျောင်းတက်ရမှာ ဆွေးတမြည့်မြည့်နဲ့မို့ စိတ်မပါသလိုပါပဲ။ အိပ်ရာမှ အစောကြီးထ မြတ်ဗုဒ္ဓကို ဆွမ်း၊ ရေချမ်းကပ်၊ ပန်းရေလဲပြီး ဝေနေယျအားလုံးနဲ့ တပည့်လေးကောင်းမွန်ရာ ရောက်စေကြောင့် ဆုတောင်း၊ အမျှဝေပြီး ပြတင်းပေါက်တံခါးကိုဖွင့် အဝေးကို ငေးပြီး တွေးနေမိပါတယ်။ မနက်အရုဏ်ဦးရဲ့ အလှကတော့ ကျက်သရေမင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပြီး ချမ်းမြေ့စရာ၊ အိမ်နဲ့မလှမ်းမကမ်းမှာရှိနေတဲ့ "သာယာအေး စေတီ"မှ ပြန်လွှင့်လာတဲ့ဆွဲလည်းသံလည်း တချွင်ချွင်···။ နွေရာသီရဲ့ အလွမ်းဘွဲ့ကို ကြိုဆိုသီဆိုနေတဲ့ ဥသြငှက်တစ်ကောင်ရဲ့ သီဆိုသံတွေကို ကြားနေ့ရတာ သာယာ သလိုရှိပေမယ့် ကျွန်မရဲ့ရင်ထဲမှာ မချမ်းမြေ့နိုင်ပါဘူး···။

ကျွန်မကတော့ သာယာ အေးစေတီလေးကို ပြတင်းပေါက်ကနေ အာရုံပြုရင်း "သားလေး မောင်မြင့်သူ အေးချမ်းသာယာတဲ့ ဘဝလေး ရယူနိုင်ပါစေတော့၊ ခုတော့ မင်းရဲ့ ရုန်းကန်းလှုပ်ရှားရတဲ့ဘဝလေးကို ဆရာမသိခဲ့ရပြီကွယ်၊ ဒါပေမယ့် နောက်ကျ သွားပါပြီ ကလေးရယ်။ ဆရာမကိုယ်တိုင်က မင်းကို လူဆိုးလေးလို့ မြင်မိတာ ခွင့်လွှတ်ပါကွယ်။ တစ်နေ့မင်း နှင်းဆီပေးတုန်းကလည်း ဆရာမ အတွေး လွန်သွားလို့ပါ၊ ဆရာမမှာ ကျောကသားလည်းသား၊ ရင်ကသားလည်းသားပါပဲ···။ ကျောသား ရင်သားမခွဲခြားပါဘူး ကလေးရယ်···။ ဒီဘဝမှာ သိမ်ငယ်စိတ်အပြည့်နဲ့ ရေငုံနှုတ်ပိတ်ပြီး အရှုံးပေးခဲ့ရတဲ့အဖြစ်မျိုးကို နောင်ဘဝဆက်တိုင်း မင်းလေးတစ် ယောက် မတွေ့ကြုံပါစေနဲ့လို့ ဆရာမဆုတောင်းနေပါတယ် ကလေးရယ်···"

တွေးရင်းနဲ့ ဆွေးမြည့်ကြေကွဲစရာ အဖြစ်ဆိုးကို အဝေးကို နှင်လွှတ်ခဲ့ပေမယ့်· နီးသထက် နီးလာတဲ့ မောင်မြင့်သူရဲ့ အဖြစ်ဆိုးက ကျွန်မကို ထပ်ဆင့် နှိပ်စက်နေ ဆဲပဲလေ။

ဘာပဲဖြစ်ဖြစ် ကျွန်မရဲ့ချစ်တပည့်လေး မောင်မြင့်သူရဲ့ ချစ်စရာအပြုံးလေး ရှိနေတတ်တဲ့ မျက်နှာလေးနဲ့ သူတို့ရဲ့ ရိုးရှင်းတဲ့ ဘဝပုံရိပ်တွေကိုတော့ ကျွန်မနှလုံး သားအစုံထဲမှာ သိမ်းဆည်းထားရတော့ မယ်လေ။ တကယ်···။

**စိန်မေရီလွင်မိုး**

# ခိုင်လေး ရေးမိသော ကဗျာတစ်ပုဒ်

ခိုင်မိုးသူ

နိုင်လေးနွယ်သည်
တကယ်တော့ နိုင်ငံရေးသမား မဟုတ်ပေ။
သို့သော် တကယ်တမ်း သစ္စာရှိရှိ
အနစ်နာခံ လုပ်ဆောင်သော
နိုင်ငံရေးသမားများကို အားကျလေ့ရှိသည်။

# ခိုင်လေး ရေးမ်ဒသာ ကဗျာတစ်ပုဒ်

349 ,,

ခိုင်မိုးသူ

တကယ်တော့ သန်လျင်မြေသည် ဆရာမဒေါ်ခိုင်လေးနွယ်အတွက် မစိမ်းလှပေ။ သို့သော် ဆရာမဒေါ်ခိုင်လေးနွယ် မရောက်သည်မှာ (၂၅) နှစ် ကျော်လေပြီ။ သို့အတွက် သန်လျင်၏ တိုးတက်ပြောင်းလဲလာမှုက ဒေါ်ခိုင်လေးနွယ်အား သူစိမ်းဆန်စွာ ဆက်ဆံနေသည်။ ယခင်က သီတာသဘော်အိုကြီးကို တအိအိစောင့်စီးမှ ရန်ကုန်သို့ရောက်နိုင်သော်လည်း ယခုအခါတွင် ပဲခူးမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော သန်လျင်တံတားကြီးနှင့် ပုဇွန်တောင်ချောင်းကိုဖြတ်၍ ဆောက်ထားသော ဗန္ဓုလတံတားတို့၏ အကျိုးကျေးဇူးကြောင့် နာရီဝက်အတွင်း ရန်ကုန်မြို့အတွင်းသို့ ရောက်နိုင်သည့်အဆင့် ဖြစ်လာခဲ့သည်။ ယခင်က မြင်းလှည်း၊ ချက်ပလက် ဗိုက်ပူကားများအစား ယခုအခါ ဆိုင်ကယ်၊ ကားတို့ တဝီဝီ…။ ယခင်က တက္ကသိုလ်ဆို ရန်ကုန်သွားတက်နေရသော သန်လျင်သားတွေအဖို့ ယခုအခါ ရန်ကုန်သားများကတစ်လှည့် သန်လျင်မြေတွင် လာရောက်တက်ရသည့်ဘဝ။ အရာရာသည် ယခင့်ယခင် သန်လျင်နှင့် လုံးဝ လုံးဝ မဆိုင်တော့ပေ။

ခိုင်လေးနွယ်၏ဖခင်မှာ လူဝင်မှုကြီးကြပ်ရေးမှ ဝန်ထမ်းတစ်ယောက် ဖြစ်သည့်အားလျော်စွာ ဖခင်တာဝန်ကျရာမြို့သို့ ခိုင်လေးနွယ်မိသားစုတို့မှာ မြန်မာပြည်အနှံ့ လိုက်လံပြောင်းရွှေ့ နေထိုင်ခဲ့ရသည်။ သန်လျင်မြို့တွင် ဖခင်ဖြစ်သူ လေးနှစ်တာဝန်ထမ်းဆောင်ခဲ့ရသည်။ ခိုင်လေးနွယ်သည် ဒုတိယတန်းမှ ပဥ္စမတန်း ရောက်သည့်အထိ သန်လျင်မြေပေါ်တွင် ကြီးပြင်းခဲ့ရသည်။ ပဥ္စမတန်း အောင်မြင်ပြီးသော်

ဖခင်တာဝန်ကျရာ မြင်မူသို့ ပြောင်းခဲ့ရပြန်သည်။ ထိုမှတစ်ဆင့် မြေလတ်ဒေသ ပြည်မြို့။ ပြည်မြို့မှာပင် ခိုင်လေးနွယ် ဆယ်တန်းအောင်မြင်ခဲ့သည်။ ဆယ်တန်း အောင်ပြီး မိဘတို့၏ဆန္ဒအရ ဘီအီးဒီတက်ကာ ကျောင်းဆရာမ ဝင်လုပ်ခဲ့သည်။

အလုပ်ရရချင်း ဘားအံမြို့။ ဘားအံမြို့တွင် (၇) နှစ်နီးပါး တာဝန်ထမ်း ဆောင်ခဲ့ပြီး ထို့နောက်မှ အပြောင်းအရွှေ့ကို မိဘများရှိသော ပြည်မြို့နှင့် အမေ့ညီမ ရှိသော သန်လျင်မြို့သို့ပြန်တင်ရာ ခိုင်လေးနွယ် ငယ်စဉ်က ပညာရည်နို့သောက်စို့ ခဲ့သော သန်လျင်မြို့ကို ရရှိခဲ့သည်။ သန်လျင် ပြန်ရောက်လာ၍ ငယ်သူချင်းဟောင်း များ၊ ငယ်ဆရာများ၊ မိတ်ဆွေဟောင်းနှင့် ပြန်ဆုံရခြင်းအတွက် ခိုင်လေးနွယ်အဖို့ အထူးပျော်ရွှင်ကျေနပ် နေမိပြန်သည်။ ထို့ပြင် ဖခင်ဖြစ်သူ သန်လျင်တွင် တာဝန် ကျစဉ်က သန်လျင်သားနှင့် အိမ်ထောင်ကျပြီး သန်လျင်မြေပေါ်တွင် ကျန်ရစ်ခဲ့သော ခိုင်လေးနွယ်၏ အချစ်တော် အန်တီမေလေး (ခေါ်) ဒေါ်ခင်မေသန်းကြောင့်လည်း ခိုင်လေးနွယ် သန်လျင်ကို တစ်ခေါက် ထပ်မံရောက်လာခဲ့သည်ဟုဆိုလျှင်လည်း မှားမည်မထင်။ သားသမီးမရှိသော အန်တီမေလေးတို့ ဇနီးမောင်နှံက ခိုင်လေးနွယ် ကို သမီးအရင်းသဖွယ် ချစ်ခင်ကြသည်။ ခိုင်လေးနွယ်အတွက် အစစအရာရာ လိုလေသေးမရှိ ဆောင်ရွက်ပေးတတ်ကြသည်။ ခိုင်လေးနွယ် သန်လျင်သို့ရောက် လာမည့်အသံ ကြားကတည်းက ခိုင်လေးနွယ်အတွက် အန်တီမေလေး၏ အမျိုးသား ဦးလေးစံသိန်းက ဆိုင်ကယ်တစ်စီး သီးသန့် စီစဉ်ပေးထားသည်။ ကျောင်းသွားရန် အတွက် ခိုင်လေးနွယ်ကို အန်တီမေလေးကိုယ်တိုင် ကလေးငယ်သဖွယ် ထမင်း ချိုင့်ကိုကိုယ်တိုင် ထည့်ပေးတတ်သည်။

*

ဆရာမဒေါ်ခိုင်လေးနွယ် ထမင်းချိုင့်ကို ဆိုင်ကယ်ရှေ့ခြင်းတွင်ထည့်ကာ ဆောင်းနံနက်ခင်း၏ နှင်းမှုန်များကြားတွင် ဆိုင်ကယ်ကို ဖြည်းညင်းစွာမောင်းနှင် လာခဲ့သည်။ သန်လျင်ဆေးရုံကြီး၏ အောက်ကွေ့နားတွင် လမ်းဘေးမချဘဲ အရှိန် နှင့် မောင်းလာသော လိုင်းကားတစ်စီးကြောင့် ခိုင်လေးနွယ် မိမိဘာသာ လမ်းဘေး သို့ရှောင်တိမ်းလိုက်သည်။ ခဏချင်းမှာပင် ခိုင်လေးနွယ်၏ မျက်စိရှေ့တွင် တုတ် ကောက်တစ်ချောင်းဖြင့် လမ်းဘေးကပ်လျှောက်နေသော အဘိုးအိုတစ်ဦး၏ နောက် ကျောကို ၂ွားခနဲ လှမ်းမြင်လိုက်ရသည်။ ရုတ်တရက်မို့ ခိုင်လေးနွယ်သည် လက်ကိုင်လီဘာကို လျှော့ကာ ခြေနင်းဘရိတ်နှင့် လက်ဘရိတ်ကိုပါ အစုံလိုက် အသုံးပြုလိုက်မိသည်။

ဆိုင်ကယ်သည် ဘရိတ်အလွန်မိသွားပြီး အဘိုးအိုနှား မရောက်မီ တစ်ပေခန့်အလိုတွင် ထိုးရပ်သွားပြီး မြက်ခင်းသို့ အသားအယာစောင်းလျက် ဖြည်းညင်းစွာကျသွားသည်။ အဘိုးအိုကိုတော့ မတိုက်မိလိုက်ပေ။ သို့သော် အန့်တီမေလေး ထည့်ပေးလိုက်သော ထမင်းချိုင့်မှ ဟင်းအဆီအနှစ်များ အားလုံးသည် ခြင်းထဲတွင် အတူထည့်ထားသော စာရွက်များအား စွန်းထေးသွားကုန်၏။

"အမယ်လေး… ငါ့စာရွက်တွေက သွားပါပြီ…"

ခိုင်လေးနွယ်မှာ မိမိဒဏ်ရာကို သတိမထားရဘဲ မိမိစာရွက်များ ဆီစွန်းသွားသည်ကို မြင်လိုက်ရ၍ နှာမြောတသသဖြင့် နှုတ်မှရေရွတ်လိုက်သည်။ ပြီးမှ

"အား… ကျွတ်… ကျွတ်"

ဟု ပါးစပ်မှ မသိမသာ ရေရွတ်ကာ ညာဘက်တံတောင်ဆစ်ကို အသာအယာ ပွတ်သပ်နေမိသည်။

"ဆရာမ… ဘယ်နေရာ နာသွားသေးသလဲ၊ ကျွန်တော် ဘာကူညီပေးရမလဲ"

ရုတ်တရက် အမေးကြောင့် ခိုင်လေးနွယ်မှာ အသံရှင်ကို မော့ကြည့်လိုက်မိသည်။ ထိုသူမှာ သူ့ကြောင့် ဆိုင်ကယ်မှောက်သည်ကို သိဟန်မတူပေ။ ခိုင်လေးနွယ် ထင်ထားသလို အသက်အလွန်မင်းကြီးလှသူ မဟုတ်ဘဲ အသက် (၄၀)ကျော် (၅၀) နီးပါးမျှသာ ရှိပေမည်။ ခဏချင်းပင် ထိုသူ၏ ရုပ်ကို မြင်ဖူးသလို၊ သိဖူးသလို၊ ရင်းနှီးသလို ခံစားလိုက်ရသည်။

ထိုသူက ခိုင်လေးနွယ်၏ ဆိုင်ကယ်ကို ပြန်ထူပေးရင်း ခြင်းထဲမှ ထမင်းချိုင့်နှင့် စာရွက်များကို ပြန်လည်ပြီး ထည့်ပေးနေသည်။

"ကျွန်မ လက်နည်းနည်း နာရုံသွားလေးပါ… ဦးလေး"

ခိုင်လေးနွယ်က မိမိ၏ နာကျင်မှုကို ပွတ်နေရင်းပြောလိုက်မိသည်။

"လက်နာသွားရင် ခဏစောင့်နော် ဆရာမ၊ ကျွန်တော့် အခန်းမှာ ဆေးသွားယူလိုက်ဦးမယ်"

ဟုဆိုကာ ပြောပြောဆိုဆို ထိုသူသည် အနီးတွင်ရှိသော တောင်ပိုင်းခရိုင် NLD ရုံးထဲသို့ ဝင်သွားသည်။

(၅) မိနစ်ခန့်ကြာသော် ဒဏ်ကြေလူးဆေးတစ်ဘူးကို ကိုင်ကာ ထိုသူ ပြန်ထွက်လာသည်။

"ရော့ ဆရာမ ဒါလေးလူးလိုက်ပါ"

ဟု သူက ဒဏ်ကြေလိမ်းဆေးတစ်ဘူးကို လှမ်းပေးလိုက်သည်။

ခိုင်လေးနွယ်က ဆေးဘူးကိုယူကာ မိမိတံတောင်ဆစ်အောက်ကို လူးလိုက်သည်။ ဆေးအပူရှိန်ကြောင့် အနည်းငယ်နေသာထိုင်သာ ရှိသွားသည်။

"ကျေးဇူးတင်ပါတယ်ရှင်… ဒါနဲ့ဒီက ဦးလေး ရင်းရင်းနှီးနှီး သိနေမြင်ဖူးနေသလိုပဲ၊ ဘယ်သူနဲ့တူမှန်းမသိ စဉ်းစားနေတာ"

ခိုင်လေးနွယ်က စကားစမေးလိုက်မိသည်။

"အေး…ငါလည်း မင်းကိုကြည့်နေတာ၊ မင်းကို ငါသိနေသလိုပဲကလေးမ"

"မင်း ဆရာဦးမြင့်ခိုင်ရဲ့ သမီးလား"

ဟု ထိုသူက ပြန်မေးလာသည်။

ခိုင်လေးအဖို့ မိမိဖခင်အမည်အားသိသော ထိုသူအား ဖခင်၏ မိတ်ဆွေပဲဟုမှတ်ယူကာ

"ဟုတ်ပါတယ် ဦးလေး၊ ဦးလေးက ဖေဖေ့မိတ်ဆွေလားဟင်"

ဟု အလိုက်သင့်မေးလိုက်သည်။

ခိုင်လေးနွယ် အမေးကို ထိုသူက လက်ထဲမှကိုင်ထားသော တုတ်ကောက်ကိုမှောက်ကာ ရိုက်ဟန်ပြု ရွယ်လိုက်ပြီး

"ဟယ်… ဒီကောင်မလေး ငါရိုက်လိုက်ရ၊ ငါ့ကိုတောင် မမှတ်မိတော့ဘူးလား၊ ငါ ဦးညီညီလေ"

ဟု ခြောက်သွေ့နေသော ထိုသူ၏မျက်နှာမှ ပြုံးရောင်သမ်းလားပြီး လှိုက်လှဲဝမ်းသာသော လေသံဖြင့် ပြန်ပြောလိုက်သည်။

ခိုင်လေးနွယ်တစ်ယောက် နာကျင်မှုကို ခေတ္တမေ့သွားပြီး အံ့သြခြင်းများစွာဖြင့် ထိုသူအားကြည့်ကာ

"အယ်… ကိုညီ၊ မသေဘူးပေါ့"

ဟု နှုတ်မှ ရုတ်တရက် လွတ်ခနဲ့ ထွက်သွားသည်ကို လက်ဖဝါးဖြင့် ပါးစပ်ကို အားချင်း ပြန်ပိတ်လိုက်သည်။

"ငါ သေတယ်လို့ ညည်းကို ဘယ်သူပြောတာလဲ၊ မသေလို့ ယခုတွေ့ရပေါ့ မဟုတ်ဘူးလား"

ထိုသူက ခပ်ဆတ်ဆတ် ပြန်ပြောလေသည်။ ဆက်ပြီး

"ကဲ… ကဲ… ညည်းကျောင်းနောက်ကျလိမ့်မယ်၊ ညည်းအပြန်မှ ငါ့ဆီဝင်ခဲ့၊ အဲကျတော့ ငါအကြောင်းစုံပြောပြမယ်။ ဟိုမှာ ငါ့ရုံးခန်း၊ အဲဒီအခန်းမှာ ငါအမြဲနေတယ်"

လက်ညှိုးထိုးပြီး အနီးရှိ ပျဉ်ထောင်နှစ်ထပ်အိမ်ကလေးကို ညွှန်ပြလိုက်တယ်။

“ဟုတ်… ကိုညီ၊ ခိုင်လေး အပြန်ဝင်ခဲ့ပါ့မယ်…”

ဟု ကတိပေးပြီး ကိုညီညီအား နှုတ်ဆက်ကာ ခိုင်လေးနွယ်တစ်ယောက် ကျောင်းသို့ အမြန်သုတ်ခြေတင် လိုက်တော့သည်။

*

ခိုင်လေးနွယ်တစ်ယောက် ကျောင်းစာသင်ခန်းအတွင်းတွင် မနေ့က တွေ့ခဲ့သော ကိုညီညီအကြောင်း ခေါင်းထဲ မကြာခဏပေါ်နေသည်။

ကိုကိုညီဦးအား (၈၈) အရေးအခင်းပြီးနောက် မတရား အဖမ်းခံရပုံ၊ နောက် သူ၏မိဘများ သူထောင်ကျနေစဉ် သေဆုံးခဲ့ပုံများကို အန်တီမေလေး ပြောပြချက် အရ တချို့တစ်ဝက် သိပြီးဖြစ်လေသည်။ သို့သော် ယခုကဲ့သို့ မမျှော်လင့်ဘဲ ပြန်လည်ဆုံတွေ့ရသဖြင့် ခိုင်လေးနွယ်တစ်ယောက် ဝမ်းနည်းဝမ်းသာ ဖြစ်နေသည်။

တကယ်တော့ ကိုညီညီဦးတို့မိသားစုနှင့် ခိုင်လေးနွယ်တို့ မိသားစုမှာ ဌာနတူ ဝန်ထမ်းမိသားစုများ ဖြစ်ကြသည်။ ကိုညီညီဦး၏ မိဘများမှာ သာမန်အမှုထမ်း များသာ ဖြစ်ကြသော်လည်း သားဖြစ်သူအား ခြစ်ချုပ်ခြိုးခြံ ချွေတာပြီး ဘွဲ့ပညာ တတ်ကြီးဖြစ်စေရန် ရည်မှန်းထားခဲ့ကြသည်။ ကိုညီညီဦး ဗိုလ်တထောင်တက္ကသိုလ် မြန်မာစာပထမနှစ် ရောက်သည့်နှစ်တွင် (၈၈၈၈) အရေးအခင်းဖြစ်ပြီး အရေးအခင်း တွင် တက်ကြွလူငယ်စာရင်းဝင် ဖြစ်လာခဲ့သည်။ အရေးအခင်းအပြီး (၁၉၈၉) ခုနှစ်တွင် သန်လျင်မြို့နယ် NLD အမာခံလူငယ်တာဝန်ခံတစ်ယောက် ဖြစ်လာ ပြန်သည်။ ထို့နောက် (၁၉၉၀) ရွေးကောက်ပွဲအတွက် စည်းရုံးရေးကာလမှာပင် ကိုညီညီဦး ခေါင်းဆောင်သော NLD လူငယ်များနှင့် ဖားကူးရွာရှိ လူငယ်များ အားလုံးနီးပါး သန်လျင်ရေနံချက်စက်ရုံ ဗုံးဖောက်ခွဲမှုဖြင့် အဖမ်းခံလိုက်ကြရသည်။ ဗုံးဟူ၍ အသံတူရေပုံး၊ ဆီပုံး၊ ဆန်ပုံးမျှသာ မြင်ဖူးသော ကိုညီညီဦးတို့ လူငယ် များအဖို့ ထင်ပေါ်ကျော်ကြားမှုဖြင့် နိုင်ငံရေး၏လှည့်ကွက် သားကောင် ဓားစာခံ များ ဖြစ်ခဲ့ကြရသည်။ ခေါင်းဆောင်ဖြစ်သော ကိုညီညီဦးနှင့် ကိုသန့်ဇော်တို့မှာ သေဒဏ် တစ်သက်တစ်ကျွန်း ကျခံခဲ့ရပြီး ကျန်လူငယ်များမှာ နှစ်ကြီးနှစ်ငယ် အသီးသီး ကျခံခဲ့ရသည်။

သားဖြစ်သူ ထောင်ကျပြီးနောက် ကိုညီညီ၏ မိဘများမှာ ဝန်ထမ်းအလုပ် ပြုတ်ပြီး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးခဲ့ကြသည်။ ထိုစဉ်က နိုင်ငံရေးလုပ်သူ အသိုင်း

အဝိုင်းနှင့် ပတ်သက်သူ ခင်မင်ရင်နှီးသူကိုပင် ထောက်လှမ်းရေးများက မျက်ခြည်မပြတ် စောင့်ကြည့်နေသောအချိန်ဖြစ်၍ သန်လျင်တွင် ကျန်ခဲ့သော အန်တီမေလေးသည်ပင် မူလက ကိုညီညီဦး မိဘများနှင့် လွန်စွာ ခင်မင်ရင်းနှီးခဲ့သော်လည်း အသုဘသို့ သွားပို့ခြင်း မပြုရဲခဲ့ပေ။ ခိုင်လေးနွယ်၏ မိဘများမှာ ကိုညီညီဦး အဖမ်းမခံရခင် ကတည်းကပင် နယ်ပြောင်းတာဝန်ကျနှင့်ပြီးဖြစ်သောကြောင့် နောက်ပိုင်း ဇာတ်လမ်းများကို အန်တီမေလေး ပြောပြမှသာ သိရှိခွင့်ရခဲ့သည်။

*

ညနေကျောင်းဆင်းချိန်···။

ဆိုင်ကယ်သည် ဆေးရုံအောက်ကွေ့မှချိုးပြီး အရိပ်ကောင်းသော ဇန်ဒါပင်အောက်ကို ထိုးရပ်လိုက်စဉ် အနီးရှိ "အမျိုးသားဒီမိုကရေ အဖွဲ့ချုပ်၊ တောင်ပိုင်းခရိုင်ရုံး၊ ရန်ကုန်တိုင်း" ဟု ထင်ရှားစွာ ဆိုင်းဘုတ်တင်ထားသော နှစ်ထပ်ပျဉ်ထောင်အိမ်အတွင်းမှ ကိုညီညီဦး ထွက်လာသည်။

"လာ··· လာ··· ခိုင်လေး၊ ငါလည်း ညည်းအပြန်ဝင်လာမယ်ပြောပြီး၊ လာမှ လာပါ့မလားလို့···"

ကိုညီညီဦးက ဆီးကြိုနှုတ်ဆက်စကားဆိုသည်။

"ခိုင်လေးက လာမယ်ဆို ဆက်ဆက်လာမှာပေါ့ ကိုညီရယ်···"

ခိုင်လေးနွယ်က စကားကို ပြန်ချေပလိုက်သည်။

"မသိပါဘူး။ ညည်းတို့ အစိုးရဝန်ထမ်းတွေက ငါတို့ ပါတီနဲ့ပတ်သက်ရမှာ အတော်ကြောက်ကြတာ၊ ညည်းမလာရဲဘူး ထင်လို့ပါ···"

ကိုညီညီဦးက ထုံးစံအတိုင်း ခွပ်လိုက်သည်။

ပြောပြောဆိုဆို ခိုင်လေးနွယ်နှင့် ကိုညီညီဦးတို့မှာ အိမ်၏အောက်ထပ် အိမ်ရှေ့စာတွင် ချထားသော လေးထောင့် စားပွဲနှစ်လုံးအား ဆက်လျက်ပတ်ချာလည် ဝန်းရံစီထားသော ထိုင်ခုံများတွင် ကိုယ်စီဝင်ထိုင်လိုက်ကြသည်။

"ကိုညီတို့တောင် တရားဝင်ဆိုင်းဘုတ်တင်သေးတာပဲ၊ ညီမက ဘာလို့ မလာရဲရမှာလဲ"

ခိုင်လေးနွယ်က အေးအေးဆေးဆေး ပြန်ပြောလိုက်သည်။

"အင်း··· အခုတော့ ရပြီပေါ့၊ အရင်က ငါထောင်ထဲမှာရှိစဉ်ကဆို ညည်း ငါ့ကို စကားပြောတာ မပြောနဲ့၊ ငါ့မိဘကို နှုတ်ဆက်ရင်တောင် ညည်းအနည်းဆုံး

တော့ ထုချေလွှာတင်ရမှာပဲ၊ အင်း… ခေတ်ကတော့ နည်းနည်းတော့ တော်လာပြီ ခေါ်ရမှာပဲ…"

ကိုညီညီဦးက ခေတ်ကိုဝေဖန်ရင်း ထိုင်ရာကထပြီး အနီးရှိ ရေသန့်ဘူးကြီးထဲမှ ရေကိုငှဲ့သောက်ရင်း စကားဆက်ပြောနေသည်။

ထို့နောက် စားပွဲပေါ်တွင် မကြာမီ အချိန်လေးမှ ထမင်းစားသောက်ပြီးဟန်ရှိသော ပဲဟင်းခွက်နှင့် ငါးပိထောင်းဘူးကို သိမ်းနေသည်။ ထို့နောက် ခိုင်လေးနွယ်အားထားခဲ့ပြီး အိမ်ရှေ့ရှိ ကုန်စုံဆိုင်သို့ ခပ်သုတ်သုတ် ထွက်သွားပြီး ကော်ဖီမစ်တစ်ခွက်နှင့် မုန့်အလုံးသေးတစ်လုံး ယူ၍ ပြန်လာသည်။

"ရော့… ကော်ဖီသောက်၊ မုန့်စားလိုက်ဦး၊ ခိုင်လေးရေ…"

ဟုဆိုကာ ကိုညီညီဦးက သူ့လက်ထဲမှ ယူလာကာ ကိတ်မုန့်အသေးတစ်လုံးနှင့် ကော်ဖီခွက်ကို ခိုင်လေးနွယ် ရှေ့ချလိုက်သည်။

"ဒါနဲ့ စကားမစပ်… အစ်ကို အတွင်းထဲမှာဘယ်လောက် နေလိုက်ရလဲ၊ လွတ်တာကော ဘယ်လောက်ကြာပြီလဲ"

ခိုင်လေးနွယ်က မေးလိုက်သည်။

"ငါ ဒီ ၂၀၁၁ နိုဝင်ဘာမှ လွတ်လာတာ၊ စုစုပေါင်း (၂၃) နှစ်နီးပါးပေါ့ဟာ…"

ကိုညီညီဦးက သူ့အတိတ်ကို ပြန်မြင်သောအတွေးများဖြင့် ခိုင်လေးနွယ်၏အမေးကို နာကျင်စိတ်မကောင်းစွာဖြင့် ဖြေလေသည်။

ခိုင်လေးနွယ် သူ့အတိတ်ကို ဆက်မမေးတော့…။ သူ့အတွက် ပိုပြီးကြေကွဲစရာတို့ကို ထပ်မံပြန်လည်သတိမရစေလိုတော့ပေ။ ထို့ကြောင့် စကားဖြတ်ကာ

"ဒါနဲ့ ကိုညီ၊ အခုနေတော့ရော၊ စားတော့ရော အဆင်ပြေရဲ့လား" ဟု မေးလိုက်သည်။

"နေတာကတော့ ဒီရုံးအပေါ်ထပ်မှာ ငါနေတယ်။ စားတာကတော့ အရင်က အဒေါ်အိမ်က ထမင်းလာပို့တယ်၊ အခုတော့ သူတို့ကိုလည်း ဒုက္ခမပေးချင်တော့တာနဲ့ ကိုယ်ဘာသာကိုယ် ထမင်းတစ်အိုးတည်ပြီးတော့ ပဲဟင်းတစ်ခွက် ဝယ်စားတယ်။ ပြီးတော့ အမြဲဆောင်ထားတဲ့ တုံတုံငါးပိထောင်းနဲ့ နှစ်ပါးသွားလိုက်တော့ ပြီးတာပဲလေ၊ ခုလေးတင် ငါထမင်းစားပြီးရုံရှိသေး ညည်းရောက်လာတယ်။"

သူအနေနဲ့ ခပ်အေးအေးပင် ပြောနေသည်။

"အဲဒါ နေ့တိုင်းဒီလိုချည်းပဲ စားနေတာပဲလား… ကိုညီ"

ခိုင်လေးနွယ်က ဆက်ပြီးမေးလိုက်သည်။ သူက

"တစ်လမှာ ၂၀ လောက်ကတော့ ဒီပုံစံ ဘိုင်သေပေါ့ဟာ၊ ငါ့မှာ ဝင်ငွေမှ မရှိတာ၊ အလုပ်ထွက်လုပ်ဖို့ဆိုတာကလည်း ဒီမှာက ရုံးအလုပ်တစ်ဖက်။ ငါကလည်း ကျန်းမာရေးက ကောင်းလိုက်မကောင်းနဲ့ဆိုတော့…"

သူက စကားကိုဖြတ်လိုက်သည်။ ပြီးမှ

"ဒါပေမယ့်… ကျွေးသူမွေးသူ ရှိမည့်ရက်တို့၊ အပြင်ထွက်ခရီးသွားတဲ့ ရက်တွေတော့၊ ဟင်းကောင်းတာပေါ့၊ ငါဘာသာငါဆိုရင်တော့ ကြက်ဥကြော်နဲ့ ယမ်ယမ်ခေါက်ဆွဲက ငါ့ဆီမှာ အကောင်းဆုံး ဟင်းလျာတွေချည်းပဲလေ"

ဟု သူက ဆက်ပြီး ပြောရန်ပြင်လိုက်စဉ်မှာပင် အသက် (၅၀) ကျော် အရွယ်အမျိုးသားတစ်ဦး၊ အသက် (၄၀) ကျော် အမျိုးသမီးတစ်ဦးနှင့် အသက် (၃၀) အမျိုးငယ်တို့ ခိုင်လေးနွယ်တို့ စကားဝိုင်းအနီး ရောက်လာသည်။ ထိုသုံးဦးသည် ခိုင်လေးတို့ ထိုင်နေသောစားပွဲရှိ ထိုင်ခုံအသီးသီးတွင် အလိုက်သိ ဝင်ထိုင်ကာ စားပွဲပေါ်တွင်ရှိသော ဒီလိုင်းစာစောင်များကို အမျိုးသမီးနှစ်ဦးက ငုံ့ဖတ်နေသည်။ အမျိုးသားကြီးကတော့ ခိုင်လေးနွယ်နှင့် ကိုညီညီဦး စကားပြောနေသည်ကို သိချင်သောဟန်ဖြင့် ကိုညီညီဦးမျက်နှာကို တစ်ချက်လှမ်းအကဲခတ်နေသည်။ သူတို့သုံးဦးစလုံး၏ နေပုံထိုင်ပုံ လုပ်ပုံကိုင်ပုံ လက်ရှိပတ်ဝန်းကျင်နှင့် အတော်ရင်းနှီးကျွမ်းဝင်နေပုံ ပေါက်နေသည်။

ကိုညီညီဦးက

"ဦးဌေးညွန့်…၊ ဒါ ကျွန်တော်နဲ့ ငယ်စဉ်ကတည်းက ညီမလိုနေတဲ့ကလေးမ ခိုင်လေးတဲ့၊ သူ့အဖေက ကျွန်တော့် အဖေရုံးက အရာရှိလေ။ သူက အခုကျောင်းဆရာမကြီး ဖြစ်နေပြီ။ မနက်က ကျွန်တော်နဲ့ လမ်းမှာတွေ့လို့ အခု ကျွန်တော့်ရုံးကို ဖိတ်လိုက်တာလေ…"

သူက ဦးဌေးညွန့်ဆိုသူအား ခိုင်လေးနွယ်အကြောင်း အနည်းငယ်ပြောပြီး မိတ်ဆက်ပေးလိုက်လေသည်။

"ဟုတ်ကဲ့… တွေ့ရတာဝမ်းသာပါတယ် ဆရာမ"

ဟုဆိုကာ ခိုင်လေးနွယ်က မူလက သူစိမ်းပြင်ပြင်ကြည့်နေသော ဦးဌေးညွန့်ဆိုသူက ရင်းနှီးနွေးထွေးစွာ စကားဆိုလာသည်။

"ခိုင်လေး… ဒါတောင်ပိုင်းခရိုင် အလုပ်အမှုဆောင်ဦးဌေးညွန့်တဲ့၊ သူက စာလည်း ရေးတယ်။ စာရေးဆရာ ကြည်လင်းမောင်ဆိုတာ သူပဲပေါ့။ အစ်ကို

နေကောင်းရင် ညဘက် လာစောင့်အိပ်ပေးတယ်လေ" ဟု သူက ဦးဌေးညွန့်အကြောင်း မိတ်ဆက်စကားဆိုလာပြန်သည်။

ခိုင်လေးနွယ် မတ်တတ်ခဏမျှရပ်ကာ

"ဟုတ်ကဲ့… တွေ့ရတာ ဝမ်းသာပါတယ် ခင်ဗျား၊ ကျွန်မကို ကိုညီညီဦးင်မင်သလို ခင်နိုင်ပါတယ်…" ဟု ပြောကာ ပြန်ထိုင်လိုက်သည်။

"ဒီဘက်က မအေးရွှေ၊ သူကတော့ မြို့နယ်ကနေ ခရိုင်မှာကူဖို့ ခဏရောက်လာတာ၊ သူကလည်း အစ်ကို့ အနှံ့အတာ အတော်ခံရှာတာ၊ အစ်ကို့ရဲ့ ပုံထားတတ်တဲ့ စာတ်အစားတွေကို မြင်တွေ့ရင်လျှော်ပေးတာ၊ တစ်ခါတစ်ခါ အစ်ကို စားဖို့ ကင်းတောင် သူ့အိမ်က ယူလာတတ်သေးတယ်…"

"ဟိုဘက်က ညီမကတော့ ခရိုင်အလုပ်မှူဆောင် မမေချိုလွင်တဲ့၊ သူက အစ်ကို့ရဲ့ မွေးစားညီမလေးပေါ့၊ သူက အစ်ကို အကူညီလိုတိုင်း သူပဲ အများဆုံး ကောင်းရတာ…"

ဟု သူက ဆိုလိုက်စဉ်မှာပင် မူလက စာငုံ့ဖတ်နေသော ထိုအမျိုးသမီးနှစ်ဦးသည် ခိုင်လေးနွယ်ဘက်လှည့်ကာ ခေါင်းညိတ်ပြုံးရွှင်စွာ အသိအမှတ်ပြု နှုတ်ဆက်လာကြသည်။ ခိုင်လေးနွယ်လည်း အလိုက်ထိုက် ခေါင်းညိတ်ပြီး ပြန်လည်နှုတ်ဆက် လိုက်သည်။

မကြာမီပင် အသက် (၆၀) နီးပါး လူကြီးနှစ်ဦးနှင့် လူလတ်ပိုင်းအရွယ် လူငယ် ငါးဦး ထပ်မံရောက်လာသည်။ သူတို့သည် ခိုင်လေး ဘေးတွင် ရှိနေသော မလောက်ငှသဖြင့် အိမ်အတွင်းမှ ထိုင်ခုံများယူကာ စားပွဲ နှစ်လုံးဆက်ကို ဝိုင်းထိုင်လိုက်ကြသည်။ ရုတ်တရက်ကြည့်လိုက်ပါက အစည်းအဝေး ကျင်းပနေသကဲ့သို့ ဖြစ်နေသည်။

ထုံးစံအတိုင်း ကိုညီညီဦးမှာ ခိုင်လေးနွယ်အား ထပ်မံမိတ်ဆက်ပေးရပြန်သည်။

"ခိုင်လေး…ဒါက ခရိုင်ဥက္ကဋ္ဌ ကိုဝင်းမင်း။ ဒါက ခရိုင်တွဲဖက် အတွင်းရေးမှူး ကိုဇော်မိုးလွင်။ ဒါက တိုင်းပြန်ကြားရေးတာဝန်ခံ ကိုခွန်အောင်ကိုမော်၊ ဒါက ခရိုင်လူငယ်တာဝန်ခံ ကိုနေလင်းအောင်၊ ဒီဘက်က ခရိုင်အမှုဆောင် ကိုမင်းကိုကိုဦးနှင့် ဟောဟိုဘက်က သန်လျင်မြို့နယ်ဥက္ကဋ္ဌ ဦးဟန်ညွန့်တို့ပဲ။ သူတို့တွေလည်း အစ်ကို လိုတာရှိရင်၊ အစစအရာရာ ကူညီပေးနေကြသူတွေပေါ့။ သူတို့ ကူညီနေလို့လည်း အစ်ကို ဒီလိုရပ်တည်နေနိုင်တာလေ…"

ကိုညီညီဦးက သူ၏ ရဲဘော်များအား တစ်ယောက်ချင်း မိတ်ဆက်ပေးသည်။ ထို့နောက် ခိုင်လေးနွယ်ဘက်လှည့်ကာ ခိုင်လေးနွယ်အား နောက်လူတွေသိအောင် ထပ်မံမိတ်ဆက်ပေးပြန်သည်။ ခိုင်လေးနွယ်လည်း ထုံးစံအတိုင်း

"ဟုတ်ကဲ့… တွေ့ရတာဝမ်းသာပါတယ်ရှင်"

ဟု ပြုံးရွှင်စွာ ခေါင်းညိတ်နှုတ်ဆက်လိုက်သည်။ လူအုပ်စုမှာလည်း ခိုင်လေးနွယ်နည်းတူ ပြန်လည်နှုတ်ဆက်ကြသည်။ နှုတ်ဆက်ပြီး မကြာမီ ရောက်လာသူများနှင့် ကိုညီညီဦးတို့သည် အချင်းချင်းပါတီ လုပ်ငန်းကိစ္စရပ်များကို တစ်ယောက်တစ်မျိုး ပြောနေကြသည်။

ခိုင်လေးနွယ်သည် လက်ပတ်နာရီကို ငုံ့ကြည့်ပြီး ကိုညီညီဦးအား

"ကဲ… ကိုညီရေ၊ အန်တီမေလေး မျှော်နေတော့မယ်။ ခိုင်လေးရောက်တာ တစ်နာရီနေပြီ၊ တော်ကြာဘာများဖြစ်နေလဲဆိုပြီး စိတ်ပူမှာစိုးလို့၊ ခိုင်လေးပြန်တော့မယ်နော်၊ အားလုံး အားလုံး ခွင့်ပြုပါဦးနော်…"

ဟု ဆိုကာ ခိုင်လေးနွယ်သည် သူတို့အဖွဲ့အားလုံးကို နှုတ်ဆက်၍ အိမ်ပြန်လာခဲ့တော့သည်။

*

(၂၀၁၅ နိုဝင်ဘာ ၈) ရက် ရွေးကောက်ပွဲ နီးနေပြီဖြစ်သောကြောင့် ကိုညီညီဦး နေသောရုံးတွင် လူဝင်လူထွက် မပြတ်ပေ။ ပါတီမှ အမတ်များ အပြိုင်အဆိုင် အရွေးခံဖို့ ပြင်ဆင်နေကြသောကာလ ဖြစ်နေသည်။ ခိုင်လေးမှာ အိမ်တွင် အဒေါ်ဖြစ်သူ အန်တီမေလေး မိတ်ဆွေများ၏ (၇) တန်း၊ (၈) တန်း ကလေးငယ်လေးများအား မနက်ပိုင်း စာသင်တစ်ချိန်၊ ညနေပိုင်းတစ်ချိန် စာသင်နေရ၍ ကိုညီညီဦးတို့ရုံးနှင့် မလှမ်းမကမ်းမှ ဖြတ်သွားသော်လည်း ရုံးထဲသို့ ထပ်မံမရောက်ဖြစ်သည်မှာ လအတော်ကြာလေပြီ။

ယနေ့ ခိုင်လေးနွယ်တစ်ယောက် ကျောင်းတွင် စာရင်းစစ် လာမည်ဟု ကျောင်းအုပ်ဆရာမကြီးက စောစောမှာထား၍ အိမ်ရှိ မနက်ပိုင်းစာသင်ဝိုင်းအား ဖျက်ပြီး စောစောထွက်လာခဲ့သည်။ ထုံးစံအတိုင်း ကိုညီညီဦးအား လမ်းမှာတုတ်ကောက်တစ်ချောင်းနှင့် လမ်းလျှောက်နေသည်ကို တွေ့လိုက်ရသည်။

ခိုင်လေးနွယ်သည် ကိုညီညီဦးအားတွေ့ရာ ဆိုင်ကယ်ပေါ်မှဆင်းပြီး နှုတ်ဆက်လိုက်သည်။ သို့သော် ခိုင်လေးနွယ် တွေ့ခဲ့သော ယခင် အသားအရေ မျက်နှာအနေ

အထား မဟုတ်ပေ။ ဂျာကင်အင်္ကျီ အနွေးထည်အောက်မှပေါ်နေသော သူ့ခြေလက်များမှာ ဖောသွပ်သွပ်ဖြစ်နေပြီး မျက်နှာမှာလည်း အနည်းငယ် အမ်းတမ်းတမ်း ဖြစ်နေသည်။

"ကိုညီ… နေကောင်းရဲ့လား၊ အမတ်တွေ ရွေးတော့မယ်နော်၊ ဝင်မရွေးဘူးလလား…"

ဟု ခိုင်လေးနွယ် စလိုက်သည်။

"အေး… မရွေးပါဘူးအေ။ ငါ့ကျန်းမာရေး ငါအသိဆုံးပါ၊ ငါက ငါမမတ်ချင်နေပါစေ၊ ငါ့ပါတီ အနိုင်ရရင် တော်ပါပြီ။ ညည်းလည်း တစ်ခါပဲတည်းတွေ့ပြီး ပျောက်သွားလိုက်တာနော်… အခုမှပဲ တွေ့ရတော့တယ်။"

ဟု သူက ပြန်ပြောလေသည်။

"အိမ်မှာ ရပ်ကွက်ထဲက ခုနစ်တန်း၊ ရှစ်တန်း ကလေးတွေကို စာသင်နေလို့လေ၊ အဲဒါကြောင့် မနက်ပိုင်း ကျောင်းချိန်နီးတော့မှ သွားဖြစ်လို့၊ ကိုညီ လမ်းလျှောက်ထွက်တဲ့အချိန်နဲ့ မဆုံတော့တာပါ…"

ဟု ခိုင်လေးနွယ်က ဆင်ခြေပေးလိုက်မိသည်။

"ကိုညီ ကြည့်ရတာ အရင်ကနဲ့ မတူဘူး။ နည်းနည်းတော့ မျက်နှာပြည့်လာသလိုပဲနော်…"

ခိုင်လေးက သူ့ကျန်းမာရေးကို အကဲခတ်မေးလိုက်မေးလိုက်သည်။

"အင်း… ခုတလော သွေးတိုးကလည်းမကျဘူး။ နှလုံးကလည်း မကြာမကြာ အောင့်အောင့်နေတယ်၊ ညဘက်လည်း အိပ်မက်ဆိုးတွေကလည်း မကြာမကြာ မက်နေတယ်။"

ဟု လေသံဖျော့ဖျော့ဖြင့် ကိုညီညီက ဆိုသည်။

"ကိုညီက ပါးပီထောင်းကိုပဲ အမြဲစားတော့ ဖြစ်မှာပေါ့။ အထူးကုဆေးခန်းလေးဘာလေး သွားပြပါလား"

ခိုင်လေးနွယ်က စလိုက်သည်။

၂၀၁၅ နိုဝင်ဘာ ရွေးကောက်ပွဲမှာ ငါအသက်ထွက်လုဆဲ အိပ်ရာထဲလှဲနေရင်တောင် ငါမဲတစ်ပြားကို ငါရအောင် ထည့်သွားမှာပါ…"

ခုနက ပြောသောလေသံနှင့်မတူဘဲ အားမာန်အပြည့်နှင့် သူက ဆိုသည်။

"ကိုညီ့ စိတ်ဓာတ်ကို ညီမ ယုံပါတယ်၊ ညီမ ကိုညီကို အမြန်ဆုံး ပြန်လည်နေကောင်းလာအောင် အမြဲဆုတောင်းပေးမှာပါ၊ ညီမ အားတဲ့နေ့ တစ်ရက်တော့ ညီမ မေချိုနဲ့ တိုင်ပင်ပြီး အထူးကုဆေးခန်းသွားကြရအောင်နော်"

ကိုညီက ခိုင်လေးနွယ် ပြောသမျှကို ခေါင်းညိတ်လက်ခံလိုက်သည်။ ထို့နောက် ကိုညီအား နှုတ်ဆက်ပြီး ကျောင်းသို့ ခပ်သုတ်သုတ် ထွက်ခွာလာခဲ့သည်။ ကိုညီမှာ ခိုင်လေးနွယ်ပေးသော ငွေများကိုကိုင်ကာ ကျေးဇူးတင်သော မျက်လုံးများဖြင့် ကြည့်ရင်းကျန်ရစ်ခဲ့သည်။

*

ခိုင်လေးနွယ်နှင့် မမေချိုလွင်တို့နှစ်ဦးမှာ ကိုညီညီဦးအား အထူးကုဆေးခန်း သွားပြကြရန် အားမည့်ရက်ကို ညှိပြီးရွေးနေကြသည်။ အချိန်က ခရိုင်အဖွဲ့ဝင်အားလုံး အောင်နိုင်ရေး၊ အောင်နိုင်ရေးနှင့်…။ ကိုယ်စားလှယ်လောင်းအဖြစ် အရွေးခံကြမည့် မြို့နယ်တွေအတွက် တစ်ရုံးလုံး အလုပ်ရှုပ်နေကြလေပြီ။ ကိုညီညီဦးကို သူတို့အားလုံး ချစ်ကြသော်လည်း သူ့အား ယခင်လောက် ဂရုမစိုက်နိုင်ကြတော့ပေ။ စားစရာများ မကြာခဏ ဝယ်ပေးပြီး ဆေးဖိုးအတွက် တတ်စွမ်းသမျှ ပေးကြသော်လည်း ယခင်လို ဆေးရုံတက်ကုသဖို့ကိုလည်း သူတို့ မဆောင်ရွက်အားကြတော့ပေ။

ခိုင်လေးနွယ်သည်ပင် ရွေးကောက်ပွဲ ပြီးသွားသော်လည်း အိမ်က အန်တီမေလေးချော်လဲပြီး လက်အဆစ်လွဲသွားသဖြင့် မေချိုနှင့် ကိုညီညီဦးအား ဆေးခန်းပြသရန်အတွက် ပြန်လည်ချိန်းဆိုရန် မဆက်သွယ်နိုင်သေးပေ။ အန်တီမေလေး နေမကောင်း၍ ခိုင်လေးကိုယ်တိုင် ဈေးဝယ်ထွက် ကိုယ်တိုင်ချက်ပြုတ်နေရသည်။ အလုပ်များကြောင့် ကိုညီညီဦး၏ ရုံးသို့ပင် ခြေဦးမလှည့်နိုင်သေးပေ။

*

ရွေးကောက်ပွဲအပြီး တစ်လအကြာ ၂၀၁၅ ဒီဇင်ဘာ ၁၀ ရက် ကြာသပတေး နေ့…။

ကျောင်းလွှတ်ချိန် ခိုင်လေးသည် ကိုညီညီအား ဆေးခန်းပြမည့်ရက်ကိုလည်း ပြောမည်ဟု အတွေးဖြင့် ဆိုင်ကယ်ကို ဆေးရုံအောက်ကွေ့ဘက်မှ ဖြည်းညင်းစွာ စီးလာသည်။ ကိုညီညီဦး နေထိုင်ရာ ရုံးရှေ့တွင် လူများရုတ်စုရုတ်စုနှင့် တွေ့လိုက်ရသည်။ ခိုင်လေးနွယ် ဆိုင်ကယ်ကို ရုံးရှေ့ရှိ စတိုးဆိုင်ရှေ့တွင် ရပ်ထားပြီး လေးလံသော စိတ်တို့ဖြင့် ရုံးထဲသို့ ဝင်လိုက်သည်။ ရုံးထဲတွင် ကိုညီညီဦး၏ ခေတ်ပုံရှေ့ သစ္စာပန်းအဖြူ ငါးခိုင်ထိုးထားသော ပန်းအိုးငယ်တစ်လုံး တွေ့လိုက်ရသည်။ တစ်ရုံးလုံး မျက်နှာမကောင်းကြ။ ဒေါ်အေးချိုနှင့် မမေချိုလွင်တို့မှာ အမျိုးသမီးများပီပီမှာ တရှုံ့ရှုံ့ငိုလျက်…။

ကိုခွန်အောင်ကိုမောင် ဆိုသူကတော့ ခိုင်လေးနား ရောက်လာပြီး…

"ဒီလို ဆရာမရေ…၊ နေ့လယ် (၁၁) နာရီလောက်က ကိုညီညီဦး မောတယ် ကြပ်တယ် ဖြစ်လာလို့၊ ရုံးမှာလည်း မအေးချို တစ်ယောက်တည်းရှိတာ။ အဲဒါ မအေးချိုက အနီးအနားရှိလူတွေကို လှမ်းအကူအညီတောင်းပြီး ဆေးရုံပို့တာ၊ ဆေးရုံ ရောက်တော့ အသက်မရှိတော့ဘူး။ ကျွန်တော်တို့တောင် သူ့ အသက်ကို မမီကြ ဘူး…"

ဟူ၍ ဖြစ်စဉ်ကို အကျဉ်းရှင်းပြနေသည်။

အားလုံးမှာ ကြေကွဲဝမ်းနည်းမှုကိုယ်စီဖြင့် ကိုညီညီဦးနှင့်အတူ ပါတီတာဝန် ထမ်းဆောင်ခဲ့ပုံ၊ ပါတီအပေါ် သံယောဇဉ်ကြီးပြီး သစ္စာရှိပုံ၊ ကျန်းမာရေးမကောင်း သည့်ကြားမှ ကော့မှူးမြို့နယ် အောင်နိုင်ရေးအား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ပုံ၊ အောင်နိုင်ရေးကာလတွင် ရောဂါအသည်းအသန် ဖြစ်နေသည့်ကြားမှ ရောဂါကို ဂရုမထားဘဲ စိတ်အားထက်သန်စွာ ဦးဆောင်ဦးရွက် ပြုဆောင်ရွက်ခဲ့ပုံများကို နှမြောတသသနှင့် ပြောမဆုံးနိုင်အောင် ဖြစ်နေကြသည်။

ခိုင်လေးနွယ်လည်း သူတို့ တစ်ယောက်တစ်ပေါက် ပြောဆိုသံကို နားထောင် ရင်း အလိုလို စီးကျလာသော မျက်ရည်များကိုသုတ်ကာ စလင်းဘက်အိတ်ထဲမှာ တစ်ရှူးတစ်ထုပ်မှာ မျက်ရည်သုတ်ရလွန်းအားကြီး၍ ကုန်မှန်းမသိ ကုန်သွားတော့ သည်။ ထို့နောက် နှုတ်ဆက်ပြီး လေးလံသောအတွေးတို့နှင့် ဆိုင်ကယ်ကို အိမ်ပြန်သို့ ပြန်မောင်းလာခဲ့သည်။

*

ခိုင်လေးနွယ်တစ်ယောက် အိမ်ပြန်ရောက်ရောက်ချင်း အန်တီမေလေးတို့ လင်မယားအား ကိုညီညီဦးဆုံးကြောင်း အားချင်း ပြောပြလိုက်သည်။ အန်တီ မေလေးက စုတ်တသပ်သပ်ဖြင့်…

"ညီညီ့ ဝဋ်ကြွေးက အတော်ကြီးရှာသား၊ မတရားစွပ်စွဲခံရပြီး လူ့အသက် တစ်ဝက်က ထောင်နန်းစံခဲ့ရတာ။ ထောင်က လွတ်လာပြန်တော့လည်း အပြင်မှာ ငါးနှစ်ပြည့်အောင်တောင် မနေသွားနိုင်ရှာပါလားနော်၊ သူ့မှာ လူ့သက်တမ်းစေ့အောင် တောင် မနေသွားနိုင်ရှာပါလားနော်၊ အင်း… သူများတွေ အမတ်ဖြစ်တော့ သူမဖြစ်၊ အခံသာရှိပြီး အစံမရှိခဲ့တဲ့ဘဝ…"

ဟု သနား ကရုဏာအသံဖြင့် စိတ်မကောင်းခြင်းကြီးစွာ ညည်းတွားပြော ဆိုနေသည်။

အန်တီမေလေး ယောက်ျားဦးလေးစံသိန်းကတော့…

"အင်း… ငါလည်း စိတ်တော့မကောင်းပါဘူးကွာ၊ ဒါပေမယ့် လူဆိုတာ သေမျိုးချည်းပဲလေ၊ ညီညီဦးက နာမည်ကောင်းနဲ့ သေတာပါကွာ၊ ကဲ… ကဲ… ဗိုက်တောင်ဆာလာပြီ၊ ရှင်နေသေးတဲ့ သူတွေတော့ မသေအောင် ထမင်းစားကြစို့ဟေ့…"

ဟု ပြောပြီး စကားဝိုင်းမှထကာ မီးဖိုချောင်ထဲ ဝင်သွားတော့သည်။ ခိုင်လေးလည်း အလိုက်သိစွာပင် စကားဝိုင်းမှထကာ ထမင်းပွဲ ပြင်လိုက်သည်။

ဟင်းများမှာ ခိုင်လေး မနက်က ချက်ခဲ့သောဟင်းအပြင် အသားဟင်းတစ်ပွဲ ထပ်တိုးနေသည်ကို သတိထားမိလိုက်သည်။

"ဦးလေး… ဒီအသားလုံးကြော်က ဦးလေး ဝယ်လာတာလား"

ခိုင်လေးနွယ်က ဟင်းပွဲပြင်ရင်း မေးလိုက်သည်။

"ဟုတ်တယ် တူမကြီးရေ၊ ဦးလေး ပန်းဆိုးတန်းဘက်ကို ပင်စင်သွားထုတ်လို့ ညည်းတို့ တူဝရီးနှစ်ယောက် ကြိုက်တတ်လို့ ဝယ်လာတာ၊ လာဟေ့… ဟင်းပူတုန်း ထမင်းပူတုန်း စားလိုက်ကြရအောင်…

ဟု ဦးလေးစံသိန်းက ပြောလိုက်သည်။

အန်တီမေလေး ဘာမှပြန်မပြောဘဲ ကုလားထိုင်မှ စိတ်မပါ့တပါ လေးလံသောခြေလှမ်းများဖြင့် ထလာပြီး ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်သည်။

"ခိုင်လေး မဆာသေးဘူး ဦးလေး၊ ဦးလေးနဲ့အန်တီလေးတို့ပဲ စားနှင့်ပါ၊ ခိုင်လေး စာနည်းနည်း စစ်စရာရှိလို့၊ ပြီးတော့မှပဲ စားတော့မယ် ဦးလေး"

ဟုဆိုကာ ထမင်းဝိုင်းအနီးမှ ထွက်ခွာရန် ပြင်လိုက်သည်။ ထိုအခါ ထမင်းငုံ့စားနေသော အန်တီမေလေးကပါ …

"ကျုပ်လည်း ဒီနေ့ ထမင်းစားရတာ စိတ်မပါပါဘူးအေ…"

ဟု ဖြတ်ပြောလာသည်။

"တယ်… ဒီတူဝရီးတွေတော့ ငါ့မှာ သင်းတို့စားစေချင်လို့ ဝယ်လာတာကို"

ဟု ဦးလေးစံသိန်းက ပြောရင်း အားပါးတရ စားနေသည်။

ဦးလေးစံသိန်း ပြောသောစကားများကို ခိုင်လေးနွယ် ဘာမှပြန်မပြောမနေတော့ဘဲ စက်တီပေါ်တွင် ကျန်ခဲ့သော အဖြေလွှာစာရွက်ထုတ်အားယူကာ စာကြည့်ခန်းထဲသို့ ဦးတည်ထွက်လာခဲ့တော့သည်။

*

စာရွက်ထုပ်ကို စားပွဲပေါ်တင်ပြီး အဖြေလွှာများစစ်ရန် ခိုင်လေးနွယ် ပြင်လိုက်သည်။ သို့သော် ခိုင်လေးနွယ်၏ စိတ်ထဲမျက်စိထဲတွင် ခုနက ပြင်ခဲ့သော ထမင်းဝိုင်းနဲ့ ကိုညီညီဦးတစ်ယောက် ရုံးရှေ့စားပွဲတွင် ပဲဟင်းရည်ကျဲနှင့် ငါးပိထောင်းကို နေ့စဉ်အာဟာရပြု စားသောက်နေရပုံတို့ကို နှိုင်းယှဉ်မြင်ယောင် နေမိသည်။ သူ့အတွက် ဆေးကုသရန်ကို မစဉ်းစားနိုင်သေး။ တစ်နေ့တာ အာဟာရရှိသော အစားအစာတို့မှာ အဘယ်နည်း။ ခိုင်လေးနွယ် တွေးရင်းတွေးရင်း ကိုညီညီဦး၏ ဘဝရပ်တည်ခဲ့ရမှုကို စိတ်မကောင်းဖြစ်နေမိသည်။

အတွေးမည်မျှကြာသွားသည် မသိ။ အန်တီမေလေးမှာ ထမင်းစားပြီး ဘုရားဝတ်ပြုနေလေပြီ။ ဦးလေးစံသိန်းက ထုံးစံအတိုင်း ရေဒီယိုတစ်လုံးနှင့် သတင်းနားထောင်နေသည်။ သတင်းထဲတွင် NLD ပါတီ၏ အနိုင်ရသော နေရာများနှင့် အာဏာလွှဲပြောင်းရေးအတွက် ဝါရင့်နိုင်ငံရေးသမားကြီးများ၏ ထင်မြင်ယူဆချက်၊ ၄င်းတို့နှင့် အမေးအဖြေ နိုင်ငံရေးဝေဖန်သံများကို ကြားနေရသည်။ ခိုင်လေးနွယ်၏ အတွေးထဲတွင်

"ကိုညီညီဦးက ရွေးကောက်ပွဲအပြီး နိုဝင်ဘာ ၈ ရက်ည၊ သူ့ရောဂါ အခြေအနေစဆိုးတာ။ ပါတီအောင်နိုင်ရေးကို စိတ်ချသွားပြီဖြစ်လို့ သူ စိတ်လျှော့လိုက်တာ ဖြစ်မည့်အကြောင်း..."

ဦးငြေးညွန့်၏ မချိတင်ကဲ ပြောဆိုသံတို့သာ စိုးမိုးနေတော့သည်။

ခိုင်လေးနွယ်သည် တကယ်တော့ နိုင်ငံရေးသမား မဟုတ်ပေ။ သို့သော် တကယ်တမ်း သစ္စာရှိရှိ အနစ်နာခံ လုပ်ဆောင်သော နိုင်ငံရေးသမားများကို အားကျလေးစားသည်။ ထို့အတူ သာကူး၊ ရေပေါ်ဆီ လုပ်တတ်သော နိုင်ငံရေးသမားများကိုလည်း ကြည့်မရသည်မှာ ခိုင်လေးနွယ်၏ အကျင့်တစ်ခုဟု ဆိုပေမည်။ တကယ်အနစ်နာခံ၊ တကယ်လုပ်ခဲ့သူများကို ခိုင်လေးနွယ် ဂုဏ်ပြုပေးစေချင်သည်။ သို့သော် ခိုင်လေးနွယ် တစ်ဦးတစ်ယောက်တည်းနှင့် မတတ်နိုင် မစွမ်းနိုင်ပေ။ အဖွဲ့အစည်းတစ်ခု ပါတီတစ်ခုအနေဖြင့် အထက်ရောက်ပြီး အောင်မြင်သူများက ထိုသို့သော အောက်ခြေမှ ပေးဆပ်ခဲ့ကြသူများ၏ ကျန်းမာရေး ဘဝရပ်တည်ရေးကို ရေရှည် စီမံကိန်းများပြု၍ ပြန်လည်ကြည့်ရှုစောင့်ရှောက်သင့်သည်။ စနစ်တကျ စဉ်ဆက်မပြတ် ထောက်ပံ့ကူညီမှုများ ပြုသင့်သည်ဟု ခိုင်လေးနွယ် ထင်မိသည်။

သို့သော် မည်သူတွေ လုပ်ပေးသည်ဖြစ်စေ၊ မလုပ်ပေးသည်ဖြစ်စေ ခိုင်လေးနွယ်ကတော့ မိမိလက်တစ်ကမ်းတွင်ရှိသော ကိုယ်ကျိုးစွန့်အနစ်နာခံ ပေးဆပ်သူများ

ကို မျက်ကွယ် မပြုထားတတ်ပေ။ သို့အတွက် မမေချိုလွင်က ကိုညီညီဦးအား အုတ်ဂူလေးတွင် ကမ္ပည်းမှတ်တမ်းကဗျာလေးဖြင့် ကိုညီညီဦးအား မှတ်တမ်းတင် ဂုဏ်ပြုရန်အတွက် လေးလုံးစပ် ကဗျာတိုလေးတစ်ပုဒ်ကို ဗလာစာရွက်တစ်ရွက် အလွတ်ပေါ်တွင် ဆရာမခိုင်လေးနွယ်တစ်ယောက် အစချီရေးဖွဲ့နေမိတော့သည်။

**ကိုညီညီဦး (သို့) ဦးဆွေးဆံမြည့်သစ္စာရှင်**

မတရားမှုသက်သက်
ဘဝထက်ဝက်
ထောင်ကဖက်နှင့်
နှင်းအပ်ခန္ဓာ
သူ့ သစ္စာကို
ရောဂါရစ်ဖုံး
လွှမ်းခြုံဦးလည်း
NLD အတွက် ပေးဆပ်တုန်း။ ။

နိုင်မိုးသူ

❑

# အဖြူရောင်လေးတစ်နေရာ

နိုင်မိုးသူ

မကြည်မလင်ဖြစ်နေသော
ခေါင်းထဲမှ အတွေးများသည်
အဖြစ်မှန် အဖြေမှန်ကို သိချင်နေသည်။
စိတ်ထဲမှာလည်း မွန်းကျပ်နေသည်။

# အဖြူရောင်လေးတစ်နေရာ

၃၆၃,,

ခိုင်မိုးသူ

အချိန်ကား ၂၀၀၈ ခုနှစ် ဇန်နဝါရီလ။ မန္တလေးမြို့၏ ၇၉ လမ်းပေါ်မှ အဆောင်တစ်ခု။

ခင်လေးတို့အဆောင်မှာ လူသစ်တစ်ဦးရောက်လာသည်။ သူ့နာမည်က မဖြူ။ သူမကိုယ် သူမ စကားပြောတိုင်း "ဖြူ"ကလေ "ဖြူ"ကလေနှင့် ပြောတတ်သော ကြောင့် တစ်ဆောင်လုံးက သူမအား မဖြူဟု ခေါ်ကြသည်။ တကယ့် သူ့နာမည် ရင်းမှာ "မဖြူဖြူစန်း" ဖြစ်သည်။ ခင်လေးကတော့ ကိုယ့်ထက်အနည်းငယ် ငယ်မည်ထင် ၍ သူမပြောသည့်အတိုင်း "ဖြူ"ဟူ၍သာ ခေါ်မိသည်။

ဖြူ သည်အရပ်မနိမ့်မမြင့် အသားဖြူပြီး မျက်နှာတစ်ခုလုံးတွင် ဝက်ခြံအနီ စက်များဖြင့် ပြည့်နေသူဖြစ်သည်။ မျက်လုံးမျက်ဖန် လှပသော်လည်း သူမ၏ဝက်ခြံ များကြောင့် အနည်းငယ် အကျည်းတန်လှသည်။ ဆံပင်ကို ကျောလယ်အထိ ခပ် ပြေပြေလေး ကောက်ထားပြီး ရွှေအိုရောင်ဆိုးထားသည်။ ရုတ်တရက်ကြည့်ရုံဖြင့် ခေတ်ဆန်သောမိန်းကလေးမှန်း သိနိုင်သည်။

ဖြူသည် ခင်လေးနှင့်ဘေးချင်းကပ်လျက် နှစ်ယောက်ခန်းတွင် တစ်ယောက် တည်းနေသူဖြစ်သည်။ အဆောင်တွင် တစ်ယောက်ခန်းဟူ၍မရှိ။ စီးပွားရေးအကွက် မြင်သော အဆောင်ပိုင်ရှင်များက ဆယ်ပေပတ်လည် အခန်းကျဉ်းလေးကို အဆောင် သူနှစ်ယောက်ထားလေ့ရှိသည်။ ဒီထက်အနည်းငယ်ကျယ်ပါက သုံးယောက်၊ လေး ယောက် ပြွတ်သိပ်ထားတတ်သည်။ အဆောင်ပိုင်ရှင်က ငွေရလျှင်ပြီးရော ကျောင်းသူ

ရော အလုပ်လုပ်သူများပါ လက်ခံထားသည်။ နှစ်ယောက်ခန်း တစ်ခန်းလုံးကို အပြတ် ငှားနိုင်သူကား ရှားလှသည်။ လစဉ်မိမိမသုံးဘဲ အခြားသူတစ်ဦးအား အမြဲပေးနေရသောကြောင့် ထိုသို့ငှားသူများမှာ ချမ်းသာသော အသိုင်းအဝိုင်းက မဟုတ်ဟု မကြေညာဘဲ သိနိုင်သည်။

သို့သော် ဖြူကား မိဘများချမ်းသာသော အသိုင်းအဝိုင်းမှ ရောက်လာသူ မဟုတ်ပေ။ သူမ၏ ခန္ဓာကိုယ်ကိုရင်း၍ သူမထိုသို့ နေထိုင်နိုင်ခြင်း ဖြစ်သည်။ ဖြူ၏နေထိုင်ပုံ ဝတ်စားပုံများကြောင့် အစပိုင်းတွင် လူများအထင်ကြီးကြသော်လည်း နောက်ပိုင်းတွင် သူမ၏အငယ်အနှောင်းအဖြစ်သိကြ၍ မည်သူမှ သူမအား အရေး တယူမလုပ်ချင်ကြတော့ပေ။

* * *

"မမခင်ရေ... လေထိုးတံလေး ခဏလေးလောက်နော်၊ ဒီနေ့ ကိုပွေး မလာလို့လေ...၊ ဖြူထမင်းထွက်ဝယ်မလို့"

အဆောင်၏နောက်ဖေး မီးဖိုဆောင် မီးသွေးမီးဖိုပေါ်တွင် ငါးကြော်နေသော ခင်လေးအား နောက်မှ ပခုံးကိုကိုင်ကာ ဖြူကထုံးစံအတိုင်း ပျစ်ချွဲချွဲဖြင့် ချိုသာသော အသံကို ပြုလိုက်သည်။

"ဇာနည်ရေ...၊ အစ်မ ငါးကြော်လေးတစ်ချက်လောက် ကြည့်ပေးပါဦး၊ အစ်မ လေထိုးတံလေး သွားယူပေးလိုက်မလို့"

ခင်လေးကတော့ လှည့်မကြည့်တော့ဘဲ ဘေးတွင် ခရမ်းချဉ်သီးအား ကပ် ကြေးဖြင့် စိတ်ရှည်လက်ရှည်ကိုက်၍ စတီးဇလုံထည့်နေသော အခန်းဖော်ညီမဖြစ်သူ ဇာခြည်ဦးအား လှမ်းပြောလိုက်သည်။

ဇာနည်ဦးမှာ ဖြူ့အားမျက်စောင်းတစ်ချက်ထိုးပြီး ခင်လေးဘက်လှည့်ကာ

"ဟုတ် မမ၊ ညီမ ကြည့်ထားပေးပါ့မယ်"

ခင်လေးမှာ မိမိစက်ဘီးအတွက် ဆောင်ထားသော ခြေနင်းလေထိုးတံအား အခန်းတံခါး ဖွင့်ယူပြီး ဖြူ့အား ပေးလိုက်သည်။ ဖြူသည် သူမ၏ စက်ဘီးလေးအား လေထိုးပြီး ခင်လေးအား ကျေးဇူးတင်စကားဆိုကာ အဆောင်မှထွက်သွားတော့ သည်။

ခင်လေးသည် အခန်းတံခါးပိတ်၍ မီးဖိုဆောင်သို့ပြန်သွားခဲ့သည်။ မီးဖိုဆောင် အရောက်တွင် ငါးကြော်အား ဟိုဘက်ဒီဘက်လှန်နေသော ဇာနည်ဦးက-

"မမခင်၊ ဒီဟာမကို ဘာကြောင့် အရောတဝင် ဆက်ဆံနေရတာလဲ၊ မမလည်း သိလျက်သားနဲ့။ ဒီဟာမက ဘာလဲဆိုတာ၊ သူက ယောကျ်ားတကာနဲ့ တွဲတဲ့ကောင်မ...။ ညီမတော့ သူ့ကို သိပ်ရွံတာ၊ ညီမတို့အနားကပ်ပြီး စကားပြော မှာတောင် သိပ်ကြောက်တာ...။ ညီမတို့ ကျောင်းပြန်လာချိန်တိုင်း ကောင်တစ် ကောင် မဟုတ်တစ်ကောင်ရဲ့ ဆိုင်ပေါ်မှာအမြဲတွေ့တယ်...။ နောက် သူ့ဆီနေ့တိုင်း ထမင်းစားချိန်တိုင်း ဆိုင်ကယ်နဲ့ လာခေါ်တဲ့ ကိုပွေးဆိုတဲ့ လူကြီးနဲ့လည်း သူက တွဲတာပဲ...။ သူ့ကြောင့်မို့ ညီမတို့ ကျန်တဲ့အဆောင်သူတွေကိုပါ လူအထင်သေး ခံရတယ်...။ အဆောင်ရှင်ကလည်း ငွေရရင်ပြီးရော သူ့နဲ့မဆိုင်သလိုပဲ၊ ဘာမှ မပြောဘူး..."

"အခုပဲကြည့်လေ.. ညီမတို့က ကိုယ့်ထမင်းကို ချက်စားကြတာ၊ သူက သူများထမင်းကျွေးကို အနပ်တိုင်း နေ့တိုင်း စောင့်စားနေတာလေ။ အလုပ်မရှိ အကိုင်မရှိ (၁၀၉/၁၁၀)လုပ်ပြီး ကိုယ့်ထမင်းကိုတောင် ကိုယ်ဘာသာကိုယ်မချက် စားချင်ဘူး...။ သူများတွေက အလုပ်လုပ်သွားသူကသွား၊ ကျောင်းသွားသူကသွား၊ အားလုံးက အလုပ်ကိုယ်စီနဲ့။ သူကတော့ ကိုပွေးလေးဆိုသူလာရင် ထမင်းသွား စားလိုက်၊ ပြီးတော့ အခန်းပြန်အိပ်လိုက်၊ သီချင်းနားထောင်လိုက်၊ အလှပြင်လိုက် ပြန်ထွက်သွားလိုက်။ သူဒီအဆောင်ရောက်လာတာ သုံးလရှိပြီ၊ ထမင်းတစ်ခါမှ ချက်တာမတွေ့ဘူး။ နေ့တိုင်း ညဆယ်နာရီကျော် အဆောင်တံခါးပိတ်ခါနီးမှ ပြန်ရောက်လာတယ်။ နောက်ပြီးတစ်နေ့ညကဆို မိန်းကလေးတန်မဲ့ ပါးစပ်မှာ အရက် နံ့ကရသေး..."

"တော်ပါတော့ ဇာနည်ရယ်၊ ညည်းကောင်းရင် ညည်းအကြောင်း၊ ငါ ကောင်းရင်ငါ့အကြောင်း၊ သူမကောင်းရင် သူ့အကြောင်းလေ...။ ညည်းကိုယ့်ဘဝ ကိုယ်သာ ကြိုးစားစမ်းပါ၊ သူများအကြောင်း သုတေသန လုပ်မနေနဲ့၊ နယ်က မိဘတွေက ကျောင်းစရိတ်ပို့ရတာ လွယ်တာမဟုတ်ဘူး"

ခင်လေးပြောမှ ဇာနည်ဦး ပါးစပ်ပိတ်သွားသည်။

တကယ်တော့ ဇာနည်ဦးနှင့်ခင်လေးမှာ သွေးမတော်သားမစပ်သော်လည်း မဂ္ဂတူ အထက်အောက်အတန်းများဖြစ်၍ အစ်မအရင်းသဖွယ် ချစ်ခင်ကြသည်။ ဇာနည်ဦးမသိသည့် ဘာသာရပ်များကို ခင်လေးက သူမနားလည်သလောက် အမြဲရှင်းပြလေ့ရှိသည်။ ခင်လေးမှာ ဇာနည်ဦး၏ Guide ဆရာဆိုရင်လည်းမမှားပေ။ သို့ဖြစ်၍ ဇာနည်ဦးမှာ ခင်လေးပြီးရင် ဘာမှမဆိုပြီးရမြဲဖြစ်နေသည်။

* * *

ယခုတလော နိုင်ငံတကာအသိအမှတ်ပြု LCCI စာရင်းကိုင်သင်တန်းများမှာ ဟိုလေး တကြော်ကြော် ခေတ်စားနေသည်။ ဆယ်တန်းအောင်တာနဲ့ တက်ခွင့်ရနေပြီး ထိုသင်တန်း Level ဘယ်လောက်ပြီးပါက လစာဘယ်လောက်ဆိုသည်မှာ ခင်လေး တို့ စီးပွားရေးတက္ကသိုလ်ထဲအထိ ပျံ့နှံ့စိမ့်ဝင်လာသည်။ ကျောင်းသို့ရောက်သည်နှင့် ကျောင်းသားအချင်းချင်းဖြစ်နေသော LCCI သင်တန်းကြေးက ဘယ်လောက်၊ စာမေးပွဲကြေးက ဘယ်လောက်၊ ဒေါ်လာဘယ်လောက်ဆိုသည်မှာ ခင်လေးတို့အဖို့ စိတ်ဝင် စားစရာတစ်ခုဖြစ်နေသည်။

ဘွဲ့ရတစ်ယောက်မို့ အလုပ်မသေချာသော်လည်း LCCI Level 3 အောင် ရင်အလုပ်မှာ သေချာသလောက်ရှိသည်။ စီးပွားရေးတက္ကသိုလ် တတိယနှစ်ကျောင်း သူခင်လေးလည်း သူငယ်ချင်းများတက်သော ထိုသင်တန်းကို တက်ချင်မိသည်အမှန်။ သို့သော် ခင်လေးမှာငွေမရှိ။ တစ်လတစ်လ နယ်မှပို့ပေးသောပိုက်ဆံကို လောက် အောင် မနည်းခြိုးခြံသုံးစွဲနေရသည်။ သင်တန်းကြေးအတွက် နယ်မှ ပင်ပင်ပန်းပန်း လုပ်ကိုင်ပြီး ကျောင်းစရိတ်ပို့ပေးနေရသော မိဘများအား ထပ်မံ အပူမကပ်လိုတော့ ပေ။ သို့အတွက် မိမိဘာသာ သင်တန်းစရိတ်ရှာရန် ခင်လေးဆုံးဖြတ်ရတော့သည်။

သို့နှင့် အဆောင်နှင့်မနီးမဝေးသော ရပ်ကွက်အတွင်းရှိ ၆/၇/၈ တန်းကလေး ငယ်များအား အိမ်လိုက်စာသင်ခြင်း လုပ်ငန်းစရတော့သည်။ ညနေ ၇ နာရီမှ ၉ နာရီအထိ ကလေးများအား သင်ကြားရလေသည်။ ကလေးများအား စာသင်ရသည် မှာ ပျော်စရာကောင်းသော်လည်း ခင်လေးအဆောင်ပြန်ရောက်ချိန်မှာ ညဆယ်နာရီ ဝန်းကျင်ဖြစ်နေလေတော့သည်။ စနေ၊ တနင်္ဂနွေနေ့များတွင် ခင်လေးတက်ချင်သော LCCI သင်တန်းကို မိမိလုပ်အားခဖြင့် တက်ခွင့်ရ၍ အတိုင်းထက်အလွန် ဝမ်းမြောက်ရလေသည်။ ထို့ပြင် ယခင်က လကုန်ခါနီးမှ ငွေမပို့သေးမီ ငွေကိုစိစစ် ချွေတာရသောဘဝမှ ယခုအခါ မိမိလုပ်အားဖြင့် ရသောငွေဖြင့် လိုသလိုသုံးနိုင် လာသဖြင့် ခင်လေးပျော်မိနေသည်။

* * *

ခင်လေး အလုပ်လုပ်ရသည်မှာ တစ်လခန့် ရှိလေပြီ။ ပြန်ချိန်အနည်းငယ် နောက်ကျသည်မှတစ်ပါး အစစအရာရာ အားလုံးအဆင်ပြေသည်။ ကလေးများ၏ မိဘများကလည်း မိမိအား တလေးတစား ဆက်ဆံကြသည်။

လမ်းမီးများမှာလည်း လင်းသည့်တိုင်လင်း မလင်းသည့်တိုင်မလင်းနှင့်။ ကတ္တရာစေးပေါက်ပြဲ၍ ချိုင့်ခွက်အသီးသီး စိုးမိုးထားသော ငါးပေသာသာ ရပ်ကွက်

လမ်းကလေးများကို အန်တုကာ ခင်လေး၏တရုတ်နိုင်ငံထုတ် စက်ဘီးအစုတ်ကလေးမှာတရျောင်းရျောင်း။ စက်ဘီးတွင် ချိတ်ဆွဲထားသော ခတ်ခဲမီးအိမ်လေး၏အလင်းရောင်ပျပျလေးမှာ ခင်လေး၏စက်ဘီးရှေ့တွင် တရိပ်ရိပ်။ ခင်လေးမှာ ထိုပိုးစုန်းကြူး ဆယ်ကောင်သာသာ အလင်းရောင်လေးကို အဖော်ပြုကာ အမှောင်ထုကိုအန်တုလျက် စာသင်ပြီးအပြန်။ စက်ဘီးကို ခပ်သုတ်သုတ်နင်းပြန်လာခဲ့သည်။

"မခင်လေး ခဏခဏ"

ခင်လေးသည် ဘေးမှခေါ်သံကြောင့် စက်ဘီးအရှိန်ကိုလျှော့ကာ အသံရှင်ကိုလှည့်ကြည့်လိုက်မိသည်။ တရုတ်နိုင်ငံထုတ် ဆိုင်ကယ်ပေါ်တွင် ကျောပိုးအိတ်လွယ်ထားသော အဝတ်အစား စတိုင်ကျကျ ခေတ်မီစွာဝတ်ဆင်ထားသောသူတစ်ဦးကိုမလင်းတစ်လှည့်လင်းတစ်လှည့် မီးတိုင်၏အလင်းရောင်အားနှင့် ခင်လေးတွေ့လိုက်ရသည်။

"ကျွန်တော်က မခင်လေးတက်နေတဲ့ LCCI အတန်းကပါ။ ဒီရပ်ကွက်ထဲမှာ နေတာပါ။ ဟိုဘက်ကမ်းမှာ ကျွန်တော့်အိမ်ရှိပါတယ်။ မခင်လေး ဒီကိုနေ့တိုင်းလာတာ ကျွန်တော်၊ အမြဲတွေ့နေရလို့ ခေါ်မလို့ ခေါ်မလို့နဲ့ ကြည့်နေတာ မခေါ်ဖြစ်ဘူး၊ ဒီနေ့မှ ကျွန်တော် မခင်လေးကို ခေါ်မိတာပါ"

ထိုသူက သူ့ဘာသာသူ မိတ်ဆက်လာသည်။

ခင်လေး ဘာမှပြန်မပြောဘဲ မိမိစက်ဘီးကိုသာ အာရုံစိုက်နင်းနေသည်။

"မခင်လေး၊ ကျွန်တော် ပြောတာကြားရဲ့လား"

ထိုသူက ထပ်မံစကားဆိုလာသည်။

"ကျွန်မ အဆောင်တံခါးမပိခင်ပြန်ရမှာမို့ပါ"

ခင်လေး ထိုသူကို မကြည့်ဘဲ ပြောလိုက်သည်။

"ခဏလေးပါ မခင်လေး၊ ကျွန်တော်တို့ စကားအနည်းအငယ် ပြောရအောင်ပါ..."

ထိုသူ၏ ဆိုင်ကယ်သည် ခင်လေးစက်ဘီးအားကျော်၍ လမ်းကိုကန့်လန့်ဖြတ်ပိတ်ရပ်လိုက်သည်။

ခင်လေး စက်ဘီးပေါ်မှ ဆင်းလိုက်သည်။

"ရှင်... ဒါဘာယ်လိုလုပ်တာလဲ"

ခင်လေး ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"ခဏလေး… လမ်းမှာရပ်ပြီး စကားပြောလို့ မကောင်းဘူး၊ ရှေ့က ကျွန်တော့်အသိ အအေးဆိုင် ခဏသွားထိုင်ရအောင်ပါ"

ထိုသူ၏ စကားကြောင့် ခင်လေး တွေဝေသွားသည်။

"လာပါ မခင်လေးရယ်… ခဏလေးပါ၊ မိတ်ဆွေဖြစ်ပေါ့"

သူက တောင်းပန်သောလေသံဖြင့် ထပ်ဆင့် ပြောနေသည်။

ခင်လေးက သူ့ကိုခြေဆုံးလက်ဆုံး အကဲခတ်ကြည့်လိုက်သည်။ ခင်လေးထက် အနည်းငယ်ကြီးမည်ဟု ထင်ရသည်။ စမတ်ကျကျ ဝတ်စားထားပြီး ရည်မွန်ဖော်ရွေသော လူကြီးလူကောင်းတစ်ဦး ဖြစ်ဟန်ရှိသည်ဟု ခင်လေးခန့်မှန်းလိုက်သည်။ သင်တန်းတွင်လည်း တွေ့ဖူးသည့်ရုပ်ဟု ကောက်ချက်ချမိလိုက်သည်။

သို့နှင့်ခင်လေး သူနှင့်လမ်းပေါ်တွင် စကားရပ်ပြောနေခြင်းကို သတိရကာ သူညွှန်ပြသော အနီးတွင်ရှိသည့် အအေးဆိုင်သို့ အသာတကြည့်လိုက်သွားလိုက်သည်။

"မခင်လေး… ဘာသောက်မလဲ"

သူက ချိုသာစွာ စကားဆိုလိုက်သည်။

"ကျွန်မ မသောက်တော့ပါဘူး၊ အဆောင်ရောက်ရင် ထမင်းမစားနိုင်မှာစိုးလို့ပါ"

စာသင်မထွက်ခင် ထမင်းစားလာခဲ့သော်လည်း ခင်လေးက အလိုက်သိစွာ ဖြေလိုက်မိသည်။

"တစ်ခုခုတော့ သောက်ပါ မခင်လေးရယ်"

ခင်လေးက စဉ်းစားဟန် ပြုနေသည်။

"ကြံရည်သောက်ပါလား ဒီဆိုင်က ကြံရည်ကောင်းတယ်"

သူက ထပ်မံပြောလာသည်။ ခင်လေး ဘာမှထပ်မပြောမိတော့။ သူက စားပွဲထိုးကောင်လေးအား…

"ဟေ့ ကလေး… ကြံရည်နှစ်ခွက်"

ဟုမတ်တတ်ရပ်၍ လက်နှစ်ချောင်းထောင်ကာ လှမ်းအော်လိုက်သည်။ ထို့နောက် သူက လေသံပြန်တိုးကာ ထိုင်ခုံတွင် ပြန်ထိုင်လိုက်ပြီး ခင်လေးကို စကား ဆက်ပြောလာသည်။

"ကျွန်တော့် နာမည် အောင်မင်းပါ၊ ကျွန်တော်က မန္တလေးသားတော့ မဟုတ်ပါဘူး၊ နယ်ကလာသူ တစ်ယောက်ပါ။ ကျွန်တော်က အဝေးသင်တက္ကသိုလ်

တက်ရင်း တရုတ်ပြည်နယ်စပ် ပို့ကုန်သွင်းကုန် လုပ်ပါတယ်။ ရှင်းရှင်းပြောရရင် အရောင်းအဝယ်သမားပေါ့ဗျာ။ စီးပွားသမားဆိုတော့ ကိုယ်ပိုင်စာရင်းကိုင်သင်တန်း တက်ထားတော့ စာရင်းကိုင်ငှားစရာမလိုတော့ဘူးပေါ့။ ဒါ့ကြောင့် ကျွန်တော်ကိုယ်တိုင် သင်းတန်းတက်တာပါ၊ ဒါနဲ့စကားမစပ် မခင်လေးက တကယ်အလုပ်ကြိုးစားတာပဲနော်၊ မခင်လေးက ဘယ်နယ်ကလဲ…"

စကားဆက်၍ ဆိုသည်။ ပြောရင်း ခင်လေးကို ကိုအောင်မင်းက ချီးကျူးစကား ဆိုလာသည်။

"ကျွန်မက တောင်သာနယ်ကပါ"

ခင်လေးက စကားကိုခပ်အေးအေးနှင့် ခပ်တိုတိုပင် ဖြေလိုက်သည်။

"ကြံရည်ရပြီ အစ်ကို…"

စားပွဲထိုးကောင်လေး ကြံရည်ကြိတ်ရင်း လှမ်းအော်လိုက်သည်။

"အေး… တစ်ခွက်ကို ဒီးဖျော်ရည်လေးနည်းနည်း ထည့်ချင်တယ်"

"မခင်လေး… ခဏနော်၊ ညီလေး ခဏ။ အစ်ကို ဘယ်လောက်ထည့်ရမယ်ဆိုတာ လာပြမယ်…"

ပြောပြောဆိုဆို ကြံရည်ကြိတ်စက်နား ထသွားတော့သည်။

စားပွဲတွင် ထိုင်လျက်စောင့်နေသော ခင်လေးမှာ လက်ပတ်နာရီကို ငုံ့ကြည့်ရင်း အဆောင်ပိတ်ချိန်အမီ မပြန်နိုင်ရန်ကိုသာ စဉ်းစားနေမိသည်။ မကြာမီ ဖန်ခွက်နှစ်ခွက်ကို ကိုင်ကာ ထိုသူပြန်ရောက်လာသည်။

"အဆောင်ပိတ်မှာ ကြောက်လို့စိတ်ပူနေတာလား မခင်လေး၊ မကြာပါဘူး။ အအေးသောက်ပြီး ပြန်ကြတာပေါ့ဗျာ၊ ကျွန်တော်လိုက်ပို့ပါ့မယ် မစိုးရိမ်ပါနဲ့"

သူက ခင်လေးအား နှစ်သိမ့်စကားဆိုလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မ အဆောင်တံခါးပိတ်မှာ စိုးလို့ပါ။ ကျွန်မ မသောက်တော့ပါဘူး၊ သွားတော့မယ်နော်၊ နောက်နေ့မှ သောက်တော့မယ်"

ဟု ခင်လေးကပြောရင်း၊ မတ်တပ်ရပ်ပြီး ပြန်ရင်ပြင်လိုက်သည်။

"ဟာဗျာ… နောက်နေ့မလုပ်ပါနဲ့…။ ယခုပဲ သောက်ရင်ပြီးတာပဲဟာကို၊ ငါးမိနစ်လောက်တောင်ချိန် မပေးချိန်တော့ဘူးလား"

သူက ထိုင်လျက်နှင့် မခင်လေး၏ စလင်းဘက်အိတ်ကိုင်းကို လှမ်းဆွဲလိုက်သည်။

သူက ဇွတ်အတင်းပြောနေ၍ ခင်လေးမှာ အားတုံ့အားနာဖြစ်လာပြီး ရပ်နေရာမှ ပြန်ထိုင်လိုက်သည်။ ထို့နောက် သူ့ဆန္ဒအတိုင်း မိမိရှေ့တွင်ရှိသော ကြံရည်ခွက်

ကို နှစ်ငုံမျှ သောက်လိုက်သည်။ လတ်ဆတ်၍ ကြံရည်မှာ အတော်ကောင်းနေသည်။ နယုန်လဆန်းပိုင်း၏ ရာသီဥတုအပူရှိန်ကြောင့် အအေးဆိုင်များ လူစည်ကားလျက် ရှိနေသေးသည်။

ခင်လေးသည် ပင်ပန်းသည်ကတစ်ကြောင်း၊ ရာသီဥတုပူသည်က တစ်ကြောင်းနှင့် ချိုမြအေးစက်သော ကြံရည်ကို နှစ်သက်စွာ ကုန်လုနီးပါးသောက်လိုက်သည်။ ကြံရည်သောက်နေစဉ် သူကတော့ သူ့အလုပ်အကြောင်း၊ သူ့မိသားစုအကြောင်း ပြောပြသည်။ ခင်လေးက အားနာပါးနာဖြင့် ထိုင်၍နားထောင်နေမိသည်။ သောက်ရင်းသောက်ရင်း ခင်လေးမျက်လုံး လေးလံလာသည်။ ခေါင်းများ မထူချင်အောင် ဖြစ်လာသည်။ လက်တစ်ဖက်ကိုခုကာ ခင်လေးစားပွဲပေါ်တွင် မှောက်နေလိုက်မိသည်။

* * *

မည်မျှအိပ်ပျော်သွားသည်၊ မည်သို့အိပ်ပျော်သွားသည်ကို ခင်လေးမသိတော့။ နိုးလာတော့ ခင်လေးမှာ အိစက်ညက်ညောသော မွေ့ရာထက် နှစ်ယောက်အိပ်ခုတင်ပေါ်သို့ ရောက်နေလေပြီ။ ယခုရောက်နေသောအခန်းသည် အဆောင်မှအခန်းမဟုတ်ကြောင်း ခင်လေး သတိထားမိလိုက်သည်။ အိပ်ချင်နေသေးသောကြောင့် ခုတင်ပေါ်ကမထဘဲ အခန်းတွင်း ဝေ့ဝဲရင်း ပတ်ကြည့်လိုက်မိသည်။ ပန်ကာတစ်ခု ဗီရိုတစ်လုံး၊ မီးချောင်းတစ်ချောင်း၊ ခုတင်တစ်လုံးပေါ်တွင် အမျိုးသမီးအသုံးဆောင် မိတ်ကပ်ဘူးနှင့် နှုတ်ခမ်းနီဘူးတစ်ဘူး၊ ဘီးတစ်ချောင်းကို အသင့်တွေ့လိုက်ရသည်။ ခင်လေး မိမိလက်ပတ်နာရီလောက်ကြည့်လိုက်သည်။ အချိန်မှာမနက် ရှစ်နာရီခွဲနေပြီ။ ခေါင်းအုံနေသေး၍ မထသေးပဲ ခုတင်ပေါ်တွင် ဆက်လက်မှိန်းနေလိုက်သည်။ ညက ဘာတွေဖြစ်ခဲ့သလဲသာ တွေးနေမိသည်။

"ကျွီ"

တံခါးပွင့်သံကြား၍ ခင်လေး၏ မှေးနေသောမျက်လုံးများဖွင့်ပြီး တံခါးဝကို ကြည့်လိုက်မိသည်။ ခိုတောင်မုန့်တီသုပ်ဆွဲကာ ဝင်လာသောဖြူကို တွေ့လိုက်ရသည်။ ခင်လေးအံ့သြစွာ ဖြူအားကြည့်နေမိသည်။

"မမခင်‥ နိုးပြီးလား၊ ဖြူလည်း မုန့်ထွက်စားရင်း မခင်စားဖို့ မုန့်တီသုပ်ဝယ်လာခဲ့တာ။ မျက်နှာသစ်ပြီး စားလိုက်ဦး"

ဖြူက ထုံးစံအတိုင်း ချွဲချွဲနွဲ့နွဲ့ဆိုကာ ဝယ်လာသောမုန့်တီသုပ်ကို စားပွဲပေါ်သို့ အသာတင်ထားလိုက်သည်။ ထို့နောက် စားပွဲပေါ်မှာရှိသော ရေခွက်ထဲသို့ ကြွပ်ကြွပ်

အိတ်ကို မသွန်တော့ပဲ ဟင်းရည်အိတ်ကို စွပ်ထည့်ထားလိုက်သည်။ ပြီးမှ ဟင်းရည်အိတ်၏ ချည်ထားသောအစကို အသာအယာဖြည်နေသည်။ မုန့်တီအသုပ်ကိုဖြည်ကာ အသင့်ပါလာသော တူများစိုက်ထားလိုက်သည်။

ခင်လေး လှဲနေရာဖြူလုပ်ကိုင်ပုံကို ကြည့်နေမိသည်။ ထို့နောက် ဖြူသည် ခင်လေး၏ တင်ပါးလေးအား ချစ်စနိုးပုတ်လိုက်ပြီး ခုတင်လွတ်နေသော နေရာသို့ ဝင်ထိုင်လိုက်သည်။ နောက်တော့ ခင်လေးကစပြီး မေးရတော့သည်။ မကြည်မလင်ဖြစ်နေသော ခေါင်းထဲမှ အတွေးများသည် အဖြစ်မှန်၊ အဖြေမှန်ကို သိချင်နေသည်။ စိတ်ထဲမှာလည်း မွန်းကျပ်နေသည်။

"ဖြူရယ် ညက မမခင် ဘယ်လိုဖြစ်ပြီး ဒီရောက်လာတာလဲ၊ မမခင်ကို ပွင့်ပွင့်လင်းလင်း ပြောပြပါလား၊ အားမနာနဲ့နော် အမှန်တိုင်းပြောပြ"

ခင်လေးမေးရင်း လှဲနေရာမှ ထလိုက်သည်။

ဖြူသည် သူမ၏ အမူအရာအတိုင်း မျက်ခုံးတစ်ချက်ပင့်ပြီး လေကိုတစ်ချက်ခပ်ပြင်းပြင်း ရှူထုတ်လိုက်သည်။ ပြီးမှ

"ဒီလို မမခင်ရဲ့...၊ မနေ့ညက ကိုပွေးလေးနဲ့ဖြူတို့ ထမင်းစားပြီး ဖြူက ကြိုရည်သောက်ချင်လို့ ကြိုရည်ဆိုင်လာတာ။ အဲ့ဒီမှာ မမခင်ကို လူတစ်ယောက်နဲ့ ဝင်လာတာတွေ့လိုက်ရတယ်၊ မမခင်တို့ကတော့ ဘယ်တွေ့မလဲ၊ ဖြူတို့က ဆိုင်အတွင်းချောင်ကျတဲ့ ခုံကနေကြည့်နေကြတာ။ ပထမတော့ မမခင် ချစ်သူအောက်မေ့ပြီး ဖြူတို့ကြည့်နေကြတာ။ နောက် မမခင် စားပွဲပေါ် ခေါင်းမှောက်ပြီး အိပ်လိုက်တော့ ဖြူက မသင်္ကာတာနဲ့ အဲဒီစားပွဲကို ထသွားပြီး မမခင် ဘာဖြစ်တာလဲ သွားမေးတော့ သူက ခင်ဗျားနဲ့ဘာဆိုင်လဲလို့ ဖြူ့ကိုမေးတယ် ဖြူကလည်း ဒါ နယ်က ကျောင်းလာတက်တဲ့ ဖြူ့အစ်မဝမ်းကွဲလို့ ပြောလိုက်တော့မှ သူက သူမ ခေါင်းကိုက်တယ်ပြောလို့၊ ကျွန်တော်လည်း ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ၊ ခဏလေးနော်၊ ကျွန်တော်ဆေးသွားဝယ်လိုက်ဦးမယ်ပြောပြီးတော့ ထွက်သွားတော့တာပဲ၊ ဒါနဲ့ ညီမတို့နှစ်ယောက်လည်း သူ့ပုံစံ မရိုးသားဘူးထင်တာနဲ့ မမခင်ကို အဆောင်ခေါ်သွားမလို့လုပ်ကြတယ်၊ နောက်ကိုပွေးက ဒီပုံစံနဲ့ခေါ်သွားရင် အဆောင်သူတွေက ဘာဖြစ်လာတာလဲလို့ စပ်စုရင် မမခင်အတွက် မကောင်းဖြစ်မှာစိုးလို့ဆိုပြီး သူကိုယ်တိုင် ဖြူတို့နှစ်ဦးအား ဒီအခန်းကိုငှားပေးခဲ့တာပဲ၊ ဖြူကလည်း မမခင်တစ်ယောက်တည်း ဒုက္ခရောက်မှာ စိုးလို့ စောင့်အိပ်ပေးတာပါ အဲ့ဒါပါပဲ"

ဖြူပြောမှ ခင်လေး အသက်ရှူချောင်သွားတော့သည်။

"ကျေးဇူးတင်လိုက်တာဖြူရယ်...၊ မမခင်က ဖြူ့ကို ဘယ်လိုကျေးဇူးတင်

ရမှန်းကို မပြောပြတတ်အောင်ပါပဲ ညီမရယ်။ ဖြူသာ မတွေ့ခဲ့ရင်၊ ဖြူသာမကယ်ခဲ့ရင် မမခင်ဘဝတော့ မတွေးဝံ့စရာပဲ။ ကိုပွေးကိုလည်း မမခင် ကျေးဇူးတင်ကြောင်း ပြောပြလိုက်ပါနော်"

ခင်လေးက ပြောရင်း ဖြူ၏လက်ဖဝါးအား လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ နွေးထွေးစွာ ပြောလိုက်မိသည်။

"ရပါတယ် မမခင်ရယ်"

ဟုဆိုကာ ခင်လေးမျက်နှာအား ကရုဏာအပြည့် မျက်ဝန်းနှင့် ကြည့်ပြီး ဖြူက တိုးညင်းစွာ စကားပြန် ဆိုလေသည်။

ခင်လေးတစ်ယောက် နီနီရဲရဲ ဝက်ခြံများပြည့်နက်သော ဖြူ့မျက်နှာ၊ ကြည်လင်၍အကြင်နာ တရားပြည့်စုံသော သူမ၏မျက်လုံးအစုံ၊ ထို့မှတစ်ဆင့် ဖြူ့စင်နှလုံးသား ရပ်ဝန်းဆီသို့ အဆင့်ဆင့်ဖောက်ထွင်း၍ ကြည့်ရှုလိုက်မိပါတော့သည်။

သြော်… သူမဘဝက မလှပသော်လည်း… သူမ၏ နှလုံးသားအစုံက တော့…။

နိုင်မိုးသူ

❐

# ရွှေမြင်းမိုရ်ငိုမှာစိုးတယ်

တက္ကသိုလ်ရွှေဆင့်

မိမိလိုချင်သော ပန်းတိုင်တစ်ခု ရောက်ဖို့က
အချိန်ကာလတစ်ခုကို ပေးဆပ်ရမည်ဟု
အိမ္မွန်ကျော် တွေးလိုက်မိသည်။
အချစ်ကိုသာ
ဦးစားပေး ရှေ့တန်းတင်နေကြလျှင်...

# ရွှေမြင်းမိုရ် ငိုမှာစိုးတယ်

၃၇၆။

တက္ကသိုလ်ရွှေဆင့်

အိမွန်ကျော်သည် သူမ၏နှလုံးသားမှ အဖြေမှန်ထွက်ဖို့ ခေါင်းထဲမှာ ချာချာလည်နေသည်အထိ တွေးတော်နေရှာသည်။ ဦးနှောက်နှင့်မဆုံးဖြတ်နိုင်ဘဲ နှလုံးသားဖြင့် ဆုံးဖြတ်လိုက်မိလျှင် မိခင်ကြီး၏မျက်ဝန်းမှာ မျက်ရည်များက အတားအဆီးမရှိစီးကျလာတော့မည်။ အိမွန်ကျော်သည် သူ့အတွက် မိခင်ကြီး၏ ကျဆင်းမည့်သောက မျက်ရည်ပူများကို မကြည့်ရက်။ မမြင်ရက်နိုင်ပေ။ သင်္ချာတစ်ပုဒ်ကိုယ်စဉ်က အလွယ်တကူ အဖြေထွက်အောင် တွက်နိုင်ခဲ့သော်လည်း သူမ၏ဘဝပုစ္ဆာအတွက် အဖြေမှန်ထွက်အောင် တွက်မရ ဖြစ်နေတော့သည်။

* * *

ဈေးသည် မညီသည် နံနက်လင်းလျှင် ဈေးရောင်းဖို့အတွက် ဟင်းသီးဟင်းရွက်များကို ညအိပ်ရာမဝင်မီ ပြင်ဆင်နေသည်။ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်များကို အမြန်ပြီးစီးအောင် စီနေရင်းက သမီးကို လှမ်းအော်လိုက်သည်။

"မွန်မွန်ရေ…၊ ဒီမှာ ချဉ်ပေါင်ရွက်တွေများနေလို့ အမေ့ကို လာပြီးကူစည်းပေးပါဦး…"

အိမွန်ကျော်က မိခင်ပြောလာစကားကို မကျေမနပ်ဖြင့် နှုတ်ခမ်းစူရင်းပြောနေသည်။

"ဟင်… မေမေကလည်း… သမီးက တီဗွီသွားကြည့်မလို့"

"မေမေ့ သမီးကလည်း လိမ္မာပါတယ်၊ နောက်မှကြည့်ပါ သမီးရယ်"

အိမ္မွန်ကျော်က မိခင်စကားကြောင့် တီဗွီသွားမကြည့်တော့ဘဲ မိခင်၏အလုပ်ကို ကူလုပ်နေသည်။ အိမ္မွန်ကျော်သည် လက်မှချဉ်ပေါင်ရွက် စည်းနေ သော်လည်း စိတ်ကတီဗွီမှာ ရောက်နေသည်။ တီဗွီဖန်သားထက်မှာ ကနေသော မင်းသမီးကို မြင်ယောင်နေမိသည်။ အိမ္မွန်ကျော်မှာ ငယ်စဉ်မှစ၍ အငြိမ့်မင်းသမီး လေးတွေမြင်တိုင်း စိတ်ဝင်စားခဲ့သည်။ အိမ္မွန်ကျော်တို့က ရွာပတ်ဝန်းကျင်မှာ အငြိမ့်ပွဲရှိတိုင်း ဖခင်ကိုပူဆာပြီး အငြိမ့်ပွဲကြည့်ခဲ့ရသည်။ အငြိမ့်ပွဲမှ ပြန်လာတိုင်းလည်း ကြည့်ခဲ့ရသော မင်းသမီးလေးပုံစံနဲ့ ပုံစံတူအောင် ကပြခဲ့ရသည်မှာလည်း အမောပင်။ အဖေနှင့် အမေတို့ကလည်း အိမ္မွန်ကျော် ကပြသည်မှ လက်ခုပ်တီး၍ အားပေးရင်း တဟားဟား ရယ်မောနေကြသည်။ အိမ္မွန်ကျော်ဘဝမှာ အပူအပင်ကင်းမဲ့စွာဖြင့် ကလေးဘဝက အလွန်မှပျော်စရာကောင်းခဲ့သည်။ အိမ္မွန်ကျော်သည် ချဉ်ပေါင်ရွက်စည်းရင်းက မိခင်ကို ပြောမိအောင်ပြောလိုက်သည်။

"မေမေရေ…၊ မွန်မွန်လက်က အမြဲတမ်း ချဉ်ပေါင်ရွက် စည်းမယ့်လက် မဟုတ်ဘူးနော်၊ ပြည်သူတွေကို ဖျော်ဖြေမယ့် အနုပညာလက်…"

အိမ္မွန်ကျော်က သူ့လက်ချောင်းကလေးများကို သေချာဖြန့်ကြည့်ရင်းက ပြောနေသည်။ မညို့က သမီးပြောသော စကားများကို သဘောကျစွာ ပြုံးနေသည်။ ထိုစဉ် မညို့၏ခင်ပွန်းသည် ရောက်လာပြီး မေးခွန်းထုတ်နေသည်။

"မယ်ညို… နင်တစ်ယောက်တည်း ဘာတွေသဘောကျနေတာလဲဟ၊ ငါ့ကိုလည်း အသက်ရှည်ဆေးလေး ပေးပါဦး၊ တစ်ယောက်တည်းပြုံးနေလိုက်တာ"

"တော့်သမီး… မင်းသမီးရူး ပြောတာကို သဘောကျလို့ပြုံးမိတာ။ ထင်းပေါက်လို့ ပြီးခဲ့ပြီပေါ့။ ပြီးခဲ့ရင်လည်း ကျုပ်ဟင်းရွက်တွေက များနေတာကူစည်းပါဦး…"

ဦးကြည်မောင်က နဖူးမှစီးကျလာသော ချွေးများကို ဝတ်ထားသောပုဆိုးနှင့်သုတ်ပစ်ရင်းက ဖြေလိုက်သည်။

"ဦးလေးအောင် အိမ်ကပြီးခဲ့ပြီ…၊ နောက်တစ်အိမ်ကူးပြီး ပေါက်စရာရှိသေးတယ်၊ မောလို့နားရင်း ပြန်လာတာ"

အိမ္မွန်ကျော်သည် ဖခင်ဖြစ်သူက ချဉ်ပေါင်ရွက် ကူစည်းပေးသောကြောင့် ပျော်ရွှင်စွာ ခုန်ပေါက်ထွက်သွားသည်။ သူမ ကြည့်ချင်သောအငြိမ့်ကို တီဗွီရှေ့မှာ

ထိုင်ကြည့်နေသည်။ အငြိမ့်ကြည့်ပြီး ပြန်လာသောအခါတွင်လည်း တီဗွီထဲမှ မင်းသမီး ကပြသည့်အတိုင်း အဖေနှင့်အမေကို ပြန်၍ ကပြလေသည်။ ကပြရင်းကလည်း မေးလိုက်လေသည်။

"ဖေဖေရေ…၊ မွန်မွန်ကတာ တီဗွီထဲကလာတဲ့ အငြိမ့်မင်းသမီးကတာနဲ့ တူရဲ့လားဟင်"

"ငါ့သမီးက တူပါ့ဗျာ၊ သိပ်တူ၊ အရမ်းကို တူပါတယ်"

မညိုမှာ ခင်ပွန်းသည်စကားကြောင့် မျက်စောင်းထိုးရင်းမှ လှမ်းပြောလိုက်သည်။

"တော်က… ဘယ်ချိန်က အငြိမ့်ကြည့်ရလို့ အရမ်းတူတယ် ပြောတာလဲ ဦးကြည်မောင်ကြီးရဲ့"

ဦးကြည်မောင်သည် ဇနီးသည်၏ အမေးစကားကို မဖြေတော့ဘဲ ထင်းပေါက်စရာရှိသေးသည်ဟူသော အကြောင်းပြချက်ဖြင့် ထွက်သွားလေသည်။

* * *

အိမ့္မွန်ကျော့်သည် အလယ်တန်းကျောင်းသူဘဝသို့ ရောက်ရှိလာသောအခါ မိဘအလုပ်ကိုလည်း တတ်နိုင်သမျှ ကူညီလုပ်ကိုင်လေသည်။ သူတက်လိုသော ယဉ်ကျေးမှုတက္ကသိုလ်ကိုလည်း တက်နိုင်အောင် ကြိုးစားနေသည်။ အိမွန်ကျော့် စိတ်ထဲမှာလည်း အတွေးတစ်ခုတွေးမိသည်။ ရည်မှန်းချက်ရှိသူတိုင်း အောင်မြင်မှုပန်းတိုင်နှင့်နီးသည်။ ဘဝရည်မှန်းချက်ပန်းတိုင် ကင်းမဲ့သူတိုင်း အောင်မြင်မှုပန်းတိုင်နှင့်ဝေးကြသည်။

ကျောင်းတွင် ကထိန်ပွဲ၊ အာစရိယပူဇော်ပွဲများတွင်လည်း စင်မြင့်ပေါ်တက်၍ ရဲဝံ့စွာတက်ပြီး သူမြတ်နိုးသော အကဖြင့်ဧည့်ခံခဲ့သည်။ အိမွန်ကျော့်သည် ကျောင်းမှာရှိသော ပွဲများသာမက အရပ်ထဲတွင် ပြုလုပ်သောဘုရားပွဲ၊ အလှူပွဲများတွင်လည်း ပရိသတ်၏တောင်းဆိုမှုကြောင့် ကပြပေးရလေသည်။ အိမွန်ကျော့်၏ ဝါသနာကို မိခင်နှင့်ဖခင်ကအားပေး၊ အားမြှောက်ပြုလေသည်။

အိမွန်ကျော့်သည် အထက်တန်းကျောင်းသူဘဝတွင် ဆိုကရေးတီးပြိုင်ပွဲတွင် မြို့နယ်တွင်သာမက ဗဟိုအဆင့်အထိ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ယှဉ်ပြိုင်ရာတွင် ပထမဆုရရှိခဲ့သည်။ အိမွန်ကျော့်သည် ကျောင်းမှ ဆရာ့ဆရာများ၏ ဂုဏ်ကို ဆောင်ခဲ့သည်။ မိဘများကလည်း ဝမ်းသာမဆုံးဖြစ်ကြသည်။ ဝမ်းသာမှုများနှင့်အတူ

အရပ်ထဲတွင်လည်းကော သမီးဆိုကရေးတီးတွင် ပထမဆုရရှိခဲ့သည့် အကြောင်းများ ပြောရသည်ကိုလည်း မမောနိုင်၊ မပန်းနိုင်ဖြစ် နေသည်။ အိမ်တွင် ဈေးဝယ်လာသူများကိုလည်း ပြောမိအောင် ပြောလိုက်သေးသည်။ အရပ်ထဲမှာ ဒေါ်နုသည် မညိုထံသို့ ဈေးဝယ်ရောက်လာတယ်။

"မယ်ညိုရေ…၊ ငရုတ်သီးစိမ်းနဲ့ ခရမ်းချဉ်သီး ငါးဆယ်သားလောက် လိုချင်တယ် ရှိရဲ့လားအေ့"

မယ်ညိုသည် သမီးဆုရသည့်အကြောင်း ပြောချင်နေသောဆန္ဒများကို လွှမ်းနေသောကြောင့် ဒေါ်နုကို ဖွတ်ထိုင်ခိုင်းနေသည်။

"သြော်… မမနုပါလား၊ ရှိပါတယ်၊ ထိုင်ပါဦး ထိုင်ပါဦး၊ ဖြည်းဖြည်းပေါ့။ လက်ဖက်နုပ်လေးနဲ့ နှစ်ပြန်ကြော် ကြွပ်ကြွပ်လေးဝါးပါဦး၊ သမီး မွှန်မွှန်လေး အကြောင်းသိပြီးပြီလား"

"သိပ့်တော်… သိပ့်…၊ ညည်းသမီးလေးအကြောင်းကတော့ သတင်းကို မွှေးနေတာပဲ။ ပန်းသတင်း လေညှင်းဆောင်သလို လူသတင်းကတော့ လူချင်းဆောင်ပေါ့အေ။ သားသမီးဘက်က တာဝန်ကျေရင် မိဘဘက်လည်း တာဝန်ယူတတ်ရမှာအေ…။ အောင်မြင်အောင်တော့ မြေတောင်မြှောက်ပေးကြအေ။ သွားမယ် မယ်ညိုရေ ထမင်းက မကျက်သေးဘူး"

မညိုမှာ မမနုနှင့်စကားတွေ သမီးအကြောင်းကို အထင်ကြီးပြောချင်နေသည်။ တစ်ဖက်လူက မအားတော့လည်း မယ်ညိုတစ်ယောက်တည်း ကျန်ခဲ့သည်။ ကျန်ခဲ့မှာလည်း မနု၏ချီးမွမ်းစကာများကြောင့် ရင်ထဲမှာ ဝမ်းသာပီတိများနှင့် ကျန်ခဲ့ခြင်း ဖြစ်ပေသည်။

* * *

ဦးကြည်မောင်သည် သမီး၏ အနာဂတ်ရေးကို မျှော်တွေးကြည့်နေမိသည့်။ အချိန်၏ ရွေ့လျားပြောင်းလဲမှုများနှင့်အတူ သမီး ဆယ်တန်းစာမေးပွဲကြီး ဖြေရတော့မည်။ အိမ်မွန်ကျော်၏ မောင်လေးနှင့်ညီမလေးကလည်း အလယ်တန်းနှင့်မူလတန်း တက်လာသည်။ သမီးကြီး ဆယ်တန်းအောင်လို့ တက္ကသိုလ်မှာ ဆက်လက်ရင်း ဦးကြည်မောင်တို့၏ ရည်မှန်းချက်လည်း ပျက်ပြယ်သွားနိုင်သည်။ သားသမီးအတွက် ဖခင်ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားရတော့မည်။ ဖခင်တာဝန်ကျေအောင် စီးပွားရေးလမ်းကြောင်း ပြောင်းရှာရတော့မယ်။

ထို့ကြောင့် ဦးကြည်မောင်မှာ ထင်းပေါက်သမား၊ ထင်းခုတ်သမားဘဝမှ ဘဝပြောင်းအောင် ကြံဆောင်ရပေမည်။ ဦးကြည်မောင်မှာ ရင်းနှီးသောမိတ်ဆွေများထံမှ ငွေအရင်းအနှီး ရှာခဲ့သည်။ ဦးကြည်မောင်၏ ရိုးသားကြိုးစားမှုကြောင့် ငွေရင်းထုတ်ပေးသူများက မရှားခဲ့ပေ။ ဦးကြည်မောင်၏ ကြိုးစားမှုကြောင့် ထင်းပေါက်သမားဘဝမှ ထင်းအရောင်းအဝယ်လုပ်သည့် ဈေးသည်ကြီးဘဝသို့ ရောက်ခဲ့သည်။ ဇနီးကိုလည်း ခေါင်းရွက်ဈေးသည်ဘဝမှ အိမ်တွင်ရောင်းသော ကုန်စုံဆိုင် ထောင်ပေးနိုင်ခဲ့သည်။ ဦးကြည်မောင်တို့၏ ကြိုးစားရုန်းကန်မှုအားကြောင့် စီးပွားရေးက ဒီရေအလား တိုးတက်လာသည်။

အိမ္မွန်ကျော်သည် ဆယ်တန်းအောင်သည့် သူမ အလွန်စိတ်ဝင်စားလှသော ယဉ်ကျေးမှုတက္ကသိုလ် ဆက်လက်တက်လေသည်။ အိမ္မွန်ကျော်သည် သူ့၏ရည်မှန်းချက်ကို ရောက်အောင် လှံ့လ၊ ဝီရိယ ခွန်အားများကို စိုက်ထုတ်ပေးရဦးမည်။ သူ့ရည်မှန်းချက်က ပြည်သူကိုအကျိုးပြုသော အချစ်တော်အနုပညာသည်တစ်ယောက်ဖြစ်ရမည်ဟု ဆုံးဖြတ်ချက် ချထားသည်။

တက္ကသိုလ်မှ ကျောင်းပိတ်၍ ပြန်လာတိုင်း မိဘနှစ်ပါးကို တက္ကသိုလ်က အကြောင်းများ၊ အတူနေရသောသူငယ်ချင်းများပါမကျန် ပြောလေသည်။ မိဘနှစ်ပါးကလည်း စိတ်ဝင်တစား နားထောင်ကြသည်။ အိမ္မွန်ကျော်မှ လက်တွေ့ကျလှသော စကားများကို ဆိုလိုက်သေးသည်။

"ဖေဖေနဲ့မေမေတို့ ခုရောင်းနေတာက တောင်သူလယ်သမားကြီးတွေ စိုက်ပျိုးတဲ့ အသီးအနှံတွေဟာ ခန္ဓာဖြိုးဖို့ အထူးလိုအပ်သလို စိတ်ကျန်းမာဝဖြိုးလာအောင်လည်း သမီးတို့ အနုပညာသည်တွေကလည်း စွမ်းဆောင်နိုင်တဲ့ ဖေဖေရဲ့"

အိမ္မွန်ကျော်၏စကားကြောင့် ဒေါ်ညိုမှာ ဦးကြည်မောင်ကို လှမ်းကြည့်ရင်းက ပြောလိုက်သည်။

"တော့်သမီးက… တက္ကသိုလ်ရောက်မှ စကားတွေ အတော်တတ်နေပြီနော်၊ ကျုပ်သမီးကို တက္ကသိုလ်ထားရကျိုးနပ်ပါပြီ"

ဦးကြည်မောင်တို့၏ စကားဝိုင်းကလေးမှာ ပျော်ရွှင်အေးချမ်းစွာဖြင့် စကားဝိုင်းသိမ်းပြီး အိပ်ရာဝင်ခဲ့ကြတာတော့သည်။

* * *

အိမ္မွန်ကျော်သည် ကျောင်းပိတ်ရက်မှာ မိခင်အလုပ်များကို ကူလုပ်ပေးနေသည်။ ကျောင်းဖွင့်ရက် ရောက်သောအခါ ပြန်ဖို့အတွက် ခြင်းထဲမှာလိုအပ်သော

ပစ္စည်းများကို ပြင်ဆင်ထည့်နေသည်။ ထိုစဉ် သူငယ်ချင်း မိမော်က ဈေးဝယ်လာရင်း သတင်းပေးလာသည်။

"ဟယ်… မိမွန် ပြန်တော့မလို့လား။ အတော်ပဲ မန္တလေးက တို့သူငယ်ချင်း မိမော်ကားကြုံတယ်။ မိမွန် အဲဒီကားနဲ့ လိုက်သွား၊ ငါပြောထားလိုက်မယ်နော်"

အိမွန်ကျော်သည် မိမော်၏ ကောင်းမှုကြောင့် မန္တလေးသို့ ကိုယ်ပိုင်ကား ကြုံနဲ့ သက်သောင့်သက်သာ လိုက်သွားခဲ့ရလေသည်။ မိမော်၏ သူငယ်ချင်းမှာ မန္တလေးရတနာပုံတက္ကသိုလ်မှာ တက်နေသော နောက်ဆုံးနှစ်ကျောင်းသားဖြစ်သည်။ အိမွန်ကျော်နှင့် မင်းမော်မှာ ခရီးသွားရင်း ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်သွားကြသည်။ မင်းမော်ကလည်း အိမွန်ကျော်အပေါ်မှာ စေတနာမေတ္တာတရားတွေ ပိုကဲနေသည်။ အိမွန်ကျော်နေသော အဆောင်ထိလိုက်ပို့လေသည်။ အတူနေသော အဆောင်သူများက ဝိုင်းလှောင်နေမှုကြောင့် အိမွန်ကျော်၏ မျက်နှာပြင်တစ်ခုလုံး နီရဲသွားသည်။ မင်းမော်က မသိယောင်ပြုပြီး ကားမောင်းထွက်သွားလေတော့သည်။

မင်းမော်သည် ကျောင်းပိတ်ရက်တိုင်း အိမွန်ကျော် တက်နေသော တက္ကသိုလ်ဘက်သို့ အလည်ရောက်လာတတ်သည်။ မင်းမော် ရောက်မလာသောရက်များတွင် အိမွန်ကျော်၏ မသိစိတ်က မင်းမော်ကို မျှော်နေမိသည်။ အတူနေသော သူငယ်ချင်းများက ရိပ်မိနေသောကြောင့် စကြနောက်ကြနှင့် တဟားဟားရယ်မောနေကြသည်။ ရယ်မောနေရင်းက လှိုင်စပယ်ဝင်း ဝမ်းသာအားရအော်လိုက်ပါသည်။

"ဟော… မိမွန်မျှော်လင့်နေတဲ့ ကိုမင်းမော်ကြီး လာပြီဟေ့၊ တို့သူငယ်ချင်းအားလုံး အခန်းထဲဝင်ကြစို့။ မိမွန် နေခဲ့တော့နော်… တို့ရှိနေရင် နင့်အတွက်ရှုပ်နေလိမ့်မယ်"

ဗန်ဒံပင်အောက်က ခုံဝိုင်းလေးပေါ်မှာ အိမွန်ကျော်တစ်ယောက်တည်းသာ ကျန်ခဲ့တော့သည်။ သူငယ်ချင်းတွေ ရှင်းသွားသောကြောင့် အိမွန်ကျော်ရင်ထဲမှာ ကြိတ်ဝမ်းသာနေသည်။ အိမွန်ကျော်၏အနီးမှာ မင်းမော် ဝင်ထိုင်လိုက်သည်။ မင်းမော်က အရင်စကားစလိုက်သည်။

"မွန်လေး…၊ တို့မွန်လေးဆီကို ဘာ့ကြောင့် ခဏခဏ လာတာလဲဆိုတာ မွန်လေးသိမှာပေါ့နော်…"

"ရှင်"

အိမွန်ကျော်မှာ မင်းမော်ပြောလိုက်သော စကားကြောင့် ရင်ခုန်သံတွေ မြန်

နေသည်။ ဘာပြန်ပြောရမှန်းမသိ။ ခေါင်းကိုငုံ့ထားသည်။ အိမွန်ကျော့်၏ အပြုအမူကို မင်းမော်က အားမလိုအားမရဖြစ်ကာ စကားကိုဆက်ပြောပြန်သည်။

"ရှင်တွေဘာတွေ လုပ်မနေနဲ့ကွာ၊ မွန်လေးကို ချစ်နေတာကြာပြီ။ ကားပေါ်မှာ ပါလာစဉ်က အခွင့်အရေးယူတယ် ထင်မှာစိုးလို့ အချိန်တွေအကြာကြီး စောင့်နေတာ ပါမွန်လေးရယ်...၊ ကို့အချစ်ကို လက်ခံပါ.. မငြင်းပါနဲ့"

အိမွန်ကျော့် ပြောခွင့်မရ။ မင်းမော်က သူ့ခံစားချက်များကို တဝကြီးပြောနေသည်။

မင်းမော်နှင့်အိမွန်ကျော့်တို့မှာ ခင်မင်ရင်နှီးသော မိတ်ဆွေအဖြစ်မှ ချစ်သူများဘဝသို့ ပြောင်းလဲသွားသည်။ မင်းမော်မှာ ချစ်သူနှင့် တက္ကသိုလ်နယ်မြေမှာ အတူစား၊ အတူသွားလာနေရသည့်အတွက် ကြည်နူးပျော်ရွှင်လို့မဆုံး ဖြစ်နေသည်။ အိမွန်ကျော့် တတိယနှစ်အရောက် စာမေးပွဲဖြေဆိုဖို့ တစ်လလောက်အလိုတွင် မင်းမော်လက်ထပ်ခွင့်တောင်းလေသည်။ အိမွန်ကျော့်သည် ချစ်သူ၏တောင်းဆိုမှုကို အလွယ်လက်ခံလိုက်လေသည်။

ဦးကြည်မောင်နှင့်မယ်ညိုတို့မှာ သမီး၏သတင်းစကားကို မမျှော်လင့်ဘဲ ကြားလိုက်ရသောအခါ ဒေါသတရားများနှင့်အတူ အံ့သြတုန်လှုပ်သွားသည်။ မြို့ပေါ်က သူဌေးသားနှင့်ရသည်ကို ဝမ်းမသာနိုင်သည့်အပြင် နှမြောတသ၍မဆုံး ဖြစ်နေတော့သည်။ ထို့အချိန် အိမွန်ကျော့် ရောက်လာသောအခါ ဒေါ်ညိုမှာမကျေမနပ်ဖြင့် သမီးကိုရန်တွေ့လေသည်။

"မိမွန်...၊ ညည်းပြောတာတွေကို မှတ်မိသေးရဲ့လားဟင်။ သမီးလက်က ချဉ်ပေါင်ရွက် စည်းမယ့်လက်မဟုတ်ဘူး၊ ပြည်သူတွေကို ဖျော်ဖြေမယ့်အနုပညာလက်၊ အဓိပ္ပာယ်ရှိသောလက်၊ အမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်မယ့်လက်ဆို။ ခုတော့ ညည်းလက်တွေက လင်တစ်ယောက်ကို ပြုစုယုယရတော့လက်ဖြစ်နေပြီအေ။ ညည်းအတွက် ငါရင်နာလို့မဆုံးဘူး။ အဖေဖြစ်သူကတော့ အမြော်အမြင်ကြီး ရှာလိုက်တာ။ အထက်ကျောင်းသူဘဝ ဆိုကရေးတီးမှာ ဆုရစဉ်ကတည်းက သမီးတက္ကသိုလ်တက်ရင် ပိုက်ဆံကုန်မှာဆိုပြီး ငွေတွေကြိုးစားရှာလိုက်တာ။ မိဘမေတ္တာ၊ စေတနာတရားတွေကိုမှ နားမလည်တန်းဖို့မထားတဲ့သမီးမိုက်။

ညည်းဟာ သမီးမိုက်။ ကိုယ်ရဲ့ရည်မှန်းချက်တွေကို အချစ်တစ်ခုကိုသာ ဦးစားပေး ဖျက်ဆီးလိုက်တာပဲ၊ မိညိုတို့လို မိန်းကလေးတွေ ငွေမပြည့်စုံလို့ ငွေကြေး

ပြည့်စုံသူကို မက်မောလိမ့်မယ်မထင်နဲ့၊ ကိုယ့်ဘဝတိုးတက်မှုကို အလုပ်နဲ့ပဲ တည်ဆောက် မယ်''

အိမွန်ကျော်သည် မိခင်၏မျက်နှာကို ခေါင်းမော့မကြည့်ရဲ။ မကြည့်ရက်ပေ။ အမေဖြစ်သူ၏ ထိရှလွန်းသော စကားများကြောင့် မျက်ဝန်းအိမ်မှ မျက်ရည်ပူများက ထိန်းသိမ်းမရအောင် တလိမ့်လိမ့် စီးကျနေသည်။ သူမအတွက်နှင့် မိဘနှစ်ပါး ဒီလောက်ထိ စိတ်ထိခိုက်လိမ့်မည်ဟု မျှော်လင့်မထားခဲ့ပေ။ မြို့မှသူဌေးသားနှင့် ရခဲ့လို့ ဝမ်းသာလိမ့်မည်ဟု လျှော့တွက်ခဲ့မိသည်။ ဦးကြည်မောင်ကလည်း သမီးကို ကရုဏာသက်သော မျက်ဝန်းများနှင့် စိုက်ကြည့်ရင်း ရင်ကွဲအက်သံကြီးနှင့် ပြောနေရှာသည်။

''သမီးကြီးရယ်…၊ ကိုယ့်ရဲ့ရည်ရွယ်ချက်ကို ပေါက်မြောက်အောင် ကြိုးစားပါ၊ စာမေးပွဲဖြေရမှာလည်း တစ်လလိုတော့တာပဲ၊ ဘွဲ့ရအောင်ကြိုးစားပါ။ အဖေတို့ ပညာမတတ်ခဲ့လို့ ဘဝကို ပင်ပင်ပန်းပန်း ဆင်းရဲစွာရုန်းကန်နေရတာသမီး အသိပါ''

အိမွန်ကျော်မှာ မိခင်နှင့်ဖခင်ပြောသော စကားများကြောင့် ဘာဆက်လုပ်ရမှန်း မသိအောင် တွေဝေ ငေးမောနေမိသည်။ အိမွန်ကျော်သည် ရည်ရွယ်ချက်တစ်ခု ချမှတ်ကာ မင်းမော်ထံသို့ အမြန်ပြန်လာခဲ့တော့သည်။ အိမွန်ကျော်ကို မြင်လိုက်တော့ မင်းမော်က အံ့ဩနေသည်။

''မွန်လေး… မြန်လှချည်လား၊ ကိုယ့်ယောက္ခမလောင်းကြီးတွေက အဆင်ပြေတယ် မဟုတ်လား''

အိမွန်ကျော်သည် မင်းမော်ကို အချစ်ရည်လွှမ်းနေသော မျက်ဝန်းအစုံနှင့် စိုက်ကြည့်ရင်းက ပြောလိုက်သည်။

''အဆင်ပြေပါတယ် မော်ရယ်၊ ဒါပေမယ့် မော့်ဆီက မွန်လေး တစ်ခုတောင်းဆိုချင်ပါတယ်''

မင်းမော်က အိမွန်ကျော် စကားကြောင့် ဝမ်းသာအားရပြောလိုက်မိသသည်။

''ကိုယ့်မိန်းမကလဲကွာ…၊ သူစိမ်းတွေကျနေတာပဲ၊ တစ်ခုမကဘူး ဆယ်ခုတောင်း၊ မော် တတ်နိုင်ပါတယ်''

''မွန်လေး စာမေးပွဲဖြေချင်တယ်''

''ဘာ''

''မော်ကလည်း လန့်လိုက်တာ၊ မွန်လေး စာမေးပွဲဖြေချင်တယ်လို့ ပြောတာကို''

မင်းမော်မှာ အိမွန်ကျော်၏ ပြောစကားကြောင့် ဒေါသလွှမ်းနေသော မျက်လုံးလုံးများနှင့် ကြည့်ရင်းပြောလိုက်သည်။

"ယဉ်ကျေးမှုတက္ကသိုလ်က ဘွဲ့ကြီးကို ပြုတ်စားလို့ မရပါဘူး မွန်လေး၊ ဘွဲ့ဆက်ယူစရာမလိုဘူး။ တို့က သူဌေးသား ကားပွဲစား မွန်လေး။ ထမင်းမငတ်ပါဘူးကွာ"

မင်းမော်ငြင်းဆိုနေသည့်ကြားမှ အိမွန်ကျော်က အားမလျှော့ဘဲ ဆက်တောင်းဆိုသည်။

"မော်ရယ်…၊ မွန်လေး ဆက်ဖြေပါရစေနော်…။ ဘွဲ့ရဖို့ သိပ်မှမလိုတော့တာ"

"အေး… မွန်လေးက တက္ကသိုလ်နယ်မြေမှာ လွမ်းမှာပေါ့။ မွန်လေးတို့ အနုပညာသည်တွေက ဓာတ်လမ်းဓာတ်ကွက်တွေမှာ သရုပ်ဆောင်ရမှာ တစ်ယောက်နဲ့တစ်ယောက် လွမ်းတတ်တဲ့မျက်လုံး၊ ဆွေးတတ်တဲ့မျက်လုံး၊ ခံစားချက်မျိုးစုံမျက်လုံးတွေနဲ့ ကြည့်ရင်းနဲ့ တကယ်ရသွားကြရင် မော် အသည်းကွဲကျန်ရစ်မှာက မွန်လေး၊ ထည့်မတွက်ဘူးပေါ့"

မင်းမော် ပြောလိုက်သော စကားကြောင့် အိမွန်ကျော်မျက်နှာ တစ်ခုလုံး နီရဲသွားသည်။

"မော်…၊ မွန်လေးတို့ အနုပညာသည်တွေကို ရမ်းမစော်ကားနဲ့"

အိမွန်ကျော်နှင့်မင်းမော်တို့ စကားဝိုင်းမှာ မလှမပ အဆုံးသတ်သွားတော့သည်။

* * *

အိမွန်ကျော်သည် မင်းမော်၏ဘေးတွင် ဘယ်လူးညာလိမ့်ဖြင့် အိပ်မပျော်ဖြစ်နေသည်။ ထိုအချိန်တွင် မင်းမော်က နှစ်ခြိုက်စွာ အိပ်ပျော်နေသည်။ အိမွန်ကျော်၏မျက်လုံးအိမ်ထဲတွင် ကလေးဘဝပုံရိပ်များက ပီပြင်စွာပေါ်လာသည်။ သူငယ်စဉ်က အငြိမ့်ပွဲအလွန်ကြိုက်သောကြောင့် မိခင်က မလိုက်ပို့နိုင်သည့်အခါ ဖခင်က ရွာဝန်းကျင်တွင်ပြသော အငြိမ့်ပွဲများကို ပခုံးမှာထမ်း၍ လိုက်ပို့ရှာသည်။ အိမွန်ကျော်အငြိမ့်မှပြန်လာရင် မင်းသမီးလုပ်ပြီး ကပြနေစဉ် ဖခင်က ပါးစပ်ဆိုင်းတီးလိုက်၊ လက်ခုပ်တီး၍ စည်းလိုက်နေစဉ် မိခင်က သီချင်း ဆိုပေးနေရှာလေသည်။ အိမွန်ကျော် ဆုံးဖြတ်ချက်များသည် အမှောင်နဲ့အတူ ဝိုးတဝါးဖြစ်နေသည်။

မိခင်နှင့်ဖခင်က အိမွန်ကျော်၏ ရည်ရွယ်ချက်ကို ပေါက်မြောက်အောင်

ကျောင်းထားပါလျက်နဲ့ လမ်းခုလတ်၌ ပညာရေး ခါးပြတ်ခြင်းကြောင့် မိဘများက ရင်နင့်အောင် ခံစားရပေလိမ့်မည်။ အိမ္ဗန်ကျော်သည် အချစ်ကို ရှေ့တန်းတင်နေလျှင် မိမိလိုချင်သော ပန်းတိုင်ကို ရောက်လိမ့်မည်မဟုတ်ပေ။ မိမိလိုချင်သော ပန်းတိုင် တစ်ခု ရောက်ဖို့က အချိန်ကာလတစ်ခုကို ပေးဆပ်ရမည်ဟု အိမ္ဗန်ကျော် တွေးလိုက်မိသည်။ အချစ်ကိုသာ ဦးစားပေးရှေ့တန်းတင်နေကြလျှင် ကမ္ဘာပေါ်တွင် ထင်ရှားကျော်ကြားသော အနုပညာသည်များ ပေါ်ပေါက်လာကြတော့မည် မဟုတ်ပေ။

ပြည်သူတွေရဲ့ စိတ်အာဟာရကို ဖြည့်ဆည်းပေးမည့် အနုပညာသည် တစ်ယောက်ဖြစ်ရမည်ဟု ရည်ရွယ်ချက်က ခေါင်းထဲမှာ ဖျတ်ခနဲဝင်လာသည်။ လင်းလာမည့်ရောင်ခြည်ဦး အလင်းတန်းများနှင့်အတူ အိမ္ဗန်ကျော်အတွက် ခက်ခဲနေသော ဘဝပုစ္ဆာက အဖြေထွက်လာခဲ့သည်။ အိမ္ဗန်ကျော်သည် နှစ်ခြိုက်စွာ အိပ်ပျော်နေရှာသော မင်းမော်ကို လှမ်းကြည့်လိုက်သည်။ မင်းမော်၏ ကျယ်ပြန့်သော နဖူးပြင်ပေါ်ဝယ် ဆံနွယ်စများက ဝဲနေကျသည်။ ရင်ထဲမှာ တိုးလျစွာပြောလိုက်သည်။

"မွန်လေး အသည်းနစ်အောင် ချစ်ရတဲ့ မော်ရယ်၊ နောက်ဆုံးအနေနဲ့ မောင့်နဖူးပြင်ကို အားပါးတရ နမ်းပစ်လိုက်ချင်တာ ချစ်ရတဲ့မော်ရယ်"

အိမ္ဗန်ကျော်သည် နမ်းချင်သော စိတ်များကို အတတ်နိုင်ဆုံး ထိန်းချုပ်လိုက်သည်။ မျက်ဝန်းအိမ်မှ အတားအဆီးမဲ့ ကျဆင်းလာသော မျက်ရည်များကို သုတ်ရင်း လေးလံသော ခြေလှမ်းများဖြင့် မင်းမော်ကို ကျောခိုင်းထွက်ခဲ့ရတော့သည်။

* * *

အချိန်က ပြောင်းလဲရွေ့လျားမှုများနှင့်အတူ မင်းမော်ဘဝသည်လည်း ပြောင်းလဲခဲ့ရတော့သည်။ သူ၏ဘဝထဲတွင် အိမ္ဗန်ကျော်အစား ခင်မမရောက်ရှိလာသည်။ မင်းမော်သည် ခင်မမရောက်ရှိလာသော်လည်း ငယ်ချစ်ဟောင်းကိုတော့ မမေ့ခဲ့ပေ။ တစ်ခါတစ်ရံတွင် ရင်ထဲမှတသသလွမ်းဆွတ်နေမိသည်။ ခင်မမက ရိပ်မိလို့ စလျှင်လည်း စကားလွှဲပြောတတ်သည်။ မင်းမော်မှာ အိမ္ဗန်ကျော်ကို ဘယ်ရောက်လို့ ဘာဖြစ်နေလဲလို့ တစ်ယောက်တည်း တွေးနေသည်။ ခင်မမကအနီးမှာ ရောက်လာပြီး စလိုက်သည်။

"မောင်...တစ်ယောက်တည်း ငိုင်နေပုံထောက်ရင် ငယ်ချစ်ဟောင်းကို လွမ်းနေတာ မဟုတ်လား"

မင်းမော်က အပြုံးမျက်နှာဖြင့် ပြန်ဖြေလိုက်သည်။

"မဟုတ်ပါဘူး မမရာ၊ အောင်မျိုးမြင့်တို့နဲ့ ကားအရောင်းအဝယ်ကိစ္စ တွေးနေတာ။ ဈေးဘယ်လောက်ဆိုရမလဲလို့၊ သားနဲ့သမီးက ဘာလုပ်နေလဲ မမ"

ခင်မမက မင်းမော် ထိုင်နေသော ခုံတန်းနောက်မှ မင်းမော် ပခုံးကိုလက် တင်းရင်း ဖြေလိုက်သည်။

"မောင့်ရဲ့ သားသမီးတွေက တီဗွီကြည့်ဖို့ ဟန်ပြင်နေပြီလေ။ မောင် ထမင်း စားတော့ မလားဟင်၊ ဒီနေ့ မောင့်အကြိုက်ဟင်းတွေ ချက်ထားတာ"

"မစားတော့ပါဘူးမမရာ၊ မောင် စိတ်တွေပင်ပန်းနေတာ၊ အေးအေးဆေးဆေး အနားယူဦးမယ်"

"မောင့် သဘောပါ၊ မောင် စားချင်တဲ့အချိန် အရန်သင့်ပြင်ထားပေးမှာ"

ခင်မမသည် မင်းမော်နှင့် စကားပြောပြီး ခြံထဲမှ တိုက်ထဲ ပြန်တက်သွား တော့တယ်။ ခင်မမ တက်သွားသောအခါ မင်းမော်သည် မဂ္ဂဇင်းတစ်အုပ်ကို စိတ်ဝင်တစား ဖတ်နေသည်။ ထိုစဉ် သမီးကြီး မင်းမော်အနီး ပြေးလာပြန်သည်။

"ဖေဖေရေ… ဖေဖေ…၊ တီဗွီက အငြိမ့်လာနေတာ၊ မင်းသမီးကလည်း ချောလိုက်တာ၊ အကလည်းကောင်း၊ သီချင်းဆိုကလည်း မြန်မာပြည်ရဲ့အသံ ဘုရင်မပဲ။ ဖေဖေ့ကို ကြည့်ရအောင်လာခေါ်တာ"

မင်းမော်သည် သူ့ရှေ့တွင် ရောက်လာသော ပါးဖောင်းလေးကို ချစ်စနိုး ဆွဲလိမ်ရင်း ပြောလိုက်သည်။

"ဖေဖေ… မကြည့်တော့ပါဘူး သမီးရယ်…၊ စာဖတ်ရဦးမယ်"

မင်းမော် ပြောလိုက်သောစကားကို သမီးက လွယ်လွယ်နှင့် အားမလျှော့ပေ။ ဖွတ်အတင်းဆွဲခေါ်နေသည်။

"စာနောက်မှဖတ်ပါ ဖေဖေရယ်…၊မင်းသမီးကလှပြီး အကလည်းကောင်း နေလို့ပါ"

မင်းမော်မှာ သမီးက ဖွတ်အတင်းဆွဲပြီး အတင်းခေါ်နေသောကြောင့် တီဗွီရှေ့ သို့ ရောက်သွားလေသည်။ တီဗွီထဲမှာ လာနေသော မင်းသမီးကိုကြည့်ရင်း မင်းမော် ရုတ်တရက် မှင်တက်မိသွားသည်။ စိတ်ထဲမှာလည်း တိုးလျှစွာ ပြောမိလိုက်သည်။

"သြော်… ကိုယ်အသည်းနစ်အောင်ချစ်ရတဲ့ မွန်လေးရယ်…၊ပြည်သူချစ်တဲ့ နိုင်ငံကျော်မင်းသမီးတောင် ဖြစ်နေပြီလားကွယ်"

**တက္ကသိုလ်ရွှေဆင့်**

❐

# အရောင်တူ အဆင်ကွဲ

## တက္ကသိုလ်ရွှေဆင့်

ကိုယ့်ဘဝကို မြှင့်တင်ခြင်းသည်
ဇော်မောင်နှင့်မဆိုင်။
ကိုယ်နှင့်သာ သက်ဆိုင်သည်။
ကိုယ့်ဘဝ အမြဲတမ်းမလျှော့သော ခွဲလုံ့လ၊
ဝီရိယများစိုက်ထုတ်လျှင် စိုက်ထုတ်သလောက်…
၁၉၉၉ ,,

# အရောင်တူ အဆင်ကွဲ

၁၉၇၊

တက္ကသိုလ်ရွှေဆင့်

ဒေါက်တာမိုးဟိန်းသည် သူ တာဝန်ကျသောမြို့မှ မိခင်ရှိရာမန္တလေးသို့ ပြန်လာခဲ့ခြင်း ဖြစ်သည်။ အလုပ်တာဝန်များ ပိနေသောကြောင့် မိခင်နှင့်လူချင်းမတွေ့ရတာ လတွေက အတော်ကြာနေပြီ။ မိခင်ကြီး ကြိုက်တတ်သော ပစ္စည်းများကို ကန်တော့ဖို့အတွက် အပြည့်အစုံ ပါလာသောကြောင့် ရင်ထဲမှာလည်း ဝမ်းသာပီတိဖြစ်နေသည်။ သူငယ်ချင်းတွေက မွေးနေ့လက်ဆောင်ပေးထားသော ကျောက်စိမ်းပုတီးလေးကိုပါ မိခင်အတွက် ယူလာခဲ့သည်။

မိခင်ကြီးက မိုးဟိန်းတို့ ငယ်စဉ်ကစပြီး ဘာသာရေးကို အချိန်ပေးပြီး စနစ်တကျလုပ်ခဲ့သည်ကို မိုးဟိန်းကောင်းစွာ မှတ်မိနေသည်။ မိုးဟိန်းမှာ မိခင်နှင့်တွေ့ရမည်ကို တွေးကြည့်ရင်းက ရင်ထဲမှာ အပျော်တွေစုနေသည်။ ထိုအချိန်တွင် မိုးဟိန်းစီးမည့်ကားပေါ် ရှေ့နားထိုင်ခုံမှ ခရီးသည်တစ်ယောက်က ပြောလိုက်သော စကားကြောင့် မိုးဟိန်း၏ရင်ထဲမှာ နာကျင်သွားသည်။ ခရီးသည်ပြောလိုက်သော စကားမှာ

"မယားငယ်တွေက မွေးထားတဲ့သား အလိုက်တာ။ ဘာမှအသုံးမကျဘူး။ အရွယ်ရောက်လာလည်း ဘာမှတွန်းပေါက်အောင်မြင်မယ့်ကောင် မဟုတ်ဘူး။ ကိုယ့်ထိုင်မယ့် ထိုင်ခုံနံပါတ်တောင် မရှာတတ်တဲ့သူ၊ လူနုံလူအပဲ"

ဒေါက်တာမိုးဟိန်းသည် ခရီးသည် ပြောသည့်စကားကိုကြားတော့ ခုံနံပါတ်မရှာတတ်သူကို စိတ်ဝင်တစားရှာကြည့်မိသည်။ အဆိုပါအပေါက်ခံရသော ကလေးမှာ အလွန်မှ နုနယ်ငယ်ရွယ်လှသေးသည်။ ကျောင်းနေလျှင် ဒုတိယတန်းပင်ရောက်နေလိမ့်မည် မဟုတ်သေးပေ။ "မယားငယ်သား ဘာမှထွန်းပေါက် အောင်မြင်

မယ့်ကောင် မဟုတ်ဘူး''ဟူသော စကားသံပြင်းရှရှကြောင့် ဒေါက်တာမိုးဟိန်းမှာ သူ၏ငယ်စဉ်ဘဝအတိတ်က အရိပ်များက တရိပ်ရိပ်နှင့် မျက်ဝန်းထဲမှာ ပီပြင်လာတော့လေသည်။

* * *

ဦးနေမောင်သည် ရုံးပိတ်ရက်ဖြစ်သောကြောင့် မဂ္ဂဇင်းတစ်အုပ်ကို ဖိမ်ခံ၍ ဖတ်နေသည်။ ဦးနေမောင် စာဖတ်နေစဉ် ခင်အေးသူက ရောက်လာသည်။ လက်ထဲမှာ ကိုင်လာသော ကော်ဖီခွက်နှင့် ပေါင်မုန့် ထောပတ်သုတ်များ ချပေးလိုက်သည်။ ဦးနေမောင် စာအုပ်ကို စားပွဲသို့အသာအယာချပြီး ခင်အေးသူကို မေးခွန်းထုတ်လိုက်သည်။

''မသူ…၊ မူမူက ခုထိ အိပ်ရာက မထသေးဘူးလားကွ''

ခင်အေးသူမှာ ဦးနေမောင်က မျက်နှာတင်းတင်းနှင့် မေးသောကြောင့် မဝံ့မရဲနှင့် ခေါင်းငုံ့ဖြေလိုက်သည်။

''မထသေးဘူး…ကိုကြီးမောင်၊ ညက ဝိုင်းကောင်းပုံရတယ်''

ဦးနေမောင်က သက်ပြင်းရှည်ကြီးချပြီး ပြောလိုက်သည်။

''အေးကွာ…၊မင်းအစ်မလည်း အတော်ခက်နေပြီကွာ၊ နေရောညပါ အချိန်တွေ ဖဲရိုက်ခြင်းနဲ့ စနစ်တကျ ဖြုန်းတီးပစ်နေတာကွာ''

ဦးနေမောင်သည် ဇနီးဖြစ်သူအပေါ်မှာ အလွန်စိတ်ကုန်နေသူသည်။ ခင်အေးသူ လှော်ချပေးသော ကော်ဖီခွက်ကလည်း အေးစက်နေပြီ။ သူ အလွန်ကြိုက်သော ပေါင်မုန့် ထောပတ်သုပ်ကိုလည်း မစားမိဘဲ တစ်ယောက်တည်းငေးငိုင်နေသည်။ ခယ်မဖြစ်သူ ခင်အေးသူကိုလည်း သနားနေမိသည်။ အပျိုလေးတန်ပဲနဲ့ အိမ်ထောင်မှုတာဝန်များကို အစ်မဖြစ်သူကိုယ်စားလုပ်နေရရှာသည်။

ခင်အေးသူမှာ ဘွဲ့ရတစ်ယောက်ဖြစ်သည်။ သူမဘွဲ့ရပြီး ကံဆိုးချင်တော့ မိဘနှစ်ပါးမှာ တစ်ယောက်နှင့်တစ်ယောက် လသာ ကွာခြားသည်။ ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားရှာသည်။ မွေးချင်းလေး နှစ်ယောက်သာရှိသော ခင်အေးသူမှာ အားကိုးတကြီးဖြင့် အစ်မဖြစ်သူနှင့် လာရောက်နေထိုင်ခြင်း ဖြစ်သည်။ အစ်မအိမ်မှာနေပြီး အလုပ်ရှာနေသည်။ ခင်အေးသူ ရင်ထဲမှာလည်း အလုပ်အမြန်ဆုံး ရပါစေလို့ ညစဉ်ညတိုင်း ဘုရားဝတ်ပြုပြီး ဆုတောင်းရတာလည်း အမောဝင်။ ခင်အေးသူ ဆုတောင်းရခြင်းမှာလည်း အစ်မဖြစ်သူ အိမ်မှာနေရသည့် စိတ်ဆင်းမှုဒဏ်ကို ခံနေရသည်။

စိတ်ဆင်းရဲမှုတွေကို ခံစားရတိုင်း ကွယ်လွန်သွားပြီ ဖြစ်သော မိဘနှစ်ပါးကို ရင်ထဲ တမ်းတနေမိသည်။ မိဘတွေကို လွမ်းဆွတ်သတိရတိုင်း ငိုခဲ့ရသည်မှာ အကြိမ်ကြိမ်ပင်။ ခင်အေးမူကတော့ ခင်အေးသူရဲ့ စိတ်သောကကို လုံးဝမသိပေ။ ဖဲကစားခြင်းထဲမှာ လွင့်မျောနေသည်။

ဦးနေမောင်ကသာ ခင်အေးသူ ငိုတိုင်း နှစ်သိမ့်အားပေးခဲ့သည်။ ခင်အေးသူ ပခုံးကို သိုင်းဖက်ထားရင်းက ကျဆင်းနေသော သောကမျက်ရည်များကို တယုတယ သုတ်ပေးခဲ့သည်။ ထိုအချိန်မှာတော့ ခင်အေးသူ ရင်ထဲမှာ တစ်မျိုးကြီးခံစားနေ ရသည်။ ရင်ခုန်သံတွေကလည်း မြန်နေသည်။ ခင်အေးသူသည် ဦးနေမောင်၏ ရင်ခွင်ကျယ်ကြီးထဲမှ ရုန်းထွက်ကာ မီးဖိုချောင်ဘက်ဆီသို့ ထွက်ပြေးခဲ့တော့သည်။

* * *

အစ်မဖြစ်သူ ခင်အေးမူက ကတော်ချင်းပေါင်းပြီး ဖဲရိုက်နေသည့်အချိန်က များနေသည်။ မွေးထားသော သားနှစ်ယောက်ကိုလည်း ပစ်ထားလေသည်။ အိမ်စေများမှာလည်း ခင်အေးမူ၏ ပက်စက်စွာခိုင်းခြင်း၊ ရက်စက်စွာရိုက်ခြင်းကြောင့် အိမ်စေများက ဒဏ်မခံနိုင်သောကြောင့် ထွက်ပြေးသူများက များနေသည်။ အိမ်စေများ ထွက်ပြေးတိုင်း အလုပ်တာဝန်များက ခင်အေးမူအပေါ် ဝန်ပိနေသည်။ ခင်အေးသူမှာ အချိန်တွေကြာလာတော့ အစ်မအိမ်မှ ထွက်ပြေးချင်စိတ်ပေါ်နေသည်။ ဦးနေမောင် တိုက်ကြီးပေါ်မှာ နေချင်စိတ်ကုန်နေသည်။

ထွက်ပြေးချင်သော်လည်း အရွယ်မရောက်သေးသော တူလေးများ၏ မျက်နှာက လွမ်းမိုးနေသည်။ နှုပ်ချေးတွဲလောင်းကစပြီး အတူနေခဲ့သော သံယောဇဉ်ကြီးက ခင်အေးသူ တစ်ကိုယ်လုံးကို ချည်နှောင်ထားပြန်သည်။ ခင်အေးသူရင်ထဲမှာလည်း တိုးလျှစွာပြောနေမိသည်။ "သြော်…မမြင်ရတဲ့ သံယောဇဉ်ကြီးရယ်…၊အန်တီလေး ကို အဝေးမပြေးနိုင်အောင် ချည်နှောင်ထားပြီလားကွယ်…" အချိန်ကာလများ၏ ဝါးမျိုမှုနှင့်အတူ ခင်အေးသူ အိမ်ရှင်မဖြစ်မှန်းမသိ ဖြစ်နေခဲ့သည်။ ဦးနေမောင်၏ ဝေယျာဝစ္စအားလုံးကိုလည်း ခင်အေးသူက အားလုံးလုပ်ပေးနေရသည်။

ဦးနေမောင်ကလည်း သူ့အပေါ် အရာရာဂရုစိုက်သော ခင်အေးသူကို သနား ကရုဏာများ ပိုလာခဲ့သည်။ ပိုလာမှုများနှင့်အတူ စေတနာ မေတ္တာတရားများလည်း

ပိုက်ကဲလာခဲ့သည်။ ဦးနေမောင်ညည့်ခန်းထဲမှာ ထိုင်နေစဉ် ခင်အေးသူက လက်ဖက်ရည်ပန်းကန်ပြားလေးချပြီး မီးဖိုချောင်ဘက်သို့ ထွက်သွားမည်အလုပ်တွင် ဦးနေမောင် လှမ်းတားလိုက်သည်။

"ထိုင်ပါဦး မသူ…၊ ကိုကြီးမောင် မသူအတွက် လက်စွပ်မှန်းပြီး လုပ်ထားတာ တော်မလားမသိဘူး"

ဦးနေမောင်သည် မအေးသူလက်ကို ဆတ်ခနဲဆွဲလိုက်ပြီး လက်စွပ်လေးကို ဝတ်ပေးလိုက်သည်။

"အတော်ပဲကွာ…၊ မသူလက်ချောင်းသွယ်သွယ် ဖွေးဖွေးလေးက ပတ္တမြားလက်စွပ်လေးနဲ့ အရမ်းလိုက်တာပဲကွာ။ နောက်တစ်ခါ ပတ္တမြားဆွဲသီး လုပ်ပေးဦးမယ်။ ကိုကြီးမောင်မှာ မေမေတို့ဆီက အမွေတွေ အများကြီးရထားတယ်၊ မင်းအစ်မဖွဲ့သမားကြီးကို အားလုံးမပြရဲဘူးကွ"

ဦးနေမောင်က သူ့ရင်ထဲက ပြောချင်သော စကားလုံးများကို ပြောနေသည်။ လက်စွပ်ကို မလိုချင်သောကြောင့် ခင်အေးသူက ငြင်းဆန်နေသည်။

"ကိုကြီးမောင်ပေးတဲ့ လက်စွပ်ကို သူသူ မယူချင်ဘူး…။ သူသူမှာ မေမေက ပေးထားတဲ့ စိန်လက်စွပ်ရော ဆွဲသီးပါရှိပါတယ်"

ဦးနေမောင်သည် ခင်အေးသူ ငြင်းနေသည့်ကြားမှ ခင်အေးသူလက်ကို ဆုပ်ကိုင်ထားပြီး လက်စွပ်ကိုဝတ်ပေးသည်။ လက်စွပ်ကို ဝတ်ပေးပြီး လက်ကိုလည်း မလွှတ်လည်း ဆုပ်ကိုင်ထားသည်။

"မိန်းမပီသလွန်းတဲ့ မသူရယ်… ကိုကြီးရဲ့ ရင်ထဲက မသူကို စွဲနစ်နေအောင်ချစ်နေမိပြီကွာ… လက်စွပ်ငြင်းပယ်သလို ကိုကြီးရဲ့ အချစ်ကိုတော့ မငြင်းပယ်ပါနဲ့ ကလေးရယ်"

ဦးနေမောင်သည် နှုတ်ဖျားကလည်း ပြောနေခြင်းနဲ့အတူ လက်ကလည်း ခင်အေးသူရဲ့ သွယ်လျလျ ခန္ဓာကိုယ်လေးကို သူ့ရင်ခွင်ထဲသို့ ဆွဲယူပွေ့ဖက်ထားလိုက်သည်။ ခင်အေးသူရဲ့ မျက်နှာအနှံ့ကိုလည်း အနမ်းမိုးများ ရွာသွန်းနေသည်။ ခင်အေးသူကလည်း ဦးနေမောင်၏ ရင်ခွင်ထဲမှာ ရုန်းမထွက်မိပေ။ ဦးနေမောင်ကလည်းက ရှေ့ဆက်တိုးပြီးသာ ခင်အေးသူကို တစ်ကိုယ်လုံး ပွေ့ဖက်ထားလိုက်မိတော့လေသည်။

* * *

ခင်အေးသူမှာ ဦးနေမောင်၏ ကြင်နာယုယမှုအောက်တွင် သာယာမိန်းမော ရင်း ဦးနေမောင်၏ မယားငယ်ဘဝသို့ ရောက်မှန်းမသိ ရောက်သွားရှာသည်။ ခင်အေးသူမှာ တူလေးနှစ်ယောက်ကို ကျောင်းအပ်ကျောင်းကြိုပြုလုပ်ပေးရင်း အချိန် ရွေ့လျားပြောင်းလဲလာမှုနှင့်အတူ ခင်အေးသူ၏ဘဝသို့ သားလေးနှစ်ယောက်အရွယ် ရောက်လာသောအခါ ဦးနေမောင်နှင့်ဒေါ်ခင်အေးမူတို့၏ ယုတ်ညံ့သောစိတ်ဓါတ်များ က ပီပြင်စွာ ပေါ်လာသည်။ ဦးနေမောင်က ပညာတတ်တစ်ယောက်ဖြစ်ပြီး ပိုဆိုးလှ သည်။ ဦးနေမောင်က မယားကြီးက မွေးသောသားနှစ်ယောက်ကို ဦးစားပေးပြီး မြှောက်စားထားသည်။ ခင်အေးသူမှာ မွေးထားသော သားနှစ်ယောက်ကို တအား ဖိနှိမ်ထားသည်။ အစေခံသဘောထားသည်။ ခင်အေးသူသည် ဦးနေမောင်၏စိတ်ဓာတ် ကို နားမလည်နိုင်အောင် ဖြစ်နေသည်။ ဦးနေမောင်၏ ပြောင်းလဲသွားသောစိတ်ဓာတ် ကို အဖြေရှာကြည့်နေသည်။ ခင်အေးသူမှာ ဦးနေမောင်ကို အကြီးတစ်ယောက် အနေဖြင့် လေးစားခြင်း၊ ကြည်ညိုခြင်း၊ အားကိုးခြင်း၊ အထင်ကြီး၊ အစ်မဖြစ်သူက မပြုစုဘဲ ပစ်ထားမှုကို သနားခြင်းတွေနဲ့ ချစ်ခဲ့မိသည်။ ဪ… ခုတော့လည်း ကိုကြီးမောင်ရယ်… သားနှစ်ယောက်အတွက် ဖခင်ကောင်းတစ်ယောက် မဟုတ်မှန်း သိလိုက်ရပါပြီ။ ဖခင်ကောင်းတစ်ယောက်ရဲ့ သားတစ်ယောက်ဖြစ်ခွင့် မရရှာတဲ့ သားတွေအတွက် မိခင်ကောင်းတစ်ယောက်ပီသအောင် အစွမ်းကုန်ကြိုးစားပါ့မယ် သားတို့ရယ်…။ ခင်အေးသူ တစ်ယောက်တည်း ပြောနေမိသည်။

ဦးနေမောင်သည် ခင်အေးမူက မွေးထားသော သားနှစ်ယောက်ကို လိုအပ် သည်ထက်ပို၍ မြှောက်ထားသည်။ ငွေကိုလည်း ထင်သလို သုံးနိုင်အောင် ပေးထား သည်။ သားနှစ်ယောက်ကလည်း ဖခင်၏ မျက်နှာသာပေးမှုကြောင့် ငွေအသုံးအဖြုန်း ကြီးသည်။ မိဘကချမ်းသာလို့ သုံးနိုင်တာပဲဆိုသော မာန်ဝင့်ကာ ညီအစ်ကိုနှစ် ယောက်စလုံး ငွေတန်ဖိုးကို နားမလည်ပေ။ ခင်အေးသူမှ မွေးထားသော သားများ ကိုတော့ ငွေရှာရသည့် မလွယ်ကူဘူး။ ငွေသုံးရတာ လွယ်ကူသလောက် ငွေရှာ ရတာမှုကို နေ့တိုင်းအကြောင်းပြချက်နှင့် ဆူပူနေသည်။ ဆူပူမှုများနှင့်အတူ သားငယ် ကို နေ့တိုင်းကြမ်းတိုက်ခိုင်းပြီး သားကြီးကို ပန်းခြံရေလောင်းသည်။ ခင်းအေးသူမှာ သားနှစ်ယောက်ကို မခိုင်းပါနဲ့ဟု ပြောရဲသော သတ္တိလည်း မရှိပေ။ အသက်အရွယ် နုနုနယ်နယ်နှင့် လုပ်နေရသော သားနှစ်ယောက်ကို ကြည့်ရင်းမျက်ရည်ပေါက် ပေါက် ကျခဲ့ရသောရက်တွေကလည်း မနည်းလှတော့ပေ။

ခင်အေးသူမှာ သားနှစ်ယောက်ရှေ့မှာတော့ ဘာမှမဖြစ်သလိုနေခဲ့သည်။

"အလုပ်ဟူသမျှ ဂုဏ်ရှိစွ" ဟူသော ဆောင်ပုဒ်နှင့်အညီ အလုပ်၏တန်ဖိုး ကိုသားများ နားလည်အောင် ပြောပြထားသည်။ သားနှစ်ယောက်ကို အားငယ်စိတ် များ မဝင်အောင်အမြဲတမ်း အားပေးခဲ့သည်။ သားများကို ရည်မှန်းချက်ကြီးကြီး မားမား ထားတတ်အောင် နှိုးဆွပေးနေသည်။ ခင်အေးသူက အစ်မမွေးထားသော တူနှစ်ယောက်ကိုလည်း အမြဲတမ်း သွန်သင်ဆုံးမပေးခဲ့သော်လည်း ဦးနေမောင်တို့ ဇနီးမောင်နှံနှစ်ယောက်၏ သွေးခွဲမှုကြောင့် ခင်အေးသူ ဆုံးမသွန်သင်တိုင်းဟာ တိုက်၍လှောင်ပြောင်ခဲ့သည်။ တူနှစ်ယောက်မှ ဟားတိုက်လှောင်ပြောင်တိုင်း ခင်အေး သူ၏ရင်ထဲမှာ နာကျင်ခဲ့ရသည်။ နုနယ်ငယ်ရွယ်သေးသော တူလေးနှစ်ယောက်ကို လမ်းမှားပေါ်ရောက်မှာ စိုးရိမ်လွန်ခဲ့သည်။ တူနှစ်ယောက်ကိုလည်း ခင်အေးသူ လက်ပေါ်မှာ ကြီးပြင်းခဲ့သောကြောင့် ထွန်းပေါက်ပြောင်မြောက်စေချင်လှသည်။

တူလေးနှစ်ယောက်၏ အနာဂတ်ကို စိုးရိမ်စရာကောင်းသလောက် သားနှစ် ယောက်ရဲ့ရည်မှန်းချက်ကို သိရပြန်တော့ ခင်အေးသူရဲ့ရင်ထဲမှာ ပီတိဖြစ်ရပြန်သည်။ လေးတန်းရောက်နေပြီဖြစ်သော သားကြီးရဲ့ ရည်မှန်းချက်ကို မေးကြည့်လိုက်သည်။

"သားက ကြီးလာရင် ဘာလုပ်မှာလဲ...၊ သားမှာ ရည်မှန်းချက်ရှိလား မေမေကို ပြောပါဦး"

မေးလိုက်သည်နှင့် မိုးဟိန်းက တက်ကြွစွာဖြေလိုက်သည်။

"သားမှာ ရည်မှန်းချက်ရှိတာပေါ့ မေမေရဲ၊ ဘဝရည်မှန်းချက်ရှိမှ အောင် မြင်တာ၊ ရည်မှန်းချက် မရှိတဲ့သူက မအောင်မြင်ဘူး။ သားကြီးလာရင် ဆရာဝန်လုပ် မှာ မေမေ..."

မိုးဟိန်းက ဆရာဝန်လုပ်မည် ပြောသံကို ကြားလိုက်သည်နှင့် သားငယ် ဖြိုးဟိန်းကပါ အားကျမခံ ထပြောလေသည်။

"သားကတော့ အင်ဂျင်နီယာကြီးဖြစ်အောင် ကြိုးစားမှာ မေမေ..."

သားနှစ်ယောက်စကားကြောင့် ခင်အေးသူမှာ သားနှစ်ယောက်ကို ရင်ခွင်ထဲ မှာပွေ့ထားရင်းက ပါးမို့မို့လေးတွေကို အားပါးတရ နမ်းမိသည်။ ရင်ထဲမှာ ဝမ်းသာ ကြည်နူးမှုအပြည့် ဖြစ်နေသည်။

* * *

ဦးနေမောင်က မိုးဟိန်းနှင့်ဖြိုးဟိန်းကို အမြဲတမ်းနှိမ်ပေါက်ဖြင့် ခိုင်းနေသော ကြောင့် ခင်အေးသူက မွေးထားသောသားနှစ်ယောက်ကလည်း မိုးဟိန်းနှင့်ဖြိုးဟိန်း

ကို အမြဲတမ်းနှိမ်ပေါက်နှင့် ပြောသည်။ အထက်စီးနင်းက ခိုင်းလေ့ရှိသည်။ ညီအစ်
ကိုရင်းပမာ သဘောမထားဘဲ ဖခင်ပုံစံအတိုင်း အစေခံသဘောမျိုးထားလေသည်။
ခင်၏ ငွေများကို ရေလိုသုံးသောကြောင့် ငွေ၏တန်ဖိုးကို နားမလည်ပေ။ လူ့ဘဝမှာ
လုပ်နှင့် တည်ဆောက်ရမည့်အကြောင်းကိုလည်း မသိကြပေ။ မသိသောကြောင့်
ညာရေးကိုလည်း အလေးမထားခဲ့ကြပေ။ အလေးမထားသောကြောင့် ညီအစ်ကို
စ်ယောက်စလုံး ဆယ်တန်းမှာ တဖုန်းဖုန်းကျနေသည်။

သူတို့ကိုယ်တိုင်ကသာ ဆယ်တန်းမအောင်ခဲ့သော်လည်း မိုးဟိန်းနှင့်ဖြိုးဟိန်း
ို့က စာကျက်နေလျှင် မကြားနိုးနားပြောလေ့ရှိသည်။ ရန်ပွား၊ ရန်များမှာ စိုးသော
ကြောင့် မကြားချင်ယောင်ပြုလည်း ထပ်ခါထပ်ခါ ပြောလေ့ရှိသည်။ ဒေါ်ခင်အေးမူ
ပြာလိုက်သောစကားမှာ…

"မယားငယ်က မွေးတဲ့ကောင်…ဘာမှအောင်မြင်ထွန်းပေါက်မှာ မဟုတ်ဘဲနဲ့
တွေတွန်းကျက်နေလိုက်ကြတာ၊ နားငြီးလိုက်တဲ့ ခွေးကောင်တွေ"

ဇော်မောင်ပြောလိုက်သောစကားကြောင့် မိုးဟိန်းမှာ မကျေနပ်ဖြစ်ကာထပြီး
ပြန်လိုက်သည်။

"ဒီမှာကိုကိုကြီး… ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်ကို ဒါလောက်ထိ
စ်ရာမလိုပါဘူး။ ခင်ဗျားတို့ကတော့ ဆယ်တန်းအောင်ခဲ့လို့လား။ ကျွန်တော်တို့
ွေးဆိုရင် ကိုကိုကြီးတို့က ခွေးမျိုးတွေပေါ့ဗျာ"

မိုးဟိန်း၏ ပြောစကားကြောင့် ဇော်မောင်က ဒေါသတကြီးဖြစ်ကာ လက်သီး
ထိုးမည့်အလုပ်တွင် ဒေါ်ခင်အေးသူ ရောက်လာသည်။

"ဟဲ့… ဟဲ့… ဇော်မောင်၊ မလုပ်နဲ့ကွယ်…သားတို့က ငယ်သေးလို့ပြန်ပြော
ာပါ…၊ နောက်မပြောစေရပါဘူး… အန်တီ ဆုံးမထားပါမယ်ကွယ်"

ထိုနေ့က ဇော်မောင်၏အရိုက်မခံရသော်လည်း ဦးနေမောင်က အငယ်တန်
ပြန်ပြောရမည်လားဟုဆိုကာ မိုးဟိန်းကို နှုတ်က ဆုံးမရုံသာမက ရိုက်ပြီးအဆုံး
ရသည်။ မိုးဟိန်းကို ဦးနေမောင်က ရိုက်နေစဉ်မှာ ခင်အေးသူမှာ ဝင်ရောက်မတား
ပေ။ သေးမှုမျက်ရည်စက်လက်ဖြင့် ကြည့်နေရရှာသည်။ ခင်အေးသူ၏ရင်ထဲမှာ
ိုးလှိုက်ကြီး ခံစားနေရသည်ကို စိတ်ထဲမှာလည်း ပြောနေမိသည်။ ဩော်…
မေ အချစ်ရှာမှားခဲ့လို့ သားတို့ဘဝ ခါးသီးစွာခံစားနေရတာပါ၊ ဒီလိုပြဿနာတွေ
င်ဆိုင်ရတာ မေမေအပြစ်တွေပါ သားတို့ရယ်။ ကွယ်လွန်သွားတဲ့ ကျေးဇူးရှင်
နှစ်ပါးကိုလည်း မေမေကြီး လောကကြီးထဲက တစ်ယောက်တည်း ထားခဲ့လို့

ဆိုပြီး အပြစ်မတင်ပါဘူး။ တစ်ကောင်ကြွက်လေးမို့ အစ်မက ခေါ်ထားလို့၊ ဒီလို ဘဝမျိုးရောက်ရတာလို့ အပြစ်မပြောလိုပါဘူး။ တစ်ခုတော့ပြောရဲ့ပါတယ်။ သားတို့ရဲ့အနာဂတ်လုပရေးကိုတော့ မေမေအသက်နဲ့လဲပြီး ကြိုးစားသွားမှာပါ သားတို့ရယ်။

ဦးနေမောင်မှာ သူ့ဘေး၌ ခင်အေးသူတစ်ယောက် ရှိနေပါလားဟု လုံးဝ အသိအမှတ်မပြုပေ။ ဦးနေမောင်သည် မိုးဟိန်းကို ရိုက်ရုံသာမကဘဲ စိတ်ဒဏ်ရာ ရအောင် နှုတ်ကလည်း မညှာမတာ ဖွင့်ဟပြောလိုက်သေးသသည်။ ဦးနေမောင် ပြောလိုက်သော စကားမှာ…

"မယားငယ်သားတွေက အမှန်တရားကိုပြောတာတောင် နာသေးတယ်။ မယား ငယ်သားဆိုမှတော့ သားကြီးပြောသလို ဘာမှ အောင်မြင်ထွန်းပေါက်မယ့်သူ တွေ မဟုတ်ဘူး"

* * *

ဦးနေမောင်တို့ ပြောသောစကားများက မိုးဟိန်းနှင့် ဖြိုးဟိန်းတို့နားထဲမှာ စွဲနေသည်။ "မယားငယ်က မွေးတာ ဘာမှ အောင်မြင်ထွန်းပေါက်မှာမဟုတ်ဘူး" ဟူသောစကားက နားထဲမှာ ပဲ့တင်ထပ်နေသည်။ ဒေါ်ခင်အေးသူမှာလည်း သားများကို မတရားသဖြင့် နှိမ်သောကြောင့် ရင်ထဲမှာမကျေမနပ် ဖြစ်နေမိသည်။ မကျေနပ်သောစိတ်များကို မခံချင်သောစိတ်များအဖြစ် ပြောင်းလဲပစ်လိုက်သည်။ မခံချင်စိတ်ရှိသူတိုင်း လူ့ဘဝ အထွတ်အထိပ် ရောက်တတ်ကြောင်း သားနှစ်ယောက်ကိုသဘောပေါက်အောင်ရှင်းပြထားသည်။ သားနှစ်ယောက်၏ပညာရေးကို အထွတ်အထိပ်ရောက်အောင် မြေတောင်မြှောက်ပေးမည်ဟု ခိုင်မာစွာဆုံးဖြတ်ချက်ချထားသည်။

သားနှစ်ယောက်ကိုလည်း ဖော်မောင်၏စကားဖြင့် နှိမ်ချမှုကို မခံချင်စိတ်ဖြစ်ပြီး ကြိုးစားချင်လာအောင် အမြဲတမ်း လမ်းကြောင်းပေးထားသည်။ အစ်ကိုဖြစ်သူ ဖော်မောင် ဘယ်လောက်နှိမ်နှိမ် သူပြောတိုင်းမရောက်ကြောင်း။ ကိုယ့်ဘဝကိုမြင့်တင်ခြင်းသည် ဖော်မောင်နှင့်မဆိုင်၊ ကိုယ်နှင့်သာ အဓိကသက်ဆိုင်သည်။ ကိုယ့်ဘဝ အမြဲတမ်း မလျှော့သောဇွဲလုံ့လ၊ ဝီရိယများ စိုက်ထုတ်လျှင် စိုက်ထုတ်သလောက် အထက်သို့ ရောက်သွားသော သာဓကဝတ္ထုကြောင်းများကိုလည်း သားနှစ်ယောက် နားဝင်အောင် ပြောပြသည်။ ဒေါ်ခင်အေးသူမှာ မိဘထံရရှိသော အမွေများကို စနစ်တကျ သုံးစွဲမှုကို သားများကိုပါ သင်ပေးထားသည်။

မိဘများထားခဲ့သော ဆီစက်ကိုလည်း ရပ်ဆိုင်းမထားဘဲ ဆက်လက်ပြီး လည်ပတ်နိုင်ခဲ့သည်။ လည်ပတ်နိုင်ခြင်းမှာလည်း အလုပ်သမားများက မိဘများ မျက်နှာဖြင့် ဦးဆောင်ပြီး လုပ်ဆောင်ပေးခဲ့သောကြောင့် အောင်မြင်မှုများရရှိခဲ့ခြင်း ဖြစ်သည်။ သားနှစ်ယောက်ကိုလည်း အလုပ်တန်ဖိုး၊ အချိန်တန်ဖိုးများကို နားလည် သဘောပေါက်အောင် ကျောင်းအားရက်များတွင် ဆီစက်ထဲအလုပ်ဝင်လုပ်ရသည်။ ကျောင်းရက်ရှည် ပိတ်လျှင်လည်း စာများများဖတ်ဖို့ အချိန်ကန့်သတ်ပေးထားသည်။ သားများဖတ်ရန်အတွက် စီးပွားရေးတက်ကျမ်းများ၊ ပညာရေးနှင့်ဆိုင်သောစာအုပ် များ၊ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ၏ အဆိုအမိန့်စာအုပ်များ၊ ဘဝတိုးတက်ရန်အတွက် ဗဟုသုတဖြစ်ဖွယ်စာအုပ်များစွာ ဝယ်ပေးထားသည်။ ဒေါ်ခင်အေးသူက သားများကို စာဖတ်ပြီး အတွေးတတ်ဖို့ အတွေးသွတ်ဖို့ကိုပင် လမ်းကြောင်းပြီး သင်ခဲ့သည်။

သားနှစ်ယောက်မှာလည်း မိခင်၏သွန်သင်ဆုံးမမှုအောက်တွင် မခံချင်စိတ် ဖြင့် စာကြိုးစားခဲ့ကြသည်။ သူတို့၏ဘဝကို ဖွဲ့၊ လုံ့လ၊ ဝီရိယများကို စိုက်ထုတ်ကာ ဘဝကို အထက်သို့ရောက် အောင်စနစ်တကျ မြှောက်တင်ပေးခဲ့ကြသည်။

"မယားငယ်သားတွေ ဘာမှ အောင်မြင်ထွန်းပေါက်မှာ မဟုတ်ဘူး" ဟူသော စကားသံက သူတို့ဘဝကို အထက်သို့ရောက်အောင်မြင့်တင်ပေးနေသော အသံလှိုင်း များဖြစ်မှန်းမသိ ဖြစ်နေတော့သည်။ ထိုအသံလှိုင်းများ၏ တွန်းအားကြောင့်သာမန် မိုးဟိန်းမှ ဒေါက်တာမိုးဟိန်း ဘဝသို့ရောက်လာသည်။ ညီငယ်လေးဖြိုးဟိန်းမှာ သူ့ရည်မှန်းချက်အတိုင်း အင်ဂျင်နီယာဖြိုးသိန်းဘဝသို့ ကြိုးစားမှု၊ ပေးဆပ်မှုများနှင့် ထိုက်တန်သောနေရာကို ရောက်ခဲ့ခြင်းဖြစ်သည်။ ဦးနေမောင်နှင့်ဒေါ်ခင်အေးမူတို့ မှာလည်း အချိန်၏ဝါးမျိုမှုအောက်မှာ ရုပ်ဆင်းအင်္ဂါတွေကလည်း အိုမင်းရင့်ရော်သွား သည်။ သားနှစ်ယောက် အသုံးအဖြုန်းကြီးမှု၊ ဆိုးသွမ်းမှုများကြောင့် စီးပွားရေးက လည်း မယုံနိုင်လောက်အောင် ကျဆင်းသွားသည်။ စီးပွားရေးကျဆင်းမှု သားနှစ် ယောက်၏ စိတ်သောက ဖိစီးမှုများကြောင့် စိတ်ဓာတ်တွေပါ ကျဆင်းလာသည်။ ကျဆင်းရခြင်းမှာ ဇော်မောင်နှင့်ဇော်အောင်မှာ မိဘငွေကို ထင်သလိုသုံးကာ အရက် သမားဘဝသာမက အလုပ်သမားဘဝသို့ ရောက်မှန်းမသိ ရောက်သွားရလေသည်။

နောက်ဆုံး အရက်၏ကျေးကျွန်ဖြစ်ကုန်ရှာသည်။ ဦးနေမောင်နှင့် ဒေါ်ခင်အေး သူမှ မွေးသောသားများမှာ မခံချင်သော စိတ်စွမ်းအင်မြင့်တင်မှုကြောင့် ဒေါက်တာ မိုးဟိန်းနှင့်အင်ဂျင်နီယာဖြိုးဟိန်း။ ဦးနေမောင်၏သားများမှာအရောင်တူအဆင်ကွဲ···။

တက္ကသိုလ်ရွှေဆင့်

# ချစ်ခြင်းရဲ့အလင်းများ

တွင်းကြီးသားတင်ဝင်းဦး

"ဘာလဲ ဆူဆန်၊ ဘာဖြစ်လို့လဲ"

"ဟို... ဟို..."

"ပြောလေ"

"ဟို... ဆူဆန့် မျက်လုံးတွေ မ... မ... မမြင်ရတော့ဘူး မှခ်..."

"ဘာ..." ၄၀၈,,

# ချစ်ခြင်းရဲ့အလင်းများ

၄၀၂

တွင်းကြီးသားတင်ဝင်းဦး

ဘဝဆိုတာ အခုမြင့်နေပေမယ့် တော်ကြာ နိမ့်ပါးသွားနိုင်သလို အလင်းရောင်တွေ တွေ့မြင်ခံစားနေရပေမယ့် အတော်ကြာရင် အမှောင်နဲ့ ထိပ်တိုက်တွေ့ချင်ရင် တွေ့နိုင်တာပဲ မဟုတ်လား။ ဘဝရဲ့လိုလားမှုတွေဆိုတာ ဘယ်အရာမှ တည်မြဲတာမှ မဟုတ်တာ။

ဆုဆန်တစ်ယောက် ဟိုဟိုဒီဒီ တွေးရင်း သူမတို့လင်မယားပိုင် တိုက်လေးရှေ့ ရပ်ရင်းတွေးနေမိသည်။

"အင်း… ဘဝဆိုတာ ဘာလဲ၊ ဘယ်လိုလဲ…။ ဘာပြုလို့ လူသားတစ်ဦးရဲ့ ဆန္ဒတွေကို အပြီးဆုံးထိအောင် ဖြည့်ဆည်းမပေးခဲ့တာလဲ"

ရင်ထဲမှာပင် အသံတိတ်တွေးရင်း ရှိသည်။ သူမရဲ့ ပါးပြင်ထက်မှာ မျက်ရည်တွေနှင့်အတူ နှုတ်ခမ်းအစုံသည်လည်း တုန်ခါနေသည်။ ဝေဒနာတို့က ရင်ထဲအသည်းထဲအထိ နင့်ခနဲ အင့်ခနဲ ခံစားအောင် ပြုမူနေသည်။

ဆုဆန် သည်သို့ခံစားနေရသည်မှာ အချိန်တွေ ကြာမြင့်ခဲ့ပြီ။ သည်သို့ ခံစားရအောင်လည်း လောကစံလှိုင်းလုံးတွေက ရိုက်ပုတ်ခဲ့သည်။ ဝဋ်ကြွေးတွေက ပါးမျိုခြင်းနှင့် ခါးသီးသောဒဏ်ရာများ ရရှိသည့်နေ့ကတည်းက ပူဆွေး၊ ငိုကြွေးခဲ့ရသည်က ကြာခဲ့ပြီပဲလေ…။

ဆုဆန်သည် တွေးရင်း ခေါင်းကို ရမ်းလိုက်ရင်း ခံစားချက်များကို အဝေးသို့ နှင်ထုတ်လိုက်သည်။ ကျောပေးရာအရပ်ဆီသို့ မျက်နှာမူလိုက်သည်။ လက်ရှိ

မျက်နှာမူရာအရပ်တွင် သစ်ပင်တွေနှင့် မြက်ခင်းအချို့ ရှိသည်။ လူသွားလမ်းကျဉ်းလေး အချို့ ရှိသည်။ လူအချို့နှင့် ကားအချို့ကလေး ရှိသည်။

ကျောပေးရင်း တစ်ဖက်ကို မျက်နှာမူပြီး သူမ အားတင်းရင်း လှမ်းခဲ့သည်။

"ငါ ဘာအသံမှ မကြားချင်တော့ဘူး၊ ငါ့ကျမှ အခုလို ဖြစ်ရသလား၊ ဘုရားသခင် မကယ်နိုင်တော့ဘူးလား။ တန်ခိုးရှင်တွေ ဒီအတိုင်း ပစ်ထားမှာလား"

မတွေးတော့ဘူး ဆိုပေမယ့် ရုတ်ချည်းတော့ တွေးဖြစ်သေးသည်။

"အို… မတွေးဘူး၊ မတွေးတာဘဲ ကောင်းတယ်"

ခေါင်းခါရင်း ဆက်လျှောက်ခဲ့သည်။ သူမလက်ထဲတွင် အဖြူရောင်စတီး လက်ကိုင်တုတ်တစ်ချောင်း။ ငါးပေနီးပါး ရှည်သည့် လက်ကိုင်တုတ်လေး။ ဒီတုတ်လေးကို လင်သားဖြစ်သူ မာ့ခ် ဝယ်ပေးခဲ့တာကြာပြီ။ လူ့ဘဝ၌ ဝဋ်ကြွေးစတင်ပေးဆပ်ပြီးသည့်နောက် ချစ်လင်မာ့ခ် ဝယ်ပေးခဲ့တာ…။

ဆူဆန်သည် လက်ကိုင်တုတ်ကို ညာလက်ဖြင့်ကိုင်ရင်း သူမ ရှေ့သုံးလေးပေခန့်ကို စမ်းရင်း,ရမ်းရင်း ရှေ့ကို တိုးခဲ့သည်။

"ဟင်း…"

ရှေ့ကို တိုးရင်းမှ ဆူဆန်သည် သက်ပြင်းမောတစ်ချက်ချသည်။ ဝေဒနာတွေဆီမှ ဆင်းသက်လာသော သက်ပြင်းချခြင်းမျိုး။ ဒေါသတွေကြောင့် သက်ပြင်းချခြင်းမျိုး။

ဆူဆန်သည် သူမတုတ်နှင့် အရာတစ်ခုထိသံ ကြားလိုက်ရသည်။ ဟုတ်ပြီ။ အိမ်ထဲရောက်တော့မည်။ အခု တုတ်နှင့် အိမ်ပေါက်ဝရှိ အုတ်ခုံလှေကား ထိမိသည့်အသံ။ ဆူဆန်သည် အုတ်ခုံလှေကားနှင့် ထိတွေ့လိုက်ရသည့် အတွေ့အထိကို သိသည်နှင့် တစ်ထစ်ချင်းတက်သည်။ ကြမ်းပြင်ပေါ်ရောက်ပြီကို သိသည်။ အိမ်ထဲမှာ သူတို့လင်မယား အိပ်ခန်းတစ်ခန်းနှင့် အပိုအိပ်ခန်းတစ်ခန်း ရှိသည်။ ပြီး ထမင်းစားခန်း၊ ဧည့်ခန်းလည်း ရှိသည်။ နောက်…၊ လင်သားဖြစ်သူ မာ့ခ် စာကြည့်၊ စာရေး၊ စာဖတ်နှင့် ရုံးစာအုပ်တွေ ပါလာပါက စာရင်းလုပ်သည့် အခန်းတစ်ခန်း ရှိသည်။

အိမ်အတွင်းရောက်သည်နှင့် ညာဘက်ကို တွေ့လိုက်သည်။ ဒီနေရာက သူမတို့ လင်မယားအပ်စက်ခဲ့သည့်အခန်း ရှိသည်။ အတွင်းရောက်သည်နှင့် ခုတင်ထက်ထိုင်သည်။ စိတ်ပျက်လက်ပျက် တုံးလုံးလှဲချလိုက်သည်။

"ဒီအချိန် မာခ် ရှိရင်၊ အို- မာ့ခ်က အတော်ကြာရင် ပြန်လာမှာပဲလေ"

ရသေ့စိတ်ဖြေနှင့် ကျေနပ်နေမိသည်။ တကယ်တော့ ဆူဆန်သည် မျက်စိမမြင်ရသည့် မိန်းမသားတစ်ဦး။ လင်သားဖြစ်သူ ပြောမှ နေ့ရယ်၊ ညရယ်ဆိုတာ သိရသည်။ ပြီးတော့ မိမိအိပ်ချင်စိတ်ရှိသည့်အခါမျိုး။ ဒါဆိုရင် ညပိုင်း။

တွေးရင်း လင်သား ပြန်လာသည့် ကားသံကို နားစွင့်ရင်း ခုတင်ထက်မှာ ဆူဆန်တစ်ဦးတည်း။ အမြင်အာရုံ ချို့ယွင်းပေမယ့် အကြားအာရုံကတော့ ကောင်းသည်။ မာ့ခ် မနက်ခင်း ရုံးသွားတာမျိုး ညနေရုံးက ပြန်လာတာမျိုးကတော့ ကားသံကို အမှတ်အသား ပြုခဲ့သည်လေ။

ထိုအချိန် အိမ်ရှေ့မှ ကားသံကြားရပြီ။

မာ့ခ် ရုံးက ပြန်လာပြီ။ ဒါဆိုရင် နေစောင်း ညနေချိန်။

***

မာ့ခ်ကို ကြည့်ရင်း ဆူဆန် အိပ်မပျော်ခဲ့သည်မှာ ကာလကြာပြီ။ မိမိကိုယ်ကိုယ် အားမရတာရော၊ မာ့ခ်အပေါ် အားနာတာရော။ အားမရတာနှင့် အားနာတာ ရောနှော၍ ခံစားနေခဲ့ရတာကြာပြီလေ။ ဟိုအရင် ချစ်သူတွေဘဝက…၊ ကျောင်းသားတွေဘဝက… ပျော်လိုက်ကြတာ၊ ရယ်မောခဲ့ကြရတာ မိုးမမြင်လေမမြင်။ ချစ်ခြင်းမှာ စီးမျောရင်း ဘဝကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ကျော်လွှားခြင်းကြမည်ဟု ဆုံးဖြတ်ခဲ့ကြသည်ကိုး။

တကယ်တော့ မြို့ပေါ်မှာ ကျောင်းအတူတက်ရင်း မာ့ခ်နှင့် ချစ်သူတွေဖြစ်ခဲ့သည့် ဆူဆန်။ မာ့ခ်က ဆူဆန့်ကို မျိုမတတ်ချစ်ခဲ့သလို ဆူဆန်ကလည်း မာ့ခ်ကို အားကိုးမှုအပြည့်ဖြင့် ချစ်ခဲ့သည်။ သည်တော့ အားကိုးမှုရှိသူနှင့် မြတ်နိုးမှုရှိသူတို့ နှစ်ဦးအနေဖြင့် အရိပ်တကြည့်ကြည့်ဖြင့် မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ခဲ့သည်ဆိုတော့ မည်သူကမျှ အပြစ်မပြောခဲ့ကြ။

တက္ကသိုလ်ဝင်တန်း အတူအောင်၊ တက္ကသိုလ်တက်ကြတော့လည်း အတူတူ။ နှစ်ဖက်မိဘတွေကလည်း ဆူဆန်တို့ အချစ်ရေးကို ဝင်ရောက်မစွက်ဖက်ခဲ့။ မိမိရဲ့ဘဝကို မိမိရဲ့ဆုံးဖြတ်ချက်ဖြင့်သာ တည်ဆောက်ကြဆိုသည့်သဘော။

"အချစ်ရေ…၊ ကိုယ်တို့ တက္ကသိုလ်ဘွဲ့ရအပြီး လက်ထပ်ကြမယ်။ ဆူဆန်လည်း ကြိုးစား၊ ကိုယ်လည်း ကြိုးစားမယ်နော် ဆူဆန်"

ဒုတိယနှစ်တက်သည့်အချိန်၌ မာ့ခ်က ပြောလာသည်။

"စိတ်ချပါ အစ်ကို၊ ဆူဆန် ကြိုးစားပါ့မယ်။ ဘွဲ့ရပြီး အလုပ်ဝင်။ အဲဒီနောက် လက်ထပ်ကြတာပေါ့နော်၊ အစ်ကိုလည်း ကြိုးစား သိလား"

နှစ်ဦးသား ပြောခဲ့သည့်အတိုင်းလည်း ကြိုးစားလာခဲ့ကြရာ မေဂျာတူ ကျောင်းသူတွေမို့ တစ်နှစ်တည်းမှာပင် ဘွဲ့အတူယူခဲ့ကြသည်။ ဘွဲ့ယူသည့်နေ့က ဓာတ်ပုံရိုက်ရင်း ပြုံးပျော်ကြည်နူးမှုတွေ ဖန်တီးခဲ့ကြသည်။ ထိုရက်က အပြုံးတွေ အပြိုင်၊ အနမ်းတွေကလည်း အပြိုင်...။

ဘွဲ့ရပြီးသည့်နောက်တွင်တော့ မာ့ခ်က သူ့ရည်ရွယ်ချက်ကို ပြောသည်။

"အချစ်ရေ...၊ ကိုယ်တော့ လေတပ်ထဲ ဝင်မယ်။ ဟို အချစ် လက်ခံရဲ့လား။ ကျေနပ်ရဲ့လားဟင်။ အချစ်ကျေနပ်မှ ကိုယ်လေတပ်ထဲ ဝင်မှာပါ။ ဘယ်နှယ့်လဲဟင် ဆူဆန်"

တကယ်လည်း မာ့ခ်စ်ရည်ရွယ်ချက်ကို ဆူဆန် လက်မခံနိုင်စရာ မရှိ။ ချစ်သူဘဝ မရောက်ခင်နှင့် ချစ်သူဘဝရောက်သည့် အချိန်အတွင်း မာ့ခ်သည် လေယာဉ်ပျံမောင်းချင်သည်ကို သိခဲ့ရသည်။ အခု ဘွဲ့ရပြီ၊ လက်ထပ်ကြတော့မည်ဆိုတော့ လေတပ်ထဲဝင်မည်ဟု ပြောခဲ့၊ ဆုံးဖြတ်ချက် ချခဲ့သည်မှာ မဆန်း။

"ကိုယ့်သဘောလေ၊ ဆူဆန် အားလုံးသဘောတူတယ်၊ ခွင့်လွှတ်တယ် မာ့ခ်"

နောက်တွင်တော့ မာ့ခ်တစ်ယောက် လေတပ်ထဲဝင်ခဲ့သည်။ သင်တန်းတက်ခဲ့သည်။ တကယ်လည်း ဆူဆန့် မိဘအသိုင်းအဝိုင်းနှင့် မာ့ခ်အသိုင်းအဝိုင်းတို့ ဆူဆန်နှင့်မာ့ခ် လက်ထပ်ရေးအတွက် စကားကြောင်းလမ်းခဲ့ကြထားသည် မဟုတ်လား။

မာ့ခ် လေတပ်သင်တန်းပြီးတော့ ဆူဆန်နှင့် လက်ထပ်ခဲ့သည်။ မြို့ပေါ်မှာ နာမည်ကြီးသည့် ဟော်တယ်တစ်ခုမှာ ခမ်းနားမှုအပြည့်ဖြင့် လက်ထပ်ပွဲဆင်ယင်ခဲ့သည်။ နှစ်ဖက်ဆွေမျိုးအုပ်စုရော၊ ဆူဆန်တို့ ကြင်ဖော်နှစ်ဦးရဲ့ အပေါင်းအသင်းတွေပါ တက်ရောက်ကြသည်မို့ စည်ကားသည်က ကြက်ပျံမကျ။ မင်္ဂလာပွဲအပြီး တစ်ပတ်အကြာမှာတော့ ထုံးစံအတိုင်း ဆူဆန်တို့ လင်မယား လက်ရှိမြေကွက်နှင့် တစ်ထပ်တိုက်လေးကိုဝယ်ပြီး သီးခြားဘဝ ထူထောင်ခဲ့ကြသည်။ မာ့ခ်က လေတပ်အခြေစိုက်ရုံးကို ကားဖြင့် နေ့စဉ် ရုံးတက်ဆင်းလုပ်။ ဆူဆန်ကတော့ အိမ်မှာ မယားဝတ္တရားအတိုင်း စီမံချက်ချက်ပြုတ်၊ လျှော်ဖွပ်။

မှာခ် ရုံးသွားလျှင် နှုတ်ဆက်၊ မှာခ် ရုံးက ပြန်လာရင် နှုတ်ဆက်။ ပြီးတော့ နှစ်ဦးအတူ ညနေစာ စား။ ပြီးရင် မှာခ် ရုံးအလုပ်ခန်းထဲ လုပ်နေရင် အနားမှာ ထိုင်နေတတ်သည့် ဆူဆန်။

"အစ်ကို၊ ဆူဆန်လေ အစ်ကို့လစာကို မှီပြီး မစားချင်ဘူး။ ဒီတော့ မြို့ပြင်မှာ ဖွင့်ထားတဲ့ ဇာပန်းထိုးသင်တန်းတက်ပြီး သင်တန်းဆင်းရင် အဲဒီမှာ အလုပ်ရတယ်တဲ့။ အဲဒီ သင်တန်းတက်မယ်နော် အစ်ကို နော်၊ ဒါမှ နှစ်ဦးဝင်ငွေရှိတော့ ပိုပြီး အဆင်ပြေတာပေါ့။

"ဆူဆန် သဘော၊ အစ်ကို မရှိတဲ့အချိန် အိမ်ထဲမှာ ရှိနေတာထက်စာရင် အဲဒီသင်တန်းတက်ပြီး ဝင်ငွေရှာနိုင်ရင် ပိုကောင်းတာပေါ့။ ဆူဆန် မပင်ပန်းဘူးထင်ရင် ဝင်လုပ်လေ...နော်"

နောက်တွင်တော့ ဆူဆန်တစ်ယောက် အနီးစက်ရုံမှာ သင်တန်းတက်ခဲ့သည်။ သင်တန်းမှာတော့ ဆူဆန်တို့လို ဘွဲ့ရအချို့ တွေ့ရသလို၊ ငယ်သူငယ်ချင်းတွေလည်း တွေ့ရသည်။ အလုပ်ရုံမှာက သင်တန်းတက်သူတွေက တစ်ရုံး၊ သင်တန်းအပြီး အလုပ်ဝင် အလုပ်လုပ်ကြသူတွေက တစ်ရုံး၊ သင်တန်းတက်နေတုန်းမှာတော့ ပညာသင်ယူချိန်မို့ လစာ မရ။ သင်တန်းအပြီး အလုပ်ဝင်လုပ်မှ လစာရမည် ဖြစ်သည်။ သူတို့ပေးသည့်ပညာနှင့် သူတို့၏အကျိုးစီးပွားကို ပြန်လည်ပေးဆပ်ရသည့်သဘော။

ဆူဆန် သင်တန်းသွားမည့်အချိန်နှင့် မှာခ် ရုံးသွားမည့်အချိန်က တစ်ချိန်တည်းဖြစ်သည်။ ဒီတော့ ဆူဆန့်အတွက် ပိုပြီးအဆင်ပြေသည်။ မှာခ်လေတပ် အခြေစိုက်ရုံးက မြို့ရဲ့မြောက်ပိုင်း လေးမိုင်ခန့်အကွာမှာ၊ ဆူဆန့်ရဲ့ အလုပ်ရုံက မြို့တောင်ပိုင်းမှာ ကပ်လျက် အနေအထား။ ဒီတော့ ဆူဆန့်ကို မှာခ်က အရင်ပို့ပြီး သူ့လေတပ်စခန်းကို သွားသည်။ အပြန်ကျတော့ မှာခ်က သူ့ကားနှင့် ဆူဆန်ကို ဝင်ခေါ်ခဲ့သည်။ အပြန်နှင့်အသွား အဆင်ပြေသည့် ဆူဆန်။

ခြောက်လအကြာ ဆူဆန် သင်တန်းပြီးသွားပြီ။ အနီးသင်တန်းက အိမ်တွင်းမှု အလုပ်သင်တန်းမျိုး။ အနွေးထည်တွေ၊ ကျား-မဝတ် အင်္ကျီလက်ရှည်၊ လက်တို၊ စောင်တွေ။ ပြီးတော့ ခေါင်းစွပ်၊ နောက် လက်ကိုင်အိတ်၊ ပိုက်ဆံအိတ်လိုမျိုးတွေ။ ဖုန်းထည့်ဖို့ အိတ်လေးတွေအထိ သိုးမွှေးနှင့် ထိုးရသည့်အလုပ်မျိုး။ ဒီပစ္စည်းတွေကို မြို့ပေါ်မှာရော၊ အခြားမြို့တွေမှာသာမက ကျေးလက်တွေထိ ပို့ရသည်။

ဆူဆန် အလုပ်ဝင်ခဲ့ပြီ။ ရသည့်လစာက မဆိုး။ အလုပ်ချိန်က မနက်ကိုးနာရီမှ ညနေ ငါးနာရီအထိ။

"အဆင်ပြေရဲ့လား ဆူဆန်"

"ပြေပါတယ် အစ်ကို၊ အစ်ကိုရော ဆူဆန်ကို ညနေပိုင်း လာကြိုရတာ အဆင်ပြေရဲ့လားဟင်။ ရုံးတာဝန်တွေရော၊ ဆူဆန့်ကို အကြိုအပို့ လုပ်ရတာတွေရော၊ ပင်ပန်းလှပါတယ်ကွယ်နော်၊ ဆူဆန်လေ… အစ်ကို့ကို အားနာသနားမိတယ် မာ့ခ်ရယ်…"

"ဆူဆန်ရယ်…၊ အစ်ကို့ကို ချစ်ရင် အဲသလို မပြောနဲ့ ဆူဆန်နော်၊ အဲသလို ထင်ရင် အစ်ကို စိတ်ကောင်းမှာ မဟုတ်ဘူး သိလား"

"တောင်းပန်ပါတယ် မာ့ခ်ရယ်…၊ ဆူဆန်က စေတနာနဲ့ ပြောမိတာပါ"

"ရပါတယ် ဆူဆန်ရယ်…"

အလုပ်ဝင်ပြီး လေးလကုန်လို့ ငါးလထဲအရောက် ထင်မှတ်မထားသည့် ကံကြမ္မာဆိုးက ဆူဆန့်အပေါ် အပြင်းစားရိုက်ချက်များဖြင့် ရိုက်ချလိုက်သည်။ အကြောင်းက မျက်စိနှစ်ဖက်စလုံး ကိုက်ခဲလာခြင်းပင်။

"မာ့ခ်…"

"ဘာလဲ ဆူဆန်၊ ဟင်… ဆူဆန် မျက်လုံးတွေ ရဲမှည့်လို့ပါလား။ ဘယ်လိုဖြစ်တာလဲ။ ခိုက်မိတာလားဟင်၊ ဟုတ်လား ဆူဆန်"

မာ့ခ်က ဆူဆန်ကို ဖက်ထားပြီး ရင်ခွင်ထဲမှနေ၍ ဆူဆန့် မျက်လုံးအစုံကို အသေအချာကြည့်ရင်း ပြောသည်။ မှန်သည်။ ဆူဆန့် မျက်လုံးတွေ ရဲနေသည်။ မျက်ရည်တွေ စီးကျနေသည်။ ဘာ့ကြောင့်မှန်းတော့ မသိ။

"ခိုက်မိတာမျိုးရှိလား ဆူဆန်"

"ဟင့်အင်း…"

"ဒါဖြင့် ဘာဖြစ်တာလဲဟင်"

"မသိဘူး မာ့ခ်၊ နှစ်ရက်ရှိပြီ…၊ အထဲမှာ နာသလို ကိုက်သလိုပဲ။ တဆစ်ဆစ်နဲ့ ဖြစ်နေတာ"

"ဆေးခန်းပြမယ်လေ၊ မျက်စိဆရာဝန်နဲ့ပေါ့"

"ရပါတယ် မာ့ခ်ရယ်၊ အချိန်တန်ရင် သက်သာသွားမှာပါ"

ဆူဆန် ငြင်းဆန်သည်။ ဆေးရုံ မပြခဲ့။ မာ့ခ်က စိတ်မချသည့်အတွက်

အလုပ်မှာ နားခိုင်းသည်။ ဆူဆန် လက်မခံခဲ့။ တစ်လအကြာတွင်တော့ ဆူဆန် ဘဝ အားလုံး အမှောင်ကျခဲ့ရပြီ။

"မာ့ခ်…၊ မာ့ခ်…"

ဆူဆန် အလန့်တကြား အော်ခေါ်သည်။ ထိုနေ့က ဆန်ဆန့် မျက်လုံးအစုံမှာ အလုပ်ထဲရှိနေစဉ်အတွင်း မတရားကိုက်ခဲနေခဲ့သည်။ ညနေ မာ့ခ်ကားနှင့် လာကြို သည်အထိ ဘာမျှ မပြောခဲ့။ ထိုညက အိမ်ရောက်သည့်အချိန် အမြင်အားလုံး မှုန်ဝါးနေခဲ့သည်။ နောက်မနက်အိပ်ရာမှ အထမှာတော့ ဆူဆန့်မျက်လုံးအစုံ လုံးဝ အမြင်အာရုံမရှိတော့။ ဒီတော့ အလန့်တကြား ခေါ်မိသည်။ မာ့ခ် ရှိမည်အထင်ဖြင့် အိပ်ရာပေါ်မှာ လက်ဖြင့် စမ်းခဲ့သည်။ မတွေ့ရ။

"မာ့ခ်…၊ မာ့ခ်…"

"မာ့ခ်…"

ဆင့်ကာဆင့်ကာ ခေါ်မိသည်။ မာ့ခ်မှာ ရေအိမ် ရောက်နေသည့်အချိန်။

"မာ့ခ်…"

အသံကျယ်ကျယ်နှင့် ခေါ်တော့ မာ့ခ် ကြားသွားသည်။ အပြေးရောက်လာ သူက မာ့ခ်…။

"ဘာလဲ ဆူဆန်၊ ဘာဖြစ်လို့လဲ"

"ဟို… ဟို…"

"ပြောလေ"

"ဟို… ဆူဆန့် မျက်လုံးတွေ မ… မ… မမြင်ရတော့ဘူး မာ့ခ်…"

"ဘာ…"

"ဟုတ်တယ် မမြင်ရတော့ဘူး"

"အို–ဆူဆန်ရယ်…"

မာ့ခ်က ဆူဆန်တစ်ကိုယ်လုံးကို သိမ်းကျုံး၍ ဖက်ထားသည်။ လက်နှစ်ဖက် ဖြင့် ဖျစ်ညှစ်ပြီး ကပ်ထားသည်။ ဆူဆန် မျက်တောင်မခတ်။ နှုတ်ခမ်းအစုံမှာ တုန်ခါနေသည်။ ဘာစကားမျှ မပြောနိုင်ရှာ။

"ဆူဆန်…"

"မာ့ခ်…"

"တကယ် မမြင်တာလားဟင်၊ ကိုယ့်ကိုကြည့်စမ်း၊ မာ့ခ်ကို ကြည့်စမ်း ဆူဆန်၊ မြင်ရတယ် မဟုတ်လား။ မြင်ရတယ်နော် နော် နော်။ ဟုတ်တယ် မဟုတ်

လား။ ကိုယ်ပြုံးနေတယ်လေ။ ဆူဆန့်ကို ကြည့်နေတယ်။ ကိုယ့်အပြုံး ကိုယ့်မျက်နှာကို မြင်ရတယ် မဟုတ်လားဟင်…''

''ဟင့်အင်း…''

''အို… ဆူဆန်ရယ်''

''တကယ် မမြင်ရတာ၊ ဆူဆန့်ဘဝသွားပြီမှာ့ခ်၊ အားလုံးအမှောင်ကျသွားပြီ။ ဆူဆန် ဘာမှမမြင်ရတော့ဘူး မှာ့ခ်''

''အို… ဆူဆန်ရယ်၊ မင်း… မင်း… အဲသလို မဖြစ်ရဘူး။ မဖြစ်ရဘူး။ မြင်ရစေမယ် ဆူဆန် နော်''

မှာ့ခ်မှာ ပြောရင်း ဆူဆန့်ကို နွေးထွေးစွာ ဖက်ထားသည်။ ဆူဆန်က မှာ့ခ် ရင်ခွင်ထက်မှာ မျက်နှာအပ်ရင်း ချုံးပွဲချငိုရှိုက်သည်။ နောက်တော့ ဆေးရုံကို ပြေးရတော့သည်။ မျက်စိဆရာဝန်ဆီမှာ ပြသည်။

''အမြင်လွှာ လုံးဝ မရတော့ဘူး မှာ့ခ်၊ ဘယ်လိုမှကုမရတော့ဘူး၊ အရာရာ နောက်ကျသွားပြီ မှာ့ခ်၊ စိတ်မကောင်းပါဘူး''

''ဗျာ…''

ဆရာဝန် မှတ်ချက်စကားက မှာ့ခ်နှလုံးသားကို တုန်းခါ၍ အရည်ပျော်ကျသွားစေသည်။

''ပြုစုဖို့အတွက်ကတော့ မှာ့ခ်ရဲ့ တာဝန်ပဲပေါ့ဗျာ…''

''…''

မှာ့ခ်မှာ ဘာမျှမပြောနိုင်တော့။ နှစ်ဦးသား အိမ်သို့ ပြန်ခဲ့ကြသည်။ တစ်လမ်းလုံး စကားမပြောဖြစ်။ ဆူဆန်မှာ မျက်နှာကို လက်ကိုင်ပုဝါနှင့် အုပ်ရင်း ငိုရှိုက်နေရှာသည်။ ဆရာဝန်ကြီး မှာလိုက်သလို ပြုစုဖို့အတွက်က မှာ့ခ်ရဲ့တာဝန် ဖြစ်ခဲ့ရပြီ။ ဆူဆန့်မိဘတွေကလည်း သည်သို့မှာခဲ့လေသည်လေ။

လူဆိုတာ ကြမ္မာရဲ့ သားကောင်၊ ကံတရားရဲ့ သားကောင်ဆိုတော့ ကံကြမ္မာရဲ့ လှည့်စားမှုအတိုင်း ခံကြရမည်ပဲလေ။ အမြင်အာရုံ လုံးဝ မရှိတော့သည့်နောက် မှာ့ခ်က ဆူဆန်အတွက် မျက်မှန်အနက်တစ်လက်၊ တုတ်ကောက်တစ်ချောင်း ဝယ်ပေးခဲ့သည်။ ပြီးတော့ အိမ်မှာ စားသောက်ဖို့က မှာ့ခ်တာဝန်။ လျှော်ဖွပ်ဖို့ကလည်း မှာ့ခ်တာဝန်။

''မှာ့ခ် အကြိမ်ပေးတုန်းက ဆူဆန့်မျက်လုံးကို ဆရာဝန်နဲ့ ပြခဲ့ရင် ခုလိုဖြစ်မှာ မဟုတ်ဘူးနော် မှာ့ခ်''

သိမ်ငယ်စွာဖြင့် နောင်တစကားလုံး ဆိုခဲ့မိသေးသည်။

"ကံတရားပေါ့ ဆူဆန်ရယ်…၊ ဒါပေမဲ့ အရာရာတိုင်း အကောင်းချည်း လာလိမ့်မယ်လို့ ထင်မှတ်ထားလို့မှ မရတာ ဆူဆန်ရယ်…။ အဆိုးဆုံးတွေ တွေ့နေပြီ။ ခံနိုင်ရည်ရှိအောင် ပြင်ဆင်ရတော့မှာပေါ့။ ကံတရားချည်း အပြစ်ပုံချလို့ မရဘူး ဆူဆန်။ ပေါ့ဆမှုကြောင့်လည်း အဆိုးဖြစ်နိုင်တာပဲလေနော်"

"ဆူဆန် မှားတယ် မှာ့ခ်ရယ်၊ မှာ့ခ်စကား နားမထောင်ခဲ့လို့"

"တော်ပါတော့ ဆူဆန်ရယ်…"

"မျက်မမြင် ဒုက္ခိတဘဝ ရောက်သွားတော့ ဆူဆန့်အပေါ် ချစ်သေးရဲ့လား မှာ့ခ်"

"မပျက်ပြယ်တဲ့ အချစ်မျိုးနဲ့ ချစ်နေဆဲပါ ဆူဆန်…"

"ယုံရမှာလား မှာ့ခ်"

"အထင်သေးတဲ့ စကားမျိုးနဲ့ မေးတာလား ဆူဆန်"

"ဟင့်အင်း…"

"သစ္စာဆိုရဲပါတယ် ဆူဆန်ရယ်နော်"

"ယုံပါတယ် မှာ့ခ်ရယ်၊ ကျေးဇူးလည်းတင်ပါတယ်"

မှာ့ခ် ရင်ခွင်အတွင်း မျက်နှာအပ်ရင်း ငိုချမိသည်။ နောက်တွင်တော့ ဆူဆန် အနေဖြင့် အလုပ်ရုံမှ ခဏနားလိုက်သည်။ အကျိုးအကြောင်း ပြောပြတော့ အားလုံး စိတ်မကောင်းကြ။

မှာ့ခ်ကတော့ သူ့လေတပ်ရုံးကို အမြဲသွား။ ဆူဆန့်ကို နှုတ်ဆက်။ ဆူဆန် ကတော့ တစ်ဦးတည်း အိမ်မှာ။ အထီးကျန်နေဆဲ။ အရင်က အလုပ်သွား၊ ဝင်ငွေရှာ။ အခုတော့ နေ့လည်းမှောင်၊ ညလည်းမှောင်အတိဖြင့် တစ်ဦးတည်း။ ညနေပိုင်း မှာ့ခ် ပြန်လာတော့ ပျော်မိသေးသည်။

တစ်ရက် ဆူဆန်က မှာ့ခ်ကို ပြောသည်။

"မှာ့ခ်ရေ…၊ ဆူဆန်လေ အလုပ်ပြန်ဝင်မယ်၊ အဲဒါ အကူအညီ ပေးနော်"

"ဘယ်လို အလုပ်ပြန်ဝင်မယ်"

"ဖြစ်ပါ့မလား ဆူဆန်၊ ဆူဆန်က မျက်စိ မမြင်ရဘူးလေ"

မှာ့ခ်တစ်ယောက် မယုံမရဲ သဘောမျိုးထက်၊ ဖြစ်ပါ့မလားဆိုသည့်သဘော မျိုးဖြင့် ဆူဆန့်ကို ကြည့်နေမည်ဟု ဆူဆန် သိပါသည်။

"မှာ့ခ်ရယ်…၊ မျက်စိမမြင်ရတိုင်း ခြေလက်မရှိတိုင်း ဘဝကို အရှုံးပေးရ

မယ်လို့ သတ်မှတ်ချက်မျိုး မရှိပါဘူး မာ့ခ်။ ဒီတော့ ဆူဆန်လေ ဘယ်လိုဘဝမျိုးပဲ ရောက်ရောက် ရဲရဲရင့်ရင့် ရင်ဆိုင်ချင်တယ် မာ့ခ်။ ဒါတော့ နာလည်းပေးပါ။ ဒီတော့ ခွင့်လွှတ်ပေးပါ မာ့ခ်"

"ဆူဆန်ရယ်…၊ ကိုယ်လေ ဆူဆန့်ကို ပင်ပန်းမှာစိုးလို့ပါ"

"အဲသလို သဘောမျိုးရှိတာ ကျေးဇူးပါ မာ့ခ်၊ ဆူဆန့်ကို တကယ်ချစ်ရင် ဆူဆန့်ရဲ့ ဆန္ဒကိုသာ လိုက်လျောပါ မာ့ခ်ရယ်နော်"

"ဆူဆန်ရယ်…"

နောက်ရက်တွေ ဆူဆန်သည် အလုပ်ဝင်ဖို့ မာ့ခ်ကို လိုက်ပို့ခိုင်းသည်။ အလုပ်ရှင်နှင့် မန်နေဂျာ၊ ပြီးတော့ အလုပ်သမားခေါင်းဆောင် အားလုံးက လက်ခံသည်။ ဝမ်းသာကြသည်။

"အဲသလို မိန်းမသားဖြစ်ပေမယ့်လည်း ခုလို မျက်စိမမြင်ရတဲ့ ဘဝမျိုး ရောက်နေတာတောင် ဖွဲ့သတ္တိရှိရှိနဲ့ အလုပ်ပြန်ဝင်ရဲ့တဲ့ ဆူဆန်ကို လက်ခံတယ်။ လစာကိုလည်း အရင်ကထက် ပိုပေးမယ် ဆူဆန်"

အလုပ်လုပ်ဖို့ပြောတော့ အလုပ်ရှင်နှင့် မန်နေဂျာ ပြောသည့်စကား…။

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ဆူဆန်လေ…၊ အမြင်အာရုံချို့တဲ့ပေမယ့် သတ္တိကတော့ ဘယ်တော့မှ မချို့တဲ့ပါဘူး ဆရာ။ ဆူဆန် သေတဲ့အထိ ရင်ဆိုင်သွားမှာပါ"

နောက်ရက်တွင် အလုပ်စဝင်သည်။ ယခင် ကျွမ်းကျင်ပြီးသား အလုပ်ဆိုတော့ အဆင်ပြေပါသည်။ အလုပ်ရုံခန်းထဲမှာ အများနည်းတူ ထုတ်ကုန်တွေ ရအောင်လုပ်သည်။ ဒီတော့ အဆင်မပြေသည့် မနက်စာစားချိန်၊ ကော်ဖီသောက်ချိန် များတွင် သူ့ဘာသာသူ သွားနိုင်အောင်၊ စားနိုင်အောင် ကြိုးစားခဲ့သည်။ မာ့ခ် ကတော့ မနက်ပိုင်းမှာ ကားဖြင့် ပို့ပေး၊ ညနေပိုင်း လာပြီးကြိုပေး။ ဆူဆန် နှစ်လ ကြာခဲ့ပြီ အလုပ်ဝင်ခဲ့တာ ။ တစ်ရက် မာ့ခ်က ဆူဆန်ကို ပြောလာသည်။

"ဆူဆန်"

"ဘာလဲ မာ့ခ်"

"ကိုယ်စဉ်းစားထားတာ ပြောလို့ရမလားဟင်"

"ပြောလေ မာ့ခ်၊ ဘာအကြောင်းလဲဟင်"

မာ့ခ်က ဆူဆန့်လက်အစုံကို တမြတ်တနိုးကိုင်ရင်း ရှိသည်။

"ဒီလိုပါ ဆူဆန်၊ ကိုယ်လည်း အလုပ်သိပ်များလာပြီ၊ လေ့ကျင့်ရေးအတွက် ရော၊ စစ်ဆင်ရေးအတွက်ပါဆိုတော့ အချိန်လုနေရပြီ ဆူဆန်"

"ဒီတော့ ပြောလေ မှာ့ခ်"

"ကိုယ် နောက်ရက်တွေမှာ မနက်ကြိုပို့တာ၊ ညနေလာခေါ်တာမျိုး မလုပ်ချင်တော့ဘူး ဆူဆန်"

"ဘာ…"

"ဟုတ်တယ် ဆူဆန်"

"ဒါဖြင့် ဆူဆန်က"

နားမလည်စွာဖြင့် ပြန်မေးမိသူက ဆူဆန်။

"ဆူဆန် ကိုယ်တိုင်ပဲ မနက်ခင်းအလုပ်သွားရင် ကားမှတ်တိုင်ကနေ အလုပ်ရုံဆီ သွားပါ။ အလုပ်သိမ်းရင်လည်း အလုပ်ရုံရှေ့မှာရှိတဲ့ ကားမှတ်တိုင်ကနေ အိမ်အရောက်ပြန်ပါ ဆူဆန်"

မှာ့ခ်စကားကြောင့် မှာ့ခ်လက်တွင်းမှ ဆူဆန် လက်အစုံကို ဆွဲယူသည်။ မျက်နှာကို တစ်ဖက်လှည့်လိုက်သည်။

"ဒါဆို မှာ့ခ်က ဆူဆန့်အပေါ် ငြီးငြင်လာပြီ၊ မုန်းလာပြီ၊ စိတ်ပျက်လာပြီဆိုတဲ့ သဘောလား မှာ့ခ်၊ ပြောပါဦး"

"မဟုတ်ပါဘူး ဆူဆန်"

"တော်ပါတော့ မှာ့ခ်၊ ဆူဆန် နားလည်ပါတယ်၊ မှာ့ခ် စိတ်ပျက်လာပြီဆိုတာ"

"ဒီလိုပါ ဆူဆန်၊ ကိုယ်က လုံးဝ ပစ်ပယ်ထားတာမျိုး မဟုတ်ပါဘူး။ မနက်ခင်း ဆူဆန့်ကို ကားလမ်းအရောက်၊ မှတ်တိုင်အရောက် ပို့ပေးမယ်။ ပြီးရင် လိုင်းကားလာတဲ့အထိ စောင့်တင်ပေးမယ်။ ကားဆရာတွေကို ကိုယ်သိပါတယ်။ သူငယ်ချင်းတွေပါ။ ဒီတော့ သူတို့ကို အကျိုးအကြောင်းပြောပြီး ဂရုစိုက်ပေးဖို့ အလုပ်ရုံရှေ့မှာ ချပေးဖို့ မှာလိုက်ပါ့မယ်"

"တကယ်လို့ အလုပ်ရုံရှေ့မှတ်တိုင်ရောက်ရင်ကော"

"အဲဒါလည်း ကိုယ် အဆင်ပြေအောင် လုပ်ပေးပါ့မယ် ဆူဆန်၊ အလုပ်မန်နေဂျာက ကိုယ့်မိတ်ဆွေပါ။ သူ့ကို ကြိုတင်ပြောထားပါမယ် ဆူဆန်"

"မှာ့ခ် ဆူဆန့်အပေါ် ပြောင်းလဲသွားလိမ့်မယ်လို့ မထင်ခဲ့ဘူး မှာ့ခ်"

"ဆူဆန်ရယ်…၊ အဲဒါပြောင်းလဲမှု မဟုတ်ပါဘူး၊ နားလည်ပေးပါ ဆူဆန်"

"ဆူဆန်… ဘာမှ မပြောချင်တော့ဘူး မာ့ခ်၊ မာ့ခ်သဘော"

ထိုညက ဆူဆန် စကားမပြောခဲ့။ မာ့ခ်က ထမင်းစားခိုင်းလို့သာ ညစာ စားခဲ့သည်။ နောက်ရက် မာ့ခ်က ဆူဆန့်ကို အိမ်ထဲက အထွက်၊ အိမ်ရှေ့က ကွက်လပ်ဖြတ်၊ ဝင်းတံခါးအထွက်နှင့် ကားလမ်းပေါ်အရောက် ခေါ်လာသည်။ ကားလမ်းပေါ်ရောက်တော့ မှတ်တိုင်ဆီကလာတာ၊ ကားစောင့်တာမျိုးကို အကြား အာရုံထားရန် ပြောသည်။ သင်ပြသည်။

"ရပြီနော် ဆူဆန်"

"အင်း…"

"ကားလာနေပြီနော် ဆူဆန်"

"ရပါတယ်"

မှတ်တိုင်မှာ ကားရပ်တော့ မာ့ခ်က ကားသမားကို မှာသည်။ အလုပ်ရုံရှေ့ချ ပေးဖို့ ပြောသည်။ ဆူဆန့်အတွက် တစ်ခုံချန်ထားဖို့ ပြောသည်။ ကားဆရာကလည်း ဆူဆန့်အတွက် အမြဲတမ်းထိုင်ခုံ တစ်ခုံချန်ထားမည့်အကြောင်း၊ အလုပ်ရုံရှေ့မှတ် တိုင်ရောက်ရင်လည်း အသေအချာ ချပေးမည့်အကြောင်း ပြောသံကြားနေရသည်။

ဆူဆန် ကားပေါ်ပါလာသည်။ ခုံမှာ ထိုင်ခိုင်းတော့ ဝင်ထိုင်သည်။ မျက်မှန် အနက်ကိုတော့ မချွတ်။ တုတ်ကောက်ကို ဘေးမှာ ထောင်သည်။ သူ့ရဲ့လွယ်အိတ်ကို ပေါင်ပေါ်တင်လိုက်သည်။ အခြားခရီးသွားတွေကတော့ ဆူဆန်ကို ကြည့်ရင်း သနားနေကြသည်။ အသားကဖြူဖြူ ရုပ်ကချောမောလှပသူ။ တစ်နာရီနီးပါး ကားစီး အပြီး အလုပ်ရုံရှေ့ရောက်တော့ ကားဆရာက ပြောသည်။ ဆူဆန် ဆင်းသည်။ အလုပ်သမားတစ်ဦးက လက်တွဲခေါ်၊ အလုပ်ရုံထဲဝင်။ သည်သို့ဖြင့် ဆူဆန်တစ်ဦး တည်း ကားပေါ်လိုက်၊ အလုပ်ဝင်ခဲ့တာ တစ်လကျော်ပြီ။

အားလုံး အဆင်ပြေသွားပြီ။ သို့သော်လည်း မာ့ခ်အပေါ်မှာ စိတ်ထဲမှာ တစ်မျိုးခံစားရပြီး အားငယ်မိသည်လေ။ မိမိမှာက မျက်စိကန်းနေသည့် ဒုက္ခိတက ချစ်လှပါသည်ဆိုသော ချစ်လင် မာ့ခ်ကိုသာ အားပြုရမည့်လေ။ အခုတော့ မာ့ခ်က ဆူဆန့်ကို အကြိုအပို့ မလုပ်တော့ဘူးတဲ့။ တစ်ရက်နှစ်ရက်စာ ကားမှတ်တိုင်ပို့ပြီး အကြားအာရုံကို အဖော်ပြုလို့ အလုပ်ဆင်းရမည့်တဲ့လေ။

"သူ ငါ့အပေါ် စိတ်ပျက်သွားပြီဆိုတာ သေချာတယ်။ အရင်ကလို ငါ့အပေါ် ကြင်နာမှု မပေးတော့ဘူး။ သေချာပါတယ်။ သူ ငါ့အပေါ် မချစ်တော့ဘူးဆိုတာ"

ဆူဆန် တွေးခဲ့သည့်အတိုင်းလည်း ဖြစ်နေလေပြီ။ သည်တော့ ဆူဆန့်ရင်ထဲ

ပိုပြီး သံသယတွေ ပွားလာသည်။ ကြည့်လေ၊ အလုပ်ရုံသွားတော့လည်း တစ်ဦးတည်း၊ ပြန်တော့လည်း တစ်ယောက်တည်း။ နေသားကျ ကျင့်သားရနေပြီဖြစ်ပေမယ့် စိတ်ထဲမှာတော့ တနုံ့နုံ့ ခံစားနေရဆဲ။

သည်သို့ ခံစားချက် ပြင်းထန်လာသည်နှင့်အတူ မော့ခ်အပေါ် မေးထူးခေါ်ပြော သဘောဖြင့်သာ ဆက်ဆံခဲ့သည်။ မနက်အလုပ်သွားရင်လည်း မော့ခ်ကို အားမကိုးတော့။ အလုပ်သွားစဉ် စီးနေကျကားမောင်းသမား ရှိသည်။ ရုံးရှေ့မှတ်တိုင်ရောက်ရင်လည်း လာကြိုမယ့်အလုပ်သမား ရှိသည်။ စားမည့်အချိန်တွင်လည်း ကူညီမယ့်သူ ရှိသည်။ အလုပ်ဆင်းရင်လည်း မနက်က ကူညီခဲ့သည့်ကားသမား ရှိနေသည်လေ။

"အချစ် ပြန်လာပြီလား ဆူဆန်"

အလုပ်မှအပြန် နှုတ်ဆက်လာသည့် မော့ခ်။

"အဆင်ပြေလားဟင်…၊ ပြန်ရ,သွားရတာ။ အလုပ်ရုံမှာရော အဆင်ပြေတယ် မဟုတ်လား"

"ဟုတ်ကဲ့"

ခပ်တိုတိုသာဖြေသည်။ ရင်ထဲမှာတော့ မော့ခ်အပေါ် ပြောချင်တာတွေ တစ်ပုံကြီး။

"ကိုယ့်ကိုယ် တစ်မျိုးမြင်နေတယ် မဟုတ်လား ဆူဆန်။ ဆူဆန် ခံစားနေရတာတွေကို ရင်ဖွင့်လိုက်ပါလား ဆူဆန်။ ဒါမှ ရင်ထဲပေါ့သွားမှာ"

မဲ့ပြုံးတစ်ချက် ပြုံးပြလိုက်သည်။ မော့ခ်က သူ့လက်အစုံဖြင့် ဆူဆန့်လက်အစုံကို ဆုပ်နယ်နေသည်။

"ပြောပါ ဆူဆန်ရယ်နော်"

"ဆူဆန် မပြောချင်ပါဘူး မော့ခ်"

"ကိုယ်သိပါတယ် ဆူဆန်၊ မင်းက အလုပ်သွား အလုပ်ပြန်တဲ့ အချိန်၊ ကိုယ်မပို့တော့တဲ့အတွက် အရမ်းခံစားနေရတာ မဟုတ်လား။ ဆူဆန့်အပေါ် မချစ်တော့ဘူး၊ မုန်းနေတယ်လို့ သိမ်ငယ်တဲ့စိတ်နဲ့ ဖြစ်နေတာ မဟုတ်လား"

"ဟုတ်တယ် ချစ်မှ မချစ်တော့တာကိုး"

"ချစ်ပါတယ် ဆူဆန်"

"မချစ်တော့လို့ မျက်မမြင်ဇနီးမယားကို ခုလို ပစ်ပယ်ခဲ့တာ မဟုတ်လား"

"မဟုတ်ပါဘူး ဆူဆန်ရယ်"

"တော်ပါတော့ မာ့ခ်ရယ် နော်၊ ရှင်လည်း ရှင့်အလုပ် ရှင်လုပ်၊ ဆူဆန်လည်း ကိုယ့်အလုပ် ကိုယ်လုပ်နေမှာပါ။ ပြောချင်တာက ဆူဆန်ဟာ မိန်းမသား ဖြစ်တယ်။ ဒုက္ခိတ ဖြစ်တယ်ဆိုပေမယ့် ဘယ်တော့မှ အင်အားဆုတ်ယုတ်သွားပြီး အလျှော့ပေးမှာ၊ သတ္တိနည်းပြမှာတော့ မဟုတ်ဘူး မာ့ခ်။ ဆူဆန် အသက်ရှင်နေသရွေ့ တိုက်ပွဲဝင်သွားမှာပါပဲ မာ့ခ်"

"ဝမ်းသာပါတယ် ဆူဆန်ရယ်"

နှစ်ဦးသား အသံတိတ်သွားသည်။ သည့်နောက်တွင်တော့ ဆူဆန့်ကို ဘာမှ မပြောတော့။

"ငါ အိမ်မှာရော၊ အလုပ်ရုံမှာပါ၊ အမြင်အာရုံကို အားကိုးပြီး တစ်ဦးတည်း လုပ်နိုင်အောင် မြင်တဲ့သူတွေလိုဖြစ်အောင် ကြိုးစားမယ်"

နောက်တွင်တော့ ဆူဆန်သည် အိမ်ရောက်သည်နှင့် ရေမိုးချိုး၊ ရေအိမ်ဝင်သည်။ ညစာစားသည်။ မိမိအဝတ်ကို ကိုယ်တိုင်လျှော်၊ နေလှန်းသည်။ မာ့ခ်က ဘေးမှနေရပ်ပြီး ပြောပေးနေသည်။ ကြာတော့ အားလုံးအတွက် အဆင်ပြေသွားသည်။

စိတ်ထဲစွဲကျန်နေသည့် ဝေဒနာက မာ့ခ် အသံကြားရတိုင်း အသစ်အသစ်သို့ ခံစားရသည်။

"မာ့ခ် ဆူဆန့်အပေါ် မချစ်တော့ဘူး"

***

ဒီကနေ့ သောကြာနေ့။

ဆူဆန် တစ်ဦးတည်း အိမ်ထဲမှာ ထွက်ခဲ့သည်။ ပခုံးထက်မှာ လွယ်နေကျ အနက်ရောင် ဘေးသိုင်းလွယ်အိတ်လေးကို လွယ်ထားပြီး လက်ထဲမှာတော့ အဖြူရောင် စတီးတုတ်ရှည်တစ်ချောင်း။ အနက်ရောင်မျက်မှန်နှင့် အနက်ဝတ်စုံနှင့် ခြံဝင်းအတွင်းမှတစ်ဆင့် ကားလမ်းမဆီ လာခဲ့သည်။ လမ်းသွားလမ်းလာတွေက ဆူဆန်ကို ကြည့်ရင်း သနားနေကြသည်။ အတော်ကြာတော့ ကားလမ်းပေါ်ရောက်ပြီးနောက် ကားမှတ်တိုင်ရောက်ပြီဆိုတာ သိသည်။ မကြာ လိုင်းကားလာပြီဆိုတာ ဆူဆန် သိသည်။ သို့ကြောင့် ကားပေါ်တက်ဖို့ အရန်သင့်ပြင်လိုက်သည်။ တွေးဆဲမှာ ကားရပ်လိုက်ပြီ…။

"ဟော့ ဆူဆန်၊ လာပါ၊ ကားပေါ်တက်"

"ကျေးဇူးပါရှင်"

ကားစပယ်ယာက ဆင်းလာပြီး ဆူဆန့်ကို ခေါ်သည်။ ကားပေါ်ရောက်တော့ ဆူဆန့်အတွက် သီးခြားချန်ထားသည့် ဒရိုင်ဘာအနီးမှ ခုံမှာထိုင်သည်။ ဆူဆန်က ကားခ ထုတ်ပေးသည်။ အတော်ကြာမှ စကားပြောလာသူမှာကား စပယ်ယာ။

"ဆူဆန်…၊ ဆူဆန့်ရဲ့ ယောကျ်ားက ဆူဆန့်ကို မတရားချစ်ရှာတာကိုး"

"ရှင်…"

ဆူဆန် အံ့အားသင့်သွားသလို အံ့ဩတုန်လှုပ်သွားသည်။ ဘယ့်နှယ့်…၊ မိမိအပေါ် မာ့ခ်က သိပ်ချစ်တာ၊ မတရားချစ်တဲ့လား။ ဘာ့ကြောင့် ဒီလိုပြောရတာလဲ။ ဆူဆန် မဝေခွဲနိုင်တော့။

"ဆူဆန် အံ့အားသင့်နေတာလား၊ မယုံတာလား ဆူဆန်။ မယုံမရှိနဲ့ မိန်းကလေး။ ဦးတို့က ဒီကားနဲ့ တစ်နေ့ကို လေးငါးခေါက်ဆွဲနေတာ။ ဆူဆန် အလုပ်ရုံသွား၊ အလုပ်ရုံက ပြန်တာ၊ ဦးတို့ အမြဲတွေ့နေတာပဲ။ အဲ–ပြောချင်တာက လေတပ်ဝတ်စုံ အဖြူရောင်နဲ့ အမြဲတမ်းပဲ ဆူဆန် အလုပ်သွားတိုင်း၊ အိမ်ထဲက နေ ကားလမ်းမှဆီ၊ ကားမှတ်တိုင်ဆီ မရောက်မချင်း ဆူဆန့်နောက်ကနေ ကပ်လိုက်လာတယ်။ ပြီးတော့ ဆူဆန်က ကားအလာစောင့်နေရင် လက်တစ်ကမ်းမှာ လေတပ်ဝတ်စုံနဲ့ ဆူဆန်အမျိုးသား ရပ်နေတယ်။ ပြီးရင် ဦးတို့ကို မသိမသာ မှာတယ်။ မှာတဲ့စကားက ဆူဆန့်ကို ဂရုစိုက်ဖို့၊ အမြဲတမ်း ခုံအလွတ်ချန်ထားပေးထားဖို့ မှာတယ်"

"ရှင်… အမြဲတမ်း၊ ဟုတ်လား"

ဆူဆန် ပိုပြီး အံ့အားသင့်သွားသည်။ ဖြစ်ကောဖြစ်နိုင်ရဲ့လား။ ထိုအခါ မာ့ခ် မျက်နှာပြင်ကို မြင်ယောင်မိသည်။ သူမအနေဖြင့် မာ့ခ်အပေါ် အထင်လွဲခဲ့တာတွေအတွက် မှားသွားပြီလား မပြောတတ်။

"မာ့ခ်ရယ်…၊ ရှင် ဆူဆန့်အပေါ် မမုန်းခဲ့ဘူးပေါ့နော်"

နှလုံးသားထဲမှာ တွေးနေမိသည့် အတွေးစကား…။

"ပြီးတော့ အဲဒီလေတပ်စစ်ဗိုလ်က ဆူဆန်စီးတဲ့ ဦးတို့ရဲ့ကား အဝေးရောက်တဲ့အထိ ရပ်ကြည့်နေပြီးမှ အိမ်ထဲကို အပြေးပြန်ဝင်သွားရှာတာ"

"ဩော်…"

တုန်ခါသွားသော နှလုံးသားထဲမှ အသိတရားများသည် ဟိုအရင်က မှာခ် အပေါ်ထားခဲ့သော သံသယများကို ဝါးမျိုနင်းချေသွားသည်ဟု ထင်ရသည်။ စိတ်ထဲမှာ လင်းလင်းလက်လက်နှင့် ဖြစ်သွားသလို ခံစားလိုက်ရသည်။

"ပိုပြီး ထူးဆန်းတာကို ပြောရဦးမလား ဆူဆန်"

"ရှင်..."

ဒီတစ်ခါ ကားမောင်းသူက ပြောလာသည်။ ဆူဆန် ခေါင်းညိတ်ပြမိသည်။

"ညနေဆိုရင် အဲဒီ ဆူဆန်ရဲ့လေတပ်ဗိုလ်က ကားနဲ့ရောက်လာယ်၊ ပြီးတော့ ကားမှတ်တိုင်မှာရပ်စောင့်ပြီး ကြည့်နေတယ်၊ ဆူဆန် အလုပ်ဆင်းလာလို့ ပြန်လာတာ၊ ကားလမ်းမဆီ လာနေတာ။ မနက်ရော ညနေပါ အမြဲပဲ မိန်းကလေးရဲ့ တကယ် ချစ်ရှာတာ"

"ရှင်... တကယ်... တကယ်..."

"သြော်... ကလေးမရယ်၊ ဦးတို့က ဘာပြုလို့လိမ်ညာရမလဲ။ လိမ်ညာလို့ ရတဲ့အရာမှ မဟုတ်တာ"

"ဟုတ်ကဲ့ ယုံပါတယ် အန်ကယ်"

"အဲသလောက်ချစ်တဲ့ယောကျ်ားမျိုး ဦးတို့လေ ဒီမြို့ထဲမှာ မတွေ့ဖူးဘူး၊ တကယ်သစ္စာမဲ့ချင်တဲ့ ယောကျ်ားဆိုရင် သူက လေတပ်အရာရှိ၊ ခံ့ချောတဲ့သူ။ အရပ်အမောင်း၊ အသားအရေအထိ ဘာမှပြောစရာ မရှိတဲ့သူ။ နောက် မိန်းကလေးက ရုပ်ရည်ချောပေမယ့် မျက်စိမမြင်ရတဲ့သူ။ သူ ဖောက်ပြန်မယ်ဆိုရင် ရတာပဲလေ။ ဒါပေမဲ့ အဲသလိုကိစ္စမျိုး လုံးဝ မရှိဘူး။ မတွေ့ရ မမြင်ရဘူး။ ဟိုတစ်နေ့က သူနဲ့တွေ့လို့ အနီးကပ်မေးကြည့်တော့ ဆူဆန့်အပေါ် သိပ်ချစ်ခဲ့တယ်တဲ့။ အခု မျက်မမြင်ဘဝရောက်တော့ အရင်ကထက် ပိုချစ်ခဲ့ရပါတယ်တဲ့လေ"

ဆူဆန် ဘာမှပြန်မပြောနိုင်တော့။ ဒီစကားတွေကို နှလုံးသားထဲမှာ သိမ်းဆည်းရင်း ကျေနပ်နေမိသည်။ ဆူဆန်နှင့် ကားသမားတွေ ပြောနေသည့်စကားကို ကားပေါ်ပါလာသူတွေအားလုံး နားထောင်ရင်း ဆူဆန် အိမ်ထောင်ရေး ကံကောင်းသည်ဟု မှတ်ချက်ပြုနေကြသည်ကိုတော့ ဆူဆန် မသိရှာ...။

တကယ်တော့ ဆူဆန့်ရင်ထဲမှာ ဆူပွက်နေသည့်အရာတစ်ခုပဲ ရှိသည်။

"အလုပ်က ပြန်လာရင် မှာခ်ကို တောင်းပန်ရမယ်"

***

"မာ့ခ်…"

ကားပေါ်မှ အဆင်း၊ ဆူဆန်သည် ရပ်နေရာမှာ တုတ်ကို ယမ်းရင်းခေါ်လိုက်သည်။ တကယ်တော့ သူမ အလုပ်က အပြန်၊ ကားမှတ်တိုင်အဆင်းတစ်နေရာမှာ မာ့ခ် ရှိနေမှန်း၊ ကြိုနေသည်မှန်း ဆူဆန် သိနေသည်။

"မာ့ခ်… မာ့ခ်…"

"ဆူဆန်…၊ အချစ်…"

ရှေ့လက်တစ်ကမ်းတွင်ရှိ မာ့ခ်က အသံပြုသည်။ ဆူဆန် အသံကြားရာဆီ အမြန်ပြန်လာခဲ့သည်။ ရုတ်ချည်း မာ့ခ်လက်အစုံက ဆူဆန့်ပခုံးကို ကိုင်သည်။ ပြီး ဆူဆန့်ခါးလေးကို လက်ဖြင့် သွယ်ဖိုက်ပြီး ဖက်သည်။ ဆူဆန့်လက်ထဲရှိ စတီးတုတ်ကို ယူသည်။

"သွားစို့ ဆူဆန်"

"မာ့ခ်…"

ဆူဆန်က မာ့ခ် ပြောသလို အိမ်ဆီသို့ မသွားသေးဘဲ ရပ်နေဆဲ။ ရင်ချင်းအပ်လုပ်နီးပါး ရပ်နေသည်က မာ့ခ်နှင့်ဆူဆန်။ အချစ်ကြီးချစ်ခဲ့ကြသည့် ဆူဆန်။

"ဘာပြောချင်လို့လဲ ဆူဆန်"

"ဟို ဆူဆန်အပေါ် ချစ်နေတာ၊ ဂရုစိုက်နေတာ၊ နေ့တိုင်းနေ့တိုင်း ဆူဆန် အသွားအပြန် ကြည့်နေတာတွေ ဆူဆန် သိသွားပြီ။ သိခဲ့ရပြီ ဆူဆန်"

"အဲဒီတော့"

"ဆူဆန် စိတ်ထဲမှာ ရှိနေတဲ့ သံသယတွေ မထားတော့ဘူး မာ့ခ်။ အရင်က မျက်မမြင်မယားဖြစ်လို့ မာ့ခ်က စိတ်ပျက်သွားပြီ၊ မုန်းသွားပြီလို့ ထင်နေမိတာ"

"ဟုတ်တယ် ဆူဆန်၊ ကိုယ်လေ ဆူဆန့်ကို အသွားအပြန် အမြဲတမ်းစောင့်ကြည့်နေခဲ့တဲ့သူပါ ဆူဆန်။ အဲဒါ သိပ်ချစ်လို့။ အလွန်အမင်းချစ်လို့။ ဆူဆန် ဘယ်ဘဝရောက်ရောက် ချစ်နေမှာပဲဆိုတဲ့ သစ္စာတရားရဲ့လက္ခဏာတွေပါပဲ ဆူဆန်"

"မာ့ခ်ရယ်…"

နှစ်ဦးသား အိမ်လေးဆီ လာခဲ့ကြသည်။ သူတို့၏ကြင်နာမှုကို လူတွေက ကြည့်နေကြသည်။

"ဆူဆန်"

"ပြောလေ"

"အခု ဆူဆန်အနေနဲ့ အလုပ်မှာ အသွားအပြန် စိတ်ချရပြီ။ ဆူဆန့်အနေနဲ့လည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိနေပြီ။ ဒီတော့…"

"ဒီတော့ ဘာဖြစ်တာလဲဟင်၊ ပြောလေ မာ့ခ်"

မာ့ခ်သည် စဉ်းစားနေရင်းမှ ဆူဆန့်ပါးပြင်နှစ်ဖက်ကို အားပါးတရ ရှိုက်ကြီးတငင် နမ်းလိုက်သည်။ ဆူဆန်ရင်ထဲ ဒီတစ်ခါ အနမ်းခံရခြင်းသည် အအေးမြဆုံး၊ အရသာအရှိဆုံးဟု နားလည်လိုက်သည်။ မာ့ခ်က ဆက်ပြောလာသည်။

"ယုံကြည်ရပြီဆိုတော့ ဆူဆန့်အတွက်ရော ကိုယ့်အတွက်ပါ ဆူဆန်က သားလေးတစ်ဦးနဲ့ သမီးလေးတစ်ဦး မွေးပေးရမယ်"

"ဟင်… တကယ်"

"ဟုတ်တယ်လေ၊ မောင်နှမနှစ်ယောက် မွေးပေးရမယ်ဆူဆန်၊ ဒါမှ နောင်တစ်ချိန် ဆူဆန့်အတွက် အရိုးဆွေးတဲ့အထိ အဖော်ရမှာ။ ကိုယ့်အတွက်ရော လေ"

"ဆူဆန်လည်း အဲသလို တွေးခဲ့တာကြာပြီ မာ့ခ်၊ အခုတော့ မာ့ခ်ရဲ့အချစ်တွေအပေါ် သံသယမရှိ အကြွင်းမဲ့ ယုံကြည်သွားပြီမို့ မာ့ခ် ပြောသလို သားသားလေးတစ်ဦးနှင့် မီးမီးလေးတစ်ဦး မွေးပေးမယ်နော်"

နှစ်ဦးသား လက်ချင်းချိတ်၍ အိမ်လေးဆီ လာခဲ့သည်။ ဆူဆန့်နှလုံးသားရင်ပြင်မှာတော့ **ချစ်ခြင်းရဲ့အလင်းရောင်**တွေက နေရဲ့အလင်း၊ လရဲ့အလင်းရောင်တွေနှင့် အပြိုင်…။

၂၂-၁-၂၀၁၅ ထုတ် **Education Digest-Journal** စာ ၁၇ ပါ ညွန့်းဆင့်ခွန်း ရေးသားသည့် (ဘတ်စ်ကားပေါ်က မျက်မမြင်မလေး) အမည်ရှိ ဘာသာပြန်ဆောင်းပါးတိုလေးအား မှီး၍ ဝတ္ထု ပြန်လည်ရေးသားခြင်း ဖြစ်ပါကြောင်း)

**တွင်းကြီးသားတင်ဝင်းဦး**

—

မီးနှင့်ကစားခြင်း

တွင်းကြီးသားတင်ဝင်းဦး

အိုဝင်က မုန့်ကို အသာစားရင်း ပြုံးသည်။
အိုဝင် ပြုံးတော့ ကျွန်မ ပျော်သည်။
ကျွန်မက အိုဝင့်ပါးလေးကို
အသာအယာ ဆွဲဖွဲ့လိုက်သည်။
'အိုဝင်…'
အိုဝင်က မဖြေဘဲ
ကျွန်မကို အသာပင် ငေးကြည့်သည်။

# မီးနှင့်ကစားခြင်း

ယဥ၊ ။ တွင်းကြီးသားတင်ဝင်းဦး

ကျွန်မဆီကို အိုဝင်ရဲ့ မိခင်ဖြစ်သူက အိုဝင့်ကို စာလာပြပေးဖို့ တောင်းဆိုခဲ့သည်။

"ကာရိုလင်းရေ…၊ ကိုယ့်သားလေးအိုဝင်ကို မင်းဆီမှာ ပို့ပြီး စာမသင်ချင်ဘူးကွယ်။ ဘာလို့လဲဆိုတော့ မင်းဆီမှာဆိုရင် ကျောင်းသားတွေ များတယ်လေ။ ဒီတော့ သာလေးအတွက် အခက်အခဲ ဖြစ်နိုင်တယ်။ ဒါကြောင့် ကိုယ့်အိမ်မှာပဲ လာပြီး စာပြပေးပါလား၊ စာပြခကြေးကိုတော့ ကာရိုလင်း ဆုံးဖြတ်ပေါ့။ ပေးပါ့မယ်၊ ဟုတ်ဘူးလား"

ကျွန်မ ပြုံးနေမိသည်။ ကျွန်မက ကျောင်းဆရာမအငြိမ်းစား။ အိမ်ထောင်ရှိသည်။ သားသမီးတွေ ရှိသည်။ မြေးတွေ ရှိသည်။ ကျွန်မ ယောကျ်ားကလည်း ဌာနတစ်ခုမှာ တာဝန်ထမ်းဆောင်အပြီး ပင်စင်ယူထားခဲ့ပြီ။ ကျွန်မ သားနဲ့သမီးဆိုရင်လည်း အစိုးရဝန်ထမ်းတွေတောင် ဖြစ်နေပြီ။ ဒီတော့ အထီးကျန်မှုတွေကို မရှိပေမယ့် အိမ်မှာ တကုတ်ကုတ်နေပြီး အချိန်ဖြုန်းရတာ ငြီးငွေ့နေပြီ။ တခြားကလေး ဆယ်ယောက်လောက်ကိုလည်း စာသင်နေရတော့ အချိန်ပြည့်ဆိုသလို ကျောင်းစာအုပ်နဲ့ ဒီကလေးတွေအကြားမှာ နေနေရတော့ ငြီးငွေ့လှပြီ။

ခုတော့ မောင်ကျောင်းသားလေး အိုဝင်ရဲ့မိခင်၊ ကျွန်မနဲ့ မိတ်ဆွေလည်းဖြစ်၊ ငယ်သူချင်းလည်းဖြစ် သူက ကျွန်မကို အကူအညီ တောင်းနေပြီ။ ဒီတော့ လက်ရှိကလေးတွေကို အချိန်လျှော့ဆွဲပြီး အိုဝင့်ကို သီးခြားသင်ဖို့ ဆုံးဖြတ်လိုက်သည်။

"အင်းလေ…၊ အဆင်ပြေရမှာပေါ့။ ဒါပေမဲ့ အခကြေးငွေကိုတော့ ကျွန်မ မပြောချင်ဘူး၊ သူငယ်ချင်းကပဲ အဆင်ပြေအောင် ကြည့်ပေးချင်ပေါ့။ ခေတ်ကာလ ဈေးလည်း သူငယ်ချင်း သိနေတာပဲလေ"

ကျွန်မက သူငယ်ချင်းကို စေ့စေ့ကြည့်ရင်း ပြောလိုက်သည်။ ကျွန်မအိမ်ရဲ့ ဧည့်ခန်းထဲမှာ ထိုင်၊ စကားပြောနေကြတာလေ။ ကော်ဖီနှစ်ခွက်၊ မုန့်နှစ်ချပ် ချထား လိုက်သည်။ ကော်ဖီခွက်ကို သူငယ်ချင်းရှေ့ ချပေးရင်း သွေးတိုးတမ်းစကား ဆိုတော့ သူငယ်ချင်းက မငြင်းဆန်…။

"သားရဲ့ပညာရေးဆိုတော့ ဈေးမဆစ်ချင်ပါဘူး။ ပေးတာနည်းသွားရင် အား နာစရာလေ။ ဒါပေမဲ့ ညှိနှိုင်းပေးကြည့်ရတာပေါ့။ နည်းတယ်ဆိုရင်တော့ ခွင့်လွှတ် လေနော်"

သူငယ်ချင်းက ဈေးပေးသည်။ ကျွန်မ လိုချင်သည့် ဈေးထက်တောင် များနေ သေးသည်။ ကျွန်မ ကျေနပ်သွားသည်။ ခေါင်းငုံ့ရင်း ကော်ဖီခွက်ကို အဓိပ္ပာယ်မဲ့ ကြည့်ရင်း ဟန်ကိုယ်ဖို့ဆိုသလို စဉ်းစားပုံပြုသည်။

"အင်း… ဒီဈေးဆိုရင် ရပါပြီ။ ကျေနပ်ပါတယ် သူငယ်ချင်းရယ်…၊ အိုဝင့်ကိုလည်း မနက်ဖြန်လောက် ခေါ်ခဲ့ဦးလေ၊ ကိုယ်နဲ့မိတ်ဆက်ရတာပေါ့။ ဒါမှ ဆရာနဲ့တပည့် အခန့်သင့်မှာလေ၊ ပြောစရာရှိတာ ကြိုတင်ပြောထားရမှာပေါ့"

"စိတ်ချ ကာရိုလင်း…၊ မနက်ဖြန် သားလေးကို လွှတ်လိုက်မယ်။ အဲ… ကိုယ်ကတော့ အလုပ်တွေများနေလို့ မလိုက်တော့ဘူးနော်။ ကာရိုလင်းက ပြော စရာရှိတာ ပြော၊ ဆုံးမစရာရှိတာ ဆုံးမ။ စည်းကမ်းသတ်မှတ်မယ်ဆိုရင် သတ်မှတ် မယ့် စည်းကမ်းကို ကြိုပြောထားပေါ့"

"အိုကေ… မနက်ဖြန် လွှတ်လိုက်လေ"

"စိတ်ချပါ"

အပေးအယူ တည့်ပြီးတဲ့နောက် ကော်ဖီသောက်ကြ၊ မုန့်စားကြ၊ စကားတွေ ပြောကြ။ မမောနိုင် မပန်းနိုင်တဲ့ အဖြစ်မျိုး။ တကယ်တော့ သူတို့မိသားစုက အသင့်အတင့် ချမ်းသာသည်။ ကိုယ့်ပိုင်လုပ်ငန်းတွေ ရှိသည်။ သားသမီးဆိုတာ ကလည်း ကျွန်မ တပည့်ဖြစ်လာမည့် အိုဝင်တစ်ယောက်သာ ရှိသည်။ တစ်ဦးတည်း သောသားဆိုတော့ ရွှေပေါ်မြတင်ထားတာ မဆန်း။ ဖူးဖူးမှုတ်ထားတာ၊ ပိုးမွေးသလို မွေးထားတာ မဆန်း။

တကယ်တော့ ကျွန်မတို့နေတာက အင်္ဂလန်နိုင်ငံ။ နိုင်ငံရဲ့ အနောက်တောင်ပိုင်းမှာရှိတဲ့ ဂလိုဘတ်စကာရှိုင်းယားနယ်။ ဂလိုကတ်စကာမြို့။ မြို့က ကျယ်သည်။ စီးပွားရေးလုပ်လို့ ကောင်းသည်။ စီးပွားရေး နိုင်ငံရေး အချက်အချာကျသည့်မြို့…။

ကျွန်မတို့ စကားပြောရင်း နာရီဝက်အကြာ စကားဝိုင်းကို ရုပ်သိမ်းသည်။ သူငယ်ချင်း ပြန်သွားပြီးနောက် မနက်ဖြန်ကို မျှော်လင့်မိသည်။

မနက်ဖြန် တပည့်လေးအိုဝင် လာမည် မဟုတ်လား…။

* * *

ကျွန်မကို မောင်က အကြံပြုသည်။

"အချစ်ရယ်… အိမ်မှာလည်း ကလေးတွေ စာပြရ…၊ တခြားသွားပြီးလည်း ပြရဦးမယ်ဆိုရင် အချစ်ပင်ပန်းနေမှာပေါ့၊ ဒီတော့ ဒီလိုလုပ်လေ။ တစ်ခုခုကို ဖြတ်ချလိုက်ပါလား"

"မောင် ဆိုလိုချင်တာက"

ကျွန်မ နားမလည်ဟန်ဖြင့် မေးသည်။

"ဒီလိုလေကွာ၊ အခု အချစ်ရဲ့အသက်က ၆၄ နှစ်ထဲ ဝင်နေပြီ။ ပြောရရင် အသက်ကြီးပြီလေ။ အလုပ်ကို သိပ်လောဘမကြီးစေချင်ဘူး၊ ဒီတော့ ဟိုကောင်လေးဆီ သွားသင်ရမယ်ဆိုရင် အိမ်မှာခေါ်ထားတဲ့ကလေးတွေကို တခြားဆရာမလက်ထဲ အပ်လိုက်။ အဲ… ဟိုကောင်လေးဆီ သွားမသင်ဘူး၊ အိမ်မှာပဲ သင်နေကျအတိုင်း သင်မယ်ဆိုရင် ဟိုကောင်လေးကို မသင်တော့ဘူး ပြောလိုက်လေ။ မကောင်းဘူးလား၊ အချစ်ပင်ပန်းနေမှာစိုးလို့ပါ"

မောင် ပြောသည်က မှန်သည်။ ကျွန်မက အသက်ကြီးပြီ။ ၆၄ နှစ်ထဲ ဝင်နေပြီလေ။ ပြောရရင် မောင် ပြောသလို တစ်ခုခုကို စွန့်လွှတ်ရပေမယ့်လိမ့်မည်။ မောင်က သည်လိုပြောသလို သားနှင့်သမီးကလည်း ပြောလာကြသည်။ ဒီတော့ ကျွန်မ ဆုံးဖြတ်သည်-

"ဒီလိုဆိုရင် တစ်ဦးတည်း သင်တော့မယ်၊ အိမ်မှာ ခေါ်သင်ရတာကြာတော့ ငြီးငွေ့လာပြီ မောင်နော်"

"အချစ်သဘော"

နောက်တွင် ကျွန်မသည် စာသင်လက်စကလေးများကို နားလည်အောင်ပြော

ပြီး သူငယ်ချင်းဆရာမထံ အပ်ပေးမည့်အကြောင်း ပြောရတော့သည်။ ဘာ့ကြောင့်မှန်း မသိသော ကျွန်မရဲ့ စိတ်က လက်ရှိကလေးများကို သံယောဇဉ် မရှိ၍ မသင်၍တော့ မဟုတ်။ တပည့်သစ်အိုဝင့်ကိုသာ တစ်ဦးတည်း သင်ပေးချင်နေသည်။ ထိုနေ့က ကလေးများကို အကျိုးအကြောင်းပြောပြီး ကျွန်မလို စာသင်ပေးနေသည့် သူငယ်ချင်းဆရာမထံ ဖုန်းဆက်ခေါ်သည်။ သူ ရောက်လာတော့ တပည့်များကို ထည့်ပေးလိုက်သည်။ နောက်ကလေးမိဘများကို ကျန်းမာရေးအကြောင်းပြချက်ဖြင့် ဆက်မသင်နိုင်တော့ကြောင်း၊ နားလည်ခွင့်လွှတ်ပေးဖို့အကြောင်း ပြောရသေးသည်။

ကလေးတွေ နားလည်ကြသလို၊ မိဘဖြစ်သူတွေကလည်း လက်ခံပေးကြပါသည်။ ၆၄ နှစ်ဆိုသော အရွယ်သည် လူ့ဘဝမှာ ငယ်ရွယ်တော့သည့်အရွယ်မျိုး မဟုတ်။ ပြောရလျှင် အိုမင်းမှုသည် ကျွန်မခန္ဓာကိုယ်ကို လွှမ်းခြုံထားကြပြီ။ လျော့ရဲရဲ ဖြစ်လာသော အရေပြားလွှာက ကျွန်မခန္ဓာကိုယ်အတွက် အကျည်းတန်မှုတွေ ဖြစ်နေပြီ။ ငယ်ဘဝကို ဘယ်လိုမှ ပြန်မရနိုင်သော ကျွန်မအတွက် အပျိုဘဝက အလှမျိုး၊ အသားအရေမျိုးကို ပြန်ပြီးတမ်းတနေမိသည်။ သို့သော် ဇရာ၏ နှိပ်စက်မှုသည် အချိန်နှင့်အမျှ ဝါးမျိုပြောင်းလဲနေပြီ မဟုတ်လား…။

အစီအစဉ်ဆွဲအပြီး အချိန်တွင်တော့ ရောက်လာသူက တပည့်သစ်လေးအိုဝင်။ အိုဝင်သည် အိမ်ထဲဝင်ဝင်ချင်း ကျွန်မကို အပြုံးနှင့် နှုတ်ဆက်လိုက်သည်။

"ဆရာမ…ကျွန်တော် အိုဝင်ပါ၊ မေမေ လွှတ်လိုက်လို့"

"ဪ… အေး-အေး… ထိုင်ကွယ်"

"ဟုတ်ကဲ့"

ဧည့်ခန်းမှာ မျက်နှာချင်းဆိုင် ထိုင်ဖြစ်သည်။ ကျွန်မက အိုဝင့်ကို ထပ်ဆင့်စကား မဆိုမိ။ အိုဝင့်မျက်နှာကို စေ့စေ့ကြည့်ရင်း ငေးနေမိသည်။ အသားအရေက ဖြူလွန်းသည်။ ခန္ဓာကိုယ်က ခပ်တောင့်တောင့်။ အရပ်အမောင်းက ယောကျ်ား ပီသသည့် အရပ်မျိုး။ ပြုံးလိုက်လျှင် သွားတက်ကလေးနှစ်ချောင်းက သူ၏ မျက်နှာ ကျက်သရေရှိမှုကို ထပ်ဆင့်ညွှန်းသည့် အလှကလေးတစ်ခုဟု မြင်မိသည်။ ပြီးတော့ ၁၃ နှစ်သာ ရှိသေးသည့်ကလေး။ ကျွန်မသည် အိုဝင့်ကို ခြေဆုံးခေါင်ဖျားကြည့်ရင်း သတိမေ့သလို ခံစားနေရသည်။ မေ့မူးနေသော ကျွန်မအတွက် အသက်ရှူရန်ပင် သတိမရချင်ချင် ဖြစ်သည်အထိ…။

"ဆရာမ!"

"ဟင်…"

"ဟို-သားကို ဘာပြောဦးမလဲဟင်။ မေမေ့ကိုရော ဘာပြောပြရဦးမလဲ"

မေးလာသည့် အိုဝင့်အမေးကြောင့် ကျွန်မ ကြောင်တောင်တောင် ဖြစ်သွားသည်။ ပြီးမှ ကော်ဖီတိုက်၊ မုန့်ကျွေးဖို့ သတိရသည်။

"အိုဝင် ခဏနော်၊ ဆရာမ ဟို…ကော်ဖီနဲ့ မုန့်သွားယူဦးမယ်၊ ပြီးမှ မှာစရာရှိတာ မှာမယ်လေနော်"

"ဟုတ်"

ခပ်ရှက်ရှက်ဖြင့် မီးဖိုဆောင်ခန်းထဲ အပြေးဝင်၊ ကော်ဖီကို အကောင်းဖျော်၊ ပေါင်မုန့်ထောပတ်သုပ်နှစ်ချပ်ကိုယူပြီး အပြေးထွက်ခဲ့သည်။ ကျွန်မ အိုဝင့်ရှေ့ ကော်ဖီနှင့် မုန့်ကို ချပေးသည်။

"သောက်ဦး… မုန့်လည်းစား"

"ဟုတ်"

ပြောရင်း အိုဝင့်ကို စိုက်ကြည့်နေမိသည်။ ကျွန်မ ဘယ်လိုဖြစ်သည် မသိ။ ကျွန်မကို ကျွန်မ အဖြေရှာကြည့်သည်။ အသက်ရှူသံက မမှန်။ လေဝင်လေထွက်က ပုံမှန် မဟုတ်။ ပြီးတော့ ကျွန်မ မျက်လုံးအစုံ အမြင်အာရုံ ခပ်ဝါးဝါးတို့က အရင်ကထက် စူးရဲလွန်းသည်ဟု ထင်ရသည်။ ပြီးတော့ ဘာ့ကြောင့်များ မီးဖိုခန်းထဲ အပြေးဝင်၍ အပြေးထွက်ခဲ့သည်အထိ အိုဝင့်အတွက် လှုပ်ရှားပေးခဲ့သနည်း။ ကျွန်မကိုယ်ကျွန်မ မေးခွန်းထုတ်နေမိပေမယ့် ကျွန်မကိုယ်ကျွန်မ ပြန်မဖြေနိုင်သည့် အဖြစ်မျိုး။

"တော်ပြီ ဆရာမ၊ ကျွန်တော် ပြန်တော့မယ်၊ ဟို ဘာပြောစရာရှိလဲ၊ ဘာမှာစရာရှိလဲ ဆရာမ"

ဒီလိုမေးမှ ချောင်းတစ်ချက် ဟန့်လိုက်သည်။ အဝေးကို ရွက်လွှင့်နေသည့် စိတ်ကို ပြန်ပြီးစုစည်းလိုက်သည်။ သတိ,အသိဖြင့် ဖမ်းချုပ်လိုက်ပြီး အိုဝင်ဆီ ကြည့်နေမိသည့် အကြည့်များကို လွှဲဖယ်လိုက်သည်။ မျက်လုံးများကို ခေတ္တခဏ မှိတ်ထားပြီး မိသေးသည်။ သို့သော် အမြင်အာရုံထဲမှာတော့ တပည့်လေးအိုဝင်၏ ဖြူစင်ဝင်းမွတ်သည်။ စွဲမက်စရာကောင်းသော မျက်လုံးကလေးများက တရစ် ဝဲဝဲ…။

"ဟို… မနက်ဖြန်က စပြီး စာစ,သင်မယ်လို့ ပြောလိုက်လေကွယ်နော်၊ အိုဝင်လည်း စာအုပ်တွေကို အရန်သင့်လုပ်ထားနော်"

"ဟုတ်ကဲ့"

"ဒါဆို ကျွန်တော် သွားတော့မယ်နော်"

"ပြန်တော့မှာလား၊ ဖြည်းဖြည်းပေါ့"

"ပြန်တော့မယ်"

"ဟို-ဆရာမ လိုက်ပို့မယ်လေ"

"ရပါတယ် ဆရာမရဲ့၊ မနက်ဖြန် လာခဲ့နော် ဆရာမ၊ မေမေ့ကိုလည်း ပြောပြထားမယ်လေ"

အိုဝင်က ပြောရင်း ပြုံးသည်။ ပြုံးရင်း လက်ပြနှုတ်ဆက်သည်။ နှုတ်ဆက်ရင်း ပြန်တွေးသည်။ ကျွန်မအနေဖြင့် အိုဝင့်ကို ပြန်ပြုံးပြမိသည်လား… မပြုံးပြဖြစ်ဘူးလားဟုပင် မသိတော့။

အိုဝင် ထွက်သွားရာဆီကြည့်ရင်း ငေးနေမိသူက ကျွန်မ…။

ရင်ထဲက ဟာသလိုလိုဖြစ်ပြီး ကျန်ခဲ့သူက ကျွန်မ…။

***

အပြင်မသွားခင် အလှပြင်အခန်းထဲမှာ အလှဆုံးဖြစ်အောင် ပြင်ဆင်လိုက်သည်။ ကိုယ်လုံးပေါ်မှန်ရှေ့မှာ အတော်ကြာအောင် ရပ်။ ကျွန်မကိုယ်ကျွန်မ မျက်နှာကို အသေအချာကြည့်ရင်း ကျေနပ်သည့်အထိ ပြင်ဆင်နေမိသည်။ ဇရာအရေးကြောင်းတွေပျောက်အောင် ခြယ်သရင်း၊ စိတ်ကျေနပ်မှ အပြင်ထွက်ခဲ့သည်။ မောင်က ထုံးစံအတိုင်း သူ့ငယ်ချင်း ရောင်းရင်းတွေနှင့် အပြင်ထွက်သွားပြီ…။ သားနှင့် သမီးတို့လည်း မရှိကြတော့။ အလုပ်ကို သွားကြပြီ။ အိပ်ရာမှ နိုးလို့ နာရီကို ကြည့်မိတော့ ဆယ်နာရီ။ ဒီတော့ ကပျာကယာထ၊ ရေမိုးချိုး၊ အလှပြင်…။

ပြင်ဆင်အပြီး အိုဝင့်ကို စာသင်ဖို့ ထွက်ခဲ့သည်။ ကျွန်မတို့က မြို့မြောက်ပိုင်း။ အိုဝင်တို့နေတာက တောင်ပိုင်း။ ကားနှင့် သွားတာကိုပင် တစ်နာရီနီးပါး ကြာသည်။ ကားတွေကကျပ်၊ လူတွေက အပြည့်ကိုး။ အမြန်ရောက်ချင်မှ အနှေးနှင့်တွေ့ဆိုတာ သိပ်မှန်သည်။

အိုဝင်တို့ တိုက်ခန်းအိမ်ရှေ့ ရောက်ပြီ။ ခြံဝင်းထဲ ဝင်လိုက်သည်။ ဒီအချိန် တံခါးဖွင့်ပေးသူက အိုဝင်။

"သားဖေဖေနဲ့ မေမေတို့ရော"

"အပြင်သွားကြတာ ကြာပြီ ဆရာမ၊ ဆရာမအတွက်နဲ့ သားအတွက် စား

စရာ အပြည့်ထားခဲ့တယ်လေ။ နေ့တိုင်း မနက်စောစော အလုပ်သွားကြရတာဆိုတော့ သားပဲ ကျွန်ရစ်မှာ''

''အင်း… အင်း… ကောင်းတာပေါ့''

ပြောရင်း အိမ်အတွင်း ဝင်ခဲ့သည်။ ညှော့ခန်းထဲရှိ စားပွဲပေါ်မှာ စားစရာတွေက အပြည့်။

''ထိုင်လေ ဆရာမ''

ခေါင်းညိတ်ပြရင်း ထိုင်သည်။

''မီးဖိုခန်းထဲမှာ မနက်စာ ပြင်ထားတယ်။ ဒါတွေက အဆာပြေစားဖို့''

ထပ်ဆင့်ပြီး ခေါင်းညိတ်သည်။ ထိုအချိန် မလှမ်းမကမ်းရှိ စားပွဲခုံပေါ်တွင်တော့ ကျောင်းစာအုပ်တွေက အစီအရီ။ ဘေးမှာ ထိုင်ခုံက နှစ်လုံး။ ကျွန်မက စာသင်ရမည့် စားပွဲဆီ လာခဲ့သည်။ အိုဝင်က နောက်မှ ကပ်ပါလာသည်။ ပြီး ထိုင်ခုံမှာ ထိုင်ကြသည်။ လက်တစ်ကမ်းအကွာ…။

ထိုနေ့က တစ်ဘာသာပဲ သင်ဖြစ်သည်။ ပြဋ္ဌာန်းချက်စာအုပ်ကို ဖွင့်ပြီး အရေးကြီးပုစ္ဆာကို ပြပေးသည်။ အိုဝင်က ဉာဏ်ကောင်းသားပဲ။ တစ်မိုက်ပြ တစ်လံမြင်တတ်သည့်ကလေး။ ဒီတော့ ကျွန်မအတွက် မပင်ပန်းတော့။ ကျွန်မပြသည့် ပုစ္ဆာကို လက်လွှတ်ရေးခိုင်းပြီး အိုဝင့်ကိုသာ စေ့စေ့ကြည့်ရင်း ကျေနပ်နေမိသည်။ အိုဝင်ကတော့ သူ့ကျောင်းစာကိုသာ အာရုံစိုက်ရင်း ရှိသည်။ ကျွန်မမှာတော့ အိုဝင့်ကို အနီးကပ် ထိုင်ကြည့်ရင်း အသက်ရှူသံတွေ မြိုင်နေသည်။ မှားနေသည်။ မျက်တောင်ပင် မခတ်မိဟု ထင်သည်။

ထိုနေ့က နေဝင်မှ ပြန်ခဲ့သည်။ အိမ်ရောက်တော့ ရေမိုးချိုး၊ အိပ်ရာဝင်သည်အထိ မိသားစုနှင့် စကားမပြောဖြစ်။ ကျွန်မစိတ်က အိုဝင့်ဆီမှာ။ နောက်မနက်စောစောထ။ မနေ့က အချိန်ထက် တစ်နာရီခန့်စောပြီး သွားသည်။ အိုဝင့်ကိုသာ တွေ့ရသည်။ သူ့မိဘတွေ အလုပ်သွားနေကြပြီ။ အိုဝင်အနား ထိုင်ရသည်က ကျွန်မအတွက် စိတ်အေးချမ်းသလို ခံစားနေရသည်။ အိုဝင့်ကို ကြည့်ရသည်က ကျွန်မအတွက် အသက်ရှူရမည်ပင် မေ့သလို ခံစားနေရသည်။ ဒီခံစားမှုတွေက ကျွန်မအတွက် အလွန်ထူးကဲသော အရသာဟု ထင်နေမိသည်။ ထိုနေ့ကလည်း မိုးချုပ်မှ ပြန်ခဲ့သည့် ကျွန်မ…။

အိုဝင့်ကို စာသင်ပေးခဲ့သည်မှာ ငါးရက်ပြည့်ပြီ…

ဒီနေ့လည်း စောပြီး ရောက်သည်။

"အိုဝင်"

"ဗျာ..."

"ပါးစပ်ဟာ"

စာမသင်ခင် ကော်ဖီဝိုင်းမှာ အရင်ထိုင်သည်။ ကော်ဖီမသောက်ခင် ပေါင်မုန့်တစ်ချပ်ကိုယူပြီး အိုဝင် ထိုင်နေသည့်ရှေ့ ရပ်လိုက်သည်။ အိုဝင်က ကျွန်မ ပြောသလို ပါးစပ်ဟသည်။ ကျွန်မက လက်ထဲရှိ ပေါင်မုန့်တစ်ပဲ့ကို အသာအယာ ထည့်လိုက်သည်။ အိုဝင်က မုန့်ကို အသာဝါးရင်း ပြုံးသည်။ အိုဝင် ပြုံးတော့ ကျွန်မပျော်သည်။ ကျွန်မက အိုဝင့်ပါးလေးကို အသာအယာ ဆွဲဖွဲ့လိုက်သည်။

"အိုဝင်"

အိုဝင်က မဖြေဘဲ ကျွန်မကို အသာပင် ငေးကြည့်သည်။ ကျွန်မ အသက်ရှူသံမြန်သလို အိုဝင့်ကို အသက်ရှူသံကလည်း မြန်နေသည်။ နားမလည်မှုများစွာဖြင့် အိုဝင်က ကျွန်မကို ငေးကြည့်ရင်း ကျွန်မ အပြုအမူအပေါ် သာယာနေပုံရသည်။

"စားလို့ကောင်းလား"

အိုဝင်က ခေါင်းညိတ်သည်။ စူးစူးရဲရဲ ကြည့်ရင်း အိုဝင့်ပါးနှစ်ဖက်ကို ဖျစ်ဖျစ်ညှစ်ညှစ် နမ်းလိုက်မိသည်။ အိုဝင်က မရုန်း။ ကျွန်မ ပြုသမျှ နေသည့် အရိုင်းကောင်လေး။ အားပါးတရ နမ်းအပြီး သူလေး၏ လက်ချောင်းလေးများဖြင့် ကျွန်မလက်များကို ပြန်လည်ဖျစ်ညှစ်နေသည်ကို ထိတွေ့မှ အာရုံအရ သိရသည်။ ခံစားနေရသည်။

"အိုဝင်..."

"ဗျာ..."

"မင်း ပျော်နေလားဟင်"

"ဟုတ်"

"ဆရာမ မင်းကို နမ်းလိုက်တာ၊ မင်းရဲ့လက်လေးတွေကို ဆုပ်ကိုင်ထားတာ မင်းဘယ်လိုခံစားရလဲဟင်"

"ဟို... ဟို... တစ်မျိုးကြီးပဲ၊ တုန်နေတယ်၊ ဘာမှန်းမသိဘူး၊ မပြောတတ်ဘူး"

အိုဝင့် အဖြေစကားလုံး ထပ်ဆင့်ပြီး နမ်းလိုက်သည်။ နမ်းရင်းနှင့် အိုဝင့်ကို ရင်ချင်းကပ်ထားလိုက်သည်။ ထိုအခါ အိုဝင်ရင်ထဲမှ အသက်ရှူသံပြင်းပြင်းကို ကိုယ်စားခံစားထိတွေ့နေသည့် ကျွန်မ။

"အိုဝင်"

"ဗျာ..."

"မင်း ဆရာမအပေါ် ဘယ်လို မြင်လဲ"

"အိုဝင်က ဘာမျှ ပြန်မဖြေ။ ကျွန်မကို အတော်ကြာ ငေးကြည့်ပြီး ပြုံးကာ ခေါင်းငုံ့သွားသည်။

ကျွန်မ ဆက်မမေးမိတော့။ တကယ်တော့ အိုဝင် ခံစားနေရတာ၊ စိတ်လှုပ်ရှား နေတာတွေကို ကျွန်မ သိပါသည်။ အဲ-ကျွန်မဆန္ဒ အဘယ်သို့ရှိသည်ကိုတော့ အိုဝင်နားလည်လိမ့်မည် မထင်။ ထိုနေ့က အိုဝင့်ကို နမ်းရုံ, ပါးချင်းကပ်, ရင်ချင်း အပ်ရုံ...။ ပြီးတော့ စကားပြောရုံနှင့် အချိန်ကုန်ခဲ့သည်။ နောက်ရက်ရောက်တော့ ထို့ထက်လွန်ကဲသည့် အပြုအမူဖြင့် အိုဝင်ကို ဖြားယောင်းလိုက်သည်။

"ပါးစပ်ဟ... အိုဝင်"

ပြောရင်းနှင့် ပါးစပ်ဟထားသည့် အိုဝင့်ပါးစပ်ထဲ မုန့်တစ်ဖဲ့ ခွံ့ကျွေးအပြီး ရင်ချင်းကပ်၊ ပါးချင်းအပ်ထားပြီး ဖက်ထားသည်။

"အိုဝင်..."

"ဗျာ..."

"မင်း ဆရာမလို့ စိတ်ထဲ ထင်မထားနဲ့နော်"

"ဒါဖြင့် ကျွန်... ကျွန်တော်က ဆရာမကို ဘယ်လိုထင်ရမှာလဲဟင်"

"ချစ်သူ...ဒါမှမဟုတ် သာမန် မိန်းမတစ်ဦးလို့ပဲ ထင်ထား"

"ဗျာ..."

ကျွန်မစကားကြောင့် အိုဝင်မျက်လုံး ပြူးသွားသည်။ အိုဝင် နှုတ်ခမ်းအစုံ သည် တုန်ယင်နေသည်။ အိုဝင်သည် ကျွန်မကို တစ်ခုခုပြောချင်ပုံရသည်။ ကျွန်မက သူ့ကို ပြုံးကြည့်ရင်း... ပန်းနုရောင် နှုတ်ခမ်းတစ်စုံကို နမ်းပစ်လိုက်သည်။

နောက်တွင်တော့...

ထိုနေ့သည် ကျွန်မနှင့်အိုဝင်တို့ ပထမဆုံးရင်အခုန်ဆုံးနေ့...။ အရာရာကို မေ့လျော့နေသောနေ့...။ စာမသင်ဖြစ်သောနေ့...။

* * *

အိုဝင်နှင့် ပြစ်မှားခဲ့သည်မှာ အကြိမ်ရေ မတွက်နိုင်တော့။ ခြောက်လအတွင်း ရှိခဲ့ပြီ။ အိမ်ထဲမှာ အိုဝင့်ကို မိမိဆန္ဒအတွက် ဆွဲဆောင်ခဲ့သလို လက်တွေ့ကျကျဖြင့် သိပ္ပံပညာကို အကွက်ဟု အကြောင်းပြရင်း မြို့ပြင်တောအုပ်ထဲထိ ခေါ်ခဲ့သည်။

"သူငယ်ချင်းရေ…၊ အိုဝင့်ကို အိမ်မှာ စာတွေ့သင်တာရပ်ပြီး သိပ္ပံလက်တွေ့အတွက် တောထဲသွားကြရမယ်နော်"

အိုဝင့်အမေ ကျွန်မသူငယ်ချင်းကိုရော ဖခင်ဖြစ်သူကိုပါ ပြောပြသည်။

"အို… ကာရိုလင်းရယ်၊ သားလေးစာမေးပွဲဖြေနိုင်ရင်၊ အောင်ရင်ပြီးရော စိတ်ကြိုက်သာစီမံနော်"

"စိတ်ချ စိတ်ကြိုက်သင်ပေးနေတာပဲ သူငယ်ချင်းရဲ့"

"အိုကေ"

နောက်တွင်တော့ တောထဲနှစ်ဦး သွားရာ၌ ပိုပြီးလွတ်လပ်သည်။ တောထဲလာကြသည့်အချိန် စားစရာအစုံပါသည်။ ပြီးတော့ အိပ်ရာခင်း၊ စောင်၊ ခေါင်းအုံးအထိပါသလို ရေသန့်ဘူး၊ တစ်သျှူးအထိပါသည်။ ပြောရလျှင် သိပ္ပံအတွက်သင် ကြားဖို့ထက် ပျော်ပွဲစား ထွက်သလိုမျိုး၊ ချစ်သူနှစ်ဦး ဟန်နီးမွန်းထွက်သလိုမျိုးဖြစ်နေသည်။

ဒီနေ့လည်း ပစ္စည်းအစုံအလင်ဖြင့် မြို့ပြင်တောအုပ်ဆီ လာခဲ့သည်။ မိုင်ဝက်ခန့် ခရီးနှင်ခဲ့သည်။ တစ်ဦး၏လက်ကို တစ်ဦးက ဆွဲလို့။ ဒီနေရာ ဒီလမ်းသည် လူသူပြတ်သည်။ ဆိတ်ငြိမ်သည်။ ကျေးငှက်သာရကာတို့ အသံကလွဲ၍ ဘာအသံမျှ မကြားရသည့်နေရာ။ သစ်ပင်ကြီးတွေ၊ ချုံပုတ်တွေ ရှိသည်။ ပြီးတော့ သဘာဝစမ်းချောင်းလေး ရှိသည်။ သစ်တောက ခပ်နက်နက်။ သားကောင်တော့ မရှိ။ ပြောရလျှင် သစ်ကိုင်းသစ်ခက်တို့ဖြင့် နေရောင်ပင် မထိုးနိုင်။ သို့သော် အောက်ခြေကတော့ လင်းလင်းထင်းထင်း…။

အရင်ရက်က အိုဝင်နှင့် ပျော်ပါးသည့်နေရာ ရောက်တော့ မြက်ဖျာကိုခင်း။ စားစရာများကို ထုတ်။ ကော်ဖီကို ဖျော်။ ကျွန်မက အိုဝင့်ကို မုန့်တစ်ဖဲ့ ခွံ့ကျွေးလိုက်သည်။

"ဒီမှာလာထိုင် အိုဝင်"

"ဟုတ်"

ကျွန်မက အိုဝင့်ကို ကျွန်မဘေးမှာ ထိုင်ခိုင်းသည်။ အရင်တုန်းက အိုဝင်မဟုတ်တော့ပြီ။ စားနေကြကြောင် ကြက်ရိုးတွေ့သလို ဖြစ်သွားပြီ။ ကျွန်မ၏

အထိအတွေ့အပေါ် အိုဝင် သာယာသွားပြီ။ အိုဝင့်က ကျွန်မ ခိုင်းသမျှ နေသည့် သဘော ဖြစ်နေသည်။

နောက်တွင်တော့ ကျွန်မနှင့်အိုဝင်တို့ အမှောင်ဆုံးသောလမ်းဆုံးအထိ ခရီးဆက်သည်။ နောက်တော့ နှစ်ဦးသား ကော်ဖီသောက်၊ မုန့်စားရင်း စကားတွေ ပြောဖြစ်သည်။

"အိုဝင်…"

"ဗျာ…"

"မင်း ဒီအကြောင်းတွေကို ဘယ်သူမှ မပြောရဘူးနော်။ အထူးသဖြင့် မင်း မိဘနှစ်ပါး၊ မင့်သူငယ်ချင်း၊ မင်းဆွေမျိုးတွေကို မသိပါစေနဲ့နော် အိုဝင်"

ပြောရင်း အိုဝင့်ပါးနှစ်ဖက်ကို နမ်းရင်း ချော့မြူလိုက်သည်။

"ကျွန်တော် ကြောက်တယ်"

"ဘာကိုကြောက်တာလဲ ပြော"

"ဟို-ဖေဖေနဲ့မေမေ သိသွားမှာကို"

"အဲဒါကြောင့် နှုတ်ပိတ်နေနော်၊ မင်းနဲ့ဆရာမ ဟို လူမသိ သူမသိ ချစ်သွားကြမယ်လေ။ လူမသိမှလည်း အကြာကြီး ချစ်သွားနိုင်မှာ"

အိုဝင် နှုတ်ပိတ်သွားသည်။ ကျွန်မဘေးကပ်ထိုင်ရင်း မတ်တတ်ထသွားပြီး မလှမ်းမကမ်းမှာ သွားရပ်သည်။

"စာသင်ပေးတော့နော် ဆရာမ"

"အင်းပါ"

ပြောရင်း စာအုပ်ထုတ်ပြီး စာတွေ့လက်တွေ့ သင်ပေးသည်။ သို့သော် ကျွန်မ စိတ်မှာ စာသင်ရတာ သိပ် စိတ်မပါ။ အိုဝင်၏ အထိအတွေ့ပေါ်မှာသာ တပ်မက်နေမိတော့သည်။ အိုဝင်ခမျာမှာလည်း စာသင်ရမည်ကို သိပ်စိတ်ပါချင်ပုံမရ။ အသက် ၆၄ နှစ်ကျော်ပြီဖြစ်သော ကျွန်မ။ ကျွန်မ၏မာယာ၊ ကျွန်မ ဆွဲဆောင်မှု၊ ကျွန်မ၏ ဖြားယောင်းမှု၊ ခနဲ့နိုင်လွန်းသော ကျွန်မ အပြုအမူတွေက အရိုးလေးအိုဝင်၊ အဘယ်မှာ လွန်ဆန်နိုင်မည်နည်း။ ပြောရလျှင် ကျွန်မမြေး အရွယ် အသက် ၁၃ နှစ်သာရှိသေးသည့်ကလေး။

ထိုနေ့က စာကို ဝတ်ကျေတန်းကျေသင်၊ ညနေစောင်းတော့ ပြန်ခဲ့သည်။ အိုဝင့်အိမ်ရှေ့ အရောက်ပို့အပြီး အိမ်ပြန်ခဲ့ရသည့် ကျွန်မ။

ကျွန်မ တပည့်လေးနှင့် ဖောက်ပြန်နေသည်ကို မသိသောချစ်လင်က အပြုံးနှင့် ကြိုနေသည်။ သားနှင့်သမီးက ကျွန်မကို အရိပ်တကြည်ကြည်ဖြင့် မော့ကြည့်သည်။

"မေမေ တော်တော် ပင်ပန်းနေမှာပေါ့နော်၊ နားလိုက်ပါဦး မေမေရယ်နော်"

သားနှင့်သမီး၏ စကားကို အဖြေမပေးဘဲ အသာနှုတ်ဆိတ်နေလိုက်သူက ကျွန်မင် ဖြစ်ပါသည်။

***

တွေးကြည့်တော့ အိုဝင်နှင့် ကျွန်မ လူမသိ သူမသိ ဖောက်ပြန်ခဲ့တာကို ပြန်ကြည့်ရင် နှစ်နှစ်ကျော် ကြာခဲ့သည်။ ၁၉၉၃ ခုနှစ်ကနေ ၁၉၉၆ ခုနှစ်အထိ ဒီကာလအတွင်းမှာ။ ဘာပဲဖြစ်ဖြစ် ကျွန်မအသက် ၆၄ နှစ်။ အိုဝင်အသက် ၁၃ နှစ်။ ဘာမျှ မသိနားမလည်သည့်အရွယ်။ ကျောင်းစာကိုသာသိသည့် အရွယ်။ အဲ-ကျွန်မနှင့်တွေ့တော့ ကျွန်မညွှတ်ကွင်းမှာ ကျွန်မရဲ့ သတ်ကွင်းထဲမှာ ကျွန်မရဲ့ မာယာနှင့် အိုဝင်ခမျာ ခြေစုံပစ်ဝင်ခဲ့ရရှာသည်။

အခုတော့ နှစ်နှစ်ကျော်၊ သုံးနှစ်ထဲဝင်ခဲ့သည်။ အိုဝင့်အသက်သည် ၁၅ နှစ် ထဲမှာ ရောက်ပြီ။ ကျွန်မ အသက်ကလည်း ၆၆ နှစ်ထဲ ဝင်နေပြီ။ သို့သော် အိုဝင့်ကို မမေ့။ မမေ့နိုင်သူက ကျွန်မ။ ကျွန်မနှင့် အဆက်ပြတ်သွားတာ နှစ်နှစ်ကျော်ပြီ။ အတန်းမြင့်သွားတော့ သူ့ဆီ စာပြပေးစရာ မလိုတော့။ အခြားဆရာတွေနဲ့ ကျောင်းခန်းထဲမှာ ရောက်နေပြီ။ ခုတော့ ကျွန်မ တစ်ဦးတည်း။

တကယ်တော့ ဤသို့သော မနူးမနပ်အရွယ်၊ မြေးလေးအရွယ်ကို ဘာ့ကြောင့် ဆွဲဆောင်ခဲ့သနည်း။ ဖြားယောင်းခဲ့သနည်း။ ကျွန်မအလိုဆန္ဒအရ ပြည့်ဝအောင်စွမ်းဆောင်ခဲ့သနည်း။

ပြီးတော့ ကျွန်မက ဆေးခြောက်သုံးစွဲသူ၊ ဆေးခြောက်ကို အိုဝင် မသိအောင် ရှူစေပြီး ကျွန်မ အလိုလိုကို လိုက်အောင် ပြုမူခဲ့သည့် ကျွန်မ။ ခုတော့ ကျွန်မရဲ့ အလိုရမ္မက်သတ်ကွင်းထဲမှာ၊ ကျွန်မဘေးမှာ အိုဝင် မရှိတော့ပြီ။ တစ်ဦးတည်း အထီးကျန်နေရသည့် ခံစားမှုက ကျွန်မရဲ့ စိတ်ကို ခြောက်ကပ်ကပ် ဖြစ်စေသည်။ မကျေမနပ် ဖြစ်နေသည်။

သို့သော်···

ကျွန်မ··· ကျွန်မ၏ မိုက်ပြစ်များက တိမ်မြုပ်ပျောက်ကွယ်မသွား။ အမှန်တရားက ဖုံးဖိထားလို့ မရ။ ကျွန်မလင်သားနှင့် ကျွန်မသားသမီးမြေးများ အပါအဝင်

နှစ်ဖက်ဆွေမျိုးများက ကျွန်မအပေါ် အမုန်းကြီး မုန်းသွားကြသလို အရှက်ကြီး ရှက်သွားကြပြီ။ အားလုံး မယုံမရဲနှင့် သူတို့အားလုံး လက်ခံသွားခဲ့ကြပြီ။ ကျွန်မရဲ့ မိုက်မဲမှုကို သူတို့ သိသွားကြသည်။

ဘာ့ကြောင့် ဤသို့ သိသွားခဲ့သနည်း။ အိုဝင်နှင့် ကျူးလွန်ခဲ့သည် ၁၉၉၃ ခုနှစ်၊ အိုဝင် ၁၃ နှစ်အရွယ် လွန်ကျူးပြီး၊ ၂၀၁၂ ခုနှစ်၊ အိုဝင် အသက် ၃၀ အရောက် အိုဝင်က တစ်ချိန်က အဖြစ်တွေကို မိခင်ဖြစ်သူကို ပြောပြဖြစ်ခဲ့သည် တဲ့လေ။ အိုဝင့်မိဘတွေက အဖြစ်သနစ်အစုံ အမှန်တရားကို စုံစမ်းအပြီး ၂၀၁၄ ခုနှစ် ဧပြီလထဲမှာ ကျွန်မကို တိုင်ကြားအမှုဖွင့်ခဲ့သည်။ ခုတော့ ကျွန်မ၏ သတင်းက မြို့ပေါ်မှာ ဟိုလေးတကြော်ကြော်…။

ခုတော့ ကျွန်မ သိလိုက်သည်ကတော့ တစ်ခဏတာ ရမ္မက်အလိုကို လိုက်မိ ခြင်းအဖြစ်တွေကို အကျူးအလွန်ခံရသူ အိုဝင်က အိတ်သွန်ဖာမှောက် ဖွင့်ချခဲ့ပြီ။ ဥပဒေကြောင်းရ ငြိစွန်းခဲ့ပြီ။ အလိုရမ္မက်နှင့် ပတ်သက်၍ သတ်ကွင်းဆင်းပြီး ကိုယ့်ကိုယ်ကိုယ် မုဆိုးဟု ထင်ခဲ့မိသည့် ကျွန်မ…။ ခုတော့… ခုတော့…။

ခုတော့… ခုတော့… အိုဝင်ရယ်…


ကျွန်မမှာ သားကောင် ဖြစ်ခဲ့ရပြီလား။ အမှုကို ရင်ဆိုင်ပြီး အမှန်အတိုင်း ဝန်ခံရပေတော့မည်။ သားကောင်း ဖြစ်မှတော့ ပြစ်မှုကို ပေးဆပ်ရတော့မည်ပဲ လေ…။


(၂၀၁၅၊ စက်တင်ဘာလ ၁၀ ရက်ထုတ်၊ မန္တလေးအလင်း နေ့စဉ်ထုတ် သတင်းစာပါ၊ ဆရာဟိန်းထက်၏–"ကျောင်းသားကို နှစ်နှစ်နီးပါး လိင်အမြတ်ထုတ်သည့် ဆရာမ အဖမ်းခံရ" ဆိုသည့် ဘာသာပြန်သတင်းတိုအား မြန်မာဝတ္ထုအသွင် ရေးသားခြင်း ဖြစ်ပါသည်။)

**တွင်းကြီးသားတင်ဝင်းဦး**


❑


မေလတ်ဟန်
မဇ္ဈိမဒေသ၏
လွမ်းမောဖွယ်ရာများ


ရှုန်းလှဲ့ဝန္ဒာဘုံနံဘေးမှာ
အပြုံးလေးနဲ့နေချင်တယ်
မေလတ်ဟန်
ရသဝတ္ထုနှစ်ပုဒ်


မေလတ်ဟန်
သတ္တဝန်းခိုင်လေးများ
ရသဝတ္ထုတိုများ



မေလတ်ဟန်
ရသဝတ္ထုနှစ်ပုဒ်


လူနှင့်ကိုယ်ကျင့်၊
ကိုယ်ကျင့်နှင့်သိက္ခာ၊ သိက္ခာနှင့်လူ
လူငယ်အကျိုးပြု အတွေးအမြင် အသိရ ဆောင်းပါးစုများ
မနွယ် (ကလော)


မေတ္တာ ရသ ဘဝပြယုဂ်
မနွယ်


သံယောဇဉ်မှတ်တိုင်
နှင့်
အခြားဝတ္ထုတိုများ


မနွယ်



ထားဥသုံ





ထားဥသုံ
design by









မင်္ဂလာရှိသောပင်
နှစ်လည်မဂ္ဂဇင်း အမှတ် (၂)
၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ